

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဘဝစက်အစဉ်

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် မြတ်လစ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အစျင်မပြတ်၊ ဆက်စပ်သည့်ဟ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်းအလွော်။ ဖြဟ္မာ-သိကြား၊ စသည်များက၊ ဆင်ရှား၊ ပြုမြင် စီရင်ဘ ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များနှင့်၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ပြင့်ရှုသုံးဖြော်။
(လက်ာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သင္ဂါနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးဖေါ်အစပ်နှစ်ရစ်မှ ၂၀သုံးဝနှင့်၊ ကာလသုံးပြား ဖြင့်ရှာနှင့်ဆယ်၊ ဤကျင်ရှုယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည် သံသရာမှ ထွက်ကြောင်းတည်း။

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

# ကျေးဇူးတော်ရှင်

မဟာထေရ်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြား- ဆုံးမတော်မူသော

## ( ဝိပဿနာလုပ်ငန်းစဉ် )

# ညအလုပ်ပေး တရားတော်

( အမှတ်စဉ် - ၂၂ )

# စိတ္တာနုပဿနာ ရှုပွားနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

**အပြင်ဧည့်သည် ၅ ယောက်**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးစိတ် တောစိတ်

**အတွင်းဧည့်သည် ၆ ယောက်**

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

**အိမ်သည်စိတ် ၂ ခု**

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည်မပေါ်ပါကအပြင်ဧည့်သည်ပေါ်လျှင်အပြင်ဧည့်သည်၊
အတွင်းဧည့်သည်ပေါ်လျှင် အတွင်းဧည့်သည် ပေါ်ရာကို ရှုပါ၊
ဧည့်သည်မရှိပါက အိမ်သည်ကိုအမြဲထား၍ရှုပါ။

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓမ်

ကျေးဇူးရှင် ဆရာတော်ဘုရားသည် အဘိဓမ္မာဘက်ဆိုင်ရာ ပဋ္ဌာန်း, ယမိုက် စသော နက်နဲလှသော တရားတော်များကို စာသင်သား ရဟန်းများအား ကိုရင်ဘဝ ၁၇-နှစ် ၁၈-နှစ်သားအရွယ်မှစ၍ အနှစ်(၃၀)ကျော် သင်ကြားပို့ချတော်မူ၍ လာခဲ့ပြီးမှ နွားကျောင်းသားဖြစ်မှန်းမသိဖြစ်နေပုံကိုသံဝေဂရယူတော်မူပြီးလျှင် ပဋိပတ္တိသာသနာတော်ဘက်သို့ ကူးပြောင်းပြီးလျှင် ကိုယ်တွေ့ဖြစ်သော ခန္ဓာဥာဏ်ရောက်တရားများကိုသာ တကာ တကာမ အပေါင်းတို့အား ဟောကြားတော်မူသည်၊ သင်ကြားပြသတော်မူသည်။ သင်ကြားပြသတော်မူသည်ဆိုသည်မှာ အစွဲအလမ်းကြီး၍ မိရိုးဖလာ အရိုးခိုက်မျှ စွဲခဲ့သော အစွဲတွေကို ပဋ္ဌမဖြုတ်၍ သုတ်သင်ရှင်းလင်းတော်မူရရှာသည်၊ အစွဲတွေကို ချွတ်တော်မူရရှာသည်၊ ပြုပြင်ပေးတော်မူခဲ့ရရှာသည်။

အိပ်မက်တိတ္ထုံ၊ နက္ခတ်၊ ဗေဒင်၊ ယတြာ၊ ရက်ရာဇာ၊ ပြဿဒါး၊ စုန်း, နတ်ကဝေမှစ၍ ဝိဇ္ဇာ, ဇော်ဂျီများသည် ကောင်းကျိုး-မကောင်းကျိုးကို ပေးနိုင်သည်ဟု ယုံကြည်ကိုးကွယ် ပသပူဇော်တင်မြှောက်ခြင်း စသော သာသနာတွင်း အလုပ် မဟုတ်သော မြန်မာမလေ့ရိုးရာမျှသာမက ဝိပဿနာတည်းဟူသော နိဗ္ဗာန်သွား ယဉ်ရထားလမ်းကြောင်း၌ ကြီးစွာ အနှောင့်အယှက်ကြီး ဥပမာအားဖြင့်ဆိုသော် မော်တော်ကားလမ်းမကြီး၌ တုံးတွေ

ပိတ်ဆီး၍ ကန့်လန့်ဖြတ်ခင်းထားသလို မဂ်ဖိုလ်ကို ပိတ်ပင်ထား ဆီးလျက်ရှိသော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာစသော ဒိဋ္ဌိအနှောင်အဖွဲ့များကို ပဌမ ရှင်းလင်းသုတ်သင်ပေးရမည်ဆိုသော ဥပဒေသကို တည်ဆောက်စေတော်မူသည်။ ၎င်းနောက် မည်သို့ မည်ပုံ ရှင်းလင်း ပယ်ခွါရမည့်နည်းကို ညွှန်ပြတော်မူသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာ ထွန်းလင်းသော တိုင်းပြည်ဟုဆိုငြားသော်လည်း သက္ကာယဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ အစွဲအလမ်းအား အကြီးဆုံးဆိုလျှင် လွဲမည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ဒါနအရာ၌ ရက်ရက်ရောရောကြီး ပေးကမ်း စွန့်ကြဲ လှူဒါန်းကြသော ဓလေ့ထုံးစံ အကြီးအကျယ်ရှိသည်။ သာမည ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုတည်းဟူသော ပုညကြိယာ ၁၀-ပါးတွင် ဒိဋ္ဌိဇုကမ္မခေါ်ဆိုသော ကံ၊ ကံ၏ အကျိုးကို ယုံကြည်ပါကုန်သည် ဖြစ်၍ဆိုသော ကမ္မဿကတာ သမ္မာဒိဋ္ဌိဟုဆိုအပ်သော အောက်ဆုံးအဆင့်လောက် ဖြစ်သော သမ္မာဒိဋ္ဌိကို များစွာအားကိုးအားထား ပြုကြသည်။ ၎င်းကမ္မဿကတာ သမ္မာဒိဋ္ဌိထက် အသက်တန်းကျသော သမ္မာဒိဋ္ဌိ ၄-မျိုး ရှိသေးသည်ဟုသိကြသော ပုဂ္ဂိုလ် နည်းပါးကြလေသည်။

မိမိတို့ ဓလေ့ထုံးတမ်းစဉ်လာအားဖြင့် လှူကြသည်-တန်းကြသည် ဆိုကြငြားသော်လည်း ကမ္မဿကတာဉာဏ် ဦးစီး၍ "ငါလှူ ငါရ- ငါပြု- ငါစံရ" ဆိုသော သဿတဒိဋ္ဌိက ဦးစီးသည်။ ယခုဘဝ လှူတဲ့သူလဲငါ၊ နောက်ဘဝ ၎င်း၏ အကျိုးကို ငါခံစားရမှာဘဲဆိုသော သဿတဒိဋ္ဌိနှင့် ပင် လှူကြ၊ တန်းကြသည်။

၎င်း ဒါနသည် ကုသိုလ်တော့ ရပါသည်၊ အမှန်ရပါသည်၊ မရ မရှိဟု မဆိုလိုပါ။ သို့သော်....မဂ်ဖိုလ်ကိုတော့ အကျိုးမပြုသည် တား အသေအချာ ကျမ်းဂန်များ၌ ခိုင်လုံစွာပြသည်။ ဘုံဘဝ တောင့်တရှိလှုသော အလှုသည် မေထုံငယ် ၇-ပါး၌ပင် သွင်း၍ အင်္ဂုတ္တိုရ် မေထုနသုတ်၌ ဟောကြားတော်မူသည်။

မြတ်စွာဘုရားသခင် လက်ထက်တော်၌ သာတိ-ဆိုသော ရဟန်းတပါးရှိရာ ဇာတ်ကြီး(၁၀)ဖွဲ့ဖြစ်သော တေမိ,ဇနက္က, သုဝဏ္ဏသာမ-နေမိမင်းစသော ဘုရားလောင်းတော် နှစ်ဉ်အခါက ဖြစ်စဉ်တော်များကို နာကြားရပြီးလျှင် ခန္ဓာသာ ပြောင်းပြီး ဝိညာဏ်ကတော့ ဒိဝိညာဏ်ဘဲ ရွှေ့ပြီး ခန္ဓာပြောင်းနေသည်ဟု သူယုံကြည်သွားသည်၊ မှားသောယုံကြည်ချက်ကို သူလက်ခံမိပြီး လျှင် သူ ယုံကြည်ယုံမျှမကဘဲ အခြားသော ရဟန်းများကို ဝိညာဏ်ဟာ ဒိဝိညာဏ်တခုထဲမျှဖြစ်သည်။ ခန္ဓာသာ အသစ် အ ဟောင်းပြောင်းသည်ဟုဘုရားလဲ ဤကဲ့သို့ပင် ဟောတော်မူ၍သူ လည်း ဤသို့ပင် နားလည်သည့်,ယုံကြည်သည်ဟု လိုက်လံ ဝါဒ ဖြန့်သည်ကို ဘုရားရှင်နားတော်သို့ ပေါက်ကြား ရောက်ရှိ၍ များစွာ အပြစ်တင် ဆုံးမ၍ မဂ်ဖိုလ်မှ အချိန်နှီး ဖြစ်သော ယောကျ်ားဟူ၍ အပြစ်တင်တော်မူသည်။ ၎င်းသည် သာသနာ တော်မှပင် ရွှေ့လျောရသည်။

ဤ ဥပမာ သာဓကများကို ထောက်သော အားဖြင့်၎င်း၊ အခြားအခြားသော ပါဠိတော်များနှင့် ညှိနှိုင်းတော်မူ၍၎င်း ကျေးဇူးရှင်ဆရာတော်ကြီးသည် ဝိပဿနာတရားတော်ကို ဟော မည်ဆိုပါက ဝိပဿနာတရားကို မဟောသေးခင် ပဌမ အဆင့်

အနေဖြင့် ယောဂီတို့သန္တာန်၌ရှိသော ဒိဋ္ဌိဝိစိကိစ္ဆာ စသည်များ ကို အသိဉာဏ်၌ ရှင်းလင်းသုတ်သင်တော်မူသည် ( ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်အောင် လုပ်ပေးသည်)။

ဥပမာအားဖြင့်ဆိုသော်အဆောက်အဦးတခုတည်မည်ဆောက် မည်ဆိုပါက ဆောက်လုပ်မည့် မြေကွက်ပေါ်၌ အမှိုက်သရိုက် သိမ်း၊မြေရှင်း၊ညီညာအောင်ပြုပြင်ပြီးခါမှ အပေါ်က တိုက်တာ အိမ်အဆောက်အဦ ဆောက်ရသလို ရှေ့ပိုင်းကလုပ်ရမည့်အလုပ် ရှေ့ပိုင်းမှာလုပ်စေတော်မူသည်။

ဒိဋ္ဌိမရှင်းဘဲ ဝိစိကိစ္ဆာမရှင်းသလို သို့လောသို့လော ဖြစ်စေ သော ကိစ္စများကိုလည်း သုတ်သင်ပေးတော်မူသည် (ကင်္ခါ ဝိတရဏဝိသုဒ္ဓိ)ခေါ်သည်။

မိုးကုတ်ဥပနိဿယမှာ ယောဂီများအား ရောက်လာ လာခြင်း ဘယ်အခါမှ တရားမထိုင်စေရပါ၊ ကျေးဇူးတော် ရှင် ဆရာတော်ကြီး၏ ချမှတ်ပေးသော လမ်းစဉ်သည် အခြေခံ ထုတယ်အလွန်ကြီးမားပေသည်။

"ရှေ့နောက် ခွဲတတ်ကြပါစေ" ဆိုလိုသည်မှာ သိမှုကိုရှေ့ ထားရမည်ဆိုလိုသည်။ တီရဏပရိညာကို ရှေ့က မလာရပါ၊ ဉာတပရိညာ(သိမှု)ပြီးမှ ပွားမှု တီရဏာတပရိညာ လာရပါ သည်၊ "သိမှုသည် ဘုန်းကြီးတို့တာဝန်၊ပွားမှုမှာ မိမိကသာလုပ်ရ မည့်အလုပ်" ဟူ၍ ဆုံးမတော်မူပါသည်။ ထို့ကြောင့် ဤစာအုပ်

အတွင်းမှာ တကယ်လိုလားသော ယောဂီသူတော်စင်သည် ပဌမ ရှေ့နောက် ခွဲတတ်အောင် အသေးစိတ်တွေ တမျိုးပြီးတမျိုး ပြသဟောကြား ထားပါသည်။ စကားလုံးတွေ ထပ်သည်ဟု အပြစ်တင် မစောစေပါနှင့်၊ စကားထပ်လေ ယောဂီအတွက် အကျိုးများလေဖြစ်ပါသည်။အာမိသ မျှော်လင့်ပြီး ဟောပြော နေသော ပုဂ္ဂိုလ်ကြီးမဟုတ်သည်ကို သတိပြုမိကြစေလိုပါသည်။

ဆရာတော်ဘုရားကြီးသည် ဒိဋ္ဌိမခွာဘဲ ရမ်းရှု- မှန်းရှုဖြစ် မည်ကို အလွန်သနားတော်မူသည်။ ရုပ်နာမ်မကွဲဘဲ ပညတ်- ပရမတ်မှ မကွဲဘဲ ထိုကဲ့သို့ ရမ်းရှု-မှန်းရှုဖြစ်သွားပြီး ပင်ပန်းကြီး မနပ်ကြမည်ကို အလွန်သနား ကရုဏာရှိတော်မူသည်။

သို့ဖြစ်ပါသောကြောင့် စေတနာကောင်း, သဒ္ဓါတရား ကောင်း, ရည်ရွယ်ချက်ကောင်းနှင့် တရားမှန်ကို ရှာကြသော ယောဂီသူတော်စင်အပေါင်းတို့သည် ဝိပဿနာ အလုပ်တည်းဟူ သော မဂ်ဆိုက်,ဖိုလ်ဆိုက် နိဗ္ဗာန်ဆိပ်ဦးသို့ ပို့နိုင်စွမ်းရှိသော မြင့်မြတ်သောအလုပ်မျိုးသည်ယောနိသောမနသိကာရမရှိဘဲ ဝါ ဉာဏ်မပါဘဲ သာမည ရှုမှု, ရှုကြမှုနှင့်သော်၎င်း၊ ထိတာ သိနေ သောသတိကလေးနှင့်ရှုနေမှုမျှနှင့်သော်၎င်း ထိုင်တာသိ,ထတာ သိ,စားတာသိ,ဆိုသော ဉာဏ်မပါသော အသိမှု, အမှတ်မှုမျှနှင့် သော်၎င်း လမ်းဆုံးသို့ ပို့ပေးနိုင်လိမ့်မည်ဟုဆိုခွန် ခဲယဉ်းလှပါ သည်။

ဝိပဿနာအလုပ်ဆိုသည်မှာ ယထာဘူတဉာဏ်အောင် ဟုတ်-

တိုင်းမှန်စွာ သိမှု မြင်မှုနှင့် ယှဉ်သော မနသိကာရတွဲ၍ သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဦးစီးပြီး လုပ်ရသော အလုပ်ဖြစ်သောကြောင့် ဝိပဿနာကို နောက်ထား စေချင်သည်ဟု ကျေးဇူးတော်ရှင် ဆရာတော်ကြီး ခဏခဏ မိန့်ကြားဘော်မူခြင်းဖြစ်သည်။

ဝိပဿနာအလုပ် မလုပ်ခင် သိစရာအလုပ်၊ ပြုပြင်စရာအလုပ် ရှင်းလင်းစရာအလုပ်တွေ များစွာရှိပါသည်။

ဒိဋ္ဌိပြုတ်မှုကို အသိနှင့်ခွာနိုင်ရန်မှာ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော ဒေသနာတော်ကို နားလည်ရန် လိုအပ်ပါသည်။ ထိုပဋိစ္စ သမုပ္ပါဒ် နားလည်ပါက ခြေဘ် အကြောင်း အကျိုးတွေပါ ကလား- ငါတွေ သူတွေပါတာ မဟုတ်ပါလားဟူ၍ ယှဉ်နို သော မနသိကာရနှလုံးသွင်းမှန်ကို ရောက်အောင်အကျိုးပြုနိုင်ပါ သည်။နှလုံးသွင်း မှန်မှန်ကန်ကန် သွင်းနိုင်လာသောအခါ ခြေဘ်- ခန္ဓာငါးပါးဆိုသော တရားသည် ဖြစ်ပြီး ပျက်ပျက်နေခြင်းပါ ကလား၊ ဖေါက်ပြန် ပျက်စီးနေခြင်းသည် ဒုက္ခသစ္စာအမှန်ပါ ကလားဆိုတာ မိမိတို့ သဒ္ဓါ၊ ပညာ၊ ဝီရိယအလိုက် သိမြင်လာ ပေသည်။

ထိုသို့ သိမြင်နားလည်ရန်မှာ ဆရာကောင်း သခ်ားကောင်း လမ်းညွှန်ကောင်း ဟောကြားတော်မူသော တရားတော်များကို နာကြားနိုင်ပါမှ ဤဒိဋ္ဌိပြုတ်တရား ပဋိစ္စသမုပ္ပါဒ် လည်လမ်း၊ ဖြတ်လမ်းနှင့် သစ္စာတရားများပါ သိရှိနားလည်ခွင့် ရှိမည်ဖြစ် ပါသည်။

ထို့ကြောင့် ရှာမှီးခြင်းမလွဲကြပါစေနှင့်ဟု သတိပေးလိုပါသည်။ လောကီပစ္စည်း ရှာဖွေမှုကိုမဆိုလိုပါ။

လောကုတ္တရာဘက်သို့ သယ်ယူပို့နိုင် ပေးစွမ်း နိုင်သော ဝိပဿနာနည်းပြ ဆရာသမား အရှာလွဲမည်ဆိုလျှင်လည်း လွဲနိုင်ပါသည်။

မိမိမှာ လောကုတ္တရာနှင့်ပတ်သက်သော ပညာခံမလုံလောက်ခဲ့လျှင်လည်း ရှာမှီးခြင်း လွဲနိုင်ပါသည်။ ဤကဲ့သို့ ရှာမှီးခြင်း လွဲခဲ့ပါလျှင် စိစစ်မှု မရှိသောကြောင့်ဟု ဆိုနိုင်ပါသည်။ စိစစ်မှု မရှိခြင်းသည် နှလုံးသွင်းမှားကြောင့် ဖြစ်သည်ဆိုပါသည်။ နှလုံးသွင်း မှားမှုသည် ကလျာဏမိတ္တတည်းဟူသော အဆွေခင်ပွန်းကောင်း၊လမ်းညွှန်ကောင်း၏အဆုံးအမစသော တရားတော်များကို မနာကြားရ၍ဟု ဆိုပါသည်။ ကလျာဏမိတ္တတည်းဟူသော အဆွေခင်ပွန်းကောင်း၊ လမ်းညွှန်ကောင်း၏တရားဓမ္မ မနာကြားရ, မတွေ့ရခြင်းသည် အကြားအမြင်နည်း၍သော်ငင်း၊ ပုဂ္ဂိုလ်စွဲကြောင့်သော်ငင်း ဖြစ်သည်ဟု ဆိုပါသည်။

ထို့ကြောင့် သဒ္ဓါတရားထက်သန်ကြသော ယောဂီသူတော်စင်အပေါင်းတို့သည် ပုဂ္ဂိုလ်စွဲမထားမူ၍ ဘုရားဟော တရားစစ်တရားမှန်ကို ဟောတတ်ပြောတတ်သော ဆရာကောင်း, ဆရာမြတ်၊ ပဋိစ္စသမုပ္ပါဒ်ကို သင်ကြားပြသသော ဆရာကောင်း,ဆရာမြတ်၊ ဒိဋ္ဌိပြုတ်တရားများကို ဟောကြားပြသနိုင်သော ဆရာကောင်း,ဆရာမြတ်များ ဟောကြားတော်မူသည်ကို မိမိတို့ လက်လှမ်းမှီရာမှာ နာယူကြပါ၊နီးစပ်ရာ တရားပွဲများကို သွားရောက်နာယူကြပါ။

သစ္စာမပါသောတရား၊ပဋိစ္စသမုပ္ပါဒ် မဖြတ်နိုင်သောတရား၊ တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ကိလေသာအနှောင်အဖွဲ့ကို ချိုးဖွဲ့ ပယ်သတ်နိုင်သော တရားမဟုတ်က နိဗ္ဗာန်ဆိပ်ဦးသို့ ပို့နိုင်သော တရားများ မဟုတ်၊နာ၍ကောင်းသော ဟောပြောခြင်းများ ဖြစ်သည်ဟု အမြဲမှတ်သား၍သတိပြုတော်မူကြစေလိုပါသည် ယောဂီသူတော်စင်အပေါင်းတို့...။

ဦးသံဒိုင် ( ဥက္ကဋ္ဌ )
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၃၃ - ဆင်းဒွစ်လမ်း၌
သက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
သဿတဒိဋ္ဌိအမြစ်ကြီးပုံ
သာတိဝတ္ထုအဆက်
( ၁၆ - ၁၀ - ၆၁ )

ဝိပဿနာဟာ သာသနာတွင်းမှာသာ ဖြစ်တယ်ဆိုတာလဲ တကာကြွယ်တို့ သိထားပြီ၊ သာသနာတွင်းတရားနော်....(မှန်ပါ ဘုရား)။

ဝိပဿနာဆိုတာ ဘယ်တရားပါလိမ့်... ( သာသနာတွင်း တရားပါဘုရား) သာသနာတွင်းတရားလို့ ဆိုတာ သိထားပြီ.... (မှန်ပါ)။

သာသနာတွင်းပေမဲ့ လဲ ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်း ဆရာကောင်းနဲ့ ပေါင်းမှလဲ တခါ တွေ့နိုင်ပြန်တယ်... (မှန်ပါ) သူ့ဟာသူ သာသနာတွင်း ဖြစ်ခနေငြားသော်လဲ...တဲ့ မတွေ့နိုင် ပါဘူး... (မှန်ပါ)။

အဲဒီတော့ ဝိပဿနာပေါ်လာတာလဲ တကာတကာမတွေ့ သာသနာတွင်းမို့ ဆိုတာလဲ သိပြီ၊ ဟောကြားညွှန်ပြ သုံးမတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ပြီ... (မှန်ပါ) တွေ့တော့ကို အကြောင်းဖြင့် ညီညွတ်နေပြီဆိုတဲ့ဥစ္စာ ပေါ်လာတယ်... (မှန်လှပါ) ညီညွတ်ပင်

ညီညွတ်ပြားသော်လဲ တခါ ဆရာသမားအတွက်က လိုပြန်တယ် (မှန်ပါ)။

ဆရာသမားအတွက်က ဘာလိုသတုံး....ဆိုလို့ရှိယင် ဒီ-ဋီကာ ဆရာတွေက ဘယ့်နှယ်ဆိုသတုံး....ဆိုလို့ရှိယင် ဒိဋ္ဌိမကွာတဲ့ ဝိပဿနာဟာ အားနည်းတဲ့ဝိပဿနာ မဂ်ဉာဏ်·ဖိုလ်ဉာဏ် မရနိုင်ဘူး....(မှန်ပါ)။

ဒိဋ္ဌိမကွာတဲ့ ဝိပဿနာဟာ.... (မဂ်ဉာဏ်·ဖိုလ်ဉာဏ်မရနိုင်ပါဘုရား) မဂ်ဉာဏ်·ဖိုလ်ဉာဏ် မရနိုင်ပြန်ဘူး....တဲ့.... ( မှန်ပါဘုရား)။

ဝိပဿနာရှုတော့ ရှုကြတာဘဲ ခန္ဓာထဲမှာ၊ ရှိတာတွေရှုပြားသော်လဲ ဒိဋ္ဌိမကွာလို့ရှိယင်ဖြင့်....တဲ့ မဂ်ဉာဏ်·ဖိုလ်ဉာဏ် မရနိုင်....(မှန်ပါ) ဒိဋ္ဌိမကွာယင်.... (မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ပါဘုရား)။

ဪ....ဒါဖြင့် တကာတကာမတို့သိတဲ့အတိုင်း အခု ဆရာဘုန်းကြီးပြောလို့ ရှင်းပါပြီဆိုတော့ ရှေးကလို အနိစ္စ, ဒုက္ခ, အနတ္တတွေ ပုတီးတွေစိပ်၊ အနိစ္စ,ဒုက္ခ,အနတ္တထက် ကောင်းတာ ဘာရှိသေးသတုံးလို့ ဦးမာဒင်တို့-ဦးသန်းမောင်တို့လဲ ကြားဘူးနားဝရှိကြမှာပါဘဲ... (ကြားဘူးပါတယ်ဘုရား) အနိစ္စ, ဒုက္ခ, အနတ္တ စိပ်ကွာ၊ ဒါ... နိဗ္ဗာန်ရောက်ကြောင်းဘဲဆိုတော့ မမှန်ဘူးလားဆိုတော့ မှန်ပါတယ်၊ လိုသေးသလားဆိုတော့လဲ လိုသေးတယ်လို့ တကာသစ်တို့က ဆုံးဖြတ်ချက်ချ.... (မှန်လှပါ) ရှေ့နောက်လွဲနေတယ်ဆိုတာ မှတ်ရလိမ့်မယ်....(မှန်ပါ)။

ဘယ်လို ရှေ့နောက်လဲ့ပါလိမ့်၊ ဒိဋ္ဌိခွါမှုကို ရှေ့ထား၊ ရှုမှုကို နောက်ထား....(မှန်ပါ့) ဒိဋ္ဌိခွါမှုကို....(ရှေ့ထားရပါမယ်ဘုရား) ရှုမှုကို...(နောက်ထားရပါမယ်ဘုရား)။

အဲဒါကလေး ကွာနေပြန်တော့လဲ တကာတကာမတို့ မဂ်တား-ဖိုလ်တားဆိုတဲ့ ဒိဋ္ဌိတရားက တကာတကာမတို့ အားထုတ်ပြားသော်လဲ ခရီးမပေါက်ဘူး...(မှန်ပါ့)။

အားထုတ်ပြားသော်လဲ.... ( ခရီးမပေါက်ပါဘုရား ) ခရီးမပေါက်ဘူးလို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဩော်....ဒါဖြင့် ဦးမာဒင်တို့- ဦးသန်းမောင်တို့ ဩော်.... အရေးကြီးတာဘဲ၊ အစီအစဉ်မတည့်ယင် ဘယ်ဟာမှ မဟုတ်ပါဘူးသေ....(မှန်ပါ့) အစီအစဉ်မတည့်ယင်....(ဘယ်ဟာမှ မဟုတ်ပါဘုရား)။

အဲဒီတော့ ဒိဋ္ဌိမခွါတဲ့ ဝိပဿနာသည် တကာတကာမတို့ မဂ်ဉာဏ်-ဖိုလ်ဉာဏ် မရနိုင်ပါ... (မှန်ပါ့)။

ဒိဋ္ဌိမခွါတဲ့ ဝိပဿနာဟာ... (မဂ်ဉာဏ်-ဖိုလ်ဉာဏ် မရနိုင်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကို သိပါစေတော့ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဂ်ဉာဏ်-ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်များမှာ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဆိုတဲ့ ဒိဋ္ဌိနှစ်မျိုး ဝိစိကိစ္ဆာ တမျိုးကို ကွာမှ သောတာပန်လို့ ဆိုသဖြင့် အဲဒီ့ ပရိတ်ကြီး ပါဠိတော် သုတ္တနိပါတ်ပါဠိတော်ကလဲ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဉ္စ၊ ဒါ.. မကွာယင် မရပါဘူးကွာ...တဲ့....

( မှန်လှပါဘုရား ) ပရိတ်ကြီးက ကို သက်သေခံနေတယ်—(မှန်ပါ)။

တကာတကာမတို့ "သဗ္ဗာဝဿဒဿနသမ္ဗဒါယ၊ တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ" ဆိုတဲ့အတိုင်း ဒိဋ္ဌိဝိစိကိစ္ဆာမကွာလို့ရှိ ယင်ဖြင့် မင်းတို့သည်ကား သောတာပတ္တိမဂ် မရနိုင်ဘူးဆိုတော့ အောက်ဆုံးမဂ်ခတောင် မရနိုင်တော့ အထက်မဂ် ဝေးသွားပြီ.... (ဝေးသွားပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဘယ်သူ့ကို အရင်လုပ်ရမယ် ဆိုတာဖြင့် ဒီပရိတ်ကြီး ကိုယ်ငယ်ငယ်က သင်ထားတာနဲ့ဘဲ ထောက်ကြည့်လိုက်လို့ရှိယင်ဖြင့် ဩော်....သူကွာမှ ရမှာကိုး.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

"သဗ္ဗာဝဿဒဿနသမ္ဗဒါယ၊ တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ...."တဲ့....(မှန်ပါ) တယဿုဓမ္မာ-တယော အဿုဓမ္မာ၊ တယောက သုံးခု.... (မှန်ပါ) ဇဟိတာ ဘဝန္တိ=သူတို့ကို စွန့်ရမယ်ကွ-တဲ့၊ ဘယ်သူတွေတုံးဆိုတော့ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ....(မှန်ပါ)။

သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာနဲ့၊ သီလဗ္ဗတပရာမာသ ဆိုတာလဲ ဒိဋ္ဌိပါဘဲ....(မှန်ပါဘုရား)ဒီ ဒိဋ္ဌိဝိစိကိစ္ဆာကို ရှေးဦးစွာ ဆရာစား ခွါမပေးခဲ့လို့ရှိယင် ဘယ်လိုပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရောက် ချင်တဲ့စိတ် ပြင်းပြပြီးသကာလ အားထုတ်ငြားသော်လဲ တကာ တကာမတို့က မှတ်လိုက်၊ အန္တရာယ်က ဝင်တားတယ်....(မှန်ပါ) မှတ်မိပြီနော်... (မှတ်မိပါပြီဘုရား)။

ဘယ်သူက ဝင်တားပါလိမ့်.... ( အန္တရာယ်က ဝင်တားပါတယ်ဘုရား) အန္တရာယ်က ဝင်တားတယ်ဆိုတော့ တကာကြွယ်တို့က ထူးထူးလည်လည်မှတ်ရမယ်နော်....(မှန်ပါ့)။

ဒိဋ္ဌိဟာတဲ့ ဘာတုံး....လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ကိလေသာ.... ( မှန်လှပါဘုရား ) သူက ဝမ်းထဲမှာရှိနေတော့ ကိလေသာရှိလျက်နဲ့ မဂ်ဆိုက်, ဖိုလ်ဆိုက်ဖြစ်ဖို့ ဦးမာဒင်တဲ့ စဉ်းစားကြည့်ပါ ရပါ့မလား....(မရပါဘုရား)။

ဒါ့ကြောင့် ဒိဋ္ဌိကို အရင်ခွါ၊ ဒိဋ္ဌိတည်းဟူသော ကိလေသာ အန္တရာယ်- ကမ္မန္တရာယ်၊ ဝိပါကန္တရာယ်၊ ကိလေသာ အန္တရာယ် စတဲ့ *အန္တရာယ်ငါးမျိုး ရှိတဲ့အနက်က ကိလေသာအန္တရာယ်က ကျုပ်တို့ကို တားမြစ်နေတယ်... (မှန်ပါ့)။

ဦးဗထွေးတို့- ဦးသန်းမောင်တို့ ဘယ်သူက တားမြစ်နေသလဲ (ကိလေသာအန္တရာယ်က တားမြစ်နေပါတယ်ဘုရား)။

ကိုင်း - ဒါဖြင့် ကိလေသာအန္တရာယ်က တားမြစ်နေတော့ တကာသင်က ရမယ်လို့ ဆိုမလား၊ တားမြစ်တဲ့တရားကဘဲ တားမြစ်မလားဆိုတာလဲ ဆုံးဖြတ်ချက်ချကြည့်ပါ... ( တားမြစ်တဲ့ တရားက တားမြစ်မှာပါဘုရား)။

ဒါဖြင့် သူ့ကို ကျုပ်တို့သည်ကားလို့ ဆိုယင်ဖြင့် မခွါမရှင်းဘဲနဲ့ အသိဥာဏ်နဲ့ ရှင်းပေးမည့် ဆရာသမားကလဲ ရှင်းမပေးဘဲနဲ့ဟာ... ရောက်လာယင် အားထုတ်ကွာဆိုတဲ့ အသွားမျိုးနဲ့ ဖြင့် ဝေးပါသေးတယ်.... (ဝေးပါတယ်ဘုရား) သဘောပါပလား....

---

* ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ အရိယူပဝါဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ်။

(ပါ-ပါပြီဘုရား) တော်တော်အရေးကြီးတယ်ဆိုတာလဲ တကာ ကြွယ် ပေါ်လာတယ်— (ပေါ်လာပါတယ်ဘုရား) မပေါ်ဘူး လား....(ပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကံကောင်း အကြောင်းသင့်လေရဲ့ ဆိုတာ ကိုယ့်အတွက်ဝမ်းသာ... (မှန်ပါ့)။

အားမထုတ်ပါနဲ့ဦး... တဲ့၊ ရောက်လာလို့ ရှိယင် ဘုန်းကြီး များက ဒိဋ္ဌိခွါပါရစေဦး.... ( မှန်ပါ့ ) အားမထုတ်ပါနဲ့ဦး၊ ဒိဋ္ဌိအရင်ခွါပါဦးဆိုပြီးသကာလ ပဋိစ္စသမုပ္ပါဒ်ပြပေးရတယ်.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ပြပေးလို့ ဩော်....ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တာကိုး၊ ဒီအကြောင်းချုပ်ယင် ဒီအကျိုးချုပ်တာ ဘဲ....(မှန်ပါ့ဘုရား)။

ဥပမာ စဉ်းစားကြည့်ပါတကာတကာမတို့ ဖယောင်းကလေး ရှိတုန်း မီးတောက်တယ်.. (မှန်ပါ့) ဩော်.... ဖယောင်းကလေး ကြောင့် မီးတောက်တယ်— (မှန်ပါ့)ဖယောင်းကလေးကုန်သွား တော့ကော မီးငြိမ်းတယ်.... (မှန်ပါ့ဘုရား) ဩော် .... ဒါဖြင့် အကြောင်းချုပ်လို့ အကျိုးချုပ်တာ....(မှန်ပါ့ဘုရား)။

အကြောင်းချုပ်ယင် အကျိုးချုပ်တယ် ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ရှိသေးရဲ့လား...( မရှိပါဘုရား ) အကြောင်းအကျိုး မျှဘဲရှိတယ်... (မှန်ပါ့ဘုရား)ဒီလိုဆိုတော့ ဒိဋ္ဌိက ကွာသွားတယ် (ကွာပါတယ်ဘုရား)။

တခါ အကြောင်းကြောင့် ဖြစ်သလား၊ တကာတကာမတို့ အလိုလိုဖြစ်သလား၊ ဒီမီးကလေးဟာဆိုတော့ ဖယောင်းကြောင့် ဖြစ်တာပါ....(မှန်ပါ့)ဖယောင်းမီးပေါ့ဗျာ- (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အကြောင်းကြောင့် ဖြစ်တယ်ဆိုတော့ အကြောင်းမရှိယင် ဒီမီးကလေးဟာ ဖြစ်ကိုဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါဘုရား) ထိုကဲ့သို့ မဖြစ်နိုင်တာသိပြန်တော့လဲ ဘုန်းကြီးတို့တကာတကာမ တွေမှာဝိစိကိစ္ဆာသေပြန်တယ်....(မှန်ပါ့ဘုရား)ဘယ့်နှယ်ကြောင့် ဒီမီးတောက်ပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ထိုကဲ့သို့ မရှိတဲ့အတွက်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာသေအောင် ရှေ့ပိုင်းက နေပြီး ရှင်းပေးရတယ်....(မှန်ပါ့ဘုရား) ရှင်းပေးတော့မှခန္ဓာ ကိုယ်ထဲမှာ စိတ်တွေရှုချင်တဲ့ ပုဂ္ဂိုလ်လဲစိတ်လဲအကြောင်းမကင်း ဘူးဟေ့....(မှန်လှပါဘုရား) ဝေဒနာလဲ အကြောင်းမကင်းဘူး ဟေ့....(မှန်လှပါ) အကြောင်းချုပ်ယင် ချုပ်တာဘဲဟေ့ .... (မှန်ပါ့)ခိုင်တာမြဲတာလို့ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အလိုလိုဖြစ်တာလဲ ပါသေးသလား....(မပါ-ပါဘုရား) ဩော် ဒါဖြင့် အကြောင်းဖြစ်၍ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်၍ အကျိုးချုပ်တယ်ဆိုတာ အားလုံး ဘုန်းကြီးတို့ တကာတကာမ တွေက ရှင်းပြီးသားဖြစ်သွားတော့ ဘယ့်နှယ်ကြောင့် ဖြစ်ပါ လိမ့်မတုံး၊ ဘယ့်နှယ်ကြောင့် ချုပ်သွားပါလိမ့်မတုံး....ဘယ့်နှယ် ကြောင့်ဆိုတဲ့ ဝိစိကိစ္ဆာရှိသေးရဲ့လား ....(မရှိပါဘုရား)။

အကြောင်းဖြစ်လို့ .... ( အကျိုးဖြစ်ပါတယ် )အကြောင်း ချုပ်လို့....(အကျိုးချုပ်ပါတယ်ဘုရား)ဒီလိုသိပြီးသကာလထား ပြန်တော့လဲ အားလုံး တကာတကာမတွေ မှတ်ထားပါတဲ့ ဒိဋ္ဌိရော ဝိစိကိစ္ဆာရော စင်သွားတယ်....(မှန်ပါ့ဘုရား)။

အဲဒီ စင်ပြီးသည့်နောက်မှ အားထုတ်လိုက်တဲ့ အခါကျတော့ အားထုတ်ရင်းမတ္တန့် သူတို့က တကာသစ် အခုအခါ အဖြစ်နဲ့ လာသေးသလား...(မလာပါဘုရား) ဘယ့်နှယ်ကြောင့် ပျက်သွားပါလိမ့်မတုံး ဆိုတာကော လာသေးသလား...(မလာပါဘုရား) ဘယ့်နှယ်ကြောင့် အစားထိုးလာ ပါလိမ့်မလဲလို့ကော...(မလာပါ)မလာတော့ဘူးနော်...(မှန်ပါဘုရား)။

နို့မဟုတ်လို့ရှိယင် ဒါ ကိလေသာအန္တရာယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒီမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တားမြစ်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာသည် တကာတကာမတို့ ကိလေသာအန္တရာယ်ဘဲ....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... ( ကိလေသာ အန္တရာယ်ပါဘုရား ) ကိလေသာ အန္တရာယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေ ရှင်းရှင်းလင်းလင်း မှတ်ထားကြပါ....(မှန်ပါဘုရား)။

ကမ္မန္တရာယ်ဆိုတာ ကံကကိုတားမြစ်လို့ မရတာ၊ပဉ္စာနန္တရိယကံ လုပ်ထားတဲ့ပုဂ္ဂိုလ်များ ဦးမာဒင်၊ ဦးသန်းမောင်တို့ ဘယ်လိုပင်အားထုတ် မရဘူး....( မှန်ပါ ) ကံကတားလိုက်တယ်....(မှန်ပါ)။

ဝိပါကန္တရာယ်တဲ့၊ ကိုယ့် အကျိုးပေးကိုက ဒွိဟိတ်တွေ၊ အဟိတ်တွေ၊ တိရစ္ဆာန်တွေ ဖြစ်နေမယ်ဆိုယင် တတ်နိုင်လို့ ဘယ်လိုဘဲ ဆရာကောင်းပြီး အားထုတ်ခိုင်းလို့ ဖြစ်စေကာမူ ဝိပါက=ပဋိသန္ဓေအကျိုးပေး ဝိပါက်က ကန့်ကွက်ထားတာနဲ့ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်မရဘူး...(မှန်ပါဘုရား)။

တခါ ဒိဋ္ဌိကိုမခွါဘဲနဲ့ တကာတကာမတွေက ဖြစ်ပျက် ဝိပဿနာ ဖြစ်ပျက် အနိစ္စတွေ ကြိုးစားပြန်လဲ ကိလေသာ အန္တရာယ်က တားပြန်လို့ဘယ်တော့မှမရဘူး -(မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ဘုရားက အန္တရာယ်ငါးပါးလွတ်မှ ရနိုင်တယ်လို့ ဆိုသဖြင့် ဒိဋ္ဌိမခွါတဲ့ ဝိပဿနာသည် တကာကြွယ် မဂ်ဖိုလ်ကို မရနိုင်တဲ့ ဝိပဿနာ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိမခွါတဲ့ ဝိပဿနာသည်.... ( မဂ်ဖိုလ်မရနိုင်တဲ့ ဝိပဿနာပါဘုရား) မဂ်ဖိုလ်မရနိုင်တဲ့ ဝိပဿနာလို့ ဦးဗထွေးတို့သေသေချာချာ မှတ်စမ်းပါ....(မှန်ပါ့) သဘောပါကြပလား....(ပါ့ပါပြီဘုရား)။

ဒါဖြင့် ဗီအတိုင်းအားထုတ်ပြီကွာ ....ကုသိုလ်လဲ ဖြစ်အောင် အနိစ္စ,ဒုက္ခ,အနတ္တ ကလေးတော့ ပုတီးစိပ်ရမှာဘဲကွ၊ပုတီးစိပ်ယင်ကုသိုလ်ဖြစ်သဟေ့.... (မှန်ပါ့) ဘုန်းကြီးတို့က ဒါဘဲအားပေးနိုင်တယ်....(မှန်ပါ့) နိဗ္ဗာန်တော့ မရဘူးဟေ့....(မှန်ပါ့) ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး....(ဒိဋ္ဌိမခွါလို့ မရတာပါဘုရား) ဒိဋ္ဌိမခွါဘဲနဲ့ ရမ်းလုပ်နေလို့....(မှန်ပါ့)။

ဒိဋ္ဌိမခွါဘဲနဲ့ ရမ်းလုပ်ပြီးသကာလ နေတော့ တကာတကာမတို့ မဂ်ဖိုလ် နိဗ္ဗာန်ကိုကျေးဇူးပြုမည့် ဝိပဿနာကမဟုတ်ဘူး၊ ဒိဋ္ဌိကတားတဲ့ ဝိပဿနာဖြစ်နေတော့ ဒီဉာဏ်သည် မဂ်ဖိုလ်မသွားနိုင်....(မှန်လှပါဘုရား)။

ဒိဋ္ဌိတားမြစ်ချက်ကို သူကျော်လွန်ပြီးသကာလ သွားနိုင်တဲ့ စွမ်းရည်သတ္တိမရှိဘူး.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမလုပ်မီ ဦးမာဒင်တို့၊ဦးဗထွေးတို့၊ ဦးသန်း မောင်တို့ ဘာလုပ်ကြမယ်.... (ဒိဋ္ဌိအရင်ခွါရပါမယ်) ဒိဋ္ဌိခွါရ မယ်....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲ.... ဒိဋ္ဌိခွါပြီးမှ ကိုင်း.... တကာတကာမတို့ ဘုန်းကြီးတာ စိတ်ကြိုက်ယင် စိတ်ရှုပေါ့....၊ဝေဒနာကြိုက်ယင် ဝေဒနာရှုပေါ့ ဆိုယင်ဖြင့် တကာသစ် ဧကန် အတားအမြစ်ခရှိဘူး.... (မှန်ပါ့) ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့် ဝိပဿနာပွားပြီး သကာလ နေ့ပြေးသော်လဲ အစီအစဉ် မတည့်ပြန်လို့ရှိယင်လဲ ကိုယ့်မှာ အချိန်ဖြုန်းပြီး သကာလ အသက်ကြီးတာသည် အလကားကြီးတဲ့ အသက်မျိုး ဖြစ်သွားမှာလဲ တကာကြွယ် စိုးရိမ်ရတယ်.... (စိုးရိမ်ရပါတယ်) မစိုးရိမ်ရဘူးလား... (စိုးရိမ်ရပါတယ်ဘုရား)။

အေး....ဒါကလေးတွေကိုလဲ ဆရာရင်းတွေ တကာရင်းတွေမို့ သတိပေးထားတယ်ဆိုတာကိုလဲ ဦးမာဒင်တို့ မှတ်ရလိမ့်မယ် — (မှန်ပါ့) မမှတ်ထိုက်ဘူးလား....(မှတ်ထိုက်ပါတယ်ဘုရား)။

အခု ပရိတ်ကြီးကလဲ တာဝန်မခံဘူးလား.... ( ခံပါတယ် ) ပရိတ်ကြီးကလဲ တာဝန်ခံတယ်၊ ဒီ့ပြင် အဋ္ဌကထာတွေကလဲ အကုန်တာဝန်ခံတယ်... (မှန်ပါ့) ဒိဋ္ဌိမခွါဘဲနဲ့ ဝိပဿနာအား ထုတ်လို့ရှိယင် မရနိုင်ဘူးပေါ့တဲ့.... (မှန်ပါ့) ပေါ်ကြပါပြီ— (ပေါ်ပါပြီဘုရား)။

ဒါက နာကောင်းအောင် ပောတဲ့ တရားမဟုတ်ဘူးတဲ့ တကာတကာမတို့နော်.... (မှန်ပါ့) မိမိလိုချင်တဲ့ ဒုက္ခခပ်သိမ်း

ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို အရောက်သွားချင်လို့ ရှိယင်ဖြင့် လမ်းစဉ်မှန် လမ်းစဉ်ဖြောင့်ကို ပြနေတာဆိုတာ မှတ်ရမယ် .... (မှန်ပါ့ဘုရား)။

လမ်းစဉ်မှန်နဲ့ လမ်းစဉ်ဖြောင့်ကဖြင့် ဒိဋ္ဌိခွါပြီးမှ လုပ်ကြ — (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာခွါပြီးမှတုံး... (ဒိဋ္ဌိခွါပြီးမှပါ) ဒိဋ္ဌိခွါပြီးမှ လုပ်ကြပါ ဆိုတော့ ဒိဋ္ဌိခွါချင်တော့လဲ ပဋိစ္စသမုပ္ပါဒ် နားလည်ရမယ် .... (မှန်ပါ့)သစ္စာကို....(နားလည်ရပါမယ်ဘုရား)။

ဒါဖြင့် ဒီနှစ်ခုနားမလည်ဘဲနဲ့လဲ တကာတကာမတို့ ဒိဋ္ဌိက မကွာဘူး....(မှန်ပါ့)မကွာတော့ ပဋိစ္စသမုပ္ပါဒ်ပြရလိမ့်မယ် .... (မှန်ပါ့)ပြီးတော့ သစ္စာကို ပြရလိမ့်မယ်—(မှန်လှပါဘုရား)။

အဲ....သူတို့နှစ်ခုရှေ့ထား မပြပြန်လို့ရှိယင်လဲ ဒိဋ္ဌိကမကွာ ဘူး....(မှန်ပါ့) မကွာဘဲနဲ့ အားထုတ်ပြန်တော့လဲ .... (မရပါ ဘုရား)။

ဒါဖြင့် ဒိဋ္ဌိခွါချင်ယင် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာနားသည်ရ မယ်....(မှန်လှပါဘုရား)။

ဒိဋ္ဌိခွါချင်ယင်....(ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာနားလည်ရပါမယ် ဘုရား)။

အဲဒီဥစ္စာကို ဆရာသမားကလဲ အားကြိုးမာန်တက်နဲ့ တခါ တည်း သူတို့အထဲမှာ ရှင်းသည်ထက်ရှင်းအောင် ဉာဏ်ထဲမှာ ရှင်းသည်ထက်ရှင်းအောင် ပဋိစ္စသမုပ္ပါဒ်ကို အကြောင်းအကျိုး ဆက်ပုံ အကြောင်းချုပ်လို့ အကျိုးချုပ်ပုံတွေ ဒါတွေသေသေ

ချာချာ ပြောတော့မှ ဩော်.... ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာ ပြောလိုက်တော့ တဏှာတကာမတို့မှာ ရှင်းသွားတယ်....(မှန်လှ ပါဘုရား) ဩော်.... ပဋိစ္စ သမုပ္ပါဒ် အကြောင်းအကျိုးအတိုင်း ဖြစ်ပြီး၊အကြောင်း အကျိုးအတိုင်း ချုပ်နေတဲ့ ဒုက္ခသစ္စာပါ ကလား.... ဆိုတော့ ဒုက္ခသစ္စာထဲမှာ ငါဝင်မရှုပ်တော့ဘူး .... (မှန်ပါဘုရား)။

ရှုပ်သေးရဲ့လား... (မရှုပ်ပါ)။ မရှုပ်ယင် အဲဒီကထွက်ပြေး ပြီး ဒိဋ္ဌိက ထွက်ပြေးပြီး....(မှန်ပါ)။ သဿတ, ဥစ္ဆေဒ အကုန် ထွက်ပြေးပြီ....(မှန်ပါဘုရား)။

အဲဒီလို ထွက်ပြေးပြီး ပဋိစ္စသမုပ္ပါဒ်ကို နားလည်တဲ့ ပုဂ္ဂိုလ် များမှာဖြင့် တကာတကာမတို့ ဒိဋ္ဌိ သုံးမျိုးစလုံး ထွက်ပြေး တယ်.... (မှန်ပါဘုရား) သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အကုန်ပြေးတယ်....( မှန်ပါဘုရား ) အဲဒီပြေးပြီးမှ ဘုန်းကြီး တို့ တကာတကာမတွေက အားထုတ်လိုက်.... (မှန်ပါဘုရား) မကြာတော့ဘူး ဒီကျတော့.... (မှန်ပါဘုရား) သဘောပါပြီ.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒါကလေးဟာတော့ အရေး ကြီးတဲ့ စကား( ၁ )ခွန်းပါတ် အရေးကြီးတဲ့စကားမို့ ထပ်ပြီး သကာလ ပြောရပါတယ်.... (မှန်ပါ) ဝိပဿနာ မလုပ်မီ ဘာ အရင်လုပ်ရမလဲ.... (ဒိဋ္ဌိ အရင်ခွါရပါမယ်) ဒိဋ္ဌိ ခွါချင်ယင် ရှေ့ပိုင်းက ဘာနားလည်ရမတုံး .... (ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာ နားလည်ရပါမယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာနားလည်ရမယ်— (မှန်ပါ) အဲဒီအစဉ် အဆက်အတိုင်း မပြောဘဲ ဆရာကလဲနေမယ်၊ ခင်ဗျားတို့ကလဲ နားမလည်ဘဲနဲ့ ဝိပဿနာအလုပ်ကြီးကို အနိစ္စတွေ ရှုနေကြမယ်ဆိုယင် ကုသိုလ်ဖြစ်ပါရဲ့ နိဗ္ဗာန်မရဘူး.... (မှန်ပါ) သဘောကျပလား—(ကျပါပြီဘုရား)။

ကုသိုလ်တော့ဖြင့်....(ဖြစ်ပါတယ်) နိဗ္ဗာန်တော့... (မရပါဘုရား)။

ဒြဲ-ဒီလိုလဲ ရှိသေးသကိုးဆိုတဲ့ဥစ္စာ ဦးဗထွေးတို့ ဦးသန်းမောင်တို့ ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား။)

ဒြဲ- ဝိပဿနာဆိုယင် ရှူဟယ်-ရှိုက်ဟယ် ခိုင်းချင်ခိုင်း (ခိုင်းပါတယ်) ဟာ....သွားတာသိ-နေတာသိ၊ ထိုင်တာသိလုပ်နေကွာ....(မှန်ပါ) ဒါတွေတော့ ခွါမပေးဘူးဆိုယင် ဦးမာဒင်သွားပြီ....(မှန်ပါ) မဂ်မရပါဘူး စိတ်သာချ....(မှန်ပါ)မရဘူးဆိုတာ တကာကြွယ် သေသေချာချာ မှတ်ပါ...(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ—ဒါဖြင့် တကာတကာမတို့ ဝဋ္ဋသက်သေ သာဓကထုတ်ရှုပြစို့....(မှန်ပါ) ဝဋ္ဋ သက်သေ သာဓက ထုတ်ရှုပြစို့ ဆိုတော့ တကာတကာမတို့သာတိဝဋ္ဋ မဆုံးသေးဘူး....(မှန်ပါဘုရား)။

သာတိဟာ အားလုံးသိထားတာက တကာတကာမတွေသုံးလေးရက်ပြောနေတော့ ခန္ဓာငါးပါးရှိတယ်လို့ သူသိတယ်—(မှန်ပါ)ခန္ဓာငါးပါးရှိတာ သူသိတယ်။ ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ,

သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ လေးပါး... (မှန်ပါ) အဲဒီလေးပါးက တော့ဖြင့် ဒီဘဝမှာ သေတယ်ဆိုယင် ဒီလေးပါး သေတယ်တဲ့.... (မှန်ပါ)ဝိညာဏက္ခန္ဓာ တပါးကတော့ဖြင့် မသေဘူး....(မှန်ပါ) စိတ်ကတော့....(မသေပါဘုရား) စိတ်က မသေဘူးလို့ ယူတယ်.... (မှန်ပါဘုရား)။

ဒါ....သေသေချာချာမှတ်ပါ သာတိရဲ့ အယူ... (မှန်ပါ)ရုပ်, ဝေဒနာ, သညာ, သင်္ခါရကတော့ ဘာတဲ့တုံး... (သေပါတယ် ဘုရား) ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကတော့... (မသေပါ) ကဲ.... တကာတကာမတို့ ဒါ... သာတိအယူဘဲ.... (မှန်ပါဘုရား)။

အဲဒီ ဝိညာဏက္ခန္ဓာကတော့ ဘယ်လိုတုံးလို့ မေးတော့ ဒီခန္ဓာထဲမှာ သူနေခွင့်မရတော့ဘူး။ ဒီခန္ဓာကြီးက အသုံးမကျ ဘူး အိုဘေး နာဘေး သေဘေး သင့်တာနဲ့ သူထွက်သွားတယ်... (မှန်ပါ) ထွက်သွားပြီး နတ်ပြည်ယင်လဲနေမယ်၊ အပါယ်ယင် လဲ နေမယ်၊ ငရဲယင်လဲနေမယ်....(မှန်ပါ)သူကတော့ဖြင့် အသေ မခံနိုင်ဘူး....( မှန်ပါဘုရား ) သူက အထွက်သမား သက်သက် ဘဲ... (မှန်ပါ) ဟိုဘုံ မကောင်းလို့ ရှိယင်လဲ တခြားသော ဘုံ ပြောင်းမယ်ဆိုတော့ ကျန်ခန္ဓာလေးပါးမှာ တကာတကာမတို့ အပြစ်မရှိပါဘူး။ ဝိညာဏက္ခန္ဓာမှာကျတော့သဿတဒိဋ္ဌိ အပြစ် သင့်ပါတယ်... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိညာဏက္ခန္ဓာမှာတော့.... (သဿတ ဒိဋ္ဌိ အပြစ်သင့်ပါတယ် ဘုရား)ပျက်စီးတယ်လို့ကို ပါသေးသလား... (မပါ-ပါဘုရား)။

ဩော်-ဝိညာဏက္ခန္ဓာတော့ဖြင့် စိတ်ကလေး ဟာတော့ဖြင့် ဟိုဘုံ-ဒီဘုံ လှည့်သွားနေတယ်လို့ ဦးမာဒင် ဒီလိုယူပါတယ်... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား။)

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာလဲ အလွန် အရေးကြီးပြီး ဒီဥစ္စာဟော့ အသက်ထွက်ပြီ ဆိုတာများ မယူကြပါနဲ့.... (မှန်ပါ့ဘုရား) ဝိညာဏ်ချုပ်တယ်လို့ ပြောကြပါဟ....(မှန်ပါ့) အသက်ထွက်သွားပြီလို့ မပြောပါနဲ့... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အသက်ထွက်ပြီလို့...(မပြောပါနဲ့) ရှိကိုမရှိလို့ မထွက်နိုင်ပါဘူး....(မှန်ပါ့ဘုရား)။

အဲဒါကို အသက်ထွက်တယ်လို့ ခင်ဗျားတို့ ဆရာကောင်း တပည့်ပီပီဘဲ အသက်ထွက်တယ်လို့ မပြောကြပါနဲ့.... (မှန်ပါ့) ပြောချင်ယင် ဘယ်လိုပြောရမလဲ.... (ဝိညာဏ်ချုပ်တယ်လို့ ပြောရပါမယ်) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အသက်ထွက်တယ်လို့ ပြောလို့ရှိယင် ဒီအထဲ တကာတကာ မတွေ့ဟာ သဿတဒိဋ္ဌိဘဲ.... (မှန်ပါ့ဘုရား။)

အသက် ထွက်တယ်လို့ယူယင်.... (သဿတဒိဋ္ဌိပါဘုရား) ကြည့်....ဒီ ခန္ဓာမကောင်းလို့ ဟို....ခန္ဓာဘဝတပါး ပြောင်း သွားပြီဆိုဘဲ့ အဓိပ္ပါယ်ကျတယ်...(ကျပါတယ်)မကျဘူးလား.... (ကျပါတယ်ဘုရား) ဘာဒိဋ္ဌိလဲ.... (သဿတဒိဋ္ဌိပါဘုရား)။

အဲဒီ့ အယူ မစွန့်သ၍ ကာလပတ်လုံး ဝိပဿနာ အလုပ်ကို အာပေါက်အောင် အားထုတ်ငြားသော်လဲ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ... (မရနိုင်ပါဘုရား) မရနိုင်ဘူးလို့ ဆုံးဖြတ်ချက် ချပါ.. (မှန်ပါ့ဘုရား။)

ကိုင်း.... တကာတကာမတို့ ခင်ဗျားတို့ ပြင်ပေးနေရတာ လွယ်တာမဟုတ်ဘူး· လွယ်ပါ့မလား— ( မလွယ်ပါဘုရား )။

ဘယ့်နှယ်ကြောင့် မလွယ်ကူသတုံး မေးတော့မှတပည့်တော်တို့ဘုရား သက်ကြီးစကား သက်ငယ်ကြားနဲ့ အရိုးစွဲလာခဲ့တာ.... (မှန်ပါ့)တဆာကြွယ် ဒီအတိုင်းဖြေနော်...(ဖြေပါ့မယ်ဘုရား)။

အဲဒီတော့ သက်ကြီးစကား သက်ငယ် ကြားနဲ့ လာခဲ့တာတော့ လာခဲ့တာပေါ့၊အခုပြောပေးတဲ့ ဆရာသမားနဲ့တွေ့ပြန်တော့ နဂိုရ်ကကောက်နေတာလဲ ဖြောင့်ယူ လိုက်တာပေါ့.... (မှန်ပါ့) သဘောပါလား....(ပါ-ပါပြီဘုရား။)

ဒါ့ကြောင့် တကာကြွယ် သေသေချာချာ အခု ဝိညာဏ်သည် ဒီနေရာဖြစ်၍ ဒီနေရာချုပ်တယ် ဆိုတာတော့ သဘောကျပလား...(ကျပါပြီဘုရား)။

နားထဲမှာ ကြားတတ်တဲ့ အခု ဘုန်းကြီးဟောနေတဲ့ တရားစလေးကို ကြားတတ်တဲ့ ဝိညာဏ်ကလေး မပေါ်ဘူးလား— (ပေါ်ပါတယ်ဘုရား) ဒီက အသံရပ်လိုက်တော့ရှိသေးသလား— (မရှိပါဘုရား) ဘယ်များ ပြောင်းသေးသတုံး... (မပြောင်းပါဘုရား) ဝိညာဏ်ဒီနားထဲမှာ ပေါ်ပြီး ဒီနားထဲမှာ ပျောက်သွားတယ်....(မှန်ပါ့)ဝိညာဏ်ပြောင်းသေးသလား.... (မပြောင်းပါဘုရား။)

ခင်ဗျားတို့ ဒီလိုတရားကို ဝိပဿနာဉာဏ်တရားကို မနာရတော့ ဝိညာဏ် ပြောင်းတယ်တဲ့(မှန်ပါ့) ဒီလို မယူဘူးလား.... (ယူပါတယ်ဘုရား)။

အဲဒီတော့ သာတိကို သာတိ မင်းသည် စားလို့ ဆိုယင်လဲ ဘယ်ဝိညာဏ် ပြောင်းတာပြောသတုံး။ ဘယ်ဝိညာဏ်တုံးလို့ မေးတဲ့ အခါကျတော့ကို ကတမံ သာတိဝိညာဏံ။ သာတိ= သာတိ။ ကတမံ=အဘယ်တရားကို။ ဝိညာဏံ=ဝိညာဏ်ဟူ၍။ ဝုစ္စတိ=မင်းကဆိုနေသလဲ... (မှန်ပါ)။

အရှင်ဘုရားတဲ့ ဝိညာဏ်ကလေးဟာက ပြောင်းတယ် ဆိုတာ တခြားမဟုတ်ပါဘူး။ ဒီဝမ်းထဲမှာရှိတဲ့ ဝိညာဏ်ကလေးဟာ လူသေတယ်ဆို ထွက်သွားတာဘဲ။ ထွက်သွားပြီးသကာလ ဟို ရောက်တဲ့အခါမှာ ကောင်းတာ မကောင်းတာ ဒီကလုပ်ထားတဲ့ ကောင်းကျိုး မကောင်းကျိုးကို သူက သွားပြီးသကာလ ခံစား တယ်တဲ့....(မှန်ပါဘုရား)။

ဒီကလုပ်ထားတဲ့ ကောင်းကျိုး,မကောင်းကျိုးကို....(သွားပြီး ခံစားပါတယ်ဘုရား) သူ-ဒီကနေသွားပြီးသကာလ ငါလုပ်ထား တာဘဲ၊ ငါဘဲ သွားခံစားမယ်ဆိုပြီး ဝိညာဏ်ကလေးက သွားပြီး ခံစားပါသတဲ့ (မှန်ပါ) သူဖြေပုံ-သူဖြေပုံ...(မှန်ပါ) တကာ ကြွယ်--ဝိညာဏ်သေသေးသလား....(မသေပါဘုရား)သာဘိဖြေတဲ့ အဖြေဟာ မသေပါဘူး....(မှန်ပါ)။

အဲဒါ မူလပဏ္ဏာသပါဠိတော်မှာ ဒီအတိုင်း ဘုရား ဟောပါ တယ်...( မှန်ပါ ) ဘုရားကမေးလို့ သာတိက ဖြေတာပါ... (မှန်ပါ) ကောင်းကျိုး-မကောင်းကျိုးကိုဖြင့် ဝိညာဏ်က ခံစား ပါတယ်....တဲ့....(မှန်ပါ)။

ပြောဆိုတာလဲ သူဘဲ၊ စကားပြောတာလဲ သူဘဲ ခံစားတာ လဲ သူဘဲတဲ့.... ( မှန်ပါ ) ဒီဝိညာဏ်ကလေးဟာ ဘယ်တော့မှ မသေဘူးတဲ့...(မှန်ပါ)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတွေကလဲ နောက်က ရှိနေတော့ ဟော့....သာတိ မင်းသည်ကားလို့ဆိုယင် ဝိညာဏ်သည် ဥသ္မိကတောလို့ ပြောလိုက်တယ် ပါဠိလို— (မှန်ပါ) ဥသ္မိကတောဆိုတာက မင်းသည် ဝိညာဏ်ဆိုတဲ့ အငွေ့ ဒိဋ္ဌိကလေးရှိနေတဲ့အတွက်....တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်းဟူသော သမ္မာဒိဋ္ဌိအလုပ်ကိုဖြင့် ဝိညာဏ်ကိုမြဲတယ်လို့ ယူထားတဲ့ မိစ္ဆာဒိဋ္ဌိရှိနေတဲ့အတွက် သမ္မာဒိဋ္ဌိမဖြစ်နိုင်သောကြောင့် မင်းသည်ကားလို့ဆိုယင် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီ၊ မရတော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်....(မှန်ပါ)ရဟန်းတွေရှေ့မှာဘဲ ပြောလိုက်တယ်....(မှန်ပါ)။

ကဲ.... တကာတကာမတို့ အသက်ထွက်တယ်များ ပြောချင်ကြသေးသလား....(မပြောချင်ပါဘုရား)ဖျောက်ပါတော့ဗျာ.... (မှန်ပါ) ဖျောက်ကြပါတော့....(မှန်ပါ)။

အသက်ဘဲ ရှိလဲရှိတာမှ မဟုတ်ဘဲ တကာ တကာမတို့ရဲ့ ဝိညာဏ်ကလေး ဒီနေရာဖြစ်ပြီး ဒီနေရာချုပ်တာဘဲဆိုတာ သေချာလား....(သေချာပါပြီဘုရား)။

အဲဒီတွင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဦးမာဒင်တို့ ဦးသန်းမောင်တို့ ပြောလိုက်တာ မနစ်နာဘူးလား.... (နစ်နာပါတယ်ဘုရား) မင်းမှာ ဝိညာဏ်ဆိုတဲ့ အငွေ့ ဒိဋ္ဌိကလေးရှိနေတဲ့အတွက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်းဟူသော သမ္မာဒိဋ္ဌိကိုဖြင့် မင်းသည် မောဃပုရိသ=မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီကွာ မရတော့ဘူး....တဲ့....(မှန်ပါ) ဒိဋ္ဌိရှိလို့မရတာ .. (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာရှိလို့လဲ....(ဒိဋ္ဌိရှိလို့ မရတာပါဘုရား) ဒိဋ္ဌိရှိလို့ မဂ်မရတော့ဘူးလို့ ဆုံးဖြတ်ချက်ချပါ... ( မှန်ပါ ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဩော် .... တကာတကာမတို့ ကြောက်စရာကြီးပါလား.... (ကြောက်စရာကြီးပါဘုရား)။

ဒါဖြင့် ဘုန်းကြီး အစက ပြောခဲ့တယ်၊ တရားထိုင်စက ပြောခဲ့တာ ဦးမာဒင်တို့ ကျေနပ်ဘို့ တယ်ကောင်းတယ် (မှန်ပါ) ဒိဋ္ဌိမခွါတဲ့ ဝိပဿနာဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရဘူး....(မှန်ပါ) ကုသိုလ်တော့ ရတယ်.... (မှန်ပါ) မဂ်ဉာဏ်-ဖိုလ်ဉာဏ်တော့.... (မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့အလိုက ကုသိုလ်ရရုံလုပ်တာသား-မဂ်ဉာဏ်ဖိုလ်ဉာဏ်ရချင်လို့ ဝိပဿနာ အားထုတ်တာလား.... (မဂ်ဉာဏ်ဖိုလ်ဉာဏ်ရချင်လို့ ဝိပဿနာ အားထုတ်တာပါဘုရား) တကာကြွယ်....ပေါ်ပြီဗျ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိမခွါတဲ့ ဝိပဿနာသည် ကုသိုလ်သာရ၍ နိဗ္ဗာန်မရ...(မှန်ပါ)။

ကုသိုလ်သာရ၍.... (နိဗ္ဗာန်မရပါဘုရား) ဩော်....ကြောက်စရာကြီးပါလား တကာတကာမတို့....(မှန်ပါ)။

မသိတဲ့နေရာမှာ ကုသိုလ်ဖြစ်ရုံလုပ်နေတဲ့ပုဂ္ဂိုလ်တွေ အတွက်တော့ အထူး မဆိုလိုပါဘူး ... (မှန်ပါ) နိဗ္ဗာန်ရောက်ချင်လို့ လုပ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် ဒါ.... အကြီးအကျယ်ဘဲ ခမ်းခမ်းနားနားဘဲ ပြောပေးရမယ်.... ( မှန်ပါ ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခုနင်က စကားကလေးပြန်ကောက်လိုက်၊ သာတိ အကြောင်းသိတော့ တကာသစ်....ပြန်ရှင်းလိုက်နော်....(မှန်ပါ) ဝိပဿနာမလုပ်ခင် ဘာလုပ်ရမယ်....(ဒိဋ္ဌိခွါရပါမယ်)ဒိဋ္ဌိခွါချင် လို့ရှိယင် ဘာနဲ့ခွါရမတုံး.... (ပဋိစ္စသမုပ္ပါဒ်နားလည်ရပါမယ်၊ သစ္စာ နားလည်ရပါမယ် ) ပဋိစ္စသမုပ္ပါဒ် နားလည်မှု· သစ္စာ နားလည်မှုနဲ့ ခွါရမယ်....(မှန်ပါ)။

ဒီနှစ်ခုကို ပဋိစ္စသမုပ္ပါဒ်လဲ နားမလည်, သစ္စာလဲမသိလို့ ရှိယင်ဖြင့် ဒိဋ္ဌိက မကွာပါဘူး.... (မကွာပါဘူးဘုရား) မကွာဘဲ ဝိပဿနာအားထုတ်လို့ရှိယင် ကုသိုလ်သာရ၍ မဂ်ဉာဏ်- ဖိုလ် ဉာဏ် နိဗ္ဗာန်မရ....(မှန်ပါ) ဆိုတော့ ဦးသန်းမောင်တို့ အရေး မကြီးဘူးလား (ကြီးပါတယ်ဘုရား)။

ဒီဟာကို အခင်မတန် တပည့်ဘော်တို့ ခန္ဓာဝန် ဒုက္ခဝဋ်ကြီးမှ ကျွတ်ချင်လို့ပါဘုရား....ဆိုပြီး ဆရာကောင်း·သမားကောင်းတွေ ရှာကြ့ဖွေကြပြီးသကာလ အမျိုးမျိုး စရိတ်စကတွေ အကုန်ခံ လာကြငြားသော်လဲ....တဲ့ အမှန်မဆိုက်ဘဲနဲ့ ကုသိုလ်ဖြစ်ကလေး လောက်နဲ့ဆိုယင်တော့ တကာကြွယ်... မတော်သေးဘူး-(မှန်ပါ) တော်ပါမလား...(မတော်ပါဘုရား)။

မတော်သေးပါဘူး... တဲ့၊ မတော်သေးပါဘူး၊ ဒီကုသိုလ် ဇလဲ ကုသိုလ်ဆိုတာမျိုးဟာ တကာတအာမတွေ ညှိဖျင်းတဲ့ ကုသိုလ်တမျိုး၊ ထက်မြက်တဲ့ ကုသိုလ်တမျိုး၊ ကုသိုလ်နှစ်မျိုး ရှိတယ်...(မှန်ပါ) ထက်မြက်တဲ့ကုသိုလ်က မဂ်ကုသိုလ်-(မှန်ပါ) မထက်မြက်တဲ့ကုသိုလ်က ဒါနကုသိုလ်, သီလကုသိုလ်, သမထ

ကုသိုလ်.... (မှန်ပါ) ဒါတွေရှိပြီးသကာလနေတော့ ကြောင့်.... ဒို့-ထက်မြက်တဲ့ကုသိုလ်ရချင်ပါတယ်လို့ ခန္ဓာဇာတ်သိမ်း ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ရချင်ပါတယ်ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိခွါတဲ့ ဝိပဿနာအလုပ်လုပ်ပါ.... (မှန်ပါ) ဒိဋ္ဌိခွါပြီးမှ.... (ဝိပဿနာ ရှုရပါမယ်ဘုရား)။

ဒိဋ္ဌိခွါချင်ပါတယ်ဆိုလို့ရှိယင် ငါ့ဟာငါ ခွါမယ် ဆိုလို့ ရှိယင် မရဘူး....(မရပါဘုရား) ခန္ဓာ၏ပဋိစ္စသမုပ္ပါဒ် သိပါဦးမှ (မှန်ပါ) ခန္ဓာဒုက္ခသစ္စာကို....(သိပါဦးမှပါဘုရား) အဲ....ပဋိစ္စသမုပ္ပါဒ်ခန္ဓာနဲ့ ပဋိစ္စသမုပ္ပါဒ်သစ္စာ ဒီခန္ဓာ ဒုက္ခသစ္စာကိုဖြင့် နားလည်မှု ရှိပြီး ဉာဏ်ပရိညာနဲ့ နားလည်မှု ရှိပြီးတော့မှ တီရဏပရိညာနဲ့ပွါးပါ....(မှန်ပါ) ပေါ်ကြပါပြီ....(ပေါ်ပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ဒီသာတိကို တခါတည်း ဘုရားက သာတိ.... ဘယ်ဝိညာဏ်သည်ကားလို့ဆိုယင် မသေသတုံးမေးတော့ .... ဒါဆိုတာပါ... တဲ့၊ ဟိုဘုံ သည်ဘုံ လှည့်သွားနေပြီးသကာလ နေတဲ့ ကောင်းတာ မကောင်းတာတွေ သူက ရောက်ရာမှာ ခံစား နေတဲ့ ဝိညာဏ်ကို ဆိုပါတယ်....တဲ့....(မှန်ပါ) သာတိက-သာတိ က-နော်....(မှန်ပါ)။

ဒီဘုံကနေပြီးသကာလ ဟိုဘုံသွားပြီးသကာလ သူပြောလဲ ပြောပါတယ်... တဲ့....(မှန်ပါ) ခံလဲ ခံစားတာဘဲ... တဲ့(မှန်ပါ) ဒီကလုပ်ထားတဲ့ ကောင်းကျိုး မကောင်းကျိုးတွေကို သူက ခံစားတာဘဲ....တဲ့.... (မှန်ပါ) ဆိုတော့ ဘုန်းကြီးတို့ တကာ တကာမတွေမှာလဲ ရှိတယ်....(မှန်ပါ)။

ဟာက ကိုယ့်အထင်နဲ့ကို ကိုယ်ပြောနေတာလား မေးတော့ ခင်ဗျားတို့ ကိုယ့်အထင်နဲ့ ကိုယ်ပြောနေတာ....(မှန်ပါ) ကိုယ့်အထင်ဆိုတာ ကိုယ့်အယူ.... ( မှန်ပါ ) ကိုယ့်အယူ ဘာအယူ ဖြစ်နေတယ်ဆိုတာဖြင့် သေသေချာချာ စဉ်းစားကြည့်တော့မှ ဪ— ငါ သဿတဒိဋ္ဌိဖြစ်နေပါပေါ့လား....(မှန်ပါဘုရား)။

ဘာဒိဋ္ဌိဖြစ်နေသတုံး....(သဿတဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား) ဒါ ဖေါ်ပြောတဲ့ပုဂ္ဂိုလ် တဦးတယောက်က ဦးမာဒင်....သေသေချာချာ ရှင်းပေလို့နော်....(မှန်ပါ) မရှင်းယင် ဒီအယူနဲ့လူလားမြောက်ပြီး ဒီအယူ ယူပြီး သေတော့မယ်— ( မှန်ပါ ) နတ်ရွာသုဂတိတော့ ရောက်သွားတာဘဲ....( မှန်ပါ ) ပြီးတော့ ဒိဋ္ဌိက အပါယ်ဆွဲချလိုက်တယ်... (မှန်ပါ) ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒါ့ကြောင့် ခင်ဗျားတို့ ပြောရတယ်၊ဟာ... ဖြုန်းကနဲများ အလှူအတန်းမလုပ်လိုက်ပါနဲ့၊ သက္ကာယဒိဋ္ဌိဖြုတ်ပါဦး၊ သစ္စာမြင်အောင်လုပ်ပါဦး၊ အဲဒါ မြင်ပြီးတော့မှ လုပ်လို့ရှိယင်ဖြင့် ဪ-ဒီဒုက္ခဝဋ်မှကျွတ်ချင်လို့လုပ်ပါတယ်ဆိုတော့ ကမ္မဿကတ မဟုတ်တော့ဘူး... (မှန်ပါ) သစ္စာနုလောမိကဉာဏ်နဲ့ လုပ်လိုက်တယ်....(မှန်ပါ) အဲဒီကျတော့ဖြင့် နိဗ္ဗာန်ရောက် အကျိုးပေးချလိုက်တယ်—(မှန်ပါ)ရှင်းပလား—(ရှင်းပါပြီဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အခု မူလပဏ္ဏာသပါဠိတော် တံငါသည်ရဲ့သား သာတိရဟန်း၏အယူဟာ ဝိညာဏ်ကလေးဟာ လူသေယင် ထွက်သွားတယ် .... (မှန်ပါ)

ရောက်ရာဘဝမှာ ဒီဘဝကလုပ်ထားတဲ့ ကုသိုလ်- အကုသိုလ် ကောင်းကျိုး- မကောင်းကျိုးတွေကို သူက စကားလဲပြောတယ်၊ ခံလဲခံစားတယ်ဆိုတော့ ဝိညာဏ်ဟာ သံသရာပတ်တယ်အဓိပ္ပါယ် ယူတယ်....(မှန်ပါ) ဟိုခန္ဓာ ဒီခန္ဓာ ပြောင်းတယ်လို့ကော .... (ယူပါတယ်ဘုရား)။

ခင်ဗျားတို့ ယောင်ဝါးဝါး မလုပ်နဲ့၊တချို့ အံမာလေး.... လှဝင်စားကလေးနဲ့များ ဒိဋ္ဌိဖြစ်နေတာ တပုံကြီးရှိသေးတယ်.... (မှန်ပါ) တော်တော်ရှိတယ်၊ အမာရွတ်ကလေးပါလာသလို ... (မှန်ပါ)အင်း...သူ့အဝတ်ကလေး ထုတ်ပြယင် သိသလိုလို .... (မှန်ပါ) အတော်ရှုပ်တယ် ခင်ဗျားတို့က သဿတဒိဋ္ဌိက .... (မှန်ပါ) အတော်ရှုပ်တယ်၊ အတော်ရှုပ်တယ်... (မှန်ပါ)။

ဇာဲ ... ဒါဖြင့် ဒီသဿတဒိဋ္ဌိရှိနေသ၍ ကာလပတ်လုံးလဲ ဘာလုပ်တဲ့ကုသိုလ်ဖြစ်ဖြစ်, နတ်ရွာသုဂတိရောက်တဲ့ ကုသိုလ်သာ ဖြစ်ပါ၏၊ နိဗ္ဗာန်ရောက်နိုင်တဲ့ ကုသိုလ်မဖြစ်နိုင်(မှန်ပါ)ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီအယူကို မင်းယူ သလားဆိုတော့ တပည့်တော်အယူ ဒီအတိုင်းပါဘဲဘုရား....တဲ့။

ကွာ....တဲ့ မင်းဟာဒီ ကိလေသာအန္တရယ်ဆိုတဲ့ ဒိဋ္ဌိကလေး အန္တရာယ်ကြောင့် မင်းသည် ဒီအယူမစွန့်သ၍ ကာလပတ်လုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ ဥစ္စာဖြင့် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ သာတိလို မင်းကိုယ်မင်း မှတ်လိုက်တော့တဲ့(မှန်ပါ) တခါတည်း အမိန့်ချလိုက်တယ်....(မှန်ပါဘုရား)။

ကဲ... သဿတဒိဋ္ဌိ ဘယ်လောက် ကြောက်စရာကောင်းသတုံး (ကောင်းပါတယ်ဘုရား)သာမညကလေးပြော သာမညကလေး ဆိုဖြနေတော့ ဟုတ်တယ်လို့ ထင်နေကြတာပေါ့လေ....(မှန်ပါ့) တကယ်တမ်းကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အမိန့်တော်မြတ် မှတ်တာကတော့ဖြင့် မင်း-ငါဘုရားကဲ့သို့မဟုတ်ဘူး၊ မင့်အယူနဲ့မင်း သဿတဒိဋ္ဌိယူနေတဲ့အတွက်ကိုလေသာအန္တရာယ် တည်းဟူသော မီးဖွားကလေးကြောင့် မင်းသည် မဂ်ဖိုလ်တော့ဖြင့် မရဘူးလို့ဆိုဘော့ တခါတည်း မှိုင်ကျသွားတာဘဲ .... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘုရားပြောတာကတော့ မြင်ပြီးပြောတာ .... (မှန်ပါ့) သဿတဒိဋ္ဌိမစွန့်လို့ မှိုင်ကျသွားတာ....(မှန်ပါ့) မရတော့ဘူးလို့ ပြောလိုက်တယ် မဂ်ဖိုလ်ကို....(မှန်ပါ့)အဲ-ဦးသန်းမောင်တို့ ဘယ်လောက်ကြောက်စရာ ကောင်းသလဲ (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါကြောင့် သူ့ကို အရင်ရှင်းမှ ဒိဋ္ဌိကို အရင်ရှင်း၊ ရှင်းပြီးမှ တရားအားထုတ်ပါ ... ( မှန်ပါ့ ) မရှင်းဘဲနဲ့ အားထုတ်ယင် မောဘာဘဲ၊ သာမည ကုသိုလ်နဲ့ အချိန်ကုန်သွားမှာစိုးလို့ ပြောနေတာ....(မှန်ပါ့ဘုရား)သဘောပေါက်ကြပလား....(ပေါ်-ပေါ်ပြီဘုရား)။

ကဲ....ဒါဖြင့် ရှေ့နောက်ကို ခွဲတတ်ကြပလား....(ခွဲတတ်ပါပြီဘုရား)ခွဲတတ်ပြီ၊ ရှေ့နောက်ခွဲတတ်ပြီ တကာကြွယ်.... (မှန်ပါ့ဘုရား)။

ဒါနဲ့ဒီသာတိကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမိန့်မြတ် မှတ်လိုက်တာ ဘယ်ဒိဋ္ဌိအတွက်ပါလိမ့် .... (သဿတဒိဋ္ဌိအတွက် ပါဘုရား) ဘကာသစ်သိပ်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် သာတိနဲ့ အတူတကွ တရားနာနေတဲ့ ရဟန်းတွေကို ဘုရားက လှမ်းမေးလိုက်တယ်၊ မင်းတို့ကော ဝိညာဏ်ကို တယောက်သော ပုဂ္ဂိုလ်သေလို့ရှိယင် ဒီဝိညာဏ်က ထွက်သွား ပြီးသကာလ ဟိုဘဝမှာ ကောင်းတာခံစားနေတယ်လို့ မင်းတို့ ကော ဒီအယူကို ယူသလားတဲ့ ...(မှန်ပါဘုရား)နောက်ကရဟန်း တွေကို မေးတယ်... (မှန်ပါဘုရား)။

နောက်က ရဟန်းတွေကိုမေးတော့ တပည့်တော်များက မယူ ပါဘူးဘုရားတဲ့-(မှန်ပါ)ဘယ်နှယ်ကြောင့် မယူသတုံးဆိုတော့ "စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ" ပြောဘ်... ရူပါရုံနဲ့ စက္ခုနဲ့ ပေါင်းမိတဲ့အခါမှာ မြင်တဲ့ဝိညာဏ်ပေါ်တယ်·(မှန်ပါ) မပေါင်းမိယင် ချုပ်တာဘဲ(မှန်ပါဘုရား)ဝိညာဏ်ဟာ မျက်လုံး ထဲပေါ်ယင် မျက်လုံးထဲချုပ်ပါဘယ်ဘုရား၊တပည့်တော်တို့ ဒီလို ယူပါတယ်.... (မှန်ပါဘုရား)။

ထို့အတူ မနောဝိညာဏ်ဟာလဲ "မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏ" ဆိုတော့ အကြောင်းညီညွတ်တုန်း မနော ဝိညာဏ်ဖြစ်ပါတယ်....(မှန်ပါ)ဒီနဂိုရ်အကြောင်း မတိုက်ဆိုင်တဲ့ အခါ ချုပ်ပါတယ်တဲ့—(မှန်ပါဘုရား)။

အေး... ငါလဲဒီလိုဟောတယ်၊ မင်းတို့လဲဒီလိုမှတ်— (မှန်ပါ) ဝိညာဏ်ဟာ ဖြစ်ပျက်လို့မှတ်...(မှန်ပါ)ရှင်းပသား (ရှင်းပါပြီ ဘုရား)။

ဘယ်မှမရွေ့နိုင်၊ ပြောင်းမဖြစ်နိုင်၊ ဝိညာဏ်ဟာ ဖြစ်ပြီး ပျက်တဲ့ အနိစ္စတရားလို့ ငါလဲ ဒီလိုဟောတယ်၊ မင်းတို့လဲ ဒီအတိုင်းယူတဲ့ — ( မှန်ပါ့ )ဘုရားကိုက ဝေဘန်ပြောနေပြီ ... (မှန်ပါ့)ဦးမာဒင်တို့ ရိပ်မိပြီ... (ရိပ်မိပါပြီဘုရား)။

ငါလဲ ဒီလိုဟောတယ်တဲ့၊ မင်းတို့လဲဒီလိုယူတဲ့ .... (မှန်ပါ့) သာတိဖြစ်သွားမယ်တဲ့... (မှန်ပါ့ဘုရား)။

အဲဒီမှာ သာတိကတခါတည်း မှိုင်ပြီးသကာလ ငါတော့ဖြင့် ဒီဘဝ မဂ်ဖိုလ်မရတော့ဘူး၊ ဘယ်နည်းမှ မရတော့ဘူးဆိုပြီး ဘုရားက နှစ်ခွန်းမှမပြောဘဲ .... (မှန်ပါ့) တခွန်းနဲ့အမှန်ပြော လိုက်တာဘဲ... (မှန်ပါ့)အဲဒီတွင် တခါတည်း မှိုင်ကျသွားတာဘဲ (မှန်ပါ့)ဒါ ဘယ်ဒိဋ္ဌိကြောင့် တကာသစ်... မှိုင်ကျသွားတာတုံး- (သဿတဒိဋ္ဌိကြောင့်ပါ) သဿတဒိဋ္ဌိမစွန့်လိုက်ဘူး.... (မှန်ပါ့) စွန့်လိုက်ယင်ပြီးတာပါဘဲ....(မှန်ပါ့ဘုရား)။

စွန့်လိုက်ယင် ပြီးတာဘဲ၊ ခင်ဗျားတို့လဲ ငယ်ငယ်တုန်းက သဿတဒိဋ္ဌိ ရှိချင်ရှိမယ်၊ ဘုန်းကြီးနဲ့တွေ့လို့သာ ဒီအထဲမပါ တာ....(မပါ-ပါဘုရား) မပါပါဘူးတဲ့၊ အသက်ထွက်တယ်တော့ လူတိုင်းပြောနေတာဘဲ....(ပြောနေပါတယ်ဘုရား) ဒီအသက် ကလေးဟာက အိမ်နားမျှား ခုနစ်ပတ်တောင် လှည့်နေသေး သတဲ့... (မှန်ပါ့ဘုရား)။

ဝိညာဏ်ကလေး လှည့်နေသတဲ့၊ နောက်ခုနစ်ရက် ဇေ့မှ တွယ်တာရာရသတဲ့....(မှန်ပါ့) အံမာလေး .... ကြောက်စရာကြီး ပါလား... (မှန်ပါ့) ဘာဒိဋ္ဌိတုံး... (သဿတဒိဋ္ဌိပါဘုရား)။

ကဲ... တခါ စွန့်လိုက်ပါတော့.. (မှန်ပါ့) ဟဒယထဲမှာ ရှိတဲ့ ဝိညာဏ်ကလေးဟာ ဓမ္မာရုံနဲ့ ဘဝင်အကြည်နဲ့ တိုက်ပြီး ဖြစ်ပါ

တယ်။ ခမ္မာရုံချုပ်သွားတော့ ဘဝင်အကြည်ပေါ်မှာ သူလဲ ချုပ်ရပါတယ်ဆိုတော့ တကာတကာမတို့ ရိပ်မိပါပြီ....(ရိပ်မိပါပြီဘုရား)။

သူ့နေရာမှာ ပေါ်၊ သူ့နေရာမှာ ချုပ်....(မှန်ပါ) မျက်လုံးဝိညာဏ်ဟာ မျက်လုံးထဲမှာ ပေါ်ယင်...(မျက်လုံးထဲမှာ ချုပ်ရပါတယ်ဘုရား) နားဝိညာဏ် နားထဲမှာ ပေါ်ယင်...(နားထဲမှာ ချုပ်ရပါတယ်ဘုရား) နားထဲမှာပေါ်ယင် နားထဲမှာ ချုပ်၊ 'အဒဿနတော အာယန္တိ'....တဲ့....(မှန်ပါ) မမြင်ရာ အရပ်က နေပြီး ဖျတ်ကနဲ ပေါ်တာဘဲတဲ့....(မှန်ပါ)ချုပ်သွားတဲ့အခါ မမြင်ရာ အရပ်ဘဲ ချုပ်သွားတာဘဲ....(မှန်ပါ)။

ဒါဖြင့် ဒီနေရာမှာ မမြင်ရာ အရပ်က ဖျတ်ကနဲ ပေါ်လာတယ်...(မှန်ပါ) ဖျတ်ကနဲ ချုပ်သွားတယ်....(မှန်ပါ) ဒီလိုသာ ယူရမယ်တဲ့....၊ ဒါမှသာလျှင်"သဗ္ဗေသင်္ခါရာ အနိစ္စာ"နဲ့ကိုက်မှာကိုး (မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

သဗ္ဗေသင်္ခါရာ.... (အနိစ္စပါဘုရား)ဩော်.... "သဗ္ဗေသင်္ခါရာ အနိစ္စာ"ဆိုတော့ ဘယ်တရားမဆိုမင်းတို့သန္တာန်မှာပဋိစ္စသမုပ္ပါဒ်အစွမ်းကြောင့် ပေါ်လာတဲ့ အကျိုးဟူသရွေ့ အနိစ္စချည့်ဘဲဟေ့ (မှန်ပါ)အနိစ္စချည့်ဘဲဟေ့-လို့ တကာသစ် ရှင်းရှင်းဘဲ ဘုရားဟောတယ်....(မှန်ပါ)။

အဲဒီတွင်မှ ရဟန်းတွေ... မင်းတို့က ဒီလိုအယူ- ယူကြသလားကွ....၊ မယူပါဘူးဘုရား....တဲ့၊ ဝိညာဏ်ဆိုတာ မျက်လုံးဝိညာဏ်သည် နားထဲမှာတောင် ပြောင်းပြီး မဖြစ်ပါဘူးတဲ့....( မှန်ပါဘုရား )။

မျက်လုံးဝိညာဏ် မျက်လုံးထဲမှာ ချုပ်ပါတယ်....( မှန်ပါ ) ကိုယ်ပေါ်မှာရှိတဲ့ဝိညာဏ်သည် ဝမ်းထဲမှာ မဖြစ်ပါဘူး-(မှန်ပါ) ကိုယ်ပေါ်မှာဘဲပေါ်ပြီး ကိုယ်ပေါ်မှာ ချုပ်ပါတယ်--(မှန်ပါ) မယုံယင် ခင်ဗျားတို့ လက်ဖမိုးကို - တဖက်လက်ဖမိုးကို တဖက် လက်သည်းကလေးနဲ့ ခြစ်ကြည့်၊ ကာယဝိညာဏ်ပေါ်စေ့မယ်.... (မှန်ပါ)ဒီနေရာတွင် ချုပ်စေ့မယ်....(မှန်ပါ)မယုံယင် ခြစ်ကြည့် ပါ ခင်ဗျားတို့....(မှန်ပါ)။

ကိုယ့်ခန္ဓာ ကိုယ်ဆိတ်ကြည့်တော့ ကာယဝိညာဏ်ဏ နာတဲ့ စိတ်ဆိုတော့ "ဒုက္ခသဟဂတံ ကာယဝိညာဏံ"ဆိုတဲ့ ဝိညာဏ် ကလေး မပေါ်ဘူးလား...(ပေါ်ပါတယ်)ဘယ်နေရာ ရွှေ့ကြ သေးသလဲ...( မရွှေ့ပါဘုရား )သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီဝိညာဏ် ပြောင်းသေးသလား...( မပြောင်းပါ ) မပြောင်းဘူးဆိုတာ ခင်ဗျားတို့ ကိုယ်တိုင်ဘဲ ရှင်းရှင်းလင်းသင်း ဉာဏ်ထဲမှာ ရှိကြပါစေ....(မှန်ပါ) သဘောပါပလား....(ပါ·ပါ ပြီဘုရား)။

အဲဒီကဲ့သို့ ဝိညာဏ်သည် ဘယ်မှ မပြောင်း·မရွှေ့ဘူး၊ ဒီနေ ရာဖြစ်၊ ဒီနေရာပျက်....(မှန်ပါ) အကြောင်းတိုက်ဆိုင်လို့ ပေါ် လာလိုက်၊ အကြောင်းချုပ်သွားလို့ ချုပ်တယ်- (မှန်ပါ)။

အကြောင်းတိုက်ဆိုင်လို့ — ( ပေါ်လာပါတယ်ဘုရား ) အကြောင်းတခု ချုပ်သွားလို့....(ချုပ်သွားပါတယ်) ဒီလိုဆိုမှ သာလျှင် ဖြစ်ပျက်အနိစ္စနဲ့ သွားတွေ့တယ်...( မှန်ပါ ) ဒါမှ

'နိစ္စာ ဝတ သင်္ခါရာ' နဲ့ သွားကိုက်တယ်....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

သင်္ခါရာ=ယခုမှ ပေါ်လာတဲ့ ဝိညာဏ်သည်၊ဝတကေန္တေန= စင်စစ်အားဖြင့်၊ အနိစ္စာ=ဖြစ်ပြီး မရှိမှုဘဲကွ တဲ့.... (မှန်ပါ) သဘောပါကြပလား....(ပါပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဩော်....ဒီနေရာပေါ်-ဒီနေရာပျက်၊ ဒီနေရာပေါ် - ဒီနေရာပျက်လို့ ဉာဏ်က လိုက်ရှုနေ....(မှန်လှပါဘုရား)။

ဉာဏ်က လိုက်ရှုတော့ တကာတကာမတို့ ဝိညာဏ်ကလေးဟာ ဒီနေရာမှာပေါ်တယ်၊ မျက်လုံးထဲပေါ် မျက်လုံးထဲ ပျက်တယ်၊ကိုယ်ပေါ်မှာပေါ် ကိုယ်ပေါ်ပျက်တယ်၊ဟာဒယဝတ္ထုပေါ်မှာ ပေါ်ယင်....( ဟာဒယဝတ္ထုပေါ်မှာ ပျက်ပါတယ်ဘုရား ) ဟဒယဝတ္ထုပေါ်မှာဘဲ ပျက်တယ်လို့ ကျုပ်တို့ တကာတကာမတွေ တခါတည်း ဉာဏ်နဲ့ လိုက်ပေး....(မှန်ပါ)။

ဉာဏ်က-လိုက်တော့ ဝိညာဏံ အနိစ္စံ....(မှန်ပါ)သဘောကျပလား..(ကျပါပြီဘုရား) ဝိညာဏံ=ဝိညာဏ်သည်၊ အနိစ္စံ= အနိစ္စဘဲဆိုတော့ ဉာဏ်ကလေးက မမြင်ရဘူးလား....(မြင်ရပါတယ်ဘုရား)။

မြင်လိုက်တဲ့အခါကျတော့ကိုတဲ့··တကာတကာမတို့ ဝိညာဏ်က အနိစ္စ၊ မြင်တာက မဂ္ဂ (မှန်ပါ)။

အဲဒီတော့ တကာတကာမတွေ စဉ်းစားကြည့် သူ အနိစ္စမြန်မြန်ရောက်တာဘဲ..( မှန်ပါ ) ငါမြင်တယ်ဆိုတဲ့ ဒိဋ္ဌိကနောက်က·နေပြီးသကာလ ဒိဋ္ဌိသေသွားတယ်....(မှန်ပါဘုရား)။

အနိစ္စလို့လဲ ဝိပဿနာမဂ်ဉာဏ်နဲ့ မြင်လိုက်ပါရော ရှေးကလို ငါမြင်တယ်ဆိုတာကလေးဟာ လာသေးရဲ့လား....(မလာပါ) ငါဆိုတဲ့ ဒိဋ္ဌိမှ မလာဘဲနဲ့ စွဲစွဲလမ်းလမ်း ဒိဋ္ဌုပါဒါန် လာပါဦး မလား... (မလာပါ) ဒိဋ္ဌုပါဒါန်မှ မလာဘဲနဲ့ 'ဥပါဒါနပစ္စယာ ကမ္မဘဝေါ'ဆိုတဲ့ ကံကော...(မလာပါ)အပါယ်သက်ရှည်တဲ့– ကံ လာပါဦးမလား-(မလာပါ) ကံမှ မလာဘဲနဲ့ ကမ္မဘဝပစ္စယာ ဇာတိ....(မလာပါ)လာနိုင်ပါ့မလား....(မလာနိုင်ပါဘုရား)။

မလာနိုင်ဘူးဆိုတာ သိတော့မှ ဩော်....ဒါကလေးလဲ ဒီနေရာပေါ်၍ ဧနေရာပျောက်တာ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ သိလိုက်ပါရော ဒိဋ္ဌိက သေပြီ....(မှန်ပါ)သေတော့ ဒိဋ္ဌိက ပဋိစ္စသမုပ္ပါဒ် ဆက်ပေးနိုင်သေးရဲ့လား....(မပေးနိုင်ပါဘုရား)ဒိဋ္ဌိ၊ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော လာနိုင်သေးရဲ့လား .... (မလာနိုင်ပါဘုရား)။

အင်း.. ဒါဖြင့် တကာသစ်က စဉ်းစားပါ ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ် ဘာဖြစ်သွားသလဲ....(ပြတ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ်အကြောင်း ပြတ်သွားသောကြောင့် အကျိုးအပါယ်လေးပါးဆိုတဲ့ ခန္ဓာတွေလာဦးမလား-(မလာပါဘုရား) အင်း....ဒါကြောင့် အပါယ်လေးပါး တံခါးပိတ်တာ ( မှန်ပါ့ )ဖြစ်ပျက်မြင်တဲ့ဉစ္စာ ဒိဋ္ဌိသတ်လိုက်တယ်....(မှန်ပါ့)။

ဒိဋ္ဌိသတ်လိုက်တော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေ, ဘာတွေ ဘာမှ မလာဘဲနဲ့ တခါတည်း အပါယ်ပဋိစ္စသမုပ္ပါဒ် ဦးမာဒင်....(ပြတ်သွားပါတယ်ဘုရား)။

အဲဒါ… ဘယ့်နှယ်ကြောင့် ပြတ်ပါလိမ့်မလဲလို့ အကဲခတ်ကြည့်တော့မှ တကာတကာမတွေ သြော်....ဒီနေရာဖြစ်ပြီး ဒီနေရာပျက်တဲ့ ဓမ္မအစစ် ဘယ်မှ မပြောင်းရွှေ့ဘူး....(မှန်ပါ့)ဆိုတော့ ခိုင်တယ်·မြဲတယ်ထင်တဲ့ သဿတဒိဋ္ဌိကော… (လွတ်သွားပါပြီဘုရား) သဘောကျပြီ....(ကျသွားပါပြီဘုရား)။

ပြောင်းရွှေ့တယ်လို့ယူတဲ့ သဿတဒိဋ္ဌိလဲ မရှိပါဘူး…. (မရှိပါဘုရား) ခိုင်တယ်·မြဲတယ်ယူတဲ့ သဿတဒိဋ္ဌိကော.... (မရှိပါဘုရား)။

ငါမဟုတ်ဘူးဆိုတာလဲ ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ပေါ်လာတယ်၊ ဒီနေရာမှာ ပျက်သွားတာကို မြင်လိုက်သဖြင့်လဲ ဒါကလေးဟာ ငါ·လို့ ဆိုလို့ရသေးရဲ့လား.... (မရပါဘုရား) တခါတည်း တကာတကာမတို့ ဒိဋ္ဌိသုံးမျိုး ပြုတ်သွားတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် အဲဒီ့သုံးမျိုး ဒီနေရာမှာဖြစ်တာ ဒီနေရာမှာပျက်တာ ဉာဏ်ကလေးနဲ့ တည့်ပြီးသကာလ ရှုမြင်လို့ရတော့ ဒိဋ္ဌိသုံးမျိုးကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာတဲ့ တကာတကာမတို့အကုန်ချုပ်သွားဘယ်....(မှန်ပါ့)။

ကိုင်း....ရှင်းကြပလား တကာတကာမဘို့· (ရှင်းပါပြီဘုရား) ဒိဋ္ဌိဘယ်နှစ်မျိုး ပြုတ်ထွက်သွားသလဲ.... (သုံးမျိုးပြုတ်ထွက်သွားပါတယ်ဘုရား)။

ဖြစ်ပျက်တချက်တည်း မြင်လိုက်တာနဲ့ ခိုင်တယ်- မြဲဘယ်ဆိုတဲ့ သဿတလဲပြုတ်ဘယ်...(ပြုတ်ပါတယ်ဘုရား) ဒီနေရာမှာ

ဖြစ်ပြီး ဒီနေရာမှာ ပျက်တော့ ဘယ်မှ မသွားနိုင်ဘူး ဆိုတာ သိသဖြင့်လဲ သဿတဒိဋ္ဌိ ပြုတ်ပါတယ်.... ( မှန်ပါ့ ) ငါကော ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) ငါမဟုတ်ဘူးလို့ သိသဖြင့်လဲ သက္ကာယဒိဋ္ဌိက....(ပြုတ်ပါတယ်ဘုရား)။

ဒီဝိညာဏ် ဘယ်မှ မပြောင်းနိုင်ဘူးဆိုသဖြင့်လဲ သဿတဒိဋ္ဌိ ပြုတ်ပါတယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာဘဲ....၊ ရုပ်ရုံနဲ့ စက္ခု ပသာဒ နှစ်ခုပေါင်းပြီး ပြုပြင်လိုက်တာဘဲ.... လို့ သိသဖြင့်လဲ ဥစ္ဆေဒဒိဋ္ဌိမရှိပါဘူး....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ ရှုတိုင်း ရှုတိုင်း ဒီနေရာမှာ ဖြစ်ပြီး ဒီနေရာမှာ ပျက်တယ်လို့ ဉာဏ်ကလေးရတာ အပါယ်လေးပါး တံခါးပိတ်တယ် (မှန်ပါ့)။

ဉာဏ်ကလေးရတာ.. (အပါယ်လေးပါးတံခါးပိတ်ပါတယ် ဘုရား) မြင်ယင် ဘာဖြစ်ကြသလဲ.... (အပါယ်လေးပါး တံခါး ပိတ်ပါတယ်ဘုရား)။

ဟာ.... ဘာဖြစ်လို့ အပါယ်လေးပါးတံခါးဟာ ကျုပ်တို့ အတွက် ပိတ်ရပါလိမ့်မတုံးဆိုတော့ အပါယ်ပို့မည့်တရား မဖြစ် လို့... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အပါယ်သွားမည့်တရားက ဘယ်သူပါလိမ့် (ဒိဋ္ဌိသုံးပါးပါ ဘုရား) ဒိဋ္ဌိသုံးပ း.. (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါကလေးဟာ ဖြစ်ပျက်မြင်တဲ့ တကာတကာမတွေမှာ ဒါကလေးက လာသေးရဲ့လား.... (မလာပါဘုရား) စိတ်ထဲမှာကို လာသေးရဲ့လား... (မလာပါဘုရား) ဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့် ဆိုတဲ့ ဝိစိကိစ္ဆာကော လာသေးရဲ့လား....(မလာပါဘုရား) မခိုင်မမြဲဘူးဆိုတာလဲ ကေန်သိပြီးသကာလနေတော့ ငါ... လို့ကော ဆိုစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာသေတော့ ခုနင်က "သဟာ၀ဿ ဒဿန သမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘ၀န္တိ"....(မှန်ပါ)တကာ တကာတကာမတွေ ဒီလို အမြင်မှန်ရလို့ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတွေ စင်လာတယ်....(မှန်ပါ)။

ဒါ့ကြောင့် "စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော".... (မှန်ပါ) ဪ....မင်းတို့ အပါယ်လေးပါးမှ လွတ်တာ သူမလာဘာဟော့ (မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အပါယ်လေးပါးမှမလွတ်တာ ဘာပါလိမ့်... (ဒိဋ္ဌိသုံးပါးလာတာပါဘုရား) ဒိဋ္ဌိသုံးပါးလာတာ (မှန်ပါ)။

ကိုင်း ဒါဖြင့် ဪ.. အပါယ်တံခါးပိတ်တာဖြင့် သူဘာ- (မှန်ပါ) အပါယ်တံခါးပိတ်တာဖြင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်- (မှန်ပါ) အပါယ်လေးပါး တံခါးဖွင့်တာက ဒိဋ္ဌိ ( မှန်ပါ ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အပါယ်လေးပါးတံခါးဖွင့်တာ... (ဒိဋ္ဌိပါဘုရား) တံခါးပိတ်တာက.. ( ဝိပဿနာဉာဏ်ပါဘုရား )ဝိပဿနာဉာဏ်နဲ့မဂ်ဉာဏ် (မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

တံခါးဖွင့်ပေးတာက.... ( ဒိဋ္ဌိပါဘုရား ) ဒိဋ္ဌိဘယ်နှစ်မျိုး ပါလိမ့် - (သုံးမျိုးပါဘုရား) ဒိဋ္ဌိသုံးမျိုးဆိုတာ သေချာကြပြီ- (သေချာပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်လို့ရှိယင်ဖြင့် နိဗ္ဗာန်မြင်တဲ့ဉာဏ်က အပါယ်လေးပါး တံခါးပိတ်တယ်....(မှန်ပါ) အပါယ်လေးပါး တံခါးပွင့်အောင်လုပ်နေတာကဒိဋ္ဌိ .. (မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဝိပဿနာဉာဏ် မဂ်ဉာဏ် မှဘဲ ဒိဋ္ဌိကို နိုင်တယ်....(မှန်ပါ)။

ဒါ့ကြောင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ရလို့ရှိယင် တကာ တကာမတို့ အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတဲ့ဥစ္စာ သေချာသွားပြီ....(သေချာသွားပါပြီဘုရား) မသေချာသေးဘူးလား (သေချာပါပြီဘုရား)။

ဒီ့ပြင်ဟာကတော့ဖြင့် ခဏဘဲပိတ်မယ် အသေမပိတ်ဘူး.... (မှန်ပါ) သူကတော့ဖြင့် တခါတည်း ဒုက္ခဆုံးရာကိုသာ ဦးမော့ ခင် မြင်မိယင် သေသေချာချာ ပိတ်ပါတယ်.... (မှန်ပါ) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဟာ... ဒုက္ခကိုမြင်နေသေးတယ်ဘုရားဆိုယင် တဘဝ နှစ်ဘဝ ပိတ်တယ်....(မှန်ပါ) ဒုက္ခအဆုံးဖြစ်တဲ့နိဗ္ဗာန်ကို မြင်ပါပြီဆိုယင် ဖြင့် ဘယ်အခါမဆို အကုန်ပိတ်ပြီးသားမှတ်....(မှန်ပါ)။

ဒုက္ခမြင်နေယင်.... ( တဘဝ-နှစ်ဘဝ ပိတ်ပါတယ်ဘုရား ) သဘောကျပလား....(ကျပါပြီဘုရား)။

ဟာ....ဒါဖြင့် ဒုက္ခကို ကြည့်လိုက်တယ်ဘုရား၊ ဖြစ်ပျက် ဒုက္ခသစ္စာကို ခန္ဓာထဲမမြင်တော့ပါဘူးလို့ ဆိုလို့ရှိယင် လုံးလုံးပိတ်တာဘဲမှတ်(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သောတာပန်တည်ချင်ယင် တခြားဘာမှလုပ်ဘို့မလိုဘူး၊ဒိဋ္ဌိသတ်ဘို့ဘဲ လိုတယ်....(မှန်ပါ့)။

သောတာပန်တည်ချင်ယင်... (ဒိဋ္ဌိသတ်ဘို့ဘဲ လိုပါတယ်) ဒိဋ္ဌိသတ်ချင်လို့ရှိယင် ဘာနားလည်ရမလဲ.... (ပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ်၊ သစ္စာနားလည်ရပါမယ်)အဲ· ခန္ဓပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာ နားလည်ရမယ်....(မှန်ပါ့ဘုရား)။

ခန္ဓပဋိစ္စသမုပ္ပါဒ်နဲ့ .... (သစ္စာ နားလည်ရပါမယ်) အဲဒါနားလည်ယင် ဒိဋ္ဌိသေတာဘဲ... (မှန်ပါ့) ဦးလှဘူး.... ရိပ်မိပြီ.... (ရိပ်မိပါပြီဘုရား)။

တော်တော်အရေးကြီးတဲ့ အချက်အလက်တွေကို ဝတ္ထုသက်သေ သာဓက သာတိဝတ္ထု နောက်ခံထားပြီးသကာလ ဒါတွေရှင်းပေးနေတယ်ဆိုတာ ဦးမာဒင်....ကောင်းကောင်းရိပ်မိပြီ.... (ရိပ်မိပါပြီဘုရား)သဘောပါပြီနော်... (ပါ·ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် သာတိ မင်း ဒီအယူကို ငါ့သဲ မဟောဘဲနဲ့ မင်းဟာမင်း ယူတဲ့အယူဖြစ်ပြီး သဿတဒိဋ္ဌိအယူ ဖြစ်သောကြောင့် မင်းသည်ကားလို့ဆိုယင် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီ၊ မင်း မဂ်ဖိုလ် မရတော့ဘူးတဲ့....(မှန်ပါ့)။

အခုပြောတဲ့ ရဟန်းတွေလဲ မင်းတို့လဲ သာတိအယူကို ယူသလား....၊ မျက်လုံးဝိညာဏ်ဟာ မျက်လုံးထဲမှာပေါ် မျက်လုံးထဲမှာ ပျက်ရတယ်....(မှန်ပါ့)။

နားဝိညာဏ်ဟာ နားထဲမှာပေါ် နားထဲမှာ ပျက်ရတယ်....(မှန်ပါ့)မင်းတို့ ဒီလိုမျိုး ယူသလားဆိုတော့ တပည့်တော်များတော့ သာတိယူသလို မယူပါဘူး၊ ဝိညာဏ်ဆိုတဲ့ ခြောက်မျိုးရှိသည့်အနက်က မျက်လုံးဝိညာဏ်က နားထဲမှာတောင် လာပြီးမဖြစ်ပါဘူး၊ မပျက်ပါဘူး....(မှန်ပါ့) ဒီနေရာဖြစ်ပြီး ဒီနေရာပျက်ပါတယ်ဆိုတော့ ငါလဲ ဒီလိုဟောတယ်၊ မင်းတို့လဲ ဒီလိုယူကြတဲ့....(မှန်ပါ့)။

ငါလဲ ဒီလိုဟောတယ်၊ မင်းတို့လဲ ဒီလိုယူကြ၊ ဒီလိုမယူဘဲနဲ့တဝိညာဏ်က တဝိညာဏ်ပြောင်းတယ်လို့ ယူလိုက်လို့ရှိယင်ဖြင့်မင်းတို့သည်ကားလို့....ဆိုယင်ဖြင့် သဿတဒိဋ္ဌိ ဖြစ်လေသောကြောင့် ငါ့တရား မကယ်နိုင်ဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ့ တော်တော်အရေးကြီးတာဖြင့် ဘာမှ သံသယရှိဘို့ မလိုဘူး၊ ဒိဋ္ဌိဖြင့် သတ်ဖြစ်အောင်သတ်ပါ. (မှန်ပါ့)။

ဒိဋ္ဌိဖြင့်....(သတ်ဖြစ်အောင် သတ်ပါ)ကဲ... ဘယ့်နှယ်သတ်ကြမလဲ... (ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာနားလည်ရပါမယ်) အေး....ပဋိစ္စသမုပ္ပါဒ်နားလည်မှ သတ်လို့ဖြစ်တယ်... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် နားလည်တော့ ဒုက္ခက္ခန္ဓသဆိုတာကြီးဟာပျောက်ဆုံးလို့ မရဘူး....(မှန်ပါ့) အဲဒါ မင်းတို့ ပဋိစ္စသမုပ္ပါဒ်တခုလုံးဟာ ဒုက္ခသစ္စာပော့ဆိုတော့ ဩော်... ပဋိစ္စသမုပ္ပါဒ်ကရှေ့ပိုင်းက ဆက်လာတာတွေက အကြောင်း အကျိုး·(မှန်ပါ့)

နောက်ဆုံးပိတ်ကျတော့ ဒီအကြောင်းရော ဒီအကျိုးရော ဒုက္ခသစ္စာကြီးဘဲဟေ့....(မှန်ပါ့) မဟောဘူးလား—(ဟောပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ဒီသစ္စာ နားလည်မှ ကိုစ္စပြီးနိုင်တယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့ ဦးချစ်ဆွေ့စမ္မာရုံ၌

ဟောကြားတော်မူသော

ပညတ်နှင့် ပရမတ်ကွဲမှ နိဗ္ဗာန်သဘောကျပုံ ယမကဝတ္ထု

# ညအလုပ်ပေး တရားတော်

( ၁၇ - ၁၀ - ၆၁ )

တကာတကာမတွေ ဒုက္ခခပ်သိမ်း ငြိမ်းတာ ဘာခေါ်ကြမယ်....( နိဗ္ဗာန်ခေါ်ပါတယ်ဘုရား ) နိဗ္ဗာန်ခေါ်တယ်နော်....၊ ခန္ဓာငါးပါး ကိလေသာတွေ သိမ်းရာကော....(နိဗ္ဗာန်ပါဘဲဘုရား) နိဗ္ဗာန်ဘဲဆိုတာ သိနေပြီ....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်၊ ခန္ဓာငါးပါး ကိလေသာတို့၏ သိမ်းရာ,ငြိမ်းရာလဲ နိဗ္ဗာန်ဘဲဆိုတော့ ခန္ဓာဥပဓိတို့၏ မရှိရာလဲ နိဗ္ဗာန်ဘဲလို့ မှတ်ထားပါ....(မှန်ပါ့)ခန္ဓာငါးပါးဥပဓိတို့၏မရှိရာလဲ နိဗ္ဗာန်ဘဲ... လို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားကြပါ....(မှန်ပါ့)။

ခန္ဓာငါးပါး ဥပဓိတရားမရှိတာ....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်လို့ဘဲ တကာတကာမတွေက မှတ်ထားပါနော်....(မှန်ပါ့)။

ကောင်းပြီ....နိဗ္ဗာန်သည် ပဌမနိဗ္ဗာန်, ဒုတိယနိဗ္ဗာန်,တတိယနိဗ္ဗာန်,စတုတ္ထနိဗ္ဗာန်လို့ ဆိုပြီးသကာလ နိဗ္ဗာန်လေးမျိုး ရှိတယ် (မှန်ပါ့)။

ပဌမနိဗ္ဗာန်သည် တကာတကာမတို့က မှတ်ထားပါ၊ သော တာပန်တည်လို့ မြင်ရတဲ့ နိဗ္ဗာန်ဟာ ပဌမနိဗ္ဗာန်....( မှန်ပါ့ ) သကဒါဂါမ်တည်လို့ မြင်ရဘဲ့ နိဗ္ဗာန်ဟာ ဒုတိယနိဗ္ဗာန်လို့.... မှတ်ထားပါ....( မှန်ပါ့ ) အနာဂါမ်တည်လို့ မြင်ရတဲ့နိဗ္ဗာန်လဲ တတိယနိဗ္ဗာန်လို့ မှတ်လိုက်ပါ....(မှန်ပါ့) ရဟန္တာဖြစ်လို့ မြင် ရတဲ့ နိဗ္ဗာန်ကိုလဲ စတုတ္ထနိဗ္ဗာန်လို့ မှတ်လိုက်ပါ ( မှန်ပါ့ ) နောက် ခန္ဓာဇာတ်သိမ်း ငြိမ်းပြီးသကာလ ငြိမ်းအေးမှုကလေး တခုနဲ့ နေရတာသည်ကားလို့ဆိုယင် ပဥ္စမနိဗ္ဗာန်လို့ မှတ်လိုက် ပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုယင် ငါးမျိုးရှိတယ်လို့ တကာတကာမတွေက မှတ်ထားလိုက်ပါ....(မှန်ပါ့)။

နိဗ္ဗာန် ဘယ်နှစ်မျိုးရှိပါလိမ့်....( ငါးမျိုးရှိပါတယ်ဘုရား ) မှတ်ထားလိုက်ပါတဲ့....သို့သော် ဘုန်းကြီးတို့ တကာတကာမတွေ ပိုမိုပြီးသကာလ သိစေချင်တာက ပဌမနိဗ္ဗာန်ကို ရောက်ပြီးလို့ ရှိယင် တကာတကာမတွေ စိတ်အေးအေးနေကြ.... ( မှန်ပါ့ ) ဒုတိယနိဗ္ဗာန်, တတိယနိဗ္ဗာန်, စတုတ္ထနိဗ္ဗာန်, ပဥ္စမနိဗ္ဗာန်ဆိုတဲ့ ချမ်းသာတွေကတော့ကို ပဌမနိဗ္ဗာန်ရပြီးသား ပုဂ္ဂိုလ်က တကာ တကာမတွေ ဥာဏ်အရှိန်ရပြီးသား ဖြစ်လေသောကြောင့် အား မထုတ်ဘဲလဲ မနေနိုင်တာနဲ့ မည်သူ့တရားကို မနာရသည်ဖြစ်စေ၊ သူ့ဟာသူ ဆွဲဆောင်ပြီး အဆုံးနိဗ္ဗာန်ကို ပို့တယ်လို့ မှတ်လိုက်·(မှန်ပါ့ဘုရား)။

သူ့ဟာသူ ဆွဲဆောင်ပြီးတော့ .... (အဆုံးနိဗ္ဗာန်ကို ပို့ပါ

တယ်ဘုရား)အဆုံးနိဗ္ဗာန်သို့ ပို့တယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေက သေသေချာချာ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ကဲ... ဒါဖြင့် ဒို့အတွက်မှာဖြင့် ပဌမနိဗ္ဗာန်ရမှု အရေးကြီးပါ ကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဘာအရေးကြီးပါလိမ့်...(ပဌမနိဗ္ဗာန်ရမှု အရေးကြီးပါတယ် ဘုရား) ပဌမနိဗ္ဗာန်ရမှု အရေးကြီးတယ်လို့ ဘုန်းကြီးတို့တကာ တကာမတွေက သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

အဲဒီ ပဌမနိဗ္ဗာန်ရပြန်တော့ အထက်နိဗ္ဗာန်ကို သောတာ ပတ္တိမဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့က ဝိပဿနာဉာဏ်တွေက ဆွဲဆောင် သွားလို့ အထက်နိဗ္ဗာန်ကြီး အားထုတ်စရာလဲ အထူးမရှိပါဘူး၊ ဉဒယဗ္ဗယ ပြန်ကောက်လိုက် ပြီးတာပါဘဲ....(မှန်ပါ့)ပဌမနိဗ္ဗာန် ရမှုသာလျှင် တကာကြွယ်တို့၊တကာသစ်တို့၊ ဦးမာဒင်တို့ အရေး ကြီးပါတယ်... (မှန်ပါ့ဘုရား)။

ဘာအရေးကြီးပါလိမ့် .... (ပဌမနိဗ္ဗာန်ရမှုသာ အရေးကြီး ပါတယ်ဘုရား)။

ကောင်းပြီ၊ တပည့်တော်တို့ဘုရား ကြာလဲ ကြာလှပါပြီ၊ သံသရာနဲ့ကြည့်မယ်ဆို ဒီမြေတွေဟာ တပည့်တော်တို့ အသား အရိုးတွေကဖြစ်တဲ့ မြေတွေပါ....(မှန်ပါ့) တပည့်တော်တို့ အခု နေတာ ကိုယ့်မြေပေါ်မှာ ကိုယ်အိမ်ဆောက်ပြီး ကိုယ့်အသား တွေ့,အရိုးတွေကဖြစ်တဲ့ မြေတွေပေါ်မှာ အိမ်ဆောက်ပြီး နေကြ တယ်....(မှန်ပါ့)ကိုယ့်အသား,အသွေးတွေကဖြစ်တဲ့ မြေပေါ်မှာ ယာခင်း-လယ်ခင်းလုပ်စားကြတယ်.... ( မှန်ပါ့ ) သံသရာဘယ်

လောက် ရှည်ခဲ့တယ်ဆိုဘာတော့ ပြောဘို့မလိုပါဘူး ..(မလိုပါဘုရား)။

အဲဒါလောက် ရှည်တဲ့အထဲမှာ တပည့်တော်တို့ ပဋ္ဌမနိဗ္ဗာန်မရမှုဟာဖြင့် ဘယ်အတွက်ကြောင့်ပါလိမ့်မတုံးဆိုတာ မေးဘို့လိုလာတယ်....(လိုလာပါတယ်ဘုရား)။

တကာတကာမတွေ ကိုယ်မသိတာ ပဋ္ဌမနိဗ္ဗာန်ကို နီးလျက်နဲ့ အဝေးကြီးဖြစ်နေတယ် ဆိုတာလဲ မှတ်လိုက်ပါဦး.... (မှန်ပါ)။

မသိတော့ အနီးကလေးကို .... (အဝေးကြီး ဖြစ်နေပါဘယ်ဘုရား)။

ဩော်....မသိတော့ တကာတကာမတို့ အနီးကလေး အဝေးကြီးဖြစ်ပြီးသကာလ နေသလို ဘုန်းကြီးတို့ တကာတကာမတွေမှာလဲ လုပ်ရိုးလုပ်စဉ်ဖြစ်တဲ့ ရှေ့ထားလုပ်ရမှာကို ရှေ့ထားပြီး မလုပ်တဲ့အတွက် ငါတို့ဖြင့် အနီးကလေးဟာ အဝေးကြီးဖြစ်ရတယ်လို့ဆိုတာ မှတ်ထားလိုက်ယင် ရှင်းသွားတယ်.... (မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ပဋ္ဌမနိဗ္ဗာန်ရချင်လို့ရှိယင် ဒိဋ္ဌိသုံးမျိုးခွါလိုက်... (မှန်ပါ)။

ပဋ္ဌမနိဗ္ဗာန်ရချင်ယင်... (ဒိဋ္ဌိသုံးမျိုး ခွါရပါမယ်)ဒိဋ္ဌိသုံးမျိုးခွါကြပါဆိုတာကိုဖြင့် ရှင်းလင်းပေးရမှာဘဲ.... (မှန်ပါဘုရား)။

ပဋ္ဌမနိဗ္ဗာန်ရချင်ယင်.... ( ဒိဋ္ဌိသုံးမျိုး ခွါရပါမယ်ဘုရား ) တကာကြွယ် အရေးကြီးတာရဘို့ အရေးကြီးတယ်.. (မှန်ပါ) အားလုံး တရားတပွဲလုံး တကာတကာမတွေ လမ်းမသိလို့ ဝေး

နေလို့ မရောက်ခဲ့ကြဘဲနဲ့ အသားအရိုးတွေပေါ်မှ အိမ်ဆောက်နေရတယ်ဆိုတာလဲ အင်မတန်နစ်နာတဲ့ အလုပ်ကြီးတခုဘဲဆိုတာ ပေါ်လာတယ်... (မှန်ပါ) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ယခုလို ခေတ်ကာလ အကြောင်းညီညွတ်နေတုန်း ဆရာသမားနဲ့ အကြောင်းညီညွတ်နေတုန်း ကိုယ်ကလဲ လိုလိုချင်ချင်ရှိတုန်း သာသနာကလဲ ထွန်းကားတုန်း ဒီအချိန်မှာ ဆရာကောင်းနဲ့လဲကြုံတုန်း အားလုံး တကာတကာမတွေ မှတ်ထားပါ ပဋ္ဌမနိဗ္ဗာန်ကို ကာကွယ်နေတာ ဒိဋ္ဌိသုံးခု....(မှန်ပါ) ပဋ္ဌမနိဗ္ဗာန် ဖုံးအုပ်နေတာ .... (ဒိဋ္ဌိသုံးခုပါ) ဒိဋ္ဌိသုံးခုလို့ မှတ်ထားလိုက်ကြစမ်းပါ ... (မှန်ပါ)။ ပဋ္ဌမနိဗ္ဗာန် ဖုံးအုပ်နေတာက....(ဒိဋ္ဌိသုံးခုပါဘုရား)။

ကောင်းပြီ ဒီဒိဋ္ဌိသုံးခုကို ဘုန်းကြီးက ရှင်းပေးရလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ပဋ္ဌမနိဗ္ဗာန်ကိုရှင်းပေးပြီး တကာတကာမတွေကလဲ ဉာဏ်ထဲမှာ လင်းသွားမယ် ဆိုလို့ရှိယင်ဖြင့် မရ မရှိပါဘူး....(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

သြော် .... ပဋ္ဌမနိဗ္ဗာန်ကွယ်ကာနေတာ ဘာပါလိမ့်.... (ဒိဋ္ဌိသုံးမျိုးပါဘုရား) သြော်.... ဒါဖြင့် "ဒိဋ္ဌိနိရောဓော နိဗ္ဗာနံ" .... (မှန်ပါ) ပဋ္ဌမနိဗ္ဗာန်ကို ဆိုပါတယ်....(မှန်ပါ)ဒိဋ္ဌိချုပ်လို့ ရှိယင် ပဋ္ဌမနိဗ္ဗာန်ရပါတယ်လို့ မှတ်လိုက်တာပေါ့... (မှန်ပါဘုရား)။ ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ပဋ္ဌမ

နိဗ္ဗာန်ဖုံးထားတာကို ဘုန်းကြီးတို့က ဖွင့်ဟပြီးသကာလ ရှင်းလင်းပြီး ပေးလိုက်လို့ရှိယင်ဖြင့် ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ဩော်....ငါတို့သည် အနီးကလေးနဲ့ အဝေးကြီးဖြစ်နေတာ မဖွင့်တတ်-မခွါတတ်-မရှင်းတတ်လို့သာ ဝေးရတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ပေါ်သွားပြီ.... (ပေါ်သွားပါပြီ) သဘောကျပြီနော် .... (ကျပါပြီဘုရား)။

ကိုင်း...အားလုံး တကာတကာမတွေ ဂရုစိုက်ပြီးသကာလ ဩော်...ပဋ္ဌမနိဗ္ဗာန်ကို ဖွင့်ပေးနေတယ်၊ ပဋ္ဌမနိဗ္ဗာန်ကို ဒို့မြင်ရတော့မှာဘဲ၊ ပဋ္ဌမနိဗ္ဗာန်ကို ဖွင့်တာကိုသာ ဒို့ဉာဏ်ထဲကလဲ ဆရာဘုန်းကြီးပြောတဲ့အတိုင်း ဖွင့်နိုင်အောင် ဒို့ကလဲ ကြိုးစားပြီး သကာလ ပဋ္ဌမနိဗ္ဗာန်ကွယ်တာတဲ ဒိဋ္ဌိကို ဒို့ဖွင့်လို့ရမယ်ဆိုလို့ ရှိယင်ဖြင့် ဆရာကလဲနည်းပေး၊ ဒို့ကလဲ အတင်းအဓမ္မဇွဲနဲ့မဲနဲ့ ဖွင့်လိုက်မယ်ဆိုယင်ဖြင့် နောင်အိုစရာ,နာစရာ, သေစရာမြေကြီးကြီးပွားရေးအလုပ်တွေဖြင့် မရှိတော့ဘူးလို့ မှတ်လိုက်တာပေါ့ (မှန်ပါ့) ကြောက်စရာကောင်းလွန်းလို့နော်... (မှန်ပါ့ဘုရား)။

တကာတကာမတွေ မြေကြီး- ကြီးပွားရေးဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့ ခန္ဓာကိုယ်သေတော့ ရေထဲသေလဲ မြေထဲရောက်တာဘဲ...( မှန်ပါ့ )သစ်ပင်ပေါ်သေလဲ နောက်ဆုံးပိတ် မြေထဲရောက်တာဘဲ...(မှန်ပါ့) ရိုးရိုးတန်းတန်းနဲ့သေကြ ကြေကြပြန်လဲ လိုက်ပြီးသကာလ မြေထဲမြုပ်ကြတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတွေ ဘုန်းကြီးသတိပေးချင်တာက ဘယ်ဘဝမှ ဆုမတောင်းနဲ့ တောင်းလို့ရှိယင် မြေကြီးသာ ကြီးပွားရဲ့ ကိုယ်ဒုက္ခရောက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်ဘဝမှ ဆုမတောင်းပါနဲ့....( မှန်ပါ့ ) တောင်းယင်.... (မြေကြီးသာကြီးပွားရဲ့ ကိုယ်ဒုက္ခရောက်ပါတယ်) မြေကြီးသာ ကြီးပွားရဲ့ မိမိဒုက္ခရောက်တယ်....(မှန်ပါ့ဘုရား)။

ဗီစကားတလုံးဟာ သေးသေးသိမ်သိမ်လို့ မမှတ်ပါနဲ့ .... (မှန်ပါ့ဘုရား) ဒီစကားတလုံးကို တကာကြွယ်တို့၊တကာသစ်တို့၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ သေးသေးသိမ်သိမ်လို့ မမှတ် ပါနဲ့....(မှန်ပါ့ဘုရား)။

ဘုံဘဝတွေ ဆုတောင်းလိုက်လို့ ရှိယင်ဖြင့် မြေကြီးသာ ကြီးပွားရဲ့ လူဒုက္ခရောက်တယ်....(မှန်ပါ့ဘုရား)။

မြေကြီးသာ... ( ကြီးပွားရဲ့ လူဒုက္ခရောက်ပါတယ်ဘုရား ) တောင်းတဲ့ပုဂ္ဂိုလ် ဒုက္ခရောက်တယ်... (မှန်ပါ့ဘုရား)။

မြေကြီးကတော့.... ( ကြီးပွားပါတယ်ဘုရား ) တောင်းတဲ့ ပုဂ္ဂိုလ်ကတော့ .... ( ဒုက္ခရောက်ပါတယ် )ဩော်.... ဦးမာဒင် ဒီအကြောင်းပြောလိုက်တာနဲ့ဘဲ နိဗ္ဗာန်လဲ ကဲ-သွားသေးသလား (မသွားပါဘုရား) မြေကြီးလဲ ကြီးပွားတယ်..... (မှန်ပါ့) မိမိ ကလဲ ဒုက္ခရောက်တယ်....(မှန်ပါ့) တကာတကာမတို့ မှားချက် မသန်လားဗျာ....(သန်ပါတယ်ဘုရား)။

စဉ်းစားပါ စဉ်းစားပါ တကာ တကာမတို့ မှားချက် သိပ်

သန့်နေတာကို ဆရာဘုန်းကြီး ပြင်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

မှားချက် ခင်ဗျားတို့ဟာကဖြင့် လူ့ပြည်၊နတ်ပြည် အကြိမ်ကြိမ် ခံစားပြီး၍ဆိုဘာ ခင်ဗျားတို့ကသာ ခံစားနေတယ်ထင်တာ....(မှန်ပါ) ဒုက္ခရောက်တာ....(မှန်ပါ)။

ခင်ဗျားတို့ခံစားနေတယ်ဆိုတာ ဝေဒနာက္ခန္ဓာ.... (မှန်ပါ) ဝေဒနာက္ခန္ဓာကို သစ္စာဖွဲ့ယင် ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဩြော်.... ခင်ဗျားတို့ ခံစားချင်တယ်သဲဆိုရဲ့ ခံစားတာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဟာ.... ဦးမောင် ရိပ်မိသွားပြီ (ရိပ်မိပါပြီဘုရား) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ခံစားဟာက ဝေဒနာက္ခန္ဓာ.... (မှန်ပါ) သစ္စာဖွဲ့လိုက်တော့....(ဒုက္ခသစ္စာပါဘုရား)။

ဧရာ ခင်ဗျားတို့ဟာကသဲ လူ့ပြည်၊နတ်ပြည် အကြိမ်ကြိမ် ခံစားရ၍ဆိုတော့ အပေါ်ယံကလေး လုပ်နေဘာကိုး(မှန်လှပါဘုရား) စင်စစ်ကတော့ လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ် အဖန်ဖန် ဒုက္ခရောက်၍ မြေကြီး ကြီးပွားရေးဖြစ်ရပါလို့ဘဲ.... (မှန်ပါ) နှစ်နာလိုက်ဘာ (နှစ်နာပါတယ်ဘုရား) ဦးဗထွေး သေသေချာချာ စဉ်းစားပါ (မှန်ပါ)။

နောက်က ဘကာဘကာမတွေ ခင်ဗျားတို့ လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ်ခံစား၍ဆိုတော့ ခံစားတာ ဘာခေါ်ကြမယ်-(ဝေဒနာက္ခန္ဓာပါ) ခံစားတာ ဝေဒနာ....(မှန်ပါ) ဝေဒနာကို သစ္စာဖွဲ့.. (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း .... တကာတကာမတို့ကတော့ ခံစားတာကလေးတွင် အဖျားဆွတ်ယူထားတယ်....( မှန်ပါ့ )သစ္စာထဲသွင်းလိုက်တော့ ဘာသစ္စာတုံး..(ဒုက္ခသစ္စာ) အို.... လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ်ဒုက္ခရောက်၍ မြေကြီး- ကြီးပွားရေးဖြစ်ရပါလို၏ (မှန်ပါ့) ဒီရောက်သွားပါတယ်....(ရောက်ပါတယ်ဘုရား)။

စကားပြောကြီးတာလား တကာတကာမတို့ သစ္စာဖွဲ့လိုက်တော့ ဖြစ်စဉ်ကိုက်ဖြစ်သွားတာလားဆိုတာ အကဲခတ်ပါ ... (ဖြစ်စဉ်ကိုက်ဖြစ်သွားတာပါ)တကာကြွယ် ခင်ဗျားတို့ပါးစပ်က ထွက်တာ ထွက်မှထွက်ရပါပေ့ဗျာ၊တယ်နာပါကလား....(နာပါတယ်)နောက်က တကာတကာမတွေ ဒီအသုံးကို ယနေ့ကစပြီး ဖျောက်ပါနော်-(မှန်ပါ့ဘုရား) ဒီအသုံးကို ယနေ့ကစပြီးဖျောက်ကြပါ၊ မပေကြပါနဲ့၊မမိုက်ကြပါနဲ့ ဆိုတာကိုသဲ သတိပေးချင်တယ်. (မှန်ပါ့ဘုရား)။

လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ်ခံစားပြီး၍ ဆိုတော့ ခံစားချင်တာဝေဒနာက္ခန္ဓာ....(မှန်ပါ့)ဝေဒနာက္ခန္ဓာကြည့်လိုက်တော့ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် သစ္စာကမှ မှန်တယ် (မှန်ပါ့ဘုရား)ခံစားတာက မမှန်ဘူး ...(မမှန်ပါဘုရား)။ ခံစားတာက....(မမှန်ပါဘုရား) သစ္စာကတော့.... (မှန်ပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘုရားရှေ့မှာဖြစ်စေ- သံဃာတော်တွေရှေ့မှာဖြစ်စေ ဆုတောင်းပြီးသကာလ တပည့်တော်တို့ ဒီဘဝ ဆင်းရဲလွန်းလို့ဘုရား.... နောက်ဘဝ ဒီထက်ကြီးတဲ့ဆင်းရဲကြီး ရရပါလို၏ဆိုတာနဲ့ အတူတူဘဲ....(မှန်ပါ့ဘုရား)။

ဒီဘဝဆင်းရဲလွန်းလို့....(နောက်ဘဝ ဒီ့ထက်ကြီးတဲ့ ဆင်းရဲ ရ,ရပါလို၏) နောက်ဘဝ ဒီ့ထက်ကြီးတဲ့ဆင်းရဲရှည်ကြီး ရ,ရ ပါလို၏...(မှန်လှပါဘုရား) တယ်နာပါကလား....(နာပါတယ် ဘုရား)။

ဉာဏ်နဲ့စဉ်းစားပြီး နားထောင်မှ ဒီအဓိပ္ပါယ်ကလဲ ရှင်းမယ် (မှန်ပါ့) ဉာဏ်ပါကြရဲ့လား... (ပါပါတယ်ဘုရား) တော် တော် အရေးကြီးတယ်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

တော်တော် အရေးကြီးတယ်လို့ မှတ်လိုက်စမ်းပါ .... (မှန်ပါ့) အခု သေသေချာချာ ထိုးထွင်းဉာဏ်နဲ့ ခင်ဗျားတို့ ယောင်နေတာကို မှားနေတာကို ဦးမောဒင် ပြင်ပေးနေတယ်.... (မှန်ပါ့)။

တကာကြွယ် လူ့ပြည်, နတ်ပြည် အကြိမ်ကြိမ်ခံစား၍ ဆို တော့ ခံစားတာက ဘာခန္ဓာတုံး.... (ဝေဒနာက္ခန္ဓာပါဘုရား) ရှင်းပလား... (ရှင်းပါပြီ) ခံစားတာက.... (ဝေဒနာက္ခန္ဓာပါ ဘုရား)။

ဒီခံစားတဲ့ဝေဒနာက္ခန္ဓာတွေကို ခန္ဓာဟူသ၍ကိုလဲ သစ္စာဖွဲ့ရ တယ်....(မှန်ပါ့) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း.... ဦးမောဒင် ဘုန်းကြီးက ပလ္လင်ပေါ်ရောက် တာဘာ တကာမတွေ့ ထင်ရာပြောနေတာလား၊ သို့တည်းမဟုတ် ခင်ဗျား တို့ ဒုက္ခသစ္စာ ဆုတောင်းယူနေတာလား ဆိုတာ မေးလိုက်ပါ တယ်.... (တပည့်တော်တို့ ဒုက္ခသစ္စာ ဆုတောင်းယူနေတာပါ ဘုရား) ပေါ်ပြီ· ပေါ်ပြီ တကာကြွယ်·ရ... (မှန်ပါ့) မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ ဘာတွေ ဆုတောင်းယူကြသလဲ....(ဒုက္ခသစ္စာတွေ ဆုတောင်းပါတယ်ဘုရား)။

ဪ... ဒါ့ကြောင့် ခင်ဗျားတို့က သစ္စာသံကလေး ပါးစပ်ထဲ ထည့်လိုက်ရယင် မတောင်းဘူးနော်....(မှန်ပါ့)ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်ကလေးများ သိပေးလိုက်မယ်၊ ကြားဘူးနားဝနဲ့ဘဲ သိပေးလိုက်မယ်ဆိုဦးတော့ ဒီ-တကာ တကာမတွေ ဒါလောက် မိုက်စရာမရှိဘူး....(မှန်ပါ့) တကာသစ် အခု-သဘောပါပလား (ပါ-ပါပြီဘုရား)။

အားလုံး ဘုန်းကြီးတို့ ရင်းရင်းနှီးနှီး တကာတကာမတွေမို့ ခင်ဗျားတို့ အလွဲတော်ပုံကြီးကို အခု သေသေချာချာ ရှင်းပြပါမယ်....(မှန်ပါ့)။

လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ်ခံစား၍....တဲ့၊ သဘောကျပလား....(ကျပါပြီ) ခံစားတာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ခံစားတာ ဝေဒနာက္ခန္ဓာ.. (မှန်ပါ့)ဝေဒနာက္ခန္ဓာမို့ သူ့ကို သစ္စာဖွဲ့လိုက်....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း....တကာသစ် ယုံကြည်ပလား....(ယုံကြည်ပါပြီဘုရား) ဦးမာဒင် သေသေချာချာ ယုံနော်.... (ယုံပါတယ်ဘုရား)။

စဉ်းစားပါ.. စဉ်းစားပါ တကာတကာမတို့၊ ဒီဟာကို ပြင်ပေးမည့်လူလဲ တော်တော်ရှားတယ်....(ရှားပါတယ်ဘုရား) အခု သေသေချာချာ ခင်ဗျားတို့ သစ္စာဖွဲ့ပြီး ပြောလိုက်တော့မှ တကာ တကာမတို့ ဘာသစ္စာတုံးမေးတော့မှ ခံစားတာက ဒုက္ခသစ္စာ (မှန်ပါ့) ခံစားတာ....(ဒုက္ခသစ္စာပါဘုရား) ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ အစ,သာကောင်းပြီး အဆုံး သစ္စာ မမြင်တဲ့အတွက် ဩော်.... ခင်ဗျားတို့မှာ မျက်လုံးတဖက်မြင် ဖြစ်နေပါကလား....(မှန်ပါ့) ဝေဒနာသာမြင်၍ သစ္စာကို မမြင် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာကိုသာမြင်၍....(သစ္စာကိုမမြင်ပါဘုရား)။

ခံစားတဲ့ဝေဒနာကိုတော့ ခင်ဗျားတို့က စာအုပ်တွေ ကြည့် ကြည့် လူကြီး,သူကြီး ပြောသံကြားကြား- နှင်လုပ် နှင်ခံစားရ မှာပေါ့....(မှန်ပါ့)။

အင်း....သူတို့ပြောတာလဲ မမှားဘူး.... (မှန်ပါ့) ဟဝက်မှန် တယ်....(မှန်ပါ့) တဝက်တော့ မှန်တယ်- အဆုံးထိအောင် မမှန် ဘူး....(မှန်ပါ့) အဆုံးထိအောင် တွေးလိုက်တော့ ခံစားတာဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာကြွယ်ကြီးကဘဲ ဖြစ်စေ၊ ဦးမာဒင်, ဦးသန်း မောင်တို့က ဖြစ်စေ၊ ဦးဗထွေးတို့က ဖြစ်စေ ရောက်ရာမှာ တပည့် တော်တို့ဖြင့်ဘုရား....ခံစားချင်သေးတယ်ဘုရာ့၊ အင်း....ခင်ဗျား တို့က ပြောကြပြီဆိုကြပါစို့ (မှန်လှပါဘုရား)။

ခံစားချင်သေးတယ်ဘုရာ့....လို့ ပြောကြသည်နဲ့ တပြိုင်နက် တည်း ခံစားတာကို တခါတည်း သစ္စာဖွဲ့လိုက်- ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တောင်းတဲ့ဆု ရောက်ရာမှာ ဒုက္ခသစ္စာ ဖြစ်ရပါလို၏....(မှန်ပါ့)။

ဘယ်လိုပါလိမ့်.... ( ရောက်ရာမှာ ဒုက္ခသစ္စာဖြစ်ရပါလို၏ ) ကြောက်စရာကြီးပါကလား ...(မှန်ပါ့) ဦးလှဘူး ဘယ့်နှယ်ဘုံး (ကြောက်စရာကြီးပါဘုရား)။

ဒီဥစ္စာ မပြောဘူးသေးပါဘူး....(မှန်ပါ) တွေးပြီးသကာလ တကာတကာမတွေ စကားကို ကြေ...သစ္စာမသိရှာလို့ ခံစားတာ ဘာမှန်းမသိရှာလို့ တောင်းမိတောင်းရာ ယောင်မိယောင်ရာ ယောင်ပြီး တဏှာကြိုးဆွဲတိုင်း က,နေပါကလား ဆိုတာကလေး ယနေ့ စောစောပြင်ပေးပါမယ်....(မှန်ပါ)။

ဘယ်သူကြိုးဆွဲတာ က,နေသတုံး— (တဏှာကြိုးဆွဲတာ က,နေပါတယ်ဘုရား) တဏှာက ဆုတောင်းခိုင်းတယ် .. (မှန်ပါ) ဘဝတဏှာကိုး....(မှန်ပါ)။

တဏှာက ဆုတောင်းခိုင်းတော့ လူ့ပြည်,နတ်ပြည်,ဗြဟ္မာ့ပြည် အကြိမ်ကြိမ်ခံစားရ၍ဆိုတော့ အကြိမ်ကြိမ် သုခဝေဒနာတွေ ခံစားရ၍... (မှန်ပါ)သုခဝေဒနာတွေ ပေါ်ပါရစေဘုရား....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီ သုခဝေဒနာတွေကို ဘုန်းကြီးတို့ တကာတကာမတွေက တွေးလိုက်တာပေါ့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဦးမာဒင် ပြင်တော့....(မှန်ပါ) ဒို့တော့ကွာ ဆုကို အစ,အဆုံး တောင်းတော့မယ်ကွာ အကြိမ်ကြိမ်ခံစားပြီး ဒုက္ခဖြစ်ရပါလို၏... (မှန်ပါ) လုပ်ရဲပါ့မလား....(မလုပ်ရဲပါဘုရား) ဘယ်သူ့ကျေးဇူးလဲ....(သစ္စာကျေးဇူးပါဘုရား)။

အမာ့းလေး တကာတကာမတို့ အမှန်သိရတာနဲ့ မလုပ်ရဲဘူး.... (မှန်ပါ) သစ္စာတည်းဟူသော အမှန်တရားကို သိရပြန်တော့ နှုတ်က မထွက်ရဲဘူး....တဲ့... (မှန်ပါ)။

ကြပ်ကြပ်သတိထားပါ၊ ရှေ့ပိုင်းမှာ ဘုန်းကြီးတို့ ညီအကို

မောင်နှမတွေလဲ ပါကြတယ်....၊ သိလရင်တွေလဲ ပါကြတယ်၊ လူကြီး လူကောင်းတွေလဲ ပါကြတယ်၊ အမျိုးစုံ ညီအကို မောင်နှမတွေလဲ ပါကြတယ်....၊ မမှားပါနဲ့ ဆိုတဲ့ဥစ္စာ ရှေ့ပိုင်းမှာ ကောင်းကောင်း သတိပေးနေတယ်.... (မှန်ပါ) ဦးသန်းမောင် ပေးထိုက်၊မပေးထိုက်....(ပေးထိုက်ပါတယ်ဘုရား)။

လူ့ပြည်ခံစားချင်တာ ဘာခန္ဓာ....(ဝေဒနာက္ခန္ဓာပါဘုရား) နတ်ပြည်ခံစားချင်တာ.... (ဝေဒနာက္ခန္ဓာပါဘုရား) ဝေဒနာမှ သုခဝေဒနာနဲ့ သူ့ကို ကြိုက်တယ်... (မှန်ပါ) သုခဝေဒနာဘဲ· "သုခဝေဒနာ ဌိတိသုခါ၊ ဝိပရိဏာမ ဒုက္ခ"....(မှန်ပါဘုရား) ဌိတိကာလ၌ ချမ်းသာပေမဲ့ ပျက်စီးတော့ ဆင်းရဲထဲ ဝင်တာဘဲ တဲ့....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါဖြင့် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

တကာတကာမတို့ နတ်ဒုက္ခသစ္စာကြိုက်သလား· ပြဟ္မာ ဒုက္ခ သစ္စာကြိုက်သလား၊အသက်ပေါင်း တသိန်းရှည်တဲ့လူ့ဘဝနဲ့ကြီး အသက်တမ်းရှည်ရှည်ကြီး ဒုက္ခသစ္စာကြိုက်သလားလို့ မေး ယင် ဒီတရားပွဲ ဘယ်လိုဖြေကြပါမလဲ.... ( ဘယ်ဒုက္ခသစ္စာမှ မကြိုက်ပါဘုရား)။

ဒီအသံကလေးဟာ ခင်ဗျားတို့ မြတ်စွာဘုရား ရှေးဦးစွာ ပွင့်လာလို့ ပဉ္စဝဂ္ဂီတွေထွက်တဲ့ အသံမျိုး... (မှန်ပါ)ဒီအသံဟာ နည်းတဲ့အသံမဟုတ်ဘူး....(မှန်ပါ) ဒီအသံဟာ သိပ်အဘိုးတန် ပါတယ်ဆိုတာ ဘုန်းကြီးများဖြင့် ဝမ်းမြောက်လို့ မဆုံးပါဘူး (မှန်ပါ)ဝမ်းမြောက်လို့ မဆုံးဘူး တကာတကာမတို့.... (မှန်ပါ

ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တဏှာ့နယ် လွန်သွားလို့ ဥာဏ်နယ်ဝင်သွားလို့ ဒီအသံထွက်လာတာ .... (မှန်ပါ့)တဏှာ့နယ်ကို လွန်မြောက်ပြီးတော့ ဥာဏ်နယ်ဝင်သွား လို့....(မှန်ပါ့ဘုရား)။

ကဲ....တကာကြွယ်တို့၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့၊ ဦးဘ ထွေးတို့ ဘယ်လောက် အတိုးတန်သွားသတုံး .... (အတိုးတန်ပါ တယ်ဘုရား)။

မသိသေးလို့ရှိယင်ဖြင့် တကာတကာမတို့ ခံစားချင်တာ ဝေဒနာလာပဟာ....(မှန်ပါ့) ဝေဒနာကို သစ္စာသာဖွဲ့လိုက်၊ ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဝေဒနာသည် ဒုက္ခသစ္စာဆိုတော့ အချိန်ပိုင်းနဲ့ဘဲ ဦးမာဒင်တို့ မေးပါမယ်၊ အင်း.. နတ်ဝေဒနာကလေးဟာ သုခ ဝေဒနာကလေးဟာ ပေါ်လာတဲ့ဥစ္စာ သုခဝေဒနာ.... (မှန်ပါ့) ပေါ်ပြီးပျက်တာဘဲ.. (မှန်ပါ့) ပျက်တော့ ဘာသစ္စာဖြစ်သတုံး (ဒုက္ခသစ္စာပါ) ဒါဖြင့် ဒုက္ခရောက်မလို့ ပေါ်တာရယ်၊ ဒုက္ခ ရောက်တာရယ် နှစ်ခုဘဲရှိတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခရောက်မလို့ ပေါ်လာတာရယ်၊ဒုက္ခရောက်သွားတာရယ် (မှန်ပါ့)ဒါဘဲရှိတယ်....(မှန်ပါ့) ဒါဖြင့် သူ့ကို ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)ဒါဖြင့် တကာတကာမတို့ ခံစားတဲ့ ဝေဒနာဟာ ဒုက္ခသစ္စာ.. (မှန်ပါ့)။

ဒါဖြင့် နောက်ကို တကာတကာမတွေက လူ့ပြည်,နတ်ပြည် ဗြဟ္မာ့ပြည်ကို ဤဆွမ်း ဤကွမ်းကြောင့် အကြိမ်ကြိမ်ခံစား၍

လို့ ဆိုရဲသေးရဲ့လား - ( မဆိုရဲပါဘုရား ) ဟာ .. ဘယ့်နှယ် ကြောင့် မဆိုရဲပါလိမ့် .. (သစ္စာသိလို့ပါ)သစ္စာသိလို့.... (မှန်ပါ ဘုရား)သစ္စာသိသွားလို့၊ တကာကြွယ် နည်းတဲ့သတ္တိလား .... (မှန်လှပါဘုရား)။

တကာတကာမတို့ နည်းတဲ့သတ္တိ မဟုတ်ပါဘူး....(မဟုတ်ပါ ဘုရား)ခင်ဗျားတို့ ဒီတရားပွဲမှာ အခု နာရိဝက်နီးပါပြီ တရားပွဲ သိမ်းပြန်ဦး အင်မတန်ကျေးဇူးရှိတယ်....(မှန်ပါဘုရား)။

တရားပွဲသိမ်းလို့ ပြန်ပါဦးတဲ့ ကျေးဇူးရှိပါတယ်....(မှန်ပါ) တရားပွဲသိမ်းလို့ ပြန်ပါဦးတဲ့ အင်မတန်ကျေးဇူးရှိတယ်၊ နာရီ ဝက်နာပြီးလို့ ကိုယ်မှာလဲ အင်္ဂါကြီးငယ် ဒုက္ခဝေဒနာသည်းမခံ နိုင်လို့ ပြန်သွား ကိစ္စမရှိဘူး၊ အတော်ကျေးဇူးများပြီ....(မှန်ပါ ဘုရား)။

သစ္စာသိပဟေ့....၊"အညာသိ ကောဏ္ဍညော"ကောဏ္ဍညော= ကောဏ္ဍညသည်၊ အညာသိ=သစ္စာသိပဟေ့....တဲ့၊ ဘုရားကိုက ခေါ်ယူရတယ် ဘယ်လောက် အရေးကြီးတဲ့စကားလဲဆိုတာ.... (မှန်ပါဘုရား)။

ကဲ-တကာသစ် ဘယ်လောက် အဘိုးတန်သလဲ - (တန်ပါ တယ်ဘုရား)မပေါ်ကြသေးဘူးလား... (ပေါ်ပါပြီ) ဘုန်းကြီး အခု လိုက်လိုက်လှဲလှဲနဲ့ တကာတကာမတွေကို အကြီးဆုံးသော စေတနာနဲ့ ပြောနေတယ်လို့ အောက်မေ့ပါ....(မှန်ပါ)။

မှားလိုက်တာ ဗွက်ပေါက်နေတယ်....(မှန်ပါ) မှားလိုက်တာ နည်းနည်းနောနော ဗွက်ပေါက်နေတာမဟုတ်ဘူး...( မှန်ပါ ) ရှင်းရဲ့မဟုတ်လား....(ရှင်းပါတယ်ဘုရား)။

လူ့ပြည်, နတ်ပြည်, အကြိမ်ကြိမ်ခံစားချင်တာ ဘာခန္ဓာ.... (ဝေဒနာက္ခန္ဓာပါ) သစ္စာဖွဲ့လိုက်....(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း....ဒါဆိုတော့ ဦးမာဒင် သူများပေးနိုင်စရာလဲ မရှိတော့ပါဘူး....( မှန်ပါ ) ခင်ဗျား ခံစားချင်တာ ဘာတုံးလို့ မေးဘိုဘဲလိုတော့တယ်....( မှန်ပါ ) ကိုယ့်ထက်ကြီးတဲ့ လူနဲ့ ပြောယင် ဘကြီး....ခင်ဗျားတို့က လူ့ပြည်,နတ်ပြည် ခံစားချင်တယ်ဆိုတာ ဘာတုံး....(မှန်ပါဘုရား)။

ခံစားချင်တာပေါ့ကွ၊ ခံစားချင်တယ်ဆိုတာ ခံစားတာ ဝေဒနာပေါ့ကွ....(မှန်ပါ)ဒီ့ပြင်လဲ ပြောင်းပြီးမပြောနိုင်ဘူး.... (မှန်ပါ) ပြောလိုက်ပြန်လဲ ဒီခံစားတာက ဝေဒနာဆိုယင်ဖြင့် ဝေဒနာ ဘာသစ္စာတုံး ဘကြီးအမိန့်ရှိပါဦးဆိုယင် ဒါဘဲပြောရမယ်....(မှန်ပါ) ဘာသစ္စာပြောမလဲ....(ဒုက္ခသစ္စာပြောပါမယ်ဘုရား)။

ဒါဖြင့် ဘကြီးစကားသည်ကား ဆိုလို့ရှိယင် အကြိမ်ကြိမ် ဒုက္ခရောက်ရပါလို၏လို့ ဆိုတဲ့အဓိပ္ပါယ် ရောက်ပါတယ်ဆိုတော့ ဖြေတတ်ပြီ.... (မှန်ပါ) မဖြေတတ်သေးဘူးလား .... (ဖြေတတ်ပါပြီဘုရား)။

ဦးလှဘူး ဒါနည်းနည်းနောနော အရေးကြီးတာ မဟုတ်ဘူးနော်....(မှန်ပါဘုရား)။

နောက်က တကာတကာမတွေ့သေသေချာချာနာပါ၊စကား မများသေးပါဘူး၊ ခင်ဗျားတို့ အမှားကလေးကို ရှေးပိုင်းက ပြင်ပေးတာဘဲ ရှိပါသေးတယ် .... (မှန်ပါ) ဒီဆုတောင်းကြီး ခံနေလို့ရှိယင် နိဗ္ဗာန်ပိတ်နေလို့....(မှန်ပါ)။

ဒီဆုတောင်းကြီး ခံနေယင်.... (နိဗ္ဗာန်ပိတ်နေလို့ပါဘုရား)။

ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကြီး ကွယ်ကာ ဖုံးနေတဲ့ဥစ္စာ ဒီတဏှာဒိဋ္ဌိဆုတောင်းကြီးက ကွယ်ကာနေလို့ ဆုံးဖြတ်ချက်ချ လိုက်စမ်းပါ....(မှန်ပါ့) ဘယ်လောက်ဆိုးဝါးသလဲ .... (ဆိုးဝါး ပါတယ်ဘုရား)။

ဪ....ဒါဖြင့် တကာသစ်တို့၊ ဦးမာဒင်တို့ မရှိတာထက် မသိတာခက်....(မှန်ပါ့) ဘာတဲ့တုံး .... (မရှိတာထက် မသိတာ ခက်ပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မရှိတာဟာ အရေးမကြီးပါဘူး ... ( မှန်ပါ့ ) ဒီဒုက္ခသစ္စာ မသိလို့ တခါတည်း သံသရာထဲမှာ ကိုယ့်အသား အရိုးတွေက ဖြစ်တဲ့မြေပေါ်မှာ ကိုယ်အိမ်ဆောက်ပြီးသကာလ ဒီအပေါ်မှာ ခဏနေလိုက် ဒီအထဲမြှုပ်လိုက်(မှန်ပါ့)ဒီအပေါ်မှာခဏနေလိုက် ဒီအပေါ်မှာမြှုပ်လိုက်၊ အဲဒါ သံသရာလည်တာ ခေါ်တယ်.... (မှန်ပါ့ဘုရား)။

ဒီအပေါ်နေလိုက်- ဒီအပေါ်မြှုပ်လိုက်၊ ဒီအပေါ်နေလိုက်၊ ဒီအပေါ်မြှုပ်လိုက်၊ ဒါဘယ့်နှယ်ခေါ်ကြမလဲ....(သံသရာခေါ် ပါတယ်) သံသရာလည်တာပေါ့ တကာတကာမတွေ့ရ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း .. ဒါဖြင့် တကာကြွယ်လဲ ဒါလောက်ရှိယင်ဖြင့်ကျေနပ် လောက်ပါပြီ....(ကျေနပ်ပါပြီ) လူ့ပြည်,နတ်ပြည်, ဗြဟ္မာ့ပြည် မှာ ခံစားချင်တာဘာတဲ့.... ( သုခဝေဒနာပါ ) ဘာသစ္စာသဲ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဦးမာဒင်ရေ ခံစားချင်တဲ့လူကို မေးလိုက်လို့ရှိယင် ဖြင့် ဒုက္ခရောက်ချင်လို့လားကွလို့ တင်းတင်းပြောမယ်ဆိုယင် မပြောနိုင်သေးဘူးလား... (ပြော-နိုင်ပါတယ်ဘုရား)။

တပည့်တော်တို့ နောက်ဘဝ ဒီ့ထက်ပေါချင်တယ်- ဒီ့ထက် များချင်တယ်- ဒီ့ထက် သားသမီး အခြွေအရံလဲများချင်တယ်။ များချင်များ- မများချင်နေ၊ များယင် ဒုက္ခများတာဘဲ .... (မှန်ပါ)။

များယင်ဘာတုံး.... (ဒုက္ခများတာပါ) ပစ္စည်းဒီ့ထက်များ ယင်လဲ....(ဒုက္ခများတာပါ) ခန္ဓာဒီ့ထက်ကြီးယင်လဲ .... (ဒုက္ခ များတာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ နတ်ပြည်မှာရှိတဲ့ ခန္ဓာကြီးသည် သုံးဂါဝုတ်ရှိတယ်... (မှန်ပါဘုရား)။

လေးဂါဝုတ်ဆိုတော့ တယူဇနာကိုးဗျ၊အဲသုံးဂါဝုတ်ဆိုတော့ ဆယ့်သုံးမိုင်၏ ၃/၄ ပါဘဲ....(မှန်ပါ) ဆယ့်သုံးမိုင်၏ ၃/၄ ခန္ဓာကြီး ဆိုတော့ ဒုက္ခသစ္စာရုပ်မှုန့်ပေါင်း ဘယ်လောက်ရှိမယ်ထင်ကြသလဲ (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူးလို့ ဆုံးဖြတ်ချက်ချ-- (မှန်ပါဘုရား) အဲဒီ ကြီးကြီးဒုက္ခကြီး ဖြစ်ရပါလို၏....(မှန်ပါ ဘုရား)။

ဘာတဲ့တုံး....(ကြီးကြီးဒုက္ခကြီး ဖြစ်ရပါလို၏)အံမာလေး.... တကာတကာမတို့ နောက်တော့ ပါးစပ်ထဲ မထည့်ပါနဲ့နော်.... (မှန်ပါ)။

ဒါကြောက်အောင် ဟောတာလား....၊ လန့်အောင် ဟော တာလား....၊ ဖြစ်စဉ်ကိုက် ဟောတာလား....(ဖြစ်စဉ်ကိုက် ဟော တာပါ)ဖြစ်စဉ်ကိုက်နော်....(မှန်ပါ)။

ကိုင်း....ဒါဖြင့် တကာကြွယ်ရေ ဒါ သိလောက်ပြီနော် ....(မှန်ပါ) သိတော့ ဒီဆုတောင်းကြီး ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး ၈ ရှေ့ပိုင်းမှာထားပြီး ပြောရပါလိမ့်မလဲလို့ မေးတော့ တကာတကာမတို့ ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ဒုက္ခကွယ်နေလို့ဗျ....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကြီးကို ဒုက္ခကွယ်နေလို့ -(မှန်ပါ) ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကြီးကို....(ဒုက္ခကွယ်နေပါတယ်)ဒါဖြင့် ဒုက္ခကွယ်နေတယ်ဆိုတော့ ခန္ဓာဒုက္ခသစ္စာကြီး ကွယ်နေတယ်....(မှန်ပါ) ရှင်းပလား . (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာဒုက္ခကြီးက နိဗ္ဗာန်သုခကွယ်နေတယ်....(မှန်ပါ)။

ခင်ဗျားတို့ ဆုတောင်းလို့ရတဲ့ ခန္ဓာကြီးဟာ နိဗ္ဗာန်ကွယ်နေတယ်....(မှန်ပါ)ဒီခန္ဓာကြီးကို ငါထင် - သူထင်နေတဲ့ သက္ကာယဒိဋ္ဌိ....(မှန်ပါ)သူက ဝင်ကွယ်နေဘယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဘိုးတန်လိုက်တာ တကာကြွယ်....ဒီခန္ဓာကြီး ကွယ်နေတယ်ဆိုတာ ပြောရတာကို ဘုန်းကြီးများဖြင့် အကျေနပ်ကြီးကျေနပ်ပါတယ်....(မှန်ပါ)နိဗ္ဗာန်ကို ခန္ဓာကြီး ကွယ်နေတယ်....(မှန်ပါ)။

ဘယ့်နှယ်ကြောင့် ကွယ်ပါလိမ့်မတုံးဆိုတော့ ငါ့ကိုယ် ငါ့ဟာလို့ သိမ်းပိုက်ထားတာကြီးက ကိုယ့်ဟာကြီး ကိုယ် အင်မတန် ကျေနပ်နေတယ်....(မှန်ပါ)ကျေနပ်နေတော့ ဒါကြီးနဲ့ဘဲဒီ့ဟိုဘက်ကို ဉာဏ်က မဖေါက်နိုင်ဘူး....(မှန်ပါ)။

ဒါကြီးစားတို့၊ ဒါကြီးလှတို့၊ ဒါကြီးရတို့၊ ဒါကြီးအန္တရာယ်ကင်းတို့ဆိုတဲ့ အန္တရာယ်မကင်းနိုင်တဲ့ ဒုက္ခသစ္စာကြီးကို အန္တရာယ်ကင်းမှု ရှေ့ရှုပြီးသကာလ ကျွေးမွေးလုပ်ကိုင် သုတ်သင်နေရတာနဲ့ဘဲ နိဗ္ဗာန်ဟာ ဖုံးနေတယ်....(မှန်ပါ့) သူ့ဘဲ ခန္ဓာ့ကျွန်ခံနေရတာနဲ့ တကာသစ်ရေ နိဗ္ဗာန်ကွယ်သွားတယ်.... (မှန်ပါ့ဘုရား)။

တောင်းလို့ ရထားတဲ့ ခန္ဓာကြီးလေဗျာ.... (မှန်ပါ့) အဲဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီးက ဘာတွေများ ကွယ်ဖုံးနေပါလိမ့်မတုံး မေးတဲ့အခါကျတော့မှ နိဗ္ဗာန်ဆိုတဲ့ ဒုက္ခ ချုပ်ရာကြီးကွယ်ဖုံးနေတယ်.... (မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်အဖုံးဟာ ခန္ဓာ.... (မှန်ပါ့)။

နိဗ္ဗာန်အဖုံးသည်....(ခန္ဓာပါဘုရား) သဘောကျပလား .... (ကျပါပြီဘုရား)။

နိဗ္ဗာန်ဖုံးနေတဲ့ဥစ္စာ ဒီခန္ဓာကြီးကို တခါ တကာတကာမတွေက ငါ့ကိုယ်၊ ငါ့ဟာ လုပ်ပြန်တယ်....(မှန်ပါ့) အင်း... ဒိဋ္ဌိက စွဲလိုက်ပြန်တယ်....(မှန်ပါ့)။

ဒီခန္ဓာကြီး ဘယ်လိုယူကြပါလိမ့်....(ငါ့ကိုယ်၊ငါ့ဟာလို့ ယူပါတယ်ဘုရား) ငါ့ကိုယ်၊ ငါ့ဟာလို့ တကာသစ် စွဲပြန်တယ်.... (မှန်ပါ့)မစွဲလားဗျာ.... (စွဲပါတယ်ဘုရား)။

အဲဒီ အစွဲဆိုတဲ့ စွဲလိုက်တဲ့ သက္ကာယဒိဋ္ဌိကြီးကလဲ တခါထပ်ပြီး ဖုံးလိုက်ပြန်တော့ ဆုတောင်းက ဖုံးတာတမျိုး၊ ရောက်ရာဘဝမှာ သက္ကာယဒိဋ္ဌိက စွဲထားလို့ ဖုံးတာက တမျိုးဆိုတော့....

ဩဘ်… ငါတို့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး မရောက်တာ *ခန္ဓာနဲ့ခန္ဓာကို အထင်မှားတဲ့သက္ကာယဒိဋ္ဌိကြောင့်ဘဲ….(မှန်ပါ့) ပေါ်လာပြီ…. (ပေါ်လာပါပြီဘုရား) တကာကြွယ်-ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ခန္ဓာနဲ့ ခန္ဓာအထင်မှားနေတဲ့ သက္ကာယဒိဋ္ဌိကြောင့်ဘဲ၊ ငါတို့ နိဗ္ဗာန်မရောက်တာဆိုတာကိုဖြင့် ယနေ့ အကွက်ပေါ်ပါပြီ· (ပေါ်ပါပြီဘုရား) တကာတကာမတို့ သေသေချာချာ ရှင်းပါတယ်….(ရှင်းပါတယ်ဘုရား)။

နိဗ္ဗာန်ဟာ ဘယ်သူကွယ်နေပါလိမ့်….(ခန္ဓာအဖုံး ကွယ်နေပါတယ်ဘုရား)။

ဒီခန္ဓာပေါ်မှာလဲ တခါ ငါ့ကိုယ်, ငါ့ဟာထင်တဲ့ သက္ကာယဒိဋ္ဌိကလဲ စွဲနေပြန်တော့ ဦးမာဒင်ရေ ဒိဋ္ဌိရော….ခန္ဓာရော တွဲပြီး ကာကွယ်ပေးလိုက်တဲ့ ဖြစ်ခြင်းဟာ တခါဘည်း နိဗ္ဗာန်ကို အစမပေါ်လာတော့ဘူး … (မှန်ပါ့)ဒုက္ခခပ်သိမ်း ငြိမ်းဘဲ့ နိဗ္ဗာန်ကြီး အစပေါ်လာသေးရဲ့လား…(မပေါ်လာပါ)ကြောက်စရာကြီးပါလား …… (မှန်ပါ့)။

ကြောက်စရာကြီးပါလား….၊ တကာတကာမတွေကလဲ ဒီ…. ခန္ဓာကြီးကို မထိုးဖေါက်နိုင်၊ မထိုးဖေါက်နိုင်တော့ သက္ကာယဒိဋ္ဌိကလဲ ခင်ဗျားတို့က ငါ့ကိုယ် ငါ့ဟာဘဲဆိုဘဲ့ အစွဲကြီးကလဲ ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်ကလဲ ရှိနေပြန်တော့ တကာတကာမတွေ နိဗ္ဗာန်ဖြင့် ရောက်ဘို့ရာ မမြင်ပါဘူး….(မှန်ပါ့)ဖုံးထားတယ်(မှန်ပါ့)

---

* နိဗ္ဗာန်ကို ခန္ဓာဖုံးသည်၊ ခန္ဓာကို ဒိဋ္ဌိဖုံးသည်ဟု ဆိုလိုသည်။

အဖုံးမှ မဖွင့်နိုင်တော့ဘဲ....(မှန်ပါ)တကာကြွယ်....သိပ်ကြောက်စရာကောင်းပါလား....(ကြောက်စရာကောင်းပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ သည်းခံပြီးနာပါ၊ ဒါ နိဗ္ဗာန်ဖွင့်ပေးမယ်....(မှန်ပါ) နိဗ္ဗာန်ဖွင့်ပေးမည့် တရားလို့ သေသေချာချာ မှတ်ပါ... (မှန်ပါ)။

သို့သော် ဖုံးထားမှန်း မသိတဲ့ ပုဂ္ဂိုလ် တဦးတယောက်မှာ ရိုကော်တာသေတ္တာတခု နိုင်ငံခြားက ရောက်လာတယ်၊ အဖုံး မပါဘဲ ကျုပ်တို့ ခလုပ်တွေ ဘာတွေ မကိုင်တတ်တော့ ဘယ်လိုမှ မဖွင့်တတ်တော့ ဒီ ရိုကော်တာ ဘယ်ကနေ နှိပ်ပြီး ဘယ်ကနေ အသံသွင်းလို့ ဘယ်ကနေပြီးသကာလ အသံလွှင့်တယ်ဆိုတာ တကာသစ်....သိပါ့မလား... အဖုံးမှ မဖွင့်တတ်ယင်....(မှန်လှပါဘုရား)။

ထို့အတူပါဘဲတဲ့...၊ ဘုန်းကြီးတို့ တကာတကာမတွေမှာလဲ ခန္ဓာအဖုံး သက္ကာယဒိဋ္ဌိ ဖုံးနေတာကြီး မဖွင့်နိုင်သော့ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာစစ် ချမ်းသာမှန်ကြီး မရ-မရောက်၊ဥာဏ်အောက်သို့ မရောက်လာ ကိုယ့်အလိုတိုင်း မပေါ်ပေါက် လာတာသည် အဖုံးမဖွင့်တတ်လို့....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာ မဖွင့်တတ်လို့တုံး.... ( အဖုံးမဖွင့်တတ်လို့ပါဘုရား ) ခန္ဓာကိုခင်တဲ့ သက္ကာယဒိဋ္ဌိ ဖုံးနေတယ်....(မှန်ပါ) ရှင်းပလား.... ရှင်းပါပြီဘုရား)။

ဘယ်သူ ဖုံးနေပါလိမ့်.... (အဝိဇ္ဇာယဒိဋ္ဌိဖုံးနေပါတယ်ဘုရား)

တကာတကာမတွေ ခင်ဗျားတို့ ပြောရတာ ဘုန်းကြီးဟာ ဝမ်းလဲသာပါတယ်၊ ဝမ်းသာတာက အင်မတန် ခက်တဲ့အဓိပ္ပါယ်ကြီး အင်မတန်ဖုံးနေတာကြီးကို ဖွင့်ပေးရမှာမို့ အင်မတန်ဘဲ ဝမ်းသာတယ်.... (မှန်ပါ) စိုးရိမ်တာက ဩော်.... နားမလည်မှာကိုလဲ တော်တော် စိုးရိမ်တယ်....(မှန်ပါ)။

နားမလည်လို့ရှိယင်လဲ ခင်ဗျားတို့ ဒုက္ခပင်လယ်ဝေပြီးတော့ မြေးကြီး,ကြီးပွားရေးသာ ဖြည့်တော့မယ်....(မှန်ပါ) သိပ်စိုးရိမ်စရာကောင်းတယ်.... (ကောင်းပါတယ်ဘုရား) စိုးရိမ်စရာ သိပ်မကောင်းပေဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့်.... ဘုန်းကြီးတို့ တကာတကာမတွေ အထူးဂရုစိုက်ပြီး ဩော် ငါ့ဘက်ကအပြစ်ဟာ ဒါပါကလား.... ( မှန်ပါ ) ငါတို့ ရှေ့လာဦးမည့် ဒုက္ခတွေကလဲ တပုံကြီးပေါ့ဗျာ...(မှန်ပါ)။

ဒါတွေ ယနေ့ ဒီတရားနားလည်ပြီး ဒီတရား အားထုတ်လိုက်လို့ရှိယင် ဒုက္ခဇာတ်ပြတ်တော့မယ်....(မှန်ပါ) မပြတ်ပေဘူးလား....(ပြတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ပေပြီးသကာလ နားမလည်, လည်အောင်ထောင်၊ နားလည်အောင်တော့ဖြင့် အတော်ပြောတတ်တဲ့ ဘုန်းကြီးဘဲ ...(မှန်ပါ)။

သို့သော် ခင်ဗျားတို့က သိပ်ထူလွန်းမကထူယင်တော့ မတတ်နိုင်ဘူးပေါ့ဗျာ (မှန်ပါ) နားလည်အောင်တော့ဖြင့် အတော်ပြောတာဘဲ....(မှန်ပါ) ပါဠိဆိုယင် မပါသလောက်ပါဘဲ ....

(မှန်ပါ့)သို့သော် ဒီပါဠိတော်ကိုဘဲ ဘုန်းကြီးဂရုစိုက်ပြီး ထားတယ်… (မှန်ပါ့)။

ကိုင်း….ဒါဖြင့် ပြောကြပါစို့ နိဗ္ဗာန်ဖုံးနေတာ ခန္ဓာကိုယ် ငါထင်တဲ့ သက္ကာယဒိဋ္ဌိ, ငါ့ဥစ္စာထင်တဲ့တဏှာ….(မှန်ပါ့)ရှင်းပလား….(ရှင်းပါပြီ) ဒီနှစ်ခုဖုံးပြီးသကာလ နေလိုက်တာ တကာ တကာမတို့ နိဗ္ဗာန်မတတ်သာလို့သာ ထည့်လိုက်တယ်၊လူ့ပြည် နတ်ပြည်, ဗြဟ္မာ့ပြည် အကြိမ်ကြိမ်ခံစားရ၍ဆိုတော့ သူတို့နှစ်ခု လက်ချက်ဘဲ….(မှန်ပါ့) တဏှာ ဒိဋ္ဌိနှစ်ခု၏ လက်ချက်နဲ့တောင်း ချလိုက်တယ်… (မှန်ပါ့ဘုရား)။

အခုကွယ်တာ နည်းနည်း၊နောက်များများကြီး အကြိမ်ကြိမ် ကွယ်ရပါလို၏ ဆိုတာကော… (ပါ-ပါတယ်ဘုရား) အံမာလေး-ကြောက်စရာကြီး တကာသစ်ရဲ့… (မှန်ပါ့)။

သေသေချာချာ စစ်စစ်မြစ်မြစ် ပြောတဲတ်တဲ့ ဆရာနဲ့တွေ့ လာတော့မှ ဦးမာဒင်ရေ ငါတောင်းချက်သည်ကားလို့ ဆိုယင် ငါနဲ့ နိဗ္ဗာန်နဲ့ ဘယ်တော့မှ မတွေ့ရစေသတည်း …. (မှန်ပါ့) ဒီရောက်တယ် ( ရောက်ပါတယ် ) သိပ်ကြီးကျယ်ပါလား…. (မှန်ပါ့)သိပ်ကြီးကျယ်တယ် ဆိုတာဖြင့် ဒါသောက်ရှိသိလောက် ပါပြီဗျာ….(သိလောက်ပါပြီဘုရား)။

အကြိမ်ကြိမ်ကွယ်၍…. (မှန်ပါ့ဘုရား) ခန္ဓာပေါ်မှာထင်တဲ့ သက္ကာယ- ရောက်ရာမှာလဲ ခန္ဓာပေါ်မှာဘဲ၊ ပေါ်ရာကိုလဲ ငါ ထင်မှာဘဲဆိုတော့ သက္ကာယဒိဋ္ဌိကလဲ ငှမနိဗ္ဗာန်ကွယ်ထားမယ် (မှန်ပါ)။

အဲဒီ ကွယ်တဲ့တရားနဲ့ ဒီခန္ဓာကြီးနဲ့ အကြိမ်ကြိမ်ဖြစ်ရမ ပါလို၏.... ( မှန်ပါ ) အကြိမ်ကြိမ်ဖြစ်ရပါလို၏ဆိုတော့ နိဗ္ဗာန်ဘယ်အခါကာလမှ မမြင်ရတဲ့ကိုယ်ဖြစ်ရပါလို၏....(မှန်ပါ)။

တကာကြွယ် တယ်နာပါကလား....(နာပါတယ်ဘုရား) သေသေချာချာတွေးမှနော်....(မှန်ပါ) ခင်ဗျားတို့ သာမညဉာဏ်နဲ့ နားထောင်မယ်ဆိုပြီး တရားပွဲပြန်သွားမရဘူး.... (မှန်ပါဘုရား) ဉာဏ်ကြီးရှင်မှ ရတယ်....( မှန်ပါ ) ဒါဖြင့် ပေါ်ကြပါပြီ.... (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ပဋမနိဗ္ဗာန်ကွယ်တာ ခန္ဓာကိုယ် ငါငါ့ဉစ္စာထင်တဲ့ သက္ကာယဒိဋ္ဌိ....(မှန်လှပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီ-သက္ကာယဒိဋ္ဌိဖြုတ်လိုက်ရလို့ရှိယင် ပဋမနိဗ္ဗာန်ရောက်မယ်.... (မှန်ပါ) ပဋမနိဗ္ဗာန်ရောက်လို့ရှိယင် ဒုတိယကိုပဋမနိဗ္ဗာန်ရောက်တဲ့ဉာဏ်က ဆက်လက်ပြီး တွန်းပို့သွားရမှာဘဲ (မှန်ပါ) ဘုန်းကြီးတို့ ကူဘို့မလိုတော့ပါဘူး....(မလိုပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ရှင်းကြပါစို့၊ ဒီနေ့ပြောရမှာက တကာ တကာမတို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ရှင်သာရိပုတ္တရာကြီး သီတင်းသုံးနေတယ်....(မှန်ပါ)ရှင်သာရိပုတ္တရာကြီးသီတင်းသုံးပြီးသကာလနေတော့ 'ယမက'ဆိုတဲ့ ရဟန်းရှိတယ် ...(မှန်ပါဘုရား)။

ယမကဆိုတဲ့ရဟန်းက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက

ရဟန္တာဆိုတာဟာကွာ… ရဟန္တာဆိုတာဟော့ - နောက်ပဋိသန္ဓေ မနေတာဘဲကွ၊ အဲဒါ ရဟန္တာခေါ်တာဘဲ….(မှန်ပါ)။

နောက်ပဋိသန္ဓေမနေတာ ရဟန္တာခေါ်တာဘဲလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နောက်ပဋိသန္ဓေဆိုတာ ဒုက္ခသစ္စာကိုးဗျ….(မှန်ပါ) အဲဒါ ဒုက္ခသစ္စာမလာတာဟာ နိဗ္ဗာန်ဘဲကိုး (မှန်ပါ)။

အဲဒီလို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အကျယ်တဝင့် ဟောပြီးသကာလနေတုန်း ယမကဆိုတဲ့ ရဟန်းတပါးက သြော် ရဟန္တာများသေယင် ဘာမှ မဖြစ်ဘဲကိုး… လို့ ယူလိုက်ပါတယ် (မှန်ပါ)။

ရဟန္တာသေယင်…(ဘာမှ မဖြစ်ပါဘူးလို့ ယူလိုက်ပါတယ်ဘုရား) ဒါဖြင့်…. ဉစ္ဆေဒဒိဋ္ဌိဘက် ကူးသွားတယ်…. ( မှန်ပါဘုရား)။

ဘာမှမဖြစ်ဘူးဆိုတော့ ဘယ်ဘက်ကူးသွားသလဲ…. (ဉစ္ဆေဒဒိဋ္ဌိဘက် ကူးသွားပါတယ်ဘုရား) ဉစ္ဆေဒဒိဋ္ဌိဘက် ကူးသွားပါတယ်….(မှန်ပါ)။

ဉစ္ဆေဒဒိဋ္ဌိဘက်ကူးသွားပြီး တရားပွဲက ပြန်လာတော့ သူက ရဟန်းတွေ အစည်းအဝေး ဝင်တဲ့ပြီး အရှင်ဘုရား….ဘုရားဟောတော်မူတာ တပည့်တော် အကုန်သိတယ်… (မှန်ပါ)။

ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူးဆိုတော့ တကာတကာမတွေ ဉာဏ်ကြီးကြီးနဲ့ နားထောင်လိုက်တော့မှ သြော်နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူး ယူလိုက်တယ်.. (မှန်ပါ)ဘယ်ရောက်

သွားသလဲ.... (ဥစ္စာဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား) တကာကြွယ် ဘယ်အခိုပ္ပါတ်ရောက်သလဲ· (ဥစ္စာဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား) ဒိဋ္ဌိက ဥစ္စာဒိဋ္ဌိ....(မှန်ပါ့)။

သူက ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူး—ဆိုတော့ ရဟန္တာသေလို့ရှိယင် နိဗ္ဗာန်ကို ရောက်တာဘဲ....၊ ဒါ့ကြောင့် နိဗ္ဗာန်မရှိဘူး ယူလိုက်တာနဲ့ကော ထူးသေးရဲ့လား....(မထူးပါ ဘုရား) တယ်လဲ ဆိုးပါကလား.... (ဆိုးပါတယ်ဘုရား) ဒါဖြင့် ဘာဒိဋ္ဌိခေါ်ကြမယ်....(ဥစ္စာဒိဋ္ဌိပါဘုရား)။

ဥစ္စာဒိဋ္ဌိဖြစ်ပြီးသကာလ သွားတော့ တကာကြွယ့်ရေ— မလျော့တော့ဘူး သူ့ဥစ္စာဒိဋ္ဌိ၊ ဒိဋ္ဌိဆိုတာ ဒိဋ္ဌုပါဒါန်ကိုးဗျ— (မှန်ပါ့) ဥပါဒါန်အခြေအနေရောက်ပြီဆိုမှဖြင့် ဦးသန်းမောင်တို့ တွဲတော့တာဘဲ မရဘူး....(မှန်ပါ) ရသေးရဲ့လား....(မရပါ ဘုရား)။

ဒီမှာကော ဦးသန်းမောင်တို့ အိမ်ကလဲ ကျကျ၊ သားနဲ့ သမီးနဲ့ဖြစ်နေကြပြီဆိုမှဖြင့် အင်း.... ကိုယ်ကဆိုးလဲ မိန်းမက အို—ဟိုင့်-ဒီင့်နဲ့ မပစ်နိုင်ဘူး....(မှန်ပါ့)။

မိန်းမကဆိုးပြန်လဲ သားသမီးတွေ တောင်ငဲ့-မြောက်ငဲ့နဲ့ စီးပွားရေးလက်မှတ် ထိုးထားတာတွေ အတူတူနဲ့ အမျိုးမျိုး အဖုံဖုံလက်ထက်ပွားတွေ စီးပွားရေးတွေနဲ့ ဟာ.... မတတ်သာ ဘူး ဒီအတိုင်းနေရဦးမယ်.... ( မှန်ပါ့ ) ဒိဋ္ဌုပါဒါန်လေဗျာ... (မှန်ပါ့) တွဲမိပြီဆိုမှဖြင့် ခင်ဗျားတို့ ဖြုတ်လို့ ရသေးရဲ့လား (မရပါဘုရား)။

မရတော့ဘူးဆိုသလိုဘဲ အဲဒီ ယမကမှာလဲ သူ့မှာ တရား တခါနာလိုက်တာနဲ့ ရဟန္တာသေယင်ကွာ ပဋိသန္ဓေမနေပါဘူး ဆိုတာ ကြားလိုက်တာနဲ့ ရဟန္တာသေယင် ဘာမှမဖြစ်တော့ ဘူးလို့ သူက အယူ့ယူလိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် ရဟန္တာသေယင် တကာတကာမတို့ နိဗ္ဗာန်ဘဲ ကြွရိုး ပါဘဲ.... (မှန်ပါ့) နိဗ္ဗာန်ရောက်တယ်လို့ ဆိုရိုးပါဘဲ.... (မှန်ပါ့ ဘုရား)။

သို့သော်.... သူက ဘာမှမဖြစ်တော့ဘူးဆိုသဖြင့် နိဗ္ဗာန်မရှိ ဘူးလို့ ယူလိုက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား) ဘာတဲ့တုံး.... (နိဗ္ဗာန်မရှိဘူးလို့ ယူလိုက်ပါတယ်ဘုရား) ဒါဖြင့် ဘာဒိဋ္ဌိ ဖြစ်သွားသတုံး....(ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားပါတယ် ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားတယ်.... (မှန်ပါ့) တကာကြွယ် နာလိုက် တာဗျာ... (မှန်ပါ့)။

တကာတကာမတို့ ဘာဒိဋ္ဌိလဲ....(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)ဒီအယူ ရှိယင်လဲ ဘုန်းကြီးတို့ တကာ တကာမတွေ နိဗ္ဗာန်မရနိုင်ဘူး ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအယူကိုလဲ ဖြေဖျောက်ပေးရမည့် ဆရာသမား လို လာတယ်....(မှန်ပါ့) မလိုဘူးလား....(လိုပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကိုယ်သိတာကလေးလောက်နဲ့ တော် လောက်ပြီဆိုပြီး ဘုန်းကြီးတို့ တကာတကာမတွေ တင်းတိမ် မနေလိုက်ပါနဲ့.... (မှန်ပါ့) တင်းတိမ်နေလိုက်ယင် တင်းတိမ် မှားလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

တင်းတိမ်ယင်....(တင်းတိမ်မှားပါဘုရား) အေး....တင်းတိမ်လို့ရှိယင် တင်းတိမ်မှားလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) အခုဘာဒိဋ္ဌိဖြစ်နေသတုံး— (ဥစ္ဆေဒဒိဋ္ဌိဖြစ်နေပါတယ်ဘုရား) သူကဘာမရှိဘူးလို့ ယူလိုက်တာတုံးဆိုလို့ရှိယင်....(နိဗ္ဗာန်မရှိဘူးလို့ယူလိုက်ပါတယ်ဘုရား)။

အံမာ.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ နိဗ္ဗာန်သည် ဓုဝနိဗ္ဗာန်ဟော့....သုခနိဗ္ဗာန်ဟော့ ·လို့ ဟောလိုက်တာလဲ မနည်းဘူး.... (မှန်ပါ့) အမြဲရှိတဲ့နိဗ္ဗာန်, အမြဲချမ်းသာတဲ့နိဗ္ဗာန်လို့ဘုရားက ဟောတယ်....(မှန်ပါ့)။

အင်း.... ဘုရားက ဟောလိုက်တာလဲ ဓုဝတို့ သုခတို့များဟောလိုက်တာ နိဗ္ဗာန်ဟာ ရှိလဲရှိတယ်က 'အတ္ထိဘိက္ခဝေနိဗ္ဗာနံ' လို့လဲဥဒါန်းပါဠိတော်တို့မှာ သေသေချာချာလာတယ်(မှန်ပါ့) သူကိုယ်တိုင်ဟောတာတွေဘဲ နိဗ္ဗာန်ရှိပါတယ်လို့ ( မှန်ပါ့ ) ယမကကက ဘယ်လိုယူလိုက်ပါလိမ့်.... (နိဗ္ဗာန်မရှိပါဘုရား)။

နိဗ္ဗာန်မရှိတော့ဘူး၊ ရဟန္တာသေလို့ရှိယင် ပျောက်တာဘဲဆိုတော့ .... ဘုန်း ကြီး တို့ ... တ ကာ တကာမတွေမှာလူတယောက် တံခါးက နေပြီး ဟော့.... နိဗ္ဗာန် ဆိုတာဟာကောင်းတာလဲခံစားနိုင်တာမဟုတ်ဘူး၊ မကောင်းဘာလဲ ခံစားနိုင်တာမဟုတ်ဘူး၊ ဆေးငွေ့လို ပျောက်သွားတာ.... (မှန်ပါ့) ဒီလိုယူတဲ့လူတွေလဲ ရှိသေးတယ် .. ( မှန်ပါ့ ) နိဗ္ဗာန်ကို တခါတည်း ဘာမှမရှိဘူး ယူချလိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် အဲဒီ ပုဂ္ဂိုလ်တွေလဲ ဘာဒိဋ္ဌိဆိုကြမယ်.... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) အံမာ.... တကာသစ်တို့ ဦးမာဒင်တို့ ရှိသနော်.... (မှန်လှပါ) ရှိတယ်....(မှန်ပါ့-ရှိပါတယ်ဘုရား)။

သဿတဒိဋ္ဌိတင်ရှိတာမဟုတ်ဘူး၊ မနေ့က ဟိုမှာဟောခဲ့တာက သဿတဒိဋ္ဌိ....(မှန်ပါ့) ဒီနေ့ ဒီမှာဟောတာက ဥစ္ဆေဒဒိဋ္ဌိက နိဗ္ဗာန်တားနေတာ ဟောတာ....(မှန်ပါ့)။

ကဲ.... ဒါဖြင့် အားလုံး တကာတကာမတွေ ဒါကလေးကို ဂရုစိုက်နားထောင်ပါ၊ သောတာပန် တည်နိုင်အောင် ဟောလိမ့်မယ်....(မှန်ပါ)။

ဒါနဲ့ ရှင်သာရိပုတ္တရာကြီးဆိသွားပြီးသကာလ ရဟန်းတွေက ပြောကြတဲ့ပေါ့လေ....ယမကဆိုတဲ့ ရဟန်းတပါးဖြင့်ဘုရား· ဘုရားဟောတာ သူသိပါတယ်တဲ့၊ ရဟန္တာသေလို့ ရှိယင် ဘာမှ မဖြစ်တော့ပါဘူး .. ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူကြီး ယူနေပြီဘုရား၊ အရှင်ဘုရား ကယ်ဦးမှဘဲ-ယူဦးမှဘဲ၊ အရှင်ဘုရားကိုယ်တိုင်ကို ကြွမှကောင်းမှာဘုရာ့၊ ဒီလူက အပြောရခက်ကြီးဆိုပြီး ရှင်သာရိပုတ္တရာကြီးက ညနေကျတော့ ယမကနေတဲ့ကျောင်း သွားပြီး ယမက ရေ....မင်း-ဒီလိုအယူမျာ းယူသလားကွ ဥစ္ဆေဒဒိဋ္ဌိ အယူကြီးပါ... (မှန်လှပါဘုရား)။

ယူပါတယ်ဘုရား၊ ရဟန္တာသေယင် ဘာမှမဖြစ်ဘူးဆိုတာ ဘုရားဟောတော်မူတာ ဒီအတိုင်းပါဘဲ....(မှန်ပါ့ဘုရား)။

ဟာ... ငါ့ရှင် သိပ်ဆိုးပါကလား၊ ဥစ္ဆေဒဒိဋ္ဌိ ဘုရားဘယ်တော့မှ မဟောဘဲနဲ့ ဘုရားကိုတောင် မင်းက ဥစ္ဆေဒဒိဋ္ဌိ လုပ်

နေပြီ၊ ငါ့ရှင် ဒီလိုမပြောနဲ့၊ မင်းသည် မဂ်ဖိုလ်မှအချည်းနှီးဖြစ်ရတော့မယ်....(မှန်ပါ)။

ဒီလိုဆုံးမတယ်၊ ဆုံးမတဲ့ အဖြစ်နဲ့ဘဲ အမျိုးမျိုးဆုံးမပြီး သကာလ နေငြားသော်လဲ မရဘူး၊ မရတာနဲ့ ရှင်သာရိပုတ္တရာက မေးတယ်၊ ငါ့ရှင် သေသေချာချာ စဉ်းစားပါဦး၊ ရဟန္တာဆိုတာကော နဂိုရ်ကရှိရဲ့လား- ရုပ်ကို ရဟန္တာခေါ်မလား မေးလိုက်တယ်....(မှန်ပါ)။

တကာတကာမတွေ ရုပ်ကို ရဟန္တာ ခေါ်နိုင်ပါ့မလား .... (မခေါ်နိုင်ပါဘုရား)။

ခန္ဓာငါးပါးရှိတယ်နော်.... (မှန်ပါ) ကောင်းတာ ဆိုးတာ ခံစားတဲ့ ဝေဒနာကလေး ရဟန္တာခေါ်ကြမလား....(မခေါ်နိုင်ပါဘုရား)ဟိုဟာ ဒီဟာမှတ်နေတဲ့ သညာကလေး ရဟန္တာခေါ်ကြမလား....(မခေါ်နိုင်ပါ)စေ့ဆော်တိုက်တွန်းနေတဲ့ စေတနာကလေးကော ရဟန္တာခေါ်မလား.... (မခေါ်ပါ) စိတ်ကလေးတွေကော ရဟန္တာခေါ်ကြမလား....(မခေါ်ပါဘုရား)။

ဟာ.... ဒါဖြင့် တကာတကာမတို့ နဂိုရ်ကမှမရှိတာ သူက ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူးဆိုတာ သူ့စကားက ပြင်ဘက်စကားဖြစ်သွားပြီ....(မှန်ပါ) နဂိုရ်ကမှ ရဟန္တာမှ... (မရှိပါဘုရား)သဘောကျကြပလား....(ကျပါပြီ)။

နဂိုရ်ကကိုက ရဟန္တာမရှိဘူး....(မှန်ပါ) တကာတကာမတွေ နဂိုရ်က ရဟန္တာရှိရဲ့လား ...(မရှိပါဘုရား) ကျုပ်တို့ဟာ ကျုပ်တို့ သမုတ်လို့ ရဟန္တာဖြစ်ရတာ....(မှန်ပါ)။

ဩော်....ဒီကိုယ်တော်ကြီးဟာ ကောင်းကင်ပျံတယ်၊မြေလျှိုး ရှာတယ်... (မှန်ပါ) မြေလျှိုး ကောင်းကင်ပျံတဲ့အလုပ်· မလုပ် ဘူး သုက္ခဝိပဿက ပုဂ္ဂိုလ်ကျတော့ ရဟန္တာဘဲ၊ ဘုရားက အာသဝေါကုန်သတဲ့ဆိုတော့ ရဟန္တာဆိုတာ ပညတ်.... (မှန်ပါ) တကယ်ပရမတ်တော့ ရဟန္တာရှိပါရဲ့လား....(မရှိပါ) ခန္ဓာငါး ပါးဘဲရှိတယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါ့ရှင် ယမက·မင်းသည်ကားလို့ ဆိုယင်ဖြင့် ခန္ဓာငါးပါးကို ဘယ်ဟာ ရဟန္တာဆိုမတုံးတဲ့.... (မှန်ပါ) မေးလိုက်တော့ မဆို ပါဘူးဘုရားတဲ့... (မှန်ပါ) အင်း... တော်တော်ပြေပြီ....(မှန်ပါ) မပြေသေးဘူးလား....(ပြေပါတယ်ဘုရား)။

တကာတကာမတို့ တော်တော်ပြေသွားပြီ.... (မှန်ပါ) သူက ရဟန္တာ နဂိုရိကမှ မရှိဘဲနဲ့ဥစ္စာဘဲ....(မှန်ပါ) နဂိုရိကမှ မရှိတဲ့ ဥစ္စာ သူက ရဟန္တာသေယင် ဘာမှမဖြစ်ဘူးဆိုတော့ ပုဂ္ဂိုလ် သတ္တဝါလုပ်ထားတယ်....(မှန်ပါ)သဘောကျပလား.... (ကျပါပြီ ဘုရား)။

အဲဒီတော့ အရှင်သာရိပုတ္တရာက မေးတယ်၊ ရုပ်ကိုရဟန္တာ ခေါ်မလားဆိုတော့ ဘယ့်နှယ်ဖြေကြသလဲ... (မခေါ်ပါဘုရား) ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို ရဟန္တာခေါ်ကြမလား (မခေါ်ပါဘုရား)။

မခေါ်နိုင်ဘူး ဟုတ်မှမဟုတ်ဘဲ....(မှန်ပါ) ဒါဖြင့် ခန္ဓာဟာ ခန္ဓာပေါ့ တကာတကာမတို့....(မှန်ပါ) ရဟန္တာဟုတ်ကဲလား.... (မဟုတ်ပါဘုရား)။

ရဟန္တာဆိုတာကတော့ ခင်ဗျားတို့လဲ ဟို တောင်ခေါင်းကြီးထဲသွားကြည့်ပြီး ဒါက ဘယ်ရဟန္တာဆိုတာ ဆိုင်းဘုတ်ကလေးကြည့်ပြီး ဟောဒါက ကျောက်ထုချင်း အတူတူဘဲ၊ ဒါရဟန္တာဘဲလို့ လုပ်ချင်လုပ်ရမယ်(မှန်ပါ့) သဘောကျပလား (ကျပါပြီ)ရဟန္တာက သမုတိသစ္စာ....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

စင်စစ် ရဟန္တာအစစ်ကို ခင်ဗျားတို့ သိချင်လို့ရှိယင်ဖြင့် တကာတကာမတို့ ကိလေသာဖြတ်တတ်တဲ့ ဉာဏ်ကို ဆိုတာ.... (မှန်ပါ့)အရဟန္တကိုး....(မှန်ပါ့) အရဟန္တ၊ အရ က =ရန်သူ၊ ဟန္တ ·က သတ်တာ၊ ရန်သူကိုသတ်ပြီးသား .... (မှန်ပါ့) ဒါကို ဆိုတာ....(မှန်ပါ့)။

ရန်သူကိုသတ်ပြီးသားပုဂ္ဂိုလ်၊ ရန်သူကိုသတ်ပြီးသား တရားဆိုတာ... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သူက ရန်သူသတ်ပြီးသားဆိုတော့ ကျုပ်တို့က ပုထုဇန် ... (မှန်ပါ့) သူ့ကို ရန်သူသတ်ပြီးသားဆိုဘော့ ကျုပ်တို့ဘက်လှည့်ပြောဦးမှ ဖြစ်မှာ....(မှန်ပါ့)မရဘူး စကားက တကာကြွယ် သွားရတော့ မယ်....(မှန်ပါ့) သူက ရန်သူသတ်ပြီးသားဆိုတော့ ကျုပ်တို့က မသတ်ရသေးတဲ့ပုဂ္ဂိုလ်....(မှန်ပါ့)။

သူက ဘာတွေသတ်ထားသတုံး ဆိုတော့ ကိလေသာရန်သူ သတ်လို့ အရဟန္တဖြစ်တယ် .... ( မှန်ပါ့ ) ကျုပ်တို့မှာတော့ ကိလေသာရန်သူ ထူပြောသောကြောင့် ပုထုဇ္ဇနဖြစ်တယ် .... (မှန်ပါ့)သဘောကျပလား....(ကျသွားပါပြီဘုရား)။

ကျုပ်တို့က ပုထုဇန်လို့ မပြောကြဘူးလား .... (ပြောကြပါတယ်ဘုရား)အင်း.... ဘယ့်နှယ်ကြောင့် ပုထုဇန်လို့ ပြောကြပါလိမ့်...(ကိလေသာရန်သူ ထူပြောသောကြောင့်ပါ) ကိလေသာထူပြောလို့....(မှန်ပါ)။

ခင်ဗျားတို့က ကျုပ်တို့တော့ မှားတာ မှန်တာတော့ ဗေ့မယူနဲ့နေ့ဘ်လို့ တကာကြွယ်တို့က လေပြေထိုးတယ် ... (မှန်ပါ) ပုထုဇန်ဆိုတာ ဒီလိုဘဲတဲ့... (မှန်ပါ) အံမာ....သူက ကိလေသာပေါတဲ့လူလို့ ကြွားလိုက်သေးတယ် .... (မှန်ပါ) ရိုပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာနဲ့ကြွားပါလိမ့်(ကိလေသာပေါတဲ့လူလို့ကြွားပါတယ်) ကျုပ်တော့ ဗေ့မယူပါနဲ့ဗျာ ပုထုဇန်ဘဲတဲ့....(မှန်ပါ) အသုံးကမြို့သုံး... (မှန်ပါ) ကြွားရတာကတော့ နားထဲမှာသိပ်ဆိုးဝါးတယ်....(မှန်ပါ)။

ကျုပ်ပုထုဇန်ပါတဲ့၊မှားတာ-မှန်တာတွေတော့သိပ်ပြီးသကာလမယူနဲ့၊ ကျုပ်အတွေ့နဲ့ ကျုပ်တော့ဖြင့် မှန်တယ်ထင်ပြီး ပြောတော့ ပြောရတာဘဲ၊ သို့သော် ပုထုဇန်သဘော ဖြစ်နေတော့မှားတာလဲ ရှိလိမ့်မပေါ့ဗျာတဲ့....(မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဒါကလေး ဖုံးပါလိမ့်မတုံး တကာကြွယ်ပါးစပ်ကတောင် မဖွင့်ရဲဘူး... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပါးစပ်ကတောင် မဖွင့်ရဲပါဘူးတဲ့.... ( မှန်ပါ )ဘယ့်နှယ်ကြောင့် မဖွင့်ရဲပါလိမ့်မတုံး မေးတဲ့အခါကျတော့မှ တကာ

တကာမတို့ အဓိပ္ပါယ်မသိဘဲ ပြောနေတဲ့စကား.... ( မှန်ပါ ) သဘောကျပ်လား....(ကျပါပြီ)။

အဓိပ္ပါယ်မသိဘဲနဲ့ ပြောနေတဲ့ စကားဖြစ်တော့ကျပ်ဟာ အင်မတန် ကိလေသာထူပြောပါတယ် ဗေ့မယူပါနဲ့တဲ့(မှန်ပါ) ကောင်းသေးရဲ့လားဗျာ....(မကောင်းပါဘုရား)။

ကျပ်က ကိလေသာတွေ ထုတက်နေတဲ့ ပုဂ္ဂိုလ်ပါ၊ ဒါ ကြောင့် ဗေ့မယူပါနဲ့.. ( မှန်ပါ ) ကောင်းသေးရဲ့လား .... (မကောင်းပါ) နောက်တော့ ခင်ဗျားတို့ လေပြေထိုးတွေမလာ ခဲ့နဲ့... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ပုထုဇန်ဆိုတော့ မှားမှာပေါ့၊ မမှားသောရှေ့နေ မသေ သော ဆေးသမားဘယ်ရှိမလဲဗျာ၊ ပုထုဇန်တွေ....(မှန်ပါဘုရား) အဲမာ ဦးမာဒင်တို့က ခပ်ပြုံးပြုံးနဲ့လဲ ပြောလိုက်သေးတယ်.... (မှန်ပါ)ပြောရမှာက မဲ့ပြောရမှာ....( မှန်ပါ ) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ပြောရမှာက....(မဲ့ပြောရမှာပါ)ဩော်....ငါ့မှာ ကိလေသာ ချေးတွေ ထူလှချည့်လား၊ ဒီဟာနဲ့ ဝန်ခံရှုရှိတော့တာဘဲ၊ ကျပ် ဖြင့်ဗျာ လူမိုက်ကြီးဘယောက်ပါဘဲ၊ ကိလေသာတွေပေါလွန်း လို့ သည်းခံပါ....(မှန်ပါ)။

ဒီလိုမဲ့ပြောရမှာ....(မှန်ပါ) မဟုတ်ဘူး သူတို့ကပြုံးမျှား ပြောနေလိုက်သေးတယ်....( မှန်ပါ ) အဲမာသေး....ဒုက္ခကြီး.... (မှန်ပါ)။

နောက်ကို ဘယ်လိုပြောကြရမယ်.... ( မဲ့ပြောရမှာပါ ) မဲ့ပြောရမှာ .. (မှန်ပါ့)မဲ့ပြောမှသာ နေရာကျမှာကိုး-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....တကာကြွယ် နောက်ကို လေပြေထိုးချင် ဘယ့်နှယ် လုပ်မလဲ....(မဲ့ပြောရပါမယ်)မဲ့ပြီးပြောမှဗျ၊ အခုဥစ္စာအချိုးမှ မကျဘဲ....(မှန်ပါ့)။

ကိုင်း .. ဒါဖြင့် တကာတကာမတို့ ဒါတွေက အမှားတွေပြင် ပေးနေတဲ့ အမိပွါယ်ဘဲမှတ်တာပေါ့နော်....(မှန်ပါ့)။

( ကိုင်း....ယမက ပြန်ကောက်ကြဦးစို့.... )

ဒါဖြင့် ယမက မင်းသည် ရုပ်တရားကို ရဟန္တာဆိုမလား၊ ဝေဒနာ သညာ သင်္ခါရကို ရဟန္တာဆိုမလားတဲ့၊ မဆိုပါဘူး ဘုရား....(မှန်ပါ့)ဒါဖြင့် မဆိုပါဘူးဆိုကတည်းက တကာကြွယ် ရဟန္တာပျောက်ပြီ....(မှန်ပါ့) မပျောက်သေးဘူးလား(ပျောက် ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရဟန္တာဟာ သမုတိသစ္စာလား-ပရမတ္ထသစ္စာလား.... (သမုတိသစ္စာပါ) သမုတိသစ္စာဆိုတဲ့ဥစ္စာ ကျေနပ်ကြပလား - (ကျေနပ်ပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဘုရားရှိခိုးတော့လဲ ဇီအတိုင်းပါဘဲ တဲ့၊ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ပါပြီ- (မှန်ပါ့)ခင်ဗျားတို့ကိုယ်တော်ကြီး ရည်မှန်း၍ ရှိခိုးပါ၏... (မှန်ပါ့)။

သမုတိဘုရားရှိခိုးရမယ်....(မှန်ပါ့)သူနဲ့ဆက်ပြီး ဟိုကိုဉာဏ် ရောက်သွားအောင်လို့.... (မှန်ပါ့)ရှင်းပလား(ရှင်းပါပြီဘုရား)။

အဲဒီလိုရှိခိုးကြပါတဲ့၊ဒီကိုယ်တော်ကြီး ရည်မှန်းပြီးသကာလဲ ာပည့်တော်တို့သည် ဥဒ္ဒိဿစေတီ ရည်မှတ်ပြီးသကာလ သက် ့တော်ထင်ရှား ဘုရားရောက်အောင်ဘဲ ရှိခိုးပါတယ်....(မှန်ပါ့) ဒီလို သွားရမှာဗျ....(မှန်ပါ့)။

အခုတော့ ဒီကိုယ်တော်ကြီးကိုဘဲ သူက အင်း....ဘေးတကာ ရန်တကာ နိုင်အောင် ဆုတောင်းပြည့်ဘုရားကြီး လုပ်ချင်လုပ်နေ ဦးမှာ....(မှန်ပါ့)အတော်ခက်နေတာဗျ...(မှန်ပါ့) တကာကြွယ် ခက်ဘူးလား...(ခက်ပါတယ်ဘုရား)။

အင်း...တော်တော်ကြာ ရွှေကြက်ယက်သွား ရှင်ဘုရင်တောင် မှားလို့၊ သားတော်၊ သမီးတော်တွေသွားဒုက္ခဖြစ်တယ်(မှန်ပါ့) ရှင်ဘုရင်တောင် မှားနေတာ....(မှန်ပါ့)ရွှေကြက်ယက် သွားတာ နဲ့ ဒုက္ခဖြစ်နဲ့ ဘာဆိုင်သတုံးဗျ....(မှန်ပါ့) ဟိုက ဥဒ္ဒိဿစေတီ ကြီး ဘုရားစစ်လဲ ဟုတ်ပါရဲ့လား....(မဟုတ်ပါ) မဟုတ်ပါဘူး တဲ့...သူ့ရည်မှန်းပြီး ဟိုဘုရားကို ရှိခိုးကြရတာ....(မှန်ပါ့)။

ဒီကိုယ်တော် ရည်မှန်းပြီး ဟိုဘုရား ရှိခိုးပါ၏ဆိုပြီးသကာလ သွားရတာ၊ ဒီဘုရားသွားရတာနဲ့ ဒုက္ခဖြစ်ခံရတာ နာသဗျာ... (မှန်ပါ့)။

မနာဘူးလား...(နာပါတယ်)ရှင်ဘုရင်ရှိယင်လဲ ဘုန်းကြီးလဲ မဟောရဲပါဘူး၊ အခုတော့ သူမှမရှိလို့....(မှန်ပါ့)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ ရဟန္တာရှာတွေ့ကြရဲ့ လား....(မတွေ့ပါဘုရား)။

ရဟန္တာမရှာပါနဲ့ တကာတကာမတို့၊ ဥပမာ...တကာသစ်

ဆိုတာကို ဒီနားမှာ ရှာစမ်းပါ၊ တွေ့ကြရဲ့လား .... (မတွေ့ပါဘုရား)။

သေသေချာချာရှာတော့ တကာသစ် မရှိဘူး....( မှန်ပါ ) တကာကြွယ်ကော...(မရှိပါဘုရား)ဘာတွေတွေ့ကြသတုံး-(ခန္ဓာ ငါးပါးဘဲ တွေ့ပါတယ်ဘုရား)။

အေး... ဒါကြောင့် ရဟန္တာသေယင် ဘာမှ မဖြစ်ဘူးဆိုတဲ့ စကားဟာ စကားထဲမှာကို ဝင်သေးရဲ့လား .... ( မဝင်ပါဘုရား )။

အဲဒီတော့ ယမက-က ရဟန္တာသေယင် ဘာမှ မဖြစ်ပါဘူး ဆိုလို့ ရှင်သာရိပုတ္တရာက မင်းဟာ ခန္ဓာငါးပါးကို ဘယ်ဟာ ရဟန္တာခေါ်မလဲလို့ မေးလိုက်တယ်...(မှန်ပါ) မေးလိုက်တော့ ဘယ်ဟာမှ ရဟန္တာမခေါ်ပါဘူးဘုရားတဲ့(မှန်ပါ)။

ဒါဖြင့်ကွာ... မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာငါး ပါး ရဟန္တာမဟုတ်ဘူးဆိုလို့ရှိယင်ဖြင့် ဘာဆိုမတုံးတဲ့....(မှန်လှပါ)ခန္ဓာငါးပါးကို ခန္ဓာငါးပါး ဆိုရုံပါဘဲဘုရား....တဲ့-(မှန်ပါဘုရား)။

နို့....ဒါကို ဘာသစ္စာဖွဲ့မတုံးကွ... မင်း....(မှန်ပါ)ဟာ....ခန္ဓာငါးပါးဖြင့်ဘုရား....ဒုက္ခသစ္စာပေါ့....(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့်ကွာ...ဒီတရားဟာ အနိစ္စလား- ဒုက္ခလား-ငါမေးပြီကွာ... ဖြေစမ်းပါကွာ....ဆိုတော့ ဒုက္ခသစ္စာ အရှုခိုင်းတယ် .... (မှန်ပါ)ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒါဖြင့် ဒုက္ခသစ္စာဖြစ်ပြီ၊ ရုပ်ကြည့်စမ်းဟေ့.... ရဟန္တာလား....၊ဒုက္ခသစ္စာလား....(ဒုက္ခသစ္စာပါဘုရား)။

အေး...အဲဒီလိုကြည့်ကွာ....၊ တက်ပေးလိုက်ပြီ..( မှန်ပါ့ ) ဝေဒနာကလေးကြည့်ဟေ့....၊ ဝေဒနာလား၊ ရဟန္တာလားဟေ့ (ဝေဒနာပါဘုရား) ဝေဒနာ ဘာသစ္စာတုံးဟေ့....(ဒုက္ခသစ္စာပါ)အဲ ဒုက္ခသစ္စာဖြင့် ရှုကွ.. ဝေဒနာပေါ်တိုင်း·ပေါ်တိုင်း.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သညာပေါ်တိုင်းပေါ်တိုင်း ရဟန္တာလား·၊ ဒုက္ခသစ္စာလား-(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ပေါ်လာယင် ဘာလုပ်ကြမယ်.... (ဒုက္ခသစ္စာလို့ ရှုရပါမယ်) ဒုက္ခသစ္စာလို့ ရှုပေး....(မှန်ပါ့) သဘောပါပလား....(ပါ·ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ စိတ် ပေါ်တိုင်းပေါ်တိုင်းလဲ ရဟန္တာလား....(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာဘဲ၊ ဒါဖြင့် ပေါ်တိုင်းပေါ်တိုင်း ရှုလိုက်တော့ ဖြစ်ပျက် မတွေ့ပေဘူးလား .... (တွေ့ပါတယ်) ဖြစ်ပြီး ပျက်တာ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါ) သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီလို အရှုခိုင်းလိုက်တော့ တခါတည်း ဒီ ဒုက္ခသစ္စာမှန်း သိတော့ အဲဒါကို မင်းသည်ကားလို့ဆိုယင် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာတော ဆိုနိုင်သေးရဲ့လား... မေးပြန်တာဘဲ....(မှန်ပါ့)ဆိုနိုင်ကြရဲ့လား....(မဆိုနိုင်ပါဘုရား)။

ဘာဆိုနိုင်မလဲ တကာတကာမတွေရဲ့ ဒုက္ခသစ္စာဘဲ၊ငါ့ကိုယ်လဲ မဟုတ်ဘူး၊ ငါ့ဟာသဲ မဟုတ်ဘူး၊ ငါ့ဥစ္စာကော....(မဟုတ်ပါဘုရား)။

အဲဒီလို တခါတည်း ဝိပဿနာအရှုခိုင်းလိုက်တယ်--(မှန်ပါ့) ဟောရင်း အရှုခိုင်းလိုက်တယ် - (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)ဟောရင်း အရှုခိုင်းလိုက်တော့ သောတာပန်တည်ပါတယ် (မှန်ပါ့)။

ဟောရင်း အရှုခိုင်းလိုက်တော့....(သောတာပန်တည်ပါတယ်ဘုရား)သောတာပန်တည်တော့ ပဌမနိဗ္ဗာန်မြင်သွားတယ်... (မှန်ပါ့ဘုရား) ဖြစ်ပျက်တွေမြင် ဖြစ်ပျက်တွေမုန်း, ဖြစ်ပျက်တွေဆုံးပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတွင် သောတာပန်တည်သွားတယ်....(မှန်ပါ့) သောတာပန်တည်သွားတော့ လျှောက်ပြီး ဆက်မေးလိုက်တယ်၊သောတာပန်တည်မှန်းလဲ သိပြီ ရှင်သာရိပုတ္တရာက....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့သည် ခန္ဓာငါးပါးထဲက တပါးပါးကိုဖြင့် ဖြစ်ပျက်ရှုကြပါ-(မှန်ပါ့) သောတာပန်တည်တဲ့ တရားပါဘဲ....(မှန်ပါ့)ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးကျအောင်သာ ရှု.. (မှန်ပါ့)သဘောကျပလား.. (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်မြင်အောင်, ဖြစ်ပျက်မုန်းအောင်, ဖြစ်ပျက်ဆုံးအောင် စာအုပ်ထဲမှာလဲ ပါ-ပါတယ်....(မှန်ပါ့) အဲဒီလိုရှုလိုက်လို့ရှိယင် သောတာပန်တာပါဘဲ....(မှန်ပါ့)။

ခုနင်က ပညတ်ခွါလိုက်ပြီး ပရမတ်ပေါ်လာတယ်... (မှန်ပါ့) ပရမတ်ကို ဝိပဿနာရှုချလိုက်တော့ ဉာဏ်စဉ်အတိုင်း တက်သွားတယ်- (မှန်ပါ့) မတက်ဘူးလား....(တက်ပါတယ်ဘုရား)။

အဲဒီလို ဖြစ်သွားတော့ သောတာပန်တည်တော့ ရှင်သာရိပုတ္တရာက သိပြီ၊ ငါ့လူတော့ နေရာကျပြီ....(မှန်ပါ့)။

ကဲ ယမက လာဦးကွ -၊ မင်းသည်ကားလို့ ဆိုယင် ရုပ်ကို ရဟန္တာ ခေါ်မလား... တဲ့...၊ မခေါ်တော့ပါဘူးဘုရား .... (မှန်ပါ)ရုပ်မှတပါး မင်း ရဟန္တာခေါ်မလားလို့ မေးပြန်တယ် (မှန်ပါ) အဲဒီကျတော့ ဘယ့်နှယ်ဖြေပြန်သတုံး....(မခေါ်ပါ) မခေါ်နိုင်ဘူး၊ ရုပ်မှတပါးလဲ ဘာမှမရှိဘူး....(မှန်ပါ)။

ဒါဖြင့်ကွာ... ခန္ဓာငါးပါး ရဟန္တာခေါ်မလဲ့ားလို့ မေးပြန်တယ်....(မခေါ်ပါ) ဒါဖြင့်ကွာ....တဲ့ ခန္ဓာငါးပါး မဟုတ်တာ ရဟန္တာခေါ်မလားတဲ့....(မခေါ်ပါဘုရား)။

ဪ....သာဓု .. သာဓုကွာ... နေရာကျလိုက်တာ ... (မှန်ပါ) သောတာပန်တည်သွားပြီပြောတာ....(မှန်ပါ)ဘယ့်နှယ် ဖြစ်ပျက် မြင်လို့ ဖြစ်ပျက်မှတပါး ဒုက္ခသစ္စာမှတပါး ဘာမှ မရှိဘူးလို့ သူ သိသွားပြီ....(မှန်ပါ)။

အဲဒီတွင်မှ ကဲ-ကွာ....တဲ့ မင်း-နဂိုရ်တုန်းကတော့ကို ရဟန္တာ သေယင် ဘာမှ မဖြစ်ဘူးလို့ မင်းက ဥစ္ဆေဒဒိဋ္ဌိအယူ-ယူထား တယ်၊ ဘုရားလဲ စွပ်စွဲသေးတယ်....(မှန်ပါ)။

အခုတော့ဖြင့် မင်းသည်ကားလို့ ဆိုယင်ဖြင့် ရဟန္တာလဲ ရှာမတွေ့ဘူး၊ ဘယ်ဟာမှ ရဟန္တာမရှိပါဘူးလို့ မင်းပြောလို့ ငါ-ကျေနပ်ပါပြီ....တဲ့၊ နဂိုရ်တုန်းက မင်း-ဘယ့်နှယ်ကြောင့် ပြောတာတုံး၊ ဪ... အရှင်ဘုရားတို့လို ပညတ်ဖယ်ပြီးသကာလ ပရမတ်တွေ့အောင် ဟောနိုင်တဲ့ဆရာနဲ့ မတွေ့လို့ တပည့်တော် ဥစ္ဆေဒဒိဋ္ဌိဖြစ်ရပါတယ်....(မှန်လှပါဘုရား)။

ပညတ်ဖယ်ပြီး ပရမတ်ဖေါ်ပေးတဲ့ ဆရာနဲ့ မတွေ့လို့.... (ဥစ္ဆေဒဒိဋ္ဌိဖြစ်ရပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိဖြစ်ရတယ်၊ ပညတ်တွင် လမ်းဆုံးနေတယ်....(မှန်ပါ့)။

ရဟန္တာဆိုတော့ ပညတ်.... (မှန်ပါ့) ရဟန္တာသေသွားယင် ဘာမှ မဖြစ်တော့ဘူးဆိုတော့ ပညတ်ဘဲ....(မှန်ပါ့) ဟိုဘက်လဲ အဘာဝ ပညတ်....(မှန်ပါ့ဘုရား) ဒီဘက်က ခေါ်ထားတာကလဲ ရဟန္တာဆိုတာက ရှိတဲ့ပညတ်ပေါ့ဗျာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ ပညတ်ဖုံးနေလို့ ဦးမာဒင့်ရေ....ပရမတ်က ငုပ်တာ.... (မှန်ပါ့ဘုရား) ရှင်သာရိပုတ္တရာကြီးက ပရမတ်ဖေါ်ပြီးတော့မှ လက္ခဏာရေးသုံးပါးပြတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပရမတ်ဖေါ်ပြီး ဘာပြလိုက်သလဲ.... (လက္ခဏာရေးသုံးပါးပြပါတယ်ဘုရား) အဲဒီတော့ သောတာပန် တည်သွားတယ်.... (မှန်ပါ့)။

ကဲ....တဲ့၊ မင်း နေရာကျပါပြီ....တဲ့၊ ဒါဖြင့်ကွာတဲ့၊ နောင်လာ နောက်သားတွေရေ နိဗ္ဗာန်အပေါ်မှာ အကုန် ဥစ္ဆေဒဒိဋ္ဌိဖြစ်နေကြလိမ့်မယ်....တဲ့.... (မှန်ပါ့ဘုရား) အဲဒါကြောင့် မင်းကို ငါ မေးစမ်းပါရစေတဲ့ဆိုတော့ ယခုပြောမည့်စကားဟာ နိဂုံးသိမ်းချုပ်မည့်စကားဖြစ်လို့ တကာတကာမတွေ လေးစားစွာနဲ့ နားထောင်စမ်း.... (မှန်ပါ့ဘုရား) လေးစားစွာနဲ့ နားထောင်စမ်းပါ။

သူ-သောတာပန်တည်ပြီးပြီနော်-ဦးမာဒင်.... (မှန်ပါ့ဘုရား) ဦးသန်းမောင်....တည်ပြီးပြီ - (မှန်ပါ့) လက္ခဏာရေးသုံးပါးနဲ့ သောတာပန်တည်ကြောင်း ရှင်သာရိပုတ္တရာက သိပြီ.... (မှန်ပါ့) သူ- သောတာပန် တည်သွားတာကိုလဲ သူ့ဟာသူလဲ သိပြီ - (မှန်ပါ့)။

ကိုင်းကွာ....တဲ့၊ မင်း နဂိုရ်တုန်းကတော့ ရဟန္တာသေလို့ ရှိယင် ဘာမှ မဖြစ်တော့ဘူးလို့ ရဟန်းတွေလဲပြော, ငါ့ဆီလဲ ပြော...(မှန်ပါ့)။

အခုတော့ မင်းကို ငါကတော့ မမေးပါဘူးတဲ့၊ တပါးသော မင့်မိတ်ဆွေတွေက အယင်မေးတဲ့ပုဂ္ဂိုလ်တွေက ရဟန္တာသေလို့ ရှိယင် ဘယ်ကြွသွားလို့ ဘာဖြစ်သတုံး- ဘာမှ မဖြစ်ဘူးဆိုတာ လား၊ ဘယ်ကြွသွားသတုံးလို့ ဒီလို အမျိုးမျိုးမေးလိမ့်မယ်တဲ့- (မှန်လှပါဘုရား)။

ရဟန္တာသေလို့ရှိယင် ဘာဖြစ်သတုံးဆိုတာသဲ မေးလိမ့်မယ် (မှန်ပါ့) ဟာ....ဘယ်ကြွသွားသတုံးဆိုတာကော....(မေးမှာပါ ဘုရား) သူမေးချင်တာ မေးလိမ့်မယ်၊ မင်း-ဘယ့်နှယ်လုပ် ဖြေ မတုံး...တဲ့....(မှန်ပါ့)။

တခါတည်း တကာတကာမတို့ ဖွတ်မြီးနဲ့ ဖွတ်ချည်တယ်.... (မှန်ပါ့) ဖွတ်မြီးနဲ့ဖွတ်ချည်တယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ သူနဂိုရ်က မှားထားတာတွေ သူဘာသာ အမှန်ပြောရမယ်.... (မှန်ပါ့)။

သူ နဂိုရ်ရိက ဘယ့်နှယ်တုံး.... ( မှားထားပါတယ်ဘုရား ) ဉစ္စာဒိဋ္ဌိနဲ့ မှားထားတယ်....(မှန်ပါ့) အဲဒါကိုပင်လျှင် တကာ တကာမတို့ ဒီအမှန်နဲ့ သူ့ဟာသူ ဖြေပါလိမ့်မယ်.... (မှန်ပါ ဘုရား)။

အဲဒီတော့ ဩော်....ယခုဖြေမည့်အဖြေသည် သာမည အဖြေ မဟုတ်ပါလား၊ ဒီနေရာမှာ သောတာပန်တည်ပြီး ဒီနေရာမှာ နိဗ္ဗာန်မြင်တဲ့အဖြေကို ဖြေပါလိမ့်မယ်.... (မှန်လှပါ) အင်မတန် အဘိုးတန်တယ်....(တန်ပါတယ်ဘုရား)။

တကာကြွယ် ဘာတုံး-(အင်မတန်အဘိုးတန်ပါတယ်ဘုရား) အင်မတန် အဘိုးတန်လိမ့်မယ်ဆိုတာဖြင့် တကာ တကာမတွေ ရိပ်မိလောက်ပါပြီ....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါနဲ့ ယမက .. တဲ့ မင်းကလဲ နဂိုရ်က ရဟန္တာသေ ယင် ဘာမှ မဖြစ်တော့ဘူး....ဆိုတဲ့ ဉစ္စာဒိဋ္ဌိယူပြီးသကာလ ထားတာ မင်း- အခု ငါ့ဆီက သွားသည်နဲ့ တပြိုင်နက်တည်း မင့်ကို ဟိုပုဂ္ဂိုလ်တွေက မေးကြလိမ့်မယ်.... (မှန်ပါ့) မေးလို့ ရှိယင် ရဟန္တာသေယင် ဘယ်သွားသတုံး....လို့ မေးယင် မင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရပြီးမှ ဖြေတဲ့အဖြေကို ပြောစမ်းပါတဲ့.... (မှန်ပါ့)။

အရှင်ဘုရားတည်းဟူသော ဆရာထူး,သမားထူးက ပညတ် ဖယ်ပေးပြီးသကာလ ပရမတ်ပေါ်ပြီး ဝိပဿနာ အရှုခိုင်းတဲ့ အတွက် တပည့်တော်မှာ ရှေးတုန်းက ပြောမိ ပြောရာဆိုတဲ့ ဉစ္စာဒိဋ္ဌိအယူကြီး ယူမိပါတယ်ဘုရား... (မှန်ပါ့)။

ယခုတော့ဖြင့် တပည့်တော် ဒီအယူကို အရှင်ဘုရားတည်းဟူသော ကိုးစားရာ မှီခိုရာရတဲ့အတွက် ဒီအယူ မရှိတော့ပါဘူးတဲ့....(မှန်ပါ) ဆိုတော့ ဒိဋ္ဌိပယ်ပြီးပြီပြောတာ - (မှန်ပါဘုရား) ဘာဒိဋ္ဌိပယ်လိုက်ပါလိမ့်....(ဥစ္ဆေဒဒိဋ္ဌိပယ်ပါတယ်ဘုရား)။

အဲ.... ဥစ္ဆေဒဒိဋ္ဌိပယ်တယ်....( မှန်ပါ ) ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိပယ်ယင် နိဗ္ဗာန်ပေါ်ရမယ်....(မှန်ပါ)။

သေယင် ဘာမှ မဖြစ်တော့ဘူးဆိုတာ ဥစ္ဆေဒဒိဋ္ဌိ....(မှန်ပါ) ဖြစ်သေးတယ်ဆိုယင်တော့ဖြင့် တကာတကာမတို့ တမျိုးမျိုးဖြစ်သေးတယ်ဆိုယင်တော့ဖြင့် တော်သေးတာပေါ့ဗျာ....(မှန်ပါဘုရား)။

အခုတော့ နိဗ္ဗာန်တောင်မှ သူ့ဟာက မရှိတော့ဘူးဆိုတဲ့ အဓိပ္ပါယ်.... (မှန်ပါဘုရား) သဘောကျပလား.... ( ကျပါပြီဘုရား)။

နိဗ္ဗာန်တောင်.... ( မရှိတော့ဘူးဆိုတဲ့အဓိပ္ပါယ်ပါဘုရား ) ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူးဆိုတော့ တခါတည်းပြတ်သွားတယ် ... ( မှန်ပါ ) ဘာရှိသေးသတုံး နောက်ထပ်.... (ဘာမှ မရှိတော့ပါဘုရား) ဒါဖြင့် သူ့အယူ့ ဘာအယူပါလိမ့် (ဥစ္ဆေဒဒိဋ္ဌိအယူပါဘုရား) ဥစ္ဆေဒဒိဋ္ဌိအယူဖြစ်တယ်.... (မှန်ပါဘုရား)။

အဲဒါကို ဘုန်းကြီးတို့ တကာတကာမတွေ အရင်းအချာတွေက ဩော်.... အခုဖြေမည့် အဖြေကလေးဟာဖြင့် နိဗ္ဗာန်

ဖြေမည့်အဖြေဘဲဆိုတာ သေသေချာချာမှတ်လိုက်.... (မှန်ပါ ဘုရား)။

အခုဖြေမည့်အဖြေဟာ....( နိဗ္ဗာန်ဖြေမည့်အဖြေပါဘုရား ) နိဗ္ဗာန်ဖြေမည့်အဖြေဟာ ခင်ဗျားတို့ ဘာကလေးလှလှ နိဗ္ဗာန် ရောက်ရပါလို၏· နိဗ္ဗာန်ရောက်ရပါလို၏နဲ့ ကိုယ်လဲ ဘာမှန်း မသိဘူး .. (မှန်ပါဘုရား) သူများက တောင်းဆိုတာက နိဗ္ဗာန် မပါယင်တော့ မကောင်းဘူးဟနော်....(မှန်ပါ) ဒါ့ကြောင့်သာ တောင်းဆိုတာကိုး....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်မပါယင်.... ( မကောင်းပါဘုရား ) ဗုဒ္ဓဘာသာလဲ ဆိုမှဲ့ နိဗ္ဗာန်မပါဘူးဆိုတာများ မကောင်းဘူးဆိုတော့ ဒါဖြင့် ကျုပ်ထည့်ပါတယ်ဆိုပြီး သံဇာပင့်သလိုဖြစ်နေတယ်...(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ်သိလို့ထည့်တာလား... တဲ့၊ မကောင်းလို့ ထည့်တာ လား-(မကောင်းလို့ထည့်တာပါဘုရား) အဓိပ္ပါယ်က ဒီရောက် နေတယ်....(မှန်ပါ) မကောင်းလို့ထည့်တဲ့ နိဗ္ဗာန်ဖြစ်နေတယ်· (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သိသလားလို့မေးတော့ ဘယ်နှယ်လဲ... ( မသိပါဘုရား ) မသိဘူးဆိုတော့ သိလောက်အောင် ပြောပေးမဲ့လူကလဲမရှိ၊ ကိုယ့်အတွက်က အခက်ကြီးခက်နေတယ်.... (မှန်ပါ) မခက်ဘူး လား....(ခက်ပါတယ်ဘုရား)။

ကိုယ်ကလဲ ထမင်းအိုးချောင်နဲ့ ရှေ့ပိုင်းထွက်လိုက်ပြန်တော့ အရောင်းအဝယ်ကလေးနဲ့ ဒါနဲ့ဘဲ သက်ဆိုးရှည်, ရှည်လာတယ် (မှန်ပါ)။

ဘာနဲ့ရှည်လာသလဲ....( သက်ဆိုးရှည်, ရှည်ပါတယ်ဘုရား ) ထမင်းချက်နိုင်တဲ့အရွယ် ရောက်ပြန်တော့ အမေမိဘက သမီးများမို့ ကဲ နင်တို့လဲ မိန်းမဆိုတာ မိန်းမ ဝတ္တရားရှိတယ်၊ နောက်ဖေးချောင်ဝင်ဟဲ့....(မှန်ပါ)။

နောက်ကျတော့လဲ အိမ်ထောင်ရက်သားတွေ ကျလာပြန်တော့လဲ ကိုယ်က အရောင်းအဝယ်ကလေးနဲ့ နေပြန်တော့ ဈေးပိုင်း ထွက်လာပြန်တော့လဲ အရောင်းအဝယ်ဘဲ နားလည်တယ်.... (မှန်ပါ) နောက်ပိုင်းထွက်ပြန်တော့ ထမင်းအိုးချောင်ဘဲနားလည်တယ်....(မှန်ပါ)နိဗ္ဗာန်ကို မပါဘူး .... ( မပါ-ပါဘုရား ) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒီလိုဖြစ်နေတယ် ယောကျ်ားတွေ ဘက်ကလဲ ဦးမာဒင်ဒီအတိုင်းပါဘဲ....(မှန်ပါ) ထူးသေးရဲ့လား....(မထူးပါဘုရား)။

ကဲ .... ဒီလိုဖြစ်နေတော့ ဒီအထဲကနေပြီး ခင်ဗျားတို့က ဆုတောင်းလိုက်ပြီဆိုမှဖြင့် နိဗ္ဗာန်ပါတာချည့်ဘဲ· (ပါ-ပါတယ်) ဟာ- ဘယ့်နှယ်ကြောင့်တုံး၊ အို .... ဗုဒ္ဓဘာသာဘုရား မပါယင်တော်ပါ့မလား (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဗုဒ္ဓဘာသာဘဲ မပါယင် တော်ပါ့မလားဆိုတော့ မကောင်းလို့ ပင့်ရတဲ့သံဃာလိုဖြစ်နေတယ် .... ( မှန်ပါ )ရိပ်မိပလား .... (ရိပ်မိပါပြီ)။

ဥပမာ ဦးမာဒင် အလှူပေးတဲ့အခါကျတော့ အလှူကြီးပေးဦးမယ်ဆိုတော့ ဟင်- ငါ့မှာဆရာသမား တောင်မြို့မှာ တပါးရှိသေးတယ်....(မှန်ပါ) ဒါတော့ ချန်လို့မတော်ဘူး....(မှန်ပါ)

မကောင်းလို့ထည့်ရတာ....(မှန်ပါ) ရိပ်မိပလား ._ (ရိပ်မိပါပြီဘုရား)။

အဲဒီလို ခင်ဗျားတို့ ထည့်နေတာ၊ ဒါဟာသိလို့ကိုမဟုတ်ဘူး (မှန်ပါ)ဒါ အကုန်တာဝန်ခံရမည့်အသွားပါ.... (မှန်ပါဘုရား)။

တကာတကာမတို့ ဘယ့်နှယ်ဆိုကြမလဲ.... (အကုန်တာဝန်ခံရမည့်အသွားပါဘုရား)။

ဒီခလေးကလေးလဲ အမေမိဘက ဩော်....မင့်ဟာ ဘုရားရှေ့ဆုတောင်းရတယ်၊ နိဗ္ဗာန်ဆိုတာ ဒို့ဗုဒ္ဓဘာသာမှာ အထွဋ်အမြတ်ထားတာ၊ နိဗ္ဗာန်ရအောင်တောင်း....(မှန်ပါဘုရား)။

အမေက အတောင်းခိုင်းတော့ သားဂျလေးကတော ....( တောင်းပါတယ်ဘုရား ) ဒီသားကလေးက လူလားမြောက်လာပြီး သူက မေးတာကလေးကျပြန်တော့လဲ .... (အတောင်းခိုင်းပါတယ်) ဩော်.... ရိုးရာတောင်းပေါ့ ဒါဖြင့် .... (မှန်ပါ) တကယ်သိတာမဟုတ်ပါဘူး ဒါကလဲ....(မှန်ပါ)။

ရိုးရာတောင်းရယ်၊ မကောင်းလို့တောင်းရတာရယ် ... (မှန်ပါ) ဗုဒ္ဓဘာသာမို့ ဗဲ့လိုက်ရတာရယ်၊ ယနေ့တော့ဖြင့် သိရတော့မယ်....(မှန်ပါ သိရပါတော့မယ်ဘုရား)။

တကာတကာမတို့ သောတာပန်တည်တဲ့ ယမက သူ့ရှေ့တွင်တည်တဲ့ ယမကကို ဟော့....ယမက မင်းသည်ကားလို့ ဆိုယင် ရှေးကရဟန္တာသေယင် ဘာမှ မဖြစ်ဘူးဆိုပြီး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ပညတ်အဖြစ်နဲ့ မင်းလုပ်နေတယ်၊ အခုတော့ဖြင့် မင်းသည်ကားတော်တော်ခရီးပေါက်ပြီကွာ၊ မင့်မိတ်ဆွေသင်္ဂဟာတွေက မေးခဲ့

သော် ရဟန္တာသေယင် ဘယ်သွားသတုံးလို့ မေးလို့ရှိယင် မင်းဘယ်နှယ်ဖြေမတုံးတဲ့....(မှန်ပါ့)တခါတည်းမေးတော့တာဘဲ (မှန်ပါ့ဘုရား)။

အရှင်ဘုရားတဲ့- ခန္ဓာငါးပါးဟာ အနိစ္စတရား.... ( မှန်ပါ့ ) စ,ချီကတည်းက သူကဒီက စ,ချီတယ်...(မှန်ပါ့)ရဟန္တာကို ပါးစပ်ထဲမထည့်တော့ဘူး....(မှန်ပါ့) ပါသေးရဲ့လား.... (မပါပါဘုရား)။

ခန္ဓာငါးပါးဟာ ဘာတဲ့တုံး....(အနိစ္စတရားပါ) အဲဒီ့အနိစ္စတရားဟာဘုရား....တဲ့၊ ဒုက္ခဖြစ်ပါတယ်တဲ့(မှန်ပါ့)ဒုက္ခသစ္စာပါ-(မှန်ပါ့)အဲဒီ ဒုက္ခသစ္စာတွေကုန်ဆုံးသွားတာ နိဗ္ဗာန်ပါဘဲတဲ့....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာ ကုန်ဆုံးသွားတာ ဘာတုံး.... (နိဗ္ဗာန်ပါ) အဲ....နိဗ္ဗာန်ဆိုတာ တကာဘကာမတို့ မြို့နဲ့ပြနဲ့ ပြည်နဲ့ မဟုတ်ဘူး....(မှန်ပါ့) ဘာမှလဲ မဖြစ်တာမဟုတ်ဘူး၊ ဒီဒုက္ခတွေမရှိတဲ့နေရာတခုလို့မှတ်ရမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုမှတ်ရမလဲ.... (ဒီဒုက္ခတွေမရှိတဲ့ နေရာတခုပါဘုရား) ဒုက္ခတွေမရှိတဲ့ နေရာတခုရှိတယ် .... ( မှန်ပါ့ ) ရှိလဲရှိရမယ် .... (မှန်ပါ့)ဒုက္ခတော့ နည်းနည်းမှမပါဘူး ...(မှန်ပါ့)။

ကြည့်စမ်းပါလား ယမကက ဖြေတာ၊ အရှင်ဘုရားတဲ့-ခန္ဓာငါးပါးဟာ အနိစ္စတရားပါ၊ အနိစ္စတရားဟာ ဒုက္ခတရားဖြစ်ပါတယ်၊ အဲဒီဒုက္ခတရားတွေ ကုန်ဆုံးသွားတယ်လို့ တပည့်တော်

ဆိုပါမယ်တဲ့....(မှန်ပါ)ရဟန္တာသေယင် ဘယ်သွားတယ်လို့ ဖြေသေးရဲ့လား....(မဖြေပါဘုရား)။

ဒုက္ခကုန်ဆုံးသွားတယ်လို့ တပည့်တော် ဖြေပါမယ်ဆိုတော့ နိဗ္ဗာန်ဆိုတာ တကာတကာမတို့ ယခုကျုပ်တို့နေရတာဒုက္ခတွေနဲ့ နေရတယ်.... (မှန်ပါ) နိဗ္ဗာန်ဆိုတာ ဗြဟာတွေ အကုန်မရှိဘဲနဲ့ သုခသက်သက်နဲ့နေတာ နိဗ္ဗာန်လို့ မှတ်လိုက်ပါ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာနဲ့နေတာတုံး.... (သုခသက်သက်နဲ့ နေတာပါ) သုခနဲ့နေတာ နိဗ္ဗာန်ဘဲ....(မှန်ပါ)။

ဒါဖြင့် ကျုပ်တို့ ဒုက္ခသစ္စာကွယ်ဖုံးနေလို့ နိဗ္ဗာန်ကိုမမြင်ရတာ... (မှန်ပါ) အဲဒီ ဒုက္ခသစ္စာကို ဘုန်းကြီးတို့တကာတကာမတွေက ဖြစ်ပျက်-ဖြစ်ပျက်နဲ့ရှုပေး... (မှန်ပါဘုရား) ရှုလိုက်တော့ ဖြစ်ပျက်ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာတွေ ခင်ဗျားတို့ရှုတဲ့ဉာဏ်ကပြင်းထန်လာပြီး ရင့်ကျက်လာပြီး မလိုချင်တော့ပါဘူး ဆိုတော့ ဒုက္ခတွေက ကုန်သွားယင် ဒုက္ခချုပ်တဲ့ နေရာပေါ်လာတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခဖုံးနေတော့ နိရောဓသစ္စာ ကွယ်နေတယ်.... (မှန်ပါ) နိဗ္ဗာန်ကွယ်နေတယ်၊ အဲဒါမလိုချင်တဲ့ဉာဏ်နဲ့ ကဲ.... မင်းဒုက္ခတွေမလိုချင်တော့ဘူးဆိုတော့ ရှေ့ပိုင်းကချုပ်သွားတယ် (မှန်ပါ) ချုပ်သွားတော့ နိဗ္ဗာန်က ပေါ်လာတယ်....(မှန်ပါ) ဩော်... ဒုက္ခမရှိတဲ့နေရာ ဒါပါကလားဆိုတာ ပေါ်လာတယ်.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရဟန္တာသေယင် ဘယ်သွားသတုံးဆိုတော့ ဒုက္ခဆုံးသွားတယ်လို့ သာမှတ်လိုက်....(မှန်ပါ့ဘုရား)။

ရဟန္တာသေယင် ဘယ်ကြွသလဲ.... ( ဒုက္ခဆုံးသွားပါတယ် ) ရှင်းပလား - (ရှင်းပါပြီဘုရား)။

ရဟန္တာရယ်လို့လဲ မရှိဘူး တကာ့တကာမတို့.... ( မှန်ပါ့ ) အပြောရဟန္တာသာရှိပါတယ်.... ( မှန်ပါ့ ) စင်စစ်တော့ ခန္ဓာငါးပါးဟာ ဘာတရားတုံး အနိစ္စတရား....(မှန်ပါ့) အနိစ္စတရားကို ရှေ့ဆက်ပြီးရှုလိုက်တော့ ဘာတရားဖြစ်သလဲ- ဒုက္ခတရား ဒုက္ခသစ္စာတရား....(မှန်ပါ့)။

အဲဒီ ဒုက္ခသစ္စာတရားကို တကာတကာမတွေက ကြေဘ်.... ဒုက္ခလို့ သေသေချာချာ ပိုင်ပိုင်နိုင်နိုင်သိယင် ဖျတ်ဆိုဒုက္ခသစ္စာတွေ အကုန်ချုပ်တယ်....(မှန်ပါ့) ခန္ဓာပါချုပ်တယ်.... (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာ ခန္ဓာတွေ ဘယ့်နှယ်တုံး.... (ချုပ်ပါတယ်ဘုရား) အဲဒါတွေ အကုန်ပျောက်ပြီး သကာလ ဒုက္ခတွေ ပျောက်ပြီး သကာလ နိဗ္ဗာန်ကြီးဟာ သူ့နောက်က ကပ်ပြီးပေါ်နေတယ်.... (မှန်ပါ့ဘုရား)။

သို့သော် နဂိုရ်က ရှိနှင့်တာလားလို့ သွားမမေးနဲ့ —(မှန်ပါ့) ရှိနှင့်ယင် ယူယင် ရမယ်....(မှန်ပါ့) ဒီလိုလဲ ရတာမဟုတ်ဘူး.... ကိုယ့်ဒုက္ခ ကိုယ်ဖွင့်နိုင်တဲ့ ပုဂ္ဂိုလ်ရတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လိုရသလဲ.... (ကိုယ့်ဒုက္ခ ကိုယ်ဖွင့်နိုင်တဲ့ပုဂ္ဂိုလ် ရပါတယ်ဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း မဂ်ဉာဏ်သည် ကိုယ့်ဟာ ကိုယ်ဖွင့်ယူရတာ ဖြစ်သောကြောင့် လင်နဲ့မယား ချစ်ခင်ငြားသော်လဲ အမျှပေးလို့ မရဘူး....(မရပါဘုရား) မင်းယူဦးကွာ....တပိုင်းကိုလို့ပေးလို့ရပါ့မလား....( မရပါ )ကိုယ့်ဒုက္ခကိုယ်ဖွင့်နိုင်မှ ရပါတယ်....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် "အတ္တာဟိ အတ္တနော နာထော"ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာ ဘာတုံးဆိုတော့ အကြင်ခန္ဓာငါးပါးသည် အနိစ္စတရား... (မှန်ပါ)။

ထိုအနိစ္စတရားကို သေသေချာချာ ကြည့်ပြန်တော့ ဒုက္ခတရား....(မှန်ပါ)အဲဒီ ဒုက္ခတရားတွေ ဆုံးတယ်, ကုန်တယ်, မရှိတာ....(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ဒုက္ခတွေ မရှိဘဲနဲ့ သုခသက်သက်ရှိတာ ဘာခေါ်ကြမယ်... (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန် ဘယ်သူဖုံးသတုံး....( ခန္ဓာဖုံးပါတယ် ) ဒုက္ခသစ္စာခန္ဓာကြီး ဖုံးနေတယ်....(မှန်ပါ)။

ဒုက္ခသစ္စာခန္ဓာကြီးက ဖုံးချင်လို့ ဖုံးရတာလားတဲ့၊ ဒိဋ္ဌိက ငါ့ကိုယ် ငါ့ဟာ လုပ်ထားလို့ ဖုံးနေရတာလား... (ဒိဋ္ဌိက ငါ့ကိုယ် ငါ့ဟာ လုပ်ထားလို့ ဖုံးနေရတာပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိက ငါ့ကိုယ် ငါ့ဟာ မလုပ်တော့ပါဘူး၊ ဒါတွေဟာ အနိစ္စတွေဘဲ၊ ဒုက္ခတွေဘဲလို့ သမ္မာဒိဋ္ဌိဝင်လို့ ဒိဋ္ဌိပြေးလို့ ရှိယင်ဖြင့် ခန္ဓာအဖုံးရှော ပွင့်သွားတာဘဲ...(မှန်ပါ)။

ခန္ဓာအဖုံး ပွင့်သွားလို့ ရှိယင် ဒုက္ခသစ္စာအဖုံး ပွင့်သွားလို့ နိဗ္ဗာန်ကြီးဟာ နေဝန်း၊ လဝန်းကဲ့သို့ ပေါ်လာတယ်.... (မှန်ပါ) ဝိုင်းဝိုင်းကြီးတော့ သွားမယူပါနဲ့ ဦး....(မှန်ပါ)ဒုက္ခတွေ မရှိတာကြီး ပေါ်လာတယ် မှတ်လိုက်ပါ....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....(ဒုက္ခတွေ မရှိတာကြီး ပေါ်လာပါတယ်ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ရဟန္တာဖြစ်အောင် ဟောဦးမှာ တကာတကာမတို့နော်.... (မှန်ပါ)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့ ဦးချစ်ဆွေ့ဓမ္မာရုံ၌

ဟောကြားတော်မူသော

အသေရှိရာက အသေလွတ်ရာရှာပုံ

# ညအလုပ်ပေး တရားတော်

( ၁၇ - ၁၀ - ၆၁ )

ဘုရားသခင်ကိုယ်တော်မြတ်ကြီး အကြီးအကျယ် အရေးကြီး ဆုံး ဆုံးမ,တာက ခန္ဓာထဲမှာ "သတော ဘိက္ခဝေ ဘိက္ခု ဝိဟ ရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ" ဆိုပြီးတော့ အကြိမ်များစွာ ဆုံးမ,တယ် .... (မှန်လှပါ) ခန္ဓာ ကြည့်ပါဆိုတဲ့ အကြောင်းဘဲ .. (မှန်ပါ)။

ဘိက္ခဝေ=ငါ၏ချစ်သား တပည့်များတို့၊ ဘိက္ခု=သံသရာ ဘေးကို ကြောက်တတ်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ရှိယင်၊ သတော=သတိ ရှိသည်ဖြစ်၍၊ သမ္ပဇာနော=ပညာအဆင်ခြင်နဲ့ ပြည့်စုံသည် ဖြစ် ၍၊ ဝိဟရေယျ=ငါမရှိသော်လဲ နေရစ်ပါ....(မှန်ပါ)။

ငါမရှိသော်လဲ သတိ,ပညာနဲ့ နေရစ်ကြကွာတဲ့.... (မှန်ပါ) ငါရှိလဲ သတိ,ပညာ အားကိုးပြီးသကာလ မင်းတို့ သတိ,မင်းတို့ ပညာနဲ့ မင်းတို့ ဒုက္ခဇာတ် မင်းတို့ သိမ်းရတာဘဲ .... ( မှန်ပါ ဘုရား)။

ငါမရှိတဲ့ အချိန်ကျတော့ ဒီသတိ ဒီပညာသည်ပင်လျှင် မင်းတို့ကို ကယ်တင်မည့် တရားနှစ်ခုလို့ ဆိုပြီး ဘယ်အခါကာလမှ မမေ့ရစ်ကြနဲ့ ဆိုပြီး အကြီးအကျယ်မှာတယ်လို့ တကာကြွယ် မှတ်ရမယ်....(မှန်ပါ့)။

ဒါဖြင့် တရားဟာ ဘယ်နှစ်ပါးပါလိမ့်....(နှစ်ပါးပါဘုရား) သတိနှင့် ပညာ(မှန်ပါ့)သတိကလဲ ခန္ဓာကိုယ်ထဲမှာဘဲ သတိထားရမယ် - (မှန်ပါ့) သတိထားတဲ့ နေရာကို ပညာက နေပြီးကာလလိုက်ပြီးသကာလ စိစစ်ရမယ်....(မှန်ပါ့)။

သတိထားတဲ့ နေရာမှာ ပညာက စိစစ်လိုက်လို့ရှိယင်ဖြင့် ခန္ဓာ့ဖြစ်စဉ် အကုန်မြင်ပါလိမ့်မယ်....(မှန်ပါ့)။

ကြိုးစားကြစမ်းပါ တကာတကာမတို့၊ သတိထားတဲ့ နေရာကို ပညာက စိစစ်ပါ....(မှန်ပါ့)။

သတိထားတဲ့ နေရာကို....( ပညာက စိစစ်ရပါမယ်ဘုရား ) ပညာက စိစစ်လိုက်လို့ရှိယင်ဖြင့် တကာတကာမတို့သည်ကားလို့ ဆိုလို့ရှိယင် "အယံ ဝေါ အမှာကံ အနုသာသနီ" ဆိုတဲ့.... အတိုင်း သတိထားတဲ့နေရာ ပညာက စိစစ်လိုက်လို့ရှိယင်ဖြင့် ခန္ဓာက အမှန်ပြောတာကို ဉာဏ်ထဲမှာ ထင်ပါလိမ့်မယ်.... (မှန်လှပါဘုရား)။

ခန္ဓာက အမှန်ပြောတာကို....(ဉာဏ်ထဲမှာထင်ပါမယ်ဘုရား) ဉာဏ်ထဲမှာ ထင်ပါလိမ့်မယ်ဆိုတော့ ဩော်....ဘုရားသခင်ကိုယ်တော်မြတ်ကြီး "သတော သိက္ခဝေ ဘိက္ခု ဝိဟာရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ" လို့ သံယုတ်ပါဠိ

တော်ကြီးထဲမှာ အကြိမ်များစွာ မှာတော်မူတယ် .... (မှန်ပါ့ဘုရား)။

အဲဒီ အကြိမ်များစွာမှာတာက ငါမရှိလဲ သတိပညာနဲ့နေရစ်ကြလို့ ရှိယင်ဖြင့် ဒုက္ခငြိမ်းသိမ်းငြိမ်းမှာဘဲ....( မှန်ပါ့ ) ငါရှိနေတုန်းလဲ သတိပညာအလုပ်ကိုဘဲ အားပေးရမှာဘဲ ဆိုတဲ့ဥစ္စာကိုလဲ ကိုယ်တော်မြတ်ကြီး သေသေချာချာဟောတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘုရားမမှီလိုက်လို့ ဘုရားမတွေ့လိုက်လို့ ဘာမှ စိတ်သောကဗျာပါဒ မဖြစ်ဘဲနဲ့ သတိပညာလွတ်မှာ တခုသာလျှင် ငါ၏ကြီးစွာသော အပြစ်သင့်မှု ဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

သတိ ပညာ လွတ်တာသည်သာလျှင် (ကြီးစွာသော အပြစ်သင့်မှုပါဘုရား) ကိုယ့်အတွက်ကြီးစွာ အပြစ်သင့်တာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကိုယ့်သန္တာန်မှာ ယနေ့ သတိထားပြီး ပညာနဲ့ကြည့်ရမည့် အလုပ်ကြီးတခုကို သတိပညာသည် ယနေ့ဖြင့် ခန္ဓာပေါ်မှာ လွတ်သွားတယ် ဆိုလို့ရှိယင် တကာတကာမတို့ ကြီးစွာသော အပြစ်သင့်တာ....(မှန်ပါ့ဘုရား)။

ဘာဖြစ်တာတုံး.... (ကြီးစွာသော အပြစ်သင့်တာပါဘုရား) ကြီးစွာသော အပြစ်သင့်တယ်လို့ ဆိုတာကို တကာတကာမတွေ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ကြီးစွာသောအပြစ်သင့်ရပါလိမ့်မလဲလို့ သေသေချာချာ မေးလို့ရှိယင်ဖြင့် ဒီခန္ဓာကြီးနဲ့ အတူနေပြီး ဒီခန္ဓာပေါ်မှာ သတိမထားမိဘူး...(မှန်ပါ) သတိမထားမိတော့ ခန္ဓာ၏ ဖြစ်စဉ်ကို ပညာကမှ မြင်မှာဖြစ်နေတော့ ပညာကလဲ သတိမထားမိတော့ ပညာက မမြင်လာတော့ဘူး....(မှန်ပါ)။

မမြင်လာတဲ့အခါကျတော့ တကာတကာမတွေ သိတဲ့အတိုင်း ကိုယ့်မှာ ဘာနဲ့ ကြီးနေသတုံးဆိုတော့ အဝိဇ္ဇာဆိုတဲ့ မသိမှုနဲ့ ကြီး နေတယ်...(မှန်ပါ)။

ဘာနဲ့ကြီးပါလိမ့် ... (အဝိဇ္ဇာဆိုတဲ့ မသိမှုနဲ့ ကြီးပါတယ် ဘုရား)။

အို .... တကာတကာမတွေ သိပ်ကြောက်စရာကောင်းပါက လား...( မှန်ပါ ) ဒီကောင်ကလေးဟာ တောထဲကြီးလာတာ ဘာမှ မသိဘူးဆိုသလို ဒီကောင်ကလေးဟာ တောထဲ ကြီးလာ တာ တကာကြွယ် ဘာမှ မသိဘူး.... (မှန်ပါ)။

မြို့ပေါ်ခေါ်ပြီး ခိုင်းကြ-စေကြတဲ့အခါကျတော့ တကာ ကြွယ်တို့က အပြစ်တင်ကြတယ်၊ ဒီကောင်ကလေးဟာ တော ထဲကြီးလာတာ ဘာမှ မသိရှာသေးဘူး....(မှန်ပါ)။

အဲဒီလို အပြစ်တင်ခံရသလို ခင်ဗျားတို့လဲ သတိထားပြီး ပညာဉာဏ်နဲ့ ခန္ဓာကိုယ် မစိစစ်လို့ရှိယင်ဖြင့် အဝိဇ္ဇာထဲ ကြီး လာတယ်....( မှန်ပါ )။

ဘာထဲကြီးလာသလဲ.... (အဝိဇ္ဇာထဲ ကြီးလာပါတယ်ဘုရား) အို....ကြောက်စရာကြီးပါလား.... (ကြောက်စရာကြီးပါဘုရား)။

တကာကြွယ်....စဉ်းစားပါ-စဉ်းစားပါ၊ တကာသစ်တို့ စဉ်း စားပါ၊ ဘယ်အထဲကြီးပွားလာတယ်ဆိုတဲ့ဥစ္စာ အဝိဇ္ဇာဆိုတာ

မသိတာ....(မှန်ပါဘုရား) မသိကြီး-ကြီးလာတာဘဲ.... (မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... ( မသိကြီး-ကြီးလာတာပါဘုရား ) မသိကြီး-ကြီးလာတဲ့အဖြစ်ဟာ အဆိုးဆုံးပါလား.... ( မှန်ပါဘုရား)။

ခင်ဗျားအသက် ဘယ်လောက်ကြီးပြီလဲ၊ ကျွန်တော် ခြောက်ဆယ်ကျော်ပါပြီဗျာ....(မှန်ပါ)။

ဪ— သတိထား ပညာနဲ့ကြည့်တော့ ခန္ဓာထဲမှာများ အနိစ္စကလေးများ တွေ့ပါရဲ့လားလို့ဆိုတော့ ကျွန်တော်မတွေ့ဘူး-ဘူး... (မှန်လှပါဘုရား) ခန္ဓာကို မသိကြီး-ကြီးလာတာဘဲ- (မှန်ပါ)။

ဘယ်လိုဆိုကြပါ့မလဲ.... ( မသိကြီး-ကြီးလာတာပါဘုရား ) မသိကြီး-ကြီးလာတယ်... (မှန်ပါ) တကာတကာမတို့ ကြောက်စရာကောင်းတယ်... (ကောင်းပါတယ်ဘုရား)။

ဘယ်လိုကြီးပွားလာသတုံး.... (မသိကြီး-ကြီးပွားလာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ နွားကလေးကြီးလာဘာ အသားတိုးတော့ ခိုင်းဘို့သာ ဖြစ်လာတယ်၊ တကာတကာမတွေ သူ့လွတ်လပ်ရေးမဖြစ်လာဘူး....(မဖြစ်လာပါဘုရား) တကျော့ခိုင်းဘို့သာ ဖြစ်လာပြီးသကာလ ဥာဏ်နဲ့လွတ်လပ်ရေး မရှာနိုင်ဘူး... (မှန်ပါ)ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး....(မသိကြီး-ကြီးလာလို့ပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... ( မသိကြီး-ကြီးလာလို့ပါဘုရား ) ကြောက်စရာ၊ ခင်ဗျားတို့ကတော့ သားနဲ့ သမီးနဲ့ အိမ်ထောင်ကျပြီးသကာလ အင်း .. လူလားတော့ဖြင့် မြောက်လာပြီ၊ လူပုံအလယ်တော့ဖြင့် ဝင်လာပြီလို့ ကိုယ့်ဟာကိုယ်တော့ ထင်ကြမှာဘဲ.. (မှန်လှပါဘုရား)။

သို့သော်လဲ သတိထား ပညာနဲ့ကြည့်လိုက်တော့ ကိုယ်အာတူနေတဲ့ ခန္ဓာကြီး ကိုယ်ဘာမှမသိတော့ မသိကြီး-ကြီးလာတာ၊ သူ့ဟာသူ လူလားမြောက်တယ်လို့ သူထင်လာတဲ့ဥစ္စာ သူ-လူလားမြောက်တာ နွားခိုင်းဘို့သိုဖြစ်နေတယ်....(မှန်ပါ့)တကျော အရှင်သခင်က ခိုင်းဘို့ကြီးလာတာ....(မှန်ပါ့) နွား၏ လွတ်လပ်ရေးမပါသလို....(မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ မသိကြီး-ကြီးလာတဲ့ အတွက်ကာဖြင့် ဦးမာဒင်တို့ ဆိုးဝါးတယ်.... (ဆိုးဝါးပါတယ်ဘုရား)။

ဦးသန်းမောင်တို့ ဘယ့်နှယ်ဆိုကြမလဲ.... (ဆိုးဝါးပါတယ်ဘုရား) မသိကြီး-ကြီးလာတယ်... (မှန်ပါ့)။

ခန္ဓာကိုယ်ထဲ ဘာရှိမှန်းလဲမသိဘူး.... (မသိပါဘုရား) အဲဒီမသိဘဲနဲ့ဘဲအသက်တွေဘာတွေကြီးပြီးသကာလ လာကြတော့ကိုတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဝဋ္ဋမူလံ အဝိဇ္ဇာ၊ဝိဝဋ္ဋမူလံ ဗုဒ္ဓုပ္ပါဒေါ " ဝဋ္ဋမူလံ=ဝဋ်တို့၏ရေသောက်မြစ်သည်၊ အဝိဇ္ဇာ= အဝိဇ္ဇာဘဲကွ....(မှန်ပါ့) ဝိဝဋ္ဋမူလံ=ဝဋ်မှ ထွက်မြောက်ကြောင်းသည်ကားလို့ဆိုလို့ရှိယင်၊ ဗုဒ္ဓုပ္ပါဒေါ= ဘုရားပွင့်မှကွ....တဲ့.... (မှန်ပါ့)။

ခင်ဗျားတို့ အဝိဇ္ဇာနဲ့ကြီးလာတာ ဘုရားကို မပွင့်လိုက်ဘူး... (မှန်ပါ) ကြောက်စရာ ကောင်းလိုက်တာ.... (ကောင်းပါတယ် ဘုရား)။

အိမ်မှာတော့ ဘုရားတော့ ရှိပါရဲ့....၊ ခင်ဗျားတို့ဉာဏ်ထဲ မပွင့်လာဘူး(မှန်ပါ ဘုရား)ဘုရားက ညောင်ရေအိုးစင်ပေါ်မှာ သူ့ဟာသူနေတာ...( မှန်ပါ ) ခင်ဗျားတို့ဉာဏ်ထဲမှာ လာပြီး မပွင့်လာပါဘူး....(မှန်ပါ)။

ထိုကဲ့သို့ မပွင့်လာတဲ့အတွက်....တဲ့၊ "ဝဋ္ဋမူလံ အဝိဇ္ဇာ၊ ဝိဝဋ္ဋ မူလံ ဗုဒ္ဓုပ္ပါဒေါ" ဝဋ္ဋမူလံ= ဝဋ်တို့၏ ရေသောက်မြစ်သည်၊ အဝိဇ္ဇာ=အဝိဇ္ဇာဘဲ၊ ဝိဝဋ္ဋမူလံ= ဝဋ်ကျွတ်ခြင်းတို့၏ မူလသည် ကားလို့ဆိုယင်၊ ဗုဒ္ဓုပ္ပါဒေါ= ဘုရားပွင့်မှဘဲလို့ သံယုတ် အဋ္ဌ ကထာကြီးများ ဖွင့်ထားပြန်တော့ အင်း....တကာသစ်တို့ မသိ ကြီး-ကြီးလာတာကဖြင့် ဘုရားမပွင့်ဘဲနဲ့ကြီးလာတာ...(မှန်ပါ ဘုရား)။

ဘယ်လိုဆိုကြမလဲ-(ဘုရားမပွင့်ဘဲနဲ့ ကြီးလာတာပါဘုရား) ဘုရားမပွင့်ဘဲနဲ့ကြီးလာတယ်...(မှန်ပါ) ဘုရားမပွင့်ဘူးဆိုတော့ တရားကလဲ မပွင့်လာတော့ဘူး....(မှန်ပါ)။

အဲဒါကြောင့် အားလုံး တကာတကာမတွေ အခုအချိန်မှာ ခန္ဓာထဲမှာ ဘုရားပွင့်အောင် အဝိဇ္ဇာချုပ်အောင် လုပ်ရမယ်.... (မှန်ပါဘုရား) ခန္ဓာထဲ ဘုရားပွင့်မှသာလျှင် အဝိဇ္ဇာချုပ်မယ်၊ အဝိဇ္ဇာချုပ်မှ သင်္ခါရချုပ်လို့ ဇာတိ, ဇရာ, မရဏ, ဒုက္ခက္ခန္ဓာသား

ဆိုတာကြီးဟာ ချုပ်သွားမယ်....(မှန်လှပါဘုရား)နို့ မဟုတ်ယင် ချုပ်စရာမြင်ရဲ့လား... (မမြင်ပါဘုရား)။

အေး... ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ တရားကြိုးစားနာမှ ကြိုးစားအားထုတ်မှသာလျှင် တကာတကာမတို့သည် မသိကြီးအဖြစ်မှ ပျောက်ပြီးသကာလ သိပြီးသကာလကြီးတဲ့အဖြစ် ဒီကြီးတဲ့အဖြစ်ကို သိလာလို့ ရှိယင်လဲ အသက်ကြီးသလောက် အဘိုးတန်ပြီးသကာလ ဉာဏ်တွေသုံးလို့ရှိယင်ဖြင့် ကိုယ့်ဝဋ် ကိုယ်ချွတ်တာပါဘဲ...(မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ....(ကိုယ့်ဝဋ် ကိုယ်ချွတ်တာပါဘုရား)။

တကာကြွယ် ကိုယ့်ဝဋ်ကို ကိုယ်မချွတ်တတ်တဲ့ လူကလဲ အတော်များတယ်....(များပါတယ်ဘုရား)။

စဉ်းစားပါ၊ စဉ်းစားပါ .... တဲ့၊ ဦးဗထွေးတို့, ဦးမောင်ကလေးတို့ ကိုယ့်ဝဋ်ကိုယ်ချွတ်တတ်တဲ့လူ ရှားတယ်.... (ရှားပါတယ်ဘုရား)။

ဘာပြောပါလိမ့် တကာကြွယ်... (ကိုယ့်ဝဋ်ကိုယ်ချွတ်တတ်တဲ့ လူ ရှားပါတယ်ဘုရား ) အံ့မာ.... ကြောက်စရာကြီးပါလား တကာတကာမတို့....(မှန်ပါ့)။

ကိုယ်ကလဲ ဝဋ်ထဲမှာ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ထဲ ရောက်နေတယ်....(မှန်ပါ့) ဒီဟာကြီးကိုလဲ ကျွတ်ရေး-လွတ်ရေးကိုလဲ မရှာတတ်တဲ့အပြင် ဒီဝဋ်ကိုဘဲ ထပ်ပြီးသကာလ ပတ်ပြန်တယ်....( မှန်ပါ့ဘုရား ) သဘောကျပလား.... (ကျသွားပါပြီဘုရား)။

ကိုင်း.. ဒါဖြင့် ဒါကလေး ရှေ့ပိုင်းမှာ တကာတကာမတွေ နည်းနည်း နားထောင်လိုက်လို့ရှိယင် ကိုယ့်ဝဋ္ဋ ကိုယ်မချတ်တဲ့ အပြင် ကိုယ့်ဝဋ္ဋနဲ့ ကိုယ်ပင်လျှင် မကျွတ်ချင်လို့ ဒီဝဋ္ဋတွေဘဲ ထပ်ပြီး ကာဆီးပြန်တယ်ဆိုလို့ရှိယင်လဲ တကာကြွယ် မလွဲဘူးဗျ (မလွဲပါဘုရား)။

တကာတကာမတွေ ကိုယ့်ဟာနဲ့ကိုယ် တင်းတိမ်နေတာကို ဘုန်းကြီးတို့က မဟုတ်ပါဘူးလို့ ပြောနေတာလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ)။

ဥပမာမယ် နောက်ဘဝက ကိလေသဝဋ္ဋဆိုတဲ့ဥစ္စာ နောက်ဘဝက ဘုံဘဝလိုချင်တာက ကိလေသဝဋ္ဋကိုးဗျ....(မှန်ပါ)။

နောက်ဘဝက ဘုံဘဝတွေ လူ ပြည်လိုချင်တယ်၊ နတ်ပြည်လိုချင်တယ်ဆိုတော့ လိုချင်တာက ကိလေသာ....(မှန်ပါ)။

သူ့ကို ဘယ့်နှယ်ဆိုကြမလဲ....(ကိလေသဝဋ္ဋပါဘုရား)အဲဒီ့ ကိလေသဝဋ္ဋတွေကြောင့် ခင်ဗျားတို့က ဝဋ္ဋကုသိုလ်တွေလုပ်ပြီး သကာလ လူကောင်း,နတ်ကောင်း ဖြစ်ရပါလို၏ဆိုတဲ့ စေတနာတွေနဲ့ လုပ်လိုက်ပြီးသကာလ ဒီ-ကမ္မဝဋ္ဋပေါ်လာတယ်.. (ပေါ်လာပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....နောက်ဘဝက လူ့ဘဝလိုချင်တာက ကိလေသဝဋ္ဋ ... (မှန်ပါ)ဒါနဲ့,သီလတွေ ဆောက်တည်ခဲ့တာကလဲ နောက်ဘဝက ဘုံဘဝလိုချင်ပြန်လို့ဆိုတော့ ကမ္မဝဋ္ဋဖြစ်တယ်.... (မှန်ပါ)။

လူ့ဘဝလိုချင်တာက...(ကိလေသဝဋ္ဋပါ) ကာယကံ, ဝစီကံတွေနဲ့ အားထုတ်တာက .... ( ကမ္မဝဋ္ဋပါဘုရား ) ကမ္မဝဋ္ဋလို့

မှတ်ပါ၊ ဒီကာယကံ ဝစီကံအားထုတ်တာ ကမ္မဝဋ်ဘဲ....(မှန်ပါ) အခု တကာတကာမတွေ ရ,ထားတဲ့ခန္ဓာငါးပါးကြီးဟာ ဝိပါက ဝဋ်...(မှန်ပါ)။

ဒီခန္ဓာငါးပါးကြီးဟာ ဘာတဲ့...(ဝိပါကဝဋ်ပါ) ဩော်.... ဝဋ်ကျွတ်ကြပလားလို့ မေးလို့ရှိယင် ဒီခန္ဓာကြီးနဲ့နေရတာဖြင့် ဝဋ်မကျွတ်သေးပါဘူး(မှန်ပါ)။

ဦးသန်းမောင်တို့ ဘာတဲ့တုံး....(ဝဋ်မကျွတ်သေးပါဘုရား) ဝဋ်မကျွတ်သေးဘူးတဲ့ တကာတကာမတို့....(မှန်ပါ)။

အင်း... ဒါက ကိလေသဝဋ်....(မှန်ပါ) ဒီဘက်က ကာယကံ, ဝစီကံတွေက .... ( ကမ္မဝဋ်ပါ )အခု ရ,ထားတဲ့ ခန္ဓာကြီးက... (ဝိပါကဝဋ်ပါ)ရိုပ်မိပြီ... (မှန်ပါဘုရား)။

အခု ရ,ထားတဲ့ခန္ဓာကြီးက....( ဝိပါကဝဋ်ပါ ) ဒီခန္ဓာကြီး ဇာတ်သိမ်းငြိမ်းပလား၊ ခန္ဓာဒုက္ခကြီး သယ်ရပိုးရ၊တကာတကာမ တွေ ဒီခန္ဓာဒုက္ခ သယ်ရပိုးရတာကြီး ငြိမ်းချမ်းကြပလား ခန္ဓာ၏ ဝန်ကြီးကိုထမ်းရတုန်းဘဲလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ (ခန္ဓာဝန်ထမ်းရတုန်းပါဘုရား)။

ဒါဖြင့် တကာသစ်က ဆုံးဖြတ်ချက်ချ ဝဋ်ကျွတ်ပလား... မကျွတ်သေးဘူးလား...(မကျွတ်သေးပါဘုရား)။

ဝဋ်မကျွတ်သေးဘူး...( မှန်ပါ ) အင်း....တကာတကာမတို့ ကိုယ့်အဖြစ်တွေပါပြီ....(မှန်ပါ)။

ဟောဒီ အတိတ်ဘဝက ဒါက ကိလေသာ၊ ဒီအတိတ်ဘဝက ပြုကြတဲ့ကံတွေက ကမ္မဝဋ်....(မှန်ပါ)ဒါ၏ ယခု ရ,ထားတဲ့ခန္ဓာ

ဖြစ်သောကြောင့် ပစ္စုပ္ပန်ဘဝမှာရတဲ့ ယခု ခန္ဓာငါးပါးကြီးက ဝိပါကဝဋ်... (မှန်ပါ့ဘုရား)။

အခု ဘယ်ထဲရောက်နေကြပါလိမ့်...(ဝိပါကဝဋ်ထဲရောက်နေကြပါတယ်ဘုရား) ဩော် .... တကာကြွယ် ဝဋ်မကျွတ်သေးပါကလား.... (မှန်ပါ) ခန္ဓာဝန်ကြီး ထမ်းရတုန်းဘဲ မဟုတ်လား.... (ထမ်းရတုန်းပါဘုရား)။

အိုဘေး နာဘေး သေဘေး အပြည့်အစုံရှိတဲ့ ခန္ဓာကြီးကို ကျုပ်တို့သည် ပွေ့ပိုက်ထားရတုန်းဘဲ....(မှန်ပါ) သူ့အတွက်နဲ့ စိုးရိမ်ကြောင့်ကြ ဗျာပါဒတွေလဲ ရှိတုန်းဘဲ... (ရှိတုန်းပါဘုရား) သူကဘဲ အိုလိုက်၊ နာလိုက်နဲ့ တခါတည်း အမျိုးမျိုးနှိပ်စက်တုန်းဘဲ....(နှိပ်စက်တုန်းပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီးကျုပ်တို့ရတယ်၊ဝိပါကဝဋ်ဟာ ဒုက္ခသစ္စာ....(မှန်ပါ) ဝိပါကဝဋ် ဒုက္ခသစ္စာကြီး ကျုပ်တို့ဟာ ဖြိုင်ဖြိုင်ကြီးရထားပြန်တော့ တကာတကာမတွေ ကိုယ့်အတွက် ဝဋ်ထဲမှာ နေရတုန်းဘဲလား၊ ဝဋ်ကျွတ်ပလားလို့ မေးလိုက်ပါတယ်....(ဝဋ်ထဲမှာ နေရတုန်းပါဘုရား)။

ဩော်....ဦးမာဒင် ဘာထဲရောက်နေသတုံး .... (ဝဋ်ထဲရောက်နေပါတယ်) ဝဋ်ထဲရောက်နေတော့ ဝဋ်ကျွတ်တဲ့အလုပ်- လုပ်ပါပလားလို့ မေးတော့ တကာတကာမတွေ မေးလိုက်ပြန်တော့ ဩော်....ဝိပါကဝဋ်ထဲဖြင့် သူအကြီးအကျယ်ရောက်နေပြီ-(မှန်ပါ့ဘုရား)။

ဝဋ်ကျွတ်တဲ့အလုပ်-လုပ်ပါရဲ့လားလို့ မေးတဲ့အခါကျတော့ ဒီခန္ဓာကြီးကို တခါတည်း ငါထင်နေတဲ့ ဒိဋ္ဌိတဏှာကလာပြန် တယ်....(မှန်ပါ)မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း...ဒီခန္ဓာကြီး ယခုဘဝဖြင့် ရထားပြီ၊ ဒါ ငါ့ခန္ဓာဆိုတဲ့ ဒိဋ္ဌိတဏှာက မလာဘူးလား....(လာပါတယ်)နောက်လဲ ကောင်း စားရေးလုပ်ဦးမှဘဲဆိုတော့ တဏှာတဏှာမတို့ ကာယကံ၊ ဝစီကံ ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား)။

ကိလေသဝဋ်ကြောင့်...(ကမ္မဝဋ်ပေါ်ပါတယ်) ကမ္မဝဋ်ပေါ် တယ်....(မှန်ပါဘုရား)။

ဩော်....တဏှာတဏှာမတို့ ဝဋ်လဲမကျွတ်ဘဲနဲ့ဝဋ်ဖြစ်ကြောင်း တွေ ကြိုးစားထားတယ်....(မှန်ပါဘုရား)။

ဉာဏ်နဲ့ကြည့်ကြပါ...( မှန်ပါ ) ဝဋ်ကကျွတ်ပလား .... (မကျွတ်သေးပါဘုရား)မကျွတ်ခင်က ဘာတွေများလုပ်သလဲ... (ဝဋ်ဖြစ်ကြောင်းတွေလုပ်ပါတယ်ဘုရား)။

ဩော်....ဒီဝဋ်ပြီး ဟိုဝဋ်ကို၊ ဒီထောင်ပြီး ဟိုထောင်ပြောင်းဘို့ စိတ်ကူးထားတယ်....(စိတ်ကူးထားပါတယ်ဘုရား)။

ဒီထောင်ပြီးတော့.... (ဟိုထောင်ပြောင်းဘို့ စိတ်ကူးထားပါ တယ် ဘုရား)။

ဖြစ်မှ-ဖြစ်ရပလေ၊တဏှာတဏှာမတို့ ကျွတ်ရေးလွတ်ရေးတော့ မရှာဘဲနဲ့၊ ထောင်ပြောင်းဘို့ စိတ်ကူးတယ်....(မှန်ပါဘုရား)။

ဒီဝဋ်ကနေပြီးသကာလ ဒီဝဋ်ကျွတ်လို့ရှိယင် နတ်ခန္ဓာဝဋ်ကို ရရပါလို၏....( မှန်ပါ )ဆိုတော့ တဏှာတဏှာမတို့ မဂ်ဉာဏ်၊

ဖိုလ်ဉာဏ် အလုပ်ကို မလုပ်သ၍ ကာလပတ်လုံး ခင်ဗျားတို့ တနေ့လုံး အမောဆိုက်အောင် လုပ်နေတဲ့ အလုပ်ဟူသ၍သည် ထောင်ပြောင်းဘို့ရှာတဲ့ အလုပ်ချည့်ဘဲ မှတ်လိုက်စမ်းပါ — (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် .... (ထောင်ပြောင်းဘို့ အလုပ်ချည့်ပါ ဘုရား) ထောင်ပြောင်းဘို့ရှာတဲ့ အလုပ်ချည့်ဘဲဆိုတာ တကာ့စကြွယ်က ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါက ကိလေသာ—(မှန်ပါ့) ဒီကာ ကာယကံ ဝစီကံတွေ၊ ကာယကံ ဝစီကံက အကောင်းလဲရှိတယ်၊ အဆိုးလဲရှိတယ် .... (မှန်ပါ့ဘုရား)မကောင်းပြန်လဲ ထောင်ပြောင်းဘို့ဘဲ .. (မှန်ပါ့) ကောင်းပြန်လဲ ဒီကိလေသာကြောင့် ဖြစ်တဲ့ ကံကတော့ဖြင့် ဦးမာဒင် ထောင်ပြောင်းဘို့ဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဪ... ဒါဖြင့် တကာ့တကာမတော့ ယခု ဝိပါကဝဋ်ကြီးဟာ အတိတ်ဘဝက ကိလေသဝဋ်, ကမ္မဝဋ်ကြောင့် ဖြစ်ခဲ့ပါတယ်— (မှန်ပါ့ဘုရား) ကိလေသဝဋ်, ကမ္မဝဋ်ကြောင့် အခုခန္ဓာငါး ပါးကြီးရပါတယ်....(မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါးကြီးထဲက ဘာတွေများ ပေါက်ပွားလာပါ လိမ့်မတုံး၊ သူ့ကျွတ်ရေး- လွတ်ရေးတွေများ ပေါက်ပွားသီး ပွင့်လာလေရော့လားလို့ မေးတဲ့အခါကျတော့မှ နောက်ခန္ဓာ ဖြစ်ဘို့ရာ ပေါက်ပွားလာတယ်....(မှန်ပါ့)။

တဏှာဒဟာ တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ကိုယ့်ခန္ဓာ ခင်တဲ့တဏှာ....( မှန်ပါ့ ) ကိုယ့်ခန္ဓာ နောက်ကောင်းစားရေး လုပ်ချင်တဲ့ကံ ...(မှန်ပါ့) ဒါဖြင့် ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဘဲပြန် လှည့်တယ်....(မှန်ပါ့ဘုရား)။

ဘာတွေလုပ်နေသလဲ.... (ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဘဲပြန်လှည့် ပါတယ်ဘုရား)။

ကျွတ်ပြီးသားလူက လုပ်တာလား....တဲ့၊ မကျွတ်သေးခင်က ထောင်ဆောင်ထားတာလား မေးယင် ... (မကျွတ်သေးခင်က ထောင်ဆောင်ထားတာပါဘုရား)။

အို .... ခင်ဗျားတို့ပါးစပ်က ထွက်တာကို မကောင်းတော့ဘူး (မကောင်းပါဘုရား)။

ပါးစပ်က ထွက်တာကို မကောင်းတော့ဘူး၊ ဒီထောင်က မထွက်သေးခင် ဟိုထောင်ကျဘို့ တပည့်တော်တို့ အလုပ်·လုပ် ထားတယ်ဆိုတော့ တကာကြွယ်··ပါးစပ်က ထွက်လို့ (မကောင်း တော့ပါဘုရား)။

ဒါကို မသိကြဘူး.....(မှန်ပါ့)မသိကြတော့ ဦးလှဘူးရ အခု လဲ ဝိပဿနာလုပ်ယင်လုပ်၊ မလုပ်ယင် ထောင်ပြောင်းအလုပ်ဘဲ- (မှန်ပါ့)။

ဝိပဿနာလုပ်ယင်လုပ်ပါ... (မလုပ်ယင် ထောင်ပြောင်း အ လုပ်ပါဘုရား) မလုပ်လို့ရှိယင်ဖြင့် ထောင်ပြောင်းတို့ အလုပ်ဘဲ အဆင်သင့် လုပ်နေနှင့်တယ်ဆိုလို့ရှိယင်ဖြင့် တကာသစ်...မလွဲ ပါဘူး....(မလွဲပါဘုရား) လွဲပါ့မလား....(မလွဲပါဘုရား)။

ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ မရှိတာထက်၊ မသိတာခက်တယ်....(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ....(မရှိတာထက် မသိတာက ခက်ပါတယ်ဘုရား)မရှိတာထက်၊ မသိတာက ခက်တယ်၊ ကိုယ့်မှာ ဝဋ်ကြီးနဲ့ နေရတယ်...(မှန်ပါ)။

ဒီဝဋ်ကျွတ်အောင် လုပ်ပါသော်ကောလို့လဲ မသာဘဲနဲ့ ဒီဝဋ်မျိုး မနောက်ထပ် တွေ့ချင်ပါတယ်ဆိုတဲ့ အလုပ်မျိုး လုပ်နေတော့ ဩော်....ဒီ ခလေးသူငယ် လူမမယ်ကလေးသည် သူ ကျောင်ကြီးကစားနေတာကို ဆေးတော့ကိုသဲ အမေမိဘက နင်း ဒါတွေ မကစားပါနဲ့ ဆိုပြီး လက်တွေ ခြေတွေ ဘာတွေဆေးပေးတော့ ငိုသလိုလဲ ဖြစ်တတ်တယ်....(ဖြစ်တတ်ပါတယ်) ခင်ဗျားတို့ ဖြစ်စဉ်က....(မှန်ပါ)။

အခု ဝိပဿနာလုပ်ပါဆိုတော့ ဘုရား....အရှင်ဘုရားတို့ ပြောတော့ လွယ်တယ်၊ တပည့်တော်တို့ မလုပ်နိုင်ဘူးဘုရာ့....တာရှည်ကြီး... (မှန်ပါ) သားနဲ့ မယားနဲ့ မြို့ရေး ရွာရေး မင်းရေး စိုးရေးနဲ့ နေကြရတယ်...(မှန်ပါ)။

ဩော်....ဘုန်းကြီးများက ဝိပဿနာဉာဏ်နဲ့ လက်ဆေးပေးတယ်၊ ဒီခလေးဟာ ဝဋ်ကျင်ကြီးထဲမှာ ရောက်နေလို့....(မှန်ပါ) သူတို့က ဆင်ခြေလဲတယ်....(လဲပါတယ်ဘုရား)။

ဆင်ခြေလဲတယ်....တဲ့၊ ခလေးလက်ဆေးပေးတော့ကို ခလေးဟာ ငိုတယ်....(ငိုပါတယ်) ဘာဖြစ်လို့ ငိုပါလိမ့်မတုံးမေးတဲ့

အခါ ကျောင်းကြီးမှန်း မသိဘူး၊ ကျောင်းကြီးထဲ ပျော်နေလို့....(မှန်လှပါ) ကျောင်းကြီးလက်ဆေးယင်ဘဲ ငိုရှာတယ်... (မှန်ပါ)။

ဘယ့်နှယ်ကြောင့် ငိုပါလိမ့် ဦးမာဒင်....အကဲခတ်စမ်းပါ ဒီခလေးဟာ....(ကျောင်းကြီးမှန်း မသိလို့ပါ) ကျောင်းကြီးမှန်း မသိရုံဘဲလား....၊ ပျော်သေးသလား ထည့်ပါဦး...( ပျော်ပါတယ် ) ဒါကလေးလဲ ထည့်ပါဦး....(မှန်ပါ)။

ကျောင်းကြီးမှန်းလဲ မသိ၊ ပျော်တာကလဲ ဒီကျောင်းကြီးထဲမှာ အင်မတန်နေရာကျနေတော့ အမေမိဘဖြစ်တဲ့ သိကြား လိမ်မာတဲ့ ပုဂ္ဂိုလ်က လက်ဆေးတဲ့အခါကျလို့ရှိယင်ဖြင့် အဲဒီခလေးက လေးဟာ ငိုရှာတယ်....(ငိုပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ ဒီအလုပ်ကလေးပြီးအောင် လုပ်သွား၊ လက်ဆေးသွား စင်စင်ကြယ်ကြယ်ဆိုလို့ရှိယင် ဘယ့်နှယ်ဆိုကြမလဲ-(ငိုတာပါဘဲဘုရား) မဖြစ်ဘူးထင်တယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးသန်းမောင် ဘာတဲ့တုံး...(မဖြစ်ဘူး ထင်ပါတယ်) မဖြစ်ဘူးထင်တယ်...(မှန်ပါ) ဒါ ဘာလုပ်တာတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ ဆရာသမားက လက်ဆေးပေးတယ်....(မှန်ပါ)။

ခင်ဗျားတို့က အဆေးခံတဲ့ သဘောဘက်ကလား၊ ပြေးတော့မယ်ဆိုတဲ့ သဘောဘက်ကလား....(ပြေးတော့မယ်ဆိုတဲ့ သဘောဘက်ကပါဘုရား)။

ကြောက်စရာကြီးပါလား တကာကြွယ်ရ...(မှန်ပါ)ဘာဖြစ်လို့တုံးဆိုတော့ ခလေးစိတ်ပေါ့ဘုရား....(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့ အဆေးမခံတာပါလိမ့် .... ( ခလေးစိတ်မို့ပါဘုရား )။

ခလေးစိတ်မို့ အဆေးမခံနိုင်ဘူးဆိုတဲ့ဥစ္စာသည် ဒါအခိပ္ပါယ်ရောက်လို့ ပြောတာလားတဲ့....၊ ဖြစ်စဉ်ကိုက်လို့ ပြောတာလား....(ဖြစ်စဉ်ကိုက်လို့ ပြောတာပါဘုရား)။

တကာကြွယ်...ကြောက်စရာဗျ....( ကြောက်စရာပါဘုရား ) တကာသစ်....သေသေချာချာ စဉ်းစားမှနော်....(မှန်ပါ)သူ ဆင်ခြေလဲတာသာ ကြည့်ပါ...( မှန်ပါ ) သူ ဆင်ခြေလဲပါတယ်၊ ဒီလို တခါတည်းလုပ်လို့ ပြီးသွားမယ်ဆိုလို့ရှိယင်လဲ ဒီကျင်ကြီးပြောင်သွားလို့ရှိယင် ကိုယ့်လက်ဟာ အနံအစော် သက်သာတာဘဲ... (မှန်ပါ)နေပေစေဦး၊နောက်မှ ဖြေးဖြေးပေါ့...(မှန်ပါဘုရား)။

အံမာလေး .. ဘယ့်နှယ်တုံး အနံအစော်ကိုပင်လျှင် လက်သတ်မွေးဦးမည့်ပုံ... (မှန်ပါ)ဘာဖြစ်လို့တုံး....(ခလေးစိတ်မကုန်သေးလို့ပါဘုရား)။

ဒါဘဲ ဆိုတာဖြင့် တကာတကာမတို့ ကိုယ့်အတွက် သေသေချာချာစဉ်းစားမှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခလေးကျင်ကြီးကစားတယ်ဆိုတဲ့ဥစ္စာ သံယုတ်ပါဠိတော်မှာလဲ ဟော

ပါတယ်.... (မှန်ပါ့ဘုရား) သဘောကျကြပလား .... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဝဋ်မကျွတ်ခင်က ဝဋ်တန်ဆာဆင်တာသည် မအားမှု အလုပ်ဘဲ....(မှန်ပါ့)။

ဝဋ်မကျွတ်ခင်က.... (ဝဋ်တန်ဆာဆင်တာသည် မအားမှု အလုပ်ပါဘုရား) ကဲ... တကာသစ်....ပေါ်ပါပြီဗျာ....(ပေါ်ပါပြီ ဘုရား)။

ဝဋ်မကျွတ်ခင်က ဝဋ်ဖြစ်ကြောင်းကို ကြိုးစားပါရစေဦးဆိုလို့ရှိယင် တကာကြွယ် .... ဘယ်အဓိပ္ပါယ်ရောက်သတုံး.... (ဝဋ်မကျွတ်ပါ) ဝဋ်ကျွတ်ခြင်းကို သူသည် အလိုရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ခလေးကျင်ကြီး လက်ဆေးပေးယင် ငိုသလိုဖြစ်နေတယ်....(မှန်ပါ့) ဒီအတိုင်း အဓိပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဉာဏ်ကော တကာကြွယ်....ပေါ်ရဲ့လား....(ပေါ်ပါတယ်) ခင်ဗျားတို့လဲ ဆေးပေးတာကြိုက်တာလား၊ဖြေးဖြေးမှ ဆေးပါရစေထဲကလား.... (ဖြေးဖြေးမှ ဆေးပါရစေထဲကပါဘုရား)။

ဖြေးဖြေးမှ ဆေးပါရစေ.... (မှန်ပါ့)နည်းနည်းတော့ ရှုပါရ ရှိုက်ပါရ စေဦးမယ်လား၊ အဲတော်ဆိုးတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာဖြင့် တကာတကာမတို့ စကားဘတ်လို့ ပြောတာလား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ကပြောလို့ ခင်ဗျားတို့

ဖြစ်စဉ်နဲ့ ကိုက်လို့ ဒါ...အမှန်ပါဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် လိုသေးတယ်- လိုသေးတယ်ဆိုတဲ့ အဓိပ္ပါယ် တကာတကာမတို့ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ခန္ဓာကိုယ်ကြီးသည်ကားလို့ ဆိုယင် ဝဋ်ကျွတ်ပလား ....(မကျွတ်သေးပါဘုရား) ဝဋ်ကျွတ်တဲ့ အလုပ်ဟာ ဒီခန္ဓာကြီးပြန်ကြည့်ပြီးသကာလ ဒီနောက်ကနေပြီး ဝဋ်ဖြစ်ကြောင်းမထည့်ဘဲနဲ့ မဂ္ဂင်နောက်ကလိုက်ရတယ်....(မှန်ပါ့ဘုရား)။

မဂ္ဂင်နောက်က လိုက်လိုက်လို့ ရှိယင်ဖြင့် ကိလေသာတွေ လာသေးရဲ့လား...(မလာပါဘုရား) ဒီဝဋ်ကျွတ်သွားပြီးနောက် ဝဋ်ဆက်စရာရှိသေးရဲလား....(မရှိပါဘုရား)။

သို့သော်လဲတဲ့ တကာတကာမတွေ ဖြစ်စဉ်က မကင်းတရားတွေ မကင်းကြောင်းတွေ ကိုယ်က အလဲ့ကြီးလွဲလာတာကို ဂုဏ်လုပ်ပြီးပြောလိုပြော....(မှန်ပါ့ဘုရား)။

အချို့က ဒါနဲ့ညွှေခံတာရှိသေးတယ်....(မှန်ပါ့ဘုရား)အို—ဘုန်းကြီးတို့လို ငယ်ငယ်ကနေပြီးသကာလ ဒီလိုလာခဲ့ယင်တော့ တပည့်တော်တို့ ဘယ်မှာ ဒီလိုဖြစ်မတုံးဘုရား(မှန်ပါ့) အခုတော့ဖြင့် လွန်ပြီး ကျွံပြီးသားဖြစ်နေတော့ တစတစ ဆေးရမှာပေါ့တဲ့.... (မှန်ပါ့ဘုရား)။

ဘာဆေးမှာတုံး ခင်ဗျားဟာ ပြောပါဦး၊ ကျင်ကြီး-(မှန်ပါ့) မဟုတ်ဘူး မြန်မြန်ဆေးယင် ကောင်းတဲ့အလုပ်....(မှန်ပါ့) ဘယ့်

နှယ်ကြောင့် တစတစ ခင်ဗျားဘာသုံးနေတာတုံး... မေးယင် ဘယ့်နှယ်ဖြေမတုံး.... ( နံချင်သေးလို့ပါဘုရား ) တကာကြွယ် အတော်ဆိုးနေတယ်.... (ဆိုးပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ပါရမီ တစတစဆိုတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဒီ·အခုပြောခဲ့တဲ့ သံယုတ်ပါဠိတော်မှာ လာတာတွေကို ဦးမာဒင် တို့ သဘောမကျလို့ ပြောနေတာ.... (မှန်ပါ) မြန်မြန်လုပ်ယင် သာဝကပါရမီဉာဏ်မှာ ညနေ အားထုတ်ယင် မနက်ရတယ်.... (မှန်ပါ) သစ္စာတရားနာရ၍ သစ္စာနှလုံးသွင်းတည့်ယင် ပြီးတာ ပါဘဲ .. (မှန်ပါ) ဘာမှ နှစ်တွေ့လတွေ့ပါရမီတွေ မလိုပါဘူး (မလိုပါဘုရား)။

ဘာတဲ့တုံး တကာကြွယ် (နှစ်တွေ့လတွေ့ပါရမီတွေ မလိုပါ ဘုရား) ပြီးတာဘဲ သစ္စာတရားနာထားရပြီ·(မှန်ပါ)နာထားတဲ့ အတိုင်း ဉာဏ်စာနေ နှလုံးသွင်းလိုက်တဲ့ အခါကျတော့ ခန္ဓာ ကိုယ်ထဲမှာ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာအစစ်ဘဲလို့ ဆုံးဖြတ်ချက်လဲ ချ၊ မဂ်ပေါ်တာဘဲ....(မှန်ပါ) မလွယ်ဘူးလား....(လွယ်ပါတယ် ဘုရား)။

အဲဒီလို လွယ်ပင်လွယ်ငြားသော်လဲ တရားက လွယ်ပါရဲ့၊ တပည့်တော်တို့က မလွယ်တာ....(မှန်ပါ)။

ဘယ်သူက မလွယ်တာတုံး....(တပည့်တော်တို့က မလွယ်တာ ပါဘုရား) အံမာ.... တပည့်တော်တို့က မလွယ်တာလဲ ငယ်တဲ့

လူတွေလဲ မဟုတ်ဘူးနော်.... (မှန်ပါ့ဘုရား) တကာကြွယ် ရိပ်မိပလား....( ရိပ်မိပါပြီဘုရား ) ဆိုးလွန်းလို့ ပြောပါတယ်.... (မှန်လှပါဘုရား)။

လူကြီးပေသေတာနဲ့ ခလေးပေသေတာ တကာကြွယ် ဘယ်ဟာ ခက်သတုံး....(လူကြီးပေသေတာ ခက်ပါတယ်ဘုရား)။

ဟာ.... ခင်ဗျားတို့ဟာ ခင်ဗျားတို့ ထုတ်ပြောတာကိုး.... (မှန်ပါ့) အတော်ဆိုးနေတယ်ဆိုတာ ဦးသန်းမောင် ပေါ်ပြီ.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ပေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောလိုက်တယ်... (မှန်ပါ့)။

ကဲ....တဲ့၊ ငါ- ဘုရားသခင်ကိုယ်တော်မြတ်ကြီး တပည့်သားများကို ဟောနေတာကတော့ အဓိပ္ပါယ်တမျိုးပါတဲ့-....(မှန်ပါ့) ခလေးကလေးတယောက်က လေးဘက်သွားခလေးရှိတယ်(မှန်ပါ့ဘုရား) ခလေးကလေးတယောက်က လေးဘက်သွား ခလေးကလေး ရှိတော့ ဒုတ်ချောင်းကလေးတွေလဲ ပါးစပ်ထဲထည့်တယ်.... (မှန်လှပါ)မသိရှာဘူး၊ မန်ကျည်းစေ့ကလေး တွေ့ပြန်ကော.... (ပါးစပ်ထဲထည့်ပါတယ်ဘုရား)။

ဒါကို သိ့ကြား့ လိမ်မာတဲ့ပုဂ္ဂိုလ်က ဒုတ်ချောင်းကလေး ထည့်လိုက်တယ်၊ မန်ကျည်းစေ့ကလေး ထည့်လိုက်တာ၊ ခလေးမသိလို့ဆိုပြီးသကာလ တခါတည်း ခလေးကလေး ဘယ်ဘက်နဲ့ ပေ့လျက်.... (မှန်ပါ့) ညာဘက်လက်ညှိုးနဲ့ လက်မနဲ့ကောက်

သွားရမယ့်ကွေးထားရမယ်....(မှန်လှပါ) သူ့ပါးစပ်ကလေးထဲ နိုက်ရမှာကိုး....(မှန်လှပါဘုရား)။

နိုက်တော့ ခလေးက သူကြိုက်တာမျိုထားတဲ့အတွက် ခလေး ကတော့ ငိုမှာဘဲ....(ငိုပါတယ်ဘုရား) သွေးလဲ ထွက်မှာဘဲ... (ထွက်ပါတယ်ဘုရား) ဒုတ်ချောင်းတွေက ဟိုငြိ-ဒီငြိပေါ့ဗျာ.... (မှန်ပါ့)။

သို့သော်... မနုတ်ဘဲ ထားကြမှာလား၊ တကာတကာမတို့ နုတ်ရမှာလား....(နုတ်ရမှာပါဘုရား) ဘာ့ကြောင့်တုံး- ခလေး သနားလို့... ( မှန်ပါ့ဘုရား ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဘာဖြစ်လို့ပါလိမ့်.... (ခလေးသနားလို့ပါဘုရား) သူက မသိလို့ မျိုထားငြားသော်လဲ သနားတဲ့ပုဂ္ဂိုလ်ကတော့ ဒုတ် ချောင်း, မန်ကျည်းစေ့ကို လက်ညှိုးနဲ့ လက်မနဲ့ ကောက်တဲ့ပြီး သကာလ ငိုတာ ပဓာနမထားနဲ့ သေမှာစိုးရိမ်လို့ အတင်းဆွဲ ထုတ်တယ်... (ထုတ်ရမှာပါဘုရား) သဘောကျပလား....(ကျပါ ပြီဘုရား)။

ဘုန်းကြီးများ တရားဟောနေတာ ဒီစိတ်ပါတယ်....(ပါ-ပါ တယ်ဘုရား) ခင်ဗျားတို့ငိုတာတော့ မစောင့်နိုင်ဘူး ...(မှန်လှပါ) သဘောကျပလား ...(ကျပါပြီဘုရား)။

ခင်ဗျားတို့ငိုတာတော့ဖြင့်....(မစောင့်နိုင်ပါဘုရား) မစောင့် နိုင်ဘူး၊ ခင်ဗျားတို့ငိုတာက မသိငိုကြီး၊ ကိုယ်ကြိုက်ထားတာက

ထွက်သက်၊ ဝင်သက်ပိတ်ပြီး သေမှာကို ကြိုက်ထားတာ....(မှန်ပါ ဘုရား)။

အဲဒီတော့ ဒီဆရာလုပ်တဲ့ပုဂ္ဂိုလ်က ဒီလူတွေ ဘာဘဲဖြစ်ဖြစ် ပေါ့... သစ္စာမြင်အောင်လုပ်၊ မင်း-လျှော့မနေနဲ့၊ သူမကြိုက် ကြိုက်၊ ကြိုက်ဆွဲထုတ်... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

သူ့အိမ်ထဲက ဆွဲခေါ်၊ သူ့အိမ်ထဲကနေပြီးသကာလ ဒီမဂ် မရောက်-ရောက်အောင်လုပ် (မှန်လှပါဘုရား) ဘာဖြစ်လို့တုံး ဆိုတော့ သေခြင်းဆိုး သေမှာစိုးလို့....(မှန်လှပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(သေခြင်းဆိုးသေမှာစိုးလို့ပါ ဘုရား)။

ဒီအထဲက သေခြင်းဆိုးသေမှာစိုးလို့ ဆွဲထုတ်ထားပြန်ပါ တော့လဲ သေခြင်းဆိုးလမ်း သွားချင်သေးတာကလဲ ပါသေး တယ်....(ပါ-ပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ ဦးဗထွေးတို့ ခင်ဗျားတို့ အသွားဟာ အတော်ဆိုးပါ ကလား...(ဆိုးပါတယ်ဘုရား)။

အခု ကရားဟောနေတယ် တရားတွေ အားထုတ်ခိုင်းထား တယ်ဆိုတာ ဆွဲထုတ်နေတာ.... (မှန်ပါ့ဘုရား) မဟုတ်ဘူးလား (မှန်ပါ့)။

ဆွဲထုတ်လို့ အခု မန်ကျည်းစေ့ရော- ဒုတ်ချောင်းရော မရှိ ဘူး....(မှန်ပါ့) မရှိလို့ဘဲ ရှုလို့-ရှုက်လို့ကောင်းပြီ....(မှန်ပါ့) တရားမှလဲ ကြိုးစားလို့ကောင်းပြီ .. (မှန်လှပါဘုရား)။

မန်ကျည်းစေ့မျိုတဲ့ဆီသွားဦးမလား၊ ဒုတ်ချောင်းမျိုတဲ့ဆီ သွားဦးမလားလို့မေးတော့ တပည့်တော်တို့က မကောင်းတဲ့တရား ဘုရား....(မှန်ပါ)။

ဘာနဲ့မကောင်းတာတုံး- သေလမ်းနဲ့ မကောင်းတာ ရှိနေတာ လား....(မှန်ပါ) ရိပ်မိ လား... (ရိပ်မိပါပြီ ဘုရား)။

ဘာနဲ့မကောင်းတရားရှိနေတာတုံး....(သေလမ်းနဲ့ မကောင်းတရား ရှိနေတာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့တရားကိုကြိုးစားနော၊ဆရာဘုန်းကြီး ပြောတာ ကြိုးစားမှတ်၊ သူဟာ အမေမိ လိုဘဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့အတိုင်း အဘင်းသွဲ့ထုတ်နေ တာဘဲ၊ ဒို့က မသိလို့မျိုနေတာ.... ( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူပြောတာအမှန်- ဒို့အထင် အကုန်အလွဲထား.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုထားရမှာတုံးဗျ.... (အရှင်ဘုရားပြောတာ အမှန်ပါ ဘုရား) အေး... ဆရာသမား ပြောတာက ( အမှန်ပါဘုရား ) ကိုယ့်အထင်ဟူသ၍.... (အလွဲပါဘုရား) အကုန်အလွဲထား.... (မှန်ပါ)။

ဆရာသမားပြောတာတော့... (အမှန်ပါဘုရား) တရား အား ထုတ်လို့ ခိုင်းတာလေ ( မှန်ပါ ) အမှန်ထား၊ ကိုယ့်အထင် ဟူသ၍ကတော့....(အမှားချည့်ပါဘုရား)။

ကိုယ့်အထင်က ဘယ်ဟာက မပြီးသေး....၊ ဘယ်ဟာက မပြတ်သေး၊ ဒီဟာက ဘယ်လို ညာလို့နဲ့၊ အို.... ကိုယ့်အထင်တွေ အကုန်လျှော်....(မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘုန်းကြီး ဇွတ်ကျလိုက်တာလို့ ဆိုချင်သေးသလား.... (မဆိုပါဘုရား) ဇွတ်မကျဘူးဗျ....၊ ခင်ဗျားတို့က မျိုထားတာက သေမင်းမျိုထားတာ....(မှန်ပါ) ဇွတ်လား ဒီဥစ္စာ....(မဟုတ်ပါဘုရား) ဇွတ်မှ ဆွဲမထုတ်လို့ရှိယင် ခင်ဗျားတို့ သေခြင်းဆိုး သေမယ်.... ( မှန်ပါဘုရား ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ခလေးလိုလဲ အောက်မေ့ပြီး မနေကြပါနဲ့တော့ ဆွဲတင်တဲ့ဥစ္စာကို ကဲ... ဒို့သေပေါက်သေဝက ဆွဲတင်တဲ့ဥစ္စာဘဲ ဆိုပြီးသကာလ ထပ်မျိုမှုနဲ့ ထပ်စားမှုကို တကာသစ်ရေ ရှောင်ရမယ်....(ရှောင်ရပါမယ်ဘုရား) ရှောင်နိုင်သလောက် ရှောင်ရမှာလား၊ လုံးလုံးရှောင်ရမှာလား.... (လုံးလုံး ရှောင်ရမှာပါဘုရား) မရှောင်ယင် ထပ်မျိုသေဦးမှာဘဲကိုး....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့အထင်နဲ့ ဘုရားအမြင်နဲ့ကဖြင့် ဦးမာဒင် သိပ်ကွာနေပြီ....(ကွာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က တော်တော်ခက်တဲ့လူတွေ တကာကြွယ်တို့ လူစုက....(မှန်ပါ) သြော်....ဘုန်းကြီးများက ပြောရှာ

သွားတဲ- လာပြီ-လျှော့ပေါက်က.... ( မှန်ပါ့ ) ဒီလျှာပေါယင် ဘုန်းကြီးက သိပ်ကြောက်တယ်.. (မှန်ပါ့ဘုရား) ဒီလျှာပေါယင် သိပ်ကြောက်တယ် ဦးသန်းမောင်... (မှန်ပါ့) ပြောရှာသွားတဲ ဆိုတော့ သူ-ဘုန်းကြီးအပေါ်လဲ ခင်လျက်,မင်လျက်တဲ-(မှန်ပါ့ ဘုရား) ကိုယ်က ဟန်မရလို့....(မှန်ပါ့ဘုရား) အံမာ.... သူက ဒါကလေး ရှော်သွားတယ်....(မှန်ပါ့)။

ဘုန်းကြီးက ပြောရှာသွားတဲ၊ ကိုယ်က ဟန်မရတာနဲ့လဲ ဒါ- လွတ်သွားတာ ဆရာသမားကျေးဇူးတော့ မမေ့ပါဘူး၊ ကိုယ်တော့ အသေခံပါတော့မယ်....(မှန်ပါ့)ဒီရောက်သေးတယ်၊ မမေ့တယ်လဲ မဟုတ်သေးဘူး....(မှန်ပါ့) ကိုယ်တော့ အသေခံ တယ်ဆိုတဲ့အမှိုပ္ပါယ်က တကာကြွယ် ရောက်,မရောက်....(ရောက် ပါတယ်ဘုရား)။

သိပ်ဆိုးတယ်ဆိုတဲ့စကားကော ပေါ်လာကြပလား....(ပေါ် လာပါပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါတွေ အခုဆုံးမတဲ့ အလုံးတွေဟာ ဘုန်းကြီးကိုယ်တိုင် ကြုံဖန် ဆုံးမတယ်လို့ တကာကြွယ်က မယူနဲ့၊ ပါဠိတော်မှာ လာတာတွေ ပြောနေတာ.... (မှန်ပါ့) ဘုရား ဒီအတိုင်း ဆုံးမ တယ်ဆိုတာ ပြောနေတာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အလုပ်သဘော သွားကြ စို့နော်.... (မှန်ပါ့)အလုပ်သဘောဆိုတာသည် ခင်ဗျားတို့ မျို ထားတာကို ဆွဲထုတ်တာ....(မှန်ပါ့)။

ခင်ဗျားတို့ မသိလို့ တခါတည်း ဒုတ်ချောင်းတို့ မုန်ကျည်းစေ့တို့မျိုးထားတာကို ဉာဏ်နဲ့ဆွဲထုတ်တာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

မျိုတော့ မျိုပြီးသားတွေချည့်ဘဲ ဒီတကာတကာမတွေမှာ (မှန်ပါ့)ဉာဏ်နဲ့ ဆွဲထုတ်ရမယ်....(မှန်ပါ့ဘုရား)။

ဉာဏ်နဲ့ဘာတုံး....(ဆွဲထုတ်ရပါမယ်) တကာသစ်ရေမဆွဲယင် တော်ပါ့မလား... ( မတော်ပါဘုရား ) သွေးထွက်ထွက်ဗျာ ... (မှန်ပါ့)ငိုလို့တက်ဘဲသွားသွား .... (မှန်ပါ့) ဘာလုပ်ရမလဲ.... (ဆွဲထုတ်ရပါမယ်)။

ခင်ဗျားတို့ကိုယ်တိုင် အမေမိဘလုပ်ကြည့်ပါ.... ( မှန်ပါ့ ) ဒီခလေးဟာ ဒီလည်မျိုနားရောက်နေပြီ ဦးသန်းမောင် လေးဘက်သွားခလေးကလေး ဒုတ်မျိုထားလို့....(မှန်ပါ့)။

ဒုတ်ချောင်းကလေး၊ သစ်ချောင်းကလေးပေါ့ဗျာ· (မှန်ပါ့) ကဲ... ဦးသန်းမောင်ကိုယ်တိုင် ဘယ့်နှယ်လုပ်ရမတုံး....(ဆွဲထုတ်ရပါမယ်ဘုရား)ငိုတယ် ခလေးက ဘယ့်နှယ်လုပ်မလဲ.... (ဆွဲထုတ်ရပါမယ်)သွေးထွက်လာပြီဗျာ....(ဆွဲထုတ်ရပါမယ်) သွေးထွက်-ထွက်၊ မထွက်ထွက် ဘာလုပ်ရမတုံး... ( ထုတ်ရမှာပါဘုရား ) ထုတ်ရမှာဘဲ။

ဒါဖြင့် ခလေးငိုတာလဲ မစောင့်နဲ့ သွေးထွက်မှာလဲ စောင့်နေလို့မဖြစ်ဘူး....(မှန်ပါ့) သေမှာအဓိကထားပြီး မသေအောင် လုပ်တာကိုသာ ကျုပ်တို့ အရေးထားပြီး ပိုင်ပိုင်လုပ်ရမယ် .... (မှန်ပါ့)ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီအလုပ်ကို အဓိကထားလုပ်....(မှန်ပါ့)ဒီအလုပ်ဟာ အသေလွတ်ကိုးဗျ....(မှန်ပါ့) ခင်ဗျားတို့ တဏှာခိုင်းတဲ့ အလုပ် ဟူသရွေ့ဟာ အသေရှာအလုပ်.... (မှန်ပါ့) တဏှာ,ဥပါဒါန်,ကံ, ဇာတိ,ဇရာ,မရဏဘဲ....(မှန်ပါ့)။

တဏှာ,ဥပါဒါန်,ကံ (ဇာတိ,ဇရာ,မရဏပါ) ဒါဘဲ၊ ကဲ.... တဏှာနဲ့လုပ်တဲ့ အလုပ်ဟူသရွေ့ အသေရှာတာချည့်ဘဲ·(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

တဏှာနဲ့လုပ်တဲ့ အလုပ်ဟူသရွေ့ .... (အသေရှာတာချည့်ပါ ဘုရား)။

ငွေများများရချင်တယ်၊ ကြီးကြီးပွားပွားကြီး ဖြစ်ချင်တယ်၊ တကာသစ် ဒါဘာရှာတာတုံး(အသေရှာတာပါ)ဒါ တဏှာနဲ့ ရှာတော့ ဥပါဒါန်မလာပေဘူးလား .... (လာပါတယ်ဘုရား)။

ကံမလာပေဘူးလား.... (လာပါတယ်) ကံလာယင် ဇာတိ, ဇရာ,မရဏကကော....(လာပါတယ်)ဒါဖြင့် မရဏဆိုတာအသေ ဘဲ မဟုတ်လား .. (မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာနဲ့ရှာတာဟူသရွေ့ ဦးမာဒင်တို့ ဆုံးဖြတ်ချက်ချ ဘာရှာတာတုံး (အသေရှာတာပါဘုရား)။

ခြေဒ်အခုတော့လဲ ရိပ်မိသွားဘဲ သူ့ဟာကနေဒ်. (မှန်ပါ့) တကာကြွယ် ရိပ်မိသွားတယ်....(ရိပ်မိပါတယ်ဘုရား)။

တဏှာနဲ့ ရှာတာဟူသရွေ့....(အသေရှာတာပါဘုရား) ဒါဏ ဘုန်းကြီးကပြောတာလား၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ် အကိုက်လား

(ဖြစ်စဉ်အကိုက်ပါဘုရား)တဏှာ၊ဥပါဒါန်၊ကံလေဗျာ .. (မှန်ပါ) ပြီးတော့ ဘာလာသတုံး (ဇာတိ၊ဇရာ၊မရဏလာပါတယ်ဘုရား) အသေမှပါရဲ့လား....(ပါ-ပါတယ်ဘုရား)။

အင်း....ဒါဖြင့် တဏှာခိုင်းတာလုပ်တဲ့ ပုဂ္ဂိုလ်များ အသေ ရှာတာ... (မှန်ပါ့ အသေရှာတာပါဘုရား)။

ဘယ်လိုဆိုကြမလဲ... (တဏှာ၊ဥပါဒါန်၊ကံလုပ်တဲ့ ပုဂ္ဂိုလ်များ အသေရှာတာပါ) တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အသေမရှိလို့ ရှာတာလား၊ ရှိလျက်နဲ့ ရှာတာလား...(ရှိလျက်နဲ့ ရှာတာပါ)ဟော....အခုရှိတဲ့ ခန္ဓာကြီးဟာ သေကို မသေရသေးဘူး၊ ခင်ဗျားတို့ကသာ စောစောစီးစီး ရှာထားတာ.... (မှန်ပါ့ဘုရား)။

အခုခန္ဓာက.... (သေကို မသေရသေးပါ)ဒါဖြင့် မသေခင်က ဘာရှာတာတုံး.... ( အသေရှာပါတယ် ) ကြော်....အသေတော့ ရပါပေဗျာ... (မှန်ပါ) သိုးမျိုးတွေများ ဖြစ်နေကြရော့လား.... (မှန်ပါ့)သိုးများ တကောင်သာ စဉ်းနီတုံးပေါ်မှာ သတ်လို့ ရှိယင် နောက်တကောင်က တိုးဝင်တာဘဲ... ( မှန်ပါ့ )တိုးဝင် လာပြီး အသတ်ခံတာဘဲ....(အသတ်ခံပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့လဲ ဒီအခုဝဋ္ဋမကျွတ်ခင်က အသေခန္ဓာရှိ လျက်နဲ့ နောက်အသေခန္ဓာအလုပ်ကို တဏှာခိုင်းတာလုပ်နေ တာဟာ ဘာမျိုးမို့ဒါလောက်တောင် အသေရပါလိမ့်မလဲ.... (သိုးနဲ့တူနေပါတယ်ဘုရား)။

သိုးနဲ့မခြားနားဖြစ်နေတယ်.... ( မှန်ပါ့ )သူက လေးဘက် သွားတယ်....(မှန်ပါ့)ကိုယ်က နှစ်ချောင်းသွားတယ်....(မှန်ပါ့) ဒါဘဲ အမြင့်နဲ့အနိမ့်ဘဲကွာတယ်....(မှန်ပါ့) ရှာပုံချင်းကတော့ (တူနေပါတယ်)ရှင်ပလား....(ရှင်းပါပြီဘုရား)။

ပြောင်းကြပါဦးဗျာ .. (မှန်ပါ့)တကာသစ် ဘယ်လိုစဉ်းစား မိသလဲ....(ပြောင်းရမှာပါ) ပြောင်းရမှာဘဲဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကဲ .... ပြောင်းကြပါစို့ဗျာ၊ သဘောတူကျကြရဲ့လား .... (တူပါတယ်ဘုရား) ဟုတ်မှဟုတ်ကဲ့လား....(မှန်ပါ့) ခင်ဗျားတို့ လေးချောင်းက နှစ်ချောင်းပြောင်းရမှာနော် .. ။

လေးချောင်းက နှစ်ချောင်းပြောင်းရမှာ တကာတကာမတို့ အရေးတကြီးပြောင်းမှ ရမယ်နော် .... (မှန်ပါ့) အရေးတကြီး မပြောင်းယင်....(မရပါဘုရား)။

မရဘူးဆိုတော့ ဒါဖြင့် ဒီခန္ဓာကို တကာတကာမတို့ ဒီခန္ဓာ ငါးပါး ကျုပ်တို့ဝိပဿနာ လုပ်ရလိမ့်မယ်....(မှန်ပါ့)။

ဒီခန္ဓာငါးပါး ဘာလုပ်ရမလဲ... ( ဝိပဿနာလုပ်ရမှာပါ ) ဒီခန္ဓာငါးပါးကို တကာတကာမတွေက ဝိပဿနာ ရှုလိုက်တဲ့ အခါကျတော့ တကာတကာမတို့သန္တာန်၌ တဏှာ, ဥပါဒါန် တွေ တကာသစ် လာ·မလာ....(မလာပါဘုရား)။

ဩော်....ဒါဖြင့် အသေရှာတဲ့ တရားကိုသစ်လိုက်တဲ့အတွက် အဇသလွတ်သွားတယ်....(မှန်ပါ့)။

အသေရှာတဲ့တရားကို သတ်လိုက်တဲ့အတွက်...(အသေလွတ်သွားပါတယ်) ဒါဖြင့် တကာကြွယ်ရေ ကယ်မည့်လူ ယူမည့်လူဟာမဂ္ဂင်ဘဲ....(မှန်ပါ)။

ဘယ်နှယ်ဆုံးဖြတ်ချက်ချမလဲ....(ကယ်မည့်လူ ယူမည့်လူဟာမဂ္ဂင်ပါ)ကယ်မည့် ယူမည့်တရားဟာမဂ္ဂင်ဘဲ....(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့မှာ သေတော့ သေတတ်တယ်၊ အသေလွတ်တော့ မရှာတတ်ဘူးလို့ ဆိုမှာလဲ အတော်စိုးရိမ်ရတယ် (မှန်ပါဘုရား)။

အခုတော့ဖြင့် မစိုးရိမ်ပါနဲ့တော့၊ ဆရာဘုန်းကြီးက ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောသည့်အတိုင်း ပြနေသည်ဆိုသဖြင့်....တဲ့၊ အသေရှိလျက်နဲ့ အသေရှာတာသည် လူမိုက်ကွ ...(မှန်ပါ)အသေရှိလျက်နဲ့ အသေလွတ်ရာရှာတဲ့ပုဂ္ဂိုလ်မှလူလိမ္မာကွ.. (မှန်ပါ)ဆိုတော့ မဂ္ဂင်လုပ်လိုက်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ္ဂင်လုပ်လိုက်တော့ တဏှာတွေပါသေးရဲ့လား·(မပါ-ပါ) ဥပါဒါန် ပါသေးရဲ့လား....(မပါ-ပါ)ကံကော...( မပါ-ပါ ) ဇာတိ ဇရာ မရဏကော....(မပါ-ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တဏှာခိုင်းတဲ့အလုပ် မလုပ်လို့ရှိယင်ဖြင့် အသေရှာတဲ့ အလုပ် မဟုတ်ဘူး....(မဟုတ်ပါဘုရား)။

ဉာဏ်ခိုင်းတဲ့ အလုပ်-လုပ်ပါဆိုတော့ ဒါကြောင့် ဘုရားက "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော၊ အယံ

ဝေါ အမှာကံ အနုသာသနီ”.... (မှန်ပါ) ဘိက္ခဝေ=ငါ၏ ချစ်သား တပည့်များတို့၊သတော=မင်းတို့ ခန္ဓာပေါ်၌ သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော=ပညာနဲ့ ဖြစ်ပျက်တွေ မြင်သည်ဖြစ်၍၊ ဝိဟရေယျ=ငါ မရှိပေမဲ့ နေရစ်ကြ....(မှန်ပါ)။

သတိထား ပညာနဲ့ကြည့်ပြီး နေရစ်ပါတဲ့....(မှန်ပါ) အဲဒါ အသေရှာတဲ့ အလုပ်မဟုတ်ဘူးဟေ့ .... အသေလွတ်တဲ့ နိဗ္ဗာန် သွားတဲ့ အလုပ်တဲ့-(မှန်ပါ)ဆိုတော့ တကာတကာမတို့ ဒီအလုပ် ဟာ ဆေးဆရာ ပိုက်ဆံပေးရဲလို့ ရှိယင် ဒီအလုပ်-လုပ်ထိုက်တယ်-(မှန်ပါ)။

ဆေးသမား ပိုက်ဆံပေးရဲယင်....(ဒီအလုပ်-လုပ်ထိုက်ပါတယ် ဘုရား)။

ဆေးသမား ဘယ့်နှယ်ကြောင့် ပိုက်ဆံပေးရဲသလဲ...သေမှာ စိုးလို့....(မှန်ပါ)။

ဆေးသမားပိုက်ဆံပေးတာကတော့ ခင်ဗျားတို့ ကြည်ညိုလို့ ပေးတာ ရှားပါတယ်....(မှန်ပါ)။

ဘယ်လိုကြောင့် ပေးတာပါလိမ့် .... ( သေမှာစိုးလို့ပါ ဘုရား)။

သေမှာစိုးလို့ ပေးနေတာ၊ ဆရာကြည့်လုပ်နော်....၊ငွေတော့ ခင်ဗျားအရေးမကြီးဘူး....(မှန်ပါ)ဘယ့်နှယ်ကြောင့် ဒါလောက် ရက်ရက်ရောရောလာပါလိမ့်....(သေမှာစိုးလို့ပါဘုရား)။

ဒါဖြင့် ဆေးသမားပိုက်ဆံပေးတာသည် သေမှာစိုးလို့ ဆို

သလိုဘဲတဲ့ တကာတကာမတို့ ဒီမှာလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိထား ပညာနဲ့ ကြည့်ဆိုတာ ခင်ဗျားတို့ကို ဆေးကုပေးတာဘဲ....(မှန်ပါ့)။

ကိုယ်တော်မြတ်ကြီးပေးတဲ့ ဆေးက ထာဝရ မသေရဘူး....(မှန်ပါ့)ဒီ ယခုလောကမှာရှိတဲ့ ကောင်းပေ့ဆိုတဲ့ ဆေးတွေက တခါ ကလေးသာ တားရတယ်....၊ သေသေချာချာ အစအဆုံး တော့ တားရဘူး....( မရပါဘုရား ) ရပါ့မလား....( မရပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဆေးသမားအစစ်ဟာ ဘုရားဘဲ ဆိုပြီးသကာလ တကာတကာမတို့ သတ္ထာဒေဝမနုဿာနံ ....(မှန်ပါ့) ပေါ်ပြီလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး....(သတ္ထာ ဒေဝမနုဿာနံပါ) သတ္ထာက- လူနတ်တို့၏ ဆရာ....ဆေးဆရာကြီး....(မှန်ပါ့) ဒေဝမနုဿာနံ=နတ်လူတို့၏၊ သတ္ထာ=ဆေးသမားသဖွယ် ဆရာကြီး ဖြစ်ပါပေ၏တဲ့....(မှန်ပါ့)။

မသေရာကို ပေးတတ်တာ သူဘဲ ရှိတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မသေရာပေးတတ်တာ....(သူဘဲ ရှိပါတယ်)ဒီဆရာဘဲ ရှိတယ်၊ ဒီဆရာ ဘာဆေးပေးပါလိမ့်မတုံး....၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘာဆေးတွေ စပ်ပြီး ဘယ်လိုမျိုး ပေးပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့်တဲ့ ခင်ဗျားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ဆေး

သုံးခုကို ဖျော်တိုက်တာဘဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနိစ္စ,ဒုက္ခ,အနတ္တဆိုတဲ့ ဆေးသုံးခွက်ကို .... (ဖျော်တိုက်ပါတယ်ဘုရား)။

အဲဒီ့ဆေးသာ ခင်ဗျားတို့ ကျကျနန သောက်မိမယ်ဆိုလို့ရှိယင်ဖြင့် အနိလဲ မထုတ်ပါနဲ့....(မှန်ပါ) ဘယ်တော့မှ မသေတဲ့ဥစ္စာ ဖြစ်ပါတယ်....( မှန်ပါဘုရား )ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘုရားပရိနိဗ္ဗာန်စံသွားပြားသော်လဲ ဆေးဆရာကြီးက ဆေးတွေ ထားပစ်ခဲ့တယ်....(မှန်ပါ)။

ဒီ ဆေးတွေကို ဘယ်လိုသောက်ရမတုံးလို့ မေးတဲ့အခါ.... အနိစ္စ,ဒုက္ခ,အနတ္တရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဒါဆေးသောက်နေတာဘဲ....(မှန်ပါ)။

ဖြစ်ပျက်တွေ ရှုတဲ့ပုဂ္ဂိုလ်ဟာ .... (ဆေးသောက်နေတာပါဘုရား)။

ဆေးသောက်နေတာ၊ ဘာဆေးသောက်တာတုံး... ပြောစမ်းပါဦး....၊ သေနိုင်ရိုးဘဲလား၊ ဓါတ်သက်ရိုးဘဲလားလို့ ဆိုတော့.... မဟုတ်ဘူး၊ ဒါ မသေဆေး....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဆေးပါလိမ့်--(မသေဆေးပါဘုရား)မသေဆေး သောက်ပုံကလဲ တကာကြွယ်....နှစ်နှစ်ချိုက်ချိုက်သောက်နေ....(မှန်ပါ

ဘုရား) ဆေးလေးသောက်လိုက်၊ အင်း....နံ့တယ်ဆိုပြီး ချထားလိုက်၊ ဒီလိုတော့ မလုပ်နဲ့.... (မှန်ပါ) ဒီလိုတော့ မလုပ်နဲ့၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နံ့တယ်ဆိုပြီး ချထားလို့ရှိယင် မသေဆေးပါ ဆိုတဲ့ဥစ္စာ တကာတကာမတွေ့က ဖြေးဖြေးသောက်လဲ မကောင်းဘူး ....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အင်း...ခဏကလေး သောက်လိုက်၊ ဖြတ်ထားလိုက်ယင်လဲ....(မကောင်းပါဘုရား) ဖြတ်ထားယင် နင် သေချင်သေးလို့လား လို့ မေးပါလား....(မှန်ပါ) မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

အဲဒီလို ကိုယ့်ဟာ ကိုယ်လဲ ဉာဏ်ကလေးထုတ်ပြီး တကာကြွယ်ရ... သောက်စမ်းပါဦး....(မှန်ပါ)။

ခင်ဗျားက ဆေးသောက်ခါရှိသေးတယ် တော်တော်ကြာကိစ္စရှိတော့ ထွက်ပြေးပြန်ပြီ....(မှန်ပါ)။

ဟ....ဘာလုပ်တာတုံး....၊ ဆေးသောက်ပြီး ချထားပြန်တယ် (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဆေးက ဘာဆေးလဲ....(မသေဆေးပါဘုရား) ဟ....မသေဆေးကို ဘယ့်နှယ့်ကြောင့် အစအဆုံးထိအောင် မသောက်ပါလိမ့်....( သေချင်သေးလို့ပါဘုရား ) အို့ သေပွဲကို နည်းနည်းကလေးလွှမ်းသေးလို့ ဘုရား....(မှန်ပါ)ဒီအဓိပ္ပါယ်ကောမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဦးသန်းမောင်တို့၊ ဦးဗထွေးတို့ ဆုံးမနေတာ- (မှန်ပါ့) ဩော်... ခင်ဗျားတို့ဟာ လူကြီးစိတ်မရှိဘူးနော် .... (မှန်ပါ့)ပြောထိုက်- မပြောထိုက်....(ပြောထိုက်ပါတယ်ဘုရား)။

လူကြီးစိတ်မရှိဘူးဆိုတဲ့ဥစ္စာ ခင်ဗျားတို့မနာပါနဲ့.... (မနာပါဘုရား)။

အင်မတန်မှ ခင်ဗျားတို့သည်ကားလို့ ဆိုယင်ဖြင့် မသေဆေးသုံးခွက်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး ထားခဲ့ပါလျက်သားနဲ့ ဖြေးဖြေးမှသောက်မယ်၊ အခု ငယ်သေးတယ်၊ ကြီးမှသောက်မယ်၊ ဝေဒနာရောက်မှ သောက်မယ် ဆိုတော့ ဦးမာဒင် ဆေးများများ သောက်ရတာနဲ့ နည်းနည်းသောက်ပျောက်တာနဲ့ ဘယ်ဟာကောင်းသတုံး .... (နည်းနည်းသောက်ပျောက်တာကောင်းပါတယ်ဘုရား)။

နည်းနည်းနဲ့ပျောက် ကောင်းတာဘဲ ဆိုတော့ တကာတကာမတို့ ဉာဏ်ထက်တုန်း၊ ကံထက်တုန်းသောက်လိုက်ပါ.... (မှန်ပါ့ဘုရား)။

တကယ့်သွားကျိုး၊ ဆံဖြူ၊ငယ်မူတွေပျောက်မှ ဝိပဿနာအလုပ်-လုပ်ရဦးမယ်ဆိုတော့ ရောဂါကကျွမ်းနေပြီ .... (မှန်ပါ့ဘုရား)။

ရောဂါက ကျွမ်းသွားပြီ၊ ရောဂါက ကျွမ်းသွားတော့မှ ဆေးသောက်တော့ တချို့ကျတော့ ဆေးကမမှီလိုက်ဘူး — (မှန်ပါ)သောက်တော့ သောက်ပါရဲ့၊ သောက်ပင်သောက်ငြားသော်လဲ ဆေးက သူ့သတ္တိကုန်အောင် မသောက်လိုက်ရတော့

ရက်ပတ်စဉ် မသောက်လိုက်ရတော့ တကာကြွယ်.... အသေက စောတယ်-(စောပါတယ်ဘုရား)ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အပြီးသောက်ပါ ဆိုတာကိုလဲ တိုက်တွန်းတယ်....(မှန်လှပါဘုရား)။

အပြီးသောက်ဆိုတာ တခြားမဟုတ်ပါဘူး၊ တကာတကာမ တို့ ဒီခန္ဓာကိုယ်ကြီးထဲမှာ ကြည့်ပါ၊ ခန္ဓာကိုယ်ကြီးထဲမှာ တကာ တကာမတွေ စိတ်ကို ရှုရမယ်ဆိုတာကို သတိပေးတယ်....(မှန်လှ ပါဘုရား) မြင်စိတ် သိပြီနော်....(မှန်ပါ့) ကြားစိတ်....(သိပါ ပြီဘုရား) စားစိတ် .. (သိပါပြီဘုရား)။

တကာတကာမတို့ မြင်စိတ်,ကြားစိတ်,စားစိတ်ဆိုတာ သိပြီ နော်....(သိပါပြီဘုရား) ရှူစိတ်,ရှိုက်စိတ်ကော ... (ရှိပါတယ် ဘုရား) ရှိတာဘဲတဲ့ နာခေါင်းစိတ်ကလဲ....(မှန်ပါ့)။

ကဲ - တကာတကာမတို့၊ နာခေါင်းစိတ်ပြီးတော့ လျှာစိတ် ကော မရှိဘူးလား....( ရှိပါတယ်ဘုရား ) ကိုယ်စိတ်ကော.... (ရှိပါတယ်ဘုရား)။

ကိုယ်စိတ်ဆိုတာ တကာတကာမတို့ ဘာမှ သံသယမရှိနဲ့....၊ ကိုယ်ပေါ်မှာ ပေါ်နေတာတွေဟာ ကိုယ်စိတ်ပါ....(မှန်ပါ့)။

ကိုယ်ပေါ်မှာ ပေါ်ချင်တဲ့နေရာကပေါ်၊ ယားတယ်၊ဘယ်က ယားသတုံး၊ အဲဒီ ယားတဲ့နေရာ ကိုယ်စိတ်ပေါ်တာဘဲ....(မှန်ပါ့ ဘုရား) နာယင်ကော.... (နာတဲ့နေရာ ကိုယ်စိတ် ပေါ်ပါတယ် ဘုရား)။

ကိုယ်ပေါ်မှာ ဟိုနေရာက လေကလေးထိ၊ ဒီနေရာက မီးကလေးထိလို့ ကြိုက်တဲ့သဘောကလေး ပေါ်ယင်ကော—(ကိုယ်စိတ်ပါဘုရား)။

ဒါဖြင့် ကိုယ်စိတ်ဆိုတာ တကာဘကာမတွဲ့ မှတ်ထား ဆံဖျားမှာ မပေါ်ဘူး....(မှန်ပါ) အရေခြောက်ပေါ်မှာ မပေါ်ဘူး (မှန်ပါဘုရား) ခြေသည်းဖျား၊ လက်သည်းဖျားမှာ မပေါ်ဘူး၊ ကျန်တဲ့နေရာ အကုန်ပေါ်တယ်.... (မှန်ပါ) ဆံဖျား၊ ခြေဖျား၊ လက်သည်းဖျား၊ အရေခြောက်ကို ချန်လှပ်၊ ကျန်တဲ့နေရာ ကိုယ်စိတ်ပေါ်တာချည့်လို့ မှတ်....(မှန်ပါ)။

အဲဒီတော့ ပေါ်နိုင်တဲ့နေရာ ပြသဖြင့် ဘယ်နေရာပေါ်ပေါ် လိုက်ပြီး ဖြစ်ပျက်ရှု....(မှန်ပါ)။

ဘယ်နေရာပေါ်ပေါ်....(လိုက်ပြီး ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုရမှာဘဲ၊ ဒါ....စိတ္တာနုပဿနာကိုးဗျ—(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မြင်စိတ်ပေါ်ယင် မျက်လုံးထဲရှု.... (မှန်ပါ) ကြားစိတ်ပေါ်ယင်.... (နားထဲရှုရပါမယ်ဘုရား) နံစိတ်ပေါ်ယင်—(နှာခေါင်းထဲ ရှုရပါမယ်ဘုရား) စားစိတ်ပေါ်ယင်.... (လျှာပေါ်ရှုရပါမယ်ဘုရား) လျှာအလယ်မှာရှု....(မှန်ပါ) သဘောကျပလား—(ကျပါပြီဘုရား)။

ကဲ.... ယားစိတ်၊ ယံစိတ်ကတော့ တကိုယ်လုံးမှာ ပေါ်နိုင်တဲ့အတွက် ယားတဲ့နေရာ၊ နာတဲ့နေရာဘဲ ကွက်ရှု (မှန်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုယ်ပေါ်မှာတော့ သုခ,ဒုက္ခ....( မှန်ပါ ) တခါတလေ တကိုယ်လုံးမှာဘဲ နေကောင်းပြီး ချမ်းသာပြီးသကာလ နေလိုက်တာ လေကလေးကတိုက်, နေပူစာကလေးလှုံ....(မှန်ပါ)။

အဲဒီလိုပေါ်တော့လဲ ကိုယ်ပေါ်မှာ ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ တခါတည်း တကာတကာမတွေ့ သဘောကျတဲ့ကိုယ်စိတ်ကလေး တွေ ပေါ်နေတယ်....(ပေါ်နေပါတယ်ဘုရား) အဲဒါ ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒါလဲ ဖြစ်ပျက်ရှုရမှာဘဲ ဆိုတာ သေချာပလား... (သေချာပါပြီ) ဒါဖြင့် ကိုယ်ပေါ်မှာ ကျတော့ သုခ,ဒုက္ခလို့မှတ်လိုက်.. (မှန်ပါ)။

ဝမ်းထဲမှာကျတော့ တကာတကာမတွေ့ ဒါ.... အလုပ်သင် နေတယ်၊ တော်တော်ကြာ ဘာရှုရမှန်းမသိဘူး ပြောမနေနဲ့ဦး.... (မှန်ပါ)။

ဝမ်းထဲကျတဲ့အခါကျတော့ တခါတလေကျတော့ တကာ တကာမတွေ့က လောဘစိတ်ကလေး ပေါ်တယ်.... ( မှန်ပါ ) ဘာလုပ်ကြမတုံး.. (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ပေါ်တဲ့လောဘ ဖြစ်ပျက်ရှု.... ( မှန်ပါ ) ပေါ်တဲ့လောဘ ဆိုတာ ဝမ်းထဲမှာ နှလုံးသွင်းပေါ်မှာပေါ်တယ်....(မှန်ပါ) အဲဒီ ပေါ်တဲ့နေရာကို နောက်က ဘာလိုက်ရမလဲ.... (ဖြစ်ပျက်ရှုရပါ မယ်ဘုရား) ဖြစ်ပျက်ရှုတဲ့ဉာဏ်လိုက်ပါ....(မှန်ပါ)။

တခါ ဒေါသစိတ်ကလေးကလဲ တကာတကာမတွေ့ သန္တာန် ပေါ်လာပြန်တယ်၊ ဟဒယဝတ္ထုပေါ်မှာဘဲ ပေါ်တယ်....(မှန်ပါ ဘုရား) သူ့ဘယ်နှယ်လုပ်မလဲ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)

သူ့လဲ အနိစ္စဘဲရှု....( မှန်ပါဘုရား ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

တခါ သံသယဝိစိကိစ္ဆာကလေး ပေါ်လာပြန်တယ်၊ ထားမိခဲ့သလား၊မထားမိခဲ့ဘူးလား၊ တံခါးပိတ်မိရဲ့လား၊ မပိတ်မိဘူးလား....(မှန်ပါ)။

ဒါကလေးလဲ ဘယ့်နှယ်လုပ်ကြမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဝိစိကိစ္ဆာလဲ ဖြစ်ပျက်ရှု..(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

သံသယလာလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက် ရှုရမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် လောဘ, ဒေါသ, မောဟ လာချင်တာလာ ရှု....(မှန်ပါဘုရား)။

တကာဘကာမတွေ သေသေချာချာကြည့်ပါ၊ ဒါ....အလုပ်ပေးနေတာ မှတ်လိုက်ပါ....(မှန်ပါ)။

တကာတကာမတွေ တခါတလေကျတော့ ပေးချင်, ကမ်းချင်,လှူချင်,တမ်းချင်တဲ့ စိတ်ကလေးလဲ ပေါ်သေးတယ်....(ပေါ်ပါတယ်ဘုရား) သူ့လဲ အလကားမထားပါနဲ့....(မှန်ပါ) ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှု၊ ဩော်... သူလဲ ဖြစ်ပြီးပျက်တဲ့ မေ့ဘဲလို့သာ ရှုပေး....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

တခါတလေကျတော့ သူတပါး သနားမေတ္တာရှိတဲ့ စိတ်ကလေးလဲ ပေါ်လာတယ်.... ( ပေါ်ပါတယ်ဘုရား ) သူ့လဲ

ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အဲ.... ဖြစ်ပျက်ရှု၊ သဘောကျပလား,...(ကျပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် တကာတကာမတို့ **အပြင်ဘက်ဧည့်သည်** **တွေက** ခြောက်၊ **အတွင်းဧည့်သည်က** ငါး ဆိုတာလဲ မှတ်မိပါပြီ (မှတ်မိပါပြီဘုရား)။

ပြင်ဘက်ဧည့်သည်က... (ခြောက်ပါဘုရား)အတွင်းဧည့်သည်က....(ငါးပါဘုရား)။

တခါ အိမ်သည်နှစ်ခုကို ထည့်ပါဦးလို့ ဘုန်းကြီးက သတိပေးတယ်.... ( မှန်ပါ ) အိမ်သည်နှစ်ခုဆိုတာ လေထုတ်တဲ့စိတ်, လေပြန်ရှိုက်တဲ့စိတ်....(မှန်လှပါဘုရား)။

သူကတော့ အိမ်သည်ပေါ့ဗျာ.... ( မှန်ပါ ) သူများထက် အကြိမ်များများဖြစ်တယ်... (မှန်ပါ) အဲဒီ့အိမ်သည်နှစ်ခုကိုလဲ ဘာလုပ်ရမလဲ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ... ဖြစ်ပျက်ရှုတာသည် အမောဟ၊ ခုနင်က အလောဘ, အဒေါသ နှစ်ခုသာပြခဲ့တယ်... (မှန်ပါဘုရား) ကုသိုလ်စိတ်ရယ်၊ မေတ္တာစိတ်ရယ်က အလောဘနဲ့ အဒေါသကိုး....(မှန်ပါဘုရား) အမောဟက ဝိပဿနာရှုတဲ့ဘက်က ထား....(မှန်ပါ) အမောဟက ဝိပဿနာရှုတဲ့ မဂ္ဂင်ဘက်က ထား....(မှန်ပါ)။

ဒါဖြင့် တကာ တကာမတို့ ရှုစရာက အပြင်ဧည့်သည်က ဘယ်လောက်တုံး....(ခြောက်ယောက်ပါဘုရား) အိမ်သည်က... (နှစ်ယောက်ပါဘုရား)။

အဲဒါကို ခင်ဗျားတို့ အမောဟာဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်ပါ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အမောဟာဆိုတဲ့....(မဂ္ဂင်ငါးပါးနဲ့ ရှုရမှာပါဘုရား) ဒီတရားကို သေသေချာချာနာပါ တကာတကာမတို့.... (မှန်ပါ) ဘယ့်နှယ်ကြောင့်တုံး၊ ဘာအလုပ်·လုပ်ရမှာတုံး မေးမှာ သိပ်စိုးတယ် (မှန်ပါ)။

ဘာအလုပ်· လုပ်ရမှာတုံး ဘုရား၊ အလုပ်ပေးစမ်းပါဦးလို့ တော်တော်ကြာ လာမနေနဲ့....(မှန်ပါ) ဒါ အလုပ်ဟုသာမှတ်-(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီလိုရှုတော့ တကာတကာမတို့ အခုအပြင်ဆွေ့သည်ခြောက်, အတွင်းဆွေ့သည်ငါး ပေါင်းတဲ့အခါ ဆဲ့တစ်မနေလား....(မှန်ပါ) အိမ်သည်နှစ်ခုနဲ့ ပေါင်းလိုက်တဲ့အခါ....(ဆဲ့သုံးပါဘုရား) ပုထုဇန်မှာ ဒီဆဲ့သုံးဘဲပေါ်တယ်-(မှန်ပါ)။

ဒီဆဲ့သုံးပေါ်တာကို ဆဲ့သုံးစလုံးထဲက တကာတကာမတို့ တခုပေါ်နေယင် ကျန်တဲ့ဆဲ့နှစ်ခုမပေါ်ဘူး....(မှန်ပါ)။

တခုပေါ်နေယင် .... (ဆဲ့နှစ်ခု မပေါ်ပါ) တခုပေါ်ယင် ဆဲ့နှစ်ခုမပေါ်၊ တခုပေါ်ယင် ဆဲ့နှစ်ခုမပေါ်ဆိုတော့ အဲဒီပေါ်တဲ့တခုကို ကျုပ်တို့က ဖြစ်ပျက်မိအောင်ရှုရမယ်....(မှန်ပါ) ပေါ်တဲ့တခုကို မရှိဘူးလို့သိအောင် ရှုရမယ် (မှန်ပါ) အဖြစ်မိချင်မှမိမယ်....(မှန်ပါ) ပေါ်တဲ့တခုကို မရှိဘူးသိအောင်ရှု....(မှန်ပါ)။

ပေါ်တာကလေး မရှိဘူး- မရှိဘူး- မရှိဘူးလို့ သိနေလို့ ရှိယင်ဖြင့် မရှိတာကအနိစ္စ၊ သိတာကမဂ္ဂ… (မှန်ပါ့ဘုရား)။

မရှိတာက….(အနိစ္စပါ)သိတာက….(မဂ္ဂပါ)ကြော်….ဒါဖြင့် ဒီလိုဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ စိတ္တာနုပဿနာဖြစ်ပြီ… (မှန်ပါ့ဘုရား)။

မရှိတာကစိတ်၊ ရှုတာကအနုပဿနာ၊ စိတ်မရှိတာရှုတာ… (မှန်ပါ့)သဘောကျပလား….(ကျပါပြီဘုရား)။

စိတ်မရှိတာကို….( ရှုတာပါဘုရား ) အဲ….စိတ်မရှိတာရှုမှ၊ စိတ်ရှိနေတုန်းလဲ ရှုတဲ့စိတ်က မပေါ်နိုင်ဘူး….(မှန်ပါ့)။

ဒါ့ကြောင့် မရှိတာက…. ( အနိစ္စပါ ) ရှုတာက….(မဂ္ဂပါ ဘုရား)။

ကဲ…. ဒါဖြင့် ဒီမဂ္ဂသည်ကားလို့ဆိုယင် တကာတကာမတို့ ဆေးသုံးခွက်တောင်မှ ဦးသန်းမောင် တခွက်တည်းတိုက်တယ်…. (မှန်ပါ့)ဖြစ်ပျက်ဆိုတဲ့ သဘောသည် အနိစ္စလဲဖြစ်ပျက်(မှန်ပါ့) ဒုက္ခကော….(ဖြစ်ပျက်ပါ) အနတ္တကော….(ဖြစ်ပျက်ပါဘုရား)။

ကြော် …. ဒါဖြင့်ဗျာ ဆေးသုံးခွက်ရှိပေမဲ့လဲ တခွက်နဲ့ ပျောက်တဲ့ဆေး ထွင်လိုက်ပါမယ်ဆိုပြီး တခွက်နဲ့ပျောက်တဲ့ဆေး ထွင်တာဘဲ….(မှန်ပါ့)ရှင်းပလား….(ရှင်းပါပြီဘုရား)။

အဲဒီတခွက်နဲ့ ပျောက်တဲ့ဆေးသည် တကာတကာမတို့ သိတဲ့ အတိုင်းတဲ့၊ ဒါမှ မသောက်လို့ ရှိယင်တော့ဖြင့် ခင်ဗျားတို့ ဒီ့ထက်ကိုယ်ကျိုးနည်း ရှာမတွေ့ဘူး….(မတွေ့ပါ) သဘောကျ ပလား….(ကျပါပြီဘုရား)။

သုံးခွက်မှ တခွက်ထဲပေါင်းထားပြီ.... (မှန်ပါ့) ပေါင်းထားတော့ ဆေးပိုလာသလားလို့မေးတော့ ဆေးလဲမပိုပါဘူး .... (မှန်ပါ့ဘုရား)ဆေးပိုယင်လဲ ပုဂ္ဂိုလ်ပြည့်ယင်လဲသောက်မှာမဟုတ်ဘူး၊ မျှားလိုက်တာဆိုမယ်....(မှန်ပါ့)။

ဒါလောက်လဲ မမျှားပါဘူး၊တကာတကာမတွေ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ယင်ပြီးတာပါဘဲ .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ .... ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်လို့ရှိယင် ခင်ဗျားတို့သည် ဥပမာ တနာရီကိုက်သွားတယ်.... ( မှန်ပါ့ ) ဖြစ်ပျက်နဲ့ မဂ်နဲ့ တနာရီကိုက်သွားတယ်... (မှန်ပါ့ဘုရား)။

ကိလေသာဖြင့် ကြားမထိုးဘူးဘုရား....(မှန်ပါ့)ဘယ်ဝိတက်တွေမှလဲ မလာပါဘူး .. ( မှန်ပါ့ ) ခင်ဗျားတို့အပြော ဝိတက်၊ စင်စစ်ကိလေသာ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အပြောတော့....( ဝိတက်ပါ ) စင်စစ်တော့ .... (ကိလေသာပါဘုရား)။

အဲဒီ့ ကိလေသာဝင်လဲ ကဲ .. မင်းတို့က အနှောင့်အရှက်တွေဘဲ၊ မိတ်ဆွေဖွဲ့ယူမယ်ဆိုပြီး ဝင်တဲ့ကိလေသာကိုလဲ ဖြစ်ပျက်ရှုလိုက်....(မှန်ပါ့) ဒီဆဲ့သုံးခုထဲကမလွတ်ဘူး ... (မှန်ပါ့ဘုရား)။

ဝင်တဲ့ကိလေသာလဲ ဖြစ်ပျက်ရှု၊ဒီဆဲ့သုံးခုထဲက လွတ်မယ်ထင်သလား....(မလွတ်ပါ) သဘာလာယင်လဲ ဒီအထဲကဘဲ.... (မှန်ပါ့)ဒေါသလာယင်လဲ... (ဒီအထဲကပါ) ဩော်....ဒါဘဲပြန်ပေါ်တာကိုးဆိုပြီး ပြန်ရှု.. (မှန်ပါ့) သဘောကျရဲ့လား .. (ကျပါတယ်ဘုရား)။

အို....တချို့တကာတကာမတွေက မသိတော့ တပည့်တော် တို့ကဘုရား ပါရမီကလဲသေးတော့ အဖျက်ကတယ်များသတဲ့.... (မှန်ပါ့)ဘယ်အဖျက် ဟုတ်ရမလဲ ဒီအထဲက ပြန်ပေါ်တာ.... (မှန်ပါ့)။

အဖျက်လား ဒီအထဲကပြန်ပေါ်တာလား...(ဒီအထဲက ပြန် ပေါ်တာပါဘုရား)။

စဉ်းစားပါ· စဉ်းစားပါ၊ ဒီနေ့ပြောနေတဲ့စကားကို·(မှန်ပါ့) တကာသစ် စဉ်းစား ဒီအထဲကပေါ်တာလား...(ဒီအထဲကပေါ် တာပါဘုရား)။

ဒါဖြင့် ဖျက်တာမှမဟုတ်ဘဲ၊ ဒီအထဲကပေါ်တာကို သူမရှု မိတာ....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီဆဲ့သုံးခုထဲက ပေါ်တာကို သူမရှုမိတာကို တပည့်တော် တို့ကဘုရား- ဘာဖြစ်တယ်မသိဘူး၊အစားမှားလို့လား၊ အနေက နေရာမကျလို့လား၊ အဖျက်ကတယ်များတယ် ... ( မှန်ပါ့ ) ကြုံကြုံဖန်ဖန် ဒီအထဲကပေါ်တာ အဖျက်မဟုတ်ပါဘူး၊ ဒါရှုပါ ခိုင်းတာ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ... (ဒါရှုပါခိုင်းတာပါ) ပေါ်တာရှုပါ လို့ ခိုင်းတာဘဲ... (မှန်ပါ့)သဘောပါပလား....(ပါ·ပါပြီ)။

ဒါဖြင့် တကာတကာမတို့ ရှုရမှာ ဘယ်နှစ်ပါးပါလိမ့် .... (ဆဲ့သုံးပါးပါ)ဆဲ့သုံးပါးနော်... (မှန်ပါ့) အဲဒီဆဲ့သုံးပါးဟာ ဆဲ့သုံးခု တပြိုင်နက်ပေါ်မလား၊ တခုတည်းလား....(တခုတည်း ပေါ်ပါတယ်ဘုရား)။

တခုပေါ်ယင် ပေါ်တဲ့တခုကို မဂ်နဲ့ရှု....(မှန်ပါ) သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တခုတခုသာပေါ်၍ တခုတခုကို ဉာဏ်နဲ့လိုက်ရုံဘဲ (မှန်ပါ)ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ် ဒါကိုမှတ်ထား-(မှန်ပါ ဘုရား)။

ရှေ့ကပေါ်တာ....(ဖြစ်ပျက်ပါဘုရား) နောက်ကပေါ်တာ (မဂ်ပါဘုရား) အဲဒါ စည်းဝါးမလိုက်မိမှာတော့ဖြင့် တကာ ကြွယ် စိုးရိမ်တယ်....(မှန်ပါဘုရား)။

စည်းဝါးမလိုက်မိမှာ သိပ်စိုးရိမ်တယ်...(မှန်ပါ) ဖြစ်ပျက် နောက်က မဂ်မလိုက်မိမှာ ...(စိုးရိမ်ပါတယ်ဘုရား)။

ဘာတုံးဆိုလို့ရှိယင် "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ"... (မှန်ပါ) ဘုရားက ဒီစိတ်ကို ပဇာနာတိလုပ်တဲ့.... (မှန်ပါ) ဒီစိတ်ကိုကော....(ပဇာနာတိလုပ်ရပါမယ်) ဒီစိတ်ကို ကော....(ပဇာနာတိလုပ်ရပါမယ်ဘုရား)။

အဲဒီတော့ ဘုရားက ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင်လုပ်ကွ၊ ဒီပဇာနာတိနဲ့ ရှေ့ကစိတ်ဖြစ်ပျက်နဲ့ နောက်ကပဇာနာတိဆိုတဲ့ မဂ်နဲ့ကိုက်အောင် လုပ်လို့ဆိုတော့ တကာသစ် ကျေနပ်ဘို့ ကောင်းပါပြီ .. (ကောင်းပါပြီဘုရား)။

အဲဒီကဲ့သို့ တကာတကာမတွေက ဒီဟာကိုက်ပြီဘုရား၊ တပည့် တော်တို့ ဘယ်မှ မရှေ့တော့ဘူး- အပျက်နဲ့မဂ်နဲ့ ကိုက်ကိုက် ကိုက်ကိုက်နေတယ်ဆိုယင် ညနေအားထုတ်ယင်မနက်ရပါတယ်.... ( မှန်ပါ ) သဘောကျပလား .... (ကျပါပြီဘုရား)။

နောက်ကို ခင်ဗျားတို့ ဆင်ခြေကော ထိုးဦးမလား-၊ဝိတက်က များလွန်းလို့ ဘုရား....လို့ (မထိုးပါဘုရား)။

ဟာ... ဝိတက်မများဘူး၊ ဒီအထဲက ရှုစရာတမျိုးပေါ်တာ.... (မှန်ပါ့)။

ဝိတက်များတာလား....၊ ရှုစရာတမျိုး ပေါ်တာလား - (ရှုစရာတမျိုး ပေါ်တာပါဘုရား)။

ရှုစရာဆိုတာ တကာသစ်...မှတ်ထား၊ အစဉ်အတိုင်း ဘယ်တော့မှ မပေါ်ဘူး....(မပေါ်ပါ) သူ ပေါ်ချင်တာ....(ပေါ်ပါတယ်ဘုရား)။

အဲဒါ ကျုပ်တို့က ဘာလုပ်ရမှာတုံး.... (ဖြစ်ပျက် ရှုရမှာပါဘုရား)။

အဲဒီတော့ ရှုစရာများတယ်ဆိုမလား....၊ ရှုစရာပေါ်တာကို အဖျက်ထင်နေတာလား... (ရှုစရာများတာကို အဖျက်ထင်နေတာပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အမေက ဟင်းပေးလာတာ သမီးက လန့်သလိုဖြစ်နေတယ်.... (မှန်ပါ့)အမေက သူ့သမီးချစ်လို့ ဟင်းကလေး ထမင်းကလေး ည လာပေးတယ်၊ သမီးက သူ့ရဲ့သဘက်ထင်နေလို့ ရှိယင် ဒါ လွဲတယ် - (မှန်ပါ)။

ဒီမှာလဲ သူတို့က ခင်ဗျားတို့ ဖြစ်ပျက်ရှုဘို့ လာတာ....(မှန်လှပါ) ခင်ဗျားတို့က အဖျက်ထင်နေယင်တော့....(လွဲပါတယ်) လွဲကုန်ပြီ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အဖျက်ဆိုတာက ဒီအထဲကမှ တပါး၊ တခြားသော တရားက ဖျက်ယင်တော့ အဖျက်....(မှန်လှ ပါဘုရား)။

အခု ဒီအထဲမှ တပါး ဒီ့ပြင်စိတ်ကော ပေါ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် အားလုံး တရားတပွဲလုံး ဆုံးဖြတ်ချက်ချ၊ အဖျက်လား...၊ ကိုယ်ရှုနေကျ တရားက အရှုခံလာတာလား...(အရှုခံလာတာပါဘုရား)ဘယ်မှာ အဖျက်ဟုတ်ရမလဲ....(မှန်ပါ) ပေါ်ကြမလား...(ပေါ်ပါပြီဘုရား)။

ကံမကောင်း, အကြောင်းမသင့်, ပါရမီက သေးသိမ်တော့ ဘုရား- တရားကလေး အားထုတ်တာ တနာရီမှမရှိဘူး၊အဖျက်က ဆယ်ခုလောက် လာတယ်....(မှန်ပါ)။

ဖြစ်မှ,ဖြစ်ရပလေ....၊ဘယ်ဆယ်ခု လာရမတုံး....တကာတကာမတို့၊ ဆယ်ခု ပိုရှုကြ ပြောတာ....(မှန်ပါ)။

ကဲ...ဒါဖြင့် တကာတကာမတွေ ပါရမီကော ချစရာရှိသေးရဲ့လား....(မရှိပါ) ကံများခေလို့ အဖျက်ကများ လာသေးသလား....(မလာပါ) မလာတော့ဘူး၊ ကိုယ် မရှုတတ်လို့ ဖြစ်နေတာ....( မှန်ပါ ) အမေကို သူ့ရဲသဘက်ထင်နေတာ....(မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (အမေကို သူ့ရဲသဘက်ထင်နေတာပါဘုရား)။

ဟိုက အရှုခံလာတာ၊ ဟေ့ပဿိကော=လာရှုပါ၊ ကျုပ်လာပြီး ရှုစမ်း....(မှန်ပါ) ခင်ဗျားတို့က သန္ဒိဋ္ဌိကောမှ မလိုက်ဘဲ....(မှန်ပါ)။

ဟေိပဿိကော လာတိုင်း.... (သန္ဒိဋ္ဌိကောနဲ့လိုက်ရပါမယ်) သန္ဒိဋ္ဌိကောနဲ့ရှုပေး— (မှန်ပါ)။

ဒါဖြင့် အဖျက်လားဗျာ....(မဟုတ်ပါဘုရား) သူက လာတဲ့ ဓမ္မက....ဟေိ=လာခဲ့ပါ၊ ပဿ=ကျုပ်ကို ရှုပါ....(မှန်ပါ)ခင်ဗျား တို့က ဘာနဲ့ လိုက်ရမလဲ .... (သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ် ဘုရား) သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော=ကိုယ်တိုင် မြင်အောင် ကြည့်လိုက်....( မှန်ပါဘုရား ) သဘောကျပလား .. (ကျပါပြီ ဘုရား)။

အဲဒီတော့ သူက အရှုခံလာတာ၊ ကိုယ်က အရှုဉာဏ်နဲ့ ဦး တည့်လိုက်ယင် အဖျက် ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဘယ်တော့မှ တရားမှာ အဖျက်မဟုတ်ဘူး၊ ခင်ဗျားတို့ မယူ တတ်လို့ အဖျက်ဖြစ်ရတာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ကဲ .. ယနေ့ ဒီတွင် တော်ကြဦးစို့....၊

သာဓု....သာဓု...သာဓု

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်ဟောင်း

မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံ၌

ဟောကြားတော်မူသော

နိဗ္ဗာန်ရောက်ကြောင်းတရားသည် ဝိပဿနာ

# ညအလှူပ်ပေး တရားတော်

( ၁၉ - ၁၀ - ၆၁ )

တကာတကာမတွေ နိဗ္ဗာန်ရောက်ကြောင်း တရားအစစ်ဆိုတဲ့ ဥစ္စာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သူကိုယ်တိုင် သူ့ဟာသူ မေးပြီးသကာသ သူ့ဟာသူ ဖြေတယ်နော် .... ( မှန်လှပါ ဘုရား)။

နိဗ္ဗာန်ရောက်ကြောင်းတရားကို သူတပါးက မမေးရပါဘူး၊ သူ့ဟာသူ မေးပြီးသကာလ သူ့ဟာသူ ဖြေတယ်.... (မှန်ပါ ဘုရား)။

ဗီလိုဆိုလို့ရှိယင်ဖြင့် တကာတကာမတွေက စဉ်းစားခန်း ဝင်ရမယ်၊ ဘယ်လို စဉ်းစားခန်း ဝင်ရမတုံးဆိုတော့ နိဗ္ဗာန် ရောက်ကြောင်းတရား ဘယ်သူတုံးဟေ့....လို့ ဘုရားက မေး လိုက်လို့ရှိယင်ဖြင့် ဘုရား....ဘုရားချင်းမှ ဖြေနိုင်မှာပေါ့ဗျာ.... (မှန်ပါ)။

ဘုရား....ဘုရားချင်းမှ ဖြေနိုင်မှာ ဖြစ်နေတော့ ဘုရားကလဲ

နှစ်ဆူမပွင့်ကောင်းတော့ သူ့ဟာသူ ဖြေမှဘဲ ကိုက်မယ်-(မှန်ပါ ဘုရား)။

သူ့ဟာသူ ဖြေမှ ကိုက်မယ်ဆိုတဲ့ အဓိပ္ပါယ်က သေသေချာချာ သက်ရောက်ပြီးသွားတော့ သူ့ဟာသူ မေးပြီး သူ့ဟာသူ ဖြေတယ်လို့ ဆိုသဖြင့် ဘုရားသည် ဒို့အများကြီးယုံကြည်ကိုးစားထိုက်တဲ့ဘုရားပါကလား၊ ဘုရားကိုယ်တိုင် မေးပြီး သူတပါး အဖြေရှာစရာ ဖြေနိုင်မည့်ပုဂ္ဂိုလ်မရှိလို့ သူ့ဟာသူ ဖြေပါလား လို့ဆိုတာ မှတ်ထားရမယ်....(မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ ဘယ်တရားတုံးလို့ မေးတဲ့အခါ ကျမှ သံယုတ်ပါဠိတော်လို့ဆိုသဖြင့် သြော်.... ဒါဖြင့် ကိုယ်တော်တိုင်ပြောပြီး သူများမရောတဲ့တရားဘဲဆိုတာ ပါဠိတော် ဆိုသဖြင့် တကာကြွယ် သူများမရောတော့ဘူး....(မှန်ပါ)

အဋ္ဌကထာဆရာတွေ- ဘုရားအလိုသိပြီး ပြောတဲ့ဆရာတွေ သူ့အကြိုက်နဲ့ သူလိုက်ပြီးပြောဘဲ ဘေးပုဂ္ဂိုလ်၏ စကားတွေ ဘာတွေ မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

သူ့ဟာသူမေးပြီး သူတပါး ဖြေကွက်မပေးဘဲနဲ့ ဖြေလို့ ရှိယင်လဲ လွဲမှာစိုးတဲ့အတွက် ဖြေကွက်ပေးဘို့ရာလဲ အကြောင်း မမြင်ဘူး....(မှန်ပါ)။

အဲဒါကြောင့် သူ့ဟာသူ ဖြေပါတယ်ဆိုတဲ့စကားကို တကာတကာမတွေက လေးစားစွာနဲ့ သြော်... ဒါ· ဒို့ကိုယ်တော်ကြီး သူ့ဟာသူမေးပြီး သူ့ဟာသူဖြေတာ၊ နိဗ္ဗာန်ရောက်ကြောင်း တရား ဘယ်တရားပါလိမ့်မတုံးလို့ သူ့ဟာသူ မေးလိုက်တယ်.... (မှန်ပါ)။

သူ့ဟာသူဘဲ အဖြေထုတ်တာ ထောက်လိုက်လို့ရှိယင်ဖြင့် မတိမ်းမစောင်းတဲ့သဘောဘဲ၊ ဒို့-ဒီအလုပ်ကို သေသေချာချာ လိုက်မှသာလျှင် ဒို့အလိုရှိတဲ့ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန် ကြီးကို ကေန်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မယ်ဆိုတဲ့ဥစ္စာ တကာ တကာမတွေ လေးစားစွာနဲ့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ပြောကြပါစို့၊ သူ့ဟာသူ မေးလိုက်တယ်၊ "ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ" ဒါ...ဘုရားက မေးလိုက်တယ်....(မှန်ပါ့)။

တကာတကာမတွေက ပါဠိဖြစ်နေတော့ နားမလည်တော့ အဘယ်တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ပါသတုံး...တဲ့ (မှန်ပါ့)။

ဘယ်သူက မေးပါလိမ့်.... (ဘုရားက မေးပါတယ်ဘုရား) အဘယ်တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်ပါလိမ့်မလဲလို့ သူ့ဟာသူမေးလိုက်တယ်....(မှန်ပါ့)။

မေးပြီးသကာလမှ သူ့ဟာသူဘဲ တကာတကာမတို့ဖြေလိုက် တယ်....(မှန်ပါ့) ဝိပဿနာ·တဲ့၊ သူဖြေလိုက်တယ်....( မှန်ပါ့ ) ဝိပဿနာဆိုတာ ပါဠိစကား...(မှန်ပါ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဘယ်တရား သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ပါလိမ့်မလဲလို့ ဆိုလို့ရှိယင် ဘုန်းကြီးတို့ တကာတကာမတွေက အင်း....ဘုရားဖြေသလို ဖြေ ကြလို့ရှိယင်ဖြင့် ဝိပဿနာပါဘုရားလို့ ဖြေရမယ်....(မှန်ပါ့) တခြားဖြေစရာမရှိဘူး....(မရှိပါဘုရား)။

သေသေချာချာ ဩော်.... ဒီအရေးဟာ သာမည အရေး မဟုတ်ပါလား၊ ကိုယ်တော်မြတ်ကြီးဟာ စကားနှစ်ခွန်း မပြော ဘဲနဲ့ တခွန်းနဲ့ အမှန်ပြောတဲ့ ကိုယ်တော်ကြီး၏ စကားဖြစ်လေ သောကြောင့် ဒို့-ဒီလမ်းကိုဖြင့် သူပြောတဲ့အတိုင်း လိုက်မှတော် မယ်ဆိုတာ ဆုံးဖြတ်ချက်ကို အကြီးဆုံးချရမယ်....(မှန်ပါဘုရား) အကြီးဆုံးချကြပါဆိုတာကိုလဲ ဘုန်းကြီးက တိုက်တွန်းစရာ မလို ဘူး....(မှန်ပါ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သူတပါးအဖြေမပေး နိုင်တာ သိပြီးသားဖြစ်လို့ သူ့ဟာသူ အဖြေပေးလိုက်တာ.... (မှန်ပါ)။

မေးပုံက အဘယ်တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်းတရား ဖြစ်ပါသလဲလို့ မေးလိုက်တယ်....(မှန်ပါ) ဘုရားက ဘယ့်နှယ် ဖြေပါလိမ့်.... (ဝိပဿနာဟာ နိဗ္ဗာန်ရောက်ကြောင်းပါဘုရား) ဝိပဿနာလို့ ဖြေလိုက်တယ်....(မှန်ပါ)။

ဩော် ဒါဖြင့် ဒို့-သိပြီ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဖြေတာလဲ ဒို့-ပါးစပ်ထဲရောက်လာပြီ၊ ဒို့အလုပ်-လုပ်ရမှာကဖြင့် ဝိပဿနာအလုပ်ကို လုပ်ဘို့ဘဲ၊ ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို အရယူချင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လေသောကြောင့် တခြားတောင်းစရာ ငံ့စရာ, ရှဲ့စရာ စောင်းစရာ မရှိဘဲနဲ့ ဝိပဿနာဆိုတဲ့ တရားကိုဘဲ တကာကာ မတွေ့ အာ ထုတ်ရတော့မယ်....(မှန်ပါ)။

အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ" တဲ့၊ အယံ=ဤ ဆိုအပ်ပြီးသော ငါ့အဖြေကို၊ အသင်္ခတဂါမိမဂ္ဂေါ= နိဗ္ဗာန်သို့ ရောက်ကြောင်းတရား အစစ်ဖြစ်၏ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်ကလဲ သူ့ဟာသူမေးပြီး သူ့ဟာသူဖြေတယ်တဲ့၊ အဲဒီ့ ငါဖြေထားတာလဲ နိဗ္ဗာန်သို့ရောက်ကြောင်းအစစ်လို့ မင်းတို့ သေသေချာချာမှတ်....(မှန်လှပါဘုရား)။

ဒီလိုဆိုတော့ အားလုံး တကာတကာမတွေ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အိုဘေးမရှိတာ၊ နာဘေး မရှိတာ၊ သေဘေးမရှိတာ၊ သောကဆိုတဲ့ စိုးရိမ်မှုမရှိတာ၊ ဒုက္ခဆိုတဲ့ ကိုယ်၏ဆင်းရဲခြင်းမရှိတာ၊ ဒေါမနဿဆိုတဲ့ စိတ်၏ဆင်းရဲခြင်းမရှိတာ၊ ဥပါယာသဆိုတဲ့ ပြင်းစွာ ပူပန်ခြင်းတို့၏ သိမ်းတာ....(မှန်ပါ)။

ဩော်... နိဗ္ဗာန်ဆိုတာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ စသည့်တို့ သိမ်းတာကို နိဗ္ဗာန်လို့ခေါ်တယ်ဆိုတော့ ဒို့မှာလဲ ဒါတွေက အပြည့်အနှက်ရှိပြီးသကာလနေသောကြောင့် ဒါတွေ သိမ်းချင်လို့ရှိယင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို ဒို့ကြိုးစားရမယ်... (မှန်လှပါဘုရား)။

နိဗ္ဗာန်ရောက်ကြောင်း ဘယ်တရားပါလိမ့် (ဝိပဿနာတရားပါဘုရား)။

အဲ ဝိပဿနာတရားကို ဘုရားကလဲ့သွားမှာစိုးလို့ ဘိက္ခဝေ= ငါ၏ချစ်သား တပည့်များတို့၊ အယံ= ဤ ငါဆိုပြီးတဲ့ နိဗ္ဗာန်

ရောက်ကြောင်းဖြစ်တဲ့ အသင်္ခတဂါမိမဂ္ဂဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကို၊ ဝုစ္စတိ= ငါသည် နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၏ဟူ၍ ဆိုအပ်၏....(မှန်ပါ)။

ဪ.... ဒါဖြင့် တကာ တကာမတွေ ဘယ်လမ်းလိုက်ရတော့မတုံး၊ ဟိုလမ်းလိုက်ရ တော့မလား.... ဒီလမ်းလိုက်ရတော့မလားလို့ တကာကြွယ်တို့က ဝိစိကိစ္ဆာမလာပါနဲ့တော့....(မှန်ပါဘုရား)။

အားလုံး တကာတကာမတွေ ဟိုလမ်း ဒီလမ်းလိုက်ချင်စရာလိုသေးသလား.... ( မလိုပါဘုရား ) ဘာဘဲလုပ်ရမှာတုံး.... (ဝိပဿနာဘဲ လုပ်ရပါမယ်ဘုရား)။

" အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ " အယံ= ငါဆိုခဲ့တဲ့ ဝိပဿနာအလုပ်ကို၊ အသင်္ခတဂါမိမဂ္ဂေါ=မပြုပြင်ဘဲနဲ့ရှိတဲ့ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်အမှန်ဖြစ်၏ဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏ တဲ့....( မှန်ပါ ) ဆိုတော့ ဦးမာဒင်တို့ သံသယရှိဘို့လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ ဒီပါဠိတော်ကြီးကိုဘဲ ကိုယ်တိုင် အခုဟောသလိုဘဲ တကာတကာမတွေ ကြားနာပြီးသကာလ နေရတော့ နိဗ္ဗာန်ရောက်ကြောင်းတရား ဘယ်တရားပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် "အသင်္ခတဂါမိမဂ္ဂေါ"ဟာ ဘယ်တရားတုံးလို့ မေးတော့ ဝိပဿနာလို့ ဘုရားက သူ့ဟာသူ အဖြေထုတ်လိုက်တယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့နိဗ္ဗာန်၊ ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာသိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ရောက်ကြောင်းတရား အား ထုတ်ချင်ပါတယ်ဆိုတဲ့ဥစ္စာသည် တကာတကာမတို့ ဘာ အား ထုတ်ကြမတုံး... (ဝိပဿနာ အားထုတ်ရပါမယ်ဘုရား)။

ဝိပဿနာဘဲ အားထုတ်ရမယ်ဆိုတော့ တကာတကာမတို့ အင်မတန် အားကိုးထိုက်တဲ့ ကိုယ်တော်မြတ်ကြီး၊ ကျုပ်တို့အရေး ကြုံလို့ရှိယင်လဲ ဘုရားကယ်တော်မူပါ- တရားကယ်တော်မူပါ ဘုရားဆိုတာ ကျုပ်တို့၏ အားကိုးရာ အားထားရာအစစ် ဖြစ်ပြီး သကာလ သူ့ဘဲ ယုံကြည်ကြ....(မှန်ပါ)။

သူ့ယုံကြည်ကြတော့ သူပြောတာလိုက်နာယင် သူ့ယုံကြည် တာဘဲ... (မှန်ပါ)။

အဲဒီတော့ သူပြောတာကို ယနေ့ကစပြီးသကာလ ငါတို့သည် ဝိပဿနာဆိုတာ နိဗ္ဗာန်ရောက်ကြောင်းအစစ် ဖြစ်တယ်ဆိုပြီး သကာလ ကျုပ်တို့ ဝိပဿနာရှုရလိမ့်မယ်....(မှန်ပါ)။

ကျုပ်တို့ ဘာလုပ်ရမလဲ... ( ဝိပဿနာရှုရမှာပါဘုရား ) ဝိပဿနာရှုရလိမ့်မယ်လို့ တကာတကာမတွေ သေသေချာချာ မှတ်ပါ... (မှန်ပါ)။

ဝိပဿနာရှုရတော့မယ်လို့ ဆိုပြန်တော့လဲ တကာတကာမတို့ ဝိပဿနာဆိုတာ ရှုတော့ ရှုရတဲ့တရားဘဲ၊ ဘယ်နေရာရှုရမှာတုံး လို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

ဘယ်နေရာရှုရမှာတုံးလို့ မေးတဲ့အခါကျလို့ရှိယင် ဝိပဿနာ

သည် ခန္ဓာ့အပေါ်မှာ ရှုပါ-( မှန်ပါ )။

ဘယ်ပေါ် ရှုကြရလဲ—(ခန္ဓာ့အပေါ်မှာ ရှုရပါမယ်ဘုရား) ပြောဘိ... ဝိပဿနာရှုဆိုတော့ ဝိပဿနာရှုတာသည် နိဗ္ဗာန် ရောက်ကြောင်းတရားဆိုယင် အမှန်တော့ဖြစ်ပြီ၊ ဘယ်အပေါ် မှာ ရှုရမှာတုံးလို့ တရားတပွဲလုံးမေးတော့ ဘယ်နှယ်ဖြေကြ မတုံး.... (ခန္ဓာ့အပေါ်မှာ ရှုရမှာပါဘုရား)ခန္ဓာပေါ်မှာရှုရမယ် (မှန်ပါ့ဘုရား) တကာတကာမတို့ ခန္ဓာပေါ် ရှုရမှာဘဲ - (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဝိပဿနာသည်ကားလို့ ဆိုလို့ရှိယင် ခန္ဓာပေါ်ရှု ရုံဘဲဆိုတော့ ခန္ဓာပေါ်မှာ ဒီဝိပဿနာရှုစရာရှိတယ် ဆိုတာကို တထစ်ချမှတ်လိုက်—(မှန်ပါ)။

ဝိပဿနာရှုစရာဌာနသည် ဘယ်နေရာမှာ ပါလိမ့်မလဲလို့ တကာတကာမတွေက စစ်တမ်းထုတ်ယင် ခန္ဓာပေါ်မှာဘဲ ...(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာရှုရမှာ ဘယ်အပေါ်မှာပါလိမ့်- (ခန္ဓာပေါ်မှာပါ ဘုရား)ခန္ဓာပေါ်မှာ ရှုရမယ်နော်... (မှန်ပါ့)။

ခန္ဓာပေါ်မှာရှုရတဲ့ အခါကျတော့ ခန္ဓာဆိုတာဘုရား-တပည့် တော်တို့ ကြားဘူးတာ ငါးပါးပါဘဲ....(မှန်ပါ)။

တကာတကာမတွေက တခါ ကိုယ်သိသလောက် ကလေး ကိုယ်တော့ဖြင့် ဆင်ခြေဆင်လက်ကလေးတော့ တက်ကြမှာပေါ့ ဗျာ....(မှန်ပါ)ကိုယ်သိသလောက်က ခန္ဓာက ငါးပါးရှိတယ်လို့ သိထားတယ်—(မှန်ပါ့ဘုရား)။

ငါးပါးရှိတယ်လို့ သိထားတော့ တကာတကာမတွေက မေးလိမ့်မယ် ခန္ဓာပေါ်ရှုဆိုတာ ဟုတ်ပြီဘုရား၊ ခန္ဓာငါးပါး ရှိတယ် ငါးပါးမှာ ဘယ်အပေါ်မှာရှုရမှာတုံးဆိုတဲ့ မေးခွန်း ဟာလဲ မမေးလို့လဲ မကောင်းဘူး...(မှန်ပါ့) မေးလဲမေးထိုက် တယ်ဆိုတဲ့ သဘောလဲ သက်ရောက်ပါတယ်...(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခန္ဓာပေါ်ရှု ဆိုငြားသော်လဲကွာတဲ့ ငါ ခန္ဓာကိုလေးပုံ- ပုံထားပါတယ် .... (မှန်ပါ့)သေသေချာချာ မှတ်ပါ... (မှန်ပါ့)။

ခန္ဓာပေါ်ရှုဆိုဘော့ ခန္ဓာက ငါးပါးဖြစ်နေတော့ ခန္ဓာ လေးပုံ-ပုံလိုက်တယ်လို့ ပြောပြန်တယ်...(မှန်ပါ့ဘုရား)။

ခန္ဓာဘယ်နှစ်ပုံ- ပုံလိုက်ပါလိမ့် ... (လေးပုံ- ပုံလိုက်ပါတယ် ဘုရား)။

ဩြော်...ခန္ဓာကိုလေးပုံ- ပုံလိုက်တယ်.... ( မှန်ပါ ) တကာ တကာမတို့ အခုထွက်လာတဲ့ စကားအစီအစဉ်တွေဟာ ဦးမာဒင် အလွန်ဖြောင့်တန်းပြီး လာတာတွေနော်....(မှန်ပါ့ဘုရား)။

ခန္ဓာပေါ်ရှုဆိုတော့ ခန္ဓာက ငါးပါးဖြစ်နေတော့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ ခန္ဓာကငါးပါး ရှိတယ် ဆိုငြားသော်လဲ...ကွာ၊ငါလေးပုံ- ပုံထားတယ်လို့ ဖြေပြန်တယ် (မှန်ပါ့ဘုရား)။

လေးပုံ- ပုံထားတယ်လို့ ဖြေတာက တခြားမဟုတ်ပါဘူး၊ ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်,ဓမ္မာနုပဿနာသတိပဋ္ဌာန်... (မှန်ပါ့)

သဘောကျပလား....( ကျပါပြီ ) ဘယ်နှစ်ပုံ- ပုံလိုက်ပါလိမ့် ....(လေးပုံ-ပုံပါတယ်ဘုရား)။

အေး.. လေးပုံ- ပုံဆိုငြားသော်လဲကွာ....တဲ့၊ ခန္ဓာကိုလေးပုံ-ပုံပြီး တပုံပုံကိုရှု...(မှန်ပါ) ပေါ်သွားပြီ .... (ပေါ်သွားပါပြီဘုရား)။

ခန္ဓာလေးပုံ-ပုံလိုက်တော့....(တပုံပုံ ရှုရမှာပါဘုရား)လေးပုံပုံပြီး တပုံပုံရှု..(မှန်ပါ)သဘောကျပလား.... (ကျသွားပါပြီ)။

တပုံပုံ ရှုတော့ကို ဘာဖြစ်မတုံးဆိုတော့"ကောယနေ့ာ အယံ ဘိက္ခဝေ မဂ္ဂေါ" ဘုရားကဘဲဆက်ဟောတယ်.... (မှန်ပါဘုရား) ဘိက္ခဝေ=ရဟန်းတို့၊ အယံမဂ္ဂေါ = ဤဝိပဿနာရှုတယ်ဆိုတဲ့ မဂ္ဂင်တရားသည်၊ ကောယနေ့ာ= တပုံတည်းရှုတာနဲ့ တကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏....(မှန်ပါဘုရား)။

တပုံ ပိုင်ပိုင်ရှုယင် ရောက်ပါတယ်ကွာတဲ့....(မှန်ပါ)ဆိုတော့ တကာတကာမတွေ ဗျာများစရာ ရှိသေးသလား.... ( မရှိပါ ) သဘောပါကြပလား.... (ပါ-ပါပြီဘုရား) ။

ဩော်....လေးပုံ-ပုံပြီးသကာလ တပုံကိုရှုယင်လဲနိဗ္ဗာန်ရောက်တယ်....(ရောက်ပါတယ်ဘုရား)။

တပုံပုံရှုယင်....(နိဗ္ဗာန်ရောက်ပါတယ်) နည်းပေးနေတယ်လို့တကာကြွယ်တို့၊ တကာသစ်တို့ အားလုံး ဦးဗထွေးတို့၊ ဦးသန်းမောင်တို့ ဩော်....ဝိပဿနာဆိုတာ ခန္ဓာရှုရမယ် ခန္ဓာကငါးပါးရှိတော့ လေပုံ-ပုံပြီး တပုံရှုရတယ်....(မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် တပုံရှုပါပြီ၊ တပုံကိုဘယ်လိုမြင်အောင် ရှုမှ ဝိပဿနာဖြစ်မှာတုံး ... ( မှန်ပါ ) စာမေးပွဲမေးသလိုဘဲ ခင်ဗျားတို့ကို ပြောနေတာဘဲ... (မှန်ပါဘုရား)။

လေးပုံရှိတဲ့အနက်က တပုံပုံကိုရှုရမယ်ဆိုလို့ ရှုပါပြီ တပည့်တော်တို့ ဝေဒနာဖြင့် ဝေဒနာနုပဿနာကိုဘဲရှုပါပြီ၊ စိတ်ကြိုက်လို့ရှိယင်လဲ စိတ်ကိုဘဲရှုပါပြီ၊ ဘယ့်နှယ်ကြောင့် ဒီလေးပုံ - ပြားရပါလိမ့်မလဲလို့ မေးခွန်းကော ထွက်မလာဘူးလား — (ထွက်လာပါတယ်ဘုရား)။

ငါးပါးကို လေးပုံပုံပြီး တပုံပုံရှုဆိုတာ ဘယ့်နှယ်ကြောင့် လေးပုံထဲက ဘယ်သူ့အတွက်တွေက ဘာဖြစ်လို့ ဒီဥစ္စာ သည်ကားလို့ဆိုလို့ရှိယင်ဖြင့် လေးပုံ- ပုံပြီးသကာလထားရပါလိမ့်မလဲဆိုတဲ့ မေးခွန်းဟာလဲ ခင်ဗျားတို့ဘဲ မေးသင့်တယ်.... (မှန်ပါ)မမေးသင့်ဘူးလား .. (မေးသင့်ပါတယ်ဘုရား)။

မေးသင့်တော့ ဘုန်းကြီးကဘဲ အဖြေထွက်ပေးပါမယ်၊ဘုရားဟောတာတွေကို....(မှန်ပါဘုရား)။

ကဲ....တဲ့၊ ဉာဏ်ဖျင်းဖျင်းနဲ့ ကိလေသာထူပြောတဲ့ ပုဂ္ဂိုလ်များ ဉာဏ်ကလဲညံ့မယ်၊ ကိလေသာကလဲ ထူပြောလို့ရှိယင် ကာယာနုပဿနာရှုပေး... (မှန်ပါဘုရား)။

ဉာဏ်ဖျင်းဖျင်းနဲ့ ကိလေသာထူပြောယင်-(ကာယာနုပဿနာရှုရပါမယ်ဘုရား)။

ဉာဏ်ထက်ထက်နဲ့ ရှိလေသာထူပြောမယ် ဆိုလို့ရှိယင်ဖြင့် ဉာဏ်ကတော့ ထက်တယ်- ကိလေကတော့ ထူပြောနေတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိယင် ဝေဒနာရှုကွတဲ့....(မှန်ပါဘုရား)။

ဒိဋ္ဌိများများနဲ့ ဥာဏ်ကနှံ့နှံ့ဆိုလို့ရှိယင် စိတ်ရှုကွတဲ့ .... (မှန်ပါ့ဘုရား)။

ဥာဏ်က ထက်ထက်နဲ့ ကိလေသာပါးတဲ့ပုဂ္ဂိုလ် သစ္စာရှုပေး (မှန်ပါ့ဘုရား)။

ဩော် .... ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက စရိုက်အတွက် လေးပုံ-ပုံပြန်တယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် မှတ်မိပလား....(မှတ်မိပါပြီ) ဘယ့်နှယ်ကြောင့် လေးပုံ ဖြစ်သွားပါလိမ့်... (စရိုက်အတွက်ပါဘုရား)။

စရိုက်က ကွာတဲ့ မင်းတို့ပုထုဇဉ်တွေမှာ တချို့က တဏှာ များတဲ့ပုဂ္ဂိုလ်ရှိတယ်... (မှန်ပါ့) သဘောကျပလား- (ကျပါပြီ) တဏှာများတဲ့ပုဂ္ဂိုလ်ရှိဘယ်၊ တဏှာများပြီး ဥာဏ်ထက်ချင်လဲ ထက်နေတယ်... (မှန်ပါ့)။

တချို့ကတော့ တဏှာများပြီး ဥာဏ်တုံးတာလဲရှိတယ် .... (မှန်ပါ့) တချို့က ဥာဏ်တုံးပြီးသကာလ တဏှာပါးတာလဲ ရှိတယ်....(မှန်ပါ့ဘုရား)။

တချို့က ဥာဏ်လဲထက် တဏှာလဲပါးတာရှိတယ်- (မှန်ပါ့) ပုဂ္ဂိုလ်လေးမျိုးရှိလို့ ငါသည် လေးမျိုးပုံလိုက်ပါတယ်တဲ့ ... (မှန်ပါ့)ဆိုတော့ အဖြေမှန်သွားတယ်....(မှန်ပါတယ်) သဘော ကျကြပလား....(ကျပါပြီဘုရား)။

ဩော်....အဖြေမှန်သွားပြီလို့ မှတ်ကြနော်....(မှန်ပါ့ဘုရား) အဲဒီတော့ ဘေးက ဝိပဿနာကို ဆင်ပြင်ပေးရမည့် ပုဂ္ဂိုလ်က

ရမ်းပြီးသကာလ မင်းတို့လာလို့ရှိယင် ရှုကြ - ရှုကြပေါ့....(မှန်ပါဘုရား)။

ဒါနဲ့မရဘူး....(မရပါ) ဒါနဲ့မရဘူး၊ သူ့ စရိုက်ကိုမရွေးတော့ဘဲနဲ့ ရမ်းပေးတဲ့ ဝိပဿနာဆရာလို့ မှတ်....(မှန်ပါ) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒီလိုရမ်းနေလို့ ရှိယင် သူ့အကြိုက်နဲ့ သူ့ဉာဏ်နဲ့ သူ့ကိလေသာနဲ့ သူ့စရိုက်နဲ့ မကိုက်တဲ့ကမ္မဋ္ဌာန်းပေးပြန်လဲ တကာသစ်ရပါ့မလား....(မရပါဘုရား)။

အကယ်၍ ရတယ်ထားတောင်မှ အချိန်တွေ သိပ်ကြာသွားမယ် (မှန်ပါ) မတော် အသေကစောသွားလို့ ရှိယင်ကမ္မဋ္ဌာန်းနောက်ကျပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် မဆိုက်ဘဲဖြစ်ရမယ်....(မှန်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ကမ္မဋ္ဌာန်းဆရာလုပ်ဘို့ အရေးဟာလဲ မလွယ်သေးဘူးလို့ မှတ်ထားရမယ် .... (မှန်ပါဘုရား)။

သတိပဋ္ဌာန်လေးပါး တခါတည်းနဲ့ နိဗ္ဗာန်ရောက်တာတော့ မှန်ရဲ့--(မှန်ပါ) သို့သော် ရှုဉာဏ်နဲ့ကိလေသာက တကာတကာမတွေမှာ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ရှိမယ် (မှန်ပါ)ဉာဏ်နုံ့တဲ့ပုဂ္ဂိုလ်ကော....(ရှိမှာပါဘုရား)။

ကိလေသာထူတဲ့ပုဂ္ဂိုလ်ကော--(ရှိမှာပါ) ကိလေသာအသင့်အတင့်ပါးတဲ့ပုဂ္ဂိုလ်ကော--( ရှိပါတယ် ) အဲဒါတွေနဲ့ တခါလိုက်ပြီးသကာသလဲ ဝေဘန်ပါဦး....(မှန်ပါဘုရား) ဝေဘန်ပြီး

သကာလမှ ဒီကမ္မဋ္ဌာန်းကို သူတို့ကိုပေးပါလို့ဆိုပြီး သကာလ လေးပုံဟာ ဘယ့်နှယ်ကြောင့် လေးပုံဖြစ်လာသတုံး လို့မေး တော့မှ ဦးမာဒင်တို့- ဦးသန်းမောင်တို့ စရိုက်ကြောင့်ဘုရား.... (မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာ့ကြောင့်တုံး... (စရိုက်ကြောင့်ပါဘုရား)စရိုက်က မတူကြ လို့....(မှန်ပါ) ဘယ်နှစ်ပုံခွဲလိုက်ရသလဲ .... (လေးပုံခွဲလိုက်ရပါ တယ်)ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ရှင်းသွားပြီတဲ့...၊ ဒါဟာ တကာတကာမတို့ အစက စပြီး ရှင်းပေးတာဘဲ...(မှန်ပါ)။

အစက စပြီး ရှင်းပေးတာ ခင်ဗျားတို့ ရီကော်တာထဲမှာ ဒီဟာကို ဖွင့်ကြည့်လိုက်၊ ကိုယ်ဟာ ဘယ်စရိုက်အားကြီးဘယ်ဆို တာ ကိုယ့်ဟာ ကိုယ်သိ....(မှန်ပါ)။

ကိုယ့်ဟာ ကိုယ်သိတဲ့အခါကျတော့မှ ဩော်--ဆရာဘုန်းကြီး က ဒီလို ဟောတယ် ဘုရားဟောတဲ့အတိုင်း၊ဒို့... ဘယ်ကမ္မဋ္ဌာန်း ဆိုတဲ့ဥစ္စာကို ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ပါတယ်(မှန်ပါ) သူများမေးစရာ လိုသေးသလား....(မလိုပါဘုရား)။

ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်တယ်ဆိုတဲ့ ဥစ္စာကိုလဲ ငါး ပါးကို လေးပါးလုပ်ပြီး ဟောလိုက်တာ ထောက်လိုက်သဖြင့်လဲ ဆုံးဖြတ်ချက်ချဘို့ ဟောထားတဲ့ တရားလို့ မှတ်ပါ....(မှန်ပါ ဘုရား)။

ကောင်းပြီ....ဒါဖြင့် လေးပါးဟာ ဘုရား တပည့်တော်တို့ ကိုယ့်စရိုက်နဲ့ ကိုယ်ကြိုက်တာဘဲ ဝေဒနာဘဲ ရှုပါတယ်၊ တပည့်

တော်တို့ တဏှာများများနဲ့ ဥာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေမို့ ဝေဒနာ ရှုပါတယ်....(မှန်ပါ)။

ဒိဋ္ဌိများများ ကိလေသာပါးရှားတဲ့ ပုဂ္ဂိုလ် ဒိဋ္ဌိစရိုက်ရှိပြီး သကာလ နေတဲ့ ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာ တပည့်တော်တို့ ရှုပါတယ်ဆိုပြီး ကိုယ့်စရိုက်နဲ့ ကိုယ်ရွေးပြီး တကာသစ်... ရှုလိုက်တာပေါ့...(မှန်ပါ)။

ရှုလိုက်တဲ့အခါကျတော့ ဝေဒနာရှု၊ စိတ်ရှု၊ ကိုယ့်စရိုက်နဲ့ ကိုယ်ကြိုက်တာရှု....(မှန်ပါ) ရှုတဲ့အထဲက ရှုတော့ ဘယ်သိုမြင်မှ အမြင်မှန်တုံး....(မှန်ပါ)။

ဒီအမေးကလဲ ထွက်ရဦးမယ်....( မှန်ပါ ) ဒီအမေးဟာ မထွက်သင့်ဘူးလား....(ထွက်သင့်ပါတယ်ဘုရား)။

ဘယ်လိုမြင်မှ အမြင်မှန်ပါလိမ့်မလဲဘုရားဆိုတာ ဦးမာဒင်တို့ ဦးဗထွေးတို့ ဦးသန်းမောင်တို့ မေးသင့်တယ်.... (မေးသင့်ပါတယ်)မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

ကိုယ်လုပ်သာနေရတယ်၊ ဒီကမ္မဋ္ဌာန်းနဲ့ ကိုယ်နဲ့ သင့်-မသင့်ကို ကြည့်လိုက်တော့ ဒီအမြင်ကလေးက သူ့အမြင်ကလေးက မှန်နေမှသာလျှင် ဩော်.... ဒီကမ္မဋ္ဌာန်းနဲ့ ငါနဲ့ တည့်တယ်ဆိုတာလဲ အားတက်သရော ဖြစ်ပြီးသကာလ ထွက်ရပ်လမ်း ပေါက်မည့်တရားဟာ ဩော်...ဒီတရားပါလားဆိုတာ ကိုယ့်ဟာ ကိုယ်လဲ အားတက်ပြီး ကိုယ့်ဟာ ကိုယ်လဲ ဆုံးဖြတ်ချက်ချပြီးသကာလ တကာတကာမတို့ အရောက်သွားချင်တဲ့ စိတ်ကလဲ ပြင်းထန်လာတယ်....(မှန်ပါဘုရား) ဦးသန်းမောင်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ရမ်းပေးနေတဲ့ ပုဂ္ဂိုလ်တွေ အတွက်ဆိုယင်ဖြင့် ဒီဥစ္စာ အင်း....နစ်နာမသွားဘူးလား(မှန်လှပါ) မနစ်နာပေဘူးလား.... (နစ်နာပါတယ်ဘုရား)။

အေး... ဒါကြောင့် အခု 'အမ်ဘီဘီအက်စ်' တွေဆိုတဲ့ ဆရာ ဝန်တွေ ဘယ်လိုပင် အောင်ပြြားသော်လဲ တချို့ သူနိုင်ရာ သူနိုင် ရာကလေး ကုကြတာသာ ခင်ဗျားတို့ ချိန်ကြည့်ကြတော့ — (မှန်ပါ့)ကျောင်းတက်တုန်းကတော့ အကုန်သင်ခဲ့တာဘဲ.... (မှန် လှပါဘုရား)။

ကျောင်းတက်တုန်းကတော့ အကုန်သင်ရတာဘဲ၊ တတန်း တည်း သင်ရတာဘဲ... (မှန်ပါ့) သို့သော်လဲ လူမမာကုတဲ့နေရာ စွမ်းရာ, စွမ်းရာဆိုတော့ ဦးမာဒင်....တခြားစီပေါ့ဗျာ....(မှန်ပါ့) တမျိုးတဖုံစီကော သူတို့ နားလည်မှုမှာ ပိုမိုကြရဲ့လား....(မပိုမို ပါဘုရား)။

ဒီအတိုင်းပါဘဲတဲ့... ဒီမှာ ဝိပဿနာ ရှုလိုက်တဲ့အခါကျလို့ရှိ ယင် အမြင်မှန်ဟာ ကိုယ့်စရိုက်နဲ့ တော်တဲ့ဟာကျတော့ အမြင် မှန်ဟာ မြန်မြန်ပေါ်လာတယ်....(မှန်ပါ့)။

ကိုယ့်စရိုက်နဲ့ တော်တဲ့ဟာကျတော့....(အမြင်မှန်ဟာ မြန် မြန်ပေါ်လာပါတယ်ဘုရား)။

အမြင်မှန် အမြန်ပေါ်လာတယ်ဆိုတော့ အမြင်မှန်ဟာ ဘယ် ဟာတုံးလို့ မေးတဲ့အခါကျတော့ ဝေဒနာရှုပြန်ယင် ဝေဒနာကို မတွေ့ဘဲနဲ့ ဝေဒနာတို့၏ ဖြစ်မှု ပျက်မှု တွေ့ရမယ်....( မှန်ပါ့ ) စိတ်ကို ရှုပြန်လဲ စိတ်ကို ပမာနထားပြီး မတွေ့ဘဲနဲ့ စိတ်၏ဖြစ်မှု ပျက်မှု တွေ့ရမယ်... (မှန်ပါ့)။

ဒါကိုရှုကြပါ....(မှန်ပါ) ရှုကြည့်တော့ ဩော်— ဝေဒနာ ရှုခိုင်းပေမဲ့ ဘုရားတပည့်တော်ဖြင့် ဖြစ်မှု ပျက်မှုဘဲ ဉာဏ်ထဲမှာ ထင်တယ်....(မှန်ပါ)။

စိတ်အရှုခိုင်းပြန်လဲ ဖြစ်မှု ပျက်မှုဘဲ ထင်ပါတယ်ဘုရား၊ ရုပ်အရှုခိုင်းပြန်လဲ ဖြစ်မှု ပျက်မှုသာ ထင်ပါတယ်ဆိုတော့ ဖြစ်မှု ပျက်မှုထင်ယင် ကိုယ့်စရိုက်နဲ့ ကိုက်တဲ့ တရားလို့ မှတ်လိုက်— (မှန်ပါ) ရှင်းပလား — (ရှင်းပါပြီဘုရား)။

ဖြစ်မှု ပျက်မှု မြန်မြန်ထင်လာယင် ဘယ့်နှယ်ဆိုကြမလဲ — (ကိုယ့်စရိုက်နဲ့ ကိုက်တဲ့တရားပါဘုရား)။

ကိုယ့်စရိုက်နဲ့ ကိုက်တဲ့တရားလို့ ဆိုတော့ ဩော်—ဒီလိုလဲ ဝေဘန်စရာတွေဟာ ဝိပဿနာအလုပ်မှာလဲ ဆရာကောင်းလိုပါကလားဆိုတာ တကာကြွယ်....ဒါ အားလုံးမှာ စစ်ဆေးဘို့ ဘုရားဟောတော်မူတာလို့ မှတ်ရမယ်....(မှန်ပါ) ရမ်းပြီးလုပ်လို့ ဖြစ်ပါ့မလား... (မဖြစ်ပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ရှေးက မပေါ်ခင်တုန်းက ဒီဝိပဿနာ ဒါလောက် ဘုန်းကြီးများ မနိုးကြားခင်တုန်းကဆိုယင် အို.... လိုက်တဲ့ အနိစ္စဟာ ကျုပ် ဘယ်နှစ်ပတ်ရဘယ်....(မှန်ပါ) ကျုပ် ဘယ်နှစ်ပတ်ရတယ်နဲ့ ဘယ်စရိုက်နဲ့မှ သူတို့ စစ်ဆေးတာ မဟုတ်ဘူး၊ သက်သက် အနိစ္စချမ်းစိပ်တာဘဲ...(မှန်ပါ) ဘာမှလဲ မမြင်ဘူး - (မှန်ပါ)ဘာမှလဲ မမြင်ဘူး၊ ဒုက္ခချုပ်တဲ့နိဗ္ဗာန် မင်း မြင်ရဲ့လား... မမြင်ပါဘူး - (မှန်ပါ)ကုသိုလ်ဖြစ် စိပ်တယ်....(မှန်ပါဘုရား)။

အဲဒီလိုဟာတွေကို ဦးမာဒင်တို့ ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား) ကြောင့်....ဆရာ့အပေါ်မှာ တာဝန်ရှိတာလဲ သူ မသိရှာဘူး....(မှန်လှပါဘုရား)။

ကုသိုလ်ရတာ တခုလောက်သာ သိတယ်....(မှန်ပါ)ကုသိုလ် မရဘူးလို့ မပြောဘူး၊ နိဗ္ဗာန်မရဘူးလို့ ပြောတယ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်များ ကိုယ့်စရိုက်နဲ့ မတော်တာ လုပ်နေပြန်လို့ရှိယင်လဲ ကုသိုလ်တော့....(ရပါတယ်ဘုရား)နိဗ္ဗာန် တော့....(မရပါဘုရား)။

ဒါလဲ သိပ်လိုပါကလား.... (လိုပါတယ်) ဒါ သိပ်လိုပါက လားဆိုတဲ့ ဒီဥစ္စာ ရှေ့နေဝတ်လုံများ စစ်သလို စစ်ကြောနေ တာ....(မှန်ပါ)။

ဒါ သိပ်အရေးကြီးတဲ့ စကားလို့ အဘိုးတန်တဲ့ နားမှာဖြင့် ကြောင့်....ဒီဥစ္စာ မလုပ်ခင် စဉ်းစားရမည့် အလုပ်တွေပါလား.... (မှန်ပါ)။

နို့မဟုတ်ယင် လကုန် နှစ်ဖြုန်းပြီးသကာလ အသေစော တတ်တယ်....( မှန်ပါ့ဘုရား ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ရှင်းပြီးတော့ ပြပါတယ်၊ တကာ ကြွယ် ရှင်သာရိပုတ္တရာဟာ ပညာအရာမှာဖြင့် ဘုရားအောက်မှာ သူ့ထက်ကြီးမရှိပါဘူး....(မှန်ပါ့)။

ပန်းတိမ်သည်ကို သုံးလ ကမ္မဋ္ဌာန်းပေးကြည့်တယ်၊ အသုဘ ကမ္မဋ္ဌာန်းပေးကြည့်တယ်....(မှန်ပါ့ဘုရား) ရရဲ့လား....(မရပါ ဘုရား)။

ဒီပုဂ္ဂိုလ် ငါ့ချွတ်လို့မရပါဘူးဆိုပြီး ဝါတွင်းသုံးလပတ်လုံး ပဌမလ သွားမေးတယ်၊ ဘာမှ ဖြစ်ပျက်မမြင်ဘူး.... ( မှန်ပါ့ ) ဒုတိယလ သွားမေးတယ် ဖြစ်ပျက်မမြင်ဘူး....(မှန်လှပါ ဘုရား)။

ခက်ပါ့ကွာ၊ ဒါကို ထပ်လုပ်ပါကွ... တဲ့၊ ပန်းတိမ်သည်ကို သူက သင်နေတာ ... (မှန်ပါ့) တတိယလ သီတင်းကျွတ်ခါနီး သွားမေးတယ် ဘာမှ မမြင်ဘူး....(မှန်ပါ့)။

ဟာ... ခက်ပြီကော၊ တရားက အမှန်ဘဲ၊ တရားတော့ မှန် တာပေါ့၊ သူ့စရိုက်နဲ့က မတော်ဘဲကိုး....(မှန်ပါ့)။

တရားကတော့ ဘယ်မှာ မမှန်တာရှိမလဲ....( မှန်ပါ့ ) သူ့ စရိုက်နဲ့....(မလျော်ပါဘုရား ။

သူ့စရိုက်ကြိုက်တရားက မဟုတ်တော့ လုပ်သာနေရတတ် ဦးသန်းမောင် ဘာမှ မထင်လာဘူး....(မှန်ပါ့)။

ဒါနဲ့ သီတင်းကျွတ်တော့ ဘုရားဆီခေါ်သွားပြီး ဒီပုဂ္ဂိုလ် ဟာ ဘုရားချွတ်မှရမှာ သူချွတ်လို့ ရမှာမဟုတ်ဘူး....ဆိုတော့ တကာကြွယ်က ကြားထဲက ပုဏ္ဏားတိုင်လုပ်ပါ...(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီကိုယ်တော်ကလေး ဘာဖြစ်နေပါလိမ့် မတုံး၊ ငယ်ငယ်က ရဟန်းဖြစ်လာတဲ့ကိုယ်တော်ကလေးဘဲ၊ ကိုယ် တော်ကလေး အားထုတ်တာ ညံ့လို့လား- ဆရာမှားနေလို့လား

ဆိုတဲ့ဥစ္စာကိုလဲ စဉ်းစားကြည့်ပါ...(မှန်လှပါဘုရား) ဘယ့်နှယ် ခင်ဗျားတို့ ဆုံးဖြတ်ချက်ချမလဲ....၊ (ဆရာမှားနေလို့ပါဘုရား)။

ဟာ....ခင်ဗျားတို့ ရှင်သာရိပုတ္တရာကြီးကို သွားမလုပ်ပါနဲ့... အင်မတန်အရေးကြီးတဲ့ ကိုယ်တော်ကြီး၊ တကယ့်ကို ပညာ အရာမှာ ငါ့အောက် သူတယောက်သာရှိတယ်ကွ·လို့ ဘုရားက တောင် ဗျာဒိတ်ပေးထားသေးတာ တကာကြွယ်တို့က ရှင်သာရိ ပုတ္တရာမှားနေလို့ဆိုတော့ သူ့ကို စွပ်စွဲရာမရောက်ပေဘူးလား... (ရောက်ပါတယ်ဘုရား)။

ဒါ... စွပ်သာ စွပ်စွဲပါတယ်...တဲ့ ဘယ်သူဖြစ်ဖြစ်၊ တကာ တကာမတို့ 'ဣန္ဒြိယပရော ပရိယတ္တိဉာဏ်' ဆိုတာက ဘုရားမှာ သာ ရတယ်...(မှန်ပါ) အောက်ပုဂ္ဂိုလ်ခတွ မရဘူး... (မရပါ ဘုရား) ဒါ့ကြောင့် စရိုက်ဖမ်းလွဲနေတယ်....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

'ဣန္ဒြိယပရော ပရိယတ္တိဉာဏ်' ဣန္ဒြေရင့်·မရင့် ဟုတ်လား... (မှန်ပါ)။

အဲဒါကို မသိတော့လဲ့တဲ့ တကာတကာမတို့ ဘယ်လိုရဟန္တာ ကြီးဖြစ်လို့ ဘယ်လိုပေးပေး၊တကာတကာမတို့ မရနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်လဲ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီ့ပြင် စကားစပ်မိလို့ ပြောပါဦးမယ်၊ တကာ တကာမတို့ ဒါ....ဗဟုသုတချည့် ရှေ့ပိုင်းကပြောနေတာ၊အလုပ်ခွင်ကို တွန်း ပေးချင်လို့ ပြောနေတယ်လို့မှတ်ပါ....(မှန်ပါ)။

မိလိန္ဒမင်းကြီးမေးတော့ ဦးမှာဒင် ရဟန္တာတွေ ပြေးရတယ် (မှန်ပါဘုရား) မိလိန္ဒမင်းကြီးမေးတော့ ရဟန္တာတွေ ဘာတုံး— (ပြေးရပါတယ်ဘုရား)။

ဟ....ဘာဖြစ်လို့ ပြေးရတာတုံး၊ ရဟန္တာဆိုတဲ့ဥစ္စာ ကိလေသာ ကုန်ပေါ့ဘဲ၊ မေးတာကို ဒေါက်ကနဲ့ဒက်ကနဲ ဖြေပါတော့လားဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ပြောစရာကြီးတခု ပေါ်လာဘယ်.... (ပေါ်ပါတယ်ဘုရား)။

မဖြေနိုင်လို့ ပြဟ္မာ့ပြည်သွားပြီး တောင်းပန်ရတယ်·(မှန်ပါ) ပြဟ္မာ့ပြည်ကနေပြီး စုတေစိတ်ကျပြီး လူ့ပြည်လာပြီးတော့ကို ပညာသင်ပါ၊ပညာသင်ပြီးတော့ မိလိန္ဒမင်းကြီးကို အဖြေထုတ်ပါဆိုတဲ့ ဥစ္စာကို ရဟန္တာတွေကိုက သွားတောင်းပန်ရတယ်၊ သူတို့မဖြေနိုင်လို့... (မှန်ပါ) ရိုပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဩော်.... ဒါဖြင့် ရဟန္တာဆိုယင် ခင်ဗျားတို့က အလုံးစုံ အကုန်ပြီးတယ်တဲ့၊ သူ့အရေးသာ သူပြီးတာသို့မှတ်၊ သူများအရေး အကုန်ပြီးတယ်လို့ မဆိုနဲ့.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ရဟန္တာဆိုတာ.... (သူ့အရေးသာ သူပြီးပါတယ်) သူများ အရေးပြီးဘို့ရာကျတော့ သူ့မှာ မပါလာသေးဘူး.... (မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘုရားမှာသာ သူ့အရေးလဲပြီး သူများအရေးလဲ ပြီးအောင် ဆွဲနိုင်တယ်.... (မှန်ပါ) ကျန်တာတွေကဘော့ အကုန် မဆွဲနိုင်ဘူးဆိုတာသာ မှတ်လိုက်ပါတော့....(မှန်ပါ)။

ဒီ့ပြင်လူမဆိုထားပါနဲ့ ဦးမာဒင် ရှင်းရှင်းဘဲ မှတ်လိုက်စမ်းပါ....(မှန်ပါ့) သစ္စာမသိဘဲနဲ့ နိဗ္ဗာန်မြင်ပါ့မလား— (မမြင်ပါဘုရား)။

ဒါဖြင့် ဘုရားမပွင့်ယင် ဘုရားငယ်တွေဆိုတော့ ပစ္စေကဗုဒ္ဓါ မြတ်စွာဘုရားတွေနော်.. (မှန်ပါ့) နိဗ္ဗာန်တော့ သူတို့ရောက်ကြတယ်....(မှန်ပါ့) သူများဟောစမ်းပါဆိုတော့ မဟောနိုင်ဘူး- (မှန်ပါ့)ကဲ....တကာကြွယ် သူများဟောပါဆိုတော့....(မဟောနိုင်ပါဘုရား)။

သူပေးတဲ့ဆုကြည့်ပါ၊ ခင်ဗျားတို့က ဆုမ်းလူတော့"ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု" မင်းအလိုရှိတာ ပြည့်စေတဲ့ (မှန်ပါ့) ဒီ့ပြင်မပေးကြဘူး၊ ဒါဘဲ ပေးတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူဟာ သစ္စာသိပါတယ်....တဲ့၊ သူတပါးဟောဘို့ မရဘူး.... (မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ ရဟန္တာထက် ပစ္စေကဗုဒ္ဓါက သာပါတယ်.... ( မှန်ပါ့ ) အဲဒါကို သူတပါးမချွတ်နိုင်ဘူး.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ အခုတော့ ဘုရားပွင့်တဲ့ ခေတ်အခါနဲ့ တွေ့ကြုံရသလို ဘုရားက သစ္စာတွေဟောထားလို့ ဘုန်းကြီးများကတဆင့် သစ္စာတွေဟောရပါတယ်....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ပစ္စေကဗုဒ္ဓါတို့ခေတ်ထက် သာနေတဲ့အခါလို့ မှတ်ပါ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ... ဒါဖြင့် တကာ တကာမတို့ ကိုယ့်အရည်အချင်းလဲ ကိုယ်သိကြပြီ....(မှန်ပါ)။

ကိုယ့်အပျင်းကလေးလဲ မဖက်ဘဲ၊ ဒါကလေးကလဲ တောင်းပန်ရတယ်....( မှန်ပါ ) ဒါကလေးကတော့ မတောင်းပန်လို့ မဖြစ်ဘူး....(မှန်ပါ)။

ကိုယ့်အရည်အချင်းကတော့ ဘယ့်နှယ်တုံး၊ ပါရမီအမျိုးစုံ စုံပါပေါ့လားဆိုယင် မလွဲဘူး.... (မလွဲပါဘုရား) ကိုယ့်အရည်အချင်း ပြည့်စုံရဲ့၊ ကိုယ့်အပျင်းမဖက်ယင် တကာကြွယ် ရ,ရ မယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်အရည်အချင်းကတော့ တကာသစ် ဘယ့်နှယ်တုံး.... ( ပြည့်စုံပါတယ်ဘုရား ) ကိုယ့်အပျင်းကလေးက... (မဖက်ပါဘုရား) မဖက်ဘဲ....( မှန်ပါ ) ဒါကလေးတော့ တောင်းပန်ရတယ်... (မှန်ပါ) မတောင်းပန်သင့်ဘူးလား... ( တောင်းပန်သင့်ပါတယ်ဘုရား)။

ဘယ်လို အရည်အချင်း ပြည့်စုံငြားသော်လဲ အပျင်းကလေး ဖက်လာတဲ့အခါကျတော့ တကာတကာမတို့ ပျင်းတယ်ဆိုတာသည် ပဋိစ္စသမုပ္ပါဒ်တန်းမလို့ ထွက်လာတာ... (မှန်ပါ)။

ကြည့်ပါ... ပျင်းလာတယ်ဆိုတာသည် ဆုတ်နစ်တဲ့ ဒေါသ (မှန်ပါ) ဒေါသနောက်ကနေပြီးသကာလ သောက လိုက်လာ

တယ်.... (မှန်ပါ) သောကနောက်ကနေပြီး ပရိဒေဝ လိုက်လာတယ်.... (မှန်ပါ) ဒုက္ခ ဒေါမနဿလိုက်လာတယ်၊ ဥပါယာသလိုက်လာတယ်.... (လိုက်ပါတယ်) သူတို့လိုက်တာ- သူတို့ဟာသူတို့ချည့် သက်သက်နေသလားဆိုတော့ အဝိဇ္ဇာနဲ့ တွဲနေတယ် (မှန်ပါ)။

ဘာနဲ့ တွဲနေသလဲ....(အဝိဇ္ဇာနဲ့တွဲနေပါတယ်ဘုရား)။

ကိုင်း— တရားဆက်ပြီးနာကြ....(မှန်ပါ) တကာတကာမတို့စရိုက်ဇော့ကြောင့် သတိပဋ္ဌာန်လေးပါးဖြစ်ရတယ်— ( မှန်ပါ ) သတိပဋ္ဌာန်လေးပါးကို ကိုယ့်စရိုက်နဲ့ကိုယ်ကြည့်လို့ ကိုယ့်စရိုက်နဲ့တော်တဲ့တရားကို ကြည့်လိုက်တဲ့အခါ မြင်လို့ရှိယင်ဖြင့် ကိုယ့်စရိုက်နဲ့ လျော်တဲ့တရားလို့ ကိုယ့်ဟာကိုယ် ဘယ်လိုဆုံးဖြတ်ချက်ချရပါ့မလဲလို့ အမေးထုတ်ရမယ်.... (မှန်ပါ)။

ဖြစ်မှုပျက်မှုတွေကို ဉာဏ်မြင်ခဲ့သည်ရှိသော် ဩော်.... ရှုနေတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာနဲ့ ငါသည် စရိုက် သေသေချာချာ တိုက်တိုက်ဆိုက်ဆိုက် ညီညွတ်တာဘဲ ဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်လှပါဘုရား)။

စိတ်ရှုလို့ ဖြစ်မှုပျက်မှုဆိုတဲ့အနိစ္စကို ဉာဏ်မြင်ခဲ့သော် ခပ်မြန်မြန်မြင်ခဲ့သော် အားလုံး တကာတကာမတွေ ဒါ....ကိုယ့်စရိုက်နဲ့ လျော်တဲ့တရားလို့ မှတ်ပါ....(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အမြင်မှန်ဆိုတာသည် ဝေဒနာ

ရှုလို့ ဝေဒနာမတွေ့ဘဲနဲ့ အဖြစ်အပျက်တွေ့ပါတယ်....(မှန်ပါ) စိတ်ရှုတဲ့အခါလဲ စိတ်မတွေ့ဘဲနဲ့....(ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဘာဖြစ်လို့ စိတ်ရှုပါဆိုပြီး ဖြစ်ပျက်ဘက် ကူးပြီးသကာလ ဉာဏ်အတွေ့ပြောင်းရပါသတုံး....လို့ မေးခွန်းထုတ်ဘိုလိုတယ်— (လိုပါတယ်ဘုရား)။

ဘုရားကဟောခဲ့ရှာတယ်....(မှန်ပါ) ဘုရားက ဟောခဲ့ရှာတယ် မင်းတို့ဘာဘဲရှုရှု "သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟ ရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ" မင်းတို့ ဘယ်လိုဘဲ ဝေဒနာရှုရှု၊ သမုဒယနဲ့ ဝယမြင်မှပြီးတယ်....(မှန်ပါ ဘုရား)။

ဒါ သူ့ပါဠိတော်ဘဲ... (မှန်ပါ)ဖြစ်မှုနဲ့ပျက်မှုတွေ့မှပြီးတယ် (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ထို့အတူဘဲတဲ့ စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲတဲ့ စိတ်တွေ့နေလို့ ရှိယင် မဟုတ်သေးဘူး.... (မှန်ပါ) လုံးလုံး မဟုတ်တာလား ဆိုတော့ လုံးလုံးမဟုတ်တာတော့ မဟုတ်ပါဘူး၊ ဉာဏ်အောက်ကျဘယ် (မှန်ပါဘုရား)။

နာမပရိစ္ဆေဒဉာဏ်သွားဖြစ်တယ်(မှန်ပါဘုရား) ဉဒယဗ္ဗယဆို တဲ့ ဝိပဿနာဉာဏ်မဖြစ်လာဘူး....(မှန်ပါ)ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ဘာတွေ့မှ ဝိပဿနာဉာဏ်ဖြစ်လာသတုံးဆိုတော့ "သမုဒယ ဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ" စိတ်ရှုပေမဲ့ ဖြစ်မှုမြင်မှ ဟော့တဲ့....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

"ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ"တကာတကာမတို့ အပျက်ကို မြင်မှတဲ့....(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီဘုရား)။

ဩော် .... ဒါဖြင့် ဒို့အလုပ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒို့စရိုက်နဲ့ တည့်မတည့်ဟာဖြင့် ရှုစရာမရှိလို့ရှိယင်ဖြင့် ဝေဒနာကို နာမည်တပ်ပြီး ပြောလိုက်ရပါတယ်၊အမြင်မှာဖြစ်ပျက်ပါဘဲ (မှန်ပါ့)။

အမြင်တွေရမှာကတော့—(ဖြစ်ပျက်ပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီလိုသိတဲ့အခါကျလို့ရှိယင်ဖြင့် ဒို့သည်ကားလို့ဆိုယင်ဖြင့် အဲဒီ့အချိန်က စ,ပြီးသကာလ"အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ"။

ဘိက္ခဝေ=ရဟန်းတို့၊ အယံ=ဤဖြစ်ပျက်ကိုမြင်တဲ့ ပုဂ္ဂိုလ်ကို၊ အသင်္ခတဂါမိမဂ္ဂေါ=မသေရာမှန် ပြည်နိဗ္ဗာန်သို့ရောက်ကြောင်း အဖြစ်သို့ လမ်းပေါ်တက်မိသည် မည်၏ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏ (မှန်ပါ့ဘုရား)။

ဘာမှမပူနဲ့....(မှန်ပါ့) ဖြစ်ပျက်တွေနေလို့ရှိယင်ဖြင့် ဘာမှမပူနဲ့တော့....(မှန်ပါ့) မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတဲ့ အသင်္ခတဓာတ်၊ အသင်္ခတဆိုတာ နိဗ္ဗာန်နော်....( မှန်ပါ့ ) ဂါမိမဂ္ဂေါဆိုတာ ရောက်ကြောင်း....(မှန်ပါ့)။

အဲ .... မသေရာမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြောင်းဟာဖြင့် ကိုယ့်ကိုယ် ကိုယ် တဏှာတကာမတွေက ဆုံးဖြတ်ချက်ချချင်လို့

ရှိယင် ငါရောက်မည့်ပုဂ္ဂိုလ်လား- မရောက်မည့် ပုဂ္ဂိုလ်လား ဆိုတာကို ဘာနဲ့မှဒီဂရီမထိုးဘဲနဲ့ ခန္ဓာထဲစိတ်ရှုလို့ စိတ်ဖြစ်ပျက် တွေ့တဲ့ပုဂ္ဂိုလ်... (မှန်ပါဘုရား)။

ရုပ်ရှုလို့ ရုပ်ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်... (မှန်ပါ) ရုပ်ကလေးတွေ မရှိဘူး- မရှိဘူး၊ ခုနင်က ရုပ်ကလေး အခုမရှိဘူး၊ ခုနင်က နာမ်ကလေး အခုမရှိဘူး၊ ခုနင်ကဝေဒနာကလေး အခုမရှိဘူး၊ ခုနင်ကစိတ်ကလေး အခုမရှိဘူး... (မှန်ပါဘုရား)။

အဲဒီမရှိမှုကလေးကို ရှိရာက မရှိမှုကလေး သိမှုကိုတွေ့လို့ ရှိယင် ငါနိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ် အသစ်လို့ ဆုံးဖြတ်ချက်ချ... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်အစစ်ကိုလဲ ခင်ဗျားတို့ ဘုရားဟောပါဠိတော်နဲ့ ယနေ့ ဝေဘန်ပေးပါတယ်....(မှန်ပါ) ဝေဘန်ပေးလိုက်တော့ကို မရှိတာတွေမှ... (မှန်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဝေဒနာရှုပြန်လဲ.... (မရှိတာတွေမှပါဘုရား) စိတ်ရှုပြန်လဲ.... (မရှိတာတွေမှပါဘုရား)။

ဒါလဲ သူ လုံးဝမရှိတာက မရှိတာမဟုတ်....(မှန်ပါ) ရှိရာက မရှိတာတွေရမယ်....(မှန်ပါဘုရား)။

ဦးသန်းမောင် မှတ်မိပလား....(မှတ်မိပါပြီ)ရှိရာက .... (မရှိ တာတွေရပါမယ်ဘုရား)။

နဂိုရ်ရက ဒီနေရာမှာ ဒီပစ္စည်းကလေးရှိတယ်.... (မှန်ပါ) အခု

သွားကြည့်တော့ မရှိဘူး...( မှန်ပါ ) ဪ....သူမရှိဘူးဆိုပြီး ရှိရက- မရှိတာသိမှုအနိစ္စ....(မှန်ပါဘုရား)။

ရှိရာက....(မရှိတာသိမှု အနိစ္စပါဘုရား)အဲ...ရှိရာက မရှိတာ သိမှုသာ လျှင် အနိစ္စလဲဆို အနိစ္စလက္ခဏာလဲဆို.... (မှန်ပါဘုရား) သိတာဟာ အနိစ္စဉာဏ်လဲ ဖြစ်သွားပါတယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များ ကိုယ့်အခြေအနေကို ကိုယ်အကဲခတ်ချင်တယ်၊ ငါဒီဘဝနိဗ္ဗာန်ရောက်မှာလား-မရောက် ဘူးလားလို့ ကိုယ့်ဟာကိုယ် စောဒနာပြီးသကာလ ကိုယ့်ဟာ ကိုယ်စစ်ဆေးဘို့ရာလဲ ဆရာဘုန်းကြီးက နည်းပေးလိုက်တာ၊ ရှိရာက မရှိတာကိုသိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင် ဒီဘဝရောက်နိုင်တဲ့ ပုဂ္ဂိုလ်ဘဲ...(မှန်ပါ) ပေါ်ပလား တကာကြွယ် ... (ပေါ်ပါပြီ ဘုရား)။

ရှိရာက မရှိတာကိုတွေ့အောင် ဖမ်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဘာတုံး- (ဒီဘဝနိဗ္ဗာန်ရောက်နိုင်တဲ့ပုဂ္ဂိုလ်ပါဘုရား)။

ဒီဘဝ နိဗ္ဗာန်ရောက်နိုင်တဲ့ ပုဂ္ဂိုလ်ဘဲဆိုယင် ဗေဒင်သွားမေး မနေနဲ့၊ သူ့ဟာအမှန်....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ရှိရာက....(မရှိတာတွေ့ပါတယ်) ရှိရာက မရှိတာတွေ့တယ်.... (မှန်ပါ)အဲဒီတွေ့လို့ရှိယင် အစ ,ကလေးတွေ့လို့ရှိယင်လဲ တကိုယ် လုံးက"သဗ္ဗေ သင်္ခါရာ အနိစ္စာ" လို့ဆိုသောကြောင့် ဒေါက် လျှောက်တန်းတွေ့တယ်(မှန်ပါဘုရား)။

ဟိုနေရာကဖျတ်ဖျတ်- ဒီနေရာက ဖျတ်ဖျတ်နဲ့ တွေ့တာဘဲ.... (မှန်ပါ့)တွေ့လို့ရှိယင် လိုက်ပေတော့....(မှန်ပါ့ဘုရား)။

တွေ့လို့ရှိယင် တကာတကာမတို့ ဝိပဿနာနည်းပေးပြီ .... (မှန်ပါ့)ကိုယ့်ပါရမီစုံလို့ ငါနိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ဆိုတာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီးသည့်နောက်ကို တွေ့စလဲပြု ပါရော တကာသစ်ရေ အကုန်လျှောက်လိုက်.... (မှန်ပါ့ဘုရား)။

အကုန်လျှောက်လိုက်လိုက်တဲ့ အခါကျတော့ တကာတကာမ တွေ ယောကျ်ားပျောက်, မိန်းမပျောက်, ပုဂ္ဂိုလ်ပျောက်, သတ္တဝါပျောက်....(မှန်ပါ့ဘုရား)။

ဒါ ပျောက်ချင်လို့ ပျောက်တာလားလို့ မေးတော့မှ ခုနင်ကရှုတဲ့ ဝိပဿနာက ဒိဋ္ဌိသတ်ပစ်လိုက်တယ် .... (မှန်ပါ့ဘုရား)။

ရှုတဲ့ ဝိပဿနာက... ( ဒိဋ္ဌိသတ်ပါတယ် ) ဒိဋ္ဌိသတ်ပစ်လိုက် တာနဲ့ဘဲ ဪ.... ဖြစ်ပြီးပျက်တဲ့ ဓမ္မတွေအစုပါကလား .... (မှန်ပါ့ဘုရား)။

ဖြစ်ပြီးပျက်တဲ့ ဓမ္မတွေအစုပါကလားလို့ ဆိုပြီးသကာလ ဒီဉာဏ်ကဖြစ်ပြီးပျက်တဲ့ ဓမ္မတွေဘဲမြင်နေတော့ ယောကျ်ားလဲ မတွေ့, မိန်းမလဲမတွေ့, ငါလဲမတွေ့, သူလဲမတွေ့ ဖြစ်ပျက်မှု တွေသာ တွေ့နေတော့မှ ဪ....ဝိပဿနာဉာဏ်သည် ဒိဋ္ဌိသတ် နေတာပါကလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘာသတ်နေတာတုံး...(ဒိဋ္ဌိသတ်နေတာပါ) ဒိဋ္ဌိသတ်နေတာ ဆိုတာ သေချာပြီ....(သေချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒိဋ္ဌိသတ်- ဒိဋ္ဌိသတ်ဆိုတဲ့ဥစ္စာသည် တကာတကာမတို့ ကိုယ့်အမြင်နဲ့ ကိုယ့်ဉာဏ်က သတ်ရမှာ.... (မှန်ပါ့ဘုရား)။

ကိုယ့်အမြင်ကိုက ခန္ဓာကိုယ်ထဲကြည့်လိုက်တယ်၊ဝေဒနာကြည့်လိုက်ပြန်လဲ ဖြစ်မှုပျက်မှုဘဲတွေ့တယ်....(မှန်ပါ့) စိတ်ကြည့်လိုက်ပြန်လဲ... (ဖြစ်မှုပျက်မှုဘဲ တွေ့ပါတယ်ဘုရား)။

ဖြစ်မှုပျက်မှုတွေ့နေတော့ ဝေဒနာလဲ ငါရယ်လို့ မထင်တော့ဘူး... (မှန်ပါ့)အရင်တုန်းကတော့ ငါ နာတယ်...(မှန်ပါ့) ငါ ကောင်းစားတယ်... (မှန်ပါ့)အင်း.... ဝေဒနာကို ငါချည့် လုပ်နေကြတယ်၊ မဟုတ်ဘူးလား....(မှန်ပါ့)။

ဝေဒနာငါ-ချည့် လုပ်နေတော့ ငါ့ဟာ ငါမရှိ-မရှားကွာ ဘယ်သူ့ အရေးစိုက်ရမှာတုံးဆိုတော့ ဥပေက္ခာဝေဒနာ ငါလုပ်နေတာ....(မှန်ပါ့)။

ငါချမ်းသာတာ ဘယ်သူနဲ့ ဘာဆိုင်ရမှာတုံးကွ ဆိုတော့ သုခဝေဒနာ ငါလုပ်တယ်....(မှန်ပါ့) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

ငါ့ဟာ ငါဆင်းရဲနေတာကွ... ဘယ်သူ့ဆီ တောင်းစားမှာမှတ်လို့....၊ ဒုက္ခဝေဒနာကို ငါလုပ်ပြန်တယ်....(မှန်ပါ) ခင်ဗျားတို့ ငါတွေကလဲ တယ်ပေါပါကလား... (မှန်ပါ့)။

ငါ ဘယ်နှစ်ငါရှိပြီလဲ.... (မရေတွက်နိုင်ပါ) သုံးငါ ထားပါတော့....(မှန်ပါ့)။

သုံးငါ ထားပါတော့ ဦးလှဘူးရ....(မှန်ပါ့)ငါဆင်းရဲနေလို့

ဘယ်သူ့ဆီမှ ဆားတလျက် မတောင်းပါဘူး၊ ဒါ ဒုက္ခဝေဒနာကို ငါလုပ်တယ်…(မှန်ပါ့ဘုရား) မဟုတ်ဘူးလား…. (ဟုတ်ပါတယ်ဘုရား)။

ငါ့ကိုနဲ့ ငါချမ်းသာတဲ့ဥစ္စာကွာ ဘယ်သူ့ ဂရုစိုက်စရာ လို သေးသတုံး၊ ဒါက ဘာကို ငါ လုပ်တာတုံး… (သုခဝေဒနာကို ငါ လုပ်ပါတယ်ဘုရား)။

ငါက မရှိ-မရှားကွ….၊ အဲဒါ့ကြောင့် ဘယ်သူ့လက်အောက် မှတော့ ငါ မကျသေးပါဘူးဆိုတော့ ဥပေက္ခာဝေဒနာ ငါလုပ် တယ်….(မှန်ပါ့) ဒီသုံးယောက်နေတယ်…(မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ဟာ ဝိပဿနာမရှုယင် ဝေဒနာသုံးပါး ငါ လုပ်နေတာဘဲ….(လုပ်ပါတယ်) ဝိပဿနာရှုလိုက်တော့ ဘယ်ဝေ ဒနာ ကြည့်လိုက်-ကြည့်လိုက် ဖြစ်ပြီး ပျက်သွားတယ်…. (မှန်ပါ့ ဘုရား)။

သုခကြည့်လိုက်ပြန်လဲ…. (ဖြစ်ပြီး ပျက်သွားပါတယ်) ဒုက္ခ ကြည့်လိုက်ပြန်လဲ….(ဖြစ်ပြီး ပျက်သွားပါတယ်)ဥပေက္ခာ ကြည့် လိုက်ပြန်လဲ… (ဖြစ်ပြီး ပျက်သွားပါတယ်ဘုရား)။

ဖြစ်ပြီးပျက်သွားတာကလေးတွေ မြင်လိုက်တော့ ဩော်…. ဝိပဿနာဆိုတာသည် တကာတတာမတို့ ဒိဋ္ဌိသတ်တာပါကလား ( မှန်ပါ့ )ရှင်းပလား….(ရှင်းပါပြီဘုရား)။

ဝိပဿနာဆိုတာ ဘာတုံး…. ( ဒိဋ္ဌိသတ်တာပါ ) ဩော်…. တကာတကာမတို့ ဝိပဿနာဟာ ဒိဋ္ဌိသတ်တာဆိုတာ သိသွား တော့မှ ဝိပဿနာရှုရင်း သေယင် အပါယ် မကျဘူးဆိုတာ

ကြောင့်....ဒိဋ္ဌိမရှိလို့ မကျတာကိုး....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာရှုရင်း သေသွားယင်....(အပါယ်မကျပါ) ဘာဖြစ်လို့ မကျသတုံး — (ဒိဋ္ဌိမရှိလို့ပါ) ခင်ဗျားတို့ ကုသိုလ်ရလို့ မကျတာ ထင်နေတယ်....(မှန်ပါ) လွဲလိုက်တဲ့ဖြစ်ခြင်း....(မှန်ပါ) ကုသိုလ်ရလို့ မကျတာ မဟုတ်ဘူး....(မှန်ပါ)။

တကာသစ် .... ဘာ့ကြောင့်တုံး.... (ဒိဋ္ဌိမရှိလို့ မကျတာပါဘုရား)ဒိဋ္ဌိသတ်လို့....( မှန်ပါဘုရား )ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ဟာ ကုသိုလ်ရလို့ သွားလုပ်ဦးမယ်ဆိုယင် ခင်ဗျားတို့ ဒီတော့ မလာခဲ့ကြနဲ့....(မှန်ပါ)။

ဝိပဿနာ သွားလုပ်ချေဦးမယ် ကုသိုလ်တော့ ဖြစ်တယ်....(မှန်ပါ)အလကားဘဲ ဒီဥစ္စာ....(မှန်ပါ)အလကား-အလကားဘဲတဲ့...၊ တကာတကာမတို့ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဝိပဿနာဆိုတာ ဖြစ်ပျက်မြင်လို့ရှိယင် ဘာသေသတုံး....(ဒိဋ္ဌိသေပါတယ်) အမြစ်နဲ့ တကွတော့ မသေသေးဘူးပေါ့ဗျာ-(မှန်ပါ)။

ပရိယုဋ္ဌာနဆိုတဲ့ ထကြွသောင်းကျန်းတဲ့ ဒိဋ္ဌိမှာတော့ တကာတကာမတို့ ပြုတ်သွားတယ်....(မှန်ပါ) အနုသယဆိုတဲ့ ဝမ်းထဲက ဒိဋ္ဌိတော့ ကျန်သေးတယ်....(မှန်ပါ) ကျန်ချင် ကျန်ပေစေ ကိစ္စမရှိဘူး....(မှန်ပါ)။

ကျန်ချင်ကျန်ပေစေ ဘုန်းကြီးများက တာဝန်ခံပါတယ် ကိစ္စမရှိဘူး-(မှန်ပါ) ဒါဟာ ခင်ဗျားတို့သူသည် မဂ်စစ်မဟုတ်သေးဘူး၊ ဝိပဿနာမဂ်မို့ ဒိဋ္ဌိကို ဒါလောက်ဘဲ သတ်နိုင်တာ.... (မှန်ပါ) တကယ့်လောကုတ္တရာမဂ်ဆိုလို့ရှိယင် အမြစ်နဲ့တကွ ပြတ်ပါတယ်...(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လောကုတ္တရာမဂ်ဆိုယင်-(အမြစ်နဲ့တကွပြတ်ပါတယ်)အမြစ်နဲ့တကွ ပြတ်တယ်....(မှန်ပါ)ဝိပဿနာမဂ်ကတော့ အမြစ်နဲ့တကွ မပြတ်ဘူး၊ မိုးကျယင် ပေါက်ဦးမှာဘဲ....(မှန်ပါ) မိုးကျယင် ပေါက်ဦးမှာဘဲ ဝိပဿနာမဂ်သတ်ထားတာက....(မှန်ပါ)။

ဟို....ကျုပ်တို့ မုညင်းမြက်ကလေးတွေလိုပေါ့၊ အပေါ်က နေ တူရွင်းပေါက်ပြားကလေးနဲ့ ထိုးလိုက်တော့ တကာသစ်ရေမြက်မရှိဘူး ထင်ရတယ်....(မှန်ပါ)။

အင်း....နည်းနည်းကလေး မိုးကလေးလာတော့....(ပေါက်ပါတယ်ဘုရား)။

အဲ...ဝိပဿနာက နှင်းမိုးမလာခင် ပြောင်ချောနေတာနဲ့တူတယ်....(မှန်ပါ) ဥကို တူးထားတာ မဟုတ်သေးဘူး...(မှန်ပါ) လောကုတ္တရာမဂ်ကမှ ဥတူးရမှာ....(မှန်ပါ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

အံမာလေး .... အတော်ရှင်းရတယ် ဦးမာဒင်ရေ....၊ အလုပ်စခန်း ပြောတော့မယ်ဆိုတော့ မလွယ်ဘူးနော် .... ( မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ရှုပါပြီတဲ့၊ ရှုတော့ မ

တာကလေးတွေ တွေ့တယ်—(မှန်ပါ့ဘုရား) မရှိတာကလေးတွေ ချည့် တွေ့တယ်၊ ရှိရာက မရှိတာကလေးတွေ...( တွေ့ပါတယ် ဘုရား )။

တွေ့တော့ ခြောင်.... ဒါဖြင့် မိမိစရိုက်နဲ့ နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ထဲတော့ မိမိအပါအဝင်ဖြစ်ပြီ... (မှန်ပါ့)။

ဘာ့ကြောင့်တုံး-ဘုရားက "ကာဘမော စ ဘိက္ခဝေ အသင်တာ ဂါမိမဂ္ဂေါ" အဘယ်တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ် ပါလိမ့်မလဲတဲ့... (မှန်ပါ့)။

ဝိပဿနာလို့ဖြေတော့ ကိုယ်က ဝိပဿနာလုပ်တော့ ဝိပဿ နာဉာဏ်က ရနေတယ်....(မှန်ပါ့) မရှိတာသိတာ ဝိပဿနာဉာဏ် ကိုး....(မှန်ပါ့)။

မရှိတာ သိတာ....(ဝိပဿနာဉာဏ်ပါဘုရား)။

ဝိပဿနာဉာဏ်ရပြီးနေကတည်းက တကာသစ် ကိုယ့်ဟာ ကိုယ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ၊ နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်ဘဲ- (မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုပါလိမ့်.... (နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ပါဘုရား) နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်ဘဲလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချလိုက်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပါရမီရှိ-မရှိကို အပျက်မြင်တာကို တွေ့လိုက်လို့ရှိယင်ဖြင့် ပါရမီဆိုတဲ့ဥစ္စာ ပြည့်စုံပြီးသားဆိုတဲ့ဥစ္စာ ပေါ်လာတယ်... (မှန်ပါ့)။

ပါရမီဆိုတာ.... (ပြည့်စုံပြီးသားပါဘုရား) ပြည့်စုံပြီးသား ဆိုတာ ပေါ်ပြီးသကာလ လာတယ်ဆိုတာဖြင့် ရှင်းလောက် ပါပြီ... (မှန်ပါ့ဘုရား)။

ကဲ....တကာကြွယ် နေရာကျပလား....(ကျပါပြီ) ဒါနဲ့ဘဲတဲ့ ဝိပဿနာဆိုတာ နိဗ္ဗာန်သို့ရောက်ကြောင်းမဂ်လို့ ဘုရားကလဲ သံယုတ်ပါဠိတော်ကြီးမှာ သေသေချာချာ ဟောနေတော့ ဟုတ်သားဘဲ သောတာပန်ဖြစ်ချင်ယင် ဒီဠိသတ်ဘို့အလုပ်ဘဲ ရှိတယ်....(မှန်ပါ့ဘုရား)။

အခုကြည့်စမ်း· အပျက်မြင်လိုက်ကတည်းက ငါလဲမဟုတ်၊ ငါ့ဥစ္စာလဲမဟုတ်ဆိုတာ ခင်ဗျားတို့ဉာဏ်ထဲ ဆုံးဖြတ်ချက်ကျ ပါပြီ... (ကျပါပြီဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဖြစ်ယင် အပျက်မြင်လိုက် ကတည်းက ငါရော့ငါ့ဥစ္စာရော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)သုခ ဝေဒနာရော ငါ့ငါ့ဥစ္စာဟုတ်ရဲ့လား.... (မဟုတ်ပါဘုရား)။

ဥပေက္ခာဝေဒနာရော.... (ငါ့ ငါ့ဥစ္စာမဟုတ်ပါ) အခြော ကျန်ချင်ကျန်မယ်ပေါ့လေ၊ထင်ချက်ကတော့မရှိပါဘူး....(မရှိပါ ဘုရား)။

ဒီလိုဆိုလို့ရှိယင်ဘဲ အားလုံးတကာတကာမတွေ့ ဆုံးဖြတ် ချက်ချလိုက်....(မှန်ပါ့) ဩော်- ငါဟာ သာမညပုဂ္ဂိုလ်မဟုတ် ဘူး၊ နောက်ဆုံးပိတ်ဘဝ ရောက်ပါပေါ့လား.... (မှန်ပါ့ဘုရား) နောက်ဆုံးပိတ်ဘဝ ရောက်ပါပေါ့လားလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့)သံသရာ့ခရီးသည် အမြုပ်သမား အမျောသမားတော့

မဟုတ်တော့ဘူးဟေ့....(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)အဆန်သမားသက်သက် ဖြစ်ပြီဟေ့....(မှန်ပါ)။

အမြုပ်သမား-အမျှောသမားတော့....( မဟုတ်ပါဘုရား ) အဆန်သမား သက်သက်ဖြစ်ပြီ...(မှန်ပါဘုရား) အဆန်သမား သက်သက်ဖြစ်ပြီလို့ဦးသန်းမောင်တို့ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

ဘာဖြစ်လို့ ဆုံးဖြတ်ချက် အချခိုင်းရသတုံးဆိုတော့ မဂ္ဂင်ဆိုတာ အထက်သာဆန်တယ်.... ( မှန်ပါ ) အပါယ်လေးပါး အောက်စုန်တယ်လို့မရှိဘူး.... (မရှိပါဘုရား) အဝီစိအစရှိသော အောက်မြုပ်တယ်လို့လဲ....(မရှိပါဘုရား)။

ဪ.... ဒါဖြင့် ငါသည် အမျှောသမား, အမြုပ်သမား တော့ မဟုတ်ဘူး၊ အဆန်သမားသက်သက်ဖြစ်ပြီလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ဆန်နိုင်တဲ့မဂ္ဂင်ဖေါင်တော့ ရ,ထားပြီ-(ရ,ထားပါပြီဘုရား) သို့သော်-အပျင်းမဖက်ပါနဲ့၊ အထက်ဆန်ရတယ်ဆိုတာ အောက်စုန်သလောက်တော့ မလွယ်ဘူး....(မှန်ပါ)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ... (အထက်ဆန်ရတာ အောက်စုန်ရသလောက်တော့ မလွယ်ပါဘုရား)။

ဒါလဲ သိပြီးသားပေမဲ့ ဖေါ်ပြောနေရသေးတယ် ဆရာဘုန်းကြီးက....(မှန်ပါ)ဘာဖြစ်လို့တုံး-လူကြီးတွေမို့....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့တုံး.... (လူကြီးတွေမို့ပါဘုရား) လူကြီးတွေမို့ ပေါ်ပြောနေရတယ်၊ ခင်ဗျားတို့လဲ ရှက်ဘို့ကောင်းပါတယ်.... (မှန်ပါ) ရှက်ဘို့ကောင်းပါတယ်....တဲ့၊ သို့သော်လဲ မရှက်တတ် ယင်လဲ မတတ်သာဘူးပေါ့ဗျာ။

ကဲ....ဒါဖြင့် တကာတကာမတို့ အဆန်သမားဆိုဘာ ဒီ့ထက် ဝီရိယပိုပေးရတယ်....(မှန်ပါ) ဒီ့ထက်သမာဓိကော.... (ပိုပေးရ ပါတယ်ဘုရား) ဒီ့ထက်သဒ္ဓါကော.... (ပိုပေးရပါတယ်ဘုရား) ဒီ့ထက်ပညာကော....(ပိုပေးရပါတယ်ဘုရား) အဲဒီတော့ ဣန္ဒြေ ကို ရင့်အောင်လုပ်ပေး....(မှန်ပါ)။

ဘုရားက 'ဣန္ဒြိယပရော ပရိယတ္တိဉာဏ်'ဆိုတဲ့ဉစ္စာ လုပ်ပါ များမှ ရင့်သတဲ့....(မှန်ပါ)။

'ဣန္ဒြိယပရော ပရိယတ္တိဉာဏ်' ဆိုတဲ့ဉစ္စာ.... (လုပ်ပါများမှ ရင့်ပါတယ်ဘုရား)။

သဒ္ဓါလဲ လုပ်ပါများတော့ သဒ္ဓါဟာ သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ် ဖြစ်တယ်....(မှန်ပါ) ရှေးဦးစွာတော့ သဒ္ဓါရိုးရိုးကိုး....(မှန်ပါ) နောက်ကျတော့ သဒ္ဓိန္ဒြေဖြစ်လာတယ်.... (မှန်ပါ) အစိုးရတဲ့ သဘောဖြစ်လာတယ်....(မှန်ပါဘုရား) နောက်ကျတော့ ဗိုလ်ကို စွဲသွားတယ်....( မှန်ပါ ) လုပ်ပါများတော့ တက်လာတယ်.... (မှန်ပါ)။

ဝီရိယကလဲ ဝီရိယရိုးရိုးတမျိုး၊ ဝီရိယိန္ဒြေတမျိုး၊ ဝီရိယဗိုလ် တမျိုး....( မှန်ပါ ) ဒါ....ဘယ့်နှယ်ကြောင့် ဒီလို နာမည်တွေ

ပြောင်းပါလိမ့်မတုံးမေးတော့ ဘယ့်နှယ်ဖြေကြမလဲ— (လုပ်ပါများလို့ပါဘုရား)။

လုပ်ပါများလို့ တကာတကာမတို့ အလုပ်စဉ်လဲ များလို့ အဆင့်အတန်းတက်သွားတာ....(မှန်ပါ)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (အလုပ်စဉ်များလို့ အဆင့်အတန်းတက်သွားတာပါဘုရား)။

အဲဒီတော့ ငါ....မဂ္ဂင်ဖေါင်တော့ စီးမိနေပြီကွ·ဆိုငြားသော်လဲ အဆင့်အတန်း ပိုမိုပြီးသကာလ အယင်လျှော်တာ တချက်ဆိုယင် နောက်လျှော်တာ တစက္ကန့်ကို နှစ်ချက်လောက် သုံးချက်လောက် ပြင်းထန်အောင်တော့ လုပ်ရမှာဘဲဗျာ—( မှန်ပါ ) မလုပ်ယင် တော်ပါ့မလား....(မတော်ပါဘုရား) မတော်-မျှော သွားယင် ခက်ရချည်ရဲ့.... ( မှန်လှပါဘုရား ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မျှောယင်တော့ဖြင့် ခင်ဗျားတို့ ငါးပါးအာရုံ ကာမဂုဏ်ထဲ ရောက်မယ်....(မှန်ပါ) မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒီကနေမျှောလိုက်၊ ရန်ကုန်ကျယင် ငါးပါးအာရုံ ကာမဂုဏ်ထဲ မျှောလိုက်... (မှန်ပါ) မျှောပြီးသကာလ ဝဲထဲမျှောပါများတော့ သစ်ရွက်ကလေးဟာ ဦးမာဒင် ဘယ်လိုနေသလဲ.... (မြုပ်ပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အတော် ကြောက်စရာ ကောင်းတယ်.... ( ကောင်းပါတယ်

ဘုရား) လည်လို့ရှိယင် မြုပ်တော့မလို့သာမှတ်.... ( မှန်ပါ ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မျောမှုကြောင့် လည်မှုတွေ၊ လည်မှုကြောင့် မြုပ်မှုတွေတယ်... (မှန်ပါ) ဒါကိုလဲ စိုးရိမ်ရတယ်.... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဥာဏ်တက်ပေးလိုက်မယ်— (မှန်ပါ) ဖြစ်ပျက်ကလေးတွေ မြင်လာတဲ့အခါကျတော့ သဒ္ဓါက လဲ အရင်သဒ္ဓါနဲ့မတူဘူး —(မှန်ပါ)။

ဘုရားဟောတော်မူတာ မှန်လိုက်တာ၊ အနိစ္စရှိလို့ အနိစ္စသိရတာ ဟုတ်လိုက်တာ....(မှန်ပါဘုရား) သဒ္ဓါက တက်လာတော့ သဒ္ဓိန္ဒြေဖြစ်လာတယ်.... ( မှန်ပါ ) သဒ္ဓိန္ဒြေဆိုတာ သဒ္ဓါလဲ ဖြစ်တယ်၊ ဣန္ဒြေဆိုတာ အစိုးရတယ်....(မှန်ပါ)။

ဒီ့ပြင်တရားတွေ ဝင်မယ်ဆိုယင် သူက သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စတွေ ဝင်မယ်ဆိုယင် ဣန္ဒြေက ဟေ့....မလာခဲ့နဲ့....(မှန်ပါ) သူက ဣန္ဒြေက တားနေတယ်... (မှန်ပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဣန္ဒြေက တားတယ်..၊ အဲဒါကြောင့် ဘုန်းကြီးတို့ဆီမှာ တရားအားထုတ်တဲ့ တကာတကာမတွေ အိမ်လဲ မပြန်တော့ဘူး· မသွားလဲ မသွားချင်တော့ဘူး....၊ ဒီဟာနဲ့ဘဲ နေချင်တယ်ဆို သူခက်နေတယ်... (မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီ) သဒ္ဓါက သဒ္ဓိန္ဒြေဖြစ်နေတယ်... (မှန်ပါ) သဘောကျပလား....(ကျပါပြီ ဘုရား)။

နောက်ကျတော့ သဒ္ဓါခြေတောင်မှ မကတော့ဘူး၊ သဒ္ဓါက ဗိုလ်ဖြစ်လာတဲ့နေ့ကျတော့ နိဗ္ဗာန်မြင်တယ်...( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေကို ဒီဥစ္စာသည် ပွတ်နိုင်မှ ပြောင်တဲ့ ဝတ္ထုပစ္စည်းမျိုးလို ... ( မှန်ပါ ) ဒီမှာလဲ ကြိုးစားနိုင်သလောက် ကြိုးစားလို့ရှိယင်ဖြင့် ငါ့ ခရီးမှ ပေါက်ပါ့မလားဆိုတာ ဒါ... ဘာမှ မစိုးရိမ်နဲ့....(မှန်ပါ)။

ဘာမှ တွေးမနေနဲ့ တကာတကာမတို့ ဝီရိယကလေးတခုဘဲ အားစိုက်.... (မှန်ပါ) စိုက်ပါများလာတော့ ဝီရိယက ဣန္ဒြေထိုက်တယ်.... (မှန်ပါ) ဣန္ဒြေဆိုတာ သူတပါးတရားတွေ လာမယ်ဆိုယင် ဟေ့ — မလာခဲ့နဲ့၊ သူက ကန့်ကွက်တယ်.... (မှန်ပါ ဘုရား)။

နောက်ဗိုလ်ထိုက်လာတဲ့အခါကျတော့ ဒီ့ပြင်တရားတွေက အဖျက်တွေက လာငြားသော်လဲ အနားကို မသီရဲဘူး .. (မှန်ပါ) တရားက စောင့်သွားတယ်...(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် တရားစောင့်လို့ တရားက စောင့်တယ်ဆိုတာကော ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

တပည့်တော်တို့ကဘုရား.... လုပ်တော့ လုပ်နေတာ ဘုရာ့၊ အဖျက်တွေက တယ်များတယ်....(မှန်ပါ)။

အို....သဒ္ဓါရိုးရိုးနဲ့ လုပ်နေတာကိုး ခင်ဗျားက ဣန္ဒြေမှမထိုက်သေးဘဲ... (မှန်ပါ) ဣန္ဒြေမထိုက်တော့ ခင်ဗျားတို့က ဖျင်းလို့

လာကြတာဘဲ...(မှန်ပါ) ဒါ-ပြောရမှာဘဲ.... (မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

တကာကြွယ် ဒါဖြင့် ကိုယ့်အဖျင်း လူထဲထုတ်ပြောမနေစမ်းပါနဲ့.... (မှန်လှပါဘုရား) တော်ပါ့မလား.... (မတော်ပါဘုရား)။

ကဲ... ဒါဖြင့် ဇီလိုလုပ်ကြပါ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့တွေ့တော့ ခင်ဗျားတို့က ရှေးဦးစွာ မတွေ့ဘယ်ဲ ဘုရားသခင်နဲ့တွေ့ပြီး ကျွတ်တမ်းဝင်ရပါလို၏လို့ တောင်းတဲ့ပုဂ္ဂိုလ်တွေလဲ တပုံကြီးပေါ့ဗျာ.... (မှန်ပါ) မသိကြဘဲကိုး.... (မှန်ပါဘုရား)။

မသိကြတော့ ကိုယ်က သဒ္ဓါရိုးရိုးကလေးနဲ့ အားထုတ်တယ် (မှန်ပါ) သဒ္ဓါရိုးရိုးကလေးနဲ့ အားတုတ်ထားတော့ သဒ္ဓါက တက်စရာက သဒ္ဓိန္ဒြေဆိုတာ တက်ရဦးမယ်...(မှန်ပါ) တဆင့်တက်ရဦးမယ်..( မှန်ပါ ) ပြီးတော့ သဒ္ဓါက ဗိုလ်ကျအောင် တဆင့်တက်ရဦးမယ်....(မှန်ပါ) ဘယ်နှစ်ဆင့်ရှိပြီလဲ....(သုံးဆင့်ရှိပါပြီဘုရား) သဒ္ဓါတဆင့်၊ ဣန္ဒြေထိုက်အောင်က....(တဆင့်ပါဘုရား) ဗိုလ်ထိုက်အောင်က.... (တဆင့်ပါဘုရား) သုံးဆင့်မရှိဘူးလား....(မှန်ပါ)။

အဲဒီတော့ ကိုယ်က တဆင့်လောက်နဲ့ဘဲ ဘုရားနဲ့ တွေ့တယ်ထားပါတော့၊ ဘုရားနဲ့လက်ဦးစွာတွေ့ရပါလို၏ ဆိုပြီးတွေ့တယ် (မှန်ပါ) ကိုယ်က သဒ္ဓါကလေးနဲ့ သွားတွေ့တယ်... (မှန်ပါ)

ဣန္ဒြေကမထိုက်သေးဘူး.... (မှန်ပါ) ဗိုလ်ကကော.... (မထိုက်သေးပါဘုရား)။

မထိုက်သေးတော့ ဘုရားက မရင့်သေးဘူးဆိုပြီး သူ့အနားကို မကပ်ဘူး....(မှန်ပါ) ဣန္ဒြေမထိုက်သေးဘူးတဲ့ — (မှန်ပါ) ဗိုလ်ကော....(မထိုက်သေးပါဘုရား)။

မထိုက်သေးတော့ ဣန္ဒြေမရင့်သေးဘူးဆိုတာ ဒါကိုဆိုတာ (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ဆုတောင်းတော့ မပြည့်ဘူးလို့ မဆိုနိုင်ဘူးပေါ့ဗျာ....(မှန်ပါ) ဘုရားနဲ့တွေ့ရပါလို၏ဆိုလဲ ပန်းတပွင့်နဲ့လဲ သူတွေ့ချင်တွေ့လိုက်မှာဘဲ—(မှန်ပါ)။

သို့သော်လဲ ငတွေ့ဘဲအောက်မေ့ ဒီကမရင့်လို့ရှိယင် .... (မှန်ပါ)ရှင်းပလား—(ရှင်းပါပြီဘုရား)။

မရင့်လို့ရှိယင်ဖြင့် တွေ့လဲမကျွတ်ဘူး.... (မှန်ပါ)—မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

မရင့်လို့ရှိယင် — ( တွေ့လဲမကျွတ်ပါ ) တွေ့လဲမကျွတ်ဘူးဆိုတာ သေသေချာချာမှတ်ပါ— (မှန်ပါ) ဘာ့ကြောင့်တုံးလို့မေးတဲ့အခါကျတော့မှ တကာတကာမတို့ သဒ္ဓါရိုးရိုးသာရှိသေးတယ်... (မှန်ပါ)ဣန္ဒြေက မထိုက်သေးဘူး— ( မှန်ပါ ) ဗိုလ်တမဖြစ်သေးဘူး... (မှန်ပါ) အဲဒီဖြစ်ကာနီးမှ ဘုရားကလာတာ.... (မှန်ပါဘုရား)။

ခင်ဗျားတို့အတွက် ဘုန်းကြီးတို့လို တခါတည်း က,ကြီး ခ,ကွေးကစပြီးပြမှာမဟုတ်ဘူး... (မှန်ပါဘုရား) ဒီလိုသာပြရယင်

ဘုရားက တယောက်ပြတာနဲ့ ဘုရားကပရိနိဗ္ဗာန်စံမှာနဲ့ အတော်ဖြစ်နေတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ သိပ်မြှော်မနေနဲ့ .... (မှန်ပါ့) မြန်မြန်ကိုယ့်ဟာကိုယ် ရင့်အောင်လုပ်ထား.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ကဲ....ရင့်တဲ့အဆုံးကျပြန်တော့လဲ ဘုရားလိုသေးသလား မေးပြန်တော့လဲ .... (မလိုတော့ပါ) မလိုတော့ပါဘူး၊ ဘုရားရှိတဲ့အခါသာ ရင့်ခါနီးလာတာ....(မှန်ပါ့ဘုရား)။

ဘုရားမရှိတဲ့ အခါကျတော့ ကိုယ့်ဟာကိုယ် ရင့်ပြီးကိုယ့်ဟာကိုယ်အားထုတ်မှာဘဲ....(မှန်ပါ့)ရှင်းပလား- (ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ ပြောရတဲ့ စကားကလဲဦးမာဒင်ရေ နည်းတာတွေမဟုတ်ဘူး.... ( မှန်ပါ့ ) မနည်းဘူးမနည်းဘူး၊ သင်ရတာကတမျိုး၊သိပါစေတော့လို့ ပြောရတာကတမျိုး....(မှန်ပါ့) ခင်ဗျားတို့ကလဲ အလွယ်ကလိုချင်နဲ့ ကိုယ်ကလဲ ဘာမှမဟုတ်နဲ့ ခက်သိုက်တာက....(မှန်ပါ့ဘုရား)။

ကဲ....တကာကြွယ် ဒါဖြင့် ခင်ဗျားတို့ အခုလုပ်လို့ရှိယင်လဲသဒ္ဒါသည် ဣန္ဒြေထိုက်အောင်လုပ်ပါ....(မှန်ပါ့ဘုရား)။

ဣန္ဒြေထိုက်ပြီး ဘာထိုက်အောင် လုပ်ရမလဲ .... (ဗိုလ်ထိုက်အောင်လုပ်ရပါမယ်) မခုမရှိဘူး၊ ဒီလိုသာ ထိုက်အောင်လုပ်၊ အကုန်ရ....(မှန်ပါ့)ဘုရားရှိ-မရှိရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားရှိလဲ ဒီကိလေသာသတ်တာဘဲ.... ( မှန်ပါ ) ဘုရားမရှိတော့ကော....(ကိလေသာသတ်တာပါဘုရား) ကိလေသာသတ်တဲ့ အလုပ်လုပ်တာဘဲ....(မှန်ပါ)ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

ဘုရားမရှိသော်လဲ ဒီကိလေသာ ပဋိစ္စသမုပ္ပါဒ်ပြတ်အောင်လုပ်ဘို့ဘဲ....(မှန်ပါ)ဘုရားရှိလဲ....(ကိလေသာ ပဋိစ္စသမုပ္ပါဒ်ပြတ်ဘို့ပါဘဲဘုရား)။

ဒါ့ကြောင့် ဘုရားရှိတုန်းကျွတ်တာနဲ့ ဘုရားမရှိမှကျွတ်တာနဲ့ ဘုရားမရှိတဲ့နောက်မှာ သီဟိုဠ်ကျွန်းမှာ ကျွတ်လိုက်တာတွေ....(မှန်ပါဘုရား)။

အိန္ဒိယထဲမှာ ဓမ္မာသောကလက်ထက်မှာ ကျွတ်လိုက်တာတွေ စပါးလှမ်းလို့တောင် မရအောင် ကောင်းကင်မှာရဟန္တာတွေ....(မှန်ပါဘုရား)။

ဒါတွေ ဘယ့်နှယ်ကြောင့် ကျွတ်ပါလိမ့် တတာသစ်ရေး- ဘုရားမရှိဘဲနဲ့ကျွတ်တာ - (မှန်ပါ) ဣန္ဒြေရင့်လို့ ကျွတ်တာ ဘုရာ့... (မှန်ပါ)ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဘာဖြစ်လို့ပါလိမ့်....(ဣန္ဒြေရင့်လို့ကျွတ်တာပါ)နို့ ခင်ဗျားတို့ ဣန္ဒြေရင့်တယ်ဆိုတာ သူများက လုပ်ပေးရတာလား- ကိုယ့်ဟာကိုယ် ဝီရိယတိုးတိုး တိုးတိုးသွားရတာလား .... (ကိုယ့်ဟာကိုယ်ဝီရိယတိုးသွားတာပါ)ဒါဖြင့် ဘုရားနဲ့မဆိုင်ဘူး... ခင်ဗျားတို့....(မှန်ပါဘုရား)။

အစနည်းပေးမှာ ဘုရားနည်းကိုယူ....(မှန်ပါ) နောက်အလုပ်

ခွင်ခရီးပေါက်မှုမှာကိုယ့်တာဝန်လုပ်.... (မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာသစ်ရေ ဘုန်းကြီးကတော့ဖြင့် ဘုရားဒေသနာတော်တွေ ဘုရားမရှိသည့်နောက် ဒါတွေ ဆရာတွေဘဲကွလို့ ဘုရားဟောတော်မူခဲ့လို့ ဘုရားဟောသလို ဟောနေရတာ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဣန္ဒြေရင့်ဘို့ကျတော့ ဟောလို့ရင့်မှာလား-လုပ်မှရင့်မှာလား...(လုပ်မှရင့်မှာပါ) တကာကြွယ် သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်လိုမှ ရင့်မှာတုံး....(လုပ်မှရင့်မှာပါ)ဒါဖြင့် ဒီလိုလုပ်ပါ ခင်ဗျားတို့သဒ္ဓါသည်၊ သဒ္ဓါတရားသည်ပေါ့ဗျာ....( မှန်ပါ့ ) ရိုးရိုးနဲ့မလုပ်နဲ့ ဣန္ဒြေထိုက်အောင်လုပ်ပါ....(မှန်ပါ့)။

ဣန္ဒြေထိုက်အောင် လုပ်ပါဆိုတော့ သူက ဣန္ဒြေဆိုတာကြီးစိုးတယ်....(မှန်ပါ့)အလုပ်-လုပ်နေတဲ့ အထဲမှာ မဂ္ဂင်ထဲမှာသူဟာကြီးစိုးတယ်... (မှန်ပါ) ကြီးစိုးလာတော့ ဒီ့ပြင်ဘေးက ကိစ္စဝိစ္စတွေကို သူကအကုန်ဖယ်ထုတ်တယ်....(မှန်ပါ့)။

ဒါဖြင့်သူကဖယ်ထုတ်တယ် ဆိုကတည်းက ဘာထိုက်ပြီဆိုတာ ခင်ဗျားတို့ ရိပ်မိပြီ၊ သဒ္ဓိန္ဒြေထိုက်ပြီ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သဒ္ဓိန္ဒြေထိုက်ပြီ ဆိုလို့ရှိယင် အို နေရာကျပြီ၊တော်တော့ ကိစ္စတွေကို ငါပယ်နိုင်ပြီ- (မှန်ပါ့) သူထက်လာဘယ် (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါလောက်နဲ့လဲ မရသေးဘူးတဲ့၊ ဒို့ဆရာဘုန်းကြီးကလဲ ဟောတယ်၊ ဘုရားဟောတော်မူတာနဲ့၊ ဗိုလ်ထိုက်အောင်လုပ်ရဦးမယ်....(မှန်ပါ)။

ဗိုလ်ထိုက်အောင်လုပ်ရဦးမယ်ဆိုတော့ ပိုမိုပြီးသကာလ ဖြစ်ပျက်တွေကို အယင်ထက်မြင်အောင် ကြည့်တာပေါ့ဗျာ ....(မှန်ပါ)မနေမနားကလေး ကြည့်ပေးလိုက်ပါ....(မှန်ပါ)။

ကြည့်ပေးလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ဘုရားအပေါ်၌ ယုံကြည်မှုတရားဆိုတဲ့ သစ္စာအပေါ်၌ ယုံကြည်မှုတွေ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲ....သူက ကေန်ဒုက္ခသစ္စာဘဲလို့ သိဒ္ဓိဉ္စြေကဆုံးဖြတ်ချက်ချတယ်....(မှန်ပါ) ချသည်နဲ့ တပြိုင်နက်တည်း သူလဲဆုံးဖြတ်ချက်ချလိုက်ရော ဒုက္ခသစ္စာတွေပျောက်သွားတယ် ... (မှန်ပါ) ဟိုဘက်ဘ နိဗ္ဗာန်တခါတည်း ပေါ်တာဘဲ ... (ပေါ်ပါတယ်) ဒုက္ခကနိဗ္ဗာန်ဖုံးထားတယ်....(မှန်ပါဘုရား)။

ကဲ ... သူလဲ ဗိုလ်ဖြစ်ပါရော ကေန်ဒုက္ခသစ္စာဘဲ လို့လဲ သဒ္ဓိဉ္စြေက ဆုံးဖြတ်ချက်ချပါရော တကာတကာမတို့ ဒုက္ခသစ္စာတွေ ဘာဖြစ်သွားသတုံး...(ပျောက်သွားပါတယ်ဘုရား)။

ဘာပေါ်လာသတုံး... (နိဗ္ဗာန်ပေါ်လာပါတယ်) ဟော.... နိရောဓသစ္စာပေါ်လာတယ်....(မှန်ပါ)သူဗိုလ်ဖြစ်လာယင် ပေါ်တော့တာဘဲ...(မှန်ပါဘုရား)။

ဟာ....ဒါဖြင့် ဒို့တည်းတည်းကျန်ပါတော့လား....(မှန်ပါ) ဆုံးဖြတ်ချက်ချပလား...(ချပါပြီဘုရား)။

ဦးမာဒင် ဘယ်လိုဆုံးဖြတ်ချက်ချသလဲ.... (တည်းတည်းကျန် ပါတော့တယ်) ဟာ .... တည်းတည်းဖြင့် ပြီးအောင်လုပ်မယ်... (မှန်ပါ)။

တကာကြွယ် ဘယ့်နှယ်ဆုံးဖြတ်မလဲ....(တည်းတည်းဖြင့်ပြီး အောင်လုပ်ပါမယ်ဘုရား)။

တည်းတည်းကလေး ကျန်တော့တယ်ကွ၊ မင်းဟာရှေ့တခုန် လောက်သာ ကျန်တော့တယ်ဆိုတော့ တကာသစ်.... ဘယ့်နှယ် လုပ်မယ် .... ( ပြီးအောင်လုပ်ပါမယ် ) အားကုန်ထုတ်လိုက်ပါ လားဗျ.... ( မှန်ပါ ) အားကုန်ထုတ်လိုက်ယင် မရောက်ပေဘူး လား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ယနေ့ဟောတဲ့ တရားမှာဖြင့် တိုက်တွန်းလုံး ကိုလဲ ခင်ဗျားတို့က ပါတယ်လို့ ထင်လိမ့်မယ်၊ မဟုတ်ဘူး ခင် ဗျားတို့ ဉာဏ်ရင့်တာကို ပြောတာ....(မှန်ပါ)ရှင်းပလား....(ရှင်း ပါပြီဘုရား)။

သဒ္ဒါက သဒ္ဒါရိုးရိုးတမျိုး၊ဣမြေနွှထိုက်တဲ့ သဒ္ဒါက....(တမျိုး ပါ)ဗိုလ်ထိုက်တဲ့ သဒ္ဒါ....(တမျိုးပါဘုရား)။

ပညာကလဲ ပညာရိုးရိုးတမျိုး...(မှန်ပါ)ဣမြေနွှထိုက်တဲ့ပညာ (တမျိုးပါ)ဗိုလ်ထိုက်တဲ့ပညာ....(တမျိုးပါ)အဲဒါတွေက တပြိုင် နက် တက်လို့ရှိယင် ရတယ်....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ဝေးသလား၊ နီးသလား ... (နီးပါတယ် ဘုရား)။

နီးလျက်နဲ့ ကျုပ်တို့ ဘာဖြစ်လို့ မရသေးပါလိမ့်မတုံးဆို တော့ မရင့်သေးလို့....(မှန်ပါ့)မရင့်တာက ဖျင်းလို့၊ ပျင်းလို့-- (မှန်ပါ့)ရိပ်မိပလား-- (ရိပ်မိပါပြီဘုရား)။

မရင့်တာက ဘယ်လိုပါလိမ့်....(ဖျင်းလို့၊ ပျင်းလို့ပါဘုရား) အဲဒါဖြင့် အဖျင်းနဲ့ အပျင်းထုတ်လိုက်ယင်....(ရပါတယ်) ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အဖျင်းနဲ့ အပျင်းဖြုတ်ပစ်လို့ရှိယင် ဣန္ဒြေထိုက်ပြီး ဗိုလ်အဖြစ်သို့ ရောက်ပါလိမ့်မယ်-- (မှန်ပါ့)ရောက်သည်နဲ့ တပြိုင် နက်တည်း ကိစ္စပြီးပေါ့လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
သီတင်းကျွတ်နှစ်မျိုး
ကြက်မကြီး ဥပမာပြု၍ အလုပ်သုံးလုပ်-လုပ်ရန်

# ည အလုပ်ပေးတရားတော်

( ၂၁ - ၆ - ၆၂ )

တကာကြွယ်....သီတင်းကျွတ်ဘို့ နီးပြီနော်...၊ တကာကြွယ် တို့ သီတင်းကျွတ်ဘို့ နီးပြီဆိုတာ သိမှာပါဘဲ... (သိပါတယ် ဘုရား)။

သီတင်းကျွတ်ဘို့ နီးတာသည် ဒို့သည်ကားလို့ဆိုယင် ဘုရား မီးတို့၊ ဘာတို့ ပူဇော်ဘို့၊ သက်ကြီးတွေ - ဆရာကြီးတွေကို ကန် တော့ဘို့၊ ပ-သဘို့ ဒါ စိတ်ကူးရမှာဘဲနော်... (မှန်ပါ)။

ဘုန်းကြီးတို့က ဒီလို စိတ်မကူးစေချင်ဘူး၊ ဘယ်လို စိတ်ကူး စေချင်သလဲလို့ မေးလို့ရှိယင် တကာတကာမတွေ အဘိုးတန် တဲ့ သတိကို ပေးချင်လို့-လို့ မှတ်ရမယ်.... (မှန်ပါ)။

ဩော်.. ရှေးက ဝါတွင်းမှာ တရားဓမ္မကြိုးစားကြတယ်...၊ သီတင်းကျွတ်သည်နဲ့ တပြိုင်နက်တည်း တရားထူး၊ တရားမြတ်တွေ ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုက်ကြတယ်(မှန်ပါ) ဘုရားလက်ထက် က ဒီလိုချည့် များကြတယ်.... (မှန်ပါ)။

တောထဲသွားပြီး ဝါဆိုဦးက တရားယူဆိုင်ရာသွားပြီး တရားအားထုတ်ကြတယ်၊ပြီးတော့ သီဘင်းကျွတ် ပဝါရဏာပြုသည်နဲ့ တပြိုင်နက်တည်း အရိယာတို့၏ ပဝါရဏာ၊ အရိယာများ ပြုတဲ့ ပဝါရဏာမျိုး ပြုရတယ်....(မှန်ပါ)။

ဒီမှာလဲ ဘုန်းကြီးတို့ တကာတကာမတွေ ရက်ကျန်ပါသေးတယ်လို့ ဆိုပြီး သီတင်းကျွတ်ဘို့လဲ လိုပါသေးတယ်၊ ဒီကြားထဲမှာ ကြိုးစားလိုက်မယ်ဆိုလို့ရှိယင်လဲ ငါတို့လဲ သီတင်းလဲကျွတ် အာသဝေါတရားတွေလဲ ဆိုင်ရာ့ဆိုင်ရာ အကုန်ပဲ့....ဆိုပြီးသကာလ ဗုဒ္ဓဘာသာဖြစ်တဲ့အတိုင်း ဘုရား၏ အဆုံးအမအတိုင်း ငါတို့က ပူဇော်ခံနိုင်အောင်....(မှန်ပါ)။

သူတပါး ပူဇော်တာကို ငါတို့က ခံနိုင်အောင်၊ ငါတို့က ပူဇော်နေတာ ကြာပြီ... (မှန်ပါ)။

သူတပါး ပူဇော်ခံနိုင်အောင် "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" လောကဿ=လူအပေါင်း၏....၊ အနုတ္တရံ = အတုမရှိသော၊ ပုညက္ခေတ္တံ=ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ်ဖြစ်အောင် ငါတို့ သီတင်းမကျွတ်ခင် ကြိုးစားမယ်ဆိုတဲ့ စိတ်ကို တကာတကာမတို့ ယနေ့မေ့းပါလို့ တိုက်တွန်းတယ်....(မှန်ပါ)။

မေ့ပါဦးဆိုတဲ့ဥစ္စာကိုလဲ တကာသစ်....အရေးကြီးလို့ ပြောရတယ်....(မှန်ပါ)။

နို့မဟုတ်လို့ရှိယင် သီတင်းကျွတ်သွားတာသည်ကားလို့ ဆိုယင် ခင်ဗျားတို့ အားလုံးသဘောကတော့ဖြင့် မသိသလိုနေလို့ရှိယင်လဲ မသိသလို ဖြစ်ရမှာပေါ့ဗျာ....(မှန်ပါ)။

သိသလို စဉ်းစားလိုက်ပြန်လို့ ရှိယင်လဲ တကာကြွယ်တို့ အားလုံး တကာတကာမတို့ ဗြဲဘ်... သိတင်းကျွတ်တာ ရိုးရိုးကျွတ်တာ မဟုတ်ပါလား....၊ အသေ နိုးတာပါကလား....( မှန်လှပါဘုရား )။

သိတင်းကျွတ်တာ ရိုးရိုးကျွတ်တာလား...၊ အသေ နိုးတာလား....(အသေနိုးတာပါဘုရား)။

ဗြဲဘ် .... သိတင်းကျွတ်လို့ ဝမ်းသာရမှာလား .... တကာတကာမတို့ ကိုယ့်အရင်းရှုံးတာလား.... (ကိုယ့်အရင်းရှုံးတာပါဘုရား)။

အဲဒါကို တကာတကာမတွေက သိတင်းကျွတ် ပျော်ပွဲကြီးလို့ အောက်မေ့မျှားနေလိုက်လို့ ရှိယင် တကာကြွယ်... အမှားကြီး မှားပြီ...(မှန်ပါ)။

သိတင်းကျွတ်တော့ သိတင်းမကျွတ်ခင်ကထက် အသေဘက်နိုးတယ်....(မှန်ပါ)မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

အဲဒီတော့ သေဘက်နိုးတော့ကို မသေရရှာတဲ့ အလုပ်ကို မြန်မြန် အထ-မြောက်အောင် လုပ်ပေးရလို့ ရှိယင်ဖြင့် ဒီ သိတင်းကျွတ်ဟာ အသေနိုးငြားသော်လဲ မသေရာရောက်ရမည့် ကိစ္စ အထ-မြောက်လို့ ရှိယင်ဖြင့် သိတင်းကျွတ်သည် ဝမ်းသာရမည့်ပွဲ (မှန်ပါ)။

ဟာ....ဒီ ကိုယ့်ကိစ္စက အထ-မမြောက်ဘူးဆိုလို့ ရှိယင် ဝမ်းနည်းရမည့်ပွဲ...(မှန်ပါ)။

ကြံဖန် ပြောတယ်လို့ တကာကြွယ်က မယူလိုက်ပါနဲ့.... (မှန်ပါ) မယူပါနဲ့တဲ့ ဒီဥစ္စာ တရားမှန်လို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ)။

ဘယ့်နှယ် ဆုံးဖြတ်ချက် ချကြမလဲ.... (တရားမှန်ပါဘုရား) ကိုယ်ကလဲ ဒုက္ခဆုံးတဲ့ နိဗ္ဗာန်လဲ မရောက်သေး၊ သေမှာကနီး.... ( မှန်ပါ ) ဆိုတော့ ပြော်.... ဝမ်းနည်းစရာကြီးပါကလား.... (မှန်ပါ)။

အင်မတန် ဝမ်းနည်းစရာကောင်းပါကလား၊ သေမှာကတော့ လဲ သိတင်းကျွတ်တယ်ဆိုတာ အသက်ကြီးတာပြောတာ (မှန်ပါ ဘုရား) သေခါနီးတာပြောတာ....(မှန်ပါ) မသေရာရှာနေတဲ့လူ ဟာ အထ့မမြောက်သေးဘူး ဆိုလို့ ရှိယင်ဖြင့် ဟာ.... ရက်လဲ လို သေးတယ်....၊ သူက မဦးရအောင် သေခါနီးက မဦးရအောင် တခါတည်း ဉာဏ်ကနေ အသေရှောင်တဲ့နည်းက ဦးရအောင် ဆိုပြီးသကာလ အားလုံး ဘုန်းကြီးတို့ တကာ တကာမတွေ ရက်လိုတဲ့အတွင်းမှာ ပိုမိုကြိုးစားလိုက်ပါ....(မှန်ပါ)။

ဒါ... သတိပေးရပါတယ် တကာကြွယ်....(မှန်ပါ) မပေးယင် ကောင်းကို မကောင်းဘူး....(မကောင်းပါဘုရား)။

ကဲ....ဒါဖြင့် သိတင်းကျွတ်တာသည် တကာတကာမတွေ ဘာဖြစ်လို့ သိတင်းကျွတ်ရပါလိမ့်မတုံး....လို့ မေးလို့ရှိယင် တကာသစ်တို့ ဦးမာဒင်တို့ အဖြေထုတ်ပါ၊ သေမည့်ဘက်နီးတာ ပါဘုရား .. (မှန်ပါ) သိတင်းမကျွတ်ခင်ကထက် သေမည့်ဘက်ကို (နီး လာပါတယ်ဘုရား)။

နီးတာပါဘဲဆိုတော့ ဩော်....ဒီကြားမှာ သက်ကြီးပူဇော်ပွဲ တွေ, ဘာတွေ အမျိုးမျိုးအဖုံဖုံ ပျော်ကြ, ရွှင်ကြပြီးနေတဲ့ပုဂ္ဂိုလ် များ အရမ်းပျော်လို့ အောက်မေ့လိုက်စမ်းပါ ( မှန်ပါ့ ) ဘာဖြစ်လို့တုံး- သေခါနီးလို့ ပျော်တာ....( မှန်ပါ့ ) ဉာဏ်နဲ့ တွေးပါ....(မှန်ပါ့)။

ဉာဏ်နဲ့တွေးတော့ ဘယ့်နှယ်ပါလိမ့်— ( အရမ်းပျော်ပါ ဘုရား) သေခါနီးပျော် ဖြစ်နေတယ်....(မှန်ပါ့) ဩော်...မနေ့ ကထက် ယနေ့တော်သလင်းလထက် သီတင်းကျွတ်လကာ သေခါ နီးတယ်....(မှန်ပါ့)။

နီးတဲ့အချိန်မှာ ငါတို့ ပျော်လိုက်ဦးမှာဘဲ ဆိုလို့ရှိယင်ဖြင့် ဒီအပျော်သည် ဦးမာဒင် မှားတယ်.... ( မှားပါတယ်ဘုရား ) ဦးသန်းမောင်တို့ ဘယ့်နှယ်ဆိုကြမလဲ.... (မှားပါတယ်ဘုရား)။

မှားတယ်၊ ကဲ....ပျော်ရအောင် ဘယ်လိုပျော်ရမတုံး ဆိုလို့ ရှိယင်ဖြင့် ကိုင်း... ဆရာသမားလဲ ရှိနေတယ်၊ တပည့်တော်ဖြင့် ဘုရား၊ ဒုက္ခချုပ်သွားပြီဘုရား၊ ဒုက္ခချုပ်တာမှ တကယ့်ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသားဘဲ၊ ခန္ဓာကိုယ်မှာ ဒုက္ခပြတ်တာ ဟူသ၍ ပိုင်ပိုင်နိုင်နိုင်သိပြီးသကာလ ဤဒုက္ခမှ လွတ်ရာ,ကျွတ်ရာ တပည့်တော် ဉာဏ်လှည့်သွားပြီဘုရား....ဆိုတော့မှ အို....အသေ ရှောင်တဲ့ အလုပ်-လုပ်တဲ့ဥစ္စာ အသေရှောင်တဲ့ အလုပ် အထ မြောက်သောကြောင့် ဒီ-သီတင်းကျွတ်သည် မင်္ဂလာရှိတဲ့ သီတင်း ကျွတ်-ဆိုပြီးသကာလ အဲဒီလို ပျော်စေချင်တယ်.... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ....ဘုန်းကြီးက ကြံဖန်ပြောတယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေက မယူပါနဲ့... (မှန်ပါ့)။

ဘုရားလက်ထက်က တကာတကာမတွေ လာကြတယ်....၊ ရဟန်းတွေ တောထဲက ပြန်ပြီး သိတင်းကျွတ်လပြည့်နေ့ ရောက် လာကြတော့ ပဝါရဏာပွဲမှာ ဆုံကြတဲ့အခါ ဘယ့်နှယ်တုံးဟေ့ ဘုရားက....(မှန်ပါ့)။

ဘယ့်နှယ် နေရာကျခဲ့ရဲ့လား၊ ဟာ.... တပည့်တော် အတွက် တော့ဘုရား " ခါဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရ ဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ " တပည့်တော်ဖြင့် ကုန်ပါပြီဘုရား.... အာသဝေါတရား....(မှန်ပါ့)။

သာဓု...သာဓုကွာ၊ ဘုရားက သိပ်ဝမ်းသာတော်မူတယ်... (မှန်ပါ့ဘုရား)။

မင်းကကော ဘယ့်နှယ်တုံး၊ တပည့်တော်ဖြင့် ကြိုးစားဆ ရှိပါသေးတယ်ဆိုလို့ ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သာဓု မခေါ်ဘူး....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် မခေါ်သတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတို့ သူ၏လုံ့လ, သူ၏ ဝီရိယကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကား... လို့ဆိုယင် မြင်ပြီးသားဖြစ်ပြီ သကာလ နေသောကြောင့် တကာကြွယ် သာဓု မခေါ်ဘူး.. ( မှန်ပါ့ ) မခေါ်တာလဲ မခေါ်စရာ အကြောင်းရှိလို့ပေါ့.. (မှန်ပါ့) ဦးဗထွေး ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါ့ကြောင့် ဘုရား သာဓုခေါ်နိုင်အောင်၊ ကိုယ့်ကိုယ်ကိုပ သာဓုခေါ်နိုင်အောင်.... (မှန်ပါ့) ဦးလှဘူးတို့ အာလုံး ဘုန်းကြီ

တို့ တကာတကာမတွေ သိတင်းကျွတ်တာ သေခါနီးကျွတ် မဖြစ်ဘဲနဲ့ အသေလွတ်ကျွတ်တာဟေ့....ဆိုတဲ့ တလုံးကို တခါတည်း ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင်ရှိသွားအောင် ကြိုးစားလိုက်စမ်းပါ ဆိုတာကို ဒီရက်အတွင်း ရနိုင်ပါတယ်ဆိုတဲ့ဥစ္စာကိုလဲ တိုက်တွန်းရပြန်တယ်....(မှန်ပါ့) မရနိုင်ဘူးလား.... (ရနိုင်ပါတယ်ဘုရား)။

ရနိုင်တယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ ဒီခန္ဓာကိုယ်ထဲမှာ အနိစ္စအချက်ဆိုတာကလေးတွေရှိတယ်.... (မှန်ပါ့) ဒါကလေးတွေကို ပွားသာ·ပွား၊ ရပါတယ်....(မှန်ပါ့) ပွားသာပွားလို့ရှိယင် အနိစ္စမြင်လာတာဘဲ...(မှန်ပါ့) တော်တော်ကြာ ဒီအနိစ္စကို ဉာဏ်ကမုန်းလာတယ်.... (မှန်ပါ့) တော်တော်ကြာ ဒီအနိစ္စဆုံးသွားယင် နိစ္စနိဗ္ဗာန်ကိုမြင်လာတယ်....(မှန်ပါ့)။

ဒါ့ကြောင့် **အနိစ္စမြင်တာ·၁၊ အနိစ္စမုန်းတာ·၂၊ အနိစ္စဆုံးတာ·၃**....(မှန်ပါ့)။

ဒါဖြင့် လေးကားသုံးထစ်ဘဲရှိပြီးသကာလ နေတာကို တကာတကာမတွေက....တဲ့ သိပ်ပြီးတော့ စမ်းရလိမ့်မယ်လို့ ထင်နေဘို့ ခါးတောင်းတွေ ဘာတွေ ကြိုက်နေဘို့ မလိုပါဘူး.... (မလိုပါဘုရား)။

ဒီသုံးချက်ဖြင့်ကွာ ပွားများပြီးတက်လိုက်လို့ရှိယင် ရောက်ပါတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချပြီးသကာလ တကာတကာမတွေ သေသေချာချာ ရောက်နိုင်ပါတယ်ဆိုတာ မှတ်ပါ.... ( မှန်ပါ့ဘုရား)။

ဒါဖြင့် သေခါနီးပျော်လို့ မဖြစ်ရဘဲနဲ့ အသေလှတ်ပျော် ဖြစ်ရအောင် ကြိုးစားလိုက်စမ်းပါ....(မှန်ပါ)။

ဒီအတိုင်းပျော်တာကတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရဘဲနဲ့ ပျော်တာကတော့ ဘာပျော်တဲ့ဗျာ....(သေခါနီးပျော်ပါဘုရား) တကာကြွယ် နားထောင်လို့မကောင်းပါဘူး... ( မှန်ပါ ) ကောင်းကြရဲ့လား....(မကောင်းပါဘုရား)။

ဘယ့်နှယ်ကြောင့် မကောင်းပါလိမ့်....(သေခါနီးပျော်မို့ပါ ဘုရား) သေခါနီးပျော်ဆိုတဲ့ဥစ္စာ ကိုယ့် သားသမီးကသာ ကိုယ့်အမေ့အဖေ ပြောမယ်ဆိုလို့ရှိယင်ဖြင့် ဒေါသကို ထောင်း ကနဲ ထ,မှာဘဲ... (မှန်ပါ)။

အရမ်းပျော်, ပျော်နေတယ်လို့ သေခါနီးပျော်, ပျော်နေ တယ်လို့ မေးငေါ့ကာ·စောင်းကာနဲ့ ပြောလိုက် မယ်ဆိုယင် တကာကြွယ် စိတ်မဆိုးပေဘူးလား... (ဆိုးပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး....(သေခါနီးပျော်ဆိုလို့ပါဘုရား)သေခါနီး ပျော်ဆိုတော့ အရွယ်ကြီးပြီး အသုံးမကျဘဲနဲ့ ပျော်နေတယ် ဆိုတာ....(မှန်ပါ)။

ဒီလို အဆိုခံရတော့မှာလားလို့ အားကြီး ဒေါသတွေ ဖြစ် မယ်ဆို ဖြစ်စရာပေါ့ဗျာ.... (မှန်ပါ) သို့သော်· တရားကတော့ မမှန်ဘူးလား... (မှန်ပါတယ်ဘုရား)။

အေး.... ဒါကြောင့် သေခါနီးပျော်မဖြစ်ဘဲနဲ့ အသေလှတ် ပျော် ဖြစ်အောင်ကြိုးစားပါလို့ ဆိုတာကို တကာသစ် တိုက် တွန်းရတယ်....(မှန်ပါ)။

ဒါ....အရေးကြုံလို့ ပြောတယ် အောက်မေ့ပါ....(မှန်လှပါဘုရား)။

ဦးမာဒင် ဘယ်လိုအောက်မေ့မလဲ.... (အရေးကြုံလို့ ပြောတာပါဘုရား) အရေးကြုံလို့ ပြောတာ၊ ဘုရားလက်ထက်ဇာပဝါရဏာပွဲ ကြွလာတယ်ဆိုယင် တခါတည်း အကုန်မေးတော့တာဘဲ....(မှန်ပါ)။

ဘယ့်နှယ်တုံးဟေ့....မင်းအတွက်၊ တပည့်တော်ဖြင့် ပဋိသန္ဓေ နေမှုကုန်ပါပြီဘုရား လုပ်စရာ မဂ်ကိစ္စ တဆဲ့ခြောက်ချက်ဆိုတဲ့ ဝိပဿနာ အလုပ်တွေလဲ တပည့်တော်ဖြင့် နောက်လုပ်စရာ မရှိပါဘုရား။

အို....ဘုရားက ရှင်လိုက်ပြလိုက် သာဓုအနုမောဒနာ ခေါ်လိုက်နဲ့ မင်းသည်ကား....လို့ ဆိုယင်ဖြင့် အသေလွတ်ပြီဆိုပြီး သကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရှင်ပြတော်မူတယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....ဘုရားသခင်ကတော့ သူ့အတွက်က ကိစ္စပြီးပြီးသားပါ၊တပည့်သားမြေးတွေလိုရာခရီးပို့လိုက်တဲ့ဥစ္စာရောက်သွားလို့ ဝမ်းသာတာ....(မှန်ပါ)။

ဒီမှာလဲ ဘုန်းကြီးတို့လဲ ဘုန်းကြီးတို့ တကာတကာမတွေကို လိုရာခရီးပို့နေတာဘဲ....(မှန်ပါ)မရောက်သေးယင် သာဓုမခေါ်သေးဘူး....(မှန်ပါ) ရောက်လို့ရှိယင်ဖြင့်.... (သာဓုခေါ်ပါတယ်ဘုရား)။

ဒီသာဓုကလဲ တကာတကာမတွေက စဉ်းစား သာမညသာဓုမဟုတ်ပါဘူး....(မဟုတ်ပါဘုရား)။

သာမညသာဓုမဟုတ်ဘူး... တဲ့၊ တသံသရာလုံးအသေတောထဲ အပူတောထဲမှ မင်းလွတ်ပြီဟေ့ .... ဒါကြောင့် ဝမ်းသာတယ် ဆိုတဲ့ အဓိပ္ပါယ်ပါဘဲ... (မှန်ပါ) ရှင်းကြပလား .... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီအရေးဟာဖြင့် သေခါနီးပျော်ဆိုတဲ့ အပျော်မျိုးကို ဖျောက်ပြီး သကာလတဲ့ အသေလွတ်လို့ပျော်တဲ့ အပျော်မျိုးရောက်အောင် ရက်ရှိသေး လို့ ကြိုးစားပါဦး....(မှန်ပါဘုရား)။

ရက်ရှိသေးလို့.... (ကြိုးစားပါဦး) ရှိကော-မရှိဘူးလား .... (ရှိပါတယ်ဘုရား) သဘောပါပလား... (ပါ-ပါပြီဘုရား)။

အဲ....ဒါဖြင့် ယနေ့တော့ဖြင့် ကြိုးစားနည်းကလေးဘဲ ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဟောတာ ပြောကြပါစို့.... (မှန်ပါ) ကြိုးစားနည်းကလေး ကျန်ပါသေးတယ် တကာတကာမတို့ အလွန်ဂရုစိုက်ပြီးသကာလ ဖြော် .... ကြိုးစားနည်းကို ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ်၊ အင်္ဂုတ္တိုရ်ပါဠိ တော်မှာလဲ ဟောတယ်... ( မှန်ပါ ) သံယုတ်ပါဠိတော်မှာလဲ ဟောတယ်... (မှန်ပါ) ကြိုးစားနည်းကို သေသေချာချာဟော တယ်....(မှန်ပါဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့“ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ”စသည်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဇာနတော= ရှုသောပုဂ္ဂိုလ်အား၊ ပဿ တော=မြင်သောပုဂ္ဂိုလ်အား၊ ရှုလို့မြင်လာတယ်.... ( မှန်ပါ )

အာသဝါနံ=အာသဝေါတရားတို့၏၊ ခယံ=ကုန်၏ဟူ၍ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟော၏တဲ့....(မှန်ပါ့ဘုရား)။

ရှုလို့မြင်တဲ့ပုဂ္ဂိုလ်များကွာတဲ့ အာသဝေါတရား ကုန်ပါလိမ့်မယ်ဆိုတဲ့ဥစ္စာ သိတင်းမကျွတ်ခင် ကဲ .... ငါဟောပါတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးပေါ့လေ....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ရှုလို့ မြင်ကြလို့ရှိယင်ဖြင့် အာသဝေါကုန်ပါလိမ့်မယ်တဲ့....(မှန်ပါ့ဘုရား)။

ရှုလို့မြင်ကြလို့ရှိယင်....(အာသဝေါကုန်ပါလိမ့်မယ်ဘုရား) ဩော် ... အာသဝေါဆိုတဲ့ဥစ္စာ တကာတကာမတို့ အာသဝဆိုတာ တကာတကာမတွေ သုံးဆဲ့တဘုံထဲမှာ ဥပမာမယ် တိုတိုပြောကြပါစို့ဆိုတော့ ဇါကြီးတခုရှိတယ် .. (မှန်ပါ့) ဇါကြီးတခုရှိတော့ အဲဒီ့အထဲ သစ်ရွက်ကလေးချလိုက်တဲ့ အခါကျတော့လည်နေတယ်....(မှန်ပါ့ဘုရား)။

လည်နေတာဘဲတဲ့၊ ဩော်....သစ်ရွက်က လည်ချင်လို့လား၊ ဇါသဘောလိုက်သွားရတာလား.... (ဇါသဘောလိုက်သွားရတာပါဘုရား)။

ဒီမှာလဲ တကာတကာမတို့ ကာမာသဝကလဲ လည်တတ်တာဘဲ....(မှန်ပါ့) ဘဝါသဝကလဲ....(လည်တတ်ပါတယ်)ဒိဋ္ဌာသဝကကော....( လည်တတ်ပါတယ် ) အဝိဇ္ဇာသဝကကော ....(လည်တတ်ပါတယ်ဘုရား)။

ဪ...အဲဒီ အထဲမှာ တကာတကာမတွေ တည်းဟူသော သစ်ရွက်တွေကျသွားယင် လည်လိမ့်မယ် .... (မှန်ပါ) မလည်ရ ပေဘူးလား....(လည်ရမှာပါဘုရား)။

လည်လိုက်လို့ ရှိယင်လည်တဲ့အဆုံးမြုပ်တယ်(မှန်ပါ)လည်တဲ့ အဆုံးမှာမြုပ်သွားလိမ့်မယ်—(မှန်ပါ) ပြီးတော့မှ ပရမ်းပတာ ဝဲထဲကနေ အပြင်ထွက်သွားမယ်—(မှန်ပါဘုရား)။

တခါ နောက်ဝဲနဲ့ တွေ့ပြန်တော့ လည်ပြန်တာဘဲ....(မှန်ပါ) လည်ပြန်ပြီး ဘာလုပ်ပြန်သလဲ.... (မြုပ်ပါတယ်) မြုပ်ပြီး ဒီဝဲ အဆုံးကနေ ပြန်ထွက်သွားတာဘဲ— ( မှန်ပါ ) ပြန်ထွက်ယင် နောက်ဝဲနဲ့ တွေ့ပြန်တာဘဲ....(မှန်ပါ) လည်ပြီးဘာဖြစ်ပြန်သတုံး (မြုပ်ပါတယ်ဘုရား) ကဲ....သူ့ လွတ်နိုင်စရာရှိရဲ့လား· (မရှိပါ ဘုရား)။

ဪ....ဒါဖြင့် အဲဒီဝဲနဲ့ တူတဲ့ အာသဝကိုက္ခာ....တဲ့၊ မင်းတို့ ခန္ဓာထဲရှိတဲ့ ဝေဒနာကလေးဖြစ်ဖြစ်, စိတ်ကလေးဖြစ်ဖြစ်, ရုပ် ကလေးဖြစ်ဖြစ် ကြည့်လိုက်လို့ အဖြစ်အပျက် မြင်လို့ ရှိယင်ဖြင့် က္ခာ....တဲ့ မင်းတို့ခန္ဓာသစ်ရွက်နဲ့ တူတဲ့ ပုဂ္ဂိုလ်တယောက်သည် လည်စရာလဲမရှိဘူး၊ မြုပ်စရာလဲမရှိဘူး၊ ပရမ်းပတာ အပြင်ထွက် စရာလဲမရှိပါဘူးတဲ့... (မှန်ပါဘုရား)။

ဒါ့ကြောင့် မင်းတို့အတွက်ကဖြင့် ငါဘုရားသခင်ကိုယ်တော် မြတ်ကြီး အလွန်အရေးကြီးပြီးသကာလ အလွန်မြင်တဲ့သဗ္ဗညုတ ဉာဏ်နဲ့ကြည့်လိုက်တော့ မင်းတို့ပြုံးငြားသော်လဲ ငါမပြုံးရဲဘူး (မှန်ပါဘုရား)။

တကာတကာမတွေက သိတင်းကျွတ်လို့ ပြုံးပြောသော်လဲ (မပြုံးရဲပါ) ဘုရားက မပြုံးရဲဘူးတဲ့....(မှန်ပါ) ဘာ့ကြောင့် တုံးဆိုတော့ ခုနင်က လိုရာကိစ္စကလေး မပြီးသေးလို့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက မပြုံးဘူး....(မှန်ပါ) မပြုံးတော့ သာခုမခေါ်နိုင်ဘူးပေါ့ဗျာ....(မှန်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ တခုသောတရားကိုမြင်မယ်၊ ဖြစ်ပျက်မြင်မယ်၊ ဖြစ်ပျက်ကို သိမြင်မယ် ဆိုလို့ရှိယင်ဖြင့် အာသဝေါကုန်ပါတယ်ကွာတဲ့....(မှန်ပါဘုရား)။

အာသဝေါ ကုန်လို့ရှိယင် အာသဝံဆိုတာ လည်တာပါ ကွာတဲ့ (မှန်ပါ) အဲဒီလည်တဲ့အထဲ မင်းတို့ခန္ဓာတည်းဟူသော သစ်ရွက် မဖြစ်ရပါဘူးတဲ့ (မှန်ပါ)မြုပ်လဲ မမြုပ်ရပါဘူးတဲ့.... (မှန်ပါ) ကန်ထုတ်တဲ့ဆီလဲ မသွားရပါဘူးတဲ့....(မှန်ပါ) ဝဲက အောက်ကျတဲ့အခါကျတော့ ကန်ထုတ်တယ်....(မှန်ပါ)သဘော ကျပလား _ (ကျပါပြီဘုရား)။

အဲဒီလိုဖြစ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူ့ရှေ့ မှောက်မှာဖြင့် တကာကြွယ် အလွန်စိုးရိမ်တယ်....(စိုးရိမ်ပါတယ် ဘုရား)။

အဲဒါတွေ သိတော့မှ ဩော်....ဒို့သည်ကားလို့ ဆိုယင်ဖြင့် သိပြီးသကာလ ရှုရလို့ရှိယင်ဖြင့် သံသရာဝဲကြီးထဲမှာလည်စရာလဲ မရှိဘူး၊ မြုပ်စရာလဲမရှိ၊ ကန်ထုတ်စရာလဲမရှိ၊ နောက်ဝဲကိုလဲ ဆက်ပြီးလှည့်စရာမလို....(မလိုပါဘုရား)။

ငါတို့အလိုအတိုင်းသာလျှင် ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ကြီးတခုကို လက်ကိုင်ရနေတဲ့အတွက် ငါတို့မှာလည်းစရာမရှိ, မြုပ်စရာမရှိ ကန့်ထုတ်စရာမရှိဆိုတဲ့အခိုပွါယ် ငါတို့အတွက်ဖြင့် အန္တရာယ်ရှင်းလို့ ဘေးကင်းပေါ့(မှန်ပါ)ဆိုပြီး အဲဒီလို ကိုယ့်ကိုယ်-ကိုယ် ဝမ်းသာနိုင်လောက်အောင် ဦးဗထွေးတို့ လုပ်လိုက်စမ်းပါ .... (မှန်ပါဘုရား)။

သူများဝမ်းသာတာ ကတော့ကို ကိုယ့်ဝမ်းထဲမှာ ဘာဖြစ်နေတယ် မသိပါဘူး၊ အရမ်းပါ ( မှန်ပါ ) ကိုယ့်ဟာကိုယ် ဝမ်းသာရတာကတော့ဖြင့် ကိုယ့်အတွက် ခင်ဗျားတို့ဒုက္ခချုပ်တဲ့ နိဗ္ဗာန်လဲ ဖျတ်ကနဲလဲမြင်လိုက်ပါရော ဪ .... အသေလွတ် ဆိုတာ ဒါဘဲလို့လဲ ဆုံးဖြတ်ချက်ချနိုင်ပါရော တကာသစ်ရေ ခုနင်က ဝဲတွေလွတ်သွားပြီ... (လွတ်သွားပါပြီ) မျောစရာ,မြုပ်စရာ,လည်စရာ....(မရှိပါဘုရား)။

ဪ....ဒါဖြင့် သူများကတော့ မသိဘူး....(မသိပါဘုရား) ကိုယ်ကတော့ ဒီဒုက္ခချုပ်တဲ့ဆီ မြင်လိုက်တဲ့အတွက် ဪ .... အသေလွတ်ပါပေါ့လား....(မှန်ပါ)။

အသေလွတ်ဆိုကတည်းက ပဋိသန္ဓေအနေလဲ လွတ်ပါပေါ့ လား... (မှန်ပါ)ဆိုပြီး ကိုယ့်ဟာကိုယ် ဝမ်းသာရတဲ့အခြေအနေ ရောက်အောင် ဘုန်းကြီးတို့တကာတကာမတွေ ကြိုးစားလုပ် .... (မှန်ပါ)။

သူများဝမ်းသာရတာကတော့ဖြင့် ကိုယ့်ဝမ်းထဲမှာ ဘာဖြစ်တယ်လို့မသိပါဘူး၊ မဟုတ်ဘူးလား...( မှန်ပါ ) သို့တင်း

ကျွတ်တာသည် ဘယ်နှယ်ကြောင့်ပါလိမ့်မလဲ၊သေခါနီးကျွတ်-ကျွတ်နေကြလို့ရှိယင်လဲ သေဘို့ဘက်နီးနေတဲ့ အဖြစ်ကြီးဖြစ်နေတယ်၊ အသေလွတ်ဉာဏ်မရဘဲနဲ့ ကျွတ်သွားတယ် ဆိုတော့ သူများက သိတင်းကျွတ်ပေမဲ့ ခင်ဗျား ကျန်းကျန်းမာမာရှိလို့ ကျုပ်တို့ ဝမ်းသာသဗျာ — (မှန်ပါ့) ဘယ်ဟုတ်မလဲ့ သူ့မှာ သေခါကနီးနေပြီ....(မှန်ပါ့ဘုရား)။

အသေလွတ်တရားက ဉာဏ်ထဲက ဝမ်းထဲမရောက်သေးဘူး.... ( မှန်ပါ့ ) မရောက်သေးတော့ သူများဝမ်းသာအောင်တော့ ကိုယ်မဲ့ရတဲ့ဘက်ကနေရတယ်.... (နေရပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ကို သတိပေးလိုက်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ်ဝမ်းသာအောင် လုပ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဘယ်လိုအဓိပ္ပါယ်ပါလိမ့် .... (ကိုယ့်ကိုယ် ကိုယ်ဝမ်းသာအောင်လုပ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

သူများလက်ခုတ်တီးလို့ ကျုပ်တို့ ဝမ်းသာတို့ အချက်အလက်ဟာ မရှိပါဘူး....(မှန်ပါ့) ကိုယ့်ဟာကိုယ်ဝမ်းသာနိုင်တဲ့ အခြေအနေရောက်မှ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့၊ ဦးမောင်ကလေးတို့ဟင်.... (မှန်ပါ့) အရေးကြီးတယ် .... (ကြီးပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကိုယ်ဝမ်းသာနိုင်တဲ့အခြေအနေသည် ကိုယ်အသိဆုံး အရေးပါ....(မှန်ပါ့) သူများပါးစပ်လက်ခုတ်တီးတာသည် ကိုယ့်အရေး ပြီး-မပြီးဟာ မပြီးတာကများပါတယ် (များပါတယ်ဘုရား)။

တကာကြွယ် .... ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ — (ကိုယ့်ကိုယ် ကိုယ်ဝမ်းသာရအောင် လုပ်ရပါမယ်) တကာသစ်....ဘယ့်နှယ် လုပ်မယ်....( ကိုယ့်ကိုယ် ကိုယ်ဝမ်းသာအောင် လုပ်ရပါမယ် ) ကိုယ့်ကိုယ် ကိုယ်ဝမ်းသာအောင်လုပ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်လိုလုပ်ကြမလဲ....(ကိုယ့် ကိုယ် ကိုယ်ဝမ်းသာရအောင် လုပ်ရပါမယ်ဘုရား)။

ကိုယ့်ကိုယ် ကိုယ်ဝမ်းသာရအောင် လုပ်ရမယ်....(မှန်ပါ့)ဝမ်း သာတာသည် ဘယ်လိုဝမ်းသာမလဲ၊ ဝမ်းမသာတတ်လို့ ရှိယင် လဲ ဘုန်းကြီးက ပြောရမည့် ဝမ်းသာလုံးမျိုးလို့ ဒီလို မအောက် မေ့နဲ့....(မှန်ပါ့)။

အလုပ်ကိုက ရင်ထဲမှာ တခါတည်း ချမ်းသာ ကျန်းမာပြီး ဆကာလ ဩြော်... ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တသံသရာ လုံး ဒုက္ခပင်လယ်ဝေပြီး ဒုက္ခစက်ကြီးသာ လည်လာခဲ့တယ်၊ ယခု ဖြင့် ဒုက္ခစက်ပြတ်သွားပါပေါ့လားလို့ ကိုယ့်ဟာ ကိုယ်သိတယ် (မှန်ပါ့)။

အဟုတ် အားထုတ်လိုက်တော့လေ....(မှန်ပါ့) ဒုက္ခပြတ်သွား တယ်....(မှန်ပါ့)။

ဖြစ်ပျက်တွေဟာ တော်တော်နေရင်း ဒီနေရာဖြစ်ပျက် ဝေ ဒနာက ဖြစ်ပျက်လာလိုက်၊ တော်တော်ကြာ ဒုတိယဝေဒနာက ဖြစ်ပျက်လာလိုက်၊ တတိယ ဝေဒနာက ဖြစ်ပျက် လာလိုက်၊ **တကာသစ်ရေ**...ဒုက္ခစက်ကြီး လည်နေတယ်....(မှန်ပါ့ဘုရား)။

အားထုတ်ပါများလာတဲ့ အခါကျတော့ ပွားများပါများ လာတဲ့အခါကျတော့ ဒုက္ခစက်ကြီးက ဖျတ်ဆို ရပ်သွားတယ်....

(မှန်လှပါ) ရပ်ဆိုတာလဲ ဦးမာဒင် မှတ်လိုက်စမ်း ပျောက်ကွယ်သွားတယ်....(မှန်ပါ)ရပ်ဆိုတာဘာပါလိမ့်...(ပျောက်ကွယ်သွားပါတယ်ဘုရား)။

ဩော်....ပျောက်ကွယ်သွားတော့ ဒါ ဘာပါလိမ့်မတုံးလို့ စဉ်းစားမနေနဲ့၊ တသံသရာလုံး လည်တဲ့စက်သည် အလည်ရပ်ပြီး သကာလ အလည်ပျောက်သွားပြီလို့ဆိုတဲ့ဥစ္စာ ဓမ္မက ပြောတယ်...(မှန်ပါ)။

ဓမ္မက ပြောလိုက်တဲ့အခါကျတော့မှ ဩော်.... ဒါ ဒုက္ခစက်ရပ်တာသည်ကားလို့ဆိုယင် တခြားမဟုတ်ဘူး၊ ခန္ဓာ့စက် ရပ်တာ....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီကျတော့ တသံသရာလုံး ဘယ်အခါမှ မရပ်ခဲ့တဲ့စက်ကြီးဟာ ယခု ရှေ့မျက်မှောက်မှာဘဲ ဉာဏ်အောက်မှာ ရပ်သွားတယ်....(မှန်ပါ)ဒုက္ခစက်ရပ်တာ နိဗ္ဗာန်ဘဲ... (မှန်ပါ)။

ဒုက္ခစက်ရပ်သွားတာ....(နိဗ္ဗာန်ပါ) ရှာလို့ကော တွေ့သေးရဲ့လား... (မတွေ့ပါဘုရား)။

အဲဒီ မတွေ့တဲ့ဆီ ရောက်အောင် ဉာဏ်ကလေးက နှလုံးသွင်းလိုက်တော့မှ ဩော်....သိတင်းကလဲ အကျွတ်, အသေကလဲ အလွတ်နဲ့ ဒီထက် ဝမ်းသာစရာဖြင့် မရှိဘူးဟ .... ဆိုတဲ့ဥစ္စာ အသေလွတ်လို့ ဝမ်းသာစချင်တယ်... (မှန်ပါ) ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဘယ်လို ဝမ်းသာစချင်ပါလိမ့်....(အသေလွတ်လို့ ဝမ်းသာစချင်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် မီးပွဲ ဟိုလျှောက်ကြည့်၊ ဒီလျှောက် ကြည့် ဟိုက လာကန်တော့၊ ဒီက လာကန်တော့၊ ကိုယ်က ဆု တွေက ပေး၊ ကိုယ်ကဖြင့် သေခါနီးက - နီးနေပြီ....(မှန်ပါ ဘုရား)။

သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ၊ ဆွေမျိုးဉာတကာ တွေ၊ မိတ်ဆွေသင်္ဂဟတွေနဲ့ ဆုံရ၊ကြုံရလို့ ဝမ်းသာတယ်လို့ သာ ဆိုရတယ် အသေက တော်သလင်းလထက် နီးနေပြီ....(နီး ပါတယ်ဘုရား) ပျော်ရမှာလား....ခင်ဗျားတို့ သံဝေဂ ရ-ရမှာ လား....(သံဝေဂ ရ-ရမှာပါဘုရား)။

အဲဒီတော့ သံဝေဂရပြီးသကာလ စိတ်ထဲမှာ ဝမ်းနည်းစရာ သာ ပေါ်လာတယ်....(မှန်ပါ)အသေလွတ်က အပိုင်မရ၊ အသေ ကြီးကနီး.... (မှန်ပါ)

အသေလွတ်က....(အပိုင်မရပါဘုရား) အသေကြီးက(နီးပါ တယ်ဘုရား)။

ဟာ....ဒါဖြင့် သူများကန်တော့တာလဲ ဘာနဲ့ ကန်တော့ ကန်တော့ ကိုယ့်မှာ ပြုံးစရာကို မပါဘူး....(မပါ-ပါ) သဘော ပါကြရဲ့လား....(ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ပြုံးချင်ယင်လဲ ခုနင်က အပြစ်ရောက်မှာဘဲ .... (မှန်ပါ)သေခါနီး ပြုံး....(မှန်ပါ) ပြုံးယင်....(သေခါနီးပြုံးပါ ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုန်းကြီးဆိ တရားနာရတာ ပြုံးမှ မပြုံးရဲအောင် ဖြစ်နေ တယ်လို့ ဒီလိုလဲ မအောက်မေ့နဲ့၊ အပြုံးမှားမှာစိုးလို့.... (မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးသန်းမောင်....ဘယ်နှယ်ကြောင့် ဒါလောက်ဟောနေပါလိမ့်.... (အပြုံးမှားမှာ စိုးလို့ပါဘုရား)။

ခန္ဓာနဲ့ ဉာဏ်ဟာ စီးရိုးတောင် မခြားဘူး... (မှန်ပါ) ခန္ဓာနဲ့ ဉာဏ်က....(စည်းရိုးတောင် မခြားပါဘုရား)မြင်ရမယ်မဟုတ်လား....(မှန်ပါ)။

သို့သော်လဲတဲ့ ခန္ဓာနဲ့ ဉာဏ်နဲ့ စည်းရိုးမခြားဘူးလို့ ဓမ္မဖြစ်စဉ်က ကိုက်ငြားသော်လဲ ခင်ဗျားတို့ အဝိဇ္ဇာတို့ ခုနင်က ပြောခဲ့တဲ့ ဒိဋ္ဌိတို့ စည်းရိုးကလဲ ခန္ဓာနဲ့ ဉာဏ်နဲ့ ကြားထဲမှာ တော်တော်ထူကြီးတယ်...(မှန်ပါဘုရား) သဘောပါပါလား... (ပါ-ပါပြီဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့ တော့ တခန္ဓာတည်းပါဘဲ...(မှန်ပါ)ခန္ဓာနဲ့ ဉာဏ်နဲ့ တော့ တခုတည်းပါဘဲ တကာတကာတကာမတို့ .... (မှန်ပါ)။

သို့သော်....ခင်ဗျားတို့အတွက်က ဘဝများစွာ သံသရာ အတွက်က ဒိဋ္ဌိတံတိုင်းကြီး အဝိဇ္ဇာတံတိုင်းကြီး တွေက တော်တော်မြင့်မောက်နေတယ်....(မှန်ပါ)အဲဒါကိုတော်တော်ဖြေမှသာ ချောင်တကာကြွယ်... ခရီးပေါက်မယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဆရာကလဲ နည်းပေးကောင်းမှ.... (မှန်ပါ) ခင်ဗျားတို့ကလဲ လုံ့လဝီရိယနဲ့ အတင်းဖြိုလိုက်လို့ရှိယင် ခန္ဓာနဲ့ဉာဏ်ဟာ တွေ့ပြီ....(မှန်ပါ) ခန္ဓာနဲ့ဉာဏ်နဲ့ တွေ့လို့ရှိယင်ဖြင့် ဒီခန္ဓာဆုံးအောင် လိုက်လိုက်လို့ရှိယင် ခန္ဓာအဆုံး နိဗ္ဗာန်....( မှန်ပါ ) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် တံတိုင်းဖေါက်ပြီးသကာလ ခန္ဓာဥာဏ်ရောက်ရမယ်-(မှန်ပါ့ဘုရား)။

တံတိုင်းဖေါက်ပြီး....(ခန္ဓာဥာဏ်ရောက်ရပါမယ်ဘုရား)ခန္ဓာဥာဏ်ရောက်ပြီး ခန္ဓာဆုံးအောင်လိုက်....(မှန်ပါ့)ခန္ဓာဆုံးအောင်လိုက်တဲ့အခါကျတော့ နိဗ္ဗာန်သို့ရောက်တယ် .... (မှန်ပါ့) ရှင်းမလား....(ရှင်းပါပြီဘုရား)။

အခု သေသေချာချာပြောပါတော့မယ်၊ သေသေချာချာရှုနည်းမှတ်ပုံနဲ့တကွ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလိုလုပ်ကွာ....တဲ့၊ ငါ-ဥပမာကလေး အရင်ပြောမဟေ့....ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တကာကြွယ် ဟောလိုက်တယ်နော်....(မှန်ပါ့)။

ကြက်မကြီးတကောင်ရှိတယ်ကွာတဲ့၊ ကြက်မကြီးတကောင်က ဆယ်လုံး ဆဲ့နှစ်လုံး ဥကလေးဥထားတယ်....(မှန်ပါ့)။

တကာတကာမတို့ ကြက်မကြီးက ဆယ်လုံး ဆဲ့နှစ်လုံး ဥကလေးတွေ ဥထားတယ်နော်....(မှန်ပါ့)။

ဥထားပြီးသကာလ ကြက်မကြီးက ဒါကလေးတွေ ဆယ်လုံး ဆဲ့နှစ်လုံးရှိတယ်၊ နောက် ဥစရာလဲ သူ့မှာ ကုန်တဲ့အချိန်ကျတော့ တခါတလေ လာဝပ်လိုက် ကြက်မကြီးကပေါ့ဗျာ....(မှန်ပါ့) ဥကလေးတွေပေါ် တခါတလေ လာဝပ်ပြီးတော့ နေလိုက်....(မှန်ပါ့) တခြားကြောင့် နေတာမဟုတ်ပါဘူး တကာတကာမတို့ ဥကလေး လေလုံသွားအောင်လို့ (မှန်ပါ့)ပြင်ဘက်

က လေထိယင် ကြက်ဥကလေးတွေ ပုပ်သွားမှာစိုးလို့....(မှန်ပါ့ဘုရား)။

တခါ လေလုံပြီဆိုပြီးသကာလ သူလဲ အစာရှာထွက်တယ်၊ နောက်တခါ လာဝပ်မြန်တာဘဲ...(မှန်ပါ)။

ကြက်မကြီးက အတောင်ကလေးဖြန့်ပြီး လာဝပ်မြန်တာဘဲ၊ ဘာတုံးလို့မေးလို့ရှိယင် ကြက်တို့၏ သူ့ရင်ငွေ့ကလေး ပေးတယ်၊ ကြက်ကလေးတွေ ရင့်အောင်လို့....(မှန်ပါ့)။

ရင်ငွေ့ကလေး ပေးလိုက်တော့ ကြက်ဥကလေးတွေက ပူမသွားဘူးလား....(ပူသွားပါတယ်ဘုရား) ပူသွားတော့ အထဲမှာရှိတဲ့ အစေးကလေးတွေက ခန်းခြောက်တယ်....(မှန်ပါ့) ကြက်ကောင်ကလေးတွေ ဖြစ်လာအောင်....(မှန်ပါ့)။

တခါ သွားပြန်တာဘဲ၊ အစာရှာထွက်သွားတယ်....(မှန်ပါ့) နောက်တခါ-လာပြီးဝပ်ပြန်တော့လဲ တကာသစ် ကြက်နံ့ကလေးတွေ ပေးတယ်...( မှန်ပါ့ ) သူ့ရင်မှာပါတဲ့ ကြက်တို့၏ အနံ့ကလေး ပေးလိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် ကြက်မကြီးဟာ သုံးခုသောပါ- အလုပ်လုပ်တယ်... (မှန်ပါ့) ဥကလေးတွေ မပုပ်ဘို့လဲ လုပ်ဘယ်....(မှန်ပါ့ဘုရား) ဥကလေးတွေကို နွေးပြီး ပူနေဘို့ကော . ( လုပ်ပါတယ်ဘုရား ) ကြက်မျိုးမို့ ကြက်အနံ့ကလေးတွေလဲ မပေးရလား... (ပေးရပါတယ်ဘုရား)။

သြော်.... ဒီသုံးလုပ်-လုပ်ရပါတယ်ဆိုတာ ဒါ....ကြက်တို့၏ ထုံးတမ်းလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

အထဲ ကြက်ကောင်ကလေးတွေ ဖြစ်ရမှာ တကာတကာမတို့ ကြက်မကြီးက ဒီအလုပ်ကို သုံးလုပ်-လုပ်မှသာလျှင် ကြက်ကောင် ကလေးတွေ ဖြစ်မှာကိုးဗျ....(မှန်ပါ)။

ဘယ်နှစ်လုပ်-လုပ်ရသလဲ.... (သုံးလုပ်-လုပ်ရပါတယ်ဘုရား) သုံးလုပ်·လုပ်ရတယ်ဆိုတာ တကာတကာမတွေက မှတ်ထားပါ (မှန်ပါ) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အဲဒါ... တနေ့ကို နှစ်ခါ, သုံးခါ, လေးခါ, ငါးခါ ဒီလိုဘဲ ထွက်လိုက်၊ သူလဲ အစာရှာရသေးတာကိုး....(မှန်ပါ) အစာရှာ လိုက်· အတောင်ကလေးဖြန့်ဖြန့်ပြီး လာလိုက်၊ နောက်တခါ အနံ့ကလေး ပေးဘို့လာလိုက်၊နောက်တခါ အပူကလေးပေးဘို့· (မှန်ပါ)။

လာလိုက်တဲ့အခါကျတော့ သူ-ဥထားတဲ့ ကြက်ဥကလေးတွေ ဟာ တကာတကာမတို့ မပုပ်တာကလဲ အတောင်ဖြန့်အုပ်လို့... (မှန်ပါ) အပူဓါတ်ပေးတဲ့အတွက် ကြက်ဥက နဂိုရ်က ဥစမှာ အရည်ချည့်ဟာလဲ ခန်းခြောက်သွားတယ်....(မှန်ပါ) ကြက်နံ့ ကလေးတွေ ပေးလိုက်တဲ့အခါကျလို့ ရှိယင်လဲ အတွင်းမှာ ကြက် ကောင်ကလေးတွေဟာ ဖြစ်တယ်... (မှန်ပါ)။

အင်း....ဒီ-သုံးလုပ်-လုပ်လိုက်တဲ့အခါကျတော့ တကာတကာ မတို့ များများမလုပ်ရပါဘူး၊ ခဏဘဲ လုပ်လိုက်တာနဲ့ဘဲ အတွင်း မှာ အရည်တွေနဲ့ အစေးတွေဟာ ခန်းခြောက်တယ်.... (မှန်ပါ ဘုရား)။

ခန်းခြောက်ပြီးသကာလ တကာတကာမတွေ ကြက်ကောင်ကလေးတွေဟာ အကောင်ကလေးတွေစုံ၊ ပြင်ဘက်က တခါတည်း အလင်းတွေကို ချက်ခြင်းမြင်တယ်....(မှန်ပါ)အရည်တွေခြောက်တော့ အခွံက ပါးသွားတယ်....(ပါး-ပါတယ်ဘုရား)။

ပါးတော့ ကြက်ကလေးမျက်လုံးက ကြည့်လိုက်တော့ ပြင်ဘက် အလင်းတွေဆိုပြီးသကာလ သူ့ခြေထောက်နဲ့ သူ ထိုးကန်လိုက်တယ်....(မှန်ပါ) ထိုးကန်လိုက်တဲ့အခါ ကြက်ဥခွံကလေးက ပါးတော့ ဦးသန်းမောင် 'ဖျတ်' ကနဲ ကွဲတယ်....(ကွဲပါတယ်) ကွဲသွားမှ ကလန်-ကလန်နဲ့ သူထွက်လာတယ်....(မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဒီကြက်ကလေးသည် ကလန် ကလန်နဲ့ ကြက်ကောင်ကလေးဖြစ်၍ ထွက်လာပါလိမ့်မတုံး....မေးတဲ့အခါကျတော့ အမေလုပ်တဲ့ပုဂ္ဂိုလ်က အတောင်ဖြန့်ပြီးသကာလ ကာကွယ်ပေးသောကြောင့်လဲ ကြက်ဥပုပ်မဖြစ်ဘူး....( မှန်ပါ ) အစေးတွေ ခန်းခြောက်အောင် လုပ်ပေးသောကြောင့်လဲ ပြင်ဘက်က အလင်းမြင်လာဘယ်....(မှန်ပါ) သဘောကျပလား—(ကျပါပြီဘုရား)၊

ကြက်တို့၏ အနံ့ကို ပေးသောကြောင့်လဲတဲ့ တကာတကာမတို့ ဘဲကောင်ကလေးမဖြစ်ဘဲနဲ့ ကြက်ကောင်ကလေး လာဖြစ်တယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကြက်မကြီးသည် ဘယ်နှစ်ခုလုပ်တာနဲ့ သူ ကြက်ကလေးတွေသည်ကားလို့ ဆိုလို့ရှိယင် သူ့သားသမီးအဖြစ်နဲ့ ပြင်ဘက် ကျက်စားနိုင်ပါလိမ့်မလဲ မေးယင် ဘယ့်နှယ်ဖြေကြမလဲ

( သူ့အလုပ်သုံးလုပ်-လုပ်လို့ပါဘုရား ) ကြက်ကောင်ကလေး ဖြစ်လာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျသွားပါပြီဘုရား)။

ထို့အတူဘဲ....တဲ့ တကာတကာမတွေလဲ ဒီအတိုင်းဘဲ ကိုယ့် ခန္ဓာဉာဏ်ကိုလဲ သုံးလုပ်-လုပ်လိုက်ယင် ရပါတယ်...( မှန်ပါ့ ) ခန္ဓာထဲမှာ တကာ တကာမတွေက အနိစ္စနဲ့မပြတ် ရှုပေးလိုက်.... ( မှန်ပါ့ ) မပြတ်တောင် မဟုတ်ပါဘူး ရှုပြီးသကာလ တကာ တကာမတွေက ခန္ဓာထဲမှာ ဖြစ်တာပျက်တာ ဒါဘဲ- ဖြစ်တာ ပျက်တာ ဒါဘဲဆိုပြီး အနိစ္စနဲ့ ရှုပေးလိုက်....(မှန်ပါ့)။

ဩော်.... ဒီဖြစ်ပျက်ဟာ တခြားလဲ မဟုတ်ဘူး ဒုက္ခဘဲ.... ( မှန်ပါ့ ) ဒီဖြစ်ပျက်ဟာ တခြားလဲ မဟုတ်ဘူး အနတ္တဘဲ.... (မှန်ပါ့ဘုရား) ဆိုတော့ ရှုတဲ့ဉာဏ်ကလေးဟာ အနိစ္စဆိုတာလဲ ဖြစ်ပျက်- ဒုက္ခသစ္စာဆိုတာလဲ ဖြစ်ပျက်... (မှန်ပါ့ဘုရား) အနတ္တ ဆိုတာလဲ....(ဖြစ်ပျက်ပါဘုရား)။

ဖြစ်ပျက်ဆိုတော့ ဉာဏ်ကလေးက တကာတကာမတို့ အနိစ္စ ဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်က တက်ပြီးတော့ လာတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တံတိုင်းဖောက်ပြီးသကာလ ခန္ဓာဉာဏ်ရောက်ရမယ်.... (မှန်ပါ့ဘုရား)။

တံတိုင်းဖောက်ပြီးတော့ .... ( ခန္ဓာဉာဏ်ရောက်ရပါမယ် ) ခန္ဓာဉာဏ်ရောက်ပြီး ခန္ဓာဆုံးအောင်လိုက်....(မှန်ပါ့) ခန္ဓာဆုံး

အောင်လိုက်တဲ့ အခါကျတော့ နိဗ္ဗာန်သို့ရောက်....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဒီတော့ မအိုမသေအမြဲနေတာကြီးသူမတွေ့သေးဘူး(မှန်ပါ) မတွေ့သေးတော့ ထပ်ပြီးသကာလ ခုနင်က အနိစ္စပြန်လုပ်ပေါ့ဗျာ....(မှန်ပါ့) ဒုက္ခပြန်လုပ်ပေါ့ဗျာ....(မှန်ပါ့) အနတ္တပြန်လုပ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ထိုကဲ့သို့ လုပ်လိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ကိုယ့်ကိုလေ သာ ဝမ်းထဲမှာရှိတဲ့ ကိလေသာအစေးတွေက ခန်းခြောက်တယ် (မှန်ပါ့ဘုရား)။

အင်း....အနိစ္စဉာဏ်,ဒုက္ခဉာဏ်,အနတ္တဉာဏ် လုပ်လိုက်တာနဲ့ ဝမ်းထဲမှာ ကိလေသာအစေးတွေက ဘယ့်နှယ်ဖြစ်ပါလိမ့် .... (ခန်းခြောက်ပါတယ်ဘုရား)။

အင်း....ကိလေသာအစေးတွေက ခန်းခြောက်တော့ တကာ တကာမတို့ ဉာဏ်က အနိစ္စထိုးထွင်းပြီး ခုနင်က ကာကွယ်နေတဲ့ သဘောကလေးဟာ ပါးသွားတယ်.... (မှန်ပါ့) အဝိဇ္ဇာကလဲ ပါးသွားတယ်....( ပါးပါတယ် ) တဏှာအစေးတွေကကော.... (ပါးပါတယ်ဘုရား)။

အင်း....ပါးပါး- ပါးပါးလာပြီ တကာတကာမတို့၊ အယင် မြင်နေတဲ့ အနိစ္စနဲ့ နောက်မြင်နေတဲ့ အနိစ္စ တကာသစ်-ထူးခြား သွားတယ်....(မှန်ပါ့)ဘာဖြစ်လို့တုံး- ပါးပါးကနေကြည့်ရလို့- (မှန်ပါ့ဘုရား)။

အယင်တုန်းကတော့ အဝိဇ္ဇာတဏှာက ရှေ့ပိုင်းကနေပြီး ဥာဏ်က နောက်ကနေထိုးထွင်းနေရတော့ ဟိုဘက်မှာရေးရေးဘဲ အနိစ္စမြင်ရတယ်....(မှန်ပါ့)ရေးရေးဘဲ ဒုက္ခမြင်ရတယ်.... (မှန်ပါ ဘုရား) ရေးရေးဘဲ အနတ္တမြင်ရတယ်....(မှန်ပါ့ဘုရား)။

အဲဒီလို ဖြစ်ရတာသည် ကိလေသာက တကာတကာမတွေက ကြက်မကြီးလိုဘဲ ဝပ်လိုက်၊ အနံ့ပေးလိုက်၊ တကာတကာမတို့ အပူခံတတ်ပေးလိုက်ဆိုတော့ သူ သုံးလုပ်မလုပ်ဘူးလား-(လုပ်ပါ တယ်ဘုရား)။

အင်း....ဒီကလဲ တခါလုပ်ရုံနဲ့ မပြီးသေးတာနဲ့ တကာ တကာမတို့ ဒီအတိုင်းဘဲ နောက်တခါပြန်ပြီးသကာလ လုပ်ပြန် တော့ အပူခံတတ်ကလေးတွေ ပေးလိုက် အပူတပြင်းကလေး လုပ်လိုက်ဆိုတာပေါ့ဗျာ....(မှန်ပါ့)ဝီရိယကလေးပိုစိုက်ပေးလိုက် (မှန်ပါ့ဘုရား)။

အဲဒီ ဝီရိယကလေး ပိုစိုက်ပေးလိုက်တဲ့အခါကျတော့ ခုနင်က ဒိဋ္ဌိကိလေသာကလဲ ပါးသွားတယ်-အပူခါတ်လာလို့ အရည်ခန်း လို့... (မှန်ပါ့ဘုရား)။

အပူခါတ်လာတော့....(အရေပါးသွားပါတယ်) ဥကလေးက အရည်ခန်းသလိုပေါ့ဗျာ... (မှန်ပါ့ဘုရား)။

ဒီမှာလဲ အပူတပြင်း ဝီရိယစိုက်ပြီးပေးလိုက်တဲ့အခါကျတော့ တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ကိလေသာ အရည်တွေက အဝိဇ္ဇာအရည်တွေရော တဏှာတည်းဟူသော အရည်တွေရော တကာတကာမတို့ ပါးပါး ခန်းခြောက်တယ်.... (မှန်ပါ့ဘုရား)။

ခန်းခြောက်သွားတဲ့ အခါကျတော့ ခုနင်က ကြက်ကောင်ကလေးက ပြင်ဘက် အလင်းမမြင်ရဘူးလား.... (မြင်ရပါတယ်ဘုရား)။

ဟာ.... ဒို့ ဥထဲမှာကွေးကွေးကောက်ကောက်နဲ့ နေခဲ့ရတာကြာလှပြီ၊ ဘယ်တော့မှ အလင်းမမြင်ရဘူး... (မှန်ပါ) ဆိုပြီး သကာလ အမေကဝပ်ပေးတဲ့ သဘောမျိုးနဲ့ လုပ်လိုက်တော့ နှုတ်သီးကလေးက ထက်၊ ခြေသည်း, လက်သည်း ကလေးက ဦးသန်းမောင် ထက်တယ်....(မှန်ပါ့ဘုရား)။

အဲဒီမှာ ခြေသည်း လက်သည်းကလေးနဲ့ ကန်တာကိုးဗျ .... (မှန်ပါ့)နှုတ်သီးကလေးနဲ့လဲ ပြင်ဘက်က ပါးပါးကလေး သူဖေါက်လိုက်တယ်.... (မှန်ပါ့) ပြီးတော့ လည်ကလေးဆန့်လိုက်တယ်....(မှန်ပါ့) လည်ကလေးဆန့်လိုက်တော့မှ ဖြန်းကနဲကွဲသွားတယ်....(မှန်ပါ့ဘုရား)။

အဲဒီ ဖြန်းကနဲ ကွဲသွားတော့မှ သံသရာ ထောင်ထဲက လွှက်သလိုသူ့စိတ်ထဲမှာ ဝမ်းမသာဘူးလား .... (သာပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဖြစ်ပျက်တွေရှုလို့ တခါတည်း တကာတကာမတို့က နှစ်ခါရှုလိုက်· သုံးခါရှုလိုက် ထပ်ရှု.... (မှန်ပါ့) ရှုဖန်များလာတော့ ခုနင်က အဝိဇ္ဇာဥခွံ, တဏှာအစေးတွေက ခန်းခြောက်တယ်....( မှန်ပါ့ ) ခန်းခြောက်လာတော့ တကာတကာမတို့ အနိစ္စအချက်, ဒုက္ခအချက်တွေ မမြင်ဘူးလား .... (မြင်ပါတယ်ဘုရား)။

မြင်တော့ ကဲ....အနိစ္စအချက်, ဒုက္ခအချက်တွေ မြင်လာပြီ ဆိုပြီးသကာလ ခုနင်က အယင်မြင်ပုံနဲ့ နောက်မြင်ပုံနဲ့ကော မထူးခြားဘူးလား....(ထူးခြားပါတယ်ဘုရား)။

အယင်မြင်ပုံနဲ့ နောက်မြင်ပုံ- အယင်မြင်ပုံက မရှင်းတရှင်း- (မှန်ပါ့) နောက်မြင်ပုံက ရှင်းရှင်းလင်းလင်း.... (မှန်ပါ့ဘုရား)။

အဲဒီလို မြင်မြင် မြင်မြင်ပြီးသကာလ ကြာတော့ ခုနင်က ဒိဋ္ဌိဆိုတဲ့တရား၊အဝိဇ္ဇာဆိုတဲ့ တရား၊ ဝိစိကိစ္ဆာတရား ဒါတွေက အကုန် ပျောက်ထွက်သွားတဲ့ အခါကျတော့ စာကာတကာမတို့ ရှင်းရှင်းလင်းလင်းကြီး ပြင်ဘက်ကို ခင်ဗျားတို့ဉာဏ်က ထိုးကန် ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

ကဲ.. ဝိစိကိစ္ဆာ အဝိဇ္ဇာလဲ မင်းသွားတော့....(မှန်ပါ့)ကြက်ဥ ခွဲသလိုခွဲလိုက်တယ်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိတည်းဟူသော မင်းသည်ကားလို့ ဆိုလို့ရှိယင်လဲ ဉခွံထဲ ကွဲပေတော့.... (မှန်ပါ့)ဆိုပြီး ဉာဏ်က ထိုးဖေါက်လိုက်တော့ တကာတကာမတို့ ဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိဟာကွဲထွက်သွားတယ် .... (မှန်ပါ့)ဉခွံနှစ်ခုကွဲထွက်သွားတယ်....(မှန်ပါဘုရား)။

အဲဒီတော့ ကြက်ကောင်ကလေးဟာ ဉခွံနှစ်ခုကွဲကတည်းက ထွက်ပါပြီ....(မှန်ပါ့) တကာတကာမတို့ ထွက်ပါပြီ သွားပါပြီ ဆိုတဲ့ဥစ္စာ ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

ထို့ အတူဘဲတဲ့ ခင်ဗျားတို့ဉာဏ်သည် အဲဒီ့အချိန်ကျမှ ပြင်ဘက်က ထုတွေဟူသ၍ အတွင်းဟာတွေ အကုန်အစေးတွေ ခန်းခြောက် အခွံတွေကွာပြီးသကာလ နိဗ္ဗာန်သွားမြင်တယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့်တကာတကာမတို့ ခင်ဗျားတို့လုပ်ဘို့ရာက ကြက်မကြီး လုပ်တဲ့ သုံးလုပ်လုပ်ရမယ်....( မှန်ပါ ) သဘောကျပလား .... (ကျပါပြီဘုရား)။

ကြက်မကြီးသည်အတောင်ဖြန့်ဝပ်မှုလဲ ကြက်မကြီး၏ဝတ္တရား (မှန်ပါ)သဘောပါပလား....(ပါ·ပါပြီဘုရား)။

ကြက်ဥကလေး အစေးခန်းခြောက်အောင် အပူခတ်ပေးမှု ဟာလဲ....(ကြက်မကြီး၏ဝတ္တရားပါဘုရား)။

ရင်းကြက်မကြီးသည် ကြက်ကောင်ကလေးတွေကို အသက် ဝိညာဏ်ဆိုတဲ့ သဘောမျိုး သူသည်ကားလို့ဆိုယင် အားပေးမှု အကူအညီ အထောက်အပံ့အဖြစ်ဖြင့် ကြက်နံ့ပေးတာကလဲ သူ၏ဝတ္တရား.... (မှန်ပါ) သဘောပါကြပလား.... (ပါ·ပါပြီ ဘုရား)။

ကြက်မကြီး ဘယ်နှစ်ခု အလုပ်·လုပ်ရပါလိမ့်...(သုံးလုပ် လုပ် ရပါတယ်ဘုရား)။

သုံးခုတည်းအလုပ်-လုပ်တော့ အထဲထဲမှာ ကြက်ကောင်တွေ ဖြစ်တယ်.. (ဖြစ်ပါတယ်ဘုရား)။
အစေးခန်းခြောက် ဥခွံပါးပြီး ဖြန်းကနဲဘဲ ကိုယ့်နှုတ်သီးဖျား, ခြေသီးဖျားနဲ့ ခွဲချလိုက်တယ်...(မှန်ပါ)။

ထို့အတူဘဲ ခင်ဗျားတို့ ဉာဏ်ခြေသီးဖျား, နှုတ်သီးဖျားနဲ့ ခုနင်က ဥခွံသာ ခွဲလိုက်ပါ....(မှန်ပါ) ခွဲလိုက်လို့ရှိယင် ပြင်ဘက် လွတ်သပ်ရေးကြီး မရဘူးလား....(ရပါတယ်ဘုရား)။

အရင်လို ခေါင်းကြီးကုတ်ပြီးသကာလ ကိုယ့်ရင်ပတ်နားမှာ ကိုယ့်ခေါင်းကလေးနဲ့ ကွေးပြီးသကာလ ခြေကလေး၊ လက်ကလေးနဲ့လဲ ကပ်ပြီးသကာလ ဥဒ္ဒေါ့ကလေး သေးသေးထဲမှာ မလှုပ်သာ မလှည့်သာ နေရတာ ဟုတ်သေးရဲ့လား....( မဟုတ်ပါ ) ဥဒ္ဒေါ့ကွဲသွားတော့လေ... (မှန်ပါ့)။

အဲဒါကြောင့် လုပ်ပါများလို့ရှိယင်ဖြင့် အဝိဇ္ဇာဥဒ္ဒေါ့နဲ့ တဏှာစေးခန်းခြောက်ပါတယ်....(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပွားများပါများယင် ဘယ့်နှယ်တုံး .... (အဝိဇ္ဇာဥဒ္ဒေါ့နဲ့ တဏှာအစေး ခန်းခြောက်ပါတယ်ဘုရား)။

အဝိဇ္ဇာဥဒ္ဒေါ့က ပါးမယ်ဗျာ....(မှန်ပါ့) တဏှာအစေးက.... (ခန်းခြောက်ပါတယ်ဘုရား)။

တဏှာအစေး ခန်းခြောက်ယင် ပြင်ဘက်က အလင်းမမြင်ရပေဘူးလား (မြင်ရပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ပြင်ဘက်က အလင်းသည် နိဗ္ဗာန်ဘဲ.... (မှန်ပါ့)။

တဏှာအစေးနဲ့ အဝိဇ္ဇာသည်ကားလို့ ဆိုယင်ဖြင့် ကြက်ကောင်ကလေးအပေါ်၌ ဖုံးအုပ်ထားတဲ့ တရားပါဘဲ... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီတော့ ကျုပ်တို့က ကြက်မကြီးဖြစ်တော့ ကိုယ့်ဉာဏ်တည်းဟူသော ကြက်ကလေးကို၊ ကိုယ့်ဉာဏ်နဲ့ ကြက်နဲ့ တူပါတယ် .. (မှန်ပါ့)။

အဲ....ကိုယ့်ဉာဏ်တည်းဟူသော ကြက်ကလေးကို တကာ၊ တကာမတို့ ထိုးထွင်းမြင်လို့ရှိယင် ကိုယ့်အမေနဲ့တူတဲ့ ယောဂီ ပုဂ္ဂိုလ်က သုံးလုပ်-လုပ်ပါ—(မှန်ပါ့)။

အမေနဲ့တူတဲ့ ယောဂီပုဂ္ဂိုလ်က.... (သုံးလုပ်·လုပ်ရပါမယ်) ဝိပဿနာသုံးချက်ပေါ့ဗျာ....(မှန်ပါ့) အနိစ္စလို့ ရှုချင်ရှုလိုက်၊ ဟာ....ဒါ ဒုက္ခလို့ ရှုချင်ရှုလိုက်....(မှန်ပါ့) အနတ္တလို့ကော ... (ရှုရမှာပါဘဲ) ရှုချင်ရှုလိုက်ပါ၊ ဒါ အတည့်ချည့်ပါဘဲဆိုတာ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒီကဲ့သို့ တကာသစ်တို့က ဦးမာဒင်တို့လူစု အားလုံးပေါ့ လေ အခု တရားအားထုတ်နေကြတာဟာ ကိုယ့်အလုပ်က ဒီသုံး လုပ်-လုပ်ပေးလို့ရှိယင်ဖြင့် ကြက်ကလေးတွေ ပေါက်ပါစေသား လို့ ဆုတောင်းဘို့ လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတွင် ဘုရားက ဟောရှာတယ်....(မှန်ပါ့) ဘုရားက သေ သေချာချာ ဟောတယ်ကွာ....တဲ့ မင်းတို့ ဆုတောင်းနေတာတွေ ဟာ ဝဋ္ဋဘဝတိုးတို့နဲ့ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုရပါလို၏— (မှန်ပါ့) ဩော်... ကြက်မကြီးနဲ့ တူလိုက်တာကွာ....တဲ့....(မှန်ပါ့ ဘုရား)။

သူ လုပ်သင့်တဲ့ အတောင်ဖြန့်အုပ်တဲ့ အလုပ်တော့ မလုပ်ဘူး တဲ့....(မှန်ပါ့)ကြက်ဥပေါ်၌ အပူပေးတဲ့အလုပ် သူ မလုပ်ဘူးတဲ့ (မှန်ပါ့)။

ကြက်ဥပေါ်၌ သူ ဝပ်ပြီးသကာလ ကြက်နံ့ပေးတဲ့အလုပ် မလုပ်ဘဲနဲ့ ပြင်ဘက်ကနေ ကတော်·ကတော်နဲ့ အော်ပြီးသကာ

လ ကြွက်ကလေးတွေ ပေါက်ပါစေဆိုတာနဲ့ မပေါက်နိုင်ဘူး ဟော့… တဲ့(မှန်ပါ့)သေသေချာချာ ကန့်ကွက်ချတယ်….(မှန်ပါ့) သဘောကျပလား….(ကျပါပြီဘုရား)။

မကန့်ကွက်ထိုက်ဘူးလား…. (ကန့်ကွက်ထိုက်ပါတယ်) သေသေချာချာ ကန့်ကွက်ထိုက်တယ်ဆိုတာ တကာ တကာမတွေ ပေါ်လောက်ပါပြီ… (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဆုတောင်းနဲ့ မရ (မှန်ပါ့) သဘောပါပလား…. (ပါ·ပါပြီ)အလုပ်နဲ့မှ….(ရပါမယ်) ဘယ်သူက ဟောသတုံး…. (ဘုရားက ဟောပါတယ်ဘုရား)။

ငါ ကြွက်မကြီး ဥပမာ ပြုပြီတဲ့….(မှန်ပါ့)ကြွက်ကလေးတွေ ဥထားတယ်တဲ့…၊ အပြင်ဘက်ကနေ ပေါက်ပါစေသား၊ ပေါက်ပါစေသား၊ ပေါက်ပါစေသား၊ ပြင်ဘက်ကနေ ကြွက်သံပေးတယ်….(မှန်ပါ့)။

သူ လုပ်ထိုက်တဲ့ ကြွက်ကောင်ကလေးတည်းဟူသော ဉာဏ်တွေ ထက်မှု၊ နှုတ်သီးဖျားထက်မှု ခြေသီးဖျားထက်မှုဆိုတဲ့ ဉာဏ်ထက်မှုကို မလုပ်ဘူးတဲ့….(မှန်ပါ့)။

ဝပ်တဲ့အလုပ်လဲ မလုပ်ဘူးပေါ့ဗျာ…. (မှန်ပါ့) အပူပေးတဲ့အလုပ်ကော…. ( မလုပ်ပါဘုရား ) အနံ့ပေးတဲ့အလုပ်ကော…. (မလုပ်ပါ)အဲဒါ ပုပ်သာသွားပြီတဲ့….(မှန်ပါ့)ရှင်းပလား….(ရှင်းပါပြီဘုရား)။

ကြွက်ကောင်ကလေးတွေ ဖြစ်သေးရဲ့လား….( မဖြစ်ပါ ) အင်း….ဘယ့်နှယ်ကြောင့် မဖြစ်ပါလိမ့်မတုံးဆိုတော့ အသံသာပေး၍ တကာ·တကာမတို့ အလုပ်·မလုပ်လို့….(မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ ဘုရားရှေ့မှာသွားပြီး တရားရှေ့မှာ, သံဃာရှေ့မှာ, ဘုန်းကြီးတို့ဆီမှာ ကန်တော့ကြတဲ့အခါ မြန်မြန် ဘုရား....ဝဋ္ဋဘဝတိုတို့နဲ့ မဂ်ဖိုလ်ဖြင့် အရကြီး ရပါရစေ...(မှန် လှပါ)အပြင်ဘက်က ကတော်ကတော်နဲ့ အော်ပြန်ပြီ·(မှန်ပါ) မရဘူး စိတ်ချ....(မှန်ပါ)မရဘူး....မရဘူး....(မှန်ပါ)ကြက်မကြီး လုပ်ထိုက်တဲ့အလုပ် လုပ်ပါရဲ့လား....(မလုပ်ပါဘုရား)။

မလုပ်တော့ အပူဓါတ် မလာလို့ရှိယင်လဲ အစေးမခြောက် ပါဘူး....(မှန်ပါ)အစေးမခြောက်လို့ရှိယင်လဲ အခွံမပါးပါဘူး (မှန်ပါ) မပါးယင်လဲ ပြင်ဘက်ကဟာကို မမြင်ရပါဘူး....(မမြင် ရပါ) မမြင်ရလို့ရှိယင် ဘယ်မှာ တိုးထွက်နိုင်ပါ့မတုံး....(မထွက် နိုင်ပါဘုရား)။

ဒီမှာလဲ အဝိဇ္ဇာ တဏှာဆိုတဲ့ ဥခွံကြီးကို တကာတကာမတို့ ခင်ဗျားတို့က ပွားများမှုအလုပ် မလုပ်ဘဲနဲ့တော့ သူက ပါးလိမ့် မယ်၊ အရည်ခန်းလိမ့်မယ်လို့ဆိုတာ ဘယ်နည်းနဲ့မှ မတွက်နဲ့.... (မှန်ပါ)ရပါ့မလား....(မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်က ဘာပါလိမ့်မတုံး.... (ကြက်မ ကြီး ဝပ်သလို လုပ်ရပါမယ်ဘုရား)။

ကြက်မကြီး သုံးခုသော အလုပ်ကို မှန်မှန်လုပ်သလို ခင်ဗျား တို့က လုပ်နေလို့ရှိယင်ဖြင့် ကြက်မကြီးလိုဘဲ တကာတကာမတို့ ဒီလိုကျတော့ ပြင်ဘက်ကနေပြီး ကတော်·ကတော်နဲ့ ငါ့သား လေးတွေ ပေါက်ပါစေ....ကြက်ကောင်ကလေးတွေ ဖြစ်ပါစေ....

အစရှိသည်နဲ့ မဆိုရပါဘူးတဲ့၊မဆိုဘဲနဲ့သုံးလုပ်သာလုပ် သူ့ဟာ သူပေါက်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တပည့်တော်တို့ဘုရား နိဗ္ဗာန်ရောက်ကြောင်းကိုဖြင့် ဘုရားတိုင်း- တွေ့တိုင်း ဆုတောင်းပါတယ်.... (မှန်ပါ့)မရပါဘူးဗျ၊ စိတ်သာချ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာ့ကြောင့်တုံး လုပ်သင့်- လုပ်ထိုက်တဲ့အလုပ်က.... (မလုပ်ရလို့ပါဘုရား)။

လုပ်သင့်လုပ်ထိုက်တာက တကာတကာမတို့ အနိစ္စတည်းဟူသော အတောင်ဖြန့်ဝပ်မှု....(မှန်ပါ့) ဒုက္ခတည်းဟူသောအမှုဓာတ်ပေးမှု....(မှန်ပါ့ဘုရား) အနတ္တတည်းဟူသော အနံ့ပေးမှု (မှန်ပါ့)ဒီအလုပ်-လုပ်ရမှာ....(မှန်ပါ့)။

ဒီအလုပ်- လုပ်ရတော့မှ ခင်ဗျားတို့ ဥာဏ်တည်းဟူသောကြက်ကောင်ကလေးက အစေးခြောက် အခွံပါးပြီး အလင်းမြင်တယ်....(မှန်ပါ့)။

အစေးခြောက်.... (အခွံပါးပြီး အလင်းမြင်ပါတယ်ဘုရား) အစေးခြောက်ဆိုတာ တဏှာခန်းခြောက်တာ.... ( မှန်ပါ့ ) အခွံပါးတယ်ဆိုတာက အဝိဇ္ဇာပါးသွားပြီ(မှန်ပါ့)ပြင်ဘက်က အလင်းဆိုတာက တကာသစ် မှတ်လိုက် နိဗ္ဗာန်....(မှန်ပါ့)။

အဲဒီမှာ ဒို့သည် သံသရာထောင်ထဲမှာ နေရတာကြာလှပြီဆိုပြီး ကြက်ကောင်ကလေးတွေ ဥခွံထဲမှာ နေရတာကြာလှပြီဆိုပြီးသကာလ လည်ကလေး ဆန့်လိုက်၊ နှုတ်သီးကလေးနဲ့ အပါးကလေးပေါက်လိုက်....(မှန်ပါ့)။

ခြေထောက်ကလေးနဲ့ ကန်ထုတ်လိုက်တော့ 'ဖြန်းကနဲ' ကွဲသွားတယ်....(မှန်ပါ့) ဖြန်းကနဲ ကွဲသွားတော့ အလင်းရောက်တဲ့အခါကျတော့ မပျော်ပေဘူးလား.... ( ပျော်ပါတယ်ဘုရား ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒီမှာလဲ တကာတကာမတွေ ဒီအတိုင်းသာ ဒီသုံးလုပ်သာ ဖြစ်ပျက်သာရှုနေ.... (မှန်ပါ့) ဖြစ်ပျက်သာရှုနေပါ၊ ခြေဘ်.... ဖြစ်ပျက်ဟာ ဒုက္ခဘဲဆိုပြီး ရှုချင်လဲရှု.... (မှန်ပါ့) ဖြစ်ပျက်ဟာ အနိစ္စဘဲလို့ ရှုချင်လဲ....(ရှုရပါမယ်ဘုရား) ဖြစ်ပျက်ဟာ အနိစ္စဘဲလို့ ရှုချင်လဲရှုပါ....(မှန်ပါ့)ဖြစ်ပျက်ဟာ အနတ္တဘဲလို့ကော (ရှုရပါမယ်ဘုရား)။

ဒီသုံးလုပ်တော့ လုပ်ရလိမ့်မယ်....(မှန်ပါ့) လုပ်ပြီးသကာလ နေတဲ့အချိန်ကျတော့ တကာသစ်ရေ... ခုနင်က ဝမ်းထဲရှိတဲ့ ဘဝများစွာ သံသရာက ပါလာတဲ့ ကိလေသာအစေးတွေကလဲ ဘာဖြစ်သွားသတုံး.... ( ခန်းခြောက်သွားပါတယ်ဘုရား ) မမြင်ရအောင် ဖုံးထားတဲ့ အဝိဇ္ဇာကြီးကလဲ.... ( ပါးသွားပါတယ်ဘုရား)။

ပါးသွားတယ်.... (မှန်ပါ့) အဲဒီတွင် ပါးသွားတဲ့ အခါကျတော့မှ တကာတကာမတို့ သူတို့ပါးတဲ့အခါကျတော့ အနိစ္စတွေပေါ်မှာ ထိုးဖောက်ပြီးသကာလ ဟိုဘက်က နိစ္စနိဗ္ဗာန်သွားမြင်တယ်....(မှန်ပါ့) နိစ္စနိဗ္ဗာန်အလင်းကြီး သွားမြင်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နိစ္စနိဗ္ဗာန်ကြီး သွားမြင်တဲ့အခါကျတော့မှ ဪ...ဒါဖြင့် သေခါနီးပျော် မဟုတ်တော့ဘူးဟေ့...၊ အသေလွတ်ပျော်ဖြင့် အောင်ပြီဟ....လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

သေခါနီးပျော် ဟုတ်သေးရဲ့လား... ( မဟုတ်ပါဘုရား ) ဘာတုံး... (အသေလွတ်ပျော်ပါဘုရား) အသေလွတ်ပျော်ဆိုတဲ့ အဓိပ္ပါယ်ရပါတယ်... (မှန်ပါ့)။

ဒါဟာ တကာတကာမတွေ အခု ဒီတရားသည် ဦးမောင်ခင် အလွန်အရေးကြီးတယ်... (ကြီးပါတယ်ဘုရား) ဦးမောင်ကလေး အရေးမကြီးဘူးလား... (ကြီးပါတယ်ဘုရား)။

ခင်ဗျားတို့က ပျော်မည့်လူတွေ....(မှန်ပါ့) အင်း...သီတင်း ကျွတ်ပေါ့-ဆိုပြီး ဟိုက ကန်တော့လာပြန်လို့ရှိယင် ကောင်း ကောင်းမွန်မွန်တွေ့ရတာ ဝမ်းသာတယ်ဆိုတာလဲ ခင်ဗျားတို့ ပါးစပ်က နှုတ်ကိုတက်နေတာဘဲ (မှန်ပါ့) ဘယ်လိုများ ပြော ကြတယ်ဆိုတာဖြင့် တကာတကာမတွေ ပျော်လို့ပြောတဲ့စကား တွေ အများကြီးလာလိမ့်မနော်.... (လာပါမယ်ဘုရား)။

တကာကြွယ် ဒီအပျော်ဟာ ဘာအပျော်တုံး.... (သေခါနီး ပျော်ပါဘုရား) ဟာ....နားထောင်လို့ မကောင်းဘူး...(မှန်ပါ့ ဘုရား)။

နားထောင်လို့ မကောင်းဘူး...၊ ဦးဗထွေး နားထောင်လို့ ဘယ့်နှယ်နေသတုံး... (မကောင်းပါဘုရား) ။

သေခါနီးပျော်-ပျော်နေပြန်ပြီ၊ သူဟာ မသိဘဲနဲ့ နက်ဖြန် ဝိညာဉ်ချုပ်မှာ ယနေ့ ပျော်ပွဲလုပ်နေတယ် ဆိုလို့ရှိယင်ဘဲ

ဩော်.... မသိဆိုး ဝါးလိုက်တာလို့ ဘေးက ပညာရှိကတော့ ကဲ့ရဲ့လိုက်တယ်... (မှန်ပါ) မကဲ့ရဲ့ထိုက်ဘူးလား... (ကဲ့ရဲ့ထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အသေလွှတ်ပျော်သည် တကာကြွယ် အရေးကြီးသလား....(ကြီးပါတယ်ဘုရား)။

ဘာအရေးကြီးပါလိမ့်— (အသေလွှတ်ပျော် အရေးကြီးပါတယ်ဘုရား) အသေလွှတ်ပျော် အရေးကြီးတယ်ဆိုတာ တကာတကာတကာမတွေ သေသေချာချာမှတ်ပါ—(မှန်ပါ)။

ဒီဥစ္စာက သူများက ပျော်စေလို့ ပျော်ရတာလား- ကိုယ့်ဟာကိုယ်ဘဲ သိပြီး ပျော်ရတာလား.... ( ကိုယ့်ဟာကိုယ်သိပြီး ပျော်ရတာပါဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆုတောင်းလွှတ်ပြီး အလုပ်ဘဲပေးလိုက်၊ မင်း-ပျော်ရလိမ့်မယ်တဲ့....(မှန်ပါဘုရား)။

ဆုတောင်းလွှတ်ပြီးတော့— (အလုပ်ဘဲပေးရပါမယ်ဘုရား) အလုပ်ဘဲပေးလိုက်ပါ....(မှန်ပါ)။

သိဘင်းကျွတ်ဘို့ တကာသစ် ရက် ဘယ်လောက် လိုသေးသတုံး— (သုံးရက်ပါဘုရား) သုံးရက်လိုတော့တယ်.... (မှန်ပါ) ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

သုံးရက်ဆိုပြောသော်လဲ တကာတကာမတို့ ကိုယ်က အလုပ်က အခုမှ စ,လုပ်တာ မဟုတ်ဘူး - ( မှန်ပါ ) မြင်ပြီးတဲ့ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေကိုသာ ဘုန်းကြီးတို့

တကာတကာမတွေက ဖြစ်ပျက်ပေါ်မှာသာ ရှုလိုက်လို့ရှိယင် ဖြင့် ရှေ့က ကာနေတဲ့ တဏှာအစေး ခြောက်ပါလိမ့်မယ်.... (မှန်ပါ့) အဝိဇ္ဇာဥဒ္ဓံ—(ပါးမှာပါဘုရား)။

ပါးပြီးသကာလ ကဲ....မင်း-ဒုက္ခသစ္စာတွေလို့ အမှန်သိလိုက် သည်နဲ့ တပြိုင်နက်တည်း ဖြစ်ပျက်တွေက ရှေ့က ခုခံမှု မရှိ တော့ဘူး....(မှန်ပါ့)။

အဲဒါ ဉာဏ်နဲ့ထိုးဖေါက်ပြီး ဟိုဘက်က နိဗ္ဗာန်ကို သေသေ ချာချာ သွားတာဘဲ— (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီဥစ္စာ ဉာဏ် စခန်းဆိုတာသည် တကာတကာမတို့ ကြာတာ မဟုတ်ပါဘူး.... (မှန်ပါ့) ကံစခန်းက ကြာတယ်—(မှန်ပါ့ဘုရား) ဉာဏ်စခန်း ကတော့ — (မကြာပါဘုရား)။

များများလုပ် တဏှာအစေးခြောက် အဝိဇ္ဇာထုတွေ ပါးလာ လို့ရှိယင် တကာ တကာမတို့ မြန်မြန် ခရီးပေါက်ပါတယ်— (မှန်ပါ့)။

ဒါဖြင့် ဒါ.... ဆုတောင်းအပေါ်မှာ မှီနေသလား- အလုပ် ပေါ်မှီနေသလား— (အလုပ်ပေါ် မှီနေပါတယ်ဘုရား)။

ဒါဖြင့် တကာသစ်ရေ— သုံးလေးရက် ကျန်သေးတယ် ဆို တော့ ဒီဥစ္စာ တနာရီအတွင်းလဲ ဖြစ်နိုင်တယ်.... (မှန်ပါ့ဘုရား) ငါးမိနစ်- ဆယ်မိနစ် အတွင်းကော—( ဖြစ်နိုင်ပါတယ်ဘုရား )

အို.... ဒါလောက်ဆိုယင် တပည့်တော်တို့ မလျော့ဘူး၊ဘုရား့—(မှန်ပါ)။

တကာကြွယ် ဘယ့်နှယ်တုံး....(မလျော့ပါဘုရား) မလျော့တဲ့တော့ တရားတပွဲလုံး မလျော့နဲ့ တကာတကာမတို့၊ သိတင်းကျွတ် ရိုးရိုးမကျွတ်နိုင်ဘူး....( မှန်လှပါဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျုပ်တို့ သူများလို မီးတွေထွန်းပြီး မကျွတ်ချင်ဘူး၊ ကျုပ်တို့က ဉာဏ်အလင်းနဲ့ ကျွတ်ချင်တယ်....(မှန်ပါ)။

မီးလင်းတဲ့အလင်းနဲ့ မကျွတ်ချင်ဘူး—(မှန်ပါ)ဉာဏ်အလင်းရပြီးတော့....(ကျွတ်ချင်ပါတယ်ဘုရား)။

အံမာလေး— ဘုန်းကြီးက အတော်ပြောတဲ့ ဘုန်းကြီးလို့လဲ တကာကြွယ်က အောက်မေ့နေမှာလဲ စိုးရသေးတယ်နော်—(မှန်ပါ)။

စင်စစ်က ဒါက အဘိုးတန်တာ... (မှန်ပါ) ဉာဏ်အလင်းနဲ့ ကျွတ်ရမှ တကာတကာမတို့ အဘိုးတန်မယ်.... (မှန်ပါ) အိုကံပေးလို့ သူများက ဖယောင်းတိုင် လာကန်တော့လို့ လင်းတဲ့ကံအလင်းနဲ့တော့ မကျွတ်ချင်ပါနဲ့....( မှန်ပါ ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချကြ၊ ဘယ်အလင်းနဲ့ ကျွတ်ကြမလဲ (ဉာဏ်အလင်းနဲ့ကျွတ်ပါမယ်ဘုရား)။

ကံအလင်းဆိုတာက ကိုယ့်ပိုက်ဆံရှိလို့ ကိုယ်ဝယ်ထွန်းတာလဲ ကံကလင်းတာ.... (မှန်ပါ) သူများက သက်ကြီး-ဝါကြီး

ဂုဏ်ရှိ-သိရှိမို့ ဖယောင်းတိုင်တွေ ဘာတွေ လာကန်တော့လို့ လင်းရဘာကော ဦးသန်းမောင် ဘာအလင်းတုံး.... (ကံအလင်း ပါဘုရား)။

ကံအလင်းနဲ့ ကုပ်-သိတင်းမကျွတ်ချင်ဘူး....(မှန်ပါ) ဒီနေ့ ပြောင်းလိုက်စမ်းပါ....(မှန်ပါ)။

ဘယ်လို ပြောင်းကြမလဲ.... (ဥာဏ်အလင်းနဲ့ ကျွတ်ချင်ပါ တယ်ဘုရား)။

ဟာ.... ဉာဏ်အလင်းနဲ့မှ ကျွတ်စေ့မယ်၊ ကံအလင်းနဲ့ဖြင့် မကျွတ်စေဘူးဆိုပြီးသကာလ ကြက်မကြီး လုပ်သင့်လုပ်ထိုက်တဲ့ ဝတ်သုံးခုကို တကာတကာမတွေ မပျက်အောင်လုပ်လို့ရှိယင်ဖြင့် ဉာဏ်အလင်းနဲ့ သိတင်းကျွတ်ပြီးသကာလ အသေလွတ်ပျော်-ပျော်လိုက်စမ်းပါ.... (မှန်ပါ) ကံအလင်းနဲ့ သိတင်းကျွတ်တာ တော့ သေခါနီးပျော်လို့ မှတ်လိုက်ပါ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်ဟောင်း

မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံ၌

ဟောကြားတော်မူသော

ဒုက္ခ၏လက်သည်ကြီး အာသဝဖြစ်ပုံ

# ညအလုပ်ပေးတရားတော်

( ၂၁ - ၁၀ - ၆၁ )

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် မင်းတို့ကို နှိပ်စက်နေတာ တခြားတရားမဟုတ်ပါဘူးကွာ၊ အာသဝေါတရားပါလို့ သေသေချာချာဟောတယ်....(မှန်ပါဘုရား)။

တကာတကာမတွေကိုမပြတ်နှိပ်စက်နေတာ ကာမာသဝဆိုတဲ့ လိုချင်မှုပေါ့ဗျာ...(မှန်ပါ) ဘဝါသဝဆိုတဲ့ ဘုံဘဝတောင့်တပြီးသကာလ ဒီဘဝမကောင်းလို့ ဟိုဘဝပြောင်းချင်တဲ့ ဘဝတဏှာပေါ့ဗျာ....(မှန်ပါဘုရား)။

ဒိဋ္ဌာသဝဆိုတာက ခန္ဓာကြီးကိုပင်လျှင်ခန္ဓာငါးပါးရှိတာကို မသိဘဲနဲ့ အလုံးစုံအကုန်ဟာ ငါဘဲ ဒါတွေဟာ ငါ့ဥစ္စာတွေဘဲလို့ထင်တာက ဒိဋ္ဌာသဝ....(မှန်ပါ)။

အဝိဇ္ဇာသဝဆိုတာက ဒီခန္ဓာကြီးက ဒုက္ခသစ္စာလို့မသိဘူး-(မှန်ပါ) ခန္ဓာဖြစ်ကြောင်းက သမုဒယသစ္စာလို့ မသိဘူး ....(မှန်ပါ)ခန္ဓာချုပ်ဘဲ့ နေရာကနိဗ္ဗာန်ဆိုတာလဲ သူ့စိတ်ထဲမသိဘူး (မှန်ပါ) ခန္ဓာတို့၏ ချုပ်ရာချုပ်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း

ဖြစ်တဲ့ မဂ္ဂင်တွေကိုလဲ သူမသိဘူး....(မှန်ပါ)အဲဒါကို အဝိဇ္ဇာသဝ လို့ ခေါ်တယ်....(မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒို့မသိအောင် ဒို့ကိုသံသရာ ထဲမှာ အရိုးတောင်နှယ်ပုံအောင် အသားတွေ မြေကြီး-ကြီးပွား အောင် ဒို့ကိုလုပ်နေတဲ့ သူသတ်သမားလေးယောက် ဘယ်သူ ပါလိမ့်မလဲလို့ စဉ်းစားတဲ့အခါကျတော့မှ အာသဝတရားလေး ပါးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဘယ်သူပါလိမ့်ဗျာ... ( အာသဝတရား လေးပါးပါဘုရား ) အာသဝေါတရား လေးပါးလို့ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ထားလိုက်တော့ ပြော်....ဒို့ကို အရိုးတောင်နှယ်ပုံအောင် အသွေးတွေ မဟာသမုဒ္ဒရာရေလောက်များအောင်၊ ခေါင်းတွေ မြင့်မိုရ်တောင်လောက် တခါတည်း စုပုံပြီးသကာလ အသေ သတ်တဲ့တရားဟာ ဘယ်သူပါလိမ့်မလဲလို့ စဉ်းစားတဲ့အခါကျ တော့မှ အာသဝေါတရား....(မှန်ပါ) ပေါ်ကြပလား...(ပေါ် ပါပြီဘုရား)။

တကာတကာမတွေ အနှိပ်စက်ကြီး နှိပ်စက်နေတာ ဘယ်သူ ပါလိမ့်...(အာသဝေါတရား လေးပါးပါဘုရား)။

အာသဝေါတရားလေးပါးဆိုတာ သိတော့ အဲဒီ့အာသဝေါ တရား လေးပါးကို သဗ္ဗာသဝသုတ်ဆိုပြီးသကာလ မူလပဏ္ဏာသ ပါဠိတော်ကြီးမှာ ဟောတော်မူတယ်....(မှန်ပါဘုရား)။

ဒီ အာသဝေါတရား လေးပါးသည်ကားလို့ ဆိုယင်ဖြင့် မည်သူ့ကိုနှိပ်စက်ပါလိမ့်၊ မည်သူ့ကို အရိုးတောင်နှယ်ပုံအောင်

လုပ်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လက်သည်ရှာလိုက်တယ် .... (မှန်ပါ့ဘုရား)။

အာသဝေါတရားသည် လူတိုင်းဘဲ နှိပ်စက်သလား၊ချွင်းချက်များ ရှိသေးသလားလို့ သူကြံလိုက်တယ် ... ( မှန်ပါ ) ဟာ... ချွင်းချက်ရှိသေးတယ်ဟေ့လို့ ကိုယ်တော်မြတ်ကြီး ဉာဏ်တော်ထဲမှာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာဉာဏ်ရောက် မသိတဲ့ပုဂ္ဂိုလ်မှာ အာသဝေါနှိပ်စက်နိုင်တယ် ... (မှန်ပါ) ခန္ဓာဉာဏ်ရောက်သိတဲ့ပုဂ္ဂိုလ်မှာ အာသဝေါတရားမနှိပ်စက်နိုင်ဘူး....(မှန်ပါ)။

ဩော်....ဒါဖြင့် တကာကြွယ်တို့ လက်သည်ပေါ်ပြီ....(ပေါ်ပါပြီဘုရား)ခန္ဓာဉာဏ်ရောက် ကြည့်နိုင်တဲ့ပုဂ္ဂိုလ်မှာ အာသဝေါတရားက အရိုးတောင်နှယ်ပုံအောင်၊ အသွေးသမုဒ္ဒရာထက်များအောင် မလုပ်နိုင်ပါဘူး....(မှန်ပါ့ဘုရား)။

ဩော်....ကိုယ်တော်မြတ်ကြီး ကျေးဇူးတော် ဂုဏ်တော်တွေ ဦးမခင် သိပ်ပြီးကျေးဇူးများတယ်....(များပါတယ်) ဦးမောင်ဆလေး ကျေးဇူးများတယ်....(များပါတယ်ဘုရား)။

ဘယ်လို များလာသတုံးဆိုတော့ လက်သည် ရှာတော်မူတဲ့ ကိုယ်တော်မြတ်ကြီး....(မှန်ပါ့ဘုရား)။

ကျုပ်တို့ ခင်ဗျားတို့ အလိုတော့ဖြင့် ဒီလိုစား, ဒီလိုအိပ်၊ ဒီလိုနေ,ဒီလိုသေနဲ့ဘဲ အချိန်ကုန်ကြမှာ ... (မှန်ပါ)ဒါသေမျိုးဘဲ သေမျိုးဘယ်တတ်နိုင်ပါ့မတုံး ... (မှန်ပါ) ဆိုတဲ့ ဒီညည်းလုံးနဲ့ဘဲ ဇာတ်သိမ်းမှာဘဲ....(မှန်ပါ) ဒီလိုပူရတယ်ဆို ဩော်....

ပူစရာရှိတော့လဲ ပူရမှာဘဲဆိုတော့ ပူစရာဖြတ်ကြောင်းလဲ သူသိမှာမဟုတ်ပါဘူး.... (မှန်ပါ့ဘုရား) သိပါဦးမလား.... (မသိပါဘုရား)။

အင်း... ဘယ်သူတွေဖြင့် ပျက်စီးကုန်ပြီတဲ့၊အို- ပျက်စီးတတ်တဲ့အမျိုးတွေဘဲ.... (မှန်ပါ့) ဒီလိုဘဲ ရေလိုက် ကြာလိုက်သုံးတဲ့စကားဘဲ တကာကြွယ် များနေတယ်....( များပါတယ် )ဘုရားမပွင့်ယင် ရေလိုက် ကြာလိုက်ပြောရမှာဘဲ .... (ပြောရမှာပါဘုရား)။

သေတတ်တဲ့အမျိုး သေမှာဘဲ၊ နာတတ်တဲ့အမျိုးနာမှာဘဲ၊ ခင်ဗျားတို့လဲ ဒါနားဆတ်ဆတ် ကြားနေပါတယ်.... (ကြားပါတယ်ဘုရား) အိုတတ်တဲ့ အမျိုးမို့ အိုတာဘဲဆိုတာ.... (မှန်ပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ ဒီအမြင်ထက် ထူးခြားပြီးသကာလ မြင်တဲ့အမြင်ထူး အမြင်မှန်ကြီးပေါ်လာတယ်လို့ ဦးမာဒင်တို့ မှတ်ရမယ်နော်... (မှန်ပါဘုရား)။

ဩော် .... ဒီအိုတတ်တဲ့ အမျိုးလုပ်တာလဲ အာသဝဟာ .... (မှန်ပါ့) နာတတ်တဲ့ အမျိုးလုပ်တာလဲ .... (အာသဝပါဘုရား) အာသဝဘဲဆိုတာ ပေါ်လာတော့ တကာတကာမတို့ကျုပ်တို့၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တဆိုတဲ့ ဥစ္စာကြီး ဟာဖြင့် ဥာဏ်ပေးလို့ ကျေးဇူးတင်ရတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားအစစ်ကိုရှာတော့ ဉာဏ်တော်ဘုရား .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားအစစ်ကိုရှာတော့...(ဉာဏ်တော်ဘုရားပါဘုရား)အဲဒီ ဉာဏ်တော်ဘုရား ရောက်အောင်လဲ ခင်ဗျားတို့က ရှိမခိုးတတ်တော့ သပ္ပါယ်လိုက်တဲ့ ကိုယ်တော်ကြီးနဲ့ဘဲ ပြီးပြီးနေကြတာဘဲ (မှန်ပါ့)သဘောပါပလား...(ပါ-ပါပြီဘုရား)။

ဘယ့်နှယ်ဖြစ်ကြသလဲ...(သပ္ပါယ်လိုက်တဲ့ကိုယ်တော်ကြီးနဲ့ဘဲ ပြီးပြီးနေပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ပန်းရန်ဆီရောက်နေတယ်.... (မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ပန်းရန်ဆီ ရောက်နေတယ်ဆိုကတည်းက တကာကြွယ်တို့က ရှေးတုန်းက ဒါဘဲ ဒီမှာရပ်နေဘာဘဲ (မှန်ပါ့) တယ်ကြည်ညို ဘွယ်ရာကောင်းသဟေ့....ကိုယ်တော်မြတ်ကြီးဟာ သိပ်သပ္ပါယ်တာဘဲ၊ ဘယ်ပန်းရန်တုံးကွ.... (မှန်ပါ့) သွားပြီပေါ့ဗျာ၊ ဘယ်ပန်းရန်တုံးကွ ဆိုပြီး မေးလိုက်ကတည်းက တကာတကာမတို့ ခင်ဗျားတို့ ပူဇော်ပသမှု ပန်းရန်ဆီရောက်သလို ဖြစ်နေတယ်... (ဖြစ်ပါတယ်ဘုရား)။

ဦးလှဘူး ကြောက်စရာပါလား....(ကြောက်စရာပါ)ဉာဏ်က မဆုံးသင့်တဲ့နေရာ သွားပြီးဆုံးနေကြတယ်ဆိုတဲ့ အဓိပ္ပါယ်ဘဲ၊ အဲဒါ ဉာဏ်တော်မရောက်တော့ ပုံသဏ္ဌာန်တော် ရောက်ပါတယ် နော်....(မှန်ပါ့)။

ဉာဏ်တော် မရောက်တော့ .... (ပုံသဏ္ဌာန်ဘော် ရောက်ပါ တယ်ဘုရား)။

ခင်ဗျားတို့ ရှိခိုးရမှာက ဒီပုံကြီးကိုရည်မှတ်၍ သက်တော် ထင်ရှား မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးကို ရှိခိုး ပါ၏၊ ဒီလိုသွားရမှာဗျ .. ( မှန်ပါ ) မရောက်ပါဘူး၊ ဒီကို ရောက်တဲ့လူက ရှာမှ ရှား.... (မှန်ပါ) ဒီကို ရောက်တဲ့ပုဂ္ဂိုလ်က ဦးမောင်ကလေး ရှာမှရှား .. (ရှားပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် ကိုယ်တော်မြတ်ကြီးဟာ ယနေ့ ကျုပ်တို့ လက်သည်ရှာပေးတဲ့ ကိုယ်တော်မြတ်ကြီး ငါတို့ကိုအရိုး တောင် နှယ်ပုံ အသေးသမုဒ္ဒရာထက်များအောင် လုပ်နိုင်တဲ့ အာသဝေါ တရားကို ကိုယ်တော်မြတ်ကြီးက သူတို့ဘဲကွ....(မှန်ပါ)။

သူတို့က ဒို့ကိုသတ်နေတာကွ....(မှန်ပါ) ဒါ ဘယ်လိုသတ် တာတုံး ဆိုလို့ရှိယင်ဖြင့် မင်းတို့ခန္ဓာကိုယ် အတွင်းရှိနေတဲ့ သဘော, ခန္ဓာကိုရှုနေရမည့်သဘော, ခန္ဓာဖြစ်စဉ်ကို ကောင်း ကောင်းမသိတဲ့သဘောကြောင့် အာသဝေါထင်သလိုနှိပ်စက်တာ (မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အာသဝက ထင်သလိုနှိပ်စက်တာ တကာတကာမတွေ့ ခန္ဓာ့ သဘောကို မသိလို့....(မှန်ပါဘုရား)။

ဒါ သေသေချာချာမှတ်ပါ... (မှန်ပါ) ခင်ဗျားတို့ အာသ ဝေါက အသေချည့်ခိုင်း,အနာချည့်ခိုင်း,အအိုချည့်ခိုင်း,အပါယ် လေးပါးချည့် ရောက်ခိုင်းနေတာ အာသဝပါဘဲ.... ( မှန်ပါ ဘုရား)။

ဘယ့်နှယ်ကြောင့် သူခိုင်းနိုင်သလောက် ကျုပ်တို့ကို ခိုင်းနေ

ပါလိမ့်မလဲလို့ တကာသစ်မေးလို့ရှိယင် ကျုပ်တို့က ခန္ဓာအရှိနဲ့ ဥာဏ်အသိဆိုတာကို ကျုပ်တို့ မရလို့....(မှန်ပါ)။

ခန္ဓာအရှိနဲ့ ဥာဏ်အသိကို....(မရလို့ပါဘုရား) ကြောက်စရာ တယ်ကောင်းပါကလား....(ကောင်းပါတယ်ဘုရား)။

ခန္ဓာအရှိကို ဥာဏ်အသိ မရပြီဆိုမှဖြင့် ခန္ဓာအရှိနဲ့ ဥာဏ် အသိ မကိုက်ကြပြီဆိုမှဖြင့် တကာတကာမတို့ အာသဝေါ စီမံ ရာဖြစ်တဲ့ အပါယ်လေးပါး—(မှန်ပါ) အာသဝေါစီမံရာ ဖြစ်တဲ့ သုံးဆဲ့တဘုံပေါ့ဗျာ— (မှန်ပါ)။

အရိုးချင်းထပ်ပြီးသကာလ အလောင်းချင်းထပ်အောင် လုပ် နေတာ ဘယ်သူပါလိမ့်....(အာသဝေါပါဘုရား) အဲဒီပုဂ္ဂိုလ်တွေ ဟာ ဖြစ်ချင်တိုင်း ဖြစ်နေတာ ခန္ဓာအရှိနဲ့ ဥာဏ်အသိ မကိုက် တာဘဲ....(မှန်ပါ)။

သေသေချာချာမှတ်ပါ၊ ဒီတလုံးဟာ ခင်ဗျားတို့ သေပျော် တဲ့ တလုံးလို့ မှတ်စမ်းပါ— ( မှန်ပါ ) ခန္ဓာအရှိနဲ့ ဥာဏ်အသိ မကိုက်တဲ့အတွက် အာသဝေါတရား ထင်သလို ခြယ်လှယ်နေ တယ်....(မှန်ပါ)ပေါ်ကြပြီ....(ပေါ်ပါပြီဘုရား)။

ဘယ်လိုပေါ်ကြပါလိမ့် .... (ခန္ဓာအရှိနဲ့ ဥာဏ်အသိ မကိုက် လို့ အာသဝေါတရားထင်သလို ခြယ်လှယ်နေပါတယ်ဘုရား)။

အင်း—ဘယ့်နှယ်ကြောင့် သူက ကျုပ်တို့ကို ခြယ်လှယ်ပါ လိမ့်....(ခန္ဓာအရှိနဲ့ ဥာဏ်အသိ မကိုက်လို့ပါဘုရား)။

ဩြော်....ခန္ဓာအရှိနဲ့ ဥာဏ်အသိ မကိုက်လို့....( မှန်ပါ ) အံ့မာလေး—တကာကြွယ်တို့ ဦးလှဘူးတို့ ဒီ လက်သည်ကလေး ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးပွင့်မှ—

" ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ "

ဇာနံတော=ခန္ဓာအရှိကို ရှုသောပုဂ္ဂိုလ်အား၊ ပဿတော= ခန္ဓာအရှိကို မြင်သောပုဂ္ဂိုလ်အား၊ အာသဝါနံ=အာသဝေါ တရားတို့၏၊ ခယံ=ကုန်ခြင်းကို၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ= ဟောတော်မူ၏....ဆိုတော့ ကိုက်နေတာပေါ့.... (မှန်ပါ့ဘုရား) တကာကြွယ်— သေပျော်တဲ့တရားဆိုတာ ပေါ်ပြီ— (ပေါ်ပါပြီ ဘုရား)။

တကာတကာမတို့ သာမညနားနဲ့ မဆောင်ဘဲနဲ့ ဩော်.... ဟုတ်ပါလားလို့ ဆုံးဖြတ်ချက်ချနိုင်တဲ့ နားနဲ့ ထောင်စမ်းပါ— (မှန်ပါ)။

ဩော်....ဟုတ်ပါလား....ဒီဥစ္စာ တယ်ဟုတ်ပါလား....၊ ခန္ဓာ အရှိနဲ့ ဉာဏ်အသိ မကိုက်ပြီဆိုမှဖြင့် အရိုးတောင်နှယ်ပုံ၊အသွေး သမုဒ္ဒရာလောက် များတာဟာ ခန္ဓာအရှိ ဉာဏ်မသိတဲ့ ပုဂ္ဂိုလ် ၏ ဖြစ်ဘိုရာလမ်းစဉ်....( မှန်ပါ ) ရိပ်မိကြပါပြီ— (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် သေသေချာချာ တကာတကာမတွေ စဉ်းစားပါ....၊ ဆရာဘုန်းကြီး နေ့တိုင်း ဆုံးမ သွန်သင်ပြီးသကာလ နေလိုက် တာ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်အောင်ချည့် ပြောနေတယ်.... (မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးဟာ တနေ့လဲ ဝိပဿနာ၊ တနေ့လဲ ဝိပဿနာ၊ ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်တာ ဝိပဿနာ ကိုးဗျ— (မှန်ပါ)။

အဲဒါကို ဘယ့်နှယ်ကြောင့် အရေးတကြီး ပြောနေပါလိမ့် မလဲဆိုတဲ့ ဥစ္စာဖြင့် ယနေ့ ဩဝ်... ပြောသင့်ပေတယ်...(မှန်ပါ ဘုရား)ပြောသင့်ပေတယ်ဆိုတာကိုဖြင့် တကာတကာမတို့ ယနေ့ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့)။

တကယ်လို့ ဒီခန္ဓာအရှိနဲ့ ဥာဏ်အသိ ဝိပဿနာကို ဆရာ ဘုန်းကြီးကလဲ မပြ၊ ဘုရားဟောတော်မူတဲ့နည်းကို မရဘူးဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ အာသဝေါစီမံရာဖြစ်တဲ့ ဆော့တပ်တဲ့ ခလေးငယ်ငယ်လက်ထဲ ရောက်တဲ့ ခွေးငယ်ကလေး ကြိုးတပ်ပြီး အကိုင်ခံရသလိုဖြစ်နေတယ်....(မှန်ပါ့)ဟိုဆွဲသွားလိုက် လည်ပင်း တန်းလန်း-တန်းလန်းနဲ့၊ ဒီဘက် ဆွဲသွားလိုက် လည်ပင်း တန်း လန်းနဲ့....(မှန်ပါ)။

တကာတကာမတို့ ခလေးနဲ့ခွေးဆိုတဲ့ဥစ္စာသည်ကား ခင်ဗျားတို့ သိတဲ့အတိုင်း ခလေးကလဲ ဘာမှမသိ၊ ခွေးကလဲ ဘာမှမသိနဲ့ ဖြစ်ချင်သလို ဖြစ်နေတယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်တို့ သေသေချာချာ ဥာဏ်နားနဲ့ ထောင်တော့မှ ခန္ဓာအရှိနဲ့ ဥာဏ်မသိ ဖြစ်နေလို့ရှိယင်ဖြင့် အဝိဇ္ဇာက တကာတကာမတို့ကို ခလေးထားပြီးသကာလ ကျုပ်တို့က ခွေးသဏ္ဍာန်နဲ့ ဖြစ်ချင်သလို ဖြစ်ရမယ်....(ဖြစ်ရပါမယ် ဘုရား)။

ဘယ်လောက် ကြောက်စရာကောင်းသတုံး .... (ကောင်းပါ တယ်ဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ ထောင့်ကြည့်တော့မှ ဪ... ဟုတ်ပါလား...၊ ဒို့မှာ တနေ့သော်လဲ အာသဝေါ၏စီမံရာ လိုက်ရ၊ တနေ့သော်လဲ အာသဝေါ၏ စီမံရာလိုက်ရနဲ့...(မှန်ပါ) တကာကြွယ်ကြီးတို့များ အခု နိုးလာတာ မကြာသေးပါဘူး— (မကြာသေးပါဘုရား)။

တခါတည်း အာသဝကနေပြီး မိုးလင်းအိမ်က ထွက်ဟော့— ဆိုပြီးသကာလ မိုးလင်း အိမ်က ထွက်ခိုင်းချလိုက်တယ်—(မှန်ပါ ဘုရား)။

ဘယ်သူက အထွက်ခိုင်းပါလိမ့် ....(ကာမာသဝက အထွက် ခိုင်းပါတယ်ဘုရား)။

ကာမာသဝက အထွက်ခိုင်းလိုက်တယ်....(မှန်ပါ) လုပ်ဟာ.... ကိုင်ဟာနဲ့ မောမှန်းမသိ၊ ပန်းမှန်းမသိ၊ မင်းသွားမှ မင်းရမည့် ဥစ္စာဘဲဆိုပြီး ကာမာသဝဆိုတဲ့ ငါးပါးအာရုံ ကာမဂုဏ်နောက် ကောက်ကောက်ပါအောင်လိုက်ကြတာ....(မှန်ပါ)။

ပြန်လာလဲ ဘယ်သူပါလိမ့်မတုံးလို့ လက်သည်ဖမ်းမမိဘူး— (မမိပါ)သွားတော့လဲ ဘယ်သူထုတ်လိုက်ပါလိမ့်မတုံး—ဒီအမော ဆိုက်အောင်လို့....(မမိပါဘုရား) လက်သည် မမိဘူး—(မှန်ပါ ဘုရား)။

ဦးမာဒင်တို့— ဦးမောင်ကလေးတို့ .... တကာသစ်တို့ ရိပ်မိ လောက်ပါပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဟာ ဒီထဲမှာ လာတဲ့ပုဂ္ဂိုလ်ဟာ နည်းနည်းကလေး ရိပ်မိ သယောင် ရှိတယ်နော်—(မှန်ပါ)။

အင်း... အာသဝခိုင်းလို့ သွားရဦးမယ်ဆိုတဲ့ညည်းလုံးကလေး တချက်,တချက်လာတယ်....(မှန်ပါ) ဘာမှ မသိတဲ့ပုဂ္ဂိုလ်များ တခါတည်း ခုနင်က ခလေးနဲ့ခွေးဆွဲသလိုဘဲ...(မှန်ပါ) ဖြစ်ချင်သလိုဖြစ်ပြီးသကာလ နေတာဘဲ ဆိုတာကိုဖြင့် တကာကြွယ်ငြင်းဆန်မနေနဲ့တော့ မှန်တယ် ဝန်ခံရမှာဘဲ....( မှန်ပါတယ် ) အတော်ဆိုးပါကလား...(ဆိုးပါတယ်ဘုရား)။

အခု တကာသစ်တို့ လုပ်ကိုင်လာတာ လူလားမြောက်ကတည်းက အသက်မွေးဝမ်းကျောင်းရှာလာကြတယ်... (မှန်လှပါဘုရား)။

ဟာ...တကာသစ် ဘယ့်နှယ်ကြောင့်တုံး ခင်ဗျား တနေ့မှလဲ စိတ်ချမ်းသာ, လက်ချမ်းသာ ဘဝင်အေးအေးနဲ့ ကိုယ့်အိမ်ကလေးဆောက်ထားပြီး ကိုယ့်အိမ်,ကိုယ့်ယာကလေးမှာ လေပြေ,လေညှင်းခံပြီး ယပ်တောင်ကလေးခပ်ပြီးသကာလ အေးအေးဆေးဆေးမနေနိုင်တာ ဘာ့ကြောင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ လက်သည် ရှာမတွေ့ဘူး....(မှန်ပါ) ကာမာသဝဘဲ... (မှန်ပါ)။

အိမ်မနေနဲ့ကွ....(မှန်ပါ) အိမ်နေလို့ မင်းမှာ ပိုက်ဆံတပြားဝင်မှာလား....( မှန်ပါ ) မင်းဟာ ပိုက်ဆံမရှိယင် လူ့အောက်ကျလိမ့်မယ်.... (မှန်ပါ) အပါယ်ကျမှာတော့ ထည့်ပြီး မပြောပါဘူး....(မပြောပါဘုရား)။

လူ့အောက်ကျမှာတော့ သူက အတော်တရားဟောကောင်းတယ်....(မှန်ပါ) ကာမာသဝက ဘုန်းကြီးတို့ထက် တရားဟောသာတယ်....(မှန်ပါ)။

ဘုန်းကြီးတို့ထက်သာတယ်၊ ဘုန်းကြီး တော်တော် အပြော ကောင်းတယ် အောက်မေ့တယ်၊ ကာမာသဝနဲ့ကျယင် ခင်ဗျား တို့က ကာမာသဝဘက်ကိုမှ မှန်ပါ့-ဟုတ်ပါ့-နဲ့ လိုက်တာဘဲ.... (မှန်ပါ့) ဘုန်းကြီးဘက် မှန်ပါ့-ဟုတ်ပါ့-လိုက်တာက ဒီနာရီ ကလေးတွင်....(မှန်ပါ့)။

ဒီ့ပြင်အချိန်တွေကျတော့ ကာမာသဝက ဟောတာကိုဘဲ မှန်ပါ့-ဟုတ်ပါ့-လိုက်နေတယ်...(လိုက်နေပါတယ်ဘုရား) ဖြစ်မှ ဖြစ်ရပလေ.... ကြောက်စရာကြီးပါကလား တကာတကာမတို့.... (မှန်ပါ့)။

ဘယ်သူ့လက်အောက်ခံ ဖြစ်နေသတုံး.... (ကာမာသဝ လက် အောက်ခံဖြစ်နေပါတယ်ဘုရား)ကာမာသဝက ရစရာရှိယင် သွား လိုက်ဦးလေကွာ....၊ မင်းသွားမှ ပြီးမှာ မင်းမျက်နှာမှ သူတို့က လေးစားတာ....(မှန်ပါ့)။

အံမာ....မင်းသွားမှ....တဲ့၊ ဘယ်သူက ခိုင်းပါလိမ့်....(ကာမာ သဝက ခိုင်းပါတယ်ဘုရား)။

ပြီးတော့.... ခင်ဗျားတို့က ဘုန်းကြီးကို ကျေးဇူးတင်တာ ထက်တောင် တင်လိုက်သေးတယ်.... (မှန်ပါ့ဘုရား) သွားမိလို့၊ ဒါကလေး ဒီအရင်းကလေးပြန်ပြီးသကာလ ရတာ၊ ဒီ ပုဂ္ဂိုလ်က အင်မတန် ကပ်တယ်ဆိုပြီးသကာလ သူ့ကျေးဇူးတင်သေးတယ် (မှန်ပါ့)။

ကာမာသဝကို ကျေးဇူးတင်သေးတယ်၊ ဘုန်းကြီးတို့ကျ တော့ သိတင်းကျွတ်ကျမှ သတိရတယ်....(မှန်ပါ့)။

အင်း.... တန်ခူးလကျမှ သတိရတယ်၊ ကာမာသဝကိုတော့ နေ့တိုင်းသတိရတယ်....(မှန်ပါ)။

နေ့တိုင်းသတိရတယ်၊ သူ့ကျေးဇူး၊ ကိုယ်ထထ, ကြွကြွလုပ်နိုင်လို့ ဒါကလေး သိမ်းမိ ပိုက်မိလိုက်တာ အခါကောင်းတလေး မိလိုက်တာ.... (မှန်ပါ) အဲဒါ ဘယ်သူ့ ကျေးဇူးတင်တာတုံး...(ကာမာသဝ ကျေးဇူးတင်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ 'အာသဝဂုဏော အနန္တော' ဖြစ်နေပြီ-(မှန်လှပါ) အတော်ဆိုးနေပြီ— ( မှန်ပါ ) မဆိုးဘူးလား—(ဆိုးပါတယ်ဘုရား)။

အံမာလေး....တဏှာတကာမတွေ ဒါ့ကြောင့် အာသဝများခိုင်းတဲ့အခါကျတော့ ဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌာသဝက မင်းကွာ.... ဘယ်အရှက်ကလေးကိုင်ပြီး သွားပါလား၊ အင်း....ဒိဋ္ဌာသဝက တွန်းလွှတ်တယ်....(မှန်ပါ)ဘယ်နေ့ထွက်ကွ၊ ဒီနေ့ ရက်ရာဇာ မဟုတ်ဘူး၊ ဒီနေ့ နတ်နဲ့ရင်ဆိုင်ကျတယ်၊ အင်း....ဒိဋ္ဌာသဝက-(မှန်ပါ) ဒိဋ္ဌာသဝကလဲ ပါသေးတယ်—(ပါပါတယ်ဘုရား)။

ကာမာသဝက တွန်းရတဲ့အထဲ ဒိဋ္ဌာသဝက နိမိတ်ယူဦးကွ-တဲ့ (မှန်ပါ) ဖြစ်မှ ဖြစ်ရပလေ....အရှုးထ,ပုံများ ပိုလိုက်တဲ့ဖြစ်ခြင်း-(မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကာမာသဝက တွန်းထုတ်နေတဲ့ အခါကျတော့ ဒိဋ္ဌာသဝကလဲ အကူအညီပေးလိုက်တယ်....(မှန်ပါ)။

ဘာ့ကြောင့်တုံး-ဆိုတော့ ရှုးသည်ထက် ရှုးပြီးသကာလ သေခြင်းဆိုး သေသည်ထက် သေအောင်လို့ ဖြည့်ပေးနေတယ်...

(မှန်ပါ့) အံမာလေး....ကြောက်စရာကောင်းလိုက်တဲ့ အာသဝ· (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကာမာသဝ က သွားကွ-မင်းသွား၊ မင်းသွားယင် ဒီဟာ နေရာကျမှာဘဲဆိုတာက ကာမာသဝ....(မှန်ပါ့)။

ဒိဋ္ဌာသဝက တခါတည်း ဒီနေ့ဒီရက် မကောင်းသေးဘူး၊ အဲဒီရက်ကျမှ မင်းသည်ကားလို့ဆိုယင်ဖြင့် ဘယ်လိုဟာ့ကလေး ဘာကလေး ကိုင်ဆုပ်ပြီးသကာလသွားကွ-(မှန်ပါ့)ဟိုပုဂ္ဂိုလ်က ပြုံးပြုံး မင့်ကိုလက်ခံလိမ့်မယ်....(မှန်ပါ့) အင်း-ဒါက ဘာပါ လိမ့်မယ်...(ဒိဋ္ဌာသဝပါဘုရား) ဖြစ်မှ ဖြစ်ရလေဗျာ·ကာမာသဝ နောက်က ဒိဋ္ဌာသဝလိုက်လာတယ်...(လိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာသဝကလဲ သွားယင် သွားတဲ့ဒုက္ခ၊ ကျင်ကြီးကျင်ငယ် စွန့်ရတဲ့ဒုက္ခ၊ မောပန်းတဲ့ဒုက္ခကို မသိအောင်ဖုံးထားတဲ့ အဝိဇ္ဇာ သဝ....(မှန်ပါ့)။

အင်း....သူကလဲ သွားသာသွားကွ၊ သွားကျိုးနုပ်လိမ့်မယ်ဘဲ (မှန်ပါ့) မပြုံးနိုင်အောင် မောတာတောင်မှလဲ အဝိဇ္ဇာသဝ ကြောင့်လို့ သိရဲ့လား...(မသိပါဘုရား) သူကလဲ တွန်းထုတ် တာဘဲ...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါမှ မင်း-ပေးရ,ကမ်းရ,လှူရ,တမ်းရတာ၊ ဒီဘဝ ဒါလောက် ချမ်းသာတယ်၊ နောက်ဘဝကျ ဒီ့ထက်ချမ်းသာမှာပေါ့ဆိုပြီး တော့ ရလာလို့ရှိယင် ဘဝါသဝကလဲ ဝေဘန်တယ်..(မှန်ပါ့) ဆွမ်းကလေး ကျွေးဦးကွ....၊ ဒါမှ နောက်ဘဝ ချမ်းသာမှာ....

(မှန်ပါ့) ဘဝါသဝပါ့လာတယ်....(ပါလာပါတယ်) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မရခင်တုန်းက ဘဝါသဝ မလာသေးဘူး.... (မလာသေးပါ ဘုရား) ရလာလို့ မျှား တသောင်းရင်းလို့ တထောင်ဝင်လာတဲ့ အခါမျှား ဘဝါသဝက ဝင်လာတယ်....(မှန်ပါ့) လုပ်ဦးလေကွာ စီးပွားတက်တဲ့အခါ သေတတ်တယ်... (မှန်ပါ့) ပေးတန်ပေး၊ ဖဲ့တန်တာဖဲ့ပေးရတယ်....တဲ့... (မှန်ပါ့)။

အံမာလေး-ဖြစ်မှုဖြစ်ရပလေ တကာ့တကာမတို့ ဘယ်ဟာက ဝင်လာတာတုံး....(ဘဝါသဝက ဝင်လာတာပါဘုရား)။

ဘဝါသဝက ခိုင်းတာ....(မှန်ပါ့) မင်း- ဒီဘဝချမ်းသာတာ မဖြစ်လောက်ပါဘူးကွာ၊ နောက်ဘဝ ဒီ့ထက်ချမ်းသာတာတွေ အကြောင်းရှိသေးတယ်၊ အဲဒီတော့ တဘဝတည်းနဲ့လဲ မင်း- နိဗ္ဗာန်ရမှာမဟုတ်ဘူး... ( မှန်ပါ့ ) ရလိမ့်ဦးမယ်ဟောတာတွေ အကုန်ဖုံးထားတယ်....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဘုရားက ညနေအားထုတ်ယင် မနက်ရပါတယ်လို့ ဟော ထားတာ သူက ဖုံးလိုက်သေးတယ်....(မှန်ပါ့) ဒါ....ဘယ်သူက ဖုံးတာပါလိမ့်... (ဘဝါသဝက ဖုံးတာပါဘုရား)။

တဘဝတည်းနဲ့ နိဗ္ဗာန်ရမှာမဟုတ်ဘူးကွ၊ သံသရာမှာ မင်း- ဥစ္စာထုပ်မပါလို့ ရှိယင် ရေဗျူးနဲ့ ဘိနပ်မပါ နွေခါမှသိ ဒါနနဲ့ သီလမပါယင် သေခါမှသိ သူက ဟောတဲ့တရား....(မှန်ပါ့) ရိပ်မိ ပလား... (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ဟောပါသိမ့်.... ( ဘဝါသဝက ဟောပါတယ်ဘုရား) အဲဒီမှာ ခင်ဗျားတို့က ပြုံးပြီးသကာလ အလှူ့ရှင်ကြီးများ လုပ်နေလိုက်သေးတယ်....(မှန်ပါ့)။

အံမာလေး....ကြောက်စရာကြီးပါလား တကာတကာမတို့...(မှန်ပါ့ဘုရား) အာသဝလေးခု ဝိုင်းပြီးမျှား နှိပ်စက်ချလိုက်တာ ဦးမာဒင်ကြီးတို့ ပြုံးခဲ့လှပြီ- (ပြုံးခဲ့ပါပြီဘုရား)။

အာသဝ ဘယ်နှစ်ခုစိမ့်တာပါလိမ့်.... ( လေးခုပါဘုရား ) ဟာ... သိကို မသိဘူး တကာကြွယ်-ရေ.. (မသိပါဘုရား) အိမ်ကအထွက်ခိုင်းတာလဲ ဘာတုံး...(ကာမာသဝပါဘုရား) ဘယ်နေ့ဘယ်ရက်မှ ထွက်ဆိုတာက....(ဒိဋ္ဌာသဝပါဘုရား)လမ်းသွားယင်ဒုက္ခဖြစ်လိမ့်မယ်လို့ မသိအောင် ဖုံးထားတာက....(အဝိဇ္ဇာသဝပါဘုရား) ရလာတဲ့ပစ္စည်းကလေး တဘဝတည်းနဲ့ မင်းပြီးမှာမဟုတ်ဘူး ဟောတာက....(ဘဝါသဝပါဘုရား) သူတို့လေးခုထဲမျောတော့တာဘဲ....(မှန်ပါ့)။

ဒါ.... ဘုန်းကြီး ကြံဖန်ပြောတာလား၊ ဖြစ်စဉ်ကိုက်လားပြောပါဦး....(ဖြစ်စဉ်ကိုက်ပါဘုရား) တကာကြွယ် ဘယ်နှစ်ခါဖြစ်ပြီးပလဲ.... ( မရေတွက်နိုင်ပါဘုရား ) မရေတွက်နိုင်ဘူး....မြုပ်-မြုပ်ပါ့မလား....(မြုပ်ပါတယ်ဘုရား) ဒါ-သေသေချာချာဟောယင် မြုပ်လမ်းမျှောလမ်းဘဲ....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒီဥစ္စာ တကာတကာမတွေ အာသဝလေးခုဟာ အိမ်ထဲမှာ

ခြယ်လယ်ပြီးသကာလ ခင်ဗျားတို့ကတော့ အတွင်းသူ့ အတွင်းသားလုပ်ထားတယ်....(မှန်ပါ)။

ဘယ်လိုလုပ်ထားသတုံး....(အတွင်းသူ့ အတွင်းသားလုပ်ထားပါတယ်ဘုရား) ဘယ်သူ့ကို လုပ်ထားသတုံး.... (အာသဝလေးပါးကို လုပ်ထားပါတယ်ဘုရား) အာသဝ လေးပါးကို အတွင်းသူ အတွင်းသားလုပ်ထားတယ်....(မှန်ပါ)။

တစ္ဆာကြွယ် ယုံပလား.... (ယုံပါပြီ) အာသဝလေးပါးကို ခင်ဗျားတို့မှာ.... (အတွင်းသူ အတွင်းသားလုပ်ထားပါတယ်) သူမရှိယင် နေလို့မဖြစ်ဘူး....(မှန်ပါ) အံ့မခန်း .... ကြောက်စရာကြီးပါကလား....(မှန်ပါဘုရား)။

ဟုတ်ပါတယ်တဲ့၊ အာသဝလေးပါးဟာ ခင်ဗျားတို့ အခု သေသေချာချာပြောတော့ ပေါ်ပါတယ်....(မှန်ပါ) စီးပွားရှာထွက်ဟော့ .... ထိုင်နေလို့တော့ဖြင့် ခြံသို့ကြီးတောင် အိပ်နေယင် ပါးစပ်ထဲ သားကောင် ဝင်တာမဟုတ်ဘူးကွ၊ အံ့မခန်း ဟောပြီ-ဟောပြီ တရားကို....(မှန်ပါ) ဘယ်သူကဟောတာတုံး-(ကာမာသဝကပါဘုရား)။

ကာမာသဝကဟောတာ ခင်ဗျားတို့ကလဲ့ ဟုတ်ပါ- မှန်ပါ ပေါ့လေ....(မှန်ပါ) အံ့မခန်း တကယ့်လူတွေပါကလား .... (မှန်ပါဘုရား)။

ဟောတဲ့ဆရာကလဲ ဘုန်းကံကြီးရှင်လား- တကယ့်အဆင်းတွန်းလား....(အဆင်းတွန်းပါ) အဆင်းတွန်းပေမဲ့ ခင်ဗျားတို့

ကတော့ ဟုတ်ပါ့-မှန်ပါ့ဘဲလိုက်ပြီး ဟုတ်တယ်၊ သွားမှ- သွားမှု၊ တကာကြွယ်တို့ဖြင့် မိုးတောင်လင်းခဲတယ် အောက်မေ့နေမယ်- (မှန်ပါ့)။

မိုးတောင်လင်းခဲတယ် အောက်မေ့နေတယ် တကာကြွယ်ရ- (အောက်မေ့ပါတယ်)အဲဒါ ဘယ်သူ့သတ္တိထင်သတုံး-(ကာမာ သဝသတ္တိပါ) ကာမာသဝသတ္တိနော်....(မှန်ပါ့ဘုရား)။

သို့သော်လဲ မိုးလင်းတဲ့ အခါကျလို့ရှိယင်ဖြင့် ဒီနေ့ နေ့ ကောင်း နေ့မြတ်ပါဘဲ၊ ရက်ရာဇာကျတယ်၊ ကိုယ့်စိတ်ကူးနဲ့ တည့်လိုက်တာဆိုပြီး ထွက်သွားတယ်... (မှန်ပါ့) ဒါကဘာတုံး- (ဒိဋ္ဌာသဝပါဘုရား)။

ဒိဋ္ဌာသဝတဲ့၊ အံမာလေး — ရွေးကြသေးလား — (မှန်ပါ့) ဟာ... ရွေးရတာပေါ့ဘုရား ပြက္ခဒိန်ရှိနေတာ....(မှန်ပါ့) မရွေး ကြဘူးလား တကာကြွယ်....(ရွေးကြပါတယ်ဘုရား)။

စုံစုံစမ်းစမ်း လုပ်ရတယ်ကွတဲ့ လူကြီးက ဆုံးမထားတာ.... (မှန်ပါ့)လူကြီးတွေပါ- ပါသွားပြန်ပြီ.... (မှန်ပါ့) အတော်ဆိုး နေတာ....(မှန်ပါ့ဘုရား)။

"သုနက္ခတ္တံ သုမင်္ဂလံ"နဲ့တော့ တယ်လဲ့တယ်.... ( မှန်ပါ့ ) ခင်ဗျားတို့ ပရိတ်ကြီး ပုဗ္ဗဏှသုတ်မှာ"သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ ဘာတံ သုဝုဋ္ဌိတံ"ဆိုတဲ့ဥစ္စာက ဒီနေ့ သူတော်ကောင်းအလုပ်- လုပ်တဲ့နေ့ဟာ ကောင်းသောနက္ခတ်နှင့် ကြုံသကွ.... (မှန်ပါ့)။

ဒီနေ့ သူတော်ကောင်း စိတ်ကလေးနဲ့ အနိစ္စဆိုပြီးနိုးလာ တယ်ကွာ- ဘုရားဆိုပြီး နိုးလာတယ်ဆိုယင် ကောင်းသောနိုး

ခြင်းကွ....(မှန်ပါ့)နေ့ပါသေးသလား....(မပါ-ပါ) ရက်ပါသေးသလား....(မပါ·ပါဘုရား)။

အဲဒီပါဠိတော်ကိုလဲ ခင်ဗျားတို့က ရတော့ ထားပါရဲ့ အနက်ရယ်ကောင်းထဲသုံးထားတယ်...(မှန်ပါ) ဂွကျလိုက်တဲ့ဖြစ်ခြင်း (မှန်ပါ့) ဒီလိုနိုးပါ ဒီလိုထ့ပါလို့ သင်ထားတာ — (မှန်ပါ့ ဘုရား)။

တကာကြွယ် ကောင်းသောစိတ်ထားနဲ့ ကောင်းသောမြည်တွန်ခြင်းနှင့် ကောင်းသော ဥာဏ်ဆောက်ခြင်းနှင့်နိုးပါ- ထပါကွာ ဒါ ကောင်းသောနက္ခတ်ဘဲလို့ ဘုရားကသင်ထားတာ — (မှန်ပါ့ ဘုရား)။

အဲဒါ တကာကြွယ်တို့က ည့အိပ်ရာဝင်မှ ပုဗ္ဗဏှသုတ်ကလဲ ရွတ်သကိုးဗျ....(ရွတ်ပါတယ်) နိုးတော့ တော်အောင်နိုးတာဘဲ-(မှန်ပါ့) ထ့တော့ကော — ( တော်အောင်ထပါတယ် ) တော်အောင် ထ့တာဘဲ ပုဗ္ဗဏှသုတ်ကိုမပါဘူး —(မှန်ပါ့) အဲဒီပုဗ္ဗဏှသုတ်ကို ဘုရားက နိုးတာ ထ့တာကို အရေးတကြီး ထားဟောတာ(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က နိုးတာ ထ့တာတော့ဖြင့် ဘာနဲ့နိုးရနိုးရ၊ ဘယ်ကာမာသဝနဲ့ နိုးရနိုးရ၊ဒိဋ္ဌာသဝနဲ့ နိုးရနိုးရ တကာတကာမတို့ ခင်ဗျားတို့မှာ အာသဝလျှံစားသလို ခံနေရတယ်....(ခံရပါတယ်ဘုရား)။

ဒါ အင်မတန်အရေးကြီးတဲ့ စကားကိုပြောနေတယ်၊ ဟော

နေတယ်မှတ်ပါ....(မှန်ပါ) ဦးမာဒင် အရေးမကြီးဘူးလား— (ကြီးပါတယ်ဘုရား)။

အင်မတန် အရေးကြီးတယ် တကာတကာမတို့ — (မှန်ပါ) ခင်ဗျားတို့မှာဖြင့် ဘုန်းကြီးတို့လို ပုဂ္ဂိုလ်က မပြောတော့ဘူး ဆိုယင် မျက်စိဟာ ဒေါင်ချာစိုင်း လည်သွားတယ်...( မှန်ပါ ) ပြင်ပေးမည့်လူလဲ မလာဘူး... (မလာပါဘုရား)။

ပြင်ပေးမည့်လူကလဲ ကိုယ်လိုလူဘဲ...(မှန်ပါ) အင်း...သူက အသက်ကြီးတာတော့ ပိုရဲ့လေ....၊ ဒါဘဲရှိတယ်၊ ဒီ့ပြင်တော့ မရှိဘူး....(မှန်ပါဘုရား)။

အသက်ကြီးတာပိုတယ်၊ ရှေ့မှီ- နောက်မှီရယ်လို့ ခင်ဗျား တို့က အတည်ပြုတတ်တယ်.... ( မှန်ပါ ) ခက်လိုက်တဲ့ဖြစ်ခြင်း ကလဲ စင်စစ်တော့ဖြင့် အာသဝကြောင့် ကိုယ့်မှာ ဒေါင်ချာ စိုင်းနေတဲ့ဥစ္စာကို တကာသစ်တို့ကလဲ ကျေးဇူးတော်ရှင်ကြီး မှတ်နေတဲ့ အမိပ္ပါယ်လဲ တယ်ဆိုးတယ်....(ဆိုးပါတယ်)ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

နေ့ကောင်းရက်သာများ ရွှေးကြဦးကွ သွားမည်· လာမည် ကြံယင်....(မှန်ပါ)အင်း....ဘယ်သူကပါလိမ့်.... (ဒိဋ္ဌာသဝကပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

လမ်းသွားလို့ရှိယင်ဖြင့်ကွာ သွားရတာလဲ လှမ်းရတဲ့ဒုက္ခ, ကြွရတဲ့ဒုက္ခ, ချရတဲ့ဒုက္ခ, စိတ်ကူးရတဲ့ဒုက္ခ, သူတပါးဆီမှာ မျက်နှာ အောက်ချပြီးသကာလ ပြောရတဲ့ဒုက္ခ, မျက်နှာတင်း

တင်းထားပြီးသကာလ ပြောရတဲ့ ဒေါသနဲ့ ပတ်သက်တဲ့ဒုက္ခ၊ ဝမ်းသာရတဲ့ သောမနဿဒုက္ခ၊ ဒီဒုက္ခတွေကို ငါဖြင့်ရှေ့သွားယင် ဖြစ်ရမှာ အကုန်ဒုက္ခချည့်ဘဲလို့ကော သိရဲ့လား… ( မသိပါ ) အဲဒါက ဘာပါလိမ့်….(အဝိဇ္ဇာသဝပါဘုရား)။

ဩော်….စုံလဲစုံပါ့ဗျာ….(မှန်ပါ့) တကာကြွယ် မစုံဘူးလား ခင်ဗျားတို့ လမ်းထွက်သွားတဲ့အခါ…. (စုံပါတယ်) ဘယ်နှစ်ခု တွန်းထုတ်လိုက်သလဲ….(လေးခုတွန်းထုတ်ပါတယ်ဘုရား)။

ကိုင်း…မင်းကိုခိုင်းတန်သလောက် ငါခိုင်းဦးမယ်ကွနော်….၊ ပြီးမှအပါယ်ပို့မယ်… (မှန်ပါ) ဘယ်သူပါလိမ့် …. (အာသဝပါ ဘုရား)။

ခိုင်းနိုင်သလောက် ခိုင်းပြီးမှ မင်းကို အပါယ်ပို့မယ်ဆိုတာ ဘယ်သူတုံး… (အာသဝပါဘုရား)။

တကာကြွယ် ကဲ… ခင်ဗျားတို့က မသိဘူး….(မှန်ပါ့)မသိဘူး၊ တကာတကာမတွေကလဲ ဒီဥစ္စာ ဩော် …. လူရယ်လို့ဖြစ်တော့ ဒီလိုမှမနေလဲ ဘယ်ဖြစ်မတုံးတဲ့ (မှန်ပါ့) လူရယ်လို့ဖြစ်နေတာ ကိုး….(မှန်ပါ့ဘုရား)။

ခက်နေလိုက်တာ လူရယ်လို့ဖြစ်ပြန်ပြီတဲ့ ဒိဋ္ဌာသဝက …. (မှန်ပါ့)ရိပ်မိပလား….(ရိပ်မိပါပြီဘုရား)။

လူရယ်လို့ဖြစ်နေတာ ဒီလိုမှမလုပ်ယင် ဒီသားနဲ့ ဒီသမီးနဲ့ ဒီလိုမှရှာမကျွေးယင် ဘယ့်နှယ်လုပ်မလဲဘုရာ့ အရှင်ဘုရားတို့က ပြောတော့ အလွယ်ကလေးရယ်… (မှန်ပါ့) တပည့်တော်ဒိဋ္ဌိမစွန့် နိုင်ဘူး… (မှန်ပါ့) သဘောပါရဲ့လား…. (ပါ-ပါတယ်ဘုရား)။

အံမာလေး—ကြောက်စရာကြီးပါကလား ခင်ဗျားတို့ ဆင်ခြေကလဲ တပည့်တော်အပါယ်သွားတော့ မစွန့်နိုင်ဘူးပြောတာ (မှန်ပါ့ဘုရား)။

ဒိဋ္ဌိသဘောရှိယင် အပါယ်သွားရမှာကိုး.... (မှန်ပါ့) အဲဒါကျတော့ တကာတကာမတွေက မစွန့်နိုင်ဘူးပြောတာ.... (မှန်ပါ့ မစွန့်နိုင်ဘူးပြောတာပါ) မစွန့်နိုင်ဘူးပြောတာ ပေမျှားပေလိုက်သေးတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့တုံး....(မစွန့်နိုင်ဘူးပြောတာပါ) မစွန့်နိုင်ဘူးပြောတာ ပေတာဘဲမဟုတ်ဘူးလား...( မှန်ပါ့ဘုရား ) လူကြီးပေလား· ခလေးပေလားဗျာ....(လူကြီးပေပါဘုရား)။

ကြောက်စရာကြီးပါလား ခင်ဗျားတို့အတွင်း တရား ဟောရတဲ့ဘုန်းကြီးတောင် ခပ်ခက်ခက်ဖြစ်နေပြီ.... (မှန်ပါ့) လူကြီးပေတွေ ဟောရမလိုဖြစ်နေတာကိုး....(မှန်ပါ့ဘုရား)။

မသိလို့ဖြစ်နေကြတာ—(မှန်ပါ့) ကိုင်း .... ယနေ့တော့ဖြင့် အသိဉာဏ်ဖွင့်ပြီးသကာလ တကာ တကာမတွေ ပေးပါပြီတဲ့၊ အိမ်ကနေပြီး ရစရာရှိတဲ့ဆီ သွားကွာဆိုတာက တကာသစ် ဘာတဲ့တုံး.. (ကာမာသဝပါဘုရား)။

သို့သော် ယနေ့ပိုပြီးသကာလ ရက်ရာဇာ ကျတယ်ဆိုပြီး သကာလ ခင်ဗျားတို့ကသဲ အမှတ်အသားနဲ့ သွားပြန်တယ် .... (မှန်ပါ့)ဒါကဘာတုံး...(ဒိဋ္ဌာသဝပါဘုရား)။

လမ်းသွားရလို့ရှိယင်ဖြင့် သွားရတဲ့ ဒုက္ခအမျိုးမျိုးဘဲဆိုတာ

တွေးမိသေးရဲ့လား....(မတွေးမိပါ) မတွေးမိဘူး မသိတာဘဲ.... (မှန်ပါ)မသိတာက ဘာပါလိမ့်....(အဝိဇ္ဇာသဝပါဘုရား)။

ရလာတဲ့ပစ္စည်းကလေး ဒီနေ့တော့ဖြင့်ကွာ သောင်းကိုး ထောင်ရလာခဲ့တယ်၊လမ်းမှာတောင်းစားနေတဲ့ လူတွေလို့ရှိယင် မိတ်ဆွေသင်္ဂဟကလေး ဆင်းရဲတာတွေလို့ရှိယင်လဲ ၅၀-၁၀-တော့ ဖြန့်ခဲ့ဦးမယ်....(မှန်ပါ) နောက်ဘဝမဆင်းရဲအောင်.... (မှန်ပါ) ဘာပါလိမ့် ဒါက....(ဘဝါသဝပါဘုရား)။

လုပ်ကြလေဗျာ- မတတ်နိုင်ဘူး- အတော်ဆိုးနေတာ — (ဆိုးပါတယ်)ရိပ်မိကြရဲ့လား....(ရိပ်မိပါတယ်ဘုရား)။

ဒီလို ဘုန်းကြီးပြောတာကို ဟာ....ဘုန်းကြီးက ကျောင်းက ပြောနေတာလို့ ထင်မနေနဲ့....(မှန်ပါ) ခင်ဗျားတို့ဝမ်းထဲဖြစ်ပုံ ကို ပြောနေတာ—(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုန်းကြီးက ကျောင်းကနေပြောနေတာ မဟုတ်ပါဘူး .... ဝမ်းထဲမှာ ဖြစ်နေတတ်ပုံကို ပြောတာပါ—(မှန်ပါဘုရား)။

တကာကြွယ်....ဒီလေးပါးဟာ တခါတည်း တကာတကာမ တွေကို နှိပ်စက်လိုက်တဲ့ဥစ္စာ အို—မောလို့လဲ မောမှန်းမသိဘူး- (မှန်ပါ)။

သိပြန်တော့လဲ အမောကောင်းလို့တောင်မှ ကျေးဇူးတင် လိုက်သေးတယ်....(မှန်ပါ) ဒီနေ့တော့ မောကျိုးနပ်တယ်တဲ့.... (မှန်ပါ)။

ဘယ့်နှယ်ဖြစ်တာတုံး....ဘာဖြစ်တာတုံး တကာကြွယ်....(မော

ကျိုးနပ်ပါတယ်) မောကျိုးနပ်တယ်ဆိုတာ ဒုက္ခသစ္စာပိုမသိဘူး ပြောတာ....(မှန်ပါ)။

ဒုက္ခသစ္စာကို—(ပိုမသိပါ) ပိုမသိဘူးလို့ ပြောလိုက်တာ.... (မှန်ပါ) ဘယ်လောက်ကြီးကျယ်တဲ့ စကားလဲဆိုတာ အကဲခတ်ကြည့်စမ်း....(မှန်ပါ)။

ဒါ့ကြောင့် သစ္စာသိဘို့များ ခဲယဉ်းတယ်ဆိုတာ တကာ တကာမတွေ ဘယ်လောက်ထိအောင်များ ကွယ်ဝှက်နေတယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် သစ္စာမသိယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်ကလဲ မဖြစ်နိုင်....(မှန်ပါ)အာသဝလဲ ကုန်မယ်မဟုတ်ဘူး....(မှန်ပါ)ကုန်ပါ့မလား....(မကုန်ပါဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ အသက်တွေလဲ ကြီးကုန်၊အရွယ်တွေလဲ ကြီးကုန်ကြပြီ၊ဒီ အာသဝနယ်ကဖြင့် ငါတို့ အရိုးတောင်နှယ်ပုံအောင် လုပ်တာ အာသဝလေးပါးဟာ—(မှန်ပါ)။

မင်းတို့ကို အနိုင်မယူရသေးသ၍ကာလပတ်လုံးဖြင့် ငါတို့ အရိုးပုံဟာဖြင့် နောက်လဲ ပုံလို့ ပြီးမှာမဟုတ်ဘူး...( မှန်ပါ ) ဆိုပြီးသကာလ တကယ့်ရန်သူအစစ်လေးယောက် ယနေ့ဖမ်းပေးလိုက်တယ်....( မှန်ပါဘုရား )ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ရန်သူ ဘယ်နှစ်ယောက်မိသလဲ .... (လေးယောက် မိပါတယ်ဘုရား)။

ဒါကြောင့် ဘုရားက အာသဝဆိုတဲ့ဥစ္စာက သံသရာထဲမှာ လည်အောင်၊ မြုပ်အောင်၊ မျောအောင် လုပ်နိုင်တာ အာသဝ (မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အနာသဝဆိုတဲ့ဥစ္စာက အာသဝမရှိတာကွ....(မှန်ပါဘုရား) အာသဝမရှိတာက နိဗ္ဗာန်ကွ.... (မှန်ပါ)။

လည်စရာ,ပတ်စရာ,မြုပ်စရာ,မျောစရာ မရှိတာက ..(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည်တဲ့....ဒီ နိဗ္ဗာန်နဲ့ ဝေးနေတာ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့လဲ အာသဝကြောင့်....(မှန်ပါ)။

အာသဝ ဘယ့်နှယ်ကြောင့် ခြယ်လှယ်နိုင်ပါလိမ့်မတုံး မေးတော့ ခန္ဓာအရှိနဲ့ ဉာဏ်အသိ မကိုက်လို့....(မှန်ပါ) ပေါ်ပါပြီဗျာ....ဒါလောက်ဆိုယင် .... (မှန်ပါဘုရား) ပေါ်ပြီ....(မှန်ပါဘုရား)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိ မကိုက်သ၍ကာလပတ်လုံး ဦးမာဒင်တို့, ဦးမောင်ကလေးတို့, တကာသစ်တို့ သေသေချာချာမှတ်.... ဘယ်တော့မှ အာသဝ မနိုင်ဘူး....(မှန်ပါ)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်လိုက်တဲ့အခါကျတော့ စဉ်းစားကြည့် တလုံးတည်းနဲ့ဘဲ ဘုန်းကြီး မိအောင် ပြောပါမယ် .... (မှန်ပါ)။

ခန္ဓာထဲမှာ အနိစ္စကလေးတလုံး မြင်လိုက်တယ်၊ စိတ်ကလေးတခု ဖြစ်ပျက်သွားတာကလေး မြင်လိုက်တယ်....(မှန်ပါ) မြင်

လိုက်သည်နဲ့ တပြိုင်နက်တည်း အဝိဇ္ဇာကလဲ ဝိဇ္ဇာဖြစ်သွားတယ် ( မှန်ပါ ) အာသဝကလဲ ပါးသွားတယ်… (မှန်ပါ) ဝိပဿနာ ဉာဏ်နဲ့ဘဲ ပါးသွားတယ်… (မှန်ပါ) မပါးဘူးလား….(ပါးပါ တယ်ဘုရား)။

ဒိဋ္ဌာသဝကလဲ ဘယ်မှာတုံး ငါ့ဟာဆိုတာ ပြုတ်ထွက်သွား တယ်…(မှန်ပါ)ငါ့ဟာမဟုတ်လို့ ပြုတ်သွားတာ….( မှန်ပါ ) ရှင်းမသွားသေးဘူးလား… (ရှင်းပါတယ်ဘုရား)။

ကာမာသဝကလဲ ဒီလိုပျက်မှာဖြင့် မလိုချင်ဘူးဆိုတော့…. ကာမာသဝချုပ်တယ်… (မှန်ပါ) သဘောကျရဲ့လား…. (ကျပါ တယ်)သဘောပါကျရဲ့လား….(ပါ-ပါတယ်ဘုရား)။

ဘဝါသဝကလဲ ဒီလိုဆိုလို့ရှိယင် ဘုံဘဝတောင့်တတာ အပို ဘဲ….(မှန်ပါ)ပျက်တာ ရမှာဘဲ… (မှန်ပါ) ဆိုတော့ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်လိုက်ယင် အာသဝေါတရားလေးပါးဟာ ဆိုင် ရာတွေ အကုန်ပါးတာကပါး, ချုပ်တာက ချုပ်တယ်….(မှန်ပါ) သဘောပါပလား….(ပါ-ပါပြီဘုရား)။

ဒါဖြင့် ယနေ့ ဟောမည့်တရားကဖြင့် တကာတကာမတို့…. အာသဝေါတရားသည် အကြီးဆုံးသော ရန်သူဖြစ်ကြောင်းကို သိ ပြီးသကာလ အာသဝေါတရားသည် ဘာမသိလို့ လာတယ်ဆို တဲ့ အဓိပ္ပါယ် ကောင်းကောင်းရှင်းသွားပြီ … (ရှင်းသွားပါပြီ ဘုရား)။

အာသဝေါစီမံ ရာ ငါတို့ လိုက်နေခဲ့တာလဲ သံသရာမှာ ဂျွမ်း ထိုးမှောက်ခုံ ဖြစ်ခဲ့ပြီ….(မှန်ပါ) မဆိုနိုင်ဘူးလား…(ဆိုနိုင်ပါ

တယ်) အလောင်းချင်းထပ် မျက်ရည်ချင်းစပ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဟို....သမီးအတွက်က နေရာမကျလို့ ငိုနေရတဲ့အထဲမှာ သားက ထော်လော်ကန့်လန့်နဲ့ဆိုတော့ သားအတွက်က ငိုရပြန်တယ် (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အင်း... ဘယ်သူက မျက်ရည် ဒါလောက် အထွက်ခိုင်းပါလိမ့် (အာသဝကပါဘုရား)။

အာသဝက ဒါ့ နည်းနည်းကလေး ရှိသေးတယ်ကွ·(မှန်ပါ့) မင်းကိုယ်မင်း သေခါနီးထွက်·ထွက်ရဦးမယ်ဆိုတာ ကျန်သေးတယ်...(မှန်ပါ့)ဒါလောက်ထိအောင် ဆိုးဝါးပါတယ်·(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ ချောက်လှန့်ဟောနေတဲ့ တရားလားတဲ့...အာသဝေါရှိတဲ့ ပုဂ္ဂိုလ်၏ ဖြစ်စဉ်အမှန်လား...(အာသဝေါရှိတဲ့ ပုဂ္ဂိုလ်၏ ဖြစ်စဉ်အမှန်ပါ)သေသေချာချာမှတ် ဖြစ်စဉ်အမှန်....(မှန်ပါ့)။

ဒါ့ကြောင့် ဒီတကာတကာမတွေ ဘုန်းရှိ,ကံရှိလို့ ဩော်.... ဒို့ တနေ့လုံး အိမ်က ထွက်တာ ဒီလေးချက်ပါလား....(မှန်လှပါဘုရား)။

ဒို့ အငြိမ်မနေရတာ....(ဒီလေးချက်ပါဘုရား)ဒို့မှာ သေစရာတောင်မှ နေရာမရွေးနိုင်ဘူး....( မှန်ပါ့ ) သေတဲ့ အထဲမျာအတုန်းခိုင်းတာ ဘယ်သူပါလိမ့်...(အာသဝပါ)ဒီအာသဝ လေးချက်ဘဲ....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒို့ကို ဒီဘုံတွင် အရှက်တကွဲ အကျိုးနည်းနဲ့ သေခြင်းဆိုး ဖြစ်အောင် လုပ်တာ မဟုတ်သေးဘူး...(မှန်ပါ)နတ်ပြည်, ပြဟ္မာ့ ပြည်တိုင်အောင်မှ ဒို့ကို မသာအဖြစ်ခိုင်းတာလဲ ဘယ်သူပါလိမ့် (အာသဝပါ)အာသဝဘဲ။

မသာဖြစ်ရတာ မင်း ကြာပြီကွာ၊အသက်ရှည်ရှည်နဲ့အပါယ် ငရဲထဲ နှစ်ပေါင်းများစွာ နေလိုက်စမ်းဆိုတာကော....(အာသဝ ပါဘုရား)။

ဒါဖြင့် ဒါလောက်ဆိုးတဲ့ ခင်ဗျားတို့၏ ကျေးဇူးရှင် မိတ်ဆွေ လေးယောက်ကို ဒီနေ့ဖြင့် ကျေးစွပ်မှ တော်မယ် -(မှန်ပါ)။

ကျေးဇူးရှင် လေးယောက်ကို... (ကျေးစွပ်မှ တော်ပါမယ် ဘုရား)ရပါ့မလား ခင်ဗျားတို့...(ရပါတယ်ဘုရား)တကာကြွယ် ရပါ့မလား ...(ရပါတယ်ဘုရား) စဉ်းစားပါရစေသား၊ စဉ်းစား ပါရစေဦးဆိုတဲ့ အမိပ္ပါယ်ကလဲ ပါသေးတယ်....(မှန်ပါ)။

ပါသေးတယ်-ဒါက ဘုန်းကြီးက ဖွင့်ပြီးသကာလ ပြောလိုက် ယင် ခင်ဗျားတို့ပေါ်လာမယ်... (မှန်ပါ) စဉ်းစားပါရစေဦး ဆိုတဲ့ တရားတလုံးဟာ တခါတည်း ဦးမာဒင် ထွက်လာဘယ်.... (ထွက်လာပါတယ်ဘုရား)။

တခါတည်း အာသဝတရားဟာ ဩော်....သားက ငယ်သေး၊ သမီးကလဲ အချိန်မကျသေး...တဲ့....(မှန်ပါ)။

အင်း.... သေသေချာချာ နိဗ္ဗာန်ပေးတော့မယ် ဆိုလို့ရှိယင် တခါတည်း နောက်ဆုတ်တာဘဲ....(မှန်ပါ)။

နောက်ဆုတ်တယ် တကာကြွယ်၊ ဒါ-စဉ်းစားပါရစေဦး.... မဟုတ်လား....(မှန်ပါ့ဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား) ဘယ်သူ့ သတ္တိထင်သတုံး... (အာသဝသတ္တိပါဘုရား)အာသဝဟာ အမေနဲ့တူတယ်... (မှန်ပါ့)။

တကာတကာမတို့ အာသဝဟာ အမေနဲ့ တူတယ်... (မှန်ပါ့) ဘယ်လိုအမေနဲ့ တူသတုံး-ဆိုတော့ သားကလေးများ ရဟန်းခံသွားမယ်၊ ကျွန်တော်ဖြင့် ဒီလူ့ဘောင်ကို မပျော်တော့ပါဘူး၊ အို... မပျော်တာတော့ ဒို့လဲ သဘောတူပါတယ်၊ ရဟန်းခံတာဘဲ ကောင်းရာသွားတာ ဖျက်ဘို့မလိုပါဘူး ...၊ လမ်းခင်းလိုက်တယ်....(မှန်ပါ့) နောင် မပျော်လို့ ထွက်လာတော့ ကန့်လန့်ဖြစ်နေမယ်၊ ဒီကနေ ပြန်ချုပ်ထားတယ်... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခွင့်ပြုသလိုလိုနဲ့ ပြန်ချုပ်တယ်.... (မှန်ပါ့) အဲ.... အာသဝသတ္တိဘဲ၊ အာသဝကို ဒီအတိုင်းမှတ်ပါ.... (မှန်ပါ့) အာသဝကို ဒါ့ကြောင့် အမေနဲ့တူတယ် ပြောတာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အာသဝဟာ ဘာနဲ့ တူသလဲ.... (အမေနဲ့တူပါတယ်ဘုရား) သားကလေး, သမီးကလေး ရဟန်းခံ- သီလရှင်ဝတ်မယ်ဆိုယင် နေနိုင်ယင် ကောင်းပါရဲ့၊ မနေနိုင်တော့ တော်တော်ကြာကျတော့ မခက်ဘူးလား....၊ သူတို့ဘို့ ပြောတာပါတဲ့.... (မှန်ပါ့) အင်း...ကိုယ်က မှားတာတော့ မထည့်ဘူး... (မှန်ပါ့)။

ကိုယ်က အာသဝရှိတာပါသေးသလား.... (မပါ-ပါဘုရား)

အာသဝဟာ ဒါလောက် အလိမ်ပိရိတာဗျ....(မှန်ပါ) ကိုယ်က အာသဝရှိလို့ ပြောတာ သူတို့ဘို့ဆိုပြီး ဟိုဘက်လွှဲချလိုက်တယ်— (မှန်ပါ) အတော်မဆိုးဘူးလား— (ဆိုးပါတယ်ဘုရား) ဒါ— ဘယ်သူ့သတ္တိတုံး....(အာသဝသတ္တိပါဘုရား)။

အာသဝသတ္တိ၊ အဖုံးအဖို သိပ်နိုင်တယ်—( မှန်ပါ )ဟုတ် သလိုလိုလဲ ထင်ရတယ်— (မှန်ပါ)။

တရက်နေယင် တရက်ကျေးဇူးများတယ်ဆိုတဲ့ ဉာဏ်က ဝင် လာရဲ့လား— ( မဝင်ပါဘုရား ) မဝင်လာဘူး၊ အမြဲနေယင် ကောင်းပါတယ်— (မှန်ပါ)။

ဦးမာဒင် ဒီလိုကော ပြောဘူး-ဆိုဘူးကြရဲ့လား- သားတွေ သမီးတွေကို....(ပြောဘူးကြပါတယ်ဘုရား)။

အံမာ-အတော့ အာသဝသမားကြီးတွေပါကလား... (မှန်ပါ ဘုရား) ရိပ်မိပလား.... ( ရိပ်မိပါပြီဘုရား ) အာသဝသတ္တိက ထွက်လာတာ....(မှန်ပါ)။

တကာကြွယ်ရေ— ဒီဥစ္စာ အာသဝသတ္တိဟာ အမေနဲ့ တူ တယ်ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဓမ္မပဒပါဠိတော် မှာ ဟောတယ်နော်....(မှန်ပါ)။

ဒါ့ကြောင့် "မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိ ယေ"ဆိုတာ အမိအဘနဲ့ တူတဲ့ အာသဝကို မသတ်ယင် မရဘူး ကွ... တဲ့— (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား) အဝိဇ္ဇာနဲ့တဏှာဟာ အမိအဘဘဲကွ၊သူတို့ကိုမသတ်ယင်မရဘူးကွ ဆိုတဲ့ဥစ္စာ ဓမ္မပဒပါဠိတော်ကြီးများမှာ အတော် ရှင်းရှင်းပြထား တယ်— (မှန်ပါ)။

ရှင်းရှင်းပြပေမဲ့လဲ တကာဘကာမတွေက ခုနင်က အမိန့်တူပုံ၊ ကိုယ့်ကိုယ်က အာသဝကြီးထွားနေပုံ တကာကြွယ် ပေါ်လား....(ပေါ်ပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

သမီးကလေးတယောက်ရှိတယ်၊ အမေမိဘတွေက အသက်အရွယ်လဲ ကြီးကုန်တော့ မျက်လုံးမှိတ်ဘို့များ ခဲယဉ်းလိုက်တာ (မှန်ပါ့) ဘာဖြစ်လို့တုံး- နေရာမချထားရသေးလို့....(မှန်ပါ့) အံမာ... ကြောက်စရာကြီးပါကလား....(မှန်ပါ)။

ဒုက္ခမပေးရသေးဘူး.... ( မှန်ပါ့ ) ဘယ်သူကပါလိမ့်ဗျာ (အာသဝကပါဘုရား) အာသဝကဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဟိုမှာ ဂျမ်းထိုးမှောက်ခုံဖြစ်တော့မယ်.... (မှန်ပါ့) အဲဒါကိုပင်လျှင် ဒီက မျက်လုံးမမှိတ်နိုင်သေးဘူး....တဲ့....(မှန်ပါ့) ဘာဖြစ်လို့ မမှိတ်တာတုံးဆိုတော့ ဟိုမှာ ဒုက္ခမရောက်သေးလို့တဲ့ (မှန်ပါ)။

ဟိုမှာ ဒုက္ခရောက်ယင် သူ မျက်လုံးမှိတ်မယ်ဆိုတဲ့ အဓိပ္ပါယ်ပါလာတယ်.... ( ပါလာပါတယ်ဘုရား ) ဘယ်သူ့သတ္တိလဲ.... (အာသဝသတ္တိပါဘုရား) ဘယ်လောက်ဆိုးသတုံး.... (ဆိုးပါတယ်ဘုရား) လိမ်ပုံကော မပိဘူးလား....(ပိပါတယ်ဘုရား)။

လိမ်ပုံက သိပ်ပိတယ် တကာတကာတို့၊ လိမ်ပုံက သိပ်ပိတယ်၊ ဩော်... လူကြီးဆိုတော့ အမြော်အမြင်များတယ်....တဲ့၊ ဟောဒီကို သွားတော့တာဘဲ....(မှန်ပါ့)။

လိမ်ပုံက သိပ်ပိတာ၊ ဟိုမှာဒုက္ခရောက်တာတော့ သိရဲ့လား (မသိပါဘုရား)။

အရင်တုန်းကတော့ ကိုယ့်ခန္ဓာကိုသာ ရှုန်းရတယ်၊ အခု သား၊ လင်၊ ခင်ပွန်းခန္ဓာကိုပါ ရှုန်းရရှာတယ်... ( ရှုန်းရပါတယ် ဘုရား)။

နွားဟာ တထုပ်တင်မောင်းတာနဲ့ ၄-၅-ထုပ် တင်မောင်း တာနဲ့ ဘယ်သူက အမောဆိုက်ပါ့မလဲ.... (၄-၅-ထုပ်တင်မောင်း တာက အမောဆိုက်ပါတယ်ဘုရား)။

အဲဒါမှ မျက်လုံးမှိတ်မှာတဲ့ သူ့ဟာက.... (မှန်ပါ့) အံမာ လေး.... ကြောက်စရာကြီးပါလား တကာကြွယ်-ရ.... (မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

လှည့်ထားတာဗျ....(မှန်ပါ့) ဘယ်သူပါလိမ့်.... (အာသဝပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအာသဝ ဒါလောက်ပြောလို့ရှိယင်ဖြင့် မင်းနဲ့ငါနဲ့တော့ကွာ ဒီနေ့ တော်လှန်ရေးလုပ်ပါတော့မယ်လို့ ဦးမာဒင် လာဘို့ကောင်းပြီ....(ကောင်းပါတယ်ဘုရား) ကောင်း သာကောင်းတယ် မလာဘူး....(မှန်ပါ့) ကောင်းသာ ကောင်း တယ် တကာကြွယ်-ရ လာဘို့ရာ မလွယ်ဘူး....(မလွယ်ပါဘုရား) မပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါ၊ ခင်ဗျားတို့က လာချင်၊ မလာ ချင် ဘုန်းကြီးက အရေးစိုက်ဘို့မလို... (မှန်ပါ့) ဘာဖြစ်လို့တုံး ဆိုတော့ ခလေးပါးစပ်ထဲက ဒုတ်ချောင်းတော့ဖြင့် သွေးထွက်

ထွက် ဆွဲထုတ်ရမှာဘဲ၊ ဒီနေ့တော့ မဘတ်နိုင်ဘူး — ( မှန်ပါ့ ) ဒီနေ့ မတတ်နိုင်ဘူး၊သူက အရမ်းမျိုထားတာကိုး.... ( မှန်ပါ့ )။

အရမ်းမျိုထားတော့ ဒီအတိုင်း ကြည့်နေလို့တော့ တကာ ကြွယ် — (မတော်ပါဘုရား) ခင်ဗျားတို့ အာသဝတွေ မျိုထား ကြတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ သွေးထွက်ထွက် တကာကြွယ် လက်ညှိုးနဲ့ လက်မ နဲ့ကောက်ပြီး ဆွဲထုတ်မယ်...(မှန်ပါ့) ခင်ဗျားတို့ကြိုက်တဲ့တရား မျိုး မဟောတော့ဘူး.... (မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

သွေးထွက်ထွက်ဆိုသလို မနာချင်လို့ ပြန်သွားချင်သွား ဟောတော့မှာဘဲ....(မှန်ပါ့)ရိပ်မိပြီမဟုတ်လား....(ရိပ်မိပါပြီ)။

ဘာဖြစ်လို့တုံးဆိုတော့ သေမှာလောက်တော့ မဆိုးဘူး.... (မှန်ပါ့) ခင်ဗျားတို့ရှေ့ကို ဒုက္ခရောက်မှာလောက်တော့ မဆိုး ဘူး....(မှန်ပါ့)အခုဟာက ကယ်တင်မှာဘဲဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

အဲဒီတော့ကို တကာတကာမတို့ မျက်လုံးမှိတ်ပြီး သကာလ ဉာဏ်ဦးတည်ပြီး နာရုံဘဲရှိတယ်...(မှန်ပါ့)သဘောပါကြပလား (ပါ-ပါဖြီဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ကိုယ့်အခြေအနေကတော့ မလှမှ မလှဘဲ....(မှန်ပါ့)လှရဲ့လား.... ( မလှပါ ) ကိုယ့်အခြေအနေ ကဖြင့် ဒုတ်ချောင်းမျိုမိနေပြီ....(မှန်ပါ့)။

ယှက်သက် ဝင်သက်အပေါ်က ပိတ်တော့မယ်.... (ပိတ်တော့ ပါမယ်) ဆရာသမားလုပ်ဘဲ့ ပုဂ္ဂိုလ်ကတော့ ဒီအတိုင်းကြည့်နေ ရမလား... (မနေရပါဘုရား)။

ကြည့်နေလို့ ရှိယင် ဒါဟာ အာစရိယဆိုတာကော ဖြစ်ပါ တော့မလား....(မဖြစ်ပါ) အဲဒီတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ ရှိယင် ကြိုက်ကြိုက်- မကြိုက်ကြိုက် ဒီနေ့ ဒီတရားဟောရ လိမ့်မယ်....(မှန်ပါ) ဦးမာဒင် ထ,ပြီးပြေးဦးမှာလား.... (မပြေး ပါဘုရား)။

မပြေးမှ တကာကြွယ် အမှန်ရောက်မှာနော်... (မှန်ပါဘုရား) ပြေးယင်... ( အမှန်မရောက်ပါ ) အမှန်မရောက်ပါဘူးဆိုတာ ယနေ့ ရှင်းရှင်းလင်းလင်းမှတ်ပါ... (မှန်ပါဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ အကြောင်းအကျိုး ဆက် ကြစို့နော်....(မှန်ပါ) အာသဝက ဘယ်နှယ်ကြောင့် တကာ တကာမတွေ အရိုးတောင်နှယ်ပုံပြီး အသွေးသမုဒ္ဒရာရေလေးစင်း လောက်ဖြစ်အောင် ဘယ်သူ စီမံပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ ခန္ဓာအရှိန်နဲ့ ဉာဏ်အသိမကိုက်တဲ့ ပုဂ္ဂိုလ်လုပ်တာ .... (မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခန္ဓာအရှိန်နဲ့ ဉာဏ်အသိမကိုက်တဲ့ ပုဂ္ဂိုလ်ကို....နှိပ်စက်တာ .... (မှန်ပါ) ပေါ်ကြရဲ့လား(ပေါ်ပါဘယ်ဘုရား)။

ဘယ်လိုပုဂ္ဂိုလ်ကို နှိပ်စက်နိုင်သတုံး... (ခန္ဓာအရှိန်နဲ့ဉာဏ်အသိ မကိုက်တဲ့ ပုဂ္ဂိုလ်ကို နှိပ်စက်နိုင်ပါတယ်ဘုရား)။

ဒါကြောင့် ဘုရားက“ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ”ခန္ဓာအရှိနဲ့ဉာဏ်အသိကိုက်အောင်လုပ်ကြတဲ့... (မှန်ပါ့)အာသဝေါချုပ်မယ် အာသဝေါကုန်မယ်ဆိုတာ တကာတကာမတို့သေချာပလား....(သေချာပါပြီ)ပဋိစ္စသမုပ္ပါဒ်တန်းပြတ်ဖို့တောင် ဦးမာဒင်မလို ၂ါဘူး (မလိုပါဘုရား) အဝိဇ္ဇာသဝလဲ အဝိဇ္ဇာသခ်ါရသွားမှာဘဲ... ( မှန်ပါ့ ) ကာမာသဝလဲ တဏှာ့ဉပါဒါန်ကံ သွားမှာဘဲ....(မှန်ပါ့ဘုရား)။

ဘဝါသဝကလဲ တဏှာ့ဉပါဒါန်ကံ ဇာတိ ဇရာ မရဏာ သွားမှာဘဲ... (မှန်ပါ့) ဒိဋ္ဌာသဝကလဲ ဒိဋ္ဌိ- ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ- ဇာတိ ဒီလိုဘဲသွားမှာဘဲ....( သွားမှာပါ ) ရှင်းပလား....(ရှင်းပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီအတိုင်းနေလို့တော့ဖြင့် ကိုယ့်အခြေအနေနဲ့ ကိုယ်ကြိုက်တာ ဟောလို့တော့ ဘုန်းကြီးလဲ ဖြစ်မှာမဟုတ်ဘူးဆိုတာ ပေါ်လာတယ်....(မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ ကြိုက်ဘာဟောလို့တော့.... ( မဖြစ်ပါဘုရား ) မဖြစ်တော့ဘူးတဲ့၊ ခင်ဗျားတို့ ငိုချင်လဲငို ဟုတ်လား... (မှန်ပါ့) ခင်ဗျားတို့ မျိုထားတဲ့ အာသဝက မသက်သာဘူး ... (မသက်သာပါ) သက်သာပါ့မလား ...(မသက်သာပါဘုရား)။

ခင်ဗျားတို့ မျိုထားတဲ့ ကမ်းသီးလုံး ဒုတ်ချောင်းကတော့ ချက်ခြင်း သေမှာနော်....(မှန်ပါ့) အဲဒါကို ဆွဲထုတ်ရလိမ့်မယ် ဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းပသား...(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ခန္ဓာအရှိ နဲ့ဉာဏ်အသိကိုက်ဘို့ဟာ သိပ်အရေးကြီးပါတယ် ( ကြီးပါတယ် )ပေါ်သွားပြီ တကာဘကာမတို့တရားသွားအခုမှ ပေါ်လာတယ်.... (မှန်ပါ့ဘုရား)။

မိုက်ပြစ်တွေ အကုန်ဖေါ်မှ တကာတကာမတို့ လိမ်မာဘို့အရေးကလေး ပေါ်လာတယ်... (မှန်ပါ့) မိုက်ပြစ်တွေမပြလို့ရှိယင်....(လိမ်မာဘို့အရေး မပေါ်ပါဘုရား)။

လိမ်မာဘို့အရေး ဘယ်ကနေပြီး တွေးရမှန်း မသိပါဘူးဦးလှဘူးရာ....(မှန်ပါ့) သိပ်ခက်ပါတယ်နော် ... (ခက်ပါတယ်ဘုရား)။

ကိုင်း....ခါဖြင့် ခန္ဓာအရှိနဲ့ ဉာဏ်အသိမကိုက်တာလဲ ဘာကြောင့်တုံးလို့ အကြောင်းအကျိုး ဆက်လိုက်ပါဦး....(မှန်ပါ့) သေသေချာချာမှတ်ကြပါနော်....(မှန်ပါ့ဘုရား)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိမကိုက်တဲ့ ဥစ္စာက္ဂာ....တဲ့၊ အယောနိသော မနသိကာရလာလို့ရှိယင် အာသဝေါနယ် ရောက်သွားမယ်ကွတဲ့....(မှန်ပါ့ဘုရား)။

ယောနိသောမနသိကာရဝင်လာယင် ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်မယ်....(မှန်ပါ့)ဒါက သဗ္ဗာသဝသုတ်မှာ သေသေချာချာ ဟောပါတယ်....(မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

အယောနိသော မနသိကာရ လာလို့ရှိယင်ဖြင့် -အာသဝေါတရားစိမ့်ရာ လိုက်ရလိမ့်မယ်....(မှန်ပါ့)ယောနိသောမနသိကာရလာလို့ရှိယင်ဖြင့် အာသဝေါတရားချုပ်ပါလိမ့်မယ် .... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံး ဆိုလို့ရှိယင် ယောနိသော မနသိကာရ ဆိုတဲ့ဥစ္စာက တကာတကာမတို့"အနိစ္စေ အနိစ္စန္တိ၊ ဒုက္ခေဒုက္ခန္တိ၊ အနတ္တေ အနတ္တန္တိ၊ အသုဘေ အသုဘန္တိ" အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသုဘကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘလို့ ဉာဏ်ထဲမှာ ကြည့်တိုင်းမြင်လို့ရှိယင်ဖြင့် အာသဝေါချုပ်လိမ့်မယ်ကွ.... (မှန်ပါ့)။

နှလုံးသွင်းမှန်ယင် ချုပ်လိမ့်မယ်ကွ... (မှန်ပါ့) နှလုံးသွင်း မှားယင် လည်လိမ့်မယ်ကွတဲ့....(မှန်ပါ့) မပေါ်သေးဘူးလား- (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာအရှိနဲ့ ဉာဏ်အသိမကိုက်ဘဲ နေတာဟာ နှလုံးသွင်းမှားပြီ ... (မှားပါပြီ) ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက် တာက .. (နှလုံးသွင်းမှန်ပါတယ်ဘုရား)။

နှလုံးသွင်းမှန်ဘို့ဘဲ၊ ဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အလွန်ကြီးကျယ်တော်မူတဲ့ဉာဏ်နဲ့ တကာကြွယ်ရေ ဝေဘန် တော်မူတာဘဲ .. (မှန်ပါ့) ဟုတ်လဲဟုတ်ပါပေတယ် .... (မှန်ပါ့) မှန်ကော.... (မှန်ပါတယ်ဘုရား)။

မှန်ပါပေတယ် တကာတကာမတို့၊ သိပ်ပြီးသကာလ ကျေး ဇူးတော်အစုံ ဉာဏ်တော်အနန္တ ကိုယ်တော်ကြီးကို ကျုပ်တို့ ဦးတိုက်လို့မဆုံးပါဘူး .. (မှန်ပါ့ဘုရား)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိမကိုက်တာ ဘာပါလိမ့်၊ အယောနိ သော မနသိကာရကြောင့်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာ့ကြောင့်တုံး .... (အယောနိသော မနသိ ကာရကြောင့်ပါဘုရား)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်အောင်ကတော့ ဘယ်လိုနှလုံးသွင်းရမလဲ.... (ယောနိသော မနသိကာရပါ) ဗြော်... ယောနိသော မနသိကာရနော်_ (မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ယောနိသောမနသိကာရကို ကျုပ်တို့လှည့်ကြပါစို့_ (မှန်ပါ)ဒါမှ ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်မယ်....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း_ ဒါဖြင့် တကာတကာမတို့ ဘုန်းကြီး နေ့တိုင်း ပြောနေကျ ဟောနေကျဖြစ်တဲ့ အလုပ်သာ မပါဘူးဆိုယင် အာသဝေါက မဖြုံ....(မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ(အလုပ်မပါယင် အာသဝေါက မဖြုံပါ) ဖြုံကို မဖြုံဘူး မလုပ်ယင်....(မှန်ပါ)။

ခန္ဓာအရှိကို ဉာဏ်အသိနဲ့သာ ခင်ဗျားတို့ကို ပြမပေးလို့ရှိယင်ဖြင့် အာသဝေါတရားက ကာမာသဝကလဲ မဖြုံဘူး....(မဖြုံပါဘုရား) ဒိဋ္ဌာသဝကလဲ....(မဖြုံပါ)အဝိဇ္ဇာသဝကလဲ (မဖြုံပါဘုရား)ကဲ... တကာတကာမတို့ ဘဝါသဝကကော....(မဖြုံပါဘုရား)။

ဘယ်ဖြုံလိမ့်မတုံး၊ ဘယ်ဖြုံလိမ့်မတုံး တကာကြွယ်ရ....(မှန်လှပါ)ငါတို့ ထင်သလို စီမံမယ်ဆိုပြီး လေးယောက်ပေါင်းဝိုင်းနှိပ်စက်ချတယ်....( မှန်ပါ )သဘောပါကြပလား....(ပါပါပြီဘုရား)။

အေး .... ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ယောနိသော မနသိကာရ ရှိမှသာလျှင် ခန္ဓာအရှိနဲ့ ဉာဏ်အသိ

ကိုက်မယ်၊အယောနိသော မနသိကာရက ခန္ဓာအရှိန့် ဉာဏ်အသိ မကိုက်တာကို ဆိုပါတယ်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ယောနိသော မနသိကာရဆိုတာ ဘာတုံး .... (ခန္ဓာအရှိန့် ဉာဏ်အသိ ကိုက်တာပါဘုရား) အဲ...စာလိုသုံးတော့ ယောနိသော မနသိကာရ...(မှန်ပါ့)။

မြန်မာလို တကာတကာမတွေကို ရှင်းရှင်း ဘုန်းကြီးတို့ ပြောနေတော့ ခန္ဓာအရှိန့် ဉာဏ်အသိကိုက်တာ....( မှန်ပါ့ ) ဒါ ယောနိသော မနသိကာရဘဲ....(မှန်ပါ့)။

ခန္ဓာအရှိန့် ဉာဏ်အသိ မကိုက်တာက .... (အယောနိသော မနသိကာရပါဘုရား)အယောနိသော မနသိကာရကို စာလို သုံးနေတော့ ဦးမာဒင်.... သိပ်ဝေးသွားတယ်...(မှန်ပါ့) အခုတော့ ဝေးသေးရဲ့လား....(မဝေးပါဘုရား)။

ခန္ဓာအရှိန့် ဉာဏ်အသိကိုက်ယင်....(ယောနိသော မနသိကာရပါ) ခန္ဓာအရှိန့် ဉာဏ်အသိ မကိုက်ယင်....(အယောနိသော မနသိကာရပါဘုရား)။

အေး .. ဒါကြောင့် ခင်ဗျားတို့ သုံးတာကတော့ ဒီ့ပြင် နေရာမှာ ယောနိသော မနသိကာရ မင့်ဟာ အသင့်အတင့် နှလုံးသွင်းမှုပေါ့ကွာ....လိုချင်တာတွေ မင်းချည့် အကုန်ယူလို့ တော်ပါ့မလား...၊ မင်းဟာ အသင့်အတင့်လဲ နှလုံးသွင်းဦးမှပေါ့ .... (မှန်ပါ့)။

ဒီဘက် လှည့်သုံးတာကိုး သူ့ဟာက....(မှန်ပါ့) ခင်ဗျားတို့ ယောနိသော မနသိကာရ သုံးတာကလေ....(မှန်ပါ့) ဒါမဟုတ်ပါဘူး...(မှန်ပါ့)။

ဒါမဟုတ်ပါဘူး တကာကြွယ်ရ၊ အဲဒါက အလောဘပါ... (မှန်ပါ့)သဘောကျရဲ့လား...(ကျပါတယ်)အင်း....တချို့ မလိုချင်တော့ဘူး၊ တချို့သာ ယူမည်ဆိုတဲ့ဥစ္စာ အလောဘ၊ ဝေဘန်တာကလေး ပါတယ်....(မှန်ပါ့)အဲဒါက ခန္ဓာအရှိန့် ဉာဏ်အသိနဲ့ တခြားစီဘဲ...(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ယောနိသော မနသိကာရဆိုတာ ဘာပါလိမ့် (ခန္ဓာအရှိန့် ဉာဏ်အသိ ကိုက်တာပါဘုရား) အယောနိသော မနသိကာရဆိုတာက....(ခန္ဓာအရှိန့် ဉာဏ်အသိ မကိုက်တာပါဘုရား)။

အဲ...ဒါကြောင့် တကာသစ်တို့ ကြိုးစားပါလို့ ပြောတယ် (မှန်ပါ့)ခန္ဓာအရှိန့် ဉာဏ်အသိ ကိုက်ယင် အာသဝေါချုပ်တာဘဲ....(မှန်ပါ့)။

ခန္ဓာအရှိန့် ဉာဏ်အသိမကိုက်ယင် တခါတည်း အာသဝေါ ထကြွ သောင်းကျန်းလာတာဘဲ....( မှန်ပါ့ )ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ခန္ဓာကို မပြဘဲနဲ့ တကာကြွယ် .... တရားဟောလို့ မရပါဘူး....(မှန်ပါ့)ရပါ့မလား....(မရပါ) သေချာသွားပြီနော် . (သေချာပါပြီဘုရား)။

တခနေ့သော်လဲ ဒီခန္ဓာငါးပါးဘဲ ဘုန်းကြီးတို့က တန်ဆာဆင်ပြီး အမျိုးမျိုးပြောနေတာဘဲ....လို့ ဆိုတော့ ဩော်....ပြောရတယ် တကာတကာမတို့....(မှန်ပါ့)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိ မကိုက်လို့ အာသဝေါစိမ့်နေတာ... (မှန်ပါ) သုံးဆဲ့တဘုံထဲမှာ ကျုပ်တို့ အမျိုးမျိုးအဖုံဖုံလည်နေရတာ ခန္ဓာအရှိနဲ့ ဉာဏ်အသိ မကိုက်လို့....(မှန်ပါ) သဘောပါပလား....(ပါ·ပါပြီဘုရား)။

ယခုတော့ဖြင့် ခန္ဓာအရှိနဲ့ ဉာဏ်အသိကို ပြုရတော့မယ်ဆိုတော့ ဦးမာဒင်....ခန္ဓာမှ မဘန်းရလို့ရှိယင် ဉာဏ်ဘယ်လိုသွင်းမလဲ....(မသွင်းနိုင်ပါဘုရား)။

ဒါကြောင့် သုညတတရားဆိုတာ ယောကျ်ား့မိန်းမပျောက်ပြီးသကာလ ခန္ဓာငါးပါးပေါ်လာတယ်.... (မှန်ပါ) အဲဒါဟာ သုညတတရားဘဲ... (မှန်ပါ)။

ယောကျ်ား့မိန်းမ ပျောက်ပြီးတော့.... (ခန္ဓာငါးပါး ပေါ်ပါတယ်ဘုရား) ခန္ဓာငါးပါးလို့ ဉာဏ်ထဲမှာ ရှင်းသွားလို့ရှိယင်ဖြင့် ယောကျ်ား, မိန်းမမှ ဆိတ်တယ် ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်တယ်....(မှန်ပါ) ဒါကို သုညတတရား ခေါ်ပါတယ်.... (မှန်ပါ)။

အဲဒီ သုညတတရားကိုမှ တကာတကာမတွေ နာရခြင်း၊ သိရခြင်း မရှိတော့ဘူးဆိုလို့ရှိယင် အာသဝေါတရားကကွာ... မင်းဟောချင်တာ ဟောစမ်းပါ ငါ့နယ်က လွတ်အောင် မဟောနိုင်ပါဘူး ပြောမှာဘဲ .. (မှန်ပါ) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲ....နတ်ပြည်ရောက်ကြောင်း, ဗြဟ္မာ့ပြည်ရောက်ကြောင်းတွေသာ တကာကြွယ်ဘို့... မိုးမွန်နေမယ်ဆိုလို့ရှိယင် ကာမာသဝတရားသာ မှတ်ပေတော့....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ဘဝါသဝတရားဆိုယင်ကော ဟုတ်တာဘဲ၊ ဒိဋ္ဌာသဝဆိုယင်ကော....(ဟုတ်ပါတယ်)ငါလုပ် ငါရဆိုတာက သွားဦးမှာကိုး....(သွားမှာပါဘုရား)။

အဝိဇ္ဇာသဝဆိုတာ ဟိုမှာရှိတာတွေ ဒုက္ခသစ္စာတွေ မသိအောင် ဖုံးနေတော့ အဝိဇ္ဇာသဝတရားဘဲ....(မှန်ပါ) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါတွေ တကာကြွယ်.... သိပ်အရေးကြီးပါတယ်...(ကြီးပါတယ်)မကြီးဘူးလား .. (ကြီးပါတယ်ဘုရား)။

တကာတကာမတွေက နဂိုရ်က ရှုးရတဲ့အထဲ နောက်အောင်ဗုံတီးမြှောက်ပြန်တော့ ဝက်ကျကုန်တာပေါ့ဗျ ( မှန်ပါ )ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နဂိုရ်က နောက်တောက်တောက် ပွဲနားသွားမိတော့ စိတ်ကမရဘူး ဆိုင်းသံကြားယင် ဖြစ်လာမှာ ခင်ဗျားတို့က...(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲ... ဒီမှာလဲ ခင်ဗျားတို့ဆိုင်းနဲ့ ခင်ဗျားတို့နဲ့ တွေ့ဦးမှာတော့ အားကြီးစိုးရိမ်စရာကောင်းတယ်...(မှန်ပါ)အားကြီး စိုးရိမ်စရာကောင်းတယ်....(မှန်ပါ)။

ကဲ....ဒါဖြင့် တကာကြွယ် ခန္ဓာအရှိန်နဲ့ ဉာဏ်အသိကိုက်တာကို 'ယောနိသော မနသိကာရ'လို့ မှတ်လိုက်...(မှန်ပါ)။

ခန္ဓာအရှိန်နဲ့ ဉာဏ်အသိကိုက်တာကို(ယောနိသောမနသိကာရ မှတ်ရပါမယ်ဘုရား)။

ကိုင်း.... ဒါဖြင့် အခု ဒီရှေ့ကနေပြီး တကာတကာမတွေ ခန္ဓာငါးပါး ပြပါပြီ...တဲ့၊ ခင်ဗျားတို့ ကိုင်လို့,တွယ်လို့ ရတာကြီးက ရှုပက္ခန္ဓာ....(မှန်ပါ)။

ခန္ဓာကြီးကိုင်တော့ ပူတာ့အေးတာလေးတွေက ဘာပါလိမ့်ဗျာ.... (ရူပက္ခန္ဓာပါဘုရား) ဒါကလေးကြိုက်တယ်- ဒါကလေးဖြင့် မကြိုက်ဘူးလို့ ပြောတာတွေ ဘယ်သူပါလိမ့်....(ဝေဒနာပါဘုရား)။

အင်း.... ဒါကလေးဟာ အဖြူဘဲ၊ အနီဘဲ၊ အကြောင်ဘဲ၊ အကြားဘဲ၊ သွားဘဲ၊ သမီးဘဲလို့ .... မှတ်ထားတာကလေးက....(သညာက္ခန္ဓာပါဘုရား) သွားမှ တော်မယ်- လာမှ တော်မယ်လို့ တိုက်တွန်းနှိုးဆော်နေတာ.... (သင်္ခါရက္ခန္ဓာပါဘုရား) သင်္ခါရက္ခန္ဓာစေတနာပေါ့ဗျာ....(မှန်ပါ)။

ကျုပ်မသိတာ ဘာမှ မရှိပါဘူးဗျ၊ ကျုပ်သိတာချည့်ပါဘဲ၊ မပြောချင်လို့ မြုံနေတာ၊ ဒါက ဘာပါလိမ့် ဝိညာဏက္ခန္ဓာ.... (မှန်ပါ) ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ပြောသာနေတာ ဘယ်ခန္ဓာက အစွန်းထွက်လာတာလို့ တကာကြွယ်တို့ မဝေဘန်ဘူး.... ( မှန်ပါဘုရား)။

အခုတော့ဖြင့် သိပါပြီ...တဲ့ လေးတာ, ပေါ့တာ, ပူတာ, အေးတာ ဘာပါလိမ့်.... ( ရူပက္ခန္ဓာပါဘုရား ) ကောင်းတယ်ဆိုးတယ်လို့ ခဏခဏပြောနေတာက...(ဝေဒနာက္ခန္ဓာပါဘုရား) အဖြူ,အနီ,အကြောင်း,အကြားတွေ၊ သားတွေ,သမီးတွေ မှတ်နေတာက....(သညာက္ခန္ဓာပါဘုရား)။

သွားဘို့စေ့ဆော် လာဘို့စေ့ဆော်- ထိုင်ဘို့ စေ့ဆော်တာတွေက...(သင်္ခါရက္ခန္ဓာပါဘုရား)။

ကျုပ်မသိတာ ဘာမှ မရှိပါဘူးပြောတာက....(ဝိညာဏက္ခန္ဓာ ပါဘုရား)။

ဝိညာဏက္ခန္ဓာဆိုတာ ဒါဟာ နဂိုရ်ရှိလို့ နဂိုင်းထွက်ပြီး ဒီအသံတွေ ထွက်လာတာ....(မှန်ပါ့) ခန္ဓာက ထွက်လာတဲ့အသံ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူက ထွက်လာတာတုံး.... (ခန္ဓာက ထွက်လာတာပါ ဘုရား) ခန္ဓာက ထွက်လာတဲ့အသံဆိုတာ ဘုန်းကြီးတို့ တကာ တကာမတွေ ရှင်းပါပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာဘယ်နှစ်ပါးရှိလို့ ဘယ်နှစ်သံထွက်ပါလိမ့်.... (ငါးပါးရှိလို့ ငါးသံထွက်ပါတယ်ဘုရား) ငါးပါးရှိလို့ ငါးသံ ထွက်လာတယ်... (မှန်ပါ့)။

ခင်ဗျားတို့က ငါးသံသာထွက်နေတယ် ဒါ· ဘယ်သူကလို့ လက်သည်မရှာဘူး.... (မှန်ပါ့) အဲဒီတော့ ဒီခန္ဓာကြီး မြုပ်နေ တယ်... (မှန်ပါ့)ခန္ဓာမြုပ်သွားပြီ....(မှန်ပါ့·မြုပ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါတယ်ဘုရား)။

ငါးသံရှိလျက်သားနဲ့ ငါးသံဟာ ဘယ်သူကထွက်တဲ့ အသံ ပါလိမ့်မတုံးမှ ဉာဏ်နဲ့မှ မစိစစ်လိုက်တဲ့အခါကျတော့ အကုန် ငါ·ဖြစ်သွားတော့တာဘဲ.... (မှန်ပါ့) ငါပြောတာ မကြားဘူး လား ဖြစ်လာတယ်... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ငါးခုရှိလို့ ငါးသံထွက်လာ

တယ်ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ဦးမာဒင်တို့-ဦးမောင်ကလေးတို့ ရှင်းပါပြီ.. (ရှင်းပါပြီဘုရား)။

ဘယ်သူက ထွက်လာသတုံး.... (ခန္ဓာက ထွက်လာပါတယ်) ခန္ဓာက ငါးခုရှိလို့ ငါးမျိုးသော အသံထွက်လာတယ်....(မှန်ပါ ဘုရား)။

ဒါဖြင့် သူတို့သည် တကာတကာမတို့ ခန္ဓာက ငါးခုရှိလို့ ငါးသံထွက်လာတယ်ဆိုတာ သိငြားသော်လဲ သူတို့သည် ဦးစီးရာက အသံထွက်တယ်....(မှန်ပါ)။

တခါတလေ ဝေဒနာက အသံထွက်တယ်....(မှန်ပါ) တခါတလေကျတော့ သညာက အသံထွက်တယ်.... (မှန်ပါ) တခါတလေကျတော့ သင်္ခါရက အသံထွက်တယ်.... (မှန်ပါ) တခါတလေကျတော့ ဝိညာဏ်ဆိုတဲ့စိတ်က.... (အသံထွက်ပါတယ်) တခါတလေကျတော့ ရုပ်က အသံထွက်တယ်၊ လက်ခုပ်များတီးလိုက်တဲ့အခါ ရုပ်-ရုပ်ချင်း အသံထွက်တယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်နှစ်သံထွက်ပါလိမ့်.... ( ငါးသံထွက်ပါတယ် ) ဒါဖြင့် ခင်ဗျားတို့မှာ ခန္ဓာ ဘယ်နှစ်ပါးရှိသတုံး....(ငါးပါးရှိပါတယ်ဘုရား)အခုသိလာပြီ....သိလာပြီ တော်သေးတယ်....(မှန်ပါဘုရား)။

တော်သေးတယ်၊ ဝင်းထရုံငါးချောင်း ရိုက်ပြတာကို ငါးချောင်းလို့ အခု မျက်လုံးမြင်လာပြီ... (မှန်ပါဘုရား) နဂိုရ်က တချောင်း ဖြစ်နေတာ... (မှန်ပါ)။

ရိုက်ထားတာကတော့....(ငါးချောင်းပါဘုရား) ကြည့်လိုက်တော့....(တချောင်းတည်းပါဘုရား) တချောင်းတည်း ရှေ့က (မှန်ပါ့) အံမာလေး.... တကာကြွယ် စုံလုံးကန်းဖြစ်နေတာ.... (မှန်ပါ့)။

စုံလုံးကန်းဖြစ်နေတာ အခုတော့ဖြင့် 'ဇာနတော'တော့ ဖြစ်လာပြီ....( မှန်ပါ့ ) 'ဇာနတော'တော့ သိလာပြီ၊ ပဿတော ကလေး ကျန်သေးတယ်....(မှန်ပါ့)။

ကဲ... ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါးရှိလို့ ငါးပါး သိလို့ရှိယင် "ဇာနတောဟံ ဘိက္ခဝေ" ဘိက္ခဝေ=ရဟန်းတို့၊ အဟံ=ငါဘုရားသည်၊ ဇာနတော=သိသောပုဂ္ဂိုလ်အား....တဲ့.... (မှန်ပါ့) ဟ....သိလာပြီ တကာတကာမတို့ ခန္ဓာ ဘယ်နှစ်ပါး ပါလိမ့်... (ငါးပါးပါဘုရား)။

ပုတာ-အေးတာ ဘာပါလိမ့်....(ရူပက္ခန္ဓာပါ) ကောင်းတယ် ဆိုးတယ် ပြောတာက.... (ဝေဒနာက္ခန္ဓာပါဘုရား) အဖြူ, အနီ, အကြောင်အကြားကလေးကို ပြောနေတာက... (သညာက္ခန္ဓာပါ ဘုရား)။

သွားဘို့စေ့ဆော်-လာဘို့စေ့ဆော်တာက ဘယ်သူပါလိမ့်... ( သင်္ခါရက္ခန္ဓာပါဘုရား ) အသိလုံးကလေးတွေ ဟူသရွေ့က.... (ဝိညာဏက္ခန္ဓာပါဘုရား)။

ဩော်....ဘယ်နှစ်သံထွက်သတုံး....(ငါးသံပါ) ဘယ်နှစ်ခုရှိလို့ ပါလိမ့်.... (ငါးခုရှိလို့ပါဘုရား) ငါးခုရှိလို့ ငါးသံထွက်တယ် ဆိုတာ ဇာနတော သိပြီ....(မှန်ပါ့)။

'ပဿတော'တဲ့ မြင်အောင်ကြည့်ကြဦးစို့.... (မှန်ပါဘုရား) မြင်အောင်ကြည့်ကြပါစို့ တကာကြွယ်-ရ - ( မှန်ပါ ) သိသာ သိ၍ မမြင်တာက ရှိသေးတယ်....(မှန်ပါ) သဘောကျရဲ့လား (ကျပါတယ်ဘုရား)။

ကျုပ်....ဟိုလူတော့ မှတ်မိပါတယ်ဗျာဆိုတော့ သူသိမှု မှတ်မှုတော့ ရှိပါတယ်...တဲ့ မင်း-မြင်ပလားလို့ဆိုတော့ မမြင်သေးဘူး....(မှန်ပါ) ဒီလိုလဲ ရှိသေးတယ်....(မှန်ပါ)။

ဒီမှာလဲ သိလဲသိအောင် မြင်လဲမြင်အောင် တကာတကာမတို့ ဒီနှစ်ခုပေါင်းဆုံမိမှ အာသဝေါချုပ်တယ်....(မှန်ပါ)။

ဒီနှစ်ခုပေါင်းဆုံမိမှ....(အာသဝေါချုပ်ပါတယ်ဘုရား)။

ဒါ့ကြောင့် အာသဝဟောရတော့မယ်ဆိုတော့ ဦးမောင်ကလေးတို့ ဦးမာဒင်တို့ မလွယ်ဘူး....(မှန်ပါ) မလွယ်ဘူးဗျနော် (မှန်ပါဘုရား) ခန္ဓာအရှိန့် ဉာဏ်အသိကိုက်အောင်ဆိုတော့လဲ ပြောရတော့မယ်ဗျ၊ မ-ပြောမဖြစ်ပါဘူး တကာတကာမတို့.... (မှန်ပါ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာအရှိန့် ဉာဏ်အသိကိုက်အောင်ဆိုလို့ရှိယင်ဖြင့် ကဲ-တခုခုဘဲ ပြောကြပါစို့ဆိုတော့ တကာတကာမတို့ အဖြူကလေးမြင်တယ်၊ မြင်တော့ အဖြူကလေးလို့ဘဲ သူသိလိုက်တယ်....(မှန်ပါ) အဲဒါ ဝိညာဏက္ခန္ဓာ (မှန်ပါ)။

အဖြူကလေးလို့သိတာ....(ဝိညာဏက္ခန္ဓာပါဘုရား) အပြော

ကလေးလို့သိတာ....(ဝိညာဏက္ခန္ဓာပါဘုရား) ဝိညာဏက္ခန္ဓာ၊ သူက အုပ်ချုပ်သွားတယ်....(မှန်ပါ)။

"မာယူပမဉ္စ ဝိညာဏံ" ဆိုတဲ့အတိုင်း အဲဒီတော့ ဒီတကာ တကာမတွေက အဖြူကလေးလို့သိတယ်...၊ အနီကလေးလို့ သိတယ်၊ သိတဲ့ဥစ္စာသည် ဝိညာဏက္ခန္ဓာဘဲ၊ အဲဒီသိလုံးကလေး ကို တကာတကာမတွေက ပဿတော နဲ့လိုက်ပြီးရှုပါ....(မှန်ပါ ဘုရား)၊

သိဘာကလေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ရှိသေးသလား မရှိဘူးလားလို့ 'ပဿတော'နဲ့ တကာသစ် လိုက်ပေး....(မှန်ပါ ဘုရား) ဘာတွေသတုံး....(မရှိတာတွေပါတယ်ဘုရား)။

ဩြော်....ဒါဖြင့် ငါ— နဂိုရှိတုန်းက ဇာနတော=ဝိညာဏ် သည် တပါးဘဲလို့ နဂိုရကငါသိထားတယ်....( မှန်ပါဘုရား ) ပဿတော= ရှုလိုက်တဲ့အခါကျတော့ ဒီတရားကလေးရှာမတွေ့ ဘူး (မှန်ပါ)ဒါဖြင့် ဒီတရားဟာ ဖြစ်လဲဖြစ်တယ် မရှိလဲ မရှိတဲ့ တရား....(မှန်ပါ)ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)၊

ဖြစ်လဲ ဖြစ်တယ်....(ပျက်လဲ· ပျက်ပါတယ်)ဒါဖြင့် ဖြစ်ပျက် ဘဲ ပြန်ရောက်တယ်... (မှန်ပါဘုရား)။

ရှိလဲရှိတယ်၊ ပဿတောနဲ့ ကြည့်လိုက်တော့ .... (ပျက်လဲ ပျတ်ပါတယ်) မရှိဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီတရားသည် ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ် ဆိုတော့ ပဿတောနဲ့ ရှုလိုက်တယ်....( မှန်ပါ ) သဘောကျပ

လား...(ကျပါပြီ) ဇာနတောနဲ့သိ- ပဿတောနဲ့ရှုပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

ဇာနတောနဲ့...(သိပါတယ်) ခန္ဓာငါးပါးရှိကြောင်း သေသေချာချာသိတယ်....(မှန်ပါ့) ပဿတောနဲ့ ရှုလိုက်တဲ့အခါကျတော့ သိလုံးကလေးကြည့်လိုက်ပြန်လဲ မရှိဘူး....(မှန်ပါ့)။

ကြားလုံးကလေးကြည့်လိုက်ပြန်လဲ.... ( မရှိပါ ) နှာခေါင်းထဲမှာပေါ်တဲ့ စိတ်ကလေးကြည့်လိုက်ပြန်ကော....(မရှိပါ)လျှာပေါ်မှာ စားစိတ်ကလေး ကြည့်လိုက်ပြန်ကော .... (မရှိပါဘုရား)။

ကိုယ်ပေါ်မှာ ယားစိတ်ကလေး ကြည့်လိုက်ပြန်ကော .... (မရှိပါ)ကိုယ်ပေါ် ချမ်းသာစိတ်ကလေး ကြည့်လိုက်ပြန်ကော (မရှိပါ) ဝမ်းထဲမှာ ကုသိုလ်ဖြစ်ချင်တဲ့ စိတ်ကလေးပြန်ကြည့်လိုက်လဲ....(မရှိပါဘုရား)။

အင်း... ဒါဖြင့် ဇာနတောနဲ့ သိပြီး ပဿတောနဲ့ကြည့်လိုက်တဲ့အခါကျတော့ တကာတကာမတို့ ဖြစ်မှု ပျက်မှုဆိုတဲ့ အနိစ္စလက္ခဏာ...(မှန်ပါ့) ဒုက္ခလက္ခဏာ .... (မှန်ပါ့) အနတ္တလက္ခဏာ...(မှန်ပါ့) အသုဘလက္ခဏာ....(မှန်ပါ့) ဒုက္ခသစ္စာ.... (မှန်ပါ့) တကာတကာမတို့ ရှုလိုက်တာ ဒါသွားတွေ့တယ်.... (မှန်ပါ့) မတွေ့သေးဘူးလား....(တွေ့ပါတယ်ဘုရား)။

အဲဒီ တွေ့တဲ့အခါကျတော့ ဩော်....ဇာနတောနဲ့ သိပြီး ပဿတောနဲ့ ရှုလိုက်တဲ့အခါကျတော့ ဒို့မှာ အနိစ္စလက္ခဏာ,

ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတွေ အကုန်လာပြီးသကာလ တွေ့ပါလားဆိုတော့ ဒီခန္ဓာကြီးသည်ကားလို့ ဆိုယင်ဖြင့် အနိစ္စ ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)။

ဒုက္ခ ဒုက္ခသစ္စာ... (မှန်ပါ့) အနတ္တ ဒုက္ခသစ္စာ.... (မှန်ပါ့) အသုဘဒုက္ခသစ္စာ....(မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီ) ဒီ့ပြင်ဘာရှိသေးသတုံး....(ဘာမှမရှိပါဘုရား)။

မရှိတဲ့ အခါကျတော့ ကာမာသဝကလဲ ဒီခန္ဓာမျိုးကိုလိုချင် သေးရဲ့လား....( မလိုချင်ပါ ) ဘဝါသဝကလဲ နေးက်ရမှာကို တောင့်တသေးရဲ့လား.... (မတောင့်တပါဘုရား)။

ဒိဋ္ဌာသဝကလဲ မခိုင်မှန်း မမြဲမှန်းသိသွားတော့ ချုပ်ရရှာ တယ်... (မှန်ပါ့) အဝိဇ္ဇာကလဲ အားလုံးဒုက္ခသစ္စာလို့ သိသဖြင့် သစ္စာဉာဏ်ရသွားတော့ မလာနိုင်တော့ဘူး....(မှန်ပါ့) လာနိုင် သေးရဲ့လား....(မလာနိုင်ပါဘုရား)။

မလာနိုင်တော့ ကာမာသဝကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲ ပြတ်....(မှန်ပါ့) ဒိဋ္ဌာသဝကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်....(ပြတ် ပါတယ်) အဝိဇ္ဇာသဝကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် .... (ပြတ် ပါတယ်) ဘဝါသဝကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်.... (ပြတ်ပါ တယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မရှိယင် နောက်ခန္ဓာမရှိဘူး·(မှန်ပါ့) နောက်ခန္ဓာမရှိယင် သေစရာမရှိဘူး....(မှန်ပါ့) သေစရာမရှိလို့ ရှိယင်ဖြင့် အရိုး တောင်နှယ်ပုံစရာကော....(မရှိပါ) အသွေးတွေ သမုဒ္ဒရာလောက် ဖြစ်စရာကော....(မရှိပါဘုရား)။

ဟာ....ဒါဖြင့် ဇာနတောနဲ့ ပဿတောနှစ်ခုကို လက်ကိုင်ထားယင် ကိစ္စပြီးတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြပါဦးစို့ ။

သာဓု...သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

အပါယ်သွားမည့်ဒိဋ္ဌိဖြုတ်ပစ်ပုံ-သုညတဒေသနာ

# ည အလုပ်ပေးတရားတော်

( ၂၂ - ၆ - ၆၂ )

တရား- တရားဆိုတာ တကာကြွယ်ရေ- တရားဆိုတဲ့ဥစ္စာက လုံးပြီးခေါ်ထားတဲ့စကားနော် ... ( မှန်ပါ ) စင်စစ်ဆိုတော့ တရားဟာသစ္စာဘဲ....(မှန်ပါဘုရား)။

တရားဟာ ဘာပါလိမ့်....(သစ္စာပါ) တရားဟာ သစ္စာဘဲ လို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားပါ... (မှန်ပါဘုရား)။

တရားကို ဘယ့်နှယ်ကြောင့် သစ္စာလို့ ပြောရပါလိမ့်မလဲလို့ တကာကြွယ်တို့၊ တကာသစ်တို့က မေးလို့ရှိယင် တရားဟာ အမှန်ကိုလုပ်လို့....(မှန်ပါဘုရား)။

တရားဟာ.... (အမှန်ကိုလုပ်လို့ပါ) ဟုတ်သွားဘဲ တကာ တကာမတို့ တရားဆိုတာသည်ကားလို့ ဆိုယင် သစ္စာပါဘဲ၊ အမှန်ကိုလုပ်သောကြောင့်ဆိုတော့ အဓိပ္ပါယ်က ရှင်းသွားတယ် (မှန်ပါဘုရား)။

ဘယ်လိုရှင်းသွားပြန်သတုံး ဆိုလို့ရှိယင်ဖြင့် လောဘ,ဒေါသ မောဟနဲ့ နေပြန်တော့လဲ လောဘ,ဒေါသ,မောဟ အသိုက်ဘဲ ရုပ်တွေ နာမ်တွေကဖြစ်တာဘဲ.... (မှန်ပါ့) လောဘစိတ် ပေါ် လာယင် လောဘရုပ်ဖြစ်တယ်၊ ဒေါသစိတ်ပေါ်လာယင် ..... (ဒေါသရုပ်ဖြစ်ပါတယ်ဘုရား)။

အင်း.... သူက လောဘစိတ်ပေါ်လာတော့ တကာတကာမ တွေ သိတဲ့အတိုင်း သာဓုအနုမောဒနာ ခေါ်တဲ့ရုပ် ဘယ် တော့မှ မဖြစ်ဘူး....(မှန်ပါ့) ဖြစ်နိုင်ကြရဲ့လား.... (မဖြစ်နိုင်ပါ ဘုရား)။

ဒါဖြင့် သူက တရားဟာ အမှန်လုပ်ဘယ်...(မှန်ပါ့ဘုရား) လောဘစိတ်လာယင် လောဘရုပ်လုပ်တယ်၊ ဒေါသစိတ်လာယင် (ဒေါသရုပ်လုပ်ပါတယ်) မောဟစိတ်လာယင် ... (မောဟရုပ် လုပ်ပါဘယ်) သံသယရှိတဲ့စိတ်လာယင်.... (သံသယရှိတဲ့ရုပ်လုပ် ပါတယ်ဘုရား)။

အင်း....သူ့မှာ ပြုံးတူးပြာတာ ဖြစ်လာတယ်...( မှန်ပါ့ ) စိတ်တွေများ တွေဝေနေတယ်ဆိုတော့ တွေဝေတဲ့ရုပ်ကြီး ထိုင်း မှိုင်းတယ်...(မှန်ပါ့) ဩော်.... ဒါဖြင့် တရားဆိုဘာ သစ္စာပါ ကလား...(မှန်ပါ့) အမှန်ကိုလုပ်တာပါကလား...(မှန်ပါ့) ရှင်း ကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတို့ တရားဆိုတာသည်ကားလို့ ဆိုလို့ရှိယင် ဖြင့် မဂ်တရားအားထုတ်လိုက်ပြန်တော့လဲ တကာတကာမတွေ အထက်မဂ်တွေများ ရသွားတော့ ရဟန္တာများဖြစ်တော့ အရိုး တွေဘာတွေများ ချိတ်ဆက်တွေ ဖြစ်ကုန်တယ်....(မှန်ပါ့)။

ဟ….ဘယ်နှယ်ကြောင့်တုံး၊ ဩော်…. တရားက သူ့တရားနဲ့ သူလုပ်တာကိုး….(မှန်ပါ့ဘုရား)။

တခါ မပုပ်မသိုးအောင် လုပ်ပြန်တဲ့ နာမ်မမွတွေကဆိုပြန် တော့လဲ မပုပ်မသိုးတဲ့ ရဟန္တာရုပ်မျိုး လာဖြစ်ပြန်တယ် …. (မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးတော့ သူ့ကိုတရားက လုပ် လိုက်တာ အရိုးတွေဟာ ဘုန်းကြီးတို့ တကာတကာမတွေလို တော့ဆက်မဟုတ်ဘဲနဲ့ ချိတ်ဆက်တောင်မကဘဲနဲ့ ကွင်းဆက်သွား ဖြစ်တယ်….(မှန်ပါ့) အင်း….ဒါ ဘယ်သူကလုပ်တာပါလိမ့်…. (တရားက လုပ်တာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ကိုယ် ကိုယ်ချိန်ကြည့်လို့ရှိ ယင် ကိုယ်ဟာ တရားတဲ့ပုဂ္ဂိုလ်လား၊ တရားက ကိုယ့်သန္တာန်မှာ ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရားရယ်လို့ သုံး ပါးရှိတယ်….(မှန်ပါ့)။

ကုသိုလ်တရားက ကုသိုလ်နဲ့ ပတ်သက်တာတွေဘဲ ရွက် ဆောင်သွားတယ်… (မှန်ပါ့)အကုသိုလ်တရားက .. (အကုသိုလ်နဲ့ ပတ်သက်တာဘဲ ရွက်ဆောင်ပါတယ်) အဗျာကတတရားက …. (အဗျာကတနဲ့ ပတ်သက်တာဘဲ ရွက်ဆောင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်သူ့ သဘော လိုက်နေပါလိမ့်မလဲလို့ အကဲခတ်ကြည့်ပါ၊ တရား သဘော လိုက်နေတယ်….(မှန်ပါ့ဘုရား)ရှင်းပြီနော် .. (ရှင်းပါပြီ ဘုရား)။

ဘယ်သူ့သဘောလိုက်သတုံး....(တရားသဘောလိုက်ပါတယ် ဘုရား) တရားသဘောလိုက်နေတော့ ပြော်....ဒို့ခန္ဓာကိုယ်ကြီး သည်ကားလို့ဆိုယင်ဖြင့် တရားရှက်ဆောင်ရာကို ရောက်ကြရမှာ ဘဲဆိုတာ ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါကြောင့် "ဓါရေတီတိ ဓမ္မော"ဓါရေတိ=ဆောင်တတ်၏ တလုံးဘဲ ဟောတယ်(မှန်ပါ) အကုသိုလ်တရားကလဲ အကုသိုလ် ရုပ်နဲ့ **အပါယ်ဆေးပါးဆောင်လိုက်တာဘဲ**....(မှန်ပါ) ကုသိုလ် **တရားကလဲ မဟာကုသိုလ်တရားဆိုလို့ရှိယင်ဖြင့်** သုဂတိဆောင် **လိုက်တာဘဲ**....(မှန်ပါ) **မဂ်ကုသိုလ်ဆိုယင်** နိဗ္ဗာန်ဆောင်လိုက် တာဘဲ....(မှန်ပါ)သဘောကျပလား ...(ကျပါပြီဘုရား)။

အဗျာကတတရားဆိုတာကတော့လဲ တကာတကာမတို့ ဘာ မှ အားမထုတ်တဲ့တရား ဖြစ်ပြီးသကာလ နေသောကြောင့် အား မထုတ်တဲ့ ရုပ်တွေကိုဘဲ လုပ်တာဘဲ....(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ခန္ဓာကိုယ်ကြီးသည် ဘာခန္ဓာ ကိုယ်ကြီးပါလိမ့်မတုံးဆိုတော့ တရား အစုအဝေးကြီး....(မှန်လှ ပါဘုရား)။

ဘယ်လိုဆိုကြမလဲ.... (တရားအစုအဝေးကြီးပါ) တရားအစု အဝေးကြီးဆိုတာ ပေါ်လာတော့မှ ဉာဏ်က လှည့်လိုက်ပေ တော့ .. ခန္ဓာဘက်လှည့်လိုက် ...(မှန်ပါ)။

ခန္ဓာဘက် လှည့်လိုက်တဲ့အခါကျတော့ တရားအစုအဝေး ကြီးဆိုတဲ့ဥစ္စာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

အင်း....ဒါက ကုသိုလ်တရားပေါ်လာပြန်ပြီ၊ဒါက အကုသိုလ် တရား ပေါ်လာပြန်ပြီ၊ ဒါက အဗျာကတတရား ပေါ်လာပြန် ပြီဆိုပြီး ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ထဲမှာ ကုသိုလ်,အကုသိုလ်,အဗျာကတသာ ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မရှိ ပါကလားဆိုတာ ပေါ်လာတယ်....(မှန်ပါ့)။

တကာတကာမတွေက ဉာဏ်နဲ့ မကြည့်လို့သာ စဉ်စစ် ဟောဒါက ကုသိုလ်တရားနဲ့ ကုသိုလ်ရုပ် (မှန်ပါ့)ဟောဒါက အကုသိုလ်တရားနဲ့ အကုသိုလ်ရုပ်ဟော့....(မှန်ပါ့) ဒါက အဗျာ ကတတရားနဲ့ အဗျာကတရုပ်ဟော့.... (မှန်ပါ့) ဉာဏ်နဲ့ ကြည့် လိုက်တဲ့အခါကျတော့ ပုဂ္ဂိုလ်သတ္တဝါပျောက်ပြီးသကာလ ဓမ္မ အစု အငုံကြီးလာဖြစ်တယ်....(မှန်ပါ့ ။

ဒါ ဘာဟောလိုက်တာတုံးလို့ မေးတော့မှ တကာတကာမ တို့ အပါယ်သွားမည့် ဒိဋ္ဌိဖြုတ်လိုက်တာ....(မှန်ပါ့)သဘောကျ ကြရဲ့လား... (ကျပါတယ်ဘုရား)။

တကာတကာမတွေ့ သန္တာန်မှာ ကုသိုလ်တရားအစု တခါ တလေရှိတယ်... (မှန်ပါ့)တခါတလေကျတော့ အကုသိုလ်တရား အစုတွေ....(ရှိပါတယ်ဘုရား) တခါတလေကျတော့ အဗျာကတ တရားအစုတွေ ရှိတယ်....(မှန်ပါ့)။

အင်း ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ဒါက ကုသိုလ် နာမ်နဲ့ ကုသိုလ်ရုပ်၊ ဒါက အကုသိုလ်နာမ်နဲ့ အကုသိုလ်ရုပ်၊ ဒါက အဗျာကတနာမ်နဲ့ အဗျာကတရုပ်လို့ ကြည့်လိုက်တဲ့ အခါကျတော့ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ တကာ

သစ်ရေ...ပုဂ္ဂိုလ်သတ္တဝါ ပျောက်ထွက်သွားတယ်.... (ပျောက်ပါတယ်ဘုရား) မကြည့်လို့ ခက်နေတယ်....(မှန်ပါ)။

ဒါ့ကြောင့် ဒီကရှေ့ကိုဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အရိယာသာဝက ဖြစ်နေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရိယာကိုးဗျ....(မှန်ပါ)။

သူပြောတဲ့ စကားတွေ နားထောင်နေတော့ ခင်ဗျားတို့ဟာ အရိယာတို့၏ တပည့်သွားဖြစ်တယ်....( မှန်ပါ ) အရိယာတို့၏ တပည့်သွားဖြစ်တော့ အရိယာတို့၏ မျက်လုံးနဲ့ဘဲ ခင်ဗျားတို့က ကြည့်လိုက်တော့ ခန္ဓာကိုယ်ထဲမှာ ဓမ္မအစုတွေ သက်သက်ပါ ကလားဆိုတာ ပေါ်လာတယ်.... (မှန်ပါ)။

ဘယ်လို ပေါ်လာကြသတုံး .... ( ဓမ္မအစုတွေသက်သက်ပါ ဘုရား )။

ဒီလိုဆိုတော့မှ ယောကျ်ားအတွက် စိတ်မကောင်းဘူး၊ မိန်းမ အတွက် စိတ်မကောင်းဘူး၊သားအတွက် စိတ်မကောင်းဘူး၊သမီး အတွက် ကျုပ်ဖြင့် ဗျာပါသင့်နေတယ် ရှိသေးရဲ့လား....(မရှိပါ ဘုရား) ဘယ်ရှိတော့မတုံး တကာတကာမတို့ ဓမ္မအစုတွေက တွေ့နေပြီ....(မှန်ပါ)။

ဓမ္မအစုတွေတော့ကို ဓမ္မသာရှိတယ်ဆိုသဖြင့် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းသောကြောင့် ယနေ့ တကာတကာမတို့ သုညတတရား ဟောတယ်လို့ မှတ်ပါ....(မှန်ပါ)။

ဘာတရားပါလိမ့်....(သုညတတရားပါ) ဦးမောင်ကလေး.... သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်....သုညတတရား ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ယနေ့ စ-ပြီးသကာလ တကာကြွယ်တို့ကို ဆုံးမ-သွန်သင်ပါလိမ့်မလဲလို့ အမေးထုတ်လို့ရှိယင်ဖြင့်တဲ့.... သုညတမဆိုက်လို့ ဒိဋ္ဌိမပြုတ်တာ....( မှန်ပါဘုရား ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့် .... (သုညတမဆိုက်လို့ ဒိဋ္ဌိမပြုတ်တာပါဘုရား)။

သုညတမဆိုက်လို့ ဒိဋ္ဌိမပြုတ်တာ ရှင်းသွားတော့မှ တကာကြွယ်ရေ— ဒို့သန္တာန်မှာ ဓမ္မအစုအဝေးမှတပါး ပုဂ္ဂိုလ်သတ္တဝါဆိုတာ အပြောသာရှိ၍ အထည်မရှိပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာကတည်းက ဘယ့်နှယ်ဖြစ်လာသတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ငါ သူတပါး-ယောကျ်ား-မိန်းမ အထင်လွဲ အမြင်လွဲကြီးဟာ ဓမ္မအစုအဝေးကြီးကို ဉာဏ်နဲ့ တည့်တိုင်းမြင်လိုက်သဖြင့် ဒိဋ္ဌိလဲမရှိ၊ဝိစိကိစ္ဆာလဲမရှိ....(မှန်ပါ) သဘောကျပလား-(ကျပါပြီဘုရား)။

ဒိဋ္ဌိကော—(မရှိပါဘုရား) ဝိစိကိစ္ဆာကော....(မရှိပါဘုရား) ဩော်....ဒါဖြင့် တကာတကာမတို့ အခုတရားစ,တာသည် ၁၅-မိနစ်ရှိပါပြီ—(မှန်ပါဘုရား)။

ဒီအတိုင်းဉာဏ်ထဲမှာ ဓမ္မအစုအဝေးသာ ကေန်ရှိ-တကယ်ရှိကို ဉာဏ်နဲ့ဆုံးဖြတ်ချက်ချလိုက်ပါ.... (မှန်ပါ) ချလိုက်သည်နဲ့

တပြိုင်နက်တည်း တကာ့တကာမတို့ သန္တာန်၌ ဒိဋ္ဌိသဝချုပ်သွားတယ်....(မှန်ပါဘုရား)။

ဘာချုပ်သွားပါလိမ့် .... (ဒိဋ္ဌိသဝ ချုပ်သွားပါတယ်ဘုရား)။

ဪ.... ဘုန်းကြီးတို့ တကာ့တကာမတွေ ဒိဋ္ဌိသဝချုပ်သွားတယ်ဆိုတော့ ခုနင်က သံသယဝိစိကိစ္ဆာကလဲမရှိပါဘူးတဲ့၊ ဓမ္မအစုဘဲလို့ဆိုသဖြင့် အဝိဇ္ဇာသဝကလဲချုပ်တယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဓမ္မအစုအဝေးဘဲလို့ သိလိုက်တော့ ပုဂ္ဂိုလ်သတ္တဝါရှိသေးရဲ့လား....(မရှိပါ) ဘယ်အာသဝချုပ်သလဲ .... (ဒိဋ္ဌိသဝချုပ်ပါတယ်ဘုရား)။

ဓမ္မအစုအဝေးသာရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတာ သိလာတော့ ဘာချုပ်ပါလိမ့်....(ဒိဋ္ဌိသဝချုပ်ပါတယ်) ဒိဋ္ဌိသဝချုပ်တယ်ဆိုတာ သေသေချာချာမှတ်ပါ.. (မှန်ပါဘုရား)။

ဒိဋ္ဌိဆိုတာက ဒီဓမ္မတွေကို ငါလုပ်ထားတယ်....(မှန်ပါ) ဓမ္မတွေကို....(ငါလုပ်ထားပါတယ်ဘုရား)အဲ....ဓမ္မတွေကိုငါလုပ်ပြီး သကာလနေတော့ လုပ်နိုင်တဲ့ ဒိဋ္ဌိဝင်နိုင်သေးရဲ့လား.... (မဝင်နိုင်ပါဘုရား)။

တကာသစ် ဘာချုပ်ပါလိမ့်....(ဒိဋ္ဌိသဝချုပ်ပါတယ်ဘုရား) ဒိဋ္ဌိသဝချုပ်သွားတယ်ဆိုတာ တကာကြွယ် ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ရှင်းကြပြီနော်....(မှန်ပါ)။

ခမ္မမှာပါး ဘာမှမရှိဘူးလို့ ဆုံးဖြတ်ချက် ချလိုက်သဖြင့် ဝိစိကိစ္ဆာကကော ရှိသေးသလား.... ( မရှိပါဘုရား ) မရှိယင် အဝိဇ္ဇာသဝချုပ်တယ်....(မှန်ပါ့)။

ဒီခမ္မတွေဟာ ခမ္မသဘောအတိုင်း ဖြစ်နေတာဘဲ ဖြစ်လိုက်၊ ပျက်လိုက် သင်္ခါရအနိစ္စ-သင်္ခါရအနိစ္စ၊ ပြုပြင်လို့ပေါ်လာလိုက် ပျက်စီးသွားလိုက်....(မှန်ပါ့) ပြုပြင်လို့ ပေါ်လာလိုက်....(ပျက် စီးသွားလိုက်ပါဘုရား)။

အင်း.... ဒါဖြင့် ခမ္မတွေမှာ ဘာတွေရှိပါလိမ့်မတုံး....လို့ သေသေချာချာ စိစစ်လိုက်ပြန်တော့လဲ သင်္ခါရနဲ့ အနိစ္စ သွား တွေ့တယ်....(မှန်ပါ့)။

ခမ္မတွေ သေသေချာချာ စိစစ်လိုက်ပြန်တော့.... (သင်္ခါရနဲ့ အနိစ္စ သွားတွေ့ပါတယ်ဘုရား)သင်္ခါရနဲ့ အနိစ္စဘဲ သွားတွေ့တဲ့ အခါကျတော့ဖြင့် ဒါဟာ တကာတကာမတွေ့ ခုနင်က ခမ္မတွေ သာ ရှိတယ်လို့ သိမှုနဲ့ ဒိဋ္ဌိနဲ့ အဝိဇ္ဇာကို ဖြုတ်လိုက်တယ်.... (မှန်ပါ့)။

ယခုတော့ သေသေချာချာ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျ တော့ အစားထိုးတာရယ်· ထိုးပြီးပျက်သွားတာရယ်··(မှန်ပါ့) ပျက်တဲ့နေရာ အစားထိုးတာရယ်.... ( မှန်ပါ့ ) ထိုးထားတာ ပျက်ပြန်ပြီ....(မှန်ပါ့) ဒါဖြင့် တကာတကာမတွေ့၏ ခန္ဓာကိုယ် ထဲမှာ အစားထိုးမှု ပျက်မှု ဒါဘဲရှိတယ်....(မှန်ပါ့)။

အင်း....ဘာများရှိပါလိမ့်....(အစားထိုးမှုနဲ့ ပျက်မှုဘဲ ရှိပါ တယ်ဘုရား)။

သေသေချာချာစဉ်းစားပါ၊ ထမင်းစားတာဟာ အစားထိုးတာ၊ ကျင်ကြီး၊ကျင်ငယ်စွန့်တာဟာ ပျက်မှုဖြစ်တာ.... (မှန်ပါ ဘုရား)။

ထမင်းစားတာက.... (အစားထိုးတာပါဘုရား) ကျင်ကြီး၊ ကျင်ငယ် စွန့်ရတာက.... (ပျက်မှုပါဘုရား) အစားထိုးတာရယ် (ပျက်မှုဖြစ်တာရယ်) ကျင်ကြီး၊ကျင်ငယ် စွန့်လိုက်....(အစားထိုး လိုက်ပါဘုရား)။

အဲ....ကျင်ကြီး၊ ကျင်ငယ် စွန့်တာက တကာသစ် ပျက်သွား တာ....(မှန်ပါ) စားတဲ့အစာတွေ အကုန်ပျောက်ပျက်သွားတယ် (မှန်ပါ) တဖန် စားတဲ့အစာက အစားထိုးလိုက်—( မှန်ပါ ) သဘောကျပလား.... (ကျပါပြီ) ကျင်ကြီး၊ကျင်ငယ် စွန့်လိုက် တော့— (ပျက်သွားပါတယ်ဘုရား) စားတဲ့အစာတွေ အကုန် ပျက်သွားတယ်—(မှန်ပါ)။

ဩော် — ဒါဟာ တကာတကာမတို့ စဉ်းစားကြည့်စမ်းပါ ခန္ဓာကိုယ်ထဲမှာ အစားထိုးတာရယ်၊ပျက်စီးတာရယ်ဘဲ ရှိတယ်- (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာကိုယ်ထဲမှာ....(အစားထိုးတာရယ်-ပျက်တာရယ်ဘဲ ရှိပါ တယ်ဘုရား) အစားထိုးတာနဲ့ ပျက်တာဘဲရှိတော့ သင်္ခါရနဲ့ အနိစ္စဘဲရှိတယ်.... (မှန်ပါ) သင်္ခါရက အစားထိုးတာ၊ အနိစ္စက ပျက်သွားတာ....(မှန်ပါ)။

ဩော်.... တကာတကာမတို့ အခေါ်မို့ တကာတကာမတွေ ခေါ်နေရပါတယ်၊ အတွင်းသားကို ဉာဏ်မျက်လုံးနဲ့ ကြည့်

လိုက်တဲ့အခါကျတော့ အစားထိုးတာရယ်- ပျက်စီးတာရယ် ဦးမောင်ကလေး ဒီနှစ်ခုဘဲရှိတယ်....(မှန်ပါ) ဇီ.ပြင် ဘာရှိသေး သတုံး....(ဘာမှ မရှိပါဘုရား)။

ဒါဖြင့် နှစ်ခုမြင်လိုက်ပြန်တော့ "အနိစ္စာ ဝတ သင်္ခါရာ" ဖြစ်လာတယ်....(မှန်ပါ့ဘုရား) ဝတ-ကေန္တေန=စင်စစ်အားဖြင့်၊ သင်္ခါရာ=အစားထိုးတာဟူသမျှတို့သည်၊ အနိစ္စာ=ပျက်စီးခြင်း သို့ ရောက်ကြကုန်၏....(မှန်ပါ့)။

ဩြော်— အစားထိုးတဲ့တရား ဘယ်ရောက် သွားပါလိမ့်— (ပျက်စီးခြင်းသို့ရောက်ပါတယ်ဘုရား) တကာတကာမတို့ ရိပ်မိ မိပြီ....(ရိပ်မိပါပြီဘုရား)။

ကံဇာ အစားထိုးလိုက်၊ကံကြောင့် ဖြစ်တဲ့သဘောတွေကပျက် စီးလိုက်(မှန်ပါ့)နောက်ထပ် ကံက အစားထိုးလိုက်- (ကံကြောင့် ဖြစ်တဲ့ သဘောတွေ ပျက်စီးလိုက်ပါ) အကျိုးတရားတွေက ပျက်စီးလိုက်....(မှန်ပါ့)။

အကြောင်းတရားက အကြောင်းတရားဆိုတဲ့ အစားထိုးမှုက လာလိုက်၊ အကျိုးတရားက အချိန်ရောက်လို့ တားမရ-ဆီးမရနဲ့ ပျက်စီးသွားလိုက်....(မှန်ပါ့ဘုရား) တကာကြွယ် တနေ့လုံးဟာ ဒီအလုပ်ဘဲရှိတယ်.... (မှန်ပါ့) ခန္ဓာ့အလုပ်ဟာ ဒါဘဲရှိတယ်.... (မှန်ပါ့)။

အစားထိုးမှုရယ်.... (ပျက်စီးမှုရယ်ပါဘုရား) ဒါဘဲ ရှိတယ် ဆိုတာ တကာတကာမတွေ ကျေကျေနပ်နပ်သဘောကျပလား-- (ကျသွားပါပြီဘုရား)။

ဒါဖြင့် အစားထိုးရတာက သင်္ခါရဒုက္ခ.... (မှန်ပါ) အစားထိုးရတာက... ( သင်္ခါရဒုက္ခပါဘုရား ) သင်္ခါရဒုက္ခကို အနိစ္စဆိုတဲ့ ဓမ္မက ဖျက်ချလိုက်တယ်....(မှန်ပါ)။

သင်္ခါရဒုက္ခကို... (အနိစ္စဓမ္မက ဖျက်ချပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ဟာ "သမင်မွေးရင်း ကျားစားရင်း" ဘဲ.... (မှန်ပါဘုရား)။

အင်း... ဘယ်လိုဖြစ်လာပါလိမ့်.... (သမင်မွေးရင်း ကျားစားရင်းပါဘုရား)။

" သမင်မွေးရင်း ကျားစားရင်း" လို့ ခင်ဗျားတို့ လောကီဥပမာပုံတွေကို အဓိကထားပြီး ပြောရိုးဆိုရိုးရှိပြီးသကာလ နေကြတာ " သမင်မွေးရင်း ကျားစားရင်း" ဆိုယင် ဒီအလုပ်ကို ငါမလုပ်ချင်ဘူး....(မှန်ပါဘုရား) ဒီလိုပေါ်လာတယ်....(မှန်ပါဘုရား)။

ကဲ.... ရွာလဲ အိမ်က မီးဖိုချောင်က ဖြုံးလိုက်၊ မင်းရေး, စိုးရေး၊ သူခိုးရေးက မွှေလိုက်၊ ငါဖြင့် လုပ်ဘဲ မလုပ်ချင်ဘူးတဲ့ (မှန်ပါ) မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီမှာ အဲဒီလို ဉာဏ်က ခန္ဓာကို မလှည့်လို့ စီးပွားရေးမှာသာ လှည့်နေလို့....(မှန်ပါဘုရား) ခန္ဓာကို လှည့်လိုက်လို့ ရှိယင် တချက်တည်းနဲ့ ခင်ဗျားတို့ သင်္ခါရလဲ ချုပ်ချင်တယ်- အနိစ္စလဲ သိမ်းချင်တယ်....(မှန်ပါ) ဖြစ်လာပြီ....(မှန်ပါ)။

သင်္ခါရပေါ်လဲ အားထုတ်ချင်တဲ့စိတ် လာသေးရဲ့လား.... ( မလာပါဘုရား ) အနိစ္စဖြစ်တာကိုလဲ ကျေကျေနပ်နပ်ကြီး သဘောကျ၍ နေသေးရဲ့လား....(မှနေပါဘုရား)။

အဲဒီ စီးပွားရေးမှာ “ သမင်မွေးရင်း ကျားစားရင်း ” စိတ်ပျက်သလို ခန္ဓာထဲမှာ ကြည့်လိုက်တဲ့အခါလဲ ဖြစ်မှုက အစားထိုးလိုက်၊ သဘောကျပလား....( ကျသွားပါပြီဘုရား ) ပျက်မှုက ဖျက်ချလိုက်....(မှန်ပါ)။

ဖြစ်မှုက....(အစားထိုးပါတယ်ဘုရား) ပျက်မှုက (ဖျက်ချပါတယ်ဘုရား)။

ဩော်.... ဒါတွေချည့် မြင်နေတော့ အရိယာ ပုဂ္ဂိုလ်များ မပျော်ဘူး· ပျော်တယ်ဆိုတာ မရှိပါဘူးဆိုတာ ဉာဏ်ထဲကကို ဒါ-မထွက်လို့....(မှန်လှပါဘုရား)။

ဘယ်လိုပါလိမ့်....(ဉာဏ်ထဲကကို မထွက်လို့ပါဘုရား) ဒီမှာတော့ တကာတကာမတွေက သင်္ခါရလဲ မကြည့်....( မှန်ပါ ) အနိစ္စလဲ... (မကြည့်ပါဘုရား) မကြည့်ဘဲနေတော့ တကာတကာမတွေ မီးလောင်လျက် ပျော်နေတာနဲ့ သိပ်တူတယ်.... (မှန်ပါဘုရား)။

အောက်က ရေနံတွေပတ်ပြီး မီးရှို့ထား၊ အောက်ပိုင်းက မီးလောင်လျက် အထက်ပိုင်းက ကလျက် ဆိုတော့ ကြည့်ကောင်းသေးရဲ့လား....( မကောင်းပါဘုရား ) အဲဒါ တော်ရုံတန်ရုံ ရှုးလို့မဟုတ်ဘူးနော်.... (မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) အင်မတန် ကြီးတဲ့ကိလေသာရှူးမို့ တကာကြွယ် ပျော်နိုင်ကြတာ....(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခန္ဓာကိုယ်ထဲ ရှိတာကတော့ အစားထိုးမှုနဲ့ ပျက်မှုဘဲ.... (မှန်ပါ) ဒီ့ပြင် ဘာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား)။

ဒါ့ကြောင့် ဘုရားက တသံ=ထိုသင်္ခါရအစားထိုးမှု,ပျက်မှုတို့၏၊ ဝူပသမော= မရှိသောနိဗ္ဗာန်သည်၊ သုခေါ= ချမ်းသာအစစ်လို့ ငါဘုရားဟော၏....(မှန်လှပါ) ဪ....အစားထိုးမှု, ပျက်မှုမရှိတဲ့နေရာဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ)။

တကာတကာမတို့ ယနေ့ နိဗ္ဗာန်သိပြီ ... ( သိပါပြီဘုရား ) အစားထိုးမှု ပျက်မှုမရှိတာ....(နိဗ္ဗာန်ပါဘုရား)။

ဪ.... နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ ရှေးတုန်းက အောက်မေ့နေတယ်....(မှန်ပါ)။

နိဗ္ဗာန်ဆိုတာ မြို့ကြီးလား-ပြကြီးလား အစရှိသည်နဲ့ တကာတကာမတွေက အမျိုးမျိုးစုံပြီးသကာလ အမျိုးမျိုးဝေဘန်ကြငြားသော်လဲ တခုမှ မဟုတ်ခဲ့ပါဘူး....(မှန်ပါဘုရား) သေသေချာချာစစ်လိုက်တော့ အစားထိုးမှုနဲ့ ပျက်စီးမှု မရှိတာဟာ နိဗ္ဗာန် –(မှန်ပါ)။

တကာကြွယ် ဘာတဲ့တုံး...(အစားထိုးမှုနဲ့ ပျက်စီးမှုမရှိတာ နိဗ္ဗာန်ပါဘုရား) အစားထိုးရတာက သင်္ခါရ....(မှန်ပါ) ပျက်စီးမှုက.... (အနိစ္စပါဘုရား) ဒီနှစ်ခုမရှိတာ ဘာခေါ်ကြမလဲ.... (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ခန္ဓာကိုကြည့်လိုက်တဲ့အချိန်မှာ ဘုန်းကြီးတို့ တကာတကာမတွေ အလုပ်ပေးချင်လို့ ဒီတရား စ,လာတယ် အောက်မေ့စမ်းပါ... (မှန်ပါ)။

ဒြော်....အခု ဒို့သည် ဖြစ်ပြန်ပြီ-ပျက်ပြန်ပြီ ဆရာဘုန်းကြီး က ဒါဘဲ အရှုခိုင်းနေတယ်... ( မှန်ပါ ) ဒါ-ရှုနေလို့ ဒါဘဲ မြင်နေမှာဘဲလို့ ဒီလို မအောက်မေ့ပါနဲ့....(မှန်ပါ) ဒါရှုယင် ဒါတော့ မြင်ရမှာဘဲ၊ ဒါကို မြင်စေချင်တာဘဲ ဘုန်းကြီးများ ကလဲ....(မှန်ပါ) ဒါဖြင့် မြင်စေချင်ပါတယ်ဆိုတာ စကားသစ် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒါ မြင်စေချင်တာတုံးဆိုတော့ မြင်ပါ များယင် အစားထိုးမှု ပျက်မှုကြီးကို ကျုပ်တို့ ခင်ဗျားတို့ မမုန်း ပါနဲ့ မရှု ပါနဲ့ဆိုလို့ ရပါမလား... (မရပါဘုရား)။

ဒါ့ကြောင့် အစားထိုးမှု၊ ပျက်မှုကိုမြင်တာသည် ယထာဘူတ ဉာဏ်....(မှန်ပါ) အင်း....သိပြီဟေ့... (မှန်ပါ)"ယထာဘူတ ဉာဏ်"ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ဖြင့် သူတို့ရသွားပြီ၊ သူတို့ခန္ဓာကိုယ်မှာ အယင်လို အောက်ကမီးလောင် အထက်က က,ဆိုတာမျိုး အခုမရှိတော့ဘူး....(မှန်ပါဘုရား)။

ဒို့ခန္ဓာကိုယ်ထဲ တကယ်စမ်း ကြည့်လိုက်ပြီဆိုမှဖြင့် အစား ထိုးမှုနဲ့ ပျက်မှုမှတပါး ဘာမှမတွေ့ဘူး....(မှန်ပါ)မယုံယင် ချွေး သုတ်ကြည့်ပါ....(မှန်ပါ) မယုံယင်ချွေးသုတ်- ရှေးကသုတ်သွား နောက်ကလိုက်ထွက်တယ်....(မှန်ပါဘုရား)။

ရှေ့ကသုတ်တော့.. ( နောက်ကလိုက်ထွက်ပါတယ်ဘုရား ) ဟာ....ဘာဖြစ်တာတုံး၊ အို....အစားထိုးလိုက်၊ တပည့်တော်တို့က သုတ်ချလိုက် ပျက်သွားလိုက်ပေါ့ဘုရား.... (မှန်ပ) သဘောကျ ပလား....(ကျပါပြီဘုရား)။

နို့မဟုတ်လို့ရှိယင် ချေးပေါက်ကလေးတွေက ခန္ဓာကိုယ် မွေးညှင်းပေါက်ကလေးတွေက ဒီချေးကို ခင်ဗျားတို့ကသာ မသုတ်ဘူးဆိုလို့ရှိယင်ဖြင့် ပုံစီးနေမှာဘဲ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါဘယ်ကလာတာတုံး၊ ခန္ဓာထဲက ဖြစ်တာလေ- (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်ကလာသတုံး....(ခန္ဓာထဲက ဖြစ်တာပါဘုရား) ခန္ဓာထဲက ဘာဖြစ်တာတုံး- အစားထိုးမှု· ပျက်မှုလုပ်နေတာ....(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် နေရာကျပြီ ခန္ဓာကိုယ်ကြီး ကြည့်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် တကာသစ် ဝိပဿနာဉာဏ် အမြင်ဟာဖြင့် အစားထိုးမှု ပျက်မှုပါဘဲ....(မှန်ပါ့)။

တခါတလေ ဉာဏ်က ဟိုကမြန်သွားပြန်တဲ့ အခါကျတော့ အစားထိုးမှု မမြင်ဘဲနဲ့ ပျက်မှုကလေးချည့်မြင်တယ် .... (မှန်ပါ့) ဒီလိုလဲရှိတတ်ပါတယ်.... (မှန်ပါ့) ဒီလိုရှိတာလဲ အမှန်ဘဲလို့ မှတ်လိုက်... (မှန်ပါ့ဘုရား)။

ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များ အမှန်ဘဲလို့မှတ်လိုက်.... (မှန်ပါ့ဘုရား)။

တပည့်တော်ဖြင့် အစာထိုးမှု မမြင်ဘူးဘုရား၊ ပျက်မှုချည့်မြင်တယ်၊ အေး....ဒါဟာ ဉာဏ်တက်တာလို့မှတ်လိုက်- (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ဉာဏ်တက်တာ မြင်ပါတယ်) ဉာဏ်တက်တာလို့ တကာတကာမတွေက မှတ်လိုက်ပါနော်(မှန်ပါ့)

ဩော်.. ဒါဟာ ဘင်္ဂဉာဏ်တက်တာဘဲ....(မှန်ပါ) ဥဒယဗ္ဗယက နေပြီး ဘင်္ဂတက်တယ်...(မှန်ပါဘုရား)။

ပဌမတော့ အစားထိုးမှု ပျက်မှုဒါဘဲ ဖြိုင်ဖြိုင်မြင်နေတယ်.... (မှန်ပါ) နောက်ကျိုးစားပါများလာတော့ ဟိုက အပျက်က မြန်၊ ကိုယ့်ဉာဏ်ကထက်ဆိုတော့ တကာတကာမတို့ အစား ထိုးတာမမြင်ဘူး....(မမြင်ပါဘုရား)။

ဘာကလေးမြင်သတုံး .... (ပျက်တာမြင်ပါတယ်) ပျက်တာ တောင်မှ ပျက်နေတာမမြင်ပါဘူး၊ မရှိဘူး· မရှိတော့ဘူး· မရှိ တော့ဘူးဘဲသိတယ်...(မှန်ပါ) သဘောကျပလား... (ကျပါပြီ ဘုရား)။

ဘယ်လိုသိပါလိမ့်.... (မရှိဘူး· မရှိတော့ဘူးဘဲ သိပါတယ်) မရှိတော့ဘူး· မရှိတော့ဘူးလို့ သိတာသည် ဘင်္ဂဉာဏ်တက်လာ တာ. (မှန်ပါ)သဘောကျပလား....(ကျပါပြီ)။

ဩော်....ဒါဖြင့် ဒီဟာသည် တကာတကာမတို့ အစားထိုးမှု ပျက်မှုမရှိတာဟာ ခန္ဓဝိမုတ်လို့ မှတ်လိုက်စမ်းပါ .... ( မှန်ပါ ) ခန္ဓက· ခန္ဓာ၊ ဝိမုတ်က လွတ်တာ....(မှန်ပါဘုရား)။

အစားထိုးမှု ပျက်မှုမတွေ့တော့ဘူး ဆိုယင်ဖြင့် ခင်ဗျားတို့ ခန္ဓာလွတ်သွားတယ်... (မှန်ပါ) ခန္ဓာရှာမတွေ့ဘူး.... (မှန်ပါ)။

တကာကြွယ် သေသေချာချာမှတ်စမ်းပါ....(မှန်ပါ) အစား ထိုးမှု ပျက်မှုမရှိယင် ခန္ဓာဘာဖြစ်သွားသတုံး ခန္ဓာလွတ်သွား တယ်....(မှန်ပါဘုရား)။

ခန္ဓာလွတ်သွားတော့ကို ကြည့်နေတဲ့ဉာဏ်ဟာ ဟာ .... ခန္ဓာလွတ်သွားပြီ၊ ဟာ... ခန္ဓာလွတ်သွားပြီ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကြည့်နေတဲ့ဉာဏ်က - ( ခန္ဓာလွတ်သွားပါပြီ ) တကာသစ်ဒါ အရေးကြီးလို့ အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် ယနေ့သီးသန့်ပြောပါတယ်....(မှန်ပါ့ဘုရား)။

ဝတ္ထုသက်သေမပါဘဲနဲ့ ခန္ဓာကိုမူတည်ပြီးသကာလ ဉာဏ်နဲ့ တွဲပြီးပြောနေတယ်....(မှန်ပါ့) ဒါကလေး အထမြောက်စေချင်လွန်းလို့ သိတင်းကျွတ်သည်နဲ့ တပြိုင်နက်တည်း ဟာ....ကိုယ်လဲ ကိလေသာချုပ်တယ်လို့ ပြောနိုင်အောင်....( မှန်ပါ့ ) အရေးမကြီးဘူးလား .. (ကြီးပါတယ်ဘုရား)။

ကြီးတယ်တဲ့၊ ဒါ့ကြောင့် ဒို့လဲကိလေသဝဋ်မှ ကျွတ်သွားပဟာဆိုတဲ့ဥစ္စာ တကာကြွယ်ရေ အပါယ်ဝဋ်မှ ကျွတ်သွားပဟာ-ဒီလိုလက်ခမောင်းကလေး ခတ်နိုင်မှကောင်းကြမယ်....(မှန်ပါ့) နို့မဟုတ်ယင် သက်ဆိုးရှည်ကြီး ဖြစ်နေမယ်....(မှန်ပါ့)။

နို့မဟုတ် ဘာဖြစ်နေမလဲ.... (သက်ဆိုးရှည်ကြီး ဖြစ်နေပါမယ်ဘုရား)။

သက်ဆိုးရှည်ဆိုတာ တကာတကာမတို့ ခင်ဗျားတို့ သိတဲ့ အတိုင်း အစားထိုးလိုက် ပျက်စီးလိုက်၊ ဒီခန္ဓာကြီးကို ဟိုယူသွားလဲ ဒီပုံဘဲ....(မှန်ပါ့) ဒီကနေမုံရွာသယ်သွားလဲ.... (ဒီပုံပါဘဲဘုရား)။

သင်ပန်းကုန်းသယ်သွားတော့ကော.... (ဒီပုံပါဘဲ) မန္တလေးသယ်သွားတော့ (ဒီပုံပါဘဲ)ဟာ... ဒီပုံဖြစ်ယင် လှကိုမလှဘူး.... (မှန်ပါဘုရား)။

ဒီပုံဖြင့် ဘယ့်နှယ်ဆိုကြမလဲ.... (မလှပါ) အစားထိုးလိုက် ပျက်လိုက်ကိုးဗျ....(မှန်ပါ)။

ဒါကြီးနဲ့ မြို့ထဲ လည်ပြီးသကာလဖြစ်စေ၊ ဘုရားရှိခိုးနေရာဖြစ်စေ၊ ဒါကြီးနဲ့ ရှိခိုးနေရတာဟာ ဩော်.... သခ်ါရနဲ့ အနိစ္စဒီနှစ်ခုနဲ့ ဘုရားရှိခိုးနေရတယ်၊ ဒီနှစ်ခုနဲ့ စကားပြောနေရတယ်၊ ဒီနှစ်ခုနဲ့ ထမင်းစားနေရတယ်—(မှန်ပါ) ဆိုတော့ ကျုပ်တို့မှာ ဩော်— ကိုယ့်အဖြစ်ဆိုးကြီးကဖြင့် နည်းနည်းမှတည်တံ့လို့ကို မရပါကလားဆိုတဲ့ အဓိပ္ပါယ်ရောက်တယ်... (မှန်ပါဘုရား)။

နည်းနည်းမှ တည်တံ့ခိုင်ခန့်တဲ့ သဘောပါသေးသလား — (မပါ-ပါဘုရား) ဘာတွေနဲ့ ဘာတွေဖြစ်နေသလဲ.... (သခ်ါရနဲ့ အနိစ္စတွေ ဖြစ်နေပါတယ်)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒါကလေးကို ဉာဏ်ထဲမှာမြင်တော့ ဘယ်မှလဲမသွားချင်၊ ဗီသခ်ါရအနိစ္စကြီးနဲ့ဖြင့် သုံးဆဲ့တဘုံထဲမှာ လည်ရမှာသည် အစားထိုးလိုက်· ပျက်စီးလိုက်၊ အစားထိုးလိုက်· ပျက်စီးလိုက် 'သမင်မွေးရင်း- ကျားစားရင်း'ဆိုသလိုပေါ့ဗျာ....(မှန်ပါ)။

အဲဒီလိုမြင်လာတော့ ကြာတော့ အစားထိုးတာမမြင်ဘဲနဲ့ အပျက်တွေမြင်ပြီးတော့ အပျက်ကြီးနဲ့ သုံးဆဲ့တဘုံကို ပျက်စီးမှုကြီးနဲ့ လည်နေရဦးမယ်ဆိုတာကိုလဲ တခါတည်း ကိုယ့်အပြစ်တွေ ကိုယ်မြင်လာတယ်....(မှန်ပါဘုရား)။

ဒီလိုတော့ဖြင့် မလည်ချင်ပါဘူး၊ ကိုယ့်အပြစ်က အပြစ်ဆိုး ကြီးပါကလား ...(မှန်ပါ) ဒီမှာ အာဒီနဝဆိုတဲ့ အပြစ်မြင်တဲ့ ဉာဏ်တွေ တခါတည်းတက်လာတယ်....(မှန်ပါဘုရား)။

ဒီဘေးသင့်တာလောက်ဆိုးတာ မရှိပါဘူးဆိုတဲ့ ဘေးတွေလဲ အကုန်ပေါ်လာတယ်....(မှန်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဒီခန္ဓာကြီးနဲ့ လည်ရလို့ ရှိယင်ဖြင့် ဘယ်နေရာမှ သူက ကြက်သရေမင်္ဂလာနဲ့တကွ လူ့ဘုံ အလယ်မှာဖြစ်စေ၊ နတ်တို့၏ ဘုံအလယ်မှာဖြစ်စေ ဉာဏ်မျက် လုံးနဲ့ကြည့်လို့ကောင်းမည့် အဓိပ္ပါယ်ကားတော့ သူပပြဘူး .... (မပြပါဘုရား) ပြနိုင်ပါ့မလား....(မပြနိုင်ပါဘုရား)။

ဘာဖြစ်လို့ မပြနိုင်သတုံး- နဂိုရ်မရှိလို့ နကိုင်းမထွက်နိုင် တာ....(မှန်ပါ)နဂိုရ်မရှိတော့(နကိုင်းမထွက်နိုင်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ရှင်သာရိပုတ္တရာကြီး ညည်းတော်မူတာ တကာ သစ်တို့၊ တကာကြွယ်တို့၊ ဦးမောင်ကလေးတို့ နားတောင်တော့ (မှန်ပါ)ခန္ဓာရတဲ့နေ့ကစပြီး စွန့်ချင်တဲ့စိတ်က အယင်လာတယ်- (မှန်ပါဘုရား)။

ရဟန္တာလဲဖြစ်ရော သူ့ခန္ဓာကြီးကို ရဟန္တာဖြစ်ပြီး ငါ့မှာ ဝန်ပေါ့သွားတာပေါ့ကွာ၊ ပျော်ပျော်နေပါဦးလားလို့ ပျော် စရာမရှိသေးဘူးတဲ့၊ ဝန်ထမ်းသမားက မကျွတ်သေးဘူး ...တဲ့၊ ဘာတဲ့တုံး....(ဝန်ထမ်းသမားက မကျွတ်သေးပါဘုရား)။

ဒီဝန်ကြီး ချချင်တယ်ဆိုတော့ ပရိနိဗ္ဗာန်စံတော်မူချင်တာက စောတယ်....(မှန်ပါ့)ရိပ်မိပါလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ဖြင့် ဒီဝန်ကြီးထမ်းပြီး ဟိုဘုရားဖူးသွားချင်ရတာနဲ့၊ ဟိုမြို့လည်ချင်ရတာနဲ့....(မှန်ပါ့) ဘာဖြစ်တာတုံးဒီဥစ္စာ (ဝန်ထမ်းချင်ကြတာပါ) ဝန်ထမ်းတာကို အပြစ်မမြင်တာ.... (မှန်ပါ့ဘုရား)။

ဝန်ထမ်းတာကို....(အပြစ်မမြင်တာပါ)အဲ....ဝန်ထမ်းတာကို အပြစ်မမြင်တော့ ခင်ဗျားတို့က ကူလီဈေးကောင်းယင် ကျေနပ်သလို ဖြစ်နေတယ်... (မှန်ပါ့)။

ဘာဈေးကောင်းယင်လဲ....(ကူလီဈေးကောင်းယင် ကျေနပ်သလိုပါဘုရား) ဒါဖြင့် ခါးတောင်းကြိုက် မဖြုတ်ရမှ ခင်ဗျားတို့က နေရာကျတဲ့ လူတွေ....(မှန်ပါ့)ဒီလိုဖြစ်နေတယ်....(မှန်ပါ့) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါ့ကြောင့် အရိယာမျက်လုံးတပ်ပြီးသကာလ ပေးနေပါတယ်ဆိုတာကိုလဲ အစက ပြောခဲ့ပြီ....(မှန်ပါ့)။

ဥယျမာနော တီဟဂ္ဂိဟိ၊
ဘဝေသု သံသရိံအဟံ။
ဘရိတော ဘဝဘာရေန၊
ဂိရိံ ဥစ္စာရိတော ယထာ။

လို့ ရှင်သာရိပုတ္တရာ ရွတ်တော်မူတယ်....(မှန်ပါ့) ကွာ... တဲ့.... မြင့်မိုရ်တောင်ကြီး ထမ်းရတာက ကမ္ဘာပျက်တဲ့အခါ ကိုယ်က

မြင့်မိုရ်တောင်ထမ်းတဲ့ မြေထမ်းဘီလူးဘဲ ဖြစ်ရဦးတော့ ကမ္ဘာ မီးလောင်တဲ့အခါ မြင့်မိုရ်တောင်ကြီး ပျောက်သွားတော့ ကိုယ့် အပေါ်က ဝန်ကြီး ကျသွားတယ်....(မှန်ပါ)။

ဒီခန္ဓာကြီး ရတာက အခု စုတိခန္ဓာကြီး ထမ်းပြီး ဒီနေရာ ပုံ ထားခဲ့၊ ဟိုဘက် ပဋိသန္ဓေခန္ဓာကို ဆက်ပြီး ထမ်းရတယ်....(မှန် လှပါဘုရား)။

သူ့မှာ ကမ္ဘာပျက်မရှိဘူး..(မှန်ပါ) ဟိုက ကမ္ဘာပျက် ရှိ တယ်....( မှန်ပါ ) ဥာဏ်ရောက်ကြရဲ့လား....(ရောက်ပါတယ် ဘုရား)။

ခန္ဓာကြီး ထမ်းရတာတော့ ကမ္ဘာပျက်....( မရှိပါဘုရား ) ဒီမှာ ထမ်းနိုင်ယင်ထမ်း၊ မထမ်းနိုင်ယင် ပြဟ္မာ့ပြည် သွားထမ်း လေကွာ....(မှန်ပါ)။

ဟာ....ဒီလိုမှ မထမ်းလို့ရှိယင် တခြားသော စကြာဝဠာ သွားထမ်း....(မှန်ပါ)ကဲ....တကာဘကာမတို့ ဝန်ကို ကျဘူးတယ် ရယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

အဲဒါတွေ ရှင်ဥပါလိက တွေးပြီး“ဘဝေ သာတံ နဝိန္ဒာမိ” ဘဝထဲမှာ သာယာစရာကို ငါဖြင့် မြှော်လင့်ချက် မမြင်ပါဘူး ကွာ....(မှန်ပါ)။

“ဥယျန္တော တီဟိ အဂ္ဂိဟိ”တဲ့၊ ထမ်းသာထမ်းနေရတယ် မီး လောင်ထုပ်ကြီး ထမ်းရတာဘဲ၊ ဇာတိ ဇရာ မရဏကလဲ လောင် လျက်ဘဲ....(မှန်ပါ) ထမ်းတဲ့ အထုပ်ကြီးကလဲ အကောင်းထုပ်

လား၊ အဆိုးထုပ်လား.... (အဆိုးထုပ်ပါဘုရား) မီးလောင်ထုပ်ကြီး ထမ်းရတယ်....(မှန်ပါ)။

"ဘရိတော ဘဝဘာရေန"တဲ့—ဒါ တခြားလူကလဲ ထမ်းတာ မဟုတ်ဘူး၊ ရာဂက ဆုတောင်း-ဆုတောင်းပြီး မင်း လူ့ဘဝ ဆုတောင်း၊ ဒါမှ လူခန္ဓာထမ်းရမယ်၊ နတ်ဆုတောင်း-ဗြဟ္မာဆုတောင်း....(မှန်ပါ)။

အံမာလေး....တဏှာကလဲ ဝန်သေးထမ်းတာ မကြိုက်ဘူး....(မှန်ပါ)ဘာမှ ကြိုက်သတုံး.... (ဝန်ကြီးထမ်းမှ ကြိုက်ပါတယ်) အင်း....ဆန်နှစ်အိတ်ဖိုး ခါးကျိုးမှာပေါ့ဗျာ....(မှန်ပါ) သဘောကျကြရဲ့လား....(ကျပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ သားကလေး- သမီးကလေးတွေများ ထွန်းကားလာတာလား—၊ ပိုးရတာ ဆန်အိတ်များလာတာလား....(ပိုးရတာ ဆန်အိတ်များလာတာပါ) များပေမဲ့ ခင်ဗျားတို့က ကုလီစိတ်က မပျောက်တော့ ပြုံးတယ်....(မှန်ပါ)။

အင်း....သုံးအိတ်ထမ်းရလဲ ရှိပစေ ဒါ အကျိုးပေးတာကိုး-(မှန်ပါ)ဖြစ်မှ ဖြစ်ရလေ အံမာလေး—တကာတကာမတွေ ရှုးချက်သန်လိုက်တာ....(သန်ပါတယ်ဘုရား)။

စာကာကြွယ်.... တယောက်တည်းမို့များ အားငယ်သေးသလား...(အစကတော့ ငယ်မိပါတယ်ဘုရား) အစကတော့ ငယ်တယ်၊ အခုတော့ တော်တော်ကလေး နေသာကျလာပြီ... (မှန်ပါဘုရား)။

တယောက်တောင်မှ မရှိယင် ကောင်းတယ်ဆိုတဲ့ အမိပ္ပါယ် တကာကြွယ်.. မရောက်သေးဘူးလား--(ရောက်ပါတယ်ဘုရား)။

ရောက်ပြီတဲ့....၊ တယောက်ရှိလို့ ရှိယင် တယောက်ဝန်ဟာလဲ မသေးဘူး... ( မသေးပါဘုရား )ဒီ တယောက်က ပွားလာပြန် တော့ကော....(မသေးပါ)ပိုကြီးလာပြန်တယ်---(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

အဲ....တဏှာသမားကျတော့ ဒီဥစ္စာကိုဘဲ အင်း .... အသိုက် အအုံကြီးလေလေ ကျေနပ်လေလေဘဲ... (မှန်ပါ) တဏှာသမား က ကူလီကိုးဗျ... (မှန်ပါ့) ဝန်ထမ်းရလေလေ...(ကျေနပ်လေပါ ဘုရား) ကျေးဇူးများလေလေ... ( မှန်ပါ့ ) အံမာလေး....ဖြစ်မှ ဖြစ်ရပလေ။

ဒါ့ကြောင့် သဘောသဘောဆိုပ်မှာရှိတဲ့ ကူလီတွေ- ဘာတွေဟာ သူ များထမ်းတာကို မကျေနပ်တာ ဒါဘဲဗျ....(မှန်ပါ)ရိပ်မိပလား-- (ရိပ်မိပါပြီဘုရား)။

သူများထမ်းတာ ဘယ့်နှယ်တုံး...(မကျေနပ်ပါ) မကျေနပ် ပါဘူးတဲ့၊ဘာဖြစ်လို့တုံး ကိုယ်သာထမ်းချင်တယ်ဆိုတဲ့အဓိပ္ပါယ် ဟာ မရကြဘူးလား....(ရပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတို့ ကိုယ့် သားသမီးကလေးတွေကို သူများပွေ့တာ ကြိုက်သလား....၊ ကိုယ်သာ ပွေ့ချင်သလား ... (ကိုသာ ပွေ့ချင်ပါတယ်)အင်း....သဘောဆိပ်တော့ နိုးပြီ--(နိုး ပါပြီ)ရိပ်မိပလား.... (ရိပ်မိပါပြီ)အတော် ဆိုးဝါးနေတယ်ဆိုဘာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ ခင်ဗျားတို့က ကြက်သရေရှိတယ်ဆိုမလား ...၊ ကူလီအကြီးစားလို့ ဆိုကြမလား...(ကူလီအကြီးစားပါဘုရား)။

အေး...ဒါတွေကိုလဲ သိမှ ဩော်...ဒို့ဟာ မိုက်ချက်သန်လှချည့်ကလား.... ဝန်ထမ်းသမားအဖြစ်ကိုဘဲ တခါတည်း ဒို့သည်ဘုရားရှေ့မှာ ဆုမပြည့်မှာစိုးလို့ ဆုတောင်းပြည့်ဘုရားရှေ့မှာ သွားပြီး တောင်းလိုက်သေးတဲ့ အဖြစ်ဟာဖြင့် ရှင်သာရိပုတ္တရာ ညည်းပုံနဲ့ ခင်ဗျားတို့ တောင်းပုံနဲ့တော့ ကန့်လန့်ကြီး-(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရှင်သာရိပုတ္တရာကလဲ ယနေ့ ရဟန္တာဖြစ်လို့ ယနေ့ ခန္ဓာဝန်ချပါရစေလို့ စိတ်ထဲမှာ ပေါ်လာတယ်...(မှန်ပါ့) ခင်ဗျားတို့ကတော့လဲ ပွားလာလေလေ- အညွန့်အတက်ပေါက်လေလေ- ကျေနပ်လေလေ...(မှန်ပါ့) အင်း....ဘာဖြစ်ကြတာတုံး....(ဝန်ထမ်းလို့ အားမရတာပါ)ဝန်ထမ်းလို့ အားမရတဲ့ သံသရာခရီးသည်မို့... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် တခါ-တခါပြောရတယ်၊ မင်းတို့ ဝန်ထမ်းတာဟာ ထမ်းပါရစေတော့ကွာ...၊ မင်းတို့ သွားရမည့်လမ်းက ကြမ်းလွန်းလို့....(မှန်ပါ့) မပြောရဘူးလား....(ပြောရပါတယ်ဘုရား)။

မင်းတို့သွားတဲ့လမ်းက နေပူတယ်ဆိုလဲ ရောဂါဖြစ်တာဘဲ.... (မှန်ပါ့) ခြေအေးတယ်ဆိုတော့ကော.... (ရောဂါဖြစ်ပါတယ်ဘုရား)။

ဆူးခလုတ်တွေ ရှိတယ်ဆိုတော့ကော .... (ရောဂါ ဖြစ်ပါတယ်ဘုရား) မြေ့ကင်း့သန်း ရှိတယ်ဆိုတော့ကော.... (ရောဂါ ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီလမ်းမှာပါး ခလေးပွေ့စရာ၊ ခလေးချီစရာ ရှိရဲ့လား...(မရှိပါဘုရား) ဩော်....၆၆-ပါးလမ်းကြမ်းမှာ မနိုင်ဝန်ထမ်းပြေးတဲ့အသွားဟာ မရှက်လို့ ခင်ဗျားတို့....(မှန်ပါ့)။

၆၆·ပါးလမ်းကြမ်းမှာ.... (မနိုင်ဝန်ထမ်းပြေးတာ မရှက်လို့ပါဘုရား) မနိုင်ဝန်ထမ်းပြေးတယ်....(မှန်ပါ့) ရိပ်မိကြပလား· (ရိပ်မိပါပြီဘုရား)။

တချို့က သားသမီး ဘယ်နှစ်ယောက်ရှိသတုံး ဆိုလို့ရှိယင် ပြုံးမျှားပြောလိုက်သေးတယ်၊ ကျမက မျှားတယ်· ကျွန်တော်တို့က မျှားတယ်...(မှန်ပါ့)။

ဟာ....ဘာဖြစ်တာတုံးလို့မေးလို့ရှိယင်ဖြင့် ပြုံးလာကတည်းကိုက သူ့ဟာက မေးတာကို သူ့စိတ်ထဲမှာ ဂုဏ်ယူပြီး ပြုံးလိုက်တာ.... ( မှန်ပါ့ ) တယောက်မှ မထွန်းကားဘူးဆိုတော့ ခပ်မှိုင်မှိုင်ပြောတယ်....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်ဘာတုံး· ကူလီဆုမပြည့်လို့....(မှန်ပါ့) ရိပ်မိပလား· (ရိပ်မိပါပြီဘုရား)။

ဘာဆုမပြည့်လို့တုံး...(ကူလီဆုမပြည့်လို့ပါဘုရား) တဘာကြွယ် ရိပ်မိပြီ... (ရိပ်မိပါပြီဘုရား)။

အခုမှ ရိပ်မိဘာနော်...(မှန်ပါ)ရှင်သာရိပုတ္တာရာကြီးကတော့ ယနေ့ ရဟန္တာဖြစ်ယင် မြင့်မိုရ်တောင်ကြီးကကွာ ထမ်းနေရခြား သော်လဲ ကမ္ဘာပျက်တော့ လွှတ်သေးသဟော့...(မှန်ပါ)။

ဒီခန္ဓာဝန်ကတော့ စုံတိခန္ဓာဝန်ချယင် ပဋိသန္ဓေခန္ဓာဝန် ဆက်ထမ်းဘဲ....(မှန်ပါ) တောက်လျှောက် ပဝတ္တိခန္ဓာကြီးကော (ဆက်ထမ်းရပါတယ်ဘုရား) သေပြန်တော့ကော ဒီအထုပ်ထား ပြီး ဟိုအထုပ် ဆက်ထမ်းတော့ မြင့်မိုရ်တောင်ကမှ ကမ္ဘာပျက် ပါသေးဘယ်...(မှန်ပါ)။

ခင်ဗျားတို့ကတော့.... (ကမ္ဘာပျက် မပါ·ပါဘုရား) ကမ္ဘာ ပျက် မပါဘူးဆိုတော့ ခင်ဗျားတို့က ဗလာမပါဘူး.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မြင့်မိုရ်တောင်ထမ်းရတဲ့လူက ...(ဗလာပါတယ်ဘုရား) ဗလာ ပါသေးတယ်၊ ကမ္ဘာတည်နေဘယ်၊ ကမ္ဘာပျက်နေတယ် အကြာ ကြီးဆိုယင် သူ့မှာ ထမ်းမှုလွှတ်နေတယ်...(မှန်ပါ)။

အဲဒါတောင် တကာဘကာမတွေက တယောက်တလေများ ကိုယ့်အိမ်က အကြောင်းမညီညွတ်လို့ စွန့်ပစ်လိုက်ရတဲ့ အခါကျ တော့ ပြန်ပြန် အောက်မေ့တယ်....(မှန်ပါ) ဘယ့်နှယ်ကြောင့် ပါလိမ့်၊ အထုပ်လှမ်းတာပေါ့လေဗျာ၊ ဒီ့ပြင်ဟာ ပြောနေ စရာ မလိုပါဘူး... (မှန်ပါ)။

တကာသစ် ဘာလှမ်းတာတုံး ...(အထုပ်လှမ်းပါတယ်ဘုရား) ဘာဖြစ်လို့တုံး· ပခုံးပေါ်က ကျသွားလို့ ...(မှန်ပါ ကျသွားလို့ ပါဘုရား) ရင်ခွင်ထဲက....(ကျသွားလို့ပါဘုရား)။

ဒါလောက်တောင် ရှုးနေသေးတဲ့ အခိပ္ပါယ်ဟာဖြင့် တကာကြွယ်....ရှင်းလောက်ပါပြီ....(ရှင်းပါပြီဘုရား)အဲဒါ ကာမာသဝ သတ္တိ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့်... အာသဝေါ မကုန်သေးသ၍ ကာလပတ်လုံး ခင်ဗျားတို့မှာ အရှက်အကြောက် မရှိသေးဘူးဆိုတာလဲ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အာသဝမကုန်ယင်... (အရှက်အကြောက် မရှိသေးပါဘုရား) သူများက ရှက်စရာ၊ ခင်ဗျားတို့က သိမ်းပိုက်စရာ... ( မှန်ပါ့ဘုရား)။

သူများကတော့....(ရှက်စရာပါ) အရိယာမျက်လုံးရပြီးသား ပုဂ္ဂိုလ်ကတော့... (ရှက်စရာပါဘုရား) ခင်ဗျားတို့က ဘယ့်နှယ် ဖြစ်နေသလဲ... (သိမ်းပိုက်စရာဖြစ်နေပါတယ်) အံမာလေး... ကြောက်စရာကြီးပါလား....(မှန်ပါ့)။

သူများက စွန့်လိုက်တဲ့ကျင်ကြီးကို ခင်ဗျားတို့က သုံးဆောင်စရာဖြစ်သလို....(မှန်ပါ့) ဒီအခိပ္ပါယ်မရဘူးလား.... (ရပါတယ်ဘုရား)။

အဲဒါလောက် ဆိုးဝါးနေတယ်လို့ဆိုတာ ယနေ့ ဖော်ဖော်ပြီး ပြောတယ်လို့ အောက်မေ့ပါ....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

သူများက စွန့်လိုက်ပြီဆိုမှဖြင့် ကိုယ်က သိမ်းပိုက်ချင်တဲ့ သဘောသည် အတော်မဆိုးဘူးလား တကာသစ်.... ( ဆိုးပါတယ်ဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဟိုခလေးကလေးတယောက် ရုပ်ကလေးကလဲ သနားကမား နဲ့ အမေလဲမရှိဘူး၊ အဖေလဲမရှိဘူးဆိုယင် မေးစားလိုက်ရယင် ဘယ့်နှယ်နေပါ့မလဲ...(မှန်လှပါ) လာပြီ ခင်ဗျားတို့...(မှန်ပါ့) ဘာဖြစ်လို့လဲ· သူများက စွန့်သွားတာ၊ ကိုယ်က ဘာလုပ်တာ တုံး....(သိမ်းပိုက်တာပါဘုရား)။

သိမ်းပိုက်ချင်တယ်၊ ကိုယ်သိမ်းပိုက်တဲ့အထဲမှာ ဒီခလေးဟာ အသုဘလား·သုဘလား....(အသုဘပါဘုရား)။

ဪ.... အသုဘတောင် ရဲရဲတင်တင်း စာချုပ်နဲ့ သိမ်းချင် တယ် ကျုပ်က ရိုးရိုးမရဘူး၊ တော်တော်ကြာ အမွေဆိုင် ပေါ် လာယင် ခက်တယ်တဲ့....(မှန်ပါ့) ဒါလောက် ဆိုးဝါးနေတာဗျ (မှန်ပါ့) တကာကြွယ် ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ခင်ဗျားကော ရှိသေးသလား.... (ရှိပါတယ်ဘုရား) ရှိသေး တယ်၊ တယောက်ရှိတယ် ဒီမှာ...(မှန်ပါ့)။

အံမာလေး.... တကာ တကာမတို့ ဒါလောက်တောင်ဘဲတဲ့ ဝန်ထမ်းသမား အဖြစ်သည်ကားလို့ဆိုယင် တဏှာက တင်ပေး တာကိုး....(မှန်ပါ့)။

တဏှာက တယောက် ခလေးတိုးလာလဲ ကိစ္စမရှိဘူးဘဲ.... (မှန်ပါ့) နောက်တယောက် တိုးလာလဲ.... (ကိစ္စမရှိပါဘုရား) နောက်တယောက် တိုးလာပြန်လဲ... (ကိစ္စမရှိပါဘုရား)။

အင်း... ကိစ္စသာမရှိတယ် လျှာထွက်တော့မယ်နော်· (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

အင်း.... တယောက်တိုးတယ်ဆိုယင် တယောက်စရိတ် သေးသလား....(မသေးပါဘုရား) နှစ်ယောက်တိုးယင် နှစ်ယောက်စရိတ်ကော....(မသေးပါဘုရား)။

မသေးပင် မသေးငြားသော်လဲ အမေမိဘလုပ်တဲ့ ပုဂ္ဂိုလ်က အင်း....တရာရင်းရယင် နှစ်ရာရင်းရှိပေါ့ကွာ၊ တသောင်းရင်းယင် နှစ်သောင်းရင်းရှိပေါ့— (မှန်ပါ) သူတို့ကိုကလေးလဲ ရှိပါသေးတယ်တဲ့...(မှန်ပါ) သူတို့ကိုနဲ့ များ ရောပြီး ဖြေလိုက်သေးတယ် (မှန်လှပါဘုရား)။

ဖြစ်မှဖြစ်ရပလေ....ထမ်းရမှာကကိုယ်, သူတို့ကိုတဲ့—(မှန်ပါ) ရိပ်မိပလား— (ရိပ်မိပါပြီဘုရား)။

ထမ်းရမှာက ဘယ်သူပါလိမ့်....(ကိုယ်ပါဘုရား) အမေမိဘ ( မှန်ပါ ) သို့သော်လဲ ခင်ဗျားတို့က အထမ်းကို တခါတည်း ပြုံးပြုံးကလေး ထမ်းချင်တဲ့အခါကျတော့ အို— ကိုယ့်ကိုချည့် မဟုတ်ပါဘူးကွ၊ ခလေးတွေကိုတာလဲ ရှိပါသေးတယ်....(မှန်ပါ) ဆိုပြီး ခပ်ပြုံးပြုံးဘဲ ကျေကျေနပ်နပ်ဘဲ....(မှန်ပါ) သဘောတပါပလား....(ပါ-ပါပြီဘုရား)။

ကာမာသဝ....တဲ့.... ( မှန်ပါ ) တကာကြွယ် ဘာတဲ့တုံး— ( ကာမာသဝပါဘုရား ) ကာမာသဝဆိုတဲ့ဥစ္စာ သူမပြေသ၍ ကာလပတ်လုံး ခင်ဗျားတို့မှာ လျှာထွက်နေတာတောင်မှ ပြုံးပြီးထွက်.... ( မှန်လှပါဘုရား ) သေခြင်းဆိုးသေတာတောင်မှ လွမ်းသေတဲ့....(မှန်ပါ) ဒါလောက်ဆိုးဝါးတယ်.... (ဆိုးဝါးပါတယ်ဘုရား)။

သူတို့အတွက်နဲ့ ကျောပူ့ရင်ပူတွေကပ်ပြီးသကာလ ခလေးနဲ့ ပဘ်သက်ပြီး ဒုက္ခတွေ အမျိုးမျိုးရောက်တာတောင်မှ သူတို့နဲ့ ပတ်သက်ပြီး သူတို့စွဲလမ်းပြီး သေတာတောင်မှ သူတို့စွဲလမ်း ပြစ်ကလေးက မပျောက်သေးဘူး....(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား) အင်မတန် မဆိုးဝါးကြဘူးလား.... (ဆိုးဝါး ပါတယ်ဘုရား)။

ဒါကြောင့် ဒီကာမာသဝတွေ့အဝိဇ္ဇာသဝတွေကို ခင်ဗျားတို့ မဖြုတ်သ၍ ကာလပတ်လုံး ခင်ဗျားတို့ ကျုပ်တို့မှာဖြင့် ဘယ် နည်းနဲ့မှ မရပေဘူးဆိုတော့ သခ်ါရနဲ့အနိစ္စကြည့်မှဘဲ သူတို့ ချုပ်မယ်— ( မှန်ပါဘုရား ) သဘောကျပလား— (ကျပါပြီ ဘုရား)။

သခ်ါရနဲ့.... ( အနိစ္စဖြုတ်မှ သူတို့ချုပ်ပါမယ် ) သခ်ါရနဲ့ အနိစ္စဟာ ဘယ်မှာရှိပါလိမ့် တကာသစ်ရေ .... (ခန္ဓာမှာရှိပါ တယ်ဘုရား)ဦးမောင်ကလေး ဘယ်မှာရှိသလဲ— (ခန္ဓာမှာရှိပါ တယ်ဘုရား)။

ဩော် .... ခန္ဓာမှာရှိလျက်သားနဲ့ ခင်ဗျားတို့က ရှိတဲ့ဆီကို ဉာဏ်မတည့် မရှိတဲ့ဆီမျက်လုံးကသွားနေလို့ တကာတကာမ တွေ ဖြစ်ထွေဆိုးနေတာ....(မှန်ပါ) တကာကြွယ် ရိပ်မိပလား— (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဒီသခ်ါရနဲ့အနိစ္စချုပ် ဆုံးယင် ဘာခေါ်ကြမတုံး— (နိဗ္ဗာန်ပါဘုရား)။

ကြော်... ဒါဖြင့် ကိုက်ပြီ၊ "တေသံ ဝူပသမော သုခေါ"....(မှန်ပါ) တေသံ=ထိုသင်္ခါရအနိစ္စတို့၏၊ ဝူပသမော=ချုပ်ငြိမ်းရာနိဗ္ဗာန်သည်၊ သုခေါ=တကာ့တကာ့မတို့၏ ချမ်းသာအစစ်ဘဲ–(မှန်ပါ့ဘုရား)။

ကြော်... သင်္ခါရအနိစ္စချုပ်မှ နိဗ္ဗာန်ပါကလား....( မှန်ပါ့ ) ဒါဖြင့် သင်္ခါရအနိစ္စဟာ ကျုပ်တို့၏ ရှုချက်ဘဲ–(မှန်ပါ့ဘုရား) သဘောပေါ်ပါသလား....(ပေါ်-ပါပြီ)။

သင်္ခါရအနိစ္စဆိုတာလဲ ဘုန်းကြီးက စကားဆန်းသုံးနေတယ်၊ ဘုရားက တမျိုးဟောပြန်ပြီလို့ ဒီလိုမယူနဲ့.... (မှန်ပါ့) ခင်ဗျားတို့၏ ဖြစ်မှုနဲ့ ပျက်မှုကိုဆိုတာ– (မှန်ပါ့)ရှင်းပလား•တကာကြွယ် (မှန်ပါ့ဘုရား)။

ဒီဖြစ်မှုနဲ့ ပျက်မှု ဉာဏ်အောက်တွင် ပျောက်သွားယင် တကာသစ် ဘာဆိုမတုံး– (နိဗ္ဗာန်ပါဘုရား)။

ကြော်... နိဗ္ဗာန်ဆိုတာ တခြားလားအောက်မေ့တယ် ဒီခန္ဓာကြီး၏ ဖြစ်မှုပျက်မှုချုပ်ငြိမ်း ရုပ်သိမ်းတာသည် နိဗ္ဗာန်ဘဲဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန်မစံခင်ကလဲ ဟောပါတယ်၊ စံတော့လဲ ဒီအတိုင်းပါဘဲ–(မှန်ပါ့ဘုရား)။

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမော သုခေါ။

ဖြစ်ပြီး ပျက်ကြဘာဘဲကွတဲ့.... (မှန်ပါ့) တေသံ = ထိုဖြစ်မှုပျက်မှုတို့၏၊ ဝူပသမော = ချုပ်ငြိမ်းရာနိဗ္ဗာန်သည်၊ သုခေါ= ချမ်းသာဘဲတဲ့....(မှန်ပါ့ဘုရား)။

ဪ .. ဒါဖြင့် နိဗ္ဗာန်ဟာ တခြားလားမှတ်နေတယ် တကာ ကြွယ် ခင်ဗျားတို့ ရှုကြကြပ်ကြပ်... (မှန်ပါ့)အစားထိုးတာရော ပျက်မှုရော မတွေ့တော့ပါဘူး ဆိုလို့ ရှိယင်ဖြင့်ခန္ဓာကြည့်နေရင်း မတ္တနဲ့ အစားထိုးတာရော ပျက်မှုအနိစ္စရော မတွေ့တော့ဘူး ဆိုယင်ဖြင့် ငါ ပဋမနိဗ္ဗာန်မျက်မှောက်ပြုပြီလို့ အောက်မေ့..— (မှန်ပါ့ဘုရား)။

သေသေချာချာ အဘိုးတန်တဲ့တရား ... (မှန်ပါ့) နိဗ္ဗာန်ဟာ အဝေးကြီးလား အောက်မေ့နေတယ်(မှန်ပါ့)တကာကြွယ် ဝေး သလား..—(မဝေးပါဘုရား)။

ကြပ်ကြပ်ကြည့်စမ်းပါ အစားထိုးတာရယ် ပျက်မှုရယ်ကြည့် လိုက်တော့ အစားထိုးတာနဲ့ ပျက်မှုဆိုတာက ခန္ဓာမှာရှိတာ တကာသစ်ရေ....(မှန်ပါ့)။

ဘယ်မှာရှိတာပါလိမ့်....(ခန္ဓာမှာရှိတာပါ) ခန္ဓာမှာရှိတာကို ကြည့်ရင်းမတ္တနဲ့ ဒီဟာတွေကို အစားထိုးတာလဲမတွေ့ ပျက်မှုလဲ မတွေ့တော့ဘူးဆိုသဖြင့် ဪ....ခန္ဓာ့ဒုက္ခသိမ်းသွားပြီ(မှန်ပါ့ ဘုရား)။

သူများအပြောလား၊ ကိုယ့်ဉာဏ်အမြင်လား... (ကိုယ့်ဉာဏ် အမြင်ပါဘုရား) အဲဒီကျမှ ဒိဋ္ဌဓမ္မဆိုတာ ဖြစ်လာတယ် .— (မှန်ပါ့) ဓမ္မစကြာလာတဲ့ ဒိဋ္ဌဓမ္မဖြစ်လာတယ် .... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ဒီမှာ အားလုံးအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ အစားထိုးတာရော ပျက်မှုရော ပျောက်အောင် ရှုစမ်းပါဆိုတဲ့

ဥစ္စာ ခင်ဗျားတို့ရှုသာနေ ရှုရင်းမတွေ့နဲ့ ဥာဏ်ကတက်လာပြီး အစားထိုးတာနဲ့ ပျက်တာကိုမြင်ယင် ယထာဘူတဥာဏ် ... (မှန်ပါဘုရား)။

အစားထိုးတာရော, ပျက်မှုရော မုန်းလာယင် နိဗ္ဗိန္ဒဥာဏ်... (မှန်ပါ) အစားထိုးတာရော, ပျက်တာရော မရှိတာမြင်ယင် မဂ်ဥာဏ်ဘဲ မှတ်လိုက်တော့...(မှန်ပါ) ဆိုတော့ ရှင်းနေတာဘဲ-(မှန်ပါဘုရား)။

တကာကြွယ် ရှေးနိဗ္ဗာန်တရားနဲ့တော့ ကွာတယ်....(ကွာပါတယ်ဘုရား) ရှေးနိဗ္ဗာန်တရားကတော့ ဘယ်တော့ရောက်လိမ့်မလဲ- ဖြေးဖြေးတော့ မင်းသေချာသဟေ့....(မှန်ပါဘုရား)။

အင်း...ဖြေးတာဘက် ရပ်သွားတာဘဲ မရောက်ပါဘူး ... (မှန်ပါ)ရောက်စရာကို အကြောင်းမရှိဘူး....(မှန်ပါ)ဘယ်အစားထိုးထိုး ပျက်မှုမှ သူမမြင်ဘဲ....(မှန်ပါဘုရား)။

"တေသံ ဝူပသမော သုခေါ" တေသံ= ထိုဖြစ်မှုပျက်မှုတို့၏၊ ဝူပသမော=ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သည်၊ သုခေါ= ချမ်းသာအစစ်ဘဲ....(မှန်ပါ) ဖြစ်မှုပျက်မှုကြည့်တဲ့ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရတယ် (မှန်ပါဘုရား)။

တကာတကာမတို့ ဘယ်ပုဂ္ဂိုလ် နိဗ္ဗာန်ရသတုံး ... (ဖြစ်မှုပျက်မှုကြည့်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရပါတယ်ဘုရား)။

ဖြစ်မှုပျက်မှုမတွေ့သေးယင် တကာတကာမတို့ ယထာဘူတဥာဏ်ဘောင် မရသေးဘူး....( မှန်ပါ ) သဘောကျပလား ...

(ကျပါပြီ)ယထာဘူတဉာဏ် မရသေးယင်ဖြင့် အကန်းနဲ့ အရူး ဘယ်တော့မှ မပျောက်သေးလို့ မှတ်... (မှန်ပါ့ဘုရား)။

အကန်းနဲ့ အရူး... (ဘယ်တော့မှ မပျောက်သေးပါဘုရား) "ပုထုဇ္ဇနော ဥမ္မတ္တကော"လဲ မပျောက်သေးဘူး....(မှန်ပါ့) အန္ဓပုထုဇန်အဖြစ်မှလဲ... (မပျောက်သေးပါ) ဘာမမြင်သေးလို့ပါလိမ့်....(ဖြစ်ပျက်မမြင်သေးလို့ပါဘုရား)။

အဲ... ဖြစ်မှု- ပျက်မှုမမြင်သေးယင် အကန်းနဲ့ အရူးဇာတ်မသိမ်းသေးဘူး... (မှန်ပါ့ဘုရား)။

ကဲ .... ဒါဖြင့် ဖြစ်မှုပျက်မှုဖြင့် တပည့်တော်တို့ဘုရား ဖွိုင်ဖွိုင်ကြီး တွေ့ပါပြီလို့ဆိုလို့ရှိယင် အကန်းအရူး အဲဒီနေ့ကစ,ပျောက်တယ်....(မှန်ပါ့ဘုရား)။

ကိုယ့်ဒုက္ခကိုယ်သိမ်းတာဘဲ အေးအေးဆေးဆေးသိမ်းမနေနဲ့ အမြန်သိမ်းယင် ကောင်းတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သေသေချာချာဟောဘာယ်....(မှန်ပါ့)ရှင်းပြီ... (ရှင်းပါပြီဘုရား)။

ကျင်ကြီးပုံ အိမ်ပေါ်မှာ လေးပုံ-ပုံနေတဲ့ဥစ္စာ တကာကြွယ် တပုံမှမဆေးဘဲ ဖြေးဖြေးမှဆေးမယ်ဆိုယင် ဖြေးလေနံလေဘဲ... (မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ... (ဖြေးလေ နံလေပါ) ဖြေးလေနံလေဆိုတော့ တကာတကာမတော့ ခန္ဓာကိုယ်ကြီးကလဲ အသုဘခန္ဓာကိုယ်ကြီး... (မှန်ပါ့) ဖြေးဖြေးမှသူ့ကို ချုပ်ငြိမ်းရုပ်သိမ်း

အောင်လုပ်မယ်ဆိုယင် ဖြေးလေ နှံလေလာဦးမယ်(မှန်ပါ့)မလာ ပေဘူးလား....(လာပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာ ဘာလဲ ဆိုတာ ယနေ့ အာသဝေါကုန်တဲ့ နိဗ္ဗာန်ဆိုတာ ဘာလဲလို့ မေး တော့မှ ဖြေ....ဖြစ်မှု- ပျက်မှုမရှိတာနိဗ္ဗာန်....(မှန်ပါ့)။

ဘာတဲ့ တကာတကာမတို့ ... (ဖြစ်မှုပျက်မှုမရှိတာဟာနိဗ္ဗာန် ပါဘုရား)။

အင်း .... ဘယ်လိုမရှိတာပါလိမ့်မတုံးဆိုတော့မှ အရိယာ မျက်လုံး တပ်ကြည့်လိုက်တဲ့အခါ မရှိတာ နိဗ္ဗာန် .... (မှန်ပါ့) သူ့ဟာသူတော့ ဝဋ်မကုန်သေးလို့ ဝိပါက ဝဋ်ကြီးနဲ့တော့ ခန္ဓာကြီးက ရှိနေမယ်... (မှန်ပါ့) ကိုယ့်ဉာဏ်ထဲမှာ မရှိတော့ ဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်ဉာဏ်ထဲမှာဖြင့်.... ( မရှိတော့ပါဘုရား ) သူများက ဘေးကနေကြည့်တော့...(ရှိပါတယ်ဘုရား)။

သူများကဘေးကနေကြည့်လို့ရှိတဲ့ခန္ဓာက ဝိပါကဝဋ်မကျွတ် သေးကြောင်းကို ခန္ဓာကပြတာ... (မှန်ပါဘုရား)။

ကိုယ့်ဟာ ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်လို့မမြင်တာက ကိုယ့်မှာ ဖြင့် လေးပုံ-တပုံဆိုသလိုဘဲ တကာတကာမတို့ ကိလေသဝဋ် ကမ္မဝဋ် အပါယ်တည်းဟူသော ဝိပါကဝဋ် ကျွတ်သွားတာကို ကိုယ့်ဟာ ကိုယ်မမြင်တဲ့အတွက် ကိုယ့်မှာ အောက်သံသရာ၏ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ကျွတ်ပြီ....(မှန်ပါ့)။

ဒီ အမြင်နှစ်ခုကို တကာကြွယ်....ရှင်းစမ်းပါ၊ ရှင်းရှင်း နား ထောင်စမ်းပါ....(မှန်ပါ့)တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်မှာ တရား က ပေါက်နေတဲ့ ပုဂ္ဂိုလ်နော်...(မှန်ပါ့)။

သူများက ဘေးကနေကြည့်တော့ ခန္ဓာမြင်တယ်...(မှန်ပါ့) အဲဒါက ဒီ ယောဂီပုဂ္ဂိုလ်၏ ဝိပါကဝဋ် မကျွတ်သေးတာ.... (မှန်ပါ့)။

ဒါကို ခန္ဓာက သက်သေခံလိုက်တယ်....(မှန်ပါ့) ကိုယ့်ဟာ ကိုယ်တော့ဖြင့် ရှာမတွေ့ဘူး...( မှန်ပါ့ )သဘောကျပလား.... (ကျပါပြီဘုရား)။

ကိုယ့်ဟာ ကိုယ်တော့ဖြင့်...(ရှာမတွေ့ပါ) ကိုယ့်ဟာ ကိုယ် တော့ဖြင့် ရှာမတွေ့တာ အောက်သံသရာဖြစ်တဲ့ ကိလေသဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ်ကျွတ်လို့ ရှာမတွေ့ဘူး....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဩော်...ဒီဥာဏ်ဟာ သိပ်ထူးခြားပါကသား....(ထူးခြားပါ တယ်)တကာကြွယ်....ထူးခြားတယ်....(ထူးခြားပါတယ်) ကိုယ့် မှာတော့ ခန္ဓာဝဋ်ကျွတ်ပလား...(ကျွတ်ပါပြီ) ဘေးကကြည့် တော့လဲ မကျွတ်ဘူး..(မှန်ပါ့)။

ဘေးကကြည့်လို့ မကျွတ်တော့ ဘုရားတောင်မှ မင်္ဂလေး တန်, ဖိုလ်လေးတန် အကုန်ရပြီးသားတောင် ဘေးကနေကြည့် နေတဲ့အခါကျတော့ ရှင်အာနန္ဒာက ဘုရားက ဆောင်းတွင်း နေစာလှုံတဲ့အခါ အရှင်ဘုရား အရေတွေ တွန့်လိပ်ကုန်ပါပေါ့ လား...(မှန်ပါ့)။

ဟာ - အာနန္ဒာ ဟင်း....ဖျင်းပါသေးတော့ကွာ....“ဇရာဓမ္မော ဇရ် အနတိဓတာ” ဘယ်လွန်ဆန်နိုင်ပါမလဲကွတဲ့....( မှန်ပါ့ ) ဘုရားဆိုတာ ဂုဏ်နဲ့ ဘာမှ မဆိုင်ဘူး၊ ဟိုဟာက သစ္စာတရားကွ-မင်းကို အစက ပြောခဲ့သားဘဲ ဓမ္မဆိုတာ သစ္စာ - ဘယ်သူ့မှ ငဲ့တာမဟုတ်ဘူး....(မှန်ပါ့) မပေါ်သေးဘူးလား—(ပေါ်ပါပြီ ဘုရား)။

အဲ - ဘေးကနေကြည့်လိုက်တော့ ဘုရားမှာ ရှိနေတာဘဲ.... (မှန်ပါ့) သူ့ဟာသူ ဖလသမာပတ် ဝင်စားနေတဲ့အခါကျတော့ သူ့ခန္ဓာလဲ သူ မမြင်တော့ဘူး နိဗ္ဗာန်မြင်နေတာဘဲ.... (မှန်ပါ့) ဝဋ်ကို အကုန်ကျွတ်တယ်....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘေးအမြင်နဲ့ ယောဂီ၏ အမြင်နဲ့ တခြားစီ - (မှန်လှပါဘုရား)ဘေးလူအမြင်နဲ့....(ယောဂီအမြင်ဟာ တခြားစီပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အမြင်ကို ခင်ဗျားတို့ ရအောင်လုပ်၊ ယောဂီအမြင်ကို ကိုယ်တိုင်ရအောင်လုပ်ပါ—(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် လုပ်ဖြစ်အောင်လုပ်ပါ၊ သိတင်းကျွတ်ကာနီးနေပြီ မြန်မြန်လုပ်ပါ—(မှန်ပါ့)။

တကာကြွယ်....ဘာတဲ့တုံး — (သိတင်းကျွတ်ကာနီးနေပြီ မြန်မြန်လုပ်ရမှာပါဘုရား)။

မြန်မြန်လုပ်ပါဆိုတဲ့ အမိပ္ပါယ်ကို တွန်းနေရတယ်....(မှန်ပါ့) ဘာဖြစ်လို့ တွန်းရတာတုံးဆိုတော့ ခင်ဗျားတို့က ကျင်ကြီးထဲ မွေးလာတော့ အနံ့က ယဉ်နေလို့.... (ယဉ်နေပါတယ်ဘုရား)။

ဘယ်နှယ်ဖြစ်နေသတုံး....( အနံ့ ယဉ်နေပါတယ် ) အဲဒါ ခင်ဗျားတို့က ယဉ်ပြီးသော်လဲ ဘေးကလူက မခံနိုင်ဘူး၊ မြန်မြန် ဆေးပါ....(မှန်ပါ့)ရိပ်မိပလား—(ရိပ်မိပါပြီဘုရား)။

အကြော်သည်က အညှော်ဝနေပြီးသော်လဲ အိမ်နီးချင်းက မခံနိုင်ဘူး....(မခံနိုင်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က အကြော်သည်နဲ့ တူနေတယ်....(တူနေပါတယ် ဘုရား) အရိယာပုဂ္ဂိုလ်တွေက မခံနိုင်ဘူး....(မခံနိုင်ပါဘုရား)။

ဒါ့ကြောင့် ရှင်အာနန္ဒာ သံဃါယနာတင်မည့်အခါ အစည်း အဝေးလုပ်တို့ ကြံတော့ ရှင်အာနန္ဒာက သောတာပန်ရှိသေး တယ်၊ ကိလေသာက လေးပိုင်း-ဘိုင်းဘဲ ကုန်တော့ ၃-ပိုင်းကျန် နေတယ်....(မှန်ပါ့)။

တခြားရဟန္တာတွေက ဒို့အထဲ သောတာစော်-ကိလေသာစော် တယ်နံ့သကွာ....တဲ့(မှန်ပါ့) ဒီလိုကို ပြောတာဘဲ...( မှန်ပါ့ ) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ကျန်တဲ့ ကိလေသာတွေက နံနေတာ....(မှန်ပါ့)ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာကြွယ်... အရိယာတို့အထဲ ဝင်တော့မယ်ဆို တော့ နံတယ်ဆိုတာ သေချာပလား—(သေချာပါပြီ) ကိုယ်က

သာ ကျင်ကြီးထဲမွေးလို့ ယဉ်နေတာ...(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အကြော်သည်ဘာတဲ့ ခင်ဗျားတို့ ညှော်ဝနေတယ်-(မှန်ပါ) ညှော်ဝနေတယ် သူတို့မှာ ကိစ္စမရှိဘူး...(မှန်ပါ) ဘေးက အိမ်တွေကတော့....(ညှော်နေပါတယ်ဘုရား)။

အဲ...ခင်ဗျားတို့က အကြော်သည် ဖြစ်နေတော့ ကိစ္စမရှိပါဘူး၊ ဘေးကအိမ်ကတော့ ကိစ္စရှိတယ်....(မှန်ပါ) ရှင်းပသား....(ရှင်းပါပြီ) အရိယာမှာတော့ ခင်ဗျားတို့ကို ကိစ္စရှိနေတယ်....(မှန်ပါ) ခင်ဗျားတို့ကသာ အကြော်သည်ဖြစ်နေလို့ အညှော်ဝနေတယ်..(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ပြင်ကြပါဦး...ဆင်ကြပါဦး...၊ အကြော်သည်ဘဝမှ လွတ်အောင်...(မှန်ပါ)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဘယ်လိုပြင်ကြရမှာတုံးဘုရားဆိုတော့ ပြင်ပုံကလေးကို တကာတကာမတို့ ခုနင်က ဂါထာက ရှင်းပြမယ်....(မှန်ပါ)သင်္ခါရနဲ့ အနိစ္စကို ဘုရားက ငါ ရှင်းရှင်းပြောပါမယ် ဉပ္ပါဒနဲ့ ဝယပါကွာတဲ့...(မှန်ပါ)။

သင်္ခါရနဲ့ အနိစ္စဆိုတာ စကားသာ ငါတမျိုး သုံးလိုက်ပါတယ်၊ သေသေချာချာ မင်းတို့ကို ပြောရမယ်ဆိုတော့ ဖြစ်မှုနဲ့ ပျက်မှုပါကွာတဲ့.... (မှန်ပါ) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

"အနိစ္စာဝတ သင်္ခါရာ ဉပ္ပါဒဝယ"ပါဘဲဆိုတော့ ဉပ္ပါဒက

ဖြစ်တာ၊ ဝယ,ဏ ပျက်တာ....(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

သခ်ါရနဲ့ အနိစ္စဆိုငြားသော်လဲ စကား ဆန်းငြားသော်လဲ ကျုပ်တို့ ကြည့်ရမှာက ဘာကြည့်ရမှာတုံး....(ဖြစ်မှုနဲ့ ပျက်မှုကို ကြည့်ရမှာပါဘုရား) ဥပ္ပါဒနဲ့ ဝယ....(မှန်ပါ) ဥပ္ပါဒဆိုတာက ဘာတုံး....(ဖြစ်တာပါဘုရား) ဝယ-ဆိုတာက.... (ပျက်တာပါ ဘုရား)။

ဪ.... ဒီဟာသာကြည့်နေကွ၊ ကြည့်ရင်းမတ္တနဲ့ မင်းတို့ သည်ကားလို့ဆိုယင် "ဥပ္ပါဒဝယ ဓမ္မိနော" ဓမ္မိနော= တရားသဘောက ဒီအတိုင်းဘဲ...(မှန်ပါ)တရားသဘောကတော့ ဥပ္ပါဒနဲ့ ဝယ-သဘောဘဲရှိတယ်....(မှန်ပါ) သဘောကျပလား- (ကျပါပြီဘုရား)။

ဥပ္ပါဒက ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ဖြစ်ပြီး ပျက်မှာပါကွာ အဲဒါ ဘဲ...(မှန်ပါ)။

ခန္ဓာကိုယ်ကြီးဖြစ်ခဉ်က ဘာတဲ့....( ဖြစ်ပြီးပျက်ပါတယ် ) ဝေဒနာကလေးလဲ ဖြစ်ပြီးပျက်မှာဘဲ...( မှန်ပါ ) စိတ်ကလေး ကြည့်လိုက်ပြန်လဲ....(ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

တေသံ=ထိုစိတ်ကလေးတို့၏၊ ဝူပသမော= မမြင်လိုက်ခြင်း သည်ပင်လျှင် (ဝါ) ချုပ်သွားခြင်းသည်ပင်လျှင် (ဝါ) ချုပ်တဲ့ နိဗ္ဗာန်သည်ပင်လျှင်....တဲ့၊ သဘောကျပလား...(မှန်ပါ) စိတ်ရှု လျှင် စိတ်ရှာမတွေ့ဘူး...(မှန်ပါ) ရုပ်ရှုလျှင်....(ရုပ်ရှာမတွေ့ပါ

ဘုရား) ဝေဒနာရှိယင်.... (ဝေဒနာမတွေ့ပါဘုရား) ဒုက္ခသစ္စာ ရှိယင်.... (ဒုက္ခသစ္စာရှာမတွေ့ပါဘုရား)။

ရှာမတွေ့တာက တကိုယ်လုံးက ဝေဒနာက္ခန္ဓာလဲ ပျောက်သွား တယ်.... (မှန်ပါ) ဝိညာဏက္ခန္ဓာကော....(ပျောက်သွားပါတယ်) စိတ်ရှာမတွေ့ဘူး၊ သဘောကျရဲ့လား.... (ကျပါတယ်ဘုရား)။

သင်္ခါရက္ခန္ဓာဆိုတဲ့ စေတနာလဲ သဟဇာတ ဖြစ်နေတော့ သူလဲ ဝေဒနာနဲ့ တွဲလျက်ဘဲ— (မှန်ပါ) တအိမ်လုံး ပျံ့နေတာ ဘဲ၊ ဖြစ်မှု့ပျက်မှုတွေ တကိုယ်လုံး မရှိဘူးလား.... (ရှိပါတယ် ဘုရား)။

တေသံ=ထိုဖြစ်မှုပျက်မှုနှစ်ပါးတို့၏၊ ဥပသမော= ချုပ်ရာ ဖြစ်တဲ့ နိဗ္ဗာန်....(မှန်ပါ)။

ဩော်.... နိဗ္ဗာန်ဆိုတာ တခြားလားမှတ်နေတယ် တကာ တကာမတို့ ဒီဖြစ်မှု့ပျက်မှုကို ရှုရင်းမတ္တနဲ့ မမြင်တာဘဲ....(မှန်ပါ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မမြင်တော့ ဒါဖြင့်ဘုရား.... ရှုရင်းမတ္တနဲ့ ဘာမှမမြင်တော့ တပည့်တော်တို့မှာ ဒါနိဗ္ဗာန်လို့သာ အရှင်ဘုရားက ဟောလိုက် ပြန်တယ်၊ ဘုရားကလဲ ဟောထားပြန်တယ်၊ တပည့်တော်တို့က ဒါဖြင့် နိဗ္ဗာန်ဆိုတာ မရှိတဲ့တရားထဲ ပါသွားပါပေါ့လားဆိုတာ ကို ခင်ဗျားတို့ ကြံမယ်ဆိုလဲ ကြံစရာဘဲ—( မှန်ပါ ) သဘော ကျပလား....(ကျပါပြီဘုရား)။

ဖြစ်မှု့ပျက်မှုတွေ ရှုနေရင်းမတ္တနဲ့ 'ဖျတ်'ဆို ချုပ်သွားတယ် (မှန်ပါ) ချုပ်သွားတော့ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား)

မတွေ့တော့ကို တကာ့တကာမတွေ့ ဒါ...နိဗ္ဗာန်လို့ ဘုရားကလဲ ဟောလိုက်တယ်... (မှန်ပါ)။

တေသံ= ထိုဖြစ်မှု ပျက်မှုတို့၏၊ ဝူပသမော= ချုပ်ငြိမ်းတဲ့ သဘောသည်၊ (ဝါ) နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာ၏...တဲ့.... (မှန်ပါ)။

အဲဒီတော့ ဖြစ်မှု ပျက်မှုမရှိတာ တကာ့ကြွယ် ဘာတဲ့.... (နိဗ္ဗာန်ပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘာမှ မရှိတာလို့ မယူလိုက်ပါနဲ့.... ( မှန်ပါ ) ကိုင်း... ဒါဖြင့် တကာ့ကြွယ် လက်မောင်းမှာ အနာကြီး ပေါက်တယ်....(မှန်ပါ)။

တကာ့ကြွယ် ဒီအနာဟာ ကိုက်လဲ ကိုက်တယ်၊ ခဲလဲခဲတယ်၊ အရိုးထိအောင်လဲ စားသွားနိုင်တဲ့ အနာမျိုးနော်.... (မှန်ပါ ဘုရား)။

တကာ့ကြွယ်မှာ ဒီအနာကြီး ပေါက်နေတယ် ဆိုပါစို့.... (မှန်ပါ) တကာ့ကြွယ် ဘာဖြစ်ချင်သတုံးလို့ မေးလို့ရှိယင်ဖြင့် အရှင်ဘုရား အရေးကြီးဆုံးအချက်ကို တပည့်တော် ပြောပါရစေ- ဟောဒါကြီး ပင်ကိုယ်အတိုင်း ဖြစ်ချင်တယ်... ( မှန်ပါ ဘုရား)။

ဒီအနာကြီးဟာ...(ပင်ကိုယ်အတိုင်း ဖြစ်ချင်ပါတယ်ဘုရား) ပင်ကိုယ်သဘောအတိုင်း ဖြစ်ချင်ပါတယ်၊ မကိုက် မခဲ မကျင် မနာဘဲနဲ့ ဒီနေရာအသားအစားထိုးပြီးသကာလပင်ကိုယ်သဘော ဖြစ်ချင်တယ်... (မှန်ပါ)။

ဒါသည် ဝေဒနာသည်၏ အလိုဆန္ဒဘဲ.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ၏ အလိုပါလိမ့်— (ဝေဒနာသည်၏အလိုပါဘုရား) ဝေဒနာသည်၏အလိုဆိုတာ ကျေနပ်ပလား.... ( ကျေနပ်ပါပြီ ဘုရား)။

ဩော်.... ဝေဒနာသည်၏ အလိုဟာ ဝေဒနာရှိမှန်း သိတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာသည်၏ အလိုဟာ တမျိုးဘဲ.... ( မှန်ပါ ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါဘယ်ဘုရား)။

ဒါက ဘယ်ပုဂ္ဂိုလ်မှာ ဒီအလို ပေါ်ပါလိမ့်မတုံးမေ့တဲ့အခါ ဝေဒနာရှိတဲ့ပုဂ္ဂိုလ်မှာမှ ဒီအလိုပေါ်တယ်.... (မှန်ပါ) ဝေဒနာ ရှိတဲ့ပုဂ္ဂိုလ်မှာ ပျောက်လိုတဲ့သဘော သေသေချာချာ ပေါ် တယ်... ( ပေါ်ပါတယ်ဘုရား ) ဒီ့ပြင်စိတ် ဘာမှမလာဘူး.... (မလာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ထို့အတူဘဲ...တဲ့၊ တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကြီး ဟာ 'ရောဂတော ဂဏ္ဍတော'ဆိုတော့ အကုန် ဝေဒနာတွေဘဲ— (မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ခန္ဓာကြီးဟာ 'ရောဂတော ဂဏ္ဍတော'ဆိုကတည်းက ရောဂ တောကလဲ ရောဂါတွေ စုနေတယ်.... ( မှန်ပါ ) ဂဏ္ဍတောက အနာတွေ စုနေတယ်.... ( မှန်ပါဘုရား ) သဘောကျပလား.... (ကျပါပြီဘုရား) ခန္ဓာကိုယ်ကြီးဟာ အနာအစုကြီးဘဲ....(မှန်ပါ ဘုရား)။

အဲဒါ အရိယာမျက်လုံးတပ်ကြည့်လိုက်တော့ အနာအစုကြီး တွေ့ရတယ်.... (မှန်ပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ ဘုရား)။

အဲဒီ အနာအစုကြီးသည် တကာတကာမတို့ ပျောက်သွားတယ်....(မှန်ပါဘုရား) ပျောက်သွားတော့ ခုနင်က ရှုတဲ့ယောဂီပုဂ္ဂိုလ်က ကျေနပ်မလား-မကျေနပ်ဘူးလား...(ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘာကျေနပ်တာတုံးဆိုတော့ ဒီရောဂါ ပျောက်တာကို ကျေနပ်တာ၊ ရောဂါမရှိတာတော့ သူကြိုက်တယ်....(မှန်ပါ) ရောဂါမရှိတဲ့နိဗ္ဗာန်ရှိတယ်....( မှန်ပါ ) ရောဂါပျောက်တာကို သူ ကျေနပ်တယ်... (မှန်ပါ)။

ဒါဖြင့်.... သူသည် ဘာနဲ့နေသတုံး - ရောဂါမရှိတာနဲ့ နေတယ်...( မှန်ပါဘုရား ) ဒါဖြင့် နိဗ္ဗာန်ရှိနေတယ်... (မှန်ပါဘုရား)။

နိဗ္ဗာန်သည် အရောဂတော....(မှန်ပါ) သဘောကျပလား...(ကျပါပြီ) နိဗ္ဗာန်ရှိ မရှိ အကဲခတ်တတ်ပလား....(ခတ်တတ်ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးသည် ရောဂတောနဲ့ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက် ရောဂါတွေထလိုက်၊ ရောဂါနဲ့ သေလိုက်၊ ရောဂါထလိုက်- ရောဂါနဲ့ သေလိုက်...(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

အဲဒီလိုမြင်နေလို့ရှိယင် ခန္ဓာကိုယ်ကြီးဟာ ရောဂါ ခန္ဓာကိုယ်ကြီးဆိုတာ မသေချာဘူးလား...(သေချာပါတယ်ဘုရား)။

အဲဒီတော့ ရှုနေတဲ့ယောဂီပုဂ္ဂိုလ်က ဘယ်လိုစိတ်ပေါ်မသဲဆို ဒီအနာကြီးဖြင့် ပျောက်ပါရစေ၊မလာဘူးလား....(လာပါတယ်)

ဒါဟာ အနာရှိတဲ့ပုဂ္ဂိုလ်မှာ ပျောက်လိုတဲ့ စိတ်ပေါ်တာကိုဗျ (မှန်ပါ) အနာမှမသိတဲ့ပုဂ္ဂိုလ် ခလေးသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် နင့်မှာ အနာကြီးနဲ့ဆိုပေမဲ့ ပြေးမှာပါဘဲ.... (မှန်ပါ ဘုရား)။

နင့်မှာအနာကြီးနဲ့ မပြေးနဲ့ဆိုငြားသော်လဲ — (ပြေးမှာပါ ဘုရား)ဘာဖြစ်လို့တုံး- အနာရှိမှန်းမသိတဲ့ ခလေးမို့.... (မှန်ပါ ဘုရား)။

ခင်ဗျားတို့ အခုဖြစ်နေတာက နိဗ္ဗာန်ဘာမှ မရှိဘူးလို့ ထင်တဲ့ပုဂ္ဂိုလ်က အနာရှိလျက်နဲ့ တောက်လျှောက် ပြေးနေတဲ့ ခလေးစိတ်မပျောက်သေးလို့....(မှန်ပါ) ရိပ်မိပလား — (ရိပ်မိ ပါပြီဘုရား)။

အခုပြောလိုက်တဲ့ ဥပမာကို တဏှာကြွယ်ကျေနပ်ဘို့ကောင်း ပါတယ်....(မှန်ပါ) တကာသစ်ရဲ့ ခန္ဓာကိုယ်ကြီးဟာ အနာ စုဘဲ....(မှန်ပါ)ဒီအနာစုကြီး ဉာဏ်နဲ့ကြည့်လိုက်တော့ ဟိုနေရာ ဖျတ်ဖျတ်· ဖျတ်ဖျတ်၊ ဒီနေရာ ဖျတ်ဖျတ်-ဖျတ်ဖျတ်၊ အိုလိုက်, သေလိုက်, နာလိုက်နဲ့ အနာစုကြီး ရောဂါကြီးဆိုတာ မသေချာ ဘူးလား....(သေချာပါတယ်ဘုရား)။

ရှုရင်းမတ္တနဲ့ တကာသစ်စိတ်ထဲမှာ ဒါကြီးမရှိယင် ကောင်း လေစွလို့ လာမလား- မလာဘူးလား.... (လာပါတယ်ဘုရား)။

လာတော့ ရှေ့တွင်ဖျတ်ဆို ပျောက်သွားတယ်....( မှန်ပါ ) ပျောက်သွားတော့ ဒီဉာဏ်သည်ကားလို့ ဆိုယင် ဘာနဲ့နေရစ်

သတုံးလို့မေးတော့ အို...ရောဂါမရှိတာနဲ့ နေရစ်တယ်(မှန်ပါ့) သဘောပါပသွား....(ပါ-ပါပြီဘုရား)။

ရောဂါ....(မရှိတာနဲ့ နေရစ်ပါတယ်) အဲ....ရောဂါမရှိတာက နိဗ္ဗာန်(မှန်ပါ့)ရောဂါမရှိတာကို သိတာက မဂ်ဉာဏ်ဖိုလ်ဉာဏ် (မှန်ပါ့ဘုရား)။

ဒါ့ကြောင့်"နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော" (မှန်ပါ့) နိဗ္ဗာန်ဟာရှိတယ် ... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါကြောင့် ဒီမဂ်ဉာဏ်က ပေါ်ရတာပေါ့...(မှန်ပါ့) ဖိုလ်ဉာဏ်တကော...(ပေါ်ရပါတယ်) ဘာဖြစ်လို့တုံး ... (နိဗ္ဗာန်ရှိလို့ပါ) နိဗ္ဗာန်ရှိလို့ပေါ်တာ....(မှန်ပါ့) နိဗ္ဗာန်မရှိယင်(မပေါ်ပါဘုရား)။

ထမင်းမှမရှိတဲ့ပုဂ္ဂိုလ်ဟာ စားချင်တဲ့စိတ် ပေါ်ပါ့မလား... (မပေါ်ပါ) ထမင်းရှိယင်တော့....(စားချင်တဲ့စိတ်ပေါ်ပါတယ် ဘုရား)။

အဲ....နဂိုရ်က ဘာမှမစားဘူးတဲ့ ပုဂ္ဂိုလ်ဖြင့် စားချင်တဲ့စိတ် မပေါ်ပါဘူး .... (မှန်ပါ့) အခုတော့ဖြင့် ရှိတဲ့နိဗ္ဗာန်ဆိုတာလဲ ဘုရားက"နိဗ္ဗာနံ မဂ္ဂဿ-နိဗ္ဗာနံ ဖလဿ-နိဗ္ဗာနံ ပစ္စဝေက္ခဏာဿ အာရမ္မဏပစ္စယေန ပစ္စယော" ဆိုတော့ နိဗ္ဗာန်သည်ကားလို့ ဆိုယင် ဘာတုံးလို့မေးတော့ အတ္ထိဟော့....(မှန်ပါ့)အတ္ထိဆိုတာ ရှိတယ်ဟော့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခုနင်တပြောတဲ့ ဥပမာနဲ့ တကာကြွယ်၊တကာသစ်၊ ဦးမောင်သေးတို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ရောဂါသိ

တော့မှ ရောဂါပျောက်တာကို ကျေနပ်တယ်...(မှန်ပါ) ရောဂါ မသိသေးတဲ့ပုဂ္ဂိုလ်ဟာ....(ရောဂါပျောက်တာမသိပါဘုရား)။

ဒါဖြင့် ရောဂါသိနေတဲ့ ပုဂ္ဂိုလ်သည် ရှုရင်းမတ္တနဲ့ ခန္ဓာကိုယ်ကြီးဟာ ရောဂါတွေဘဲ ရောဂါတွေဘဲ၊ ဖြစ်ပျက်ရောဂါချည့်ဘဲ၊ ရှုနေပြီ တကာကြွယ်ရေ ...(မှန်ပါဘုရား)။

တကာကြွယ်က ဒါကလေး မလိုချင်တာနဲ့ ဖျတ်ဆို ချုပ်သွားတယ်....(မှန်ပါ) ချုပ်သွားတော့ တကာကြွယ်ဘာနဲ့ နေရစ်သတုံးဆိုတော့ ရောဂါမရှိတာနဲ့ နေရစ်တာပေါ့....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာနဲ့ နေရစ်သတုံး .. ( ရောဂါမရှိတာနဲ့ နေရစ်ပါတယ် ) ဒါဖြင့် ရောဂါရှိတာက ဒုက္ခသစ္စာ· (မှန်ပါ)ရောဂါသိမ်းတာက (နိရောဓသစ္စာ) သဘောကျပလား....(ကျပါပြီ) ဒါဖြင့် နိဗ္ဗာန်ရှိမရှိ....(ရှိပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့က နိဗ္ဗာန်မရှိဘူးဆိုမှာစိုးလို့ ပဌာန်းပါဠိတော်ထုတ်ပြလိုက်ပါတယ်....(မှန်ပါဘုရား)။

နိဗ္ဗာနပ္ပဋိကောဟိ = နိဗ္ဗာန်ကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဒီလိုလဲ ဟောကြတယ်....(မှန်ပါ) ပြီးတော့မှ ဥဒါန်းပါဠိတော်မှာ"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အသင်္ခတံ"ဘိက္ခဝေ ရဟန်းတို့၊ အဇာတံ=ပဋိသန္ဓေနေခြင်းရှိသော၊ အဘူတံ= ပစ္စတ္တိအားဖြင့် ဖြစ်ခြင်းမရှိသော၊ အသင်္ခတံ=ဘယ်သူမှ ပြုလုပ်ထားတာမဟုတ်သော၊ နိဗ္ဗာနံ = နိဗ္ဗာန်သည်၊ အတ္ထိ= ရှိ၏ကွ...တဲ့၊ ဘုရားကသေသေချာချာ ဟောထားတယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ရှိသလား- မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဘယ်လိုပုဂ္ဂိုလ်မှာမှ ရှိမရှိကွဲသတုံးဆိုတော့ ခန္ဓာကို အနာထင်တဲ့ပုဂ္ဂိုလ်မှ အနာပျောက်တဲ့ ဥစ္စာကို ဩြော်...ပေါက်တဲ့နေရာရှိတော့ ပျောက်တဲ့နေရာရှိသလို...(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် အဲဒီပေါက်တဲ့ နေရာရှိယင် ပျောက်တဲ့နေရာရောက်အောင် ဘယ်လိုသွားရမတုံးလို့ မေးတဲ့အခါကျတော့ ဖြစ်ပျက်ဆိုတဲ့ အနာတွေ အကုန်ပျောက်ယင် နိဗ္ဗာန်ဟာ ပေါ်ပေါက်ပါလိမ့်မယ်... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း... ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု...သာဓု....သာဓု

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်ဟောင်း

မိုးကုတ်ဆရာတော်ဘုရား ဦးချစ်ဆွေဓမ္မာရုံ၌

ဟောကြားတော်မူသော

တိတ္ထိတွေအမေး- အနာထပိဏ်သူဌေးအဖြေ

ဒိဋ္ဌိကွာနိုင်တဲ့အချိန်

# ညအလုပ်ပေး တရားတော်

( ၂၃ - ၁၀ - ၆၁ )

တကာတကာမတို့ တရားနာကြ၊ တရားအားထုတ်ကြတယ် ဆိုတာ ဘာတုံးလို့မေးလို့ရှိယင်ဖြင့် ဒုက္ခကြောက်လို့ဆိုတာ တပြိုင်နက် အဖြေထွက်ဘို့ဆို ဒီဖြေဘဲရှိပါတယ်... (မှန်ပါ)။

တရားနာတယ်၊ တရား အားထုတ်ကြတယ် ဆိုတာသည် ဘယ်အတွက်ကြောင့်တုံးလို့ မေးလို့ရှိယင် ဒုက္ခကြောက်လို့ပါ ဘုရားလို့ဆိုတာ လူတိုင်းအဖြေ တညီတည်းထွက်မှာပါဘဲ(မှန်ပါ ဘုရား)ဒီဒုက္ခသည်ကားလို့ဆိုယင် ဒုက္ခတွေက အမျိုးမျိုးရှိတော့ ဇာတိဒုက္ခ,ဇရာဒုက္ခ, ဗျာဓိဒုက္ခ,မရဏဒုက္ခ, သောကပရိဒေဝဒုက္ခ, ဒေါမနဿဒုက္ခနဲ့ သစ္စာများမှာ ဟောလိုက်တာနည်းတဲ့ ဒုက္ခ တွေ မဟုတ်ပါဘူး....(မှန်ပါဘုရား)။

အဲဒီ ဒုက္ခတွေရှိတဲ့ အနက်ကလဲ တကာတကာမတွေ အကြောက်ဆုံးကို ပြောရလို့ရှိယင် အပါယ်ဒုက္ခဟာ အကြောက် ဆုံးဘဲ....(မှန်ပါဘုရား)။

ဘယ်ဒုက္ခအကြောက်ဆုံးပါလိမ့်....(အပါယ်ဒုက္ခ အကြောက်ဆုံးပါဘုရား)။

အပါယ်ဒုက္ခကိုဖြင့် တကာတကာမတွေ နည်းနည်းမှကြားလဲ မကြားချင်ဘူး၊ ရောက်လဲမရောက်ချင်ဘူး၊ ပေါက်လဲ မပေါက်ချင်ဘူးဆိုတာဖြင့် အကြီးဆုံးကြောက်စရာတခုဘဲဆိုတာ ဒီတရားပွဲမှာ အားလုံးတကာတကာမတွေ ဒါလဲ တပြိုင်နက်ထွက်ရမည့်အဖြေတခုပါဘဲ... (မှန်ပါဘုရား)။

အဲဒီ ဒုက္ခဟာ အကြီးဆုံးသောဒုက္ခဆိုတာ တကာတကာမတွေကသိတော့ အကြီးဆုံးသောဒုက္ခသည် ဒုက္ခဆိုတာအကျိုးပါကလား... (မှန်ပါဘုရား)။

ဒုက္ခဆိုတာ အကြောင်းလား- အကျိုးလား.... (အကျိုးပါ) အကျိုးလို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားတော့ ဩော်....ဒုက္ခသစ္စာဘဲ၊ အပါယ်ဒုက္ခဆိုတာလဲ ဒုက္ခသစ္စာအကျိုးတရားဘဲ။

အကြောင်း ဘယ်သူပါလိမ့်မလဲလို့ တကာတကာမတွေ အကြောက်ဆုံးဒုက္ခ၏ အကြောင်း ဘယ်သူပါလိမ့်မလဲလို့ တကာသစ် တွေးဘို့လိုလာတယ်... (လိုပါတယ်) လိုလာတော့ ဘာမှ အထူးတလည် တကာတကာမတွေဉာဏ်ထဲမှာဖွေရှာမနေနဲ့ ဩော်....ငါ့ကိုယ်,ငါ့ဟာ, ငါ့ဥစ္စာဆိုတဲ့ဒိဋ္ဌိဟာ အကြောင်းဘဲ (မှန်ပါဘုရား)။

ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဆိုတဲ့ အကြောင်း သမုဒယဟာ ဘယ်သူ့အကြောင်းပါလိမ့်.... ( ဒုက္ခ၏အကြောင်းပါ )အဲ.... အပါယ်ဒုက္ခ၏ရေသောက်မြစ် အကြောင်းပါဘဲ(မှန်ပါဘုရား)။

ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာထင်နေတာ၊ခန္ဓာငါးပါးကိုဤကဲ့သို့ ထင်နေတဲ့ဥစ္စာသည်ကားလို့ဆိုယင် ဒိဋ္ဌိ....(မှန်ပါ့) အဲဒီဒိဋ္ဌိပြုတ်သွားလို့ရှိယင်ဖြင့် အကြီးဆုံးသောဒုက္ခ၏ ရေသောက်မြစ်ဖြင့် ငါတို့ပြုတ်ပြီးဆိုတဲ့ဥစ္စာ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ အပါယ်၏ ရေသောက်မြစ်သည် ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ ထင်တာဘဲ....(မှန်ပါ့) ခန္ဓာငါးပါးကို ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာလို့ မဟုတ်ဘဲနဲ့ အထင်လွဲပြီးသကာလ နေတဲ့ ဒိဋ္ဌိသည် တကာတကာမတို့အား အကြီးဆုံးနှိပ်စက်တဲ့ အကြောင်း ဒိဋ္ဌိဘဲဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အပါယ်ဒုက္ခ၏ ရေသောက်မြစ် တွေ့ပါပြီ...( တွေ့ပါပြီ ) ဘာပါလိမ့်....(ဒိဋ္ဌိပါဘုရား) ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာလို့ ထင်နေတဲ့ ဒိဋ္ဌိပါဘဲ...(မှန်ပါ့)တဏှာ မာန ဒိဋ္ဌိ....(မှန်ပါ့)။

ဒီအထဲမှာ မာနဟာ ဒါလောက် ကြောက်စရာမရှိဘူး၊ဒိဋ္ဌိက သိပ်ကြောက်စရာကောင်းတယ်ဆိုတဲ့ဥစ္စာ တကာကြွယ် လေးစားစွာ မှတ်ထားပါ...(မှန်ပါ့)။

ဒိဋ္ဌိ ဘယ်က လာပါလိမ့်မလဲဆိုတဲ့ ရေသောက်မြစ်တော့ဖြင့် ယနေ့တော့ တကာတကာမတွေ အမြစ်ရှာပြီးသကာလ အတူးခိုင်းရတော့မှာဘဲဆိုတဲ့ဥစ္စာ ပေါ်လာတယ်...(မှန်ပါ့)။

အမြစ်ကိုလဲ ဘုန်းကြီးက ဟောဒါဘဲဆိုတာ လက်ညှိုးညွှန်ပြပါတယ်....(မှန်ပါ့)တကာတကာမတွေကလဲ ဒီဟာကို တူးဆွပစ်လိုက်လို့ရှိယင်ဖြင့် သူ အမြစ်တွယ်စရာ မရှိတဲ့အတွက် ဘုန်းကြီး

တို့ တကာတကာမတွေမှာ အပါယ်လေးပါးတည်းဟူသော ဒုက္ခသစ္စာ ခန္ဓာပင်ကြီး ပေါက်ပြီးသကာလ နေစရာ အကြောင်းမရှိပါဘူး—(မရှိပါ)ဒုက္ခသစ္စာ ခန္ဓာပင်ကြီး ပေါက်စရာ ရှိသေးရဲ့လား—(မရှိပါဘုရား)။

အဲဒါလောက် အရေးကြီးပြီးသကာလ နေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ပြောလိုက်တာ ဦးခေါင်းမီးလောင်တာကွာ... ဖြေးဖြေးမှ ငြိမ်းဟေ့—၊ အပါယ်ရေသောက်မြစ် ဒိဋ္ဌိကို မြန်မြန်သတ်ကွ....တဲ့(မှန်ပါ)။

ရင်ဝလှံစူးတဲ့ဥစ္စာ လှံကို အဝေးကနေ ပစ်လိုက်တဲ့ဥစ္စာ ကိုယ့်ရင်ပတ်နဲ့တည့်နေငြားသော်လဲ အဲဒါ ဖြေးဖြေးမှ ရှောင်ချင်ရှောင် ဒိဋ္ဌိကို အယင်သတ်ကွ... တဲ့....(မှန်ပါ)။

အဲ... ဒိဋ္ဌိကို အယင်သတ်ဆိုတာက ရင်ဝလှံစူးတာက တခါဘဲ သေတာကိုးဗျ....(မှန်ပါ)ဒိဋ္ဌိရှိနေမယ်ဆိုယင် အဖန်ဖန်သေကို ဘုရားက မြင်တော်မူသောကြောင့် အဲဒါကို ဖြေးချင်ဖြေးကွ... (မှန်ပါ)။

ဒီ ဒိဋ္ဌိကိုတော့ အယင်သတ်ကွာလို့ဆိုတဲ့ အဓိပ္ပါယ် ဘုရားသခင်ကိုယ်တော်မြတ်ကြီး သံယုတ်ပါဠိတော်ကြီးများမှာ အကြီးအကျယ်ဘဲ ဟောပါတယ်.. (မှန်ပါ)။

ဒါ့ကြောင့် အားလုံး ဘုန်းကြီးတို့ တကာတကာမတွေ ဦးမာဒင်ကို့ ဦးမောင်ကလေးတို့ အရေးတကြီးဟာ သူဘဲ(မှန်ပါ)ဒိဋ္ဌိအရေးအကြီးဆုံးမှတ်ပါနော်....(မှန်ပါ)။

ကိုင်း....ဒါဖြင့် ဒိဋ္ဌိအကြောင်းကို ဒသကနိပါတ်အင်္ဂုတ္တိုရ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ တပည့်လဲ ဖြစ်၊ ကျောင်းဒါယ

တာလဲ ဖြစ်တဲ့ အနာထပိဏ်သူဌေးကြီးဆိုတာ ရှိတယ်၊ အနာထပိဏ်သူဌေးကြီးက သာသနာ့မှအပ ဖြစ်တဲ့ တိတ္ထိတွေကို မြေကြားပုံကလေး ယနေ့ တကာတကာမတွေ ကောင်းကောင်းမွန်မွန် ကြားပြီး ကောင်းကောင်းမွန်မွန် ဝိပဿနာဉာဏ်နဲ့ နုတ်နိုင်လိမ့်မယ်ဆိုတာလဲ ဘုန်းကြီးယုံကြည်တယ်....(မှန်ပါ)။

ကဲ....ဒါဖြင့် အဲဒါကလေး အကြောင်းပြုကြပါစို့၊ အပါယ်ရေသောက်မြစ်ဟာ ဒိဋ္ဌိဘဲ၊ ဒိဋ္ဌိဘယ်က လာသတုံးလို့ ဆိုပြီး သကာလ တကာသစ်တို့ ဦးမာဒင်တို့ ဦးမောင်ကလေးတို့ အမြစ်ရှာကြဦးစို့နော်....(မှန်ပါ)။

ဝတ္ထုကလေး ထုတ်ကြမယ်၊ အနာထပိဏ် သူဌေးကြီးက ကျောင်းကို တနေ့ သုံးခေါက်လာနေကြ ဖြစ်တယ်.... (မှန်ပါ) ကျောင်းတနေ့ သုံးခေါက် လာနေကြဖြစ်တော့ကို နေ့လယ်ကြီးလာတော့ ခပ်စောစောကလေးဖြစ်နေတယ်....(မှန်ပါ)။

ဇေတဝန်ကျောင်းနားရောက်ပြီး နေတဲ့ အချိန်မှာ သူ့စိတ်ထဲ၌ ဘြော်.... ဒီအချိန်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလဲ တပါတည်း ကိန်းအောင်းပြီးသကာလ နေတဲ့အချိန်၊ တခါ သူဖူးမျှော်ချင်တဲ့ ကိုယ်ဘော်တွေ ကြည့်လိုက်ပြန်တော့လဲ ဒို့ကိုယ်တော်တွေလဲ ဒီလိုဘဲ တပါတည်း ကိန်းအောင်းပြီးသကာလ နေတဲ့ အချိန် ဖြစ်နေတယ်....(မှန်ပါ)။

စောပါသေးတယ်လေ...ဘယ်သူနဲ့မှလဲ တွေ့ဘို့ကြုံဘို့ အခါအခွင့်ကလဲ မကြုံသေးပါဘူးဆိုပြီးသကာလ ဘုရားကျောင်းတော်နားမှာလဲ သာသနာ့ပတိတ္ထိတွေ နေဘဲ့ကျောင်းတိုက်ကြီးတတိုက်ရှိတယ်....(မှန်ပါ)။

အဲဒီ ကျောင်းတိုက်ကြီး ဝင်ပြီးသကာလ သွားတော့ မိစ္ဆာဒိဋ္ဌိတွေက အော်ကာ ငင်ကာနဲ့ မဂ်ဖိုလ်မှ ဖီလာဖြစ်တဲ့တိရစ္ဆာန်ကထာတွေ ပြောဆိုနေကြတယ်....(မှန်ပါ)။

ပြောနေတော့ အနာထပိဏ်သူဋ္ဌေးကြီးက ကျောင်းပေါက်ဝင်လိုက်ယင်ဘဲ တိတ္ထိအချင်းချင်း ဟေ့....ဟိုမှာ ဘုရား၏တပည့်သား အဝတ်ဖြူတွေ ဝတ်ပြီးသကာလ အနာထပိဏ်သူဋ္ဌေးကြီးဆိုတာ ဂေါတမဘုရား၏ တပည့်ကွ....၊ သူလာတယ်ကွ....၊ ဒို့....တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဒို့စကားတွေ အကုန်ရပ်ပြီး တိတ်တိတ်ဆိတ်ဆိတ် နေကြစို့.. ဆိုပြီးသကာလ နေကြတယ်...(မှန်ပါဘုရား)။

ထိုကဲ့သို့နေတဲ့အချိန်မှာအနာထပိဏ်သူဋ္ဌေးကြီးရောက်ပြီးလာတော့ တိတ္ထိတွေကလဲ ထိုင်၊ သူဘာလဲ ထိုင်ပြီးသကာလ နေတုန်းတိတ္ထိတွေက အနာထပိဏ်သူဋ္ဌေးကြီးကို မေးလိုက်တယ်၊ ဘယ်လိုမေးလိုက်သတုံးဆိုတော့ ... အနာထပိဏ်သူဋ္ဌေးကြီး တနေ့လဲကျောင်းကို နှစ်ခေါက်၊ သုံးခေါက်သွားနေတယ်၊ အဲဒီတော့ကျုပ်တို့ မေးတာကလေးဖြင့် ဖြေစမ်းပါဆိုပြီးသကာလ အဖြေတောင်းတယ်နော်....(မှန်ပါ)။

ဘာမေးလိုက်သတုံး....လို့ ဆိုတော့ အနာထပိဏ်သူဋ္ဌေးကြီးဘုရားဟာ ဘယ်အယူလဲလို့ မေးလိုက်တယ်....(မှန်ပါ)။

တကာတကာမတို့ ဘုရားကျောင်းတော်နား နေပြီး ဘုရားဟာ ဘယ်အယူလဲဆိုတာကို သူတို့ မသိဘူး... (မှန်ပါ)ဘုရားဟာဘယ်အယူလဲလို့ မေးလိုက်တဲ့ အခါကျတော့ ဘုရားအယူလဲတပည့်တော် မဖြေတတ်ပါဘူး...(မှန်ပါ) အနာထပိဏ်သူဋ္ဌေးကြီးက လျှော့ပေါက်ကာဘဲ နေလိုက်တယ်....(မှန်ပါ)။

ဒါနဲ့ဆက်လက်ပြီးသတ္တာလ မေးပြန်တယ်...၊ တိတ္ထိတွေက မေးနေတာဘဲ...(မှန်ပါ့) ဒါနဲ့ ဘုရားအယူကို တကာကြီး မသိ လို့ရှိယင်ဖြင့် ဘုရား၏ တပည့်သား ရဟန်းတွေ၏ အယူကော တကာကြီး မသိကူးလားလို့ မေးကြပြန်တယ်....(မှန်ပါ့)။

မေးတဲ့အခါကျပြန်တော့လဲ ရဟန်းတော်များ၏ အယူကို တပည့်တော် သိဘူး အတော် ခဲယဉ်းပါတယ်ဘုရား....တဲ့ ဆိုပြီး နှစ်ချီရှိပြီ မဖြေဘဲ ထားလိုက်တယ်....(မှန်ပါ့)။

နောက်ကျတော့ သုံးခုမြောက်မေးတယ်၊ ဒါဖြင့် တကာကြီး အယူမေးရမယ်၊ တကာကြီး အယူပြောစမ်းပါဆိုပြီး သကာလ တိတ္ထိတွေက မေးလိုက်ပါတယ်....(မှန်ပါ့)။

အဲဒီကဲ့သို့ ပြောလိုက်တဲ့အခါကျတော့ တပည့်တော် အယူ ပြောဘို့ကတော့ အလွယ်ကလေးပါဘုရား(မှန်ပါ့)တပည့်တော် အယူပြောဘို့ရာတော့ အလွယ်ကလေးပါဘဲတဲ့၊ သို့ရာတွင် အရှင် ဘုရားတို့ အယူကို အယင်ပြောပါတဲ့....(မှန်ပါ့)။

အရှင်ဘုရားတို့၏ အယူကိုပြောပါဆိုတော့ တိတ္ထိတယောက် က ထ,ပြီးသကာလ ကျုပ်အယူကတော့ သဿတလောကဆိုဘာ ခန္ဓာကိုယ်ကြီးပေါ့ဗျာ... (မှန်ပါ့ဘုရား) သဿတလောကကြီးဟာ မြဲတယ်လို့ ကျုပ်တခါတည်း ယူလိုက်တယ်တဲ့...(မှန်ပါ့)။

ဒီအယူမှတပါး ဘာမှ မယူဘူး၊ ကျုပ်အယူသာ ကျုပ်မှန် တယ်လို့ တခါတည်း စွဲမြဲပြီးထားလိုက်ပါတယ်၊ ဒီလို သူက ဖြေလိုက်တယ်....(မှန်ပါ့)။

ဒါနဲ့ သူက တိတ္ထိတွေမေးလိုက်တယ်...၊ တယောက်သော

တိတ္ထိက လာပြီးသကာလ ကျုပ်အယူကတော့ဗျာ သခ်ါရလော က ဆိုတဲ့ နာမ်ရုပ်လောကကြီးဟာ မမြဲဘူးလို့ ယူသဗျ-(မှန်ပါ) အနာထပိဏ်သူဌေးကြီးက နားထောင်နေတယ်…(မှန်ပါ)။

နောက်တိတ္ထိတယောက်က လာပြန်လဲ သခ်ါရလောကကြီး ဟာ အဆုံးရှိတယ်ဗျ….တဲ့….(မှန်ပါ) ဒီအယူမှ အယူမှန်…တဲ့…. (မှန်ပါ)။

သူတို့ဟာတွေ ဦးမာဒင် စဉ်းစားကြည့်စမ်း၊ တယောက်နဲ့ တယောက် တူရဲ့လား… (မတူပါဘုရား)။

နောက် စတုတ္ထတိတ္ထိက လာပြန်တော့လဲ လောကကြီးဟာ အဆုံးမရှိဘူးလို့ ကျုပ်ယူတယ်၊ ကျုပ်အယူသာ အမှန်ဘဲ….တဲ့ (မှန်လှပါ) လေးယောက်ရှိသွားပြီ… (မှန်လှပါဘုရား)။

သတ္တဝါသေသည်၏ အခြားမဲ့၌ ကျုပ်က ဖြစ်တယ်လို့ ယူ သေးတယ်….(မှန်ပါဘုရား) တယောက်က သတ္တဝါနဲ့ ဖြေပြန်ပြီ (မှန်ပါ)။

တယောက်ကလဲ သတ္တဝါသေသည်၏အခြားမဲ့၌ မဖြစ်တော့ ဘူးလို့ ယူပြန်တယ်၊ ဥစ္ဆေဒဒိဋ္ဌိဘက်က ဖြေလိုက်တယ်….(မှန်ပါ ဘုရား)။

သတ္တဝါသေသည်၏အခြားမဲ့၌ အချို့ဖြစ်တယ် ၊ အချို့ မဖြစ်ဘူးလို့ ကျုပ်ယူတယ်…. (မှန်လှပါ) 'ဧကစ္စသဿတဒိဋ္ဌိ' ဖြေလိုက်တယ်….(မှန်ပါ)။

တယောက်သောပုဂ္ဂိုလ်က သတ္တဝါသေတဲ့အခါ မဖြစ်သည်

မဟုတ် ဖြစ်သယောင်ယောင်ရှိသေးတယ်ဆိုတဲ့ 'အမရာဝိက္ခေပ ဒိဋ္ဌိ'ဖြေလိုက်တယ်....(မှန်ပါ)။

ဒါဟာ တိတ္ထိတွေက 'ဒသဝတ္ထုကဒိဋ္ဌိ' အတိုင်း ဦးမခဒင် ဖြေလိုက်ကြတယ်နော်....(မှန်ပါ) ဖြေလိုက်ကြတယ်တဲ့၊ ထိုကဲ့သို့ ဖြေတော့ တိတ္ထိတွေက ကိုင်း... ကျုပ်တို့ဖြေပြီးပြီ ကျုပ်တို့ အယူ တွေကို၊ ခင်ဗျားအယူကို ပြောတော့....(မှန်ပါ)။

ဟာ... တပည့်တော် အယူကို မပြောနိုင်သေးဘူး....၊ အရှင် ဘုရားတို့အယူကို တပည့်တော် ဖြေရှင်းပေးရဦးမယ်ဆိုပြီးသကာ လ တကာတကာမတို့က ဒီနေရာမှာ အသားယူပြီးသကာလ ကိုယ့်စိတ်ထဲ ယုံကြည်ချက်ပြင်းထန်အောင် ဩော်.... အနာ ထပိဏ်သူဌေးကြီးက ဒီတိတ္ထိတွေကို စုပ်စဲ့မည့်အချက်ကို ကြားရ တော့ ဩော်.. သောတာပန်က စုပ်စဲ့တာပါကလား- သောတာ ပန်က တိတ္ထိတွေကို ဘာကြောင့် ဒိဋ္ဌိဖြစ်တယ်ဆိုတဲ့ စွဲချက်တင် ပါပေါ့လားဆိုတာ မှတ်ရမယ်....(မှန်လှပါဘုရား)။

သောတာပန်ဆိုတာက ဘုန်းကြီးတို့ တကာ တကာမတွေ ဒိဋ္ဌိ ဝိစိကိစ္ဆာပယ်ပြီးသားပေါ့ဗျာ... (မှန်ပါ)။

ဒိဋ္ဌိ ဝိစိကိစ္ဆာပယ်ပြီးသား သောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီးသကာ လ နေတော့ သူက အရှင်ဘုရားတို့ ယူတဲ့အယူဟာ ဘယ်လိုတုံး လို့ဆိုလို့ရှိယင် အရှင်ဘုရားတို့ ယူတဲ့အယူကို တပည့်တော် အထူးတော့ မပြောလိုပါဘူး... တဲ့၊ အရှင်ဘုရားတို့ ယူတဲ့ဒိဋ္ဌိ အယူဟာ ကိုယ်ကိုယ်တိုင် နှလုံးသွင်းမှားလို့ ယူဘာဖြစ်ပါလိမ့်

မယ် တဲ့…(မှန်ပါဘုရား) ၁-နံပါတ်အဖြေထုတ်တယ်….(မှန်ပါ ဘုရား)။

အရှင်ဘုရားတို့ အခုယူနေတဲ့အယူကဖြင့် ကိုယ်ကိုယ်တိုင်နှလုံး သွင်းမှားလို့ ရှိယင်လဲ ဖြစ်ပါလိမ့်မယ်….(မှန်ပါ)။

သို့မဟုတ် တရားနာမှားလို့ ယင်လဲ ဖြစ်ပါလိမ့်မယ်(မှန်ပါ) ဒါကြောင့် အရှင်ဘုရားတို့ ဒီအယူကို ယူတာ….(မှန်ပါ)ဆိုတော့ ဒီမှာ တကာတကာမတွေ မှတ်ရောက တကာကြွယ် သိပ်အရေး ကြီးလာတယ်… (မှန်လှပါ) ဘယ်လို အရေးကြီးသတုံးဆိုတော့ ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းကို သူက ဖေါ်လိုက်တာကိုး … (မှန်ပါ ဘုရား)။

ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းက ကိုယ့်ကိုယ်ကို နှလုံးသွင်းမှား တာနဲ့ ကိုယ့်ခန္ဓာပေါ် နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ခြင်းတပါး- (မှန်လှပါ) တရားနာမှားလို့ ဒိဋ္ဌိဖြစ်ခြင်းတပါး …. (မှန်ပါ ဘုရား)။

ဒီ နှစ်ပါးကြောင့် ဒိဋ္ဌိဖြစ်ပေါ်လိမ့်မယ်လို့ အနာထပိဏ် သူဌေးကြီးက တိတ္ထိတွေကို စွဲချက်တင်လိုက်တယ်…. (မှန်ပါ ဘုရား)။

တကာတကာမတို့ ဒီဟာကလေးဟာ သိပ်အဘိုးတန်တယ်…. (အဘိုးတန်ပါတယ်ဘုရား)။

ဒီဟာကို ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက အဘိုးတန် တယ်လို့ ဘုရားဟောတော်မူဘာကြီးကို အထူးတလည် ချီးကျူး ရပါလိမ့်မလဲလို့ ဦးမာဒင်တို့- ဦးမောင်ကလေးတို့က မေးလို့

ရှိယင်ဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းဟာ ဒီနှစ်ကြောင်းဟာ အရေးအကြီးဆုံးအကြောင်း.... (မှန်ပါ့) ရှိတာကတော့ ရှစ်ပါး ရှိတယ်.... (မှန်ပါ့) ရှစ်ပါးရှိငြားသော်လဲ အနာထပိဏ်သူဌေး ကြီးဖြေတဲ့နေရာမှာတော့ နှစ်ပါးတည်းနဲ့ ဖြေတယ်.... (မှန်ပါ့ ဘုရား)။

ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းရှိတာကတော့-(ရှစ်ပါးရှိပါတယ်) သို့သော်... အနာထပိဏ်သူဌေးကြီးကတော့ နှစ်ပါးကို ပဓာန ထားပြောတယ်... ( မှန်ပါ့ဘုရား ) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ အယူမှား နေတဲ့ တိတ္ထိတွေအတွက်မှာဖြင့် ဘယ်အတွက်ကြောင့် ခုနင်က အယူမှားတွေ လောကကြီးမြဲတယ်,လောကကြီးမမြဲဘူး၊လောက ကြီးဟာ အဆုံးရှိတယ်, အဆုံးမရှိဘူး....၊ သတ္တဝါသေယင်ဖြစ် တယ်,မဖြစ်ဘူး၊ မဖြစ်ချည်တလှည့်-ဖြစ်ချည်တလှည့်၊ မဖြစ်သည် လည်းမဟုတ်,ဖြစ်သေးတယ်ဆိုတဲ့ဆယ်ပါးသောဒိဋ္ဌိအယူတွေဟာ တကာတကာမတို့ အနာထပိဏ်သူဌေးကြီး စွဲချက်တင်တာဟာ ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းမှတ်လိုက်စမ်းပါ... (မှန်ပါ့)။

ကိုယ့်ကိုယ်ကို နှလုံးသွင်းမှားလို့လဲ ဒိဋ္ဌိဖြစ်နိုင်တယ်... (မှန်ပါ့ ဘုရား) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဘာတုံး.... (ကိုယ့်ကိုယ် နှလုံးသွင်းမှားလို့လဲ ဒိဋ္ဌိဖြစ်နိုင်ပါ တယ်ဘုရား) ဩော်... ကိုယ့်ကိုယ် နှလုံးသွင်းမှားယင်လဲ ဒိဋ္ဌိဖြစ် နိုင်တယ်နော်....(မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတွေ ခင်ဗျားတို့ကိုယ်ကို ခင်ဗျားတို့ ဘုရားဟောတော်မူတိုင်း ဆရာဘုန်းကြီး ပေးတဲ့နည်းနဲ့ နှလုံး မသွင်းဘဲနဲ့ ကိုယ့်ကိုယ်ကို ကိုယ်ထင်သလို နှလုံးသွင်းလိုက်လို့ ရှိယင် အဲဒါသည် အပါယ်ရေသောက်မြစ် ဒိဋ္ဌိပေါ်တာဘဲ.... (မှန်ပါ့ဘုရား)။

ဦးမာဒင် ကြောက်စရာပါကလား-(ကြောက်စရာပါဘုရား) ဦးမောင်ကလေး ဘယ့်နှယ်တုံး....(ကြောက်စရာပါ)ကိုယ့်ကိုယ်ကို နှလုံးသွင်းမှားလိုက်တာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာကြောက်စရာ ကောင်းပါလိမ့် .... (ကိုယ့်ကိုယ် ကိုယ်နှလုံးသွင်းမှားတာဟာ ကြောက်စရာကောင်း ပါတယ်) ကိုယ့်ကိုယ်နှလုံးသွင်းမှားလိုက်တာ သိပ်ကြောက်စရာ ကောင်းတယ်....(မှန်ပါ့ဘုရား)။

နက်နက်နဲနဲ ပြောရမည့် စကားဖြစ်နေတော့ တကာကြွယ်ရေ လေးလေးစားစားနဲ့ နားထောင်မှရမယ်....(မှန်ပါ) ကိုယ့်ကိုယ် ကို နှလုံးသွင်းမှားလို့လဲ ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့)။

အနာထပိဏ်သူဌေးက ဒုတိယစွဲချက် တိတ္ထိတွေကို တင်လိုက် တာကတော့ အရှင်ဘုရားတို့ တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်ပါ လိမ့်မယ်၊ အရှင်ဘုရားတို့ယူထားတဲ့ အယူတွေဟာလေ-(မှန်ပါ့) ဘယ်နှစ်ချက်စွဲချက် တင်လိုက်ပါလိမ့် .... (နှစ်ချက်တင်ပါတယ် ဘုရား)။

၁-နံပါတ်က ဘာတဲ့....(ကိုယ့်ကိုယ် နှလုံးသွင်းမှားလို့ပါ) ၂-နံပါတ်ကတော့....(တရားနာမှားလို့ပါဘုရား)။

အံမာလေး....ဒါဖြင့် ဦးမာဒင်တို့၊ ဦးမောင်ကလေးတို့ တရားနာပေမဲ့ အရေးကြီးတယ်—(အရေးကြီးပါတယ်ဘုရား)။

တကာကြွယ် ဘယ့်နှယ်တုံး....(တရားနာပေမဲ့ အရေးကြီးပါတယ်ဘုရား)။

ကိုယ့်ကိုယ် နှလုံးသွင်းမှားကအရေးကြီးရတဲ့အထဲ သူတပါးတရားနာမှုကြောင့်လဲ ဒိဋ္ဌိဖြစ်နိုင်သေးတယ်....(မှန်ပါ)ဒါ အနာထပိုက်သူဌေးကြီးဖြေတာ နောက်ဆုံးပိတ်ကျတော့ တကာကြွယ်ဘုရားထောက်ခံချက်ပေးလိမ့်မယ်....(မှန်ပါဘုရား)။

သူ ဒီတွင်မရပ်သေးဘူး၊ ဒီအဖြေတွေပေးပြီး တိတ္ထိတွေနဲ့ အမျိုးမျိုးအဖုံဖုံ တရားဓမ္မတွေ ပြောပြီးသည်၏ အခြားမဲ့၌ ဘုရားဆီရောက်ဦးမယ်—(မှန်ပါ) ပြီးတော့မှ ဘုရားက အကြီးအကျယ် ထောက်ခံချက်ပေးဦးမှာ၊ အခု ဒီစွဲချက်နှစ်ခုကို .... (မှန်ပါ)။

ဒါဖြင့် တကာတကာမတွေ ဒီနေ့တရားပွဲမှာ ဒီနှစ်လုံးဖြင့် မပျောက်ပါစေနဲ့—(မှန်ပါဘုရား)။

> ၁-နံပါတ် ဒိဋ္ဌိဖြစ်ခြင်းအကြောင်းက....(ကိုယ့်ကိုယ်ကိုယ် နှလုံးသွင်းမှားလို့ပါ) ၂- နံပါတ် ဒိဋ္ဌိဖြစ်ခြင်းအကြောင်းက....(တရားနာမှားလို့ပါဘုရား)။

ဩော်...ဒါဖြင့် တကာကြွယ်ရေ ဒါကလေးတွေ မသိလို့ရှိယင် ကျုပ်တို့ ကိုယ်ကျိုးနည်းရတော့မယ်....(မှန်ပါ)ကိုယ့်ကိုယ်ဆိုတော့ အတူနေတာ....(မှန်ပါ)။

ဒီအပေါ်မှာ နှလုံးသွင်း မှားလိုက်မယ်ဆိုပြီး အထင်မှား အမြင်မှားတွေလာလိုက်မယ် ဆိုလို့ ရှိယင်လဲ သူ့တပါးကမချဘူး၊ ကိုယ့်ကိုယ် အထင်မှားမှုဆိုတဲ့ ဒိဋ္ဌိကဘဲ အပါယ်ပို့လိုက်လိမ့်မယ်....(မှန်ပါ့) ကြောက်စရာကြီးပါလား.... (ကြောက်စရာကြီးပါဘုရား)။

တကာတကာမတို့ သူ့တပါးက အပါယ်ပို့တာက တော်သေးတယ်နော်....(မှန်ပါ့) ကိုယ့်ကိုယ်က အပါယ်ပို့တာ တယ်ကြောက်စရာကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

ဦးလှဘူး ဘာတဲ့တုံး — (ကိုယ့်ကိုယ်က အပါယ်ပို့တာ ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒုတိယအချက်ကတော့ တရားနာမှားလို့ အပါယ်ရောက်ပါတယ်၊ တရားနာမှားလို့ ဒိဋ္ဌိဖြစ်ပါတယ်ဆိုတော့ တကာတကာမတို့ အဲဒါကတော့ သူ့တပါးကြောင့် ကိုယ်အပါယ်ရောက်မယ် (မှန်ပါ့)ဒါကလဲ နာတာဘဲ...(နာပါတယ်ဘုရား)။

ဒသကနိပါတ် အင်္ဂုတ္တိုရ် ဥပါလိဝဂ်မှာ အနာထပိဏ်သူဌေးကြီး သေသေချာချာ ဟောထားတော့ တကာကြွယ်ရေ.... ဗီအရေးဟာ ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းလို့ သေသေချာချာပြပါတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း....(နှစ်ကြောင်းပါဘုရား) ၁-နံပါတ်အကြောင်းက ဘာပါလိမ့်....(ကိုယ့်ကိုယ်ကိုယ် နှလုံးသွင်းမှားလို့ပါဘုရား) ၂- နံပါတ်အကြောင်းက....

(တရားနာမှားလို့ ပါဘုရား) သူတပါးတရား အနာမှားလို့ .... (မှန်ပါ) ပြောသံကြားနဲ့ ယုံကြည်ပြီးဖြစ်ရတဲ့ ဒိဋ္ဌိပေါ့ဗျာ .... (မှန်ပါဘုရား)။

ဒါ့ကြောင့် ဒီအရေးနှစ်ခုကို ဦးမာဒင်ရေ·ဦးမောင်ကလေးရေ အရေးတကြီးပြောရမယ် .... (မှန်ပါ) မပြောယင် ဖြစ်ကို·မဖြစ်ဘူး....(မဖြစ်ပါဘုရား) မပြောယင် တကာတကာမတို့ ဂျွမ်းထိုးမှောက်ခုံသွားမယ်....(မှန်ပါဘုရား)။

ဒါ့ကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာသနာတော်မှာ ဒီအချက်အလက်တွေကို မသိတော့ဘူးလို့ ဘုန်းကြီးတို့ တကာတကာမတွေ နေကြတော့မယ်၊ ရိုးရာနဲ့ဘဲ တပည့်တော်တို့ဖြင့်ဘုရာ့ ဖြစ်သ၍အကြောင်း အကောင်းဘဲ ဆိုပြီး သကာလ လမ်းဆုံးနေကြမယ်ဆိုယင် ကိုယ့်ကိုယ် အတွက်လဲ ဖြစ်ရမှာစကေန်ဘဲ....(မှန်ပါဘုရား)။

သာမညဗဟုသုတ ရှိတဲ့ ပုဂ္ဂိုလ်တရားကို နာမိလို့ရှိပြန်လို့ရှိယင်လဲ ဟိုအယူက ဒီမှာလမ်းဆုံးနေပြန်ယင်လဲ ဒိဋ္ဌိဖြစ်ရမယ်.... (မှန်ပါ) သိပ်ကြောက်စရာကောင်းတယ် .... (ကောင်းပါဘယ်ဘုရား)။

တကာကြွယ် နှစ်ချက်ဗျ....(မှန်ပါ) အားလုံး တကာတကာမတွေ လေးလေးစားစား မှတ်ရမှာက ဘယ်နှစ်ချက်ပါလိမ့်.... (နှစ်ချက်ပါ) နှစ်ချက်လို့ သေသေချာချာမှတ်ပါ .... (မှန်ပါဘုရား)။

အဲဒီတော့ ဒီဥစ္စာကို သာမညနားနဲ့မထောင်ဘဲနဲ့ ဒို့အပါယ် လေးပါးသွားတာဟာ ဘယ်သူတုံးလို့ရေသောက်မြစ်ရှာတော့မှ အပါယ်လေးပါးဟာ ဒို့အိမ်လို့ ဘုရားကလဲဟောထားတယ်.... (မှန်ပါ) ဘယ့်နှယ်ကြောင့် ဒို့အိမ်လို့ ဟောပါလိမ့်မလဲလို့ လက်သည် ကြီးကြီးကျယ်ကျယ် ရှာလိုက်တော့ ဒိဋ္ဌိဘဲတွေ့တယ်- (မှန်ပါဘုရား)။

ကြည့်ပါလား "စတုဟာပါယေဟိ စ ဝိပ္ပမုတ္တော" လို့ ပရိတ်ကြီး သုတ္တနိပါတ် ပါဠိတော်မှာလာတော့ ဒိဋ္ဌိဝိစိကိစ္ဆာ လွတ်ယင် အပါယ်လေးပါး လွတ်တယ်ဆိုတော့ ဩော်....ဒိဋ္ဌိ ပြောနေတာ– (မှန်ပါ) တဏှာတောင်မပြောဘူး– ( မှန်ပါ ) အဝိဇ္ဇာတောင် မပြောဘူး... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) ဒါလဲ ဘုရားဟောဘဲမဟုတ်လား....(မှန်ပါ)။

အဲ "သဟာဝဿ ဒဿနသမ္ပဒါယ(ပ)သီလဗ္ဗတပရာမာသဉ္စ" ဆိုပြီးသကာလ တကာတကာမတို့ ဒိဋ္ဌိကိုပဓာနထားပြောတယ်- (မှန်ပါ) ဒိဋ္ဌိပြုတ်လို့ရှိယင်လဲ ဝိစိကိစ္ဆာပြုတ်တာဘဲ .... (မှန်ပါ ဘုရား)။

သီလဗ္ဗတပရာမာသဆိုတာလဲ တခြားမဟုတ်ပါဘူး ဒိဋ္ဌိဘဲ— (မှန်ပါ) သီလဗ္ဗတပရာမာသဒိဋ္ဌိပါ... (မှန်ပါ)။

ဒါဖြင့် ဒိဋ္ဌိကြောင့် အပါယ်ရောက်တယ်ဆိုတာ သေချာ တယ်–(သေချာပါတယ်) တကာကြွယ်... ပေါ်ပါပြီ....(ပေါ်ပါ ပြီဘုရား)။

ဒီ ဒိဋ္ဌိ ဘယ်က လာပါလိမ့်မတုံးဆိုတော့ ဘုန်းကြီးတို့.... တကာတကာမတွေ ယနေ့ဘုရားသခင်ကိုယ်တော်မြတ်ကြီးတရား ညဏ်ထဲ ရောက်နေတယ်....(မှန်ပါ့)။

ဘယ်လို ရောက်ပါလိမ့်မတုံးလို့ ကိုယ့်ကိုယ် ကိုယ်အတိုးတန် မှန်းကို ကိုယ့်ဟာ ကိုယ်ဆုံးဖြတ်ချက် ချကြည့်လိုက်တော့မှ ဆရာဘုန်းကြီးက အနာထပိဏ်သူဌေးကြီး ပြောပုံကလေး ပြော လိုက်တော့ ကိုယ့်ကိုယ် နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ရတယ် .... (မှန်ပါ့)။

တရားနာမှားလို့....(ဒိဋ္ဌိဖြစ်ရပါတယ်) ပြော်....ဒါဘဲ-ဒါဘဲ ဆိုတာ ကျုပ်တို့ လက်သည်ဖမ်းမိတယ်...(ဖမ်းမိပါတယ်)မဖမ်း မိကြဘူးလား....(ဖမ်းမိကြပါတယ်ဘုရား)။

ဒါဘဲ-ဒါဘဲဆိုတဲ့ လက်သည်ဖြင့် ကောင်းကောင်းမိတာဘဲ- (မိပါဘယ်ဘုရား) ပြော်... ဒို့ အပါယ်မှ ဘယ်အခါကာလမှ မလွတ်ခဲ့တဲ့ လက်သည်ဟာ ဘယ်သူပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ သူတို့နှစ်ခုဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းသည် တကာတကာမတို့ ရှင်းလောက်ပါပြီ....(ရှင်းပါပြီဘုရား)။

ဘယ်နှစ်ကြောင်းပါလိမ့်...(နှစ်ကြောင်းပါ) တကြောင်းက ဘာပါလိမ့်...( ကိုယ့်ကိုယ် ကိုယ်နှလုံးသွင်းမှားလို့ပါဘုရား ) တကြောင်းက....(တရားနာပါးလို့ပါဘုရား)။

အဲ- ဒါဖြင့် တကာတကာမတို့ အင်မတန်မှ အရေးကြီးပါတယ်၊ ကဲ... ဒါဖြင့် ၁-နံပါတ် ရှင်းကြပါစို့နော် .... (မှန်လှပါဘုရား)။

၁-နံပါတ် ရှင်းကြပါစို့ဆိုတော့ ဥပမာမယ် သုံးဆဲ့နှစ်ကောဋ္ဌာသနဲ့ ပုံလိုက်တော့ သုံးဆဲ့နှစ်ပုံဖြစ်လာတယ်.... (မှန်ပါ) ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောနဲ့ ပုံလိုက်တဲ့အခါကျတော့ သုံးဆဲ့နှစ်ပုံလာဖြစ်တယ်- (မှန်ပါ)။

တပုံ တပုံကို ခွဲကြည့်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒါကလဲဆံ၊ ဒါကလဲ အမွေး၊ ဒါကလဲ သွား၊ ဒါကလဲ အရိုး၊ ဒါကလဲ အရေနဲ့ ဝေဘန်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒိဋ္ဌိက နည်းနည်းစာလေးတော့ ဖြုံသလိုလိုရှိတယ်.... (မှန်ပါ)။

အင်း- ဘယ်မတုံး ဒီဥစ္စာ လှတာ၊ ချောတာ ဘယ်မှာရှိတော့မလဲဆိုတဲ့ တဏှာလေးတောင် သေသွားတယ်-(မှန်ပါ)ဒိဋ္ဌိမပြုတ်ချင်သေးဘူး....(မှန်ပါ)။

သုံးဆဲ့နှစ်ပုံ-ပုံပြီး သုံးဆဲ့နှစ်ကောဋ္ဌာသတရားနဲ့ ခွဲကြည့်လိုက်တယ်... ( မှန်ပါ ) ဒါ ဘယ်သူ့ဆံပင်တုံးလို့ မေးတော့ ငါ့ဆံပင်....(မှန်ပါ)။

အင်း... ဒိဋ္ဌိက ဝင်လာပြီ... (မှန်ပါ) ဒီသွားကလေးတွေဟာ ဘယ်သူ့သွားပါလိမ့်မတုံး- (ငါ့သွားပါဘုရား) ဟာ....ဒါဖြင့် သုံးဆဲ့နှစ်ကောဋ္ဌာသနဲ့ မရချင်သေးဘူး *- (မှန်ပါ)။

---

* နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍ မိန့်သည်။

သုံးဆဲ့နှစ်ကောဋ္ဌာသကို သာမညနှလုံးသွင်းရုံနဲ့ဖြင့် ဒိဋ္ဌိက မဖြုံသေးဘူး...(ရန်ပါ့)တကာကြွယ်...သိပ်ကြောက်စရာကောင်း ပါကလား...(ကောင်းပါတယ်ဘုရား)။

သုံးဆဲ့နှစ်ကောဋ္ဌာသသောက်နဲ့ဖြင့် တကာတကာမတို့ — ငါ့အဖေ့ အရိုး၊ ငါ့အဖေ့ဂူဆိုတာတွေက ရှိနေသေးတယ် .... (မှန်ပါ့)မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သုံးဆဲ့နှစ်ကောဋ္ဌာသသောက်နဲ့များတော့ .... မဖြုံသေးဘူး ပေါ့ ဒိဋ္ဌိက...(မှန်ပါ့)အပါယ်ငရဲမျိုးစေ့ပြတ်ပေါ့လို့ ဆိုသို့ရ ရဲ့လား...(မရပါဘုရား)။

သြော်....ဒါဖြင့် ဒါနလဲ မရသေးဘူးဆိုတော့ ရုပ်ခန္ဓာကိုယ် တခုလုံးမှာ နှလုံးသွင်းမှားတော့ ဒိဋ္ဌိဖြစ်တယ်လို့ ... ဆိုသော ကြောင့် သုံးဆဲ့နှစ်ကောဋ္ဌာသ ခွဲကြည့်တာတောင်မှ ဒိဋ္ဌိက မလွတ်ချင်သေးဘူး....(မလွတ်ချင်သေးပါဘုရား)။

ဒါဖြင့် တကာတကာမတို့ နာမ်ရုပ်လဲ ခွဲကြစို့ ဟောဒါက နာမ်၊ ဟောဒါက ရုပ်၊ စားချင်တာက နာမ်၊ စားချင်တာကရုပ်၊ အိပ်ချင်တာက နာမ်၊ အိပ်တာက ရုပ်၊ ပြောချင်တာက နာမ်၊ အသံက ရုပ်ဆိုပြီးသကာလ ခွဲလိုက်တော့ ငါ့စိတ် ဆိုတာကလေး ပြန်မြီးလာတယ်...(မှန်ပါ့) လာသေးတာဘဲ....(မှန်ပါ့)။

ငါပြောတာ မကြားဘူးလား အစရှိသည်နဲ့တဲ့... တကာ တကာမတို့ စိတ်ကို ငါစွဲချင်စွဲလိုက်တယ်...(စွဲပါတယ်) အသံကို ငါစွဲချင်စွဲလိုက်တယ်...(စွဲပါတယ်ဘုရား) ငါဒါသောက် အော် တာတောင်မှ နားပင်းနေသသားလို့ ပြောချင်ပြောလိုက်တယ် (မှန်ပါ့)ပြောသေးတယ်ဗျ....(မှန်ပါ့)။

ပြောတော့ အင်း....ဒါလောက်နဲ့လဲ သူ့ဟာ တကာကြွယ်ရေ ဒိဋ္ဌိက မပြုံပါကလား....(မပြုံပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိနှလုံးသွင်း မမှားရအောင် တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ ဒီအတိုင်း နေလို့တော့ဖြင့် မရတော့ဘူးတဲ့ တကာတကာမတို့ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဘန်လိုက်....(မှန်ပါ)။

ကာယာနုပဿနာသတိပဋ္ဌာန်က ရုပ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်က ဝေဒနာ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်က စိတ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်က သစ္စာထားလိုက်....(မှန်ပါ)။

ပေါင်းယူလိုက်တဲ့အခါကျတော့ ခန္ဓာတခုလုံး ဖြစ်ပျက်ဒုက္ခသစ္စာချည့်ဘဲ တွေ့တဲ့အချိန်ကျမှ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာကိုး.... (မှန်ပါဘုရား) အဲဒီအချိန်ကျမှ သူ ပြေးပေတော့မယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီ ဖြစ်ပျက်မတွေ့သေးတဲ့ ပုဂ္ဂိုလ်များ အတွက်မှာဖြင့် ဒိဋ္ဌိဟာ ကပ်တုန်းဘဲ မကွာသေးဘူးဆိုတဲ့ အဓိပ္ပါယ် ရှင်းသွားတယ်.... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဦးမာဒင်... ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်များအတွက် ဒိဋ္ဌိကွာဘို့ဆိုယင် အတော်ခဲယဉ်းပါတယ် .... (ခဲယဉ်းပါတယ်ဘုရား)။

အဲဒီမှာ နှလုံးသွင်းမှားနဲ့ တွေ့လိုက်လို့ရှိယင် သိပြီးရောဆိုယင် အဲဒီဆရာနဲ့ တွေ့ယင် သွားလိမ့်ဦးမယ်.... (မှန်ပါ) သွားလိမ့်မယ်၊ သွားလိမ့်မယ် ဦးခမောင်ကလေး....(မှန်ပါ) သေသေချာချာသွားတယ်....(မှန်ပါ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဝိပဿနာနဲ့ အနိစ္စဖြစ်ပြီး အနိစ္စာနုပဿနာဉာဏ်နဲ့ အနိစ္စနဲ့ အနိစ္စဉာဏ်နဲ့တွဲမိမှ တကာသစ် ရေ... ဒိဋ္ဌိက ပြုတ်တယ်....(မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အနိစ္စနဲ့ အနိစ္စာနုပဿနာဉာဏ်တွဲမိမှ....(ဒိဋ္ဌိက ပြုတ်ပါတယ် ဘုရား) ဒိဋ္ဌိပြုတ်ရမယ်.... (မှန်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

နှလုံးသွင်းမှားလို့ ဒိဋ္ဌိ ဖြစ်ရတယ်ဆိုတော့ အနိစ္စကိုနိစ္စ၊ ခန္ဓာကိုယ်ကြီးကတော့ကွ.... ကျားကိုးစီးစားလို့ မကုန်ပါဘူး မင့်အတွက်က .. (မှန်ပါ) နှလုံးသွင်းမှားပြီ .. (မှန်ပါ)မမှားသေး ဘူးလား....(မှားပါပြီဘုရား)။

အို-အသားအရေကလေးတွေက ပြေပြစ်လိုက်တာ မင့်အတွက် တဖြင့်ကွာ လှပုံအလယ်မှာဖြင့် လှသားမြောက်လာတာ တယ် ကသိုလ်ကံရှိတယ်ကွာ... လို့ ဆိုလို့ရှိယင်လဲ မြှောက်သလိုလိုနဲ့ ဒိဋ္ဌိဖြစ်နေတယ်....(မှန်ပါ) မင်း-ဖြစ်သွားတယ်...(မှန်ပါဘုရား) မင်းဖြစ်သွားတော့ ငါရှိနေပြီ....(မှန်ပါ) ငါရှိလို့ သူဖြစ်တာ ဆိုတော့ ဘာဖြစ်သွားပြန်သတုံး.... ( ဒိဋ္ဌိ ဖြစ်သွားပါတယ် ဘုရား)။

ကိုယ့်နာမ်ရုပ် ငါတဲ့ .. (မှန်ပါ) ဟိုပုဂ္ဂိုလ်ပြောလိုက်တာလဲ သူတဲ့.... (မှန်ပါဘုရား) ဩော်...ငါရှိလို့ သူဖြစ်ပြန်လို့ရှိယင် ဒါ .. နှလုံးသွင်းမှားကုန်ပြီ ဒိဋ္ဌိလာပြီ....(မှန်ပါ) မလာသေးဘူး လား... (လာပါတယ်ဘုရား)။

လာပြီ....တဲ့၊ ဒါဖြင့် ဒိဋ္ဌိ ဘယ်ကလာသတုံး... လို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(နှလုံးသွင်းမှားတာ လာပါတယ်ဘုရား)။

မိမိကိုယ်ကိုပင်လျှင် တကာတကာမတို့ မှန်ရှေ့မှာ ရပ်တဲ့ပြီး သကာလ နေနိုင်ပါသေးတယ်- တော်ပါသေးတယ် အစရှိသည်နဲ့ ငါလုပ်နိုင်ပါသေးတယ်- ငါကိုင်နိုင်ပါသေးတယ်- ငါပြောနိုင်ပါသေးတယ်- ငါဘယ်သူ့အောက်မှ ကျစရာအခုအချိန် မလို သေးပါဘူး... နဲ့၊ အံမာလေး .... မှန်ထဲမျာ ရှုပ်နေလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့....(မှန်ပါ့ဘုရား)။

မရှုပ်ဘူးလား....(ရှုပ်ပါတယ်ဘုရား) ဘာတွေနဲ့ရှုပ်နေသတုံး ဆိုတော့ ဒိဋ္ဌိနဲ့...(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား) မှန်ကြည့်ပြီး ဒိဋ္ဌိများဖြစ်နေလိုက်တယ်...(မှန်ပါ့ဘုရား)။

မှန်ကြည့်ပြီး .... (ဒိဋ္ဌိဖြစ်နေပါတယ်) ဪ .... ခင်ဗျားတို့ အိမ်က မှန်တွေကြောက်စရာပါကလား . (မှန်ပါ့ဘုရား)။

ဒီမှန်သည်တားလို့ ဆိုယင် မကြည့်တတ်လို့ရှိယင် ဒိဋ္ဌိဖြစ်တယ် (မှန်ပါ့)မကြည့်တတ်လို့ရှိယင် ဒိဋ္ဌိဖြစ်တယ်... (မှန်ပါ့) မကြည့်တတ်လို့ရှိယင် ငါ့မှာ မှည့်ကလေးနဲ့ ငါ့မှာတင်းတိတ်ကလေးနဲ့တဲ့ ငါချည့်ဘဲ....(မှန်ပါ့ဘုရား)။

ဪ....ငါ့မှာ ဒီအနာနဲ့ ငါနဲ့တော့ ခက်ပါသေးရဲ့.... (မှန်ပါ့) ဟော... မှန်ကြည့်လိုက်တဲ့အတွက် ဒိဋ္ဌိဖြစ်နေတယ် .... (မှန်ပါ့ဘုရား)။

တကာကြွယ် မှန်များ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် အတော်ကြောက်စရာ ကောင်းတယ်.... (ကောင်းပါတယ်ဘုရား) သူ့အတွက်ကြောင့်....(ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

တကာတကာမတို့ ဒါ့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ

မှာ ပြောတယ်....(မှန်ပါ့) မှန်မကြည့်တတ်လို့ ရှိယင် ကွာ...တဲ့ ခြသေ့ ဖြစ်ပြီးသကာလ သေတတ်တယ်ကွ....တဲ့....(မှန်ပါ့)။

မှန်ရှေ့မှာတဲ့ ခြင်္သေ့တကောင်ကြည့်လိုက်တော့ သူက သွား ဖြဲလို့ ရှိယင် မှန်ထဲက ခြသေ့ ရုပ်ကလဲ သွားဖြဲတာဘဲ....(မှန်ပါ့) သူက ဟောက်လို့ ရှိယင်ကော.... ( မှန်ထဲက ဟောက်ပါတယ် ဘုရား)။

အဲဒါနဲ့ ပြင်ဘက်က ခြင်္သေ့ဟာ အရိပ်ကို အကောင်ထင်တာနဲ့ သေပွဲဝင်ရတယ်....(မှန်ပါ) ဒီမှာလဲ မှန်ကြည့်လွဲတာနဲ့ အပါယ် ပွဲဝင်ရတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က အိမ်မှာ မှန်ရှိမှ တော်တယ်၊ မှန်ပေမဲ့ သာမညအဘိုးတန်နဲ့ မတော်သေးဘူး....၊ ထောင့်ချိုးတွေ ဘာတွေနဲ့ ဟုတ်လား... (မှန်ပါ့) ကိုယ်လုံးကို တခါတည်း အကုန်ပေါ်လာ လောက်မှ ဒီလိုမှလဲ ကြက်သရေမင်္ဂလာရှိတယ်လို့ ခင်ဗျားတို့ ထင်ကြတယ်....(မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီအဝတ်နဲ့ ဒီအထည်နဲ့ ငါနဲ့ သိပ်လိုက်ပါပြီ....၊ ဒါလောက်ဆိုယင် ကွဲရဲ့သဂြိုဟ်ခြင်းမှ လွတ်လောက်ပါပြီ အစရှိသည်နဲ့ဆိုတော့ တကာကြွယ် ဒါဟာ ဘာတွေ ပေါ်လာတာတုံး... ( မိမိအရိပ် ပေါ်လာပါတယ် ဘုရား)။

တကာကြွယ် ပေါ်ဘူးရဲ့လား.... (ပေါ်ဘူးပါတယ်ဘုရား) ဘယ်သူ့ကြောင့် ပေါ်တာပါလိမ့်... (မှန်ကြောင့် ပေါ်တာပါ ဘုရား)။

ဪ....မှန်က သူ့ဟာသူနေတာ ခင်ဗျားတို့က ခြင်္သေ့မို့ ပေါ်တာ...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မှန်က သူ့ဟာသူနေတာ.... (မှန်ပါ့) ကိုယ်က ခြင်္သေ့စိတ် ပေါက်နေလို့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မှန်က သူ့ဟာသူနေတာဘဲ...၊ ကိုယ်က သွားကြည့်တော့ အထဲမှာ လူတယောက်ကဖြစ်နေတော့ အထဲမှာ အရိပ်ကလေး တယောက် ပြင်ဘက်က တယောက်ကို မခွဲတတ်တော့ဘူး... (မှန်ပါ့)။

မခွဲတတ်တော့ အင်း....ငါ-တော်တော်နေရာကျသွားဘဲဆိုပြီး သကာလ မဟာဘုတ်တွေကို ငါလုပ်ပြီးသကာလ တကာတကာ မတွေ့ ကြည့်လိုက်တဲ့အတွက်....တဲ့ မဟာဘုတ်က ငါဖြစ်လာတယ် (မှန်ပါ့) ဘုတ်လေးပါးက....(ငါဖြစ်ပါတယ်ဘုရား)။

ဒါဟာ တကာကြွယ် လူကြည့်ကြည့်တာလားတဲ့၊ ခြင်္သေ့ ကြည့်ကြည့်တာလား.... ( ခြင်္သေ့ကြည့်ကြည့်တာပါဘုရား ) နောက်တော့ ခြင်္သေ့ကြည့်တော့ မကြည့်ကြပါနဲ့တော့-(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခြင်္သေ့ကြည့် ကြည့်လိုက်လို့ရှိယင်ဖြင့် တကာတကာမတွေ့ ဒီမှန်ကြောင့်ဘဲ အပါယ်ပွဲနွှဲရပါလိမ့်မယ်ဆိုတဲ့ဥစ္စာဖြင့် ငြင်းဘို့ လိုသေးသလား..(မလိုပါဘုရား)။

အဲဒါ.... အကြည့်မတတ်တော့ နှလုံးသွင်းမှားကုန်တယ်.... (မှန်ပါ့) အထဲမှာ ခြင်္သေ့တကောင်လို့ ထင်လိုက်ကတည်းက ဘယ့်နှယ်ဖြစ်သွားသတုံး- (နှလုံးသွင်းမှားသွားပါတယ်ဘုရား)။

ငါ....တော်တော်နေရာကျသွားဘဲဆိုတာလဲ ကိုယ့်ကိုယ့်ကိုယ် မြင်လို့ ပြောတာလား- အရိပ်ပြောတာလား.... (အရိပ်ပြောတာ ပါဘုရား)။

ဟာ....အရိပ်အကောင်ထင်လို့ သွားပြီ.... (မှန်ပါ) မသွား သေးဘူးလား....(သွားပါပြီဘုရား)။

အရိပ်အကောင်ထင်ကတည်းက....(သွားပါပြီဘုရား)သွားပြီ အပါယ်လေးပါးကို တကာတကာမတို့ ဒါဖြင့် တကာကြွယ်.... ရှေ့ကို မှန်ကြည့်တတ်ဘိုလဲ မလွယ်ဘူးနော်.... ( မလွယ်ပါ ) အလွယ်ကလေးဘုရား....ရှေ့က သွားရပ်ယင် ပြီးတာဘဲလို့ ဒီလို ကော ဆိုချင်သေးသလား....(မဆိုဝံ့ပါဘုရား)။

ဒီလိုမဆိုကြပါနဲ့ ခင်ဗျားတို့ တကယ်တမ်းကျတော့ မှန်အ တွက်ကြောင့် ဒုက္ခရတက် ပေလာလိမ့်မယ်....(မှန်ပါ) မဆိုနိုင် ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မှန်ကြည့်တဲ့အခါကျတော့ ဒီလိုကြည့်တာပေါ့....(မှန်ပါ) ဩော် .. ဒီဥစ္စာသည်ကားလို့ ဆို လို့ရှိယင်ဖြင့် မှန်က တခြား၊ပြင်ဘက်က ခန္ဓာငါးပါးကတခြား၊ အတွင်းက အရိပ်က တခြား....(မှန်ပါ)။

ဩော်....သုံးပုံ·ပုံလိုက်တဲ့အခါကျတော့ တခြားစီ ဖြစ်သွား တယ်....(မှန်ပါ) တခြားစီ ဖြစ်သွားတဲ့ အခါကျလို့ရှိယင်ဖြင့် ဒီဥစ္စာ မှန်ထဲမှာရှိတာကို တကာသစ်က ငါသို့ ဆိုမလား.... (မဆိုနိုင်ပါ) အရိပ်ကိုးဗျ....(မှန်ပါ)။

သူတပါးလို့ ဆိုမလား....(မဆိုရပါ) သူတပါးလို့ ဆိုရမှာ ကလဲ မိမိနဲ့တူနေတယ်....(မှန်ပါ)ဩော်....ဒါဖြင့် ငါလဲမဟုတ်၊ သူတပါးလဲ မဟုတ်၊ တကာတကာမတို့ ခေါ်ရိုပ်တွေဘဲလို့.... မှတ်လိုက်....(မှန်ပါ)။

ငါကော ဟုတ်ပါရဲ့လား....(မဟုတ်ပါ) သူတပါးကော— (မဟုတ်ပါ) ငါဟုတ်လို့ရှိယင်လဲ ပြင်ဘက်က လူက သူတပါး ဖြစ်ရမယ်....(မှန်ပါ)။

ငါမဟုတ်ဘူးလို့ တိုက်ရိုက်စွဲချက်တင်လိုက်ပြန်လို့ရှိယင်လဲ ကိုယ်မျက်နှာနဲ့ မတူရဘူး အရိပ်နဲ့....( မှန်ပါ ) ဒါ့ကြောင့် ငါကော ဟုတ်ကဲ့လား....(မဟုတ်ပါ) ငါဟုတ်တယ်လို့ မဆိုနဲ့ နော်....(မှန်ပါ)။

မှန်ထဲမှာရှိတဲ့ အရိပ်ဟာလေ....(မှန်ပါ) ငါကော....(မဟုတ် ပါ) သူတပါးကော ...(မဟုတ်ပါ) ဩော်....ဒါဟာ မဟာဘုတ် တို့၏ ကြည်မှုဘဲလို့ မှတ်လိုက်....(မှန်ပါ) အဋ္ဌကထာဆရာက ဒီအတိုင်းပြောပါတယ်—(မှန်ပါ)။

မဟာဘုတ်တို့၏....(ကြည်မှုပါဘုရား) အေး....မဟာဘုတ်တို့ ၏ ကြည်သောကြောင့် ဒီပုံသဏ္ဌာန် ဟန်ပန်ထွက်လာတယ်ပေါ့ ဗျာ—(မှန်ပါ)အဲဒီတော့ ငါ သူတပါးမဟုတ်လို့ မှတ်လိုက်.... (မှန်ပါ)ရှင်း၊ လား—(ရှင်းပါပြီဘုရား)။

ဒါဖြင့် မိမိခန္ဓာ ငါ သူတပါး မဟုတ်ကြောင်း သေချာကြ ပလား....(သေချာပါပြီဘုရား)။

မိမိခန္ဓာဟာ ငါကော ဟုတ်ကဲ့လား....(မဟုတ်ပါ)သူတပါး ကော....(မဟုတ်ပါဘုရား) ငါလဲ မဟုတ်၊ သူတပါးလဲ မဟုတ် ဘူး....(မှန်ပါ)။

ဒါ မဟောတတ်လို့ရှိယင် ဦးမာဒင် သိပ်ခက်တယ်နော် .... (မှန်ပါ) မဟောတတ်လို့ရှိယင် ငါမဟုတ်-သူတပါးပေါ့(မှန်ပါ ဘုရား)။

အင်း... သူတပါးဆိုလို့ရှိယင်လဲ ဟိုမျက်နှာရိပ်က ဘယ့်နှယ် နေသတုံး....(မိမိနဲ့ တူပါတယ်)မိမိနဲ့ တူနေတယ်၊ မတူဘူးလား (တူပါတယ်ဘုရား)။

အဲဒီတော့ ငါလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး၊ ဒီလို ယူမှ တည့်မယ်..( မှန်ပါဘုရား ) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ငါလဲ... (မဟုတ်ပါ)သူတပါးကော....(မဟုတ်ပါ) အေး.... ငါ သူတပါး မဟုတ်တဲ့ တကာတကာမတို့၏ အနိစ္စခန္ဓာ, ဒုက္ခ ခန္ဓာ, အနတ္တခန္ဓာသာ ဆုံးဖြတ်ချက်ချလိုက်ပါတော့.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)အဲဒါဉာဏ်မျက်လုံးနဲ့ကြည့်လိုက် တော့မှ ဒါ ပေါ်လာတယ်....(မှန်ပါ)။

ကဲ....ဒါဖြင့် တကာကြွယ်တို့ နှလုံးသွင်းမှားလို့လဲ ဒိဋ္ဌိ ဖြစ် နိုင်တယ်ဆိုတာ မှန်ကြည့်လိုက်တာနဲ့ ခြသေ့စိတ်နဲ့ကြည့်လိုက်ပြီ ဆိုမှဖြင့်လဲ တခါတည်းကို ဒုက္ခရောက်တာဘဲ....(မှန်ပါ) နှလုံး သွင်းမှားမှုဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တရားနာမှားမှုဆိုတာကလဲ ရှိသေးတယ်(မှန်ပါ့) ဥပမာတခု ဣဿရနိမ္မာနဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ် တရားနာလို့ တန်ခိုးရှင် ဣဿရ ရှင်က ဖန်ဆင်းတာဘဲလို့ဆိုတော့ ဟုတ်တာဘဲလို့ ယူလိုက်ယင် ဘယ့်နှယ်နေပါ့မလဲ.... (တရားနာမှားတာပါဘုရား) မှားသွားတာဘဲ... (မှန်ပါ့)။

ဘယ်သူလုပ်လုပ် တန်ခိုးရှင်က ခံတာဘဲဆိုပြန်တော့ကော— (မှားပါတယ်ဘုရား) တရားနာမှားလိုက်တာ ဘာဖြစ်သလဲ... (ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

တခါ ကျုပ်တို့ ဗုဒ္ဓဘာသာတရားမှာလဲ မင်းလုပ်, မင်းရမှာ ပေါ့ကွာ.... သူလုပ်သူရမှာပေါ့လို့ ကမ္မဿကတဉာဏ်လောက် ဟောပြန်လဲ ဒိဋ္ဌိက မကွာဘူး - (မကွာပါဘုရား)။

ဒါကျတော့ ဘာဖြစ်နေသလဲ ဩော်....တရားနာမှားတာနဲ့ ငါလုပ်,ငါရမှာဘဲတဲ့၊ သူလုပ် သူရမှာဘဲတဲ့ . (မှန်ပါ့) ဒီဘဝလဲ ငါ၊ ဟိုဘဝလဲ.... ( ငါပါဘုရား ) ငါချင်းဆက်သွားတယ်.... ( မှန်ပါ့ ) ငါချင်းဆက်သွားတော့ကို သဿတဒိဋ္ဌိဖြစ်မယ်.... (ဖြစ်ပါတယ်ဘုရား) ရှင်းပလား . (ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားနာမှားလို့လဲ ဒိဋ္ဌိဖြစ်နိုင်တယ်ဆိုတာ ပေါ် ပလား.. (ပေါ်ပါပြီဘုရား)။

တိုင်းပြည်ကြီးတောင် ပျက်အောင် 'ဂုဏာကဿပ' ဆိုတာ အင်္ဂတိမင်းကြီးဟောလိုက်တာ၊ ဘာမှ ကုသိုလ် မရှိဘူး ဆိုလို့ တိုင်းပြည်ကြီးတောင် ပျက်သွားတာရှိသေးတယ်.... ( မှန်ပါ့ ) တရားနာမှားလိုက်တာ၊ နာရဒဇာတ်မှာလေ....(မှန်ပါ့)။

တကာကြွယ် ကြားဘူးမှာပေါ့.... (ကြားဘူးပါတယ်ဘုရား) ဒါ....ဘာဖြစ်သွားတာပါလိမ့်.... (တရားနာမှားတာပါဘုရား)။

ဂုဏကဿပ,က ပြောလိုက်တာ၊ အရှင်မင်းကြီး အခု ဘာ လုပ်နေနေ၊ သူ့သားမယား ဖြစ်မှား,ဖြစ်မှား၊ ဘာတွေသတ်သတ်၊ ဘာမှ ဖြစ်မှာမဟုတ်ဘူး၊ ဘာမှမရှိဘူး၊ နောက်ကမ္ဘာပေါင်း လေးဆယ်ကျော်တဲ့အခါ အားလုံး နိဗ္ဗာန်ဝင်တာဘဲ၊ အခု ဘာမှ မဖြစ်နိုင်ဘူးတဲ့....(မှန်ပါ)။

ဒီလို ပိတ်ပြောလိုက်တဲ့အခါ ရှင်ဘုရင်က ပြောင်တဲ့ပြီး သကာလ ဟုတ်တယ် ဘယ်သူ့သားမယား လွန်ကျူး,လွန်ကျူး ဘာမှ အပြစ်မရှိဘူး၊ ဥပဒေတွေ အကုန်ဖြုတ်ဆိုပြီးသကာလ တရားနာမှားတာ တိုင်းပြည်ပျက်တယ်.... (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဒါက ဘာဖြစ်လို့ပါလိမ့်.... (တရားနာမှား လို့ပါဘုရား)။

အေး....ဒါ့ကြောင့် ခန္ဓာ,အာယတန,ဓါတ်,သုညတဆိုက်တဲ့ တရားကို နာရမှ ဒိဋ္ဌိပြုတ်မယ်.... ( မှန်ပါ ) ခန္ဓာ,အာယတန, ဓါတ်တို့ကို သုညတဆိုက်အောင်ကြည့်နိုင်မှ ဒိဋ္ဌိပြုတ်မှာဘဲဆိုတာ သဘောကျပလား....(သဘောပါပြီဘုရား)။

ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ်က တရားနာမည်ဆိုဦးတော့ ခက်လိုက်တဲ့ဖြစ်ခြင်းက သူများပါးစပ် လမ်းဆုံးလို့ရှိယင် မကောင်းဘူး....(မှန်ပါ)။

ဒါ့ကြောင့် ဘုန်းကြီးက တကာ ကကာမတွေ လူကြီး, လူ

ကောင်းတွေ အားလုံး တကာတကာမတွေ ဥာဏ်ချိန်ခွင်ကလေး ပေးထားတယ်... (မှန်ပါဘုရား) ဉာဏ်ချိန်ခွင်ကလေး ပေးထား တယ်၊ ဘယ်လိုပေးထားသတုံးဆိုလို့ ရှိယင် သုညတ မဆိုက်သေး ယင် ဒိဋ္ဌိမကွာသေးဘူး.... (မှန်ပါ့)။

ဒိဋ္ဌိမကွာသေးလို့ ရှိယင် အပါယ်မလွတ်သေး.... (မှန်ပါ့)မဂ် ဖိုလ်ကို တားမြစ်သေးတယ်.... (မှန်ပါ့)မဆိုနိုင်ဘူးလား.... (ဆိုနိုင် ပါတယ်ဘုရား)။

အဲဒါ့ကြောင့် သုညတတရားဟာ အရေးအကြီးဆုံးဘဲ .... (မှန်ပါ့)သုညတတရားဆိုတာ တခြားရယ်လို့ ခင်ဗျားတို့က မှတ် မနေပါနဲ့.... (မှန်ပါ့)သုညတတရားဆိုတာ ခန္ဓာငါးပါးသာ ရှိ တယ်၊ ပုဂ္ဂိုလ်သတ္တဝါ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသာ ရှိတယ်ဆိုယင်ကော.... (မှန်ပါတယ်) ပုဂ္ဂိုလ်သတ္တဝါ ရှိသေးလား . (မရှိပါ) ဟာ.... ဒုက္ခနဲ့ သမုဒယဘဲရှိပါတယ်ဆိုတော့ကော.... (မှန်ပါတယ်ဘုရား) ပုဂ္ဂိုလ်သတ္တဝါ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒီလိုတရားကို နာမှသာလျှင် ဒိဋ္ဌိကလဲ ပြုတ်ပါတယ် .... (မှန်ပါ့)နို့ မဟုတ်လို့ ရှိယင်တော့ တကာကြွယ်ရေ.... (ဒိဋ္ဌိမပြုတ် ပါ)ဒိဋ္ဌိမပြုတ်ပေဘူး....(မှန်ပါ့)။

ဒါ့ကြောင့် ဒိဋ္ဌိပြုတ်အောင်လို့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးလက်ထက်က စပြီး ယခုထက်တိုင် ရှေးက သုတ္တန်ပါဠိတွေ ကို သူလုပ် သူရ၊ ငါလုပ် ငါရတွေကို မဟောဘူးလား....(ဟော

ပါတယ်) ဟောပြီး နောက်ဆုံးပိတ်ကျတော့ ဤကား....သုတ္တန်ဒေသနာတော် ဖြစ်ချေသည်....(မှန်ပါ့)။

အဘိဓမ္မာဒေသနာတော်မြတ်သည်ကားဆိုတော့.... သုညတလုပ်ပစ်လိုက်တာ .... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က သုညတလဲ လုပ်မယ်ကြံရော ပြန်ကြရော ....(မှန်ပါ့)သုညတ မကြိုက်ကြဘူး....(မှန်ပါ့)။

ခက်လိုက်တာက အဘိဓမ္မာတပ်တော့မယ်ဆိုတော့ တကာကြွယ်တို့က တရားသိမ်းပြီဟေ့... (မှန်ပါ့)သိမ်းတာလား၊သုညတနဲ့ ဖျက်ချတာလား... (သုညတနဲ့ ဖျက်ချတာပါ)ဟိုသုတ္တန်တွေကို အကုန်ဖျက်ချတာ....(မှန်ပါ့)။

သုတ္တန်တွေ အကုန်ဖျက်ချပြီးသကာလ ဤကား .... သုတ္တန်၊ အဘိဓမ္မာဒေသနာတော်မြတ်သည်ကား "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ".... (မှန်ပါ့) တနည်းအားဖြင့် ဟေတုပစ္စယော အာရမ္မဏပစ္စယော....(မှန်ပါ့) ဒီလိုမလာဘူးလား....(လာပါတယ်ဘုရား)။

ဒီဟာတွေက ဘာတွေတုံးဆိုတော့ အကြောင်း အကျိုးပါကွာ.... ဟေတု, အာရမ္မဏတွေပါ.... ( မှန်ပါ့ ) ဒါ သစ္စာလေးပါးတွေပါကွာ....ဆိုပြီး ဖျက်ချလိုက်တယ်... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

နို့...ဟိုဟာတွေလဲ မှားသလားလို့ဆိုတော့ မမှားပါဘူး၊ ဟိုတွင် တင်းတိမ်နေယင် ဒိဋ္ဌိရှိနေလို့ သုညတ နောက်က ထည့်

ပေးတာကို တကာကြွယ်တို့ လူစုကတော့ သညာ ထည့်တာ မကြိုက်နိုင်တော့ ပြီးပြီတရား ပြန်ကြစို့ တော့....(မှန်ပါ)သညာနဲ့ ဒို့နဲ့ မဆိုင်ဘူး....(မှန်ပါ)။

ဒို့က အပါယ်သွားမည့် လူတွေ... ဒီလို ဖြစ်နေတာဗျ....၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အံမာလေး.... တကာတကာမတွေ ငယ်ကျိုး, ငယ်နာဖော် ပြောနေရတာနဲ့ တယ်တူတယ်....(မှန်ပါ) ငယ်ငယ်က ဖြစ်စဉ်တွေကိုးဗျ... (မှန်ပါ)။

ငယ်ငယ်က ဖြစ်စဉ်တွေ၊ ဘုန်းကြီးကလဲ ရှည်လိုက်တာကွာ၊ ဟော... အဘိဓမ္မာ အခုမှ သတ်တယ်ကွာ ပြန်ကြစို့... (မှန်ပါ) သညာလဲ ဟောပါရော တကာကြွယ် ဘယ့်နှယ်တုံး ပြန်ကြစို့နဲ့ သွားဝဲ့တာဘဲ... (တွဲ့ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ဆိုလို့ရှိယင် ဟိုမှာ ဒိဋ္ဌိမပြုတ်ဘူး·(မှန်ပါ) မင်းပြုတဲ့ ကုသိုလ်တွေသည်ကားလို့ ဆိုလို့ရှိယင် "ကမ္မံ သတ္တေ ဝိဘဇတိ" ဆိုတဲ့အတိုင်း မင်းလုပ်ထားတာ မင်းဘဲ အကျိုးခံစားရမှာဘဲဆိုပြီး ဟိုက သတ္တန်နဲ့ ဟောနေတာ၊ နားလည်မှုရှိအောင်လို့....(မှန်ပါ)။

နောက်ဆုံးကျတော့ သတ္တဝါတွေ ဒိဋ္ဌိ ကပ်နေရစ်ချည်ရဲ့ ဆိုပြီးသကာလ ဤကား... သတ္တန်ဆိုပြီး ဖြတ်လိုက်တယ် တပိုင်းက... ( မှန်ပါ ) အဘိဓမ္မာဒေသနာတော်မြတ်ကြီးသည်ကား ဆိုတော့မှ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာနဲ့ သညာတွေ ဟောလာတယ်

( မှန်ပါဘုရား ) တကာကြွယ် သဘောကျပလား.... (ကျပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလဲ တရားနာကလဲမှားတယ်....(မှားခဲ့ ပါတယ်ဘုရား) အထက်ပိုင်းတွင် နာတယ်နော်၊ အောက်ပိုင်း မနာဘူး....(မှန်ပါ) အံမာလေး.... ကြောက်စရာလူတွေပါလား. (မှန်ပါ)။

ဒိဋ္ဌိမပြုတ်တဲ့အပိုင်းတော့ ငါတို့ ကြိုက်တယ်....(မှန်ပါ) ဒိဋ္ဌိ ပြုတ်တဲ့အပိုင်းတော့... (မကြိုက်ကြပါဘုရား)။

ဩော်.... ဒါကြောင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင် ဖြင့် အပါယ်မလွတ်တာဟာ ဒါဘဲ.... ( မှန်ပါ ) သဘောပါ ပလား....(ပါ-ပါပြီဘုရား)။

ဒါ.... ဒီနေ့ ပြောတဲ့စကားကို သေသေချာချာ မှတ်ပါ.... ( မှန်ပါဘုရား ) တော်တော်အရေးကြီးတယ်.... (ကြီးပါတယ် ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး လက်ထက်ကာစ,ပြီးသကာလ ဘုရားလဲ ဒါနကထာ ဟောတာဘဲ....(မှန်ပါ) သီလကထာကော (ဟောပါတယ်ဘုရား) သဂ္ဂကထာ...( ဟောပါတယ်ဘုရား ) သဂ္ဂကထာဆိုတာ နတ်ပြည်ရောက်ကြောင်း ... (မှန်ပါ)။

ပြီးတော့မှ ' ကာမာနံ အာဒီနဝကထာ ' ဆိုပြီး ဖျက်ချပစ် လိုက်တယ်.. ( မှန်ပါ ) နတ်ပြည်ရောက်သွားလဲကွာ....ငါးပါး အာရုံ ကာမဂုဏ်တွေဟာ မီးရှူးနဲ့တူသကွ-စသည်ဖြင့် တကာ

ကြွယ် ဖျက်ချလိုက်တယ်… ( မှန်ပါ့ ) သုတ္တန်တွေဖျက်ပြီ …. (မှန်ပါ့) မဖျက်သေးဘူးလား….(ဖျက်ပါတယ်ဘုရား)။

ပြီးတော့မှ 'နေကွာမမွေအာနိသံသကထာ'ဆိုပြီး တောထဲနေမှ ဟုတ်မှာပေါ့….(မှန်လှပါဘုရား) မပေါဘူးလား….(ပေါပါ တယ်ဘုရား)။

အဲဒါတွေ ဒီနေကွာမမွကထာတွေ ပေါပြီး နောက်ဆုံးပိတ် စိတ်ထဲမှာ ဩဘ်…. ဟုတ်သားဘဲဆိုပြီး ကိလေသာတွေ ဖြူစင် နေတဲ့အချိန်မှာ သစ္စာထိုးသွင်းရတယ်…. (မှန်ပါ့) သစ္စာထိုး သွင်းလိုက်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတယ်….( မှန်ပါ့ ) ရှင်း ပလား….(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရချင်ယင် ဟိုဟာတွေကို အကုန် ရှင်းရသေးတယ်… ( မှန်ပါ့ ) သဘောပေါပလား…(ပေါ·ပါပြီ ဘုရား)။

အဲဒါကတရားဟောစဉ်ဆိုတဲ့ဥစ္စာ တကာကြွယ်မှတ်မိပလား· (မှတ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝမ်းထဲရှိတာတွေ အကုန်ရှင်းနေရတာနဲ့ တော်တော်ကြာ တရားက အစပြန်ပြန်ကောက်နေရတယ် … (မှန်ပါ့)ရှင်းစရာက မနည်းမှ မနည်းဘဲကိုး….(မှန်ပါ့)။

ကဲ….ဒါဖြင့် တကာတကာမတို့ သညာတဆိုက်တဲ့တရားသည် ဘယ်တရားတုံး ဆိုလို့ရှိယင် ဤကား….သုတ္တန့်ဟုတ်လား… (မှန် လှပါဘုရား)။

အဘိဓမ္မာဒေသနာတော်မြတ်သည်ကားဆိုယင် ဒါသုညတ ဟောတာ မှတ်....(မှန်ပါ့)။

အဘိဓမ္မာမြတ်သည်ကားဆိုယင် — (သုညတဟောတာပါ) သုညတဟောတာဘဲ၊ သို့သော်လဲ ရှေးက ဟောကြတာက "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ"ဆိုယင် ဟောတဲ့ဘုန်းကြီးကလဲ သိမ်းမလို့ ဟောတာပါဘဲ.... (မှန်ပါ့) သူက သေသေချာချာ ခန္ဓာရောက်အောင် ခွဲမပြတော့ဘူး....(မှန်ပါ့)။

သူက ဘာလုပ်မလို့ပါလိမ့်.... (တရားသိမ်းမလို့ ဟောတာ ပါဘုရား)အဲ....ဒီလို ဖြစ်နေတာဗျ—(မှန်ပါ့)ရှင်းပလား....(ရှင်း ပါပြီဘုရား)။

အခုတော့ ဘုန်းကြီးတို့ ခင်ဗျားတို့ အားလုံး ကုသိုလ်ကံတွေ က ကောင်းတဲ့အခါကျတော့ အစက အဘိဓမ္မာ အလယ်မှာလဲ အဘိဓမ္မာ... (မှန်ပါ့) နောက်ဆုံးလဲ အဘိဓမ္မာနဲ့ သိမ်းတာဘဲ- (မှန်ပါ့)အဲဒီလို ကံက သိပ်ခြားနေတယ်.... (ထူးခြားနေပါတယ် ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ နှလုံးသွင်းမှားလို့ဆိုတာလဲ ခုနင်က သုတ္တန်ဟောပြီး ပြန်သွားလို့ရှိယင်လဲ သူ့မှာ ဒိဋ္ဌိပါ သွားမယ်....(ပါသွားပါမယ်ဘုရား) ပါ·မပါ စဉ်းစားစမ်း .... (ပါ·ပါတယ်ဘုရား) အဘိဓမ္မာ မနာရတော့ဘူး....(မနာရပါ ဘုရား)။

မနာရတော့ သူ သုတ္တန်နဲ့ဆိုတဲ့အခါကျတော့ သုတ္တန်ဟာ

တကာတကာမတို့ ဒီက အဖြူလုပ်ယင်လဲ ကောင်းတာလုပ်လဲ ကောင်းကျိုးပေးမှာဘဲ....(မှန်ပါ)။

မင်းက လှလှကလေးလှူယင် လှလှဖြစ်မှာဘဲ၊ မဟုတ်ဘူးလား (မှန်ပါ) အရုပ်ဆိုးတွေ လှူနေယင်....( အရုပ်ဆိုးဖြစ်မှာပါ ) မင်းကိုက ဆွံ့ငဲ့ဆွံ့ငဲ့နဲ့ လှူနေလို့ရှိယင် မင်းမှာ ဆွံ့ငဲ့-ဆွံ့ငဲ့ဘဲ ရမှာဘဲ... (မှန်ပါ)။

အင်း....ဒါလဲ ပုဂ္ဂိုလ်သတ္တဝါ ဖေါ်ဟောနေရတယ်(မှန်ပါ) မဟောရဘူးလား....(ဟောရပါတယ်ဘုရား)။

ဟောရတယ်တဲ့.. တကာကြွယ်ရ ဒီဥစ္စာကိုလဲ....( မှန်ပါ ) မဟောလို့ရှိယင် ကမ္မဿကတဉာဏ်တောင် သူ့မှာ မရှိတော့ (မှန်ပါ) ကမ္မဿကတဉာဏ်မှ မရှိလို့ရှိယင် ဒိဋ္ဌိကတော့ ပြောစရာမလိုတော့ဘူး....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကမ္မဿကတဉာဏ်တောင်မှ ဒိဋ္ဌိက မစင်သေးတော့ ခင်ဗျားတို့က ကမ္မဿကတဉာဏ်လောက်တရားနဲ့ တော်လောက်ပြီ တန်လောက်ပြီ ဆိုလို့ရှိယင် တကာကြွယ်.. ငါးပါးမှောက်ပြီ....(မှန်ပါဘုရား) မမှောက်ပေဘူးလား.... (မှောက်ပါတယ်ဘုရား)။

ကိုင်း— ဒါဖြင့် အနာထပိဏ်သူဌေးကြီးဘဲ ပြန်ဆက်ကြပါစို့ တကာတကာမတို့၊ ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ဘယ်နှစ်ပါးပါလိမ့်....(နှစ်ပါးပါဘုရား) ၁-နံပါတ်က ဘာတဲ့....(နှလုံးသွင်းမှားလို့ပါဘုရား)။

အဲ... ယောကျ်ားမိန်းမ ငါ သူတပါးလို့ နှလုံးသွင်းလိုက်ယင် ဘာဖြစ်မလဲ....(နှလုံးသွင်းမှားပါတယ်ဘုရား) ဒိဋ္ဌိဖြစ်ပြီ-(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း,...တခါ တရားနာမှားလို့... ( ဒိဋ္ဌိဖြစ်ပါတယ်ဘုရား ) သဘောကျပလား....(ကျပါပြီဘုရား)။

ဗုဒ္ဓဘာသာဖြစ်ဦးတော့ တရားနာဦးတော့ သူညတဆိုက်အောင် မနာတဲ့အတွက် သူထင်ရာ ယူသွားရော....(မှန်ပါ့)။

အို.... ဘုရားက ဒီလိုဟောတာဘဲ၊ သူလုပ် သူရမယ်....တဲ့၊ ငါလုပ်ငါရမယ်တဲ့၊ ငါဘဲ ခံစားရမှာဘဲတဲ့၊ သူတပါး ခံစားတာတော့ မဟုတ်ဘူးတဲ့....(မှန်ပါ့ဘုရား) ဆိုပြီး ဒီ·ငါကြီးဟာ တခါတည်း အကုန်ဆက်သွားတာဘဲ...(မှန်ပါ့)။

နတ်ပြည်လဲ ဒီက နာမ်ရုပ် တတိုတစမှ မပါဘူး၊ ခုတော့ ဘကာကြွယ်တို့က နတ်ပြည်လဲ ငါဘဲ ခံစားတာဘဲ... (မှန်ပါ့) လူ့ပြည်လုပ်တာလဲ....( ငါပါဘဲဘုရား ) ငါဘဲ၊ ငါလုပ်လို့ နတ်ပြည်မှာ ငါဖြစ်ရတယ်....(မှန်ပါ့)။

ဒီလိုဘဲ သွားနေမယ်ဆိုတော့ တကာတကာမတို့ ကမ္ဘာက တဥာဏ်ဟာ ဒိဋ္ဌိမပယ်နိုင်ဘူးဆိုတာ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းနှစ်ကြောင်း သိသွားပြီ....(သိပါပြီဘုရား)။

အဲဒီမှာ အနာထပိဏ်သူဌေးကြီးက အရှင်ဘုရားတို့ အခုလောကကြီးမြဲတယ်, လောကကြီး မမြဲဘူး ယူတဲ့ အယူတွေဟာ၁

အရှင်ဘုရားတို့၏ ခန္ဓာကိုယ် နှလုံးသွင်းမှားလို့ ရှိယင်လဲ ဖြစ်ပါလိမ့်မယ်...(မှန်ပါ့)။

တရားနာယင် အရှင်ဘုရားတို့ ဆရာ့တရား၊ သို့မဟုတ် ဘယ်က ဆရာဖြစ်ဖြစ် အဲဒီတရားနာမှားလို့ လဲ ဒီအယူကို ဒိဋ္ဌိအယူယူတာ ဖြစ်ပါလိမ့်မယ်....(မှန်ပါ့) ဒီလို အနာထပိဏ်သူဌေးကြီးက အဖြေပေးလိုက်တယ်....(မှန်ပါ့)။

ကဲ--ဒါဖြင့် တကာကြီးတဲ့....ကျုပ်တို့အယူတွေတော့ ခင်ဗျားက နှလုံးသွင်းမှားလို့ ကျုပ်တို့မှာ ဒိဋ္ဌိဖြစ်ရတယ်ဆိုတာ ရှင်းပါပြီတဲ့...၊ ခင်ဗျားအယူကို ပြောဦးတဲ့...(မှန်ပါ့)။

တကာတကာမတို့ ခင်ဗျားတို့အယူ ပြောပါဦးတဲ့....၊ခင်ဗျားကလဲ နဂိုရ်က ပြောထားတာဘဲတဲ့...အရှင်ဘုရားတို့ အယူ ပြောဦး၊ တပည့်တော်အယူကို ပြောဘို့ မခဲယဉ်းဘူးလို့ ခင်ဗျားပြောထားတယ်၊ ခင်ဗျားအယူ ပြောစမ်းပါဦးတဲ့.... (မှန်ပါဘုရား)။

ဟာ....တပည့်တော်အယူ ပြောရမှာဘဲဘုရာ့၊ တပည့်တော်က ဒီလိုယူပါတယ်၊ ဒီ ခန္ဓာကိုယ်ကြီးဟာ သင်္ခတတရား....(မှန်လှပါဘုရား)။

သင်္ခတတရားဆိုတာ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော အကြောင်းတရား၊ သမုဒယသစ္စာတည်းဟူသော အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ကြီးကို သင်္ခတတရားလို့ ဆိုပါတယ်....(မှန်ပါ့)။

အဲဒီ သင်္ခတတရားသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အနိစ္စပါဘဲ....(မှန်ပါ)။

သင်္ခါရက အနိစ္စက ကူးတာပါဘဲတဲ့.... (မှန်ပါ) သင်္ခါရနဲ့ သင်္ခတ အတူတူဘဲ.... (မှန်ပါ) အဲဒီ သင်္ခါရကနေပြီး အနိစ္စ ကူးပါတယ်၊ အနိစ္စကနေပြီး ဒုက္ခဖြစ်ပါတယ်....(မှန်ပါ)။

အဲဒါကြောင့် အနိစ္စ,ဒုက္ခတွေ ဖြစ်တာကို တပည့်တော်က " ဧတံမမ ဧသောဟမသ္မိ ဧသော မေ အတ္တာ " ဆိုတဲ့ ငါ့ကိုယ်·ငါ့ဟာ·ငါ့ဥစ္စာလို့ တပည့်တော်က ဒီအပေါ်မှာ မယူပါဘူးဘဲ (မှန်ပါ)။

သင်္ခတတရား· အနိစ္စတရား· ဒုက္ခတရားအပေါ်၌ ငါ့ကိုယ်, ငါ့ဟာ,ငါ့ဥစ္စာလို့ တပည့်တော်က မစွဲလမ်းပါဘူးတဲ့·(မှန်ပါ) ဆိုတော့ သူ့အဖြေကတော့ တည့်နေတယ်....(မှန်ပါ)။

တကာတကာမတို့ အားထုတ်တာနဲ့ကော ကိုက်ရဲ့လား ... (ကိုက်ပါတယ်ဘုရား) ဒီတရားဟာ အနိစ္စ,ဒုက္ခ,အနတ္တာဘဲဆိုပြီး သကာသ ခင်ဗျားတို့ ရှုနေကြတယ်....(မှန်ပါ)။

အခု အရှင်ဘုရား.... တပည့်တော်ကတော့ ဒီလိုဖြေလိုက်ပါပြီ....တဲ့၊ အရှင်ဘုရားတို့ဟာကတော့ ဒီလိုမှ မဟုတ်ဘဲ ဘဲ....တဲ့၊ အခု တပည့်တော်ပြောတဲ့ အနိစ္စ,ဒုက္ခ, အနတ္တကို တဏှာ·မာန·ဒိဋ္ဌိနဲ့စွဲနေတာ....( မှန်ပါ )သူကပြန်တက်လိုက်တယ်...(မှန်ပါ) မှန်ကော မမှန်ဘူးလား – (မှန်ပါတယ်ဘုရား)။

တို့တွေက အနိစ္စ၊ ဒုက္ခ၊ အနတ္တကို (တဏှာ-မာန-ဒိဋ္ဌိနဲ့ စွဲနေပါတယ်ဘုရား) တဏှာ-မာန-ဒိဋ္ဌိနဲ့ စွဲနေတယ်....(မှန်ပါ)။

တပည့်တော်ကတော့ ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ဘူးလို့ ယူသဖြင့်တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်တယ် ( မှန်ပါ ) တပည့်တော်ကတော့ ဒီလိုယူပါတယ်တဲ့.... (မှန်ပါဘုရား)။

တကာကြီး ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) အင်မတန် သူ့ဟာ မှန်ပေတာဘဲ....(မှန်ပါတယ်ဘုရား)။

တကာကြွယ် အလုပ်မလုပ်တဲ့လူအတွက်မှာ ဘယ့်နှယ်လုပ်ပြီး ဒါ သိမလဲဗျာ... (မသိပါဘုရား)။

တကာကြွယ် အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ အနိစ္စတရား၊ ဒုက္ခတရား၊ သင်္ခတတရား၊ အဲဒီ့ သင်္ခတတရားဟာ အနိစ္စ၊ ဒုက္ခ၊ အဲဒီ အနိစ္စ၊ ဒုက္ခသည်ကား၊ လို့ဆိုယင် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ပါဘူးလို့ တပည့်တော်က ယူပါတယ်....တဲ့....( မှန်ပါ ) ဆိုတော့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ယူသဖြင့် တဏှာနဲ့လဲ မစွဲဘူး၊ ဒိဋ္ဌိနဲ့ကော.... (မစွဲပါဘုရား) မာနနဲ့ကော (မစွဲပါဘုရား)။

အဲ.... တပည့်တော်တို့က ဒီလို မစွဲဘူးတဲ့၊ အရှင်ဘုရားတို့ကတော့ သင်္ခတတရားကြီးဟာ ပင်ကိုယ်က သင်္ခတတရား၊ သူများပြုပြင်လို့ ဖြစ်ထားတဲ့ ရုပ်နာမ်သင်္ခတတရား၊ အဲဒီ့ သင်္ခတတရား

ဟာ အနိစ္စ,ဒုက္ခတရားလဲ အမှန်ဖြစ်ပါတယ်... (မှန်ပါ) အဲဒီ အနိစ္စ,ဒုက္ခ,အနတ္တ တရားကို အရှင်ဘုရားတို့က တဏှာ, မာန, ဒိဋ္ဌိနဲ့ စွဲနေတာဘဲ...(မှန်ပါ) ဒါကြောင့် အရှင်ဘုရားတို့ဟာက မှားတယ်....(မှန်ပါ)။

တပည့်တော်ဟာက သင်္ခတတရားဟာ အနိစ္စတရား,ဒုက္ခတရား ဖြစ်ပါတယ်...(မှန်ပါ)။

အဲဒီ အနိစ္စ,ဒုက္ခတရားမို့ တပည့်တော်က တဏှာနဲ့လဲ ခင်စရာမရှိဘူး....(မှန်ပါ) ဒိဋ္ဌိနဲ့လဲ ငါ့ကိုယ်,ငါ့ဟာ လုပ်စရာ မရှိဘူး....(မှန်ပါ)။

မာနလဲ သူ့အကြောင်းရင်းခံပြီး မာနတက်စရာလဲ တပည့်တော်တို့ ဘာမှမရှိဘူး....တဲ့....(မှန်ပါ)။

အဲဒီလို တပည့်တော်ကတော့ တဏှာ, မာန, ဒိဋ္ဌိဖြုတ်တဲ့ အယူပါဘုရား... (မှန်ပါဘုရား) အရှင်ဘုရားကတော့ တဏှာ မာန ဒိဋ္ဌိနဲ့စွဲတဲ့အယူပါ....(မှန်ပါ)။

ကဲ....အနာထပိဏ်သူဌေးကြီးက ဖြေလိုက်တယ်...( မှန်ပါ ) သောတာပန်က ဖြေတာပါ....(မှန်ပါ)။

တကာတကာမတို့ ဘယ်သူက ဖြေတာတုံး.... (သောတာပန်က ဖြေတာပါဘုရား) ဦးမာဒင် သိပ်အဘိုးတန်တယ်....(တန်ပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေက ဩော်.... ဒို့လုပ်နေတဲ့အလုပ်ဟာ တဏှာ,မာန,ဒိဋ္ဌိသတ်နေတဲ့ အနိစ္စတရား၊

ဖြစ်ပျက်ဆိုတာ အနိစ္စဘဲ- ဖြစ်ပျက်ဆိုတာ ဒုက္ခဘဲ၊ ဒို့လုပ်နေတဲ့ အလုပ်ဟာ တဏှာ၊ မာန၊ ဒိဋ္ဌိသတ်နေတာပါကလား.... (မှန်ပါ) သဘောပါကြပလား ...(ပါ-ပါပြီဘုရား)။

တကာတကာမတွေ နှလုံးသွင်းနေတာ ဘာပါလိမ့်-(တဏှာ မာန ဒိဋ္ဌိသတ်နေတာပါဘုရား)။

တဏှာမှ မရှိဘဲနဲ့လဲ သုံးဆဲ့တဘုံမှာ လည်စရာလိုသေး သလား.... (မလိုပါဘုရား) မာနမှ မရှိဘဲနဲလဲ လည်စရာရှိသေး သလား.... ( မရှိပါဘုရား ) ဒိဋ္ဌိမှ မရှိဘဲနဲ့လဲ အပါယ်ကျစရာ ကော... (မရှိပါဘုရား)။

ဩော်....ဒါဖြင့် ဒီအလုပ်သည်ကားလို့ဆိုယင် ဒီခန္ဓာကိုယ် ကြီးကို ဒီခန္ဓာကိုယ်ကြီး ဘယ်က လာပါလိမ့်၊ ဩော်....ကံ၊ စိတ်၊ ဥတု၊ အာဟာရ ပြုပြင်ထားလို့ လာဘာဘဲ.... ( မှန်ပါ ) ပဋိစ္စ သမုပ္ပါဒ်အကြောင်းကြောင့် ဖြစ်တဲ့အကျိုးတရားဘဲ.... (မှန်ပါ) သမုဒယသစ္စာကြောင့် ဖြစ်တဲ့ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးဘဲ.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကြောင့် ဒီတရားသည်ကားလို့ဆိုယင် သင်္ခတတရားမို့ ပျက်စီးတဲ့အနိစ္စဘဲ.... ( မှန်ပါ ) ပျက်စီးတဲ့ ဒုက္ခဘဲ.... (မှန်ပါ ဘုရား)။

အဲဒီ အနိစ္စ၊ ဒုက္ခဖြစ်နေတဲ့တရားမို့ ဘယ်မှာတုံး- ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ဘယ်ရှိရမလဲ.... (မှန်ပါ) ဆိုတော့ ကျုပ်တို့က ဒိဋ္ဌိပြုတ်ထွက်သွားတယ်....(မှန်ပါ) မပြုတ်ဘူးလား.... (ပြုတ်ပါ တယ်ဘုရား)။

အဲဒီတော့ ဒါက အပြောပါတဲ့ ခင်ဗျားတို့ ရှုနေကတည်းက ပြုတ်ပါတယ်....( မှန်ပါ ) သဘောပါကြပလား.... (ပါ-ပါပြီ ဘုရား)။

ဒါက အပြောဘဲရှိသေးတယ်၊ ရှိနေတဲ့ပုဂ္ဂိုလ်ကတော့ ပြုတ်နေတာဘဲ—(မှန်ပါ)။

ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး ရှုနေကတည်းက တကာကြွယ် ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ပျက်နေတယ်.... (မှန်ပါ) ပျက်နေတာ ကြီးကို တကာကြွယ်က ငါ့ကိုယ်လို့ ဆိုလို့ကော.... ( မရပါ ) ငါ့ဟာလို့ကော.... (မရပါဘုရား) ငါ့ဥစ္စာလို့ကော.... (မရပါ ဘုရား)။

မရနိုင်ပါဘူး . တဲ့ ဒီဥစ္စာ ပျက်နေတဲ့ ဥစ္စာကြီးဟာ အနိစ္စ တရား, ဒုက္ခတရား (မှန်ပါဘုရား) ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်တဲ့တရား၊ ဒါသာလျှင် ဖြစ်ရမယ်.... (မှန်ပါ) ပေါ်ကြ ပလား (ပေါ်ပါပြီဘုရား)။

ဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ်သုံးချက်မပြတ်ဘူးလား .. (ပြတ် ပါတယ်ဘုရား) တဏှာကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲ ဦးမာ ဒင် သွားပြီ....(မှန်လှပါဘုရား)။

ဒိဋ္ဌိကြောင့်ဖြစ်တဲ့ပဋိစ္စသမုပ္ပါဒ်....(သွားပါပြီဘုရား) သွားပြီ ခင်ဗျားတို့ ဖြစ်ပျက်မြင်တဲ့ဉာဏ်က သတ်ပစ်လိုက်တယ်-(မှန်ပါ) မာနကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကော.... ( သွားပါပြီ ) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

အဲဒီလို ရှင်းထားတဲ့အခါကျတော့ ဩော်.... ဒို့လုပ်နေတဲ့ အလုပ်ဟာဖြင့် အင်း... တရားနာလဲ မမှားဘူးဟေ့... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ကိုယ့်ကိုယ်လဲ နှလုံးသွင်း မှန်တယ်ဟေ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်ကိုယ်လဲ.... (နှလုံးသွင်းမှန်ပါတယ်ဘုရား) တရားနာလဲ ( မမှားပါဘုရား ) မမှားဘူး....တဲ့၊ တရားနာ မမှားလို့ပေါ့ တကာသစ်ရေ... သစ္စာတရားလို့ သိတယ် (မှန်ပါ့)။

ကဲ...ခန္ဓာကြီးကြည့်လိုက်တော့ ကံ,စိတ်,ဥတု,အာဟာရ လုပ်ထားတဲ့ ခန္ဓာကြီး....(မှန်ပါ့) သူများပြုပြင်ထားတာ...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်က ပြုပြင်လို့ဖြစ်တဲ့ အကျိုးခန္ဓာကြီးဆိုယင်ကော....( မလွဲပါဘုရား ) သမုဒယသစ္စာကြောင့်ဖြစ်တဲ့ ဒုက္ခသစ္စာခန္ဓာကြီးဆိုယင်ကော....(မလွဲပါဘုရား)။

ဒါဖြင့် ဒီဥစ္စာသည် တကာဘကာမတို့ သူများလုပ်ထားတာ အနိစ္စ,ဒုက္ခ,အနတ္တသာဖြစ်ရတယ်.... (မှန်ပါ့) ငါ့ကိုယ်,ငါ့ဟာ, ငါ့ဥစ္စာလုပ်လို့... (မရပါ) ဩော်....မဖြစ်ပါဘူးဆိုတာ မသေချာဘူးလား... (သေချာပါတယ်ဘုရား)။

ဒီကတည်းက ငါ့ကိုယ်· ငါ့ဟာ· ငါ့ဥစ္စာ မဟုတ်ဘူးဆိုတဲ့ တဏှာရော မာနရော ဒိဋ္ဌိရောပြုတ်ထွက်သွားတယ် .... (ပြုတ်ပါတယ်ဘုရား)သဘောကျပလား .. (ကျပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့ ဖြစ်ပျက်ကိုကြိုးကြိုးစားစားရှုစမ်းပါ (မှန်ပါ့) အပါယ် ရေသောက်မြစ်ကို သူဖြတ်ပေးနေတယ် ...

(မှန်ပါ့)ဆိုတော့ ဒါ ကျေကျေနပ်နပ် လုပ်ထိုက်တယ်...(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ... (ကျေကျေနပ်နပ်လုပ်ထိုက်ပါတယ်) ကျေကျေနပ်နပ် လုပ်ထိုက်တဲ့တရား..., (မှန်ပါ့)ထမင်းမစားရချင်နေပစေ .... (မှန်ပါ့) စီးပွားမတက်ချင်နေပစေ .. (မှန်ပါ့) ဒါကို ကျေကျေနပ်နပ် လုပ်ရမယ် ... (မှန်ပါ့)။

ထမင်းစားပြီး အပါယ်သွားယင် ဘာအသုံးကျသတုံး .... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့) ပစ္စည်းချမ်းသာပြီး အပါယ်သွားတာကော... (အသုံးမကျပါ) ပစ္စည်းမဲ့ပြီး အပါယ်သွားရတာကော...(အသုံးမကျပါဘုရား)။

ဪ...ဒါဖြင့် တကာတကာမတို့ တဘဝတနပ်စာမငဲ့ဘဲနဲ့ တသံသရာလုံး ချမ်းသာတဲ့အလုပ်ကို အဓိကထားလိုက်....(မှန်ပါ့ဘုရား)။

ဘာ အဓိကထားရမှာတုံး .... (တသံသရာလုံး ချမ်းသာတဲ့အလုပ်ကို အဓိကထားရမှာပါဘုရား)။

ဒါက ခင်ဗျားတို့ ဘုန်းကြီးရှေ့မို့ လျှောက်တာနော် .... (မှန်ပါ့)တော်တော်ကြာ ကိစ္စပေါ်တယ် ဖြစ်ချင်ဖြစ်လာဦးမှာ. (မှန်ပါ့ဘုရား)။

တကာကြွယ် ဒါဟာ ခင်ဗျားတို့လျှောက်ပုံတွေက အတော်ကြောက်စရာကောင်းတယ် .... (ကောင်းပါတယ်) တပည့်တော်

အလုပ်ကလေးတော့ လုပ်နေတာဘဲ ဘုန်းကြီးတို့ဆီမှာ၊ ကိစ္စကလေးကမလွဲသာတာကလေး ရှိနေသေးတယ်ဆိုတော့ တနပ်စာသွားငင့်တယ်.... (ငင့်ပါတယ်) တသံသရာလုံးဆင်းရဲမှာကို သူမကြောက်ဘူး....( မှန်ပါဘုရား ) မလွဲဘူးလား.... (လွဲပါတယ်ဘုရား)။

အဲဒါ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ချိန်ပါ.... (မှန်ပါဘုရား) ခင်ဗျားတို့ ကိစ္စကလေးဟူသ၍သည် ဘာငင့်တာတုံး မေးယင် တကာသစ်ရေ ရဲရဲဘင်းတင်း ဖြေစမ်းပါ...(တနပ်စာငင့်တာပါ) တနပ်စာဘဲဗျ၊ မဟုတ်ဘူးလား .... (မှန်ပါ)တဘဝ- တနပ်စာ— (မှန်ပါဘုရား)။

တဘဝ တနပ်စာငင့်တဲ့ အလုပ်ကလေးကြောင့် တသံသရာလုံး ဆင်းရဲလက်စမပြတ်တာကြီးဟာ ကျုပ်တို့မှာ ကြွေးတင်ရစ်ဘယ် (မှန်ပါ) ဘယ်လောက်ကြောက်စရာကောင်းသလဲ.... (ကြောက်စရာကောင်းပါတယ်ဘုရား)။

အဲဒီတော့ ဘယ်ဘက်လိုက်ကြမတုံးလို့၊ လိုက်နေကျလိုက်သလ၊ ဟုတ်ပလား တကာကြွယ်....(မှန်ပါဘုရား)။

လိုက်နေကျဘက်က သွားရတဲ့လမ်းက အောက်လမ်းကိုဗျ.... (မှန်ပါ) အောက်ရေစီးတဲ့ဆီကို တကာကြွယ် လှော်ရသေးသလား၊ သူ့အလိုလိုမျောသလား.... (သူ့အလိုလိုမျောပါတယ်ဘုရား)အင်း....ခင်ဗျားတို့က ဒီဂိုဏ်းသားတွေလား ... (မသွားဘူးပါဘုရား)။

နောက်တော့ မသွားနဲ့ ဆိုတော့ ကိုယ့်အရေးကို ကိုယ်ကြီး လိုက်ပါ....(မှပါ) ကိုယ့်အရေးကို ကိုယ်ကြီးလိုက်ကြပါ တကာ တကာမတို့ မလွယ်လို့ ပြောပါတယ်....(မှန်ပါဘုရား)။

နောင်ကို ခင်ဗျားတို့ အခုဒိဋ္ဌိကွာပြီးသကာလ အခုကိစ္စပြီး အောင်ယင်လုပ်၊ မလုပ်လို့ရှိယင် ခင်ဗျားတို့ လူ့ဘဝရဘို့ရာ အကြောင်း ဘုရားဟောဘော်မူတာက လူ့ပြည်ကအပ်တစင်းနဲ့ ဗြဟ္မာ့ပြည်က အပ်တစင်းထောင်ထား၊ အသွားချင်းထိဘို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်တာလောက်ဟောတာ.... (မှန်ပါ) ဖြစ်နိုင် ရဲ့လား တကာသစ်....(မဖြစ်နိုင်ပါဘုရား)။

အဲဒီမဖြစ်နိုင်တာကို အဲဒါဖြစ်လိမ့်ဦးမယ်၊မင်းတို့လူ့ဘဝရဘို့ ဒီ့ထက်ရခဲတယ်ဆိုတာတော့ ကမ်းကုန်နေပြီ .... (ကုန်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တနပ်စာငဲ့မလား- တသံသရာလုံး ဒုက္ခသိမ်းတာ ငဲ့မလား တကာကြွယ်ရ အမှန်ထွက်စမ်းပါ .... (တသံသရာလုံး ဒုက္ခသိမ်းတာ ငဲ့ရမှာပါဘုရား)။

ဒါဖြင့် ကိစ္စမပေါ်စေနဲ့နော်....(မှန်ပါ) လုပ်နေကတည်းက ကိစ္စမပေါ်စေနဲ့....(မှန်ပါ) ဦးမောင်ကလေး ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

တသံသရာလုံး ဒုက္ခသိမ်းတဲ့အလုပ်ကတော့ ဖြစ်ပျက်မြင်၍ ဖြစ်ပျက်မုန်းလို့ ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကိုမြင်လို့ရှိယင် တကာသစ် ပြီးတာဘဲ....(မှန်ပါဘုရား)။

ဒါ မမြင်သေးလို့ရှိယင်ဖြင့်တဲ့ ဖြစ်ပျက်လဲ မတွေ့ရသေး, မမှန်းသေး,မဆုံးရသေး ဆိုလို့ရှိယင်ဖြင့် တနပ်စာနှိပ်စက်တာနဲ့ တသံသရာခက်သွားလိမ့်မယ်....(မှန်ပါ့ဘုရား)။

ကဲ .... ဒါဖြင့် တနပ်ကိုအောင့်ဘိုရာ တကာကြွယ် အချိန်ရောက်ပြီ...(ရောက်ပါပြီ) အောင့်နိုင်ပါ့မလား....(အောင့်နိုင်ပါတယ်ဘုရား)။

အံမာ....လျှောက်ပုံတော့ မဆိုးဘူးနော်....(မှန်ပါ့) လျှောက်ပုံတော့မဆိုးဘူး၊ လူကဲခတ်တော့ အလွဲဖြစ်နေလို့သာ—(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာအလွန်အရေးကြီးတဲ့ ဒိဋ္ဌိကိုဖြုတ်နေတယ်ဆိုတာ သဘောပါပါလား.... ( ပါ-ပါပြီဘုရား)။

ဒါနဲ့ အနာထပိဏ်သူဌေးကြီးက တိတ္ထိတွေကို အရှင်ဘုရားတို့ကတော့ တဏှာ,မာန, ဒိဋ္ဌိနဲ့ အနိစ္စ,ဒုက္ခ,အနတ္တကို စွဲနေတာ....(မှန်ပါ့)ဟော ခင်ဗျားတို့ မရှုတဲ့ပုဂ္ဂိုလ်ကတော့ ဒီအတိုင်းပါဘဲ (မှန်ပါ့ဘုရား)။

အနိစ္စ,ဒုက္ခ,အနတ္တကို.... (တဏှာ,မာန,ဒိဋ္ဌိနဲ့ စွဲနေပါတယ်ဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်ကတော့ အနိစ္စ,ဒုက္ခ,အနတ္တကို တဏှာ,မာန,ဒိဋ္ဌိနဲ့ မစွဲတဲ့ပုဂ္ဂိုလ်.... (မှန်ပါ့) မရှုတဲ့ပုဂ္ဂိုလ်ကတော့.... ( စွဲပါတယ်ဘုရား) အနိစ္စ,ဒုက္ခ,အနတ္တကို.... (တဏှာ,မာန,ဒိဋ္ဌိနဲ့စွဲပါတယ်ဘုရား)။

ကဲ....မသိတဲ့ပုဂ္ဂိုလ်ကတော့ အနိစ္စတရား, ဒုက္ခတရား,အနတ္တတရားကို ငြီတွယ်ပြီးသကာလ နေပါတယ်လို့ သေသေချာချာ အနာထပိဏ်သူဌေးကြီးက တိတ္ထိတွေ ဟောနေတယ်....(မှန်ပါ ဘုရား)။

တပည့်တော်ကတော့ အနိစ္စ, ဒုက္ခ, အနတ္တတရား ဖြစ်သောကြောင့် တဏှာနဲ့လဲမငြီ,မာနနဲ့လဲမငြီ, ဒိဋ္ဌိနဲ့လဲမငြီပါဘူးတဲ့၊ တပည့်တော်က မငြီတဲ့ဂိုဏ်းကပါတဲ့....(မှန်ပါဘုရား)။

ဒါဟာ တပည့်တော် အယူပါဘဲတဲ့....(မှန်ပါ)အရှင်းဘုရားတို့ အယူက ငြီတဲ့အယူ—(မှန်ပါဘုရား)။

အနာထပိဏ်သူဌေးကြီးက ဒီအတိုင်းဖြေတော့ကို တိတ္ထိတွေက မခံချင်တော့ ခလေးလိုဖြစ်နေတယ်(မှန်ပါ)တကာကြီးယူတဲ့ အယူဟာလဲတဲ့ အနိစ္စ,ဒုက္ခ,အနတ္တတွေကို ကျုပ်တော့ဖြင့် အနိစ္စ ဒုက္ခ,အနတ္တတွေကို ငြီတယ်လို့ ခင်ဗျားကဆိုတယ်၊ ခင်ဗျားကလဲ အနိစ္စ,ဒုက္ခ,အနတ္တတွေကို ငြီတာပါဘဲတဲ့ — (မှန်ပါ) ဘောက်ပြောလာတယ်— ( မှန်ပါဘုရား ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

နားမှ မလည်ဘဲ ဘောက်ပြောလာတယ်....(မှန်ပါ) မဟုတ်ဘူးဘုရား၊ အနိစ္စ,ဒုက္ခ,အနတ္တဆိုတာ အနိစ္စဆိုတာက ဖြစ်ပြီးဘာမှမရှိတာ၊ ငြီစရာကိုမရှိဘူး.... ( မှန်ပါ ) ဒုက္ခဆိုတာ ဒုက္ခရောက်သွားတာ ပြာဘောင်ရှာတွေတာ မဟုတ်ဘူး၊ ဒါကြောင့် တပည့်တော်က ငြီစရာမရှိဘူး—(မှန်ပါ)။

အနတ္တဆိုတာလဲ အခုဖြစ်ပြီး အခုပျက်သွားတာ၊နောင်တဖန် ပေါ်လာတာ မဟုတ်တော့ဘူးဘုရာ့၊ အဲ....ဒါကြောင့် တပည့်တော်က ငြိစရာမရှိဘဲ့ ပုဂ္ဂိုလ်လို့ မှတ်ပါဆိုတော့မှ သေသေချာချာ ဖြစ်ပုံ့ပျက်ပုံတွေ ပေါ်ပြောပြီး ငြိစရာမရှိလို့ တဏှာ ဘယ်မှ မငြိဘူး၊ ဒိဋ္ဌုပါဒါန် မဖြစ်ပါဘူးဆိုတော့မှ တိတ္ထိတွေက မှိုင်ကျသွားတယ်....(မှန်ပါ)။

မှိုင်ကျသွားတော့မှ အင်း-ဒီတိတ္ထိတွေနဲ့တော့ ရှေ့လဲဆက်ပြီး စကားပြောစရာ မရှိဘူး၊ ဘုရားဆီ သွားမှဘဲဆိုပြီး ဘုရားဆီ သွားတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဘယ်က ပြန်လာသတုံး၊တိတ္ထိတွေနဲ့ ဒီလို-ဒီလိုဘဲ အကျိုးအကြောင်းပြောခဲ့ ရတယ်ဘုရာ့၊ တကာကြီးက ဘယ်လိုမေးသတုံး၊ သူတို့က ဘယ်လို မေးသတုံး.. အစရှိသည်နဲ့ မေးတော့ ခုနင်ကအတိုင်း တိတ္ထိတွေက ဘုရား....အနိစ္စ ဒုက္ခ အနတ္တတရားကြီး တဏှာ မာန ဒိဋ္ဌိနဲ့ ငြိပြီးသကာလ လောကကြီး မြဲတယ်၊ လောကကြီး မမြဲဘူး- အစရှိသည်နဲ့ ယူနေကြတယ်ဘုရား....(မှန်ပါ)။

တပည့်တော်က အရှင်ဘုရားတို့ ဒီလိုဆိုလို့ရှိယင် အနိစ္စ ဒုက္ခ အနတ္တတရားကို တဏှာ မာန ဒိဋ္ဌိငြိနေတာပေါ့၊ တပည့်တော်တို့ ကတော့ အနိစ္စ ဒုက္ခ အနတ္တတရားကို တဏှာ မာန ဒိဋ္ဌိနဲ့မငြိတဲ့ အယူပါလို့ ဖြေခဲ့ဘယ်....(မှန်ပါ)။

ဒီတွင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သာဓု....သာဓုကွာ ဒီလို တကာတွေမှာလဲ သူများအယူကို မှားနေတာကို ပြင်

ပေးတဲ့ဥစ္စာ ဘယ်အခါမဆို ပြင်ပေးထိုက်တယ်ကွ.... (မှန်ပါ ဘုရား)။

နောက် အနာထပိဏ်သူဌေးကြီး ပြန်သွားတယ်၊ ပြန်သွားပြီး ရဟန်းတွေ စည်းဝေးစေပြီးတော့ ရဟန်းတို့ ဟော....အနာထပိဏ်သူဌေးကြီးဟာကွာ အယူတွေ ဖြောင့်ပေးခဲ့လို့ သူတို့ ယူတာ မယူတာ အပထား၊ သိမှုကလေး တိုးသွားတဲ့ အတွက် အပါယ်လေးပါးကျွတ်တို့ အတော် သက်သာတယ် .... (မှန်လှပါ ဘုရား)။

အဲဒီတော့ မင်းတို့လဲ ဝါတရာရပေစေ....၊ သူများအယူကို ဒီမှားနေတာကလေး ပြင်ပေးမည့် အလုပ်ကိုဖြင့် လုပ်ဖြစ်အောင် လုပ်ပါဆိုတဲ့ဥစ္စာ တရားဟောရစ်ပါတဲ့....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ နာရီက စေ့လို့ ခင်ဗျားတို့ နှစ်လုံးတည်း မှတ်ရမှာ မလွဲပါနဲ့....(မှန်ပါ)ဒိဋ္ဌိ ဘယ်က လာသတုံး....(နှလုံးသွင်းမှားက လာပါတယ်)မိမိကိုယ်ကို နှလုံးသွင်းမှားမှုက လာပါတယ်၊ ပြီးတော့ကော....(တရားနာမှားမှုကြောင့် လဲ လာပါတယ်ဘုရား)။

ဒါဖြင့် မိမိကိုယ် နှလုံးသွင်း မမှားရအောင် တကာတကာမတို့ ခန္ဓာကြီးထဲမှာ ဘယ်ခန္ဓာမဆို ဖြစ်ပျက်နှလုံးသွင်းလိုက်.... (မှန်ပါ) ဖြစ်ပျက်သာ ရှိတာကိုး....(မှန်ပါ) နှလုံးသွင်းမှားစရာ ရှိသေးသလား....(မရှိပါဘုရား)။

ကဲ....တရားနာပြန်တော့လဲ သုညတတရားနဲ့ နာလိုက်ပြန်တော့လဲ ဩော် ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်တာတွေဘဲ အနိစ္စတွေဘဲဆိုတာ မပေါ်လာဘူးလား.... ( ပေါ်လာပါတယ်ဘုရား ) ဒါဖြင့် ခင်ဗျားတို့ တရားနာကော မှားသေးသလား....(မမှားပါ) နှလုံးသွင်းမှားကော....(မမှားပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ဒီအတိုင်းလုပ် အပါယ်လေးပါး တံခါးပိတ်တယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံနှင့် ပြတ်ပုံကို
သိသောကြောင့် ဘုရားဖြစ်လာပုံ

# ည အလှုပ်ပေး တရားတော်

( ၂၄ - ၁၀ - ၆၁ )

တကာတကာမတွေ သတိထားစရာကလေး ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ ဘယ်လိုရောက်လာပါလိမ့်မလဲဆိုတဲ့ မေးခွန်းထုတ်ဘို့ အရေးကြီးတယ်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ့်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့်မလဲလို့ မေးတော့ တကာတကာမတွေက ပြောကြတယ် ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါးစွန့်လို့ ဘုရားဖြစ်တယ်လို့ အများတော့ မှတ်ကြမယ်....(မှန်ပါ့ဘုရား)။

မဟုတ်ပါဘူးတဲ့... (မှန်ပါ့) မဟုတ်ဘူးတဲ့ တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်အဖြစ်ကိုလဲ သိတယ်၊ ပဋိစ္စသမုပ္ပါဒ်အချုပ်ကိုလဲ သိတယ်... (မှန်ပါ့ ။

ပဋိစ္စသမုပ္ပါဒ်အဖြစ် ဒုက္ခသစ္စာကိုလဲ သိတယ်....(မှန်ပါ့)ပဋိစ္စသမုပ္ပါဒ်အချုပ်ဆိုတဲ့ နိရောဓသစ္စာကိုလဲ သိတယ်....(မှန်လှပါ)။

အဲဒါကြောင့် ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိပြီးသကာလ ဒုက္ခချုပ်တဲ့ ဉာဏ်ကို ရသောကြောင့် နိရောဓသစ္စာ မျက်မှောက်ပြုနိုင်ပါတယ်....(မှန်ပါ)။

ဒါကြောင့် ကိုယ်တော်မြတ်ကြီး ဘုရားအဖြစ်သို့ ရောက်ပါတယ်၊ ဒါကြောင့် ဘုရားဖြစ်တဲ့အချိန်က စပြီးသကာလ....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

ခန္ဓာဖြစ်ကြောင်းတွေ ငါ သိပါတယ်ကွာ....တဲ့(မှန်ပါ) ခန္ဓာဖြစ်ကြောင်းဆိုတာ ပဋိစ္စသမုပ္ပါဒ်သာ မှတ်ပေတော့....(မှန်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်သည် စာလို ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ)မြန်မာလိုတကာတကာမတွေ သိဘို့ရာက ခန္ဓာဖြစ်ကြောင်းလို့ မှတ်ပါ-(မှန်ပါ)။

ခန္ဓာဖြစ်ကြောင်းဆိုတာလဲ တခြားမမှတ်ပါနဲ့ ဒုက္ခတွေဆက်သွားတာကို ပြပါတယ်....(မှန်ပါ)။

ဘာတွေဆက်သွားတာ ပြသလဲ....(ဒုက္ခတွေ ဆက်သွားတာပြပါတယ်)အဲဒါကို ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါတယ်.... (မှန်ပါဘုရား)။

နောက်တခါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ပြီးရွတ်ပြန်တယ်....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

ငါ ပဋိစ္စသမုပ္ပါဒ် ချုပ်တာကိုလဲ ငါ သိပြီကွာ.... ဆိုတော့ တကာ တကာခတွေ ဘုရားဖြစ်လာတာ ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်းသိလို့ ဘုရားဖြစ်လာတယ်၊ ချုပ်တာကို သိလို့ ဘုရားဖြစ်တယ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ)။

ဒါ့ကြောင့် "ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"လို့....ပါဠိတော်မှာရှိပါတယ်....(မှန်ပါ)။

နောက်ကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ အဖြစ်လဲသိ· ငါ-အချုပ်လဲသိသောကြောင့် ငါ့ဖြင့် အာသင်းရောက်ပေါ့ဆိုပြီး....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ —

လို့ ဆိုပြီးသကာလ ငါသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးမှ လည်မှုမှ ရပ်ပြီးသကာလ ဒုက္ခစက်ဖြင့် ပြတ်ပြီဆိုပြီး ဝမ်းသာတော်မူတယ်....(မှန်ပါ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်လာတာ ဖြစ်မှုသဲသိလို့ တကာ တကာမတွေ ဘုရားဖြစ်လာတယ်လို့ သေသေချာချာမှတ်ပါ — (မှန်ပါ)။

တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ဆိုတာဟာ ဘာတုံး...လို့ မေးလို့ရှိယင် တပည့်တော်တို့ ခန္ဓာဖြစ်စဉ် တန်းတာပါဘုရား လို့မှတ်ပါ — (မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့် — (ခန္ဓာဖြစ်စဉ် တန်းတာ ပါဘုရား)။

ကောင်းပြီ-ပဋိစ္စသမုပ္ပါဒ်ဟာ ခန္ဓာဖြစ်စဉ်တန်းတော့ ဒီခန္ဓာ သည် တကာတကာမတွေ သိတဲ့အတိုင်းတဲ့ ဒုက္ခတွေ ဆက်တန်း သွားတယ် — (မှန်ပါဘုရား) ဒုက္ခတွေ ဆက်တန်းသွားတဲ့အတွက် ဒုက္ခသစ္စာတန်းတာကို ဆိုပါတယ်... (မှန်ပါ)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ကြီး ချုပ်သွားတော့တယ်၊ မရှိတော့ ဘူးဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေက ပြော်- ပဋိစ္စသမုပ္ပါဒ်ချုပ်တာဟာ ဒုက္ခတွေ အကုန်ရပ်စဲပြီး ချုပ်ငြိမ်း ရပ်သိမ်းတာပါကလားလို့ မှတ်ပါ — (မှန်ပါ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်သည် ဒုက္ခဖြစ်စဉ် ( မှန်ပါ ) ပဋိစ္စသမုပ္ပါဒ်ချုပ်စဉ်သည် နိရောဓသစ္စာဆိုတဲ့နိဗ္ဗာန်ဘဲ-(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်က ဒုက္ခဖြစ်စဉ်၊ ပဋိစ္စသမုပ္ပါဒ် ချုပ်တာက နိဗ္ဗာန်....(မှန်ပါ)။

ချုပ်ရာချုပ်ကြောင်း အကျင့်ဆိုတဲ့ဥစ္စာက တကာတကာမတို့ မဝင်ယင် မဖြစ်ပါဘူး....( မှန်ပါ ) ဖြစ်နေတဲ့ဒုက္ခတန်းကြီးကိုမှ မဖြတ်လို့ရှိယင်လဲ ဒုက္ခပြတ်ပါ့မလား....(မပြတ်ပါဘုရား)။

အဲဒါကြောင့် ဒုက္ခဖြတ်တဲ့နည်းကိုလဲ အခု တကာကြီး ဦးမာဒင်က အားလုံးသော တကာတကာမတွေအား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးမှာ သူနဲ့တကွဘဲ အားလုံး လည်နေကြတယ်.... (မှန်လှပါဘုရား)။

အဲဒီ လည်နေကြတဲ့ဖြစ်မှုကြီးကို သူလဲ ပြတ်လိုတဲ့သဘော ရှိတယ်.... ( မှန်ပါ ) အားလုံးသော ဓမ္မမိတ်ဆွေ အပေါင်းတို့ ကိုလဲ ပြတ်စေလိုသော သဘောရှိသောကြောင့် ဒီစာရွက်ကို တအိမ်လျှင် တရွက်ကျပေါ့ဗျာ....(မှန်ပါ) တအိမ်တည်း ၃-၄- ယောက်ရှိနေလို့ရှိယင်လဲ ၃-၄-ယောက်တော့ဖြင့် အလှူမခံကြနဲ့ ပေါ့....(မှန်ပါ)။

တအိမ်မှာ တရွက်ကြည့်ပြီးသကာလ စိုင်းပြီးကြည့်ပြီးသကာလ သြော်....ဒီကနေပြီး ဒီလိုလည်ပါကလား၊ သြော်... ဒီလို ဖြတ်လိုက်ယင်လဲ ရသွားဘဲဆိုပြီး ကိုယ့်ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ် ဉာဏ်တွေသွင်းပြီးသကာလ ဒီစာကြည့်ပြီး ဉာဏ်နဲ့ ခန္ဓာသွင်း လိုက်ပါ....(မှန်ပါ)။

ဉာဏ်နဲ့ခန္ဓာသွင်းပြီးသကာလ သြော်....ခန္ဓာကြီးဟာ ဒီလို လည်နေတယ်၊ ဒီကနေပြီး ဖြတ်လိုက်လို့ရှိယင် မဂ်နဲ့ ဖြတ်လိုက် ယင် အရသွားဘဲဆိုတဲ့ သဘောကို သိပြီးသကာလ ဒီဟာ ဘုရား သည်ကားလို့ဆိုယင် ဘုရားဖြစ်တဲ့ပုံဘဲ....( မှန်ပါ ) သြော်....

ဘုရားဖြစ်တာသည့် ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တာ.... (မှန်ပါ)။

ဒါဖြင့် အခု ဒီတကာကြီး လူ့ဒါန်းတဲ့ပစ္စည်းဟာ ဘုရားဖြစ်လာတဲ့သဘောဘဲဆိုတဲ့ဥစ္စာလဲ ခင်ဗျားတို့ ဘုရားပုံဘဲဆိုတာ သေသေချာချာမှတ်ရမယ်.... (မှန်ပါ) နောင်ကိုလဲ မှန်အောင် သွင်းပြီးသကာလ ထည့်ထားကြပါ၊ ဘုရားအဖြစ်နဲ့လဲ ကိုးကွယ်ပါလို့ဆိုတာ ဘုရားဖြစ်တာဟာ ဗြော်....ဒါပြတ်လို့ ဘုရားဖြစ်တာပါလား ဆိုပြီး သကာလ...တဲ့ ကိုယ်တော်မြတ်ကြီးကို ဒီပြတ်ပုံကနေ ရည်မှန်းပြီးသကာလ ကိုယ်တော်မြတ်ကြီး ဉာဏ်တော်ရောက်အောင်လဲ ခင်ဗျားတို့ ရှိခိုးကြပါ....(မှန်ပါ)။

ပြီးတော့.... အရေးကြီးတယ်ဆိုလို့ရှိယင် နားမလည်လို့ရှိယင် ဖြုတ်ဖြုတ်ပြီးသကာလ သားတွေပြ၊ သမီးတွေပြ၊ ကိုယ်ကိုယ်တိုင် ရှင်းအောင်လုပ်ပြီးသကာလ ဗြော်.... ဘယ်နေရာကနေ ဝိပဿနာ အလုပ်နဲ့ဖြတ်ရမှာပါလိမ့်မတုံးဆိုတာကိုလဲ စာရွက်ကြီး ကြည့်လိုက်လို့ရှိယင်လဲ ပေါ်လာလိမ့်မယ်....(မှန်ပါ)။

ပြီးတော့ – ဘုန်းကြီးကလဲ ဒီစာရွက်ကို တကာတကာမတွေ နေ့တိုင်းလိုလိုဘဲ ကြည့်ရှုပြီးတော့ ရှိတဲ့ပုဂ္ဂိုလ်လဲ ဆောင်ပြီး လာခဲ့ကြတာပေါ့ – (မှန်ပါ) ဒါ....မလည်မခြင်း ဒီဥစ္စာကြီးကို တကာတကာမတို့ အလုပ်နဲ့တကွ ဖြတ်ပြနေမှာဘဲ.... (မှန်ပါ ဘုရား)။

အဲဒါကြောင့် တကာကြီးကလဲ သူလဲ ဒုက္ခဝဋ်ကျွတ်ချင်လို့ (မှန်လှပါ) အားလုံးသော မိတ်ဆွေသင်္ဂဟတွေကိုလဲ ဒုက္ခဝဋ်မှ

ကျွတ်စေချင်တဲ့ ဆန္ဒရှိသောကြောင့် တအိမ် တရွက်ကျ ဖြင့်လဲ မရ,မရှိစေချင်ဘူး....(မှန်ပါ) ပိုနေလို့ ရှိယင်လဲ မကောင်းဘူး.... (မှန်ပါ)။

အဲဒါကြောင့် ဘုရားလုပ်ပြီးသကာလ ကိုးကွယ်ရမှာဖြစ်ပြီး သကာလ နေတယ်....၊ ကိုယ်ကိုယ်တိုင်လဲ သံသရာ ခရီးကြီးကို ဒါကြည့်ပြီးသကာလ ဖြတ်လမ်းထွင်ရမှာ ဖြစ်လေသောကြောင့် တဲ့ တကာတကာမတွေသည် ဒီတကာကြီးအား သူလဲ ဝဋ်ကျွတ် ပါစေသတည်း... မိမိတို့လဲ အလှူခံပုဂ္ဂိုလ်တွေလဲ ဝဋ်ကျွတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ရပါလို၏....ဆိုပြီး ဒုက္ခဝဋ်မှ ကျွတ်တာ ရည်မှန်ပြီး တကာကြီးဦးမာဒင်ကလဲ လှူပါ....(မှန်ပါ)။

အားလုံးသော တကာတကာမတွေကလဲ ဒုက္ခဝဋ်မှ ကျွတ်ပါ စေဆိုတဲ့ မေတ္တာလည်းပို့ပြီး ကိုယ်လဲ ကျွတ်ပါရစေ... အလှူပေး ပုဂ္ဂိုလ်လဲ ကျွတ်ပါစေဆိုတဲ့စိတ်ထားနဲ့ တကာ တကာမတွေ တအိမ်လျှင် တရွက်ကျ အလှူခံကြပါဆိုတာ ဘုန်းကြီးက ဒီက နေပြီးသကာလ ပြောပါတယ်....(မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တခုဘဲ တရားဟောဘာ တကာတကာမတွေ ဝေပါ....(မှန်ပါ) နည်းနည်းဘော့ စောပါသေးတယ်။

တရားနာလာကြတဲ့ တကာ တကာမတွေ ဒီစာရွက်ကိုလဲ ကြည့်နိုင်တယ်၊ ဆရာဘုန်းကြီးပြတဲ့ ပုံသဏ္ဍာန်ကိုလဲ ကြည့်နိုင် ပါတယ်...(မှန်ပါ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ တဏှာတဏှာမတွေ၏ အစ၊ ဘုန်းကြီးတို့၏အစကို ရှာမတွေ့ဘူး....တဲ့....(မှန်ပါ) တဏှာ တဏှာမတို့ သံသရာ ဘယ်လောက်ရှည်တယ်ဆိုတာ သိကြပါပြီ (မှန်လှပါဘုရား)။

တဏှာတဏှာမတွေ၏အစ မင်းဟာ လူ ဟိုဘက်ဘဝက ဘာ ဖြစ်ခဲ့တယ်,ညာဖြစ်ခဲ့တယ်နဲ့ နောက်ဆုတ် တွေးသွားလို့ ရှိယင်ဖြင့် တွေးလို့ကို မဆုံးနိုင်ဘူးတဲ့ တဏှာတဏှာမတို့....(မှန်ပါ) ခန္ဓာ အစဉ် သေခဲ့ရတာ ဘယ်လောက်များတယ်ဆိုတာ သိကြပါပြီ.... (မှန်ပါ)။

ဟာ—မင်း-ဒီဘဝရောက်လာတယ်၊ ဒီဘဝက နောက်ဆုတ်, နောက်ဆုတ် သေတဲ့ဘဝတွေပါ ဘုရားဖြစ်တဲ့နေ့ကတွေး ပရိ နိဗ္ဗာန်စံသည်တိုင်အောင်တွေး တယောက်တည်း၏ကိုစွဟာ မကုန် တော့ပါဘူး....(မှန်လှပါဘုရား)။

တဏှာတဏှာမတို့ ဒါဖြင့် ခန္ဓာအသေပေါင်းဖြင့် ထပ်နေပြီ ဆိုတဲ့ဥစ္စာ ထင်ရှားပါတယ်....(ထင်ရှားပါတယ်ဘုရား)။

အဲဒီ အသေပေါင်း ထပ်နေတဲ့ဥစ္စာသည် ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် တဏှာတဏှာမတွေ ခါတိုင်း ဟော နေကျအတိုင်း အဝိဇ္ဇာတဏှာကြောင့်ဘဲလို့ မှတ်လိုက်စမ်းပါ.... ( မှန်ပါ ) အဝိဇ္ဇာတဏှာကြောင့် အသေထပ်နေရတယ်ဆိုတာ သဘောကျလောက်ပါပြီ....(ကျပါပြီဘုရား)။

ဒါ့ကြောင့် တဏှာတဏှာမတို့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက " အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိ

နပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနနာနံ သန္ဓာဝတံ သံသရတံ”လို့ သံယုတ်ပါဠိတော်မှာလဲ ဟောတော်မူတယ်....(မှန်ပါ)။

ဘိက္ခဝေ=ငါ၏ချစ်သား တပည့်များတို့၊ အယံသံသာရော=မင်းတို့ခန္ဓာအစဉ်ကြီးသည်၊ အနမတဂ္ဂေါ=မသိအပ်သော အစရှိ၏၊ တကာတကာမတွေ၏ ခန္ဓာအစ ရှာမတွေ့ဘူးတဲ့··(မှန်ပါ) ခန္ဓာအစ ရှာမတွေ့တာသည် ဘယ့်နှယ်ကြောင့် မတွေ့ပါလိမ့် မတိုးဆိုလို့ရှိသင် များလွန်းလို့....(မှန်ပါ)။

တကာတကာမတွေ များတယ် ဆိုကတည်းကိုက မျက်ရည် မကျရတဲ့ဘဝ ရှိပါ့မလား ...( မရှိပါဘုရား ) မသေရတဲ့ဘဝ.... (မရှိပါဘုရား)။

အဲဒါသောက်တောင် ရှည်ခဲ့ပါတယ်တဲ့၊ အစကိုရှာမတွေ့ဘူး တဲ့...(မှန်ပါ)။

ပုဗ္ဗကောဋိ=ရှေ့အစွန်းသည်(ဝါ)အစသည်၊ နပညာယတိ= သဗ္ဗညုတဉာဏ်နဲ့ တွေးငြားသော်လဲ မထင်ဘူးဟော့တဲ့... (မှန်ပါ ဘုရား) တကာတကာမတို့ ဘယ်လောက်အသေများခဲ့တယ် ဆို တာဖြင့် ပြောဘို့ရာ လိုသေးသလား—(မလိုပါဘုရား)။

အဲဒါကို ဒီအသေတွေကိုသာ ငါလျှောက်ပြီး သကာလ မင်းသည် ဘယ်ဘဝ ဘယ်လိုဖြစ်ပြီး ဘယ်လိုသေခဲ့တယ်၊ နောက် ဆုတ်-နောက်ဆုတ်နဲ့ တွေးလို့ရှိယင် ဘုရားဖြစ်တဲ့နေ့က ဟော· ဦးလှဘူး တယောက်၏ဖြစ်စဉ်ဟာ ဘုရားပရိနိဗ္ဗာန်စံသည် တိုင်

အောင်ဟောလဲ မပြီးသေးဘူးတဲ့....(မှန်ပါ) ဘယ်လောက် ရှည်တယ်ဆိုတာတော့ တကာတကာမတွေ ပြောဘို့လိုသေးသလား (မလိုပါဘုရား)။

အဲဒီတော့ ခန္ဓာတွေလျှောက်ဖြတ်နေလို့ရှိယင် အတော်ဘဲ မရနိုင်တဲ့ အခြေအနေရောက်နေသောကြောင့် တကာတကာမတို့ ခန္ဓာလုပ်တဲ့လက်သည်ကို ဖြတ်ကြစို့တော့...( မှန်ပါ )။

ဘာဖြတ်ကြမယ် — (ခန္ဓာလုပ်တဲ့ လက်သည် ဖြတ်ရပါမယ် ဘုရား)။

ခန္ဓာလုပ်တဲ့လက်သည် ဖြတ်ကြပါစို့ဆိုတဲ့ဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခန္ဓာတော့ အစရှာမတွေ့ဘူးကွာ၊ ခန္ဓာ့ လက်သည်တော့ တွေ့တယ်ဟောတဲ့....(မှန်ပါ)။

ခန္ဓာဆိုတော့....(အစရှာမတွေ့ပါဘုရား) ခန္ဓာ၏လက်သည် တော့....(တွေ့ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ လက်သည်၏ မူလဘူတကို တကာကြွယ် တွေ့လိုက်မယ်ဆိုလို့ရှိယင်ဖြင့် ကျုပ်တို့ ခင်ဗျားတို့ သည် အိုဇာတ်သိမ်း၊ နာဇာတ်သိမ်း၊ သေဇာတ်သိမ်းပေါ့ဗျာ- (မှန်ပါ) မသိမ်းပါနဲ့ဆိုလို့ ရသေးရဲ့လား .... (မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာ၏အစ အဝိဇ္ဇာတဏှာက လို့မှတ်လိုက်– (မှန်ပါဘုရား)။

အဲဒါ အလယ်မှာပါတယ် တကာတကာမတွေ စာရွက် အလယ်မှာပါတယ်—(မှန်ပါ) အလယ်မှာပါပါတယ်တဲ့၊ ဩြဘ်-

သတ္တဝါအစ အဝိဇ္ဇာတဏှာကလို့သာ မှတ်လိုက်—( မှန်ပါ ) ရှင်းကြပြီ....(ရှင်းပါပြီဘုရား)။

သတ္တဝါအစ....(အဝိဇ္ဇာတဏှာကပါ) အဝိဇ္ဇာတဏှာကလို့ တကာတကာမတွေ သေသေချာချာမှတ်ပါ .... (မှန်ပါဘုရား)။

ကဲ.... ဒါဖြင့် အဝိဇ္ဇာတဏှာက ဘာတွေလုပ်ပါလိမ့်မတုံး ဆိုတော့ တကာတကာမတွေစဉ်းစားကြည့်ပါတဲ့ ဒီမှာ ဒီဘက်က အဝိဇ္ဇာ၊ ဒီဘက်က တဏှာထားပါနော် ..( မှန်ပါ ) အဝိဇ္ဇာ ဆိုတာက တကာတကာမတို့ သစ္စာလေးပါး မသိတာ အဝိဇ္ဇာ လို့မှတ်လိုက်စမ်းပါ .. (မှန်ပါ)။

အဝိဇ္ဇာဆိုတာ ဘာပါလိမ့် .... (သစ္စာလေးပါး မသိတာပါ ဘုရား)။

တဏှာဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတော့ ရောက်ရာ ခင်တာ တဏှာ .. (မှန်ပါဘုရား)။

သစ္စာလေးပါး မသိတာက....(အဝိဇ္ဇာပါဘုရား)ရောက်ရာမှာ ခင်တာက....(တဏှာပါဘုရား)။

ဪ.. ဒါဖြင့် မသိလို့ဖြစ်လာပြန်၊ ဖြစ်တဲ့နေရာမှာ ရောက် ရာမှာ ကိုယ့်ခန္ဓာခင်၊ ကိုယ့်သားသမီး ခင်ပြီးသကာလ နေပြန် တော့ တဏှာပစ္စယာ ဥပါဒါန်နဲ့ ဆက်သွားပြန်တော့လဲ ဆုံး နိုင်ပါ့မလား....(မဆုံးနိုင်ပါဘုရား)။

ဒါဖြင့် တကာတကာမတွေ၏ ဒုက္ခရောက်မြစ်နှစ်ခုဟာ ဖြင့် အဲဒီ ပဋိစ္စသမုပ္ပါဒ်အလယ်မှာဖြင့် အဝိဇ္ဇာနဲ့ တဏှာဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

တကာ့တကာမတို့ အဝိုင်းကြီး ဒီအထဲမှာ ပါပါတယ် .... (မှန်ပါ) အဲဒီ ဝိုင်းပြီးသကာလ အတိတ်နဲ့စပ်လိုက်၊ ပစ္စုပ္ပန်နဲ့ တကာ့တကာမတို့ သိတဲ့အတိုင်းတဲ့ အနာဂတ် အကြောင်းနဲ့ ဆက်လိုက်.... ( မှန်ပါ ) တော်တော်ကြာ အနာဂတ်အကျိုးနဲ့ ဆက်လိုက်ဆိုတော့ ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်အကျိုးဖြစ်၍ အတိတ် အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်လာတယ်.... ( မှန်ပါ ) ပစ္စုန်အကျိုးထဲကမှ အနာဂတ်အကြောင်းတွေ ပေါက်ပွားလာ တယ်....(မှန်ပါဘုရား)။

အနာဂတ်အကြောင်းတွေ ပေါက်ပွားပြီးတော့မှ အနာဂတ် အကျိုးခန္ဓာတွေ ရောက်လာတယ်....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာ ဂတ်နဲ့ လှည့်နေလိုက်တာ တကာ့တကာမတို့ အဆုံးပါသေးရဲ့ လား....(မပါ·ပါဘုရား)ဒီလိုဘဲ လှည့်နေမယ်ဆိုလို့ရှိယင် တကာ့ တကာမတို့ အဝိုင်းပြေးသက်သက်ဟာတဲ့ အဝိဇ္ဇာနဲ့ တဏှာ၏ လက်ချက်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါဘုရား)။

အဝိုင်းပြေးနေရတာ ဘာ့ပါလိမ့် ... (အဝိဇ္ဇာနဲ့ တဏှာ၏ လက်ချက်ပါဘုရား)။

အဲဒီထဲမှာ ပါပါတယ် တကာ့တကာမတို့ အဝိဇ္ဇာရယ်၊ သင်္ခါရရယ်၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ဥစ္စာသည် အဲဒါအတိတ် အကြောင်း....(မှန်ပါဘုရား)။

အတိတ်က တကာတကာမတို့ မသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သင်္ခါရကုသိုလ်တွေ အကုသိုလ်တွေလုပ်ပါတယ် (မှန်ပါ့) သဘောကျပလား....(ကျပါတယ်ဘုရား)။

အဲဒီထဲမှာလဲ တဏှာ, ဥပါဒါန်, ကံတွေကလဲ တဏှာကလဲ ရောက်ရာခင်မင်လိုက်ပြန်ပြီ... ( မှန်ပါ့ ) ခင်ပြီးစွဲလမ်းပြန်တော့ ကံတွေအားထုတ်ပြန်တယ်....(မှန်ပါ့ဘုရား)။

အဲဒီ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကံဆိုတဲ့ဥစ္စာအတိတ် အကြောင်းငါးပါးလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့ဘုရား)။

အဲဒီ အတိတ်အကြောင်းဆိုတာ နောက်ဘဝက အကြောင်း- (မှန်ပါ့)တကာတကာမတို့ အဝိုင်းကြီးမှာ ကြည့်လိုက်ယင် ပေါ် ပါတယ်... (မှန်ပါ့)ဒီအတိုင်း မှတ်ပြီးနာနေပါနော် .... (မှန်ပါ့ ဘုရား)။

အဲဒီအတိတ်အကြောင်းဖြစ်တဲ့ ငါးပါးမူတည်လိုက်ပြီဆိုမှဖြင့် ဒီဘဝမှာ ခင်ဗျားတို့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ဒီဘဝ ဘာတွေပေါ်လာပါလိမ့် .... (ခန္ဓာငါးပါးပေါ်လာ ပါတယ်)ခန္ဓာငါးပါးဆိုတာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ....(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးဆိုတာ ဘာပါလိမ့်.. (ဝိညာဏ်,နာမ်ရုပ်, သဠာ ယတန, ဖဿ,ဝေဒနာပါ)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီး ပေါ်လာတယ်... (မှန်ပါ့)။

ဒီဒုက္ခသစ္စာဟာ အလိုလိုပေါ်တာလားလို့ မေးတဲ့အခါကျ တော့မှ အတိတ်ဘတပည့်တော်တို့မသိမှုအဝိဇ္ဇာ,ရမ်းပြီးပြုပြင်တဲ့ သင်္ခါရ ( မှန်ပါ ) ရောက်ရာမှာ ခင်နေတဲ့ တဏှာ,ဥပါဒါန် ကံတို့ကြောင့်....(မှန်ပါဘုရား)။

ဒါဖြင့် အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုး ခန္ဓာငါးပါးဆိုတဲ့ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ ပေါ်လာပါတယ်....(ပေါ်လာပါတယ်)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒီ ရ,ထားတဲ့ ခန္ဓာကြီးကိုလဲ တခါ ဒုက္ခသစ္စာလို့မသိပြန် ဘူး....(မသိပါဘုရား)။

ရ,ထားတဲ့ ခန္ဓာကြီးကိုလဲ... (ဒုက္ခသစ္စာလို့ မသိပါဘုရား) မသိပြန်တော့ အဝိဇ္ဇာသင်္ခါရအလုပ်·လုပ်ပြန်တာဘဲ.... (လုပ်ပါ တယ်ဘုရား)ရောက်ရာခင်တဲ့ တဏှာ,ဥပါဒါန်,ကံတော မလာ ပေဘူးလား...(လာပါတယ်ဘုရား)။

အဲဒါတွေသည်ကား—လို့ ဆိုယင် အနာဂတ် အကြောင်း အတွက်ပစ္စုပ္ပန်ခန္ဓာကြီးက ပေါက်ပွားလာတယ်(မှန်ပါ)ပစ္စုပ္ပန် ခန္ဓာကြီးက အနာဂတ်အကြောင်းတွေ ပေါက်ပွားလာတယ် .... (မှန်ပါ)သဘောကျပလား...(ကျပါပြီဘုရား)။

ပစ္စုပ္ပန်ခန္ဓာကြီးက ဘာတွေပေါက်ပွားလာသတုံး(အနာဂတ် အကြောင်းတွေ ပေါက်ပွားလာပါတယ်ဘုရား)။

အနာဂတ်အကြောင်းတွေ ပေါက်ပွားလာပြန်တော့ တကာ ဘကာမတို့ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံတွေကြောင့်

အနာဂတ်အကျိုးဖြစ်တဲ့ ကျုပ်တို့ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးကြီး ပေါ်လာတယ်....(မှန်ပါ ဘုရား)။

ကိုင်း... တကာတကာမတို့ စဉ်းစားကြည့်စမ်း အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးငါးပါး မဖြစ်ဘူးလား.... (ဖြစ် ပါတယ်ဘုရား)။

အတိတ်အကြောင်းငါးပါးကြောင့်-(ပစ္စုပ္ပန်အကျိုးငါးပါး ဖြစ်ပါတယ်ဘုရား)။

ပစ္စုပ္ပန်အကျိုးငါးပါးထဲကမှ တကာတကာမတွေ ပစ္စုပ္ပန် ခန္ဓာကြီးမသိမှု အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရတွေ မလုပ် ပေဘူးလား...(လုပ်ပါတယ်ဘုရား)။

ဟာ ... ဒါဖြင့် ပစ္စုပ္ပန်အကျိုးထဲက တကာတကာမတွေ အနာဂတ်အကြောင်းငါးပါး ပေါက်ပွားလာတယ်... (မှန်ပါ) အနာဂတ် အကြောင်းငါးပါး ပေါက်ပွား လာပြန်တော့ အနာဂတ်အကျိုးဖြစ်တဲ့ ခန္ဓာငါးပါး ဝိညာဏ် နာမ်ရုပ် သဠာ ယတန ဖဿ ဝေဒနာပေါ်-မပေါ်.... (ပေါ်ပါတယ်ဘုရား)။

တကာတကာမတို့ ဒီလိုလုပ်ကြပေတော့ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါးပေါ်တယ် .... (မှန်ပါ) ပစ္စုပ္ပန်အကျိုးငါးပါးထဲကမှ တကာတကာမတွေသိတဲ့အတိုင်း တဲ့ အနာဂတ်အကြောင်းငါးပါးပေါ်တယ်... (မှန်ပါဘုရား)။

အနာဂတ်အကြောင်းငါးပါးကိုလုပ်လိုက်ပြန်တော့အနာဂတ် အကျိုးငါးပါးက ပေါ်လာတယ်....(ပေါ်ပါတယ်) ခန္ဓာသည် တကာတကာမတို့ လည့်မနေဘူးလား(လည့်နေပါတယ်ဘုရား)။

အဲဒီတော့ကို သေသေချာချာ စာကိုလဲအိမ်ကျတော့ကြည့်၊ ဒီက တရားလဲ နားလည်အောင် နာဆိုတော့ အတိတ်အကြောင်း ငါးပါးသည် သမုဒယသစ္စာ-(မှန်ပါ) ပစ္စုပ္ပန်ခန္ဓာကြီးက ဒုက္ခသစ္စာ....(မှန်ပါ)။

ဒီအထဲက ပေါက်ဖွားလာတဲ့ အနာဂတ်အကြောင်းငါးပါးကလဲ အနာဂတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာ....(မှန်ပါ)။

အဲဒီ သမုဒယသစ္စာကြောင့် အနာဂတ်ခန္ဓာငါးပါး မပေါ်ပေဘူးလား....(ပေါ်ပါတယ်)ဒါက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီကိုကြည့် အတိတ်သမုဒယကြောင့် ပစ္စုပ္ပန်ဒုက္ခသစ္စာဖြစ်ပါတယ်... (မှန်ပါ)ပစ္စုပ္ပန် ဒီခန္ဓာငါးပါး ဒုက္ခသစ္စာထဲက ဒုက္ခကို မသိတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်,ကံတည်းဟူသော အနာဂတ်အကြောင်းတွေ ပေါ်မလာဘူးလား...(ပေါ်လာပါတယ်ဘုရား)။

အဲဒီ အနာဂတ်အကြောင်းကြောင့် အနာဂတ်အကျိုးဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားကြီး ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အင်း... ဒါဖြင့် တကာတကာမတို့ လှည့်ပြေးနေတယ်ဆိုတာ ပေါ်ပသလား....(ပေါ်လာပါပြီဘုရား)။

စဉ်းစားပါဦး... အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုး ပေါ်ပါတယ်(မှန်ပါ)ပစ္စုပ္ပန်အကျိုးကြောင့် ပစ္စုပ္ပန်အကြောင်း ကော...(ပေါ်ပါတယ်ဘုရား)ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်အကျိုးကော....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အကြောင်းဟူသ၍ သမုဒယသစ္စာ (မှန်ပါ့) အကျိုးဟူသ၍....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တသံသရာလုံးမှာ တကာတကာမတို့မှာ အကြောင်း သမုဒယနဲ့ အကျိုးဒုက္ခသာ လှည့်နေတယ်ဆိုတာ ဒီအဝိုင်းကြီး က ပြပါတယ်....(မှန်ပါ့)။

တသံသရာလုံး အကြောင်းသမုဒယနဲ့ ... (အကျိုးဒုက္ခသာ လှည့်နေပါတယ်)ဘယ်မှာ မဂ်ပါသေးရဲ့လား၊ နိရောဓသစ္စာ ပါ သေးရဲ့လား...(မပါ-ပါဘုရား) သဘောကျပလား....(ကျပါပြီ ဘုရား)။

အတိတ်အကြောင်းတွေကြောင့် ပစ္စုပ္ပန်အကျိုးခန္ဓာငါးပါး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီ ပစ္စုပ္ပန်ခန္ဓာကြီးကိုမသိမှုကြောင့် အနာဂတ်အကြောင်း ငါးခု ပေါ်မလာဘူးလား....( ပေါ်လာပါတယ် ) အနာဂတ် အကြောင်းငါးခု ပေါ်လာသောကြောင့် အနာဂတ်အကျိုး ခန္ဓာငါးပါးကြီးကော...(ပေါ်လာပါတယ်ဘုရား)။

အဲဒီ အနာဂတ်အကျိုးခန္ဓာငါးပါးကြီး မသိပြန်တော့ ခုနင် က အတိတ်အကြောင်း ပြန်ဖြစ်သွားတယ်-(ဖြစ်ပါတယ်) မလှည့် ပေဘူးလား. (လှည့်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ တသံသရာလုံး နေခဲ့တာ အဝိုင်း ပြေး ... (အဝိုင်းပြေးပါဘုရား) ရှင်းကြပလား .... (ရှင်းပါပြီ ဘုရား)။

တသံသရာလုံး နေခဲ့တာ ဘာပါလိမ့်...( အဝိုင်းပြေးပါ ) ဘယ်သစ္စာနဲ့ ဘယ်သစ္စာ လှည့်နေပါလိမ့် .... (သမုဒယနဲ့ ဒုက္ခ

သစ္စာလှည့်နေပါတယ်)သမုဒယသစ္စာနဲ့ဒုက္ခသစ္စာ လှည့်နေတယ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သမုဒယမချုပ်သ၍ ဒုက္ခမသိမ်း ဘူး....(မသိမ်းပါ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကိုင်း.. ဒါဖြင့် သေသေချာချာဘဲ ခင်ဗျားတို့ကို လှည့်ပြပါ ဦးမယ်နော်....(မှန်ပါ့)သေသေချာချာ တကာကြွယ်တို့ စဉ်းစား ကြည့် လှည့်ပြမယ်နော်....(မှန်ပါ)။

ပြီးတော့ကို တကာတကာမတို့ အခု လှည့်တာကို နားလည် လို့ရှိယင်ဖြင့် ဟော.... ဇီကနေထွက်သွားတာ တကာတကာမတို့ ဒါ နိဗ္ဗာန်ဘဲဆိုတာလဲ ဘုန်းကြီး အစ အဆုံး ဟောပါလိမ့်မယ်. (မှန်ပါ)။

ဒါ့ကြောင့် ကိုယ်အရုပ်ဆိုးတာ သိပြီးမှ ကိုယ်ပြင်ချင်တဲ့စိတ် ပေါ်ပါလိမ့်မယ်. (မှန်ပါ့ဘုရား) အရုပ်ဆိုးတာမှ မသိသေးတဲ့ ပုဂ္ဂိုလ် ပြင်ချင်တဲ့စိတ် ပေါ်ပါ့မလား.. (မပေါ်ပါဘုရား)။

ဒါ့ကြောင့် ရှေးဦးစွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ပဋိစ္စသမုပ္ပါဒ်အကြောင်းကို အယင် ဟောလိုက်တယ်....(မှန်ပါ့ ဘုရား)။

နောက်မှ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်းကို အရုပ်ဆိုးတာ ပြင် ဘို့ ဟောလိုက်တယ်....(မှန်ပါ) အဲဒါ့ကြောင့် သေသေချာချာ ကြည့်ပါလို့ တကာတကာမတွေ ပြောရတယ်နော်.... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ အခု အဝိုင်းကြီးဟာ ဘီးကြီးလို့ မှတ်တဲ့ (မှန်ပါ့)လှည်းဘီးကြီးလို့ မှတ်ထားစမ်းပါ...(မှန်ပါ့)လှည်းဘီး

ကြီးမှာ တကာတကာမတို့ အလယ်မှာ ပုံတောင်း (ပဒေါင်း) ဆိုတာလဲ ရှိတယ်....(ရှိပါတယ်ဘုရား)။

ပုံတောင်းအထက်နားက ဒေါက်တွေဆော မရှိဘူးလား.... (ရှိပါတယ်ဘုရား)ဒေါက်တွေကို ပတ်ထားတဲ့ အကွပ်ကြီးကော· (ရှိပါတယ်ဘုရား)။

ဩော်...ဒါဖြင့် လှည်းဘီးကြီးမှာ အလယ်က ဘာပါလိမ့်- (ပုံတောင်းပါဘုရား) ပုံတောင်းပေါ်က ဘာတွေရှိပါလိမ့်.... (ဒေါက်တွေ ရှိပါတယ်)ဒေါက်တွေအပေါ်က ဘာတွေ အုပ် ချုပ်နေသလဲ....(အကွပ်ပါဘုရား)။

သေသေချာချာမှတ်ထားပါ လှည်းဘီးကြီးကို လူတိုင်း မြင် ဘူးပါတယ်.... (မြင်ဘူးပါတယ်) လူတိုင်း မြင်ဘူးတယ်ဆိုတာ သေချာပါပြီ....(သေချာပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေက ဩော်.... ငါတို့ ဘယ်လိုလည်တယ်ဆိုတာ သိရအောင် တကာတကာမတို့ ဟောဒီ အဝိဇ္ဇာနဲ့ တဏှာက အလယ်က ပုံတောင်းကြီးလို့ မှတ် လိုက်ပါ....(မှန်ပါ)။

လှည်းဘီးမှာ အလယ်က ဘာတုံး—( ပုံတောင်းကြီးပါ ) အဝိဇ္ဇာ တဏှာက ဘာပါလိမ့်....(ပုံတောင်းပါ) ပုံတောင်းကြီး အလယ်မှာ ဝင်ရိုးပေါက်လဲ ပါနေတယ်နော်—(မှန်ပါ)။

တကာတကာမတို့ ဝဋ်ကို တောင့်တပြီး လူတဲ့အလူ·(မှန်ပါ) သားရေး,သမီးရေး,စီးပွားရေးကြောင့် လုပ်နေရတဲ့ အကုသိုလ်-

(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ရုပ်ဘုံ့,အရူပဘုံရောက်ချင်တဲ့ ကုသိုလ်....( မှန်ပါ့ ) အဲဒီ ကုသိုလ်,အကုသိုလ်တွေက တကာတကာမတွေ ဒေါက်တွေဘဲ...(မှန်ပါ့)။

တကာတကာမတွေ ကုသိုလ်,အကုသိုလ်တွေက ဘာပါလိမ့်-(ဒေါက်တွေပါဘုရား)။

ဒါ...ပညာဘိသင်္ခါရကလဲ ဒေါက်ဘဲ....(မှန်ပါ့) သားရေး, သမီးရေး,စီးပွားရေးကြောင့် မလွှဲသာလို့ လုပ်နေရတဲ့အကုသိုလ်တွေကလဲ အကုသိုလ်ဒေါက်ဘဲ...(မှန်ပါ့) သဘောကျပလား... (ကျမါပြီဘုရား)။

ရုပ်ဘုံရောက်ချင်တာကလဲ တကာ တကာမတို့ ဒုက္ခသစ္စာမသိလို့ ရောက်ချင်တာဘဲ...( မှန်ပါ့ ) ဒါကလဲ ဒေါက်ဘဲ.... (ဒေါက်ပါဘဲဘုရား)။

အရူပဘုံရောက်ချင်တဲ့ စေတနာနဲ့ လုပ်တဲ့ ကုသိုလ်တွေကလဲ ဒေါက်တွေဘဲ.... (ဒေါက်တွေပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အလယ်မှာ အဝိဇ္ဇာ,တဏှာက ဘာနဲ့ တူပါလိမ့်-(ပုံခတောင်းနဲ့ တူပါတယ်) ပုံတောင်းနဲ့ တူတယ်....( မှန်ပါ့ ) သဘောကျပြီနော်....(ကျပါပြီဘုရား)။

ဒီဘက်က တကာတကာမတို့ ဝဋ်တောင့်တပြီးလုပ်တဲ့ လူဖြစ်ချင်,နတ်ဖြစ်ချင်တဲ့ကုသိုလ်တွေသည်ကားလို့ ဆိုယင်ဖြင့်ပုံတောင်းပေါ် စိုက်တဲ့ဒေါက်ပါဘဲ.... (မှန်ပါ့)ဝဋ်ကုသိုလ်တွေ ဟောလိုက်ပါတယ်... (မှန်ပါ့)။

လူ့ပြည်ဖြစ်ရပါလို၏၊ နတ်ပြည် ဖြစ်ရပါလို၏ ဆိုတာတွေ သည် တဏှာတကာမတို့ စာလိုသုံးတော့ ပညာဘိသင်္ခါရ... (မှန်ပါ)။

သေသေချာချာ စက်ဝိုင်းလုပ်တော့မယ်ဆိုတော့ ပုံတောင်း ပေါ်မှာ ထောက်တဲ့ ဒေါက်ပါဘဲ...( မှန်ပါ ) သဘောကျပြီ နော်... ( မှန်ပါ ) အိမ်ကျလို့ရှိယင်လဲ ကြည့်တတ်အောင်လို့ ဒီမှာ တခါတည်း သင်ပေးလိုက်ပါတယ်...(မှန်ပါ)။

သားရေး၊သမီးရေး၊စီးပွားရေးကြောင့်တဲ့ လုပ်တဲ့ပုဂ္ဂိုလ်တွေ တော မရှိဘူးလား.... ( ရှိပါတယ်ဘုရား ) အဲဒါတွေကလဲ အကုသိုလ်ဒေါက်တွေဘဲ... (မှန်ပါ) အပုညာဘိသင်္ခါရ ဆိုတာ သူဘဲ....(မှန်ပါ) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ကောင်းပြီ...တခါ ရူပဘုံ၊အရူပဘုံမှာ ခင်ဗျားတို့ အမေမှား အဖေမှားနဲ့တွေလို့ ရူပဘုံ ဖြစ်ချင်ပါတယ် ဆိုတော့လဲ ရူပ ကုသိုလ်တွေလုပ်လိမ့်မယ်...(မှန်ပါ)သမထ၊အလုပ်တွေ လုပ်မယ် ( မှန်ပါ ) အဲဒါတွေလဲ တကာတကာမတွေ ဒေါက်တွေဘဲ.... (မှန်ပါ)။

တခါ အရူပဘုံဆိုတဲ့ဥစ္စာလဲ နာမ်တရားချည့် ဒုက္ခသစ္စာ ကြီးကိုလဲ အို... နာမ်ချည့်ဖြစ်နေယင် ကောင်းတယ်၊ ရုပ်ရှိ ယင် မကောင်းဘူးဆိုပြီး နာမ် တောင့်တပြီးလုပ်တာနဲ့ ဒီမှာ ဒေါက်တွေကော မပေါ်လာဘူးလား.... ( ပေါ်လာပါတယ် ) အရူပဘုံ ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်လဲ ဒေါက်တွေဘဲ... (မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ အခု အလယ်မှာ ပုံတောင်းကြီးက အဝိဇ္ဇာနဲ့ တဏှာ... (မှန်ပါ) ပုညာဘိသင်္ခါရ ဝဋ္ဋတောင့်တပြီး လုပ်တာကလဲ ဒေါက်...(မှန်ပါ) အကုသိုလ်တွေ လုပ်တာလဲ....(ဒေါက်ပါဘုရား)။

ရုပ်ဘုံရောက်ချင်လို့ လုပ်တဲ့ကုသိုလ်တွေကော.... (ဒေါက်ပါဘုရား) အရူပဘုံရောက်ချင်လို့ လုပ်တဲ့ ကုသိုလ်တွေကော.... (ဒေါက်ပါဘုရား) ဒေါက်ဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒီလှည်းဘီးကြီး တဏှာတဏှာမတို့ မြဲအောင် ဘာနဲ့ အုပ်ချုပ်ကြမတုံးလို့ မေးတဲ့အခါကျတော့ အကွပ်နဲ့ အုပ်ချုပ်ရမယ်.... (မှန်ပါ)။

ဒါဖြင့် တဏှာတဏှာမတွေ ဗီမှာ လျှောက်ပြီး ဆက်လိုက်တာကြီးဟာ အကွပ်ကြီးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဒီအကွပ်ကြီးသည်ကား... လို့ ဆိုယင် တဏှာ တဏှာမတွေ ဒေါက်တွေကို အုပ်ချုပ်ထားတယ်.... ( အုပ်ချုပ်ထားပါတယ် ) ဒေါက်တွေ ထွက်မပြေးအောင်...(မှန်ပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒီအကွပ်ကြီးဟာ ဘာတုံးလို့ မေးတဲ့အခါကျတော့ ဇရာမရဏ အကွပ်....(မှန်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဇရာ့မရဏ အကွပ်ဆိုတော့ ဒီပုညာဘိသင်္ခါရ

လူ့ပြည်,နတ်ပြည် ရောက်ကြောင်း လုပ်ပြန်လဲ ဇရာ, မရဏမှာ လမ်းဆုံးတယ်.... (မှန်ပါ့ဘုရား) သားရေး,သမီးရေး,မီးပွားရေး လုပ်ပြန်တော့ကော...(ဇရာ,မရဏ လမ်းဆုံးပါတယ်ဘုရား)။

ရူပဘုံရောက်ကြောင်း လုပ်ပြန်တော့လဲ ဘယ်မှာ လမ်းဆုံးသလဲ...(ဇရာ,မရဏ လမ်းဆုံးပါတယ်ဘုရား)။

အရူပဘုံရောက်ကြောင်းတွေ လုပ်ပြန်တော့ကော.... (ဇရာ, မရဏလမ်းဆုံးပါတယ်ဘုရား)။

ဒါ့ကြောင့် ဇရာ,မရဏ ပြင်ဘက်မထွက်နိုင်လို့ ဇရာ,မရဏ သည် အကွပ်ကြီးနဲ့တူဘယ်....(မှန်ပါ့)။

အဝိဇ္ဇာနဲ့ တဏှာက ဘာပါလိမ့်...(ပုံတောင်းပါဘုရား)။

ဒီဘက်က ဝဋ်တောင့်တလုပ်တဲ့ ကုသိုလ်တွေ.... (ဒေါက်တွေပါဘုရား) ဒီက သားရေ,သမီးရေး,စီးပွားရေးကြောင့်လုပ်ရတဲ့ အကုသိုလ်တွေ...(ဒေါက်တွေပါဘုရား)။

ဒီဘက်က ရူပဘုံရောက်ချင်တဲ့ကုသိုလ်တွေ.... (ဒေါက်တွေပါဘုရား) ဒီဘက်က အရူပဘုံရောက်ချင်တဲ့ ကုသိုလ်တွေ.... (ဒေါက်တွေပါဘုရား)။

ရောက်သွားတော့ တကာ တကာမတွေ လူ့ဘုံရောက်လဲ ဇရာ,မရဏဆိုတဲ့ အိုမှု,သေမှု လွတ်ပါရဲ့လား.... ( မလွတ်ပါ ) အပါယ်ဘုံရောက်ပြန်ကော.... ( မလွတ်ပါဘုရား ) နတ်ပြည် ရောက်ပြန်ကော.... (မလွတ်ပါဘုရား) ရူပဗြဟ္မာ့ပြည်ရောက်ပြန်

ကော...(မလွတ်ပါဘုရား) အရှုပဖြုတ်မှုပြည့်ရောက်ပြန်ကော...(မလွတ်ပါဘုရား)။

ကိုင်း....တကာတကာမတို့ ဒါ... အဝိုင်းကြီးပေါ်လာပြီ...(ပေါ်လာပါပြီဘုရား) မပေါ်လာသေးဘူးလား... (ပေါ်လာပါပြီဘုရား)။

ကိုင်း...ဒါနဲ့ ပြန်မေးပါတယ် တကာတကာမတို့၊ အလယ်က ဘယ်သူပါလိမ့်ဗျာ.... (အဝိဇ္ဇာနဲ့ တဏှာပါဘုရား) အဝိဇ္ဇာနဲ့ တဏှာ....(မှန်ပါ) လောကီ ဥပမာအလိုတော့ ပုံတောင်းကြီး...(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ပုံတောင်းပေါ်မှာ ဒေါက် ဘယ်နှစ်မျိုး စိုက်ထားသတုံး....(လေးမျိုးစိုက်ထားပါတယ်ဘုရား)။ *

ဒေါက်လေးမျိုးကို ဘယ်သူက အုပ်ချုပ်ထားပါလိမ့်မတုံး....( ဇရာ,မရဏက အုပ်ချုပ်ထားပါတယ်ဘုရား ) ဇရာ, မရဏ အကွပ်ကြီးက အုပ်ချုပ်ထားတယ်.... ( မှန်ပါ ) ရိပ်မိကြပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ၏ ခန္ဓာကိုယ်မှာ ဝင်ရိုးလည့်နေလိမ့်မယ်...(မှန်ပါ) ဝဋ္ဋတောင့်တလုပ်တဲ့ကုသိုလ်ကလဲ အိုဘေး, သေဘေးမှာ ဆုံးတာဘဲ....(မှန်ပါ)။

ဝဋ္ဋတောင့်တလုပ်တဲ့ကုသိုလ်ကလဲ.... (အိုဘေး, သေဘေးမှာ

---

* ပုညာဘိသင်္ခါရကို ကာမနှင့် ရူပခွဲပြီး ယူထားသဖြင့် ဒေါက်လေးမျိုးဖြစ်နေသည်။

ဆုံးပါတယ်ဘုရား) အိုဘေး သေဘေးမှာ ဆုံးပါတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

သခင်ရေး, သမီးရေး, စီးပွားရေးနဲ့ နေတဲ့ပုဂ္ဂိုလ်ကော.... (အိုဘေး သေဘေးမှာ ဆုံးပါတယ်ဘုရား) ရှင်းပြီနော်— (ရှင်းပါပြီဘုရား)။

ရူပဘုံရောက်ကြောင်း လုပ်တဲ့ပုဂ္ဂိုလ်ကော— (အိုဘေး, နာဘေး သေဘေးမှာ ဆုံးပါတယ်ဘုရား)။

မှားပြီးတော့ သမထတွေလုပ်ပြန်လို့ အရူပဘုံရောက်သွားပြန်တော့ ဘယ်လမ်းဆုံးသလဲ....(အိုဘေး နာဘေး သေဘေးမှာ လမ်းဆုံးပါတယ်ဘုရား)။

ဒါကြောင့် ဇရာ-မရဏဆိုတဲ့ အိုဘေး သေဘေးဟာ တကာ တကာမတို့ ခင်ဗျားတို့ လုပ်ချင်တဲ့ကုသိုလ်လုပ် ငါ-အခွန်ဆက်တာဘဲ၊ ငါ့ပြင်ဘက် မင်းတို့မထွက်နိုင်ဘူးတဲ့...(မှန်ပါ) ဇရာ-မရဏက အကုန်ချုပ်ထားတယ်—(မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ချုပ်ထားပါလိမ့်— (ဇရာ-မရဏ ချုပ်ထားပါတယ်ဘုရား)။

ဒါဖြင့် ဒါ ခင်ဗျားတို့ကုသိုလ်လုပ်တဲ့ ခန္ဓာကိုယ်ပေါ့ဗျာ.... (မှန်ပါ)ဒါက အကုသိုလ်လုပ်တဲ့ ခန္ဓာကိုယ်—(မှန်ပါ) ဒါက ရူပဘုံလုပ်တဲ့ ခန္ဓာကိုယ်— (မှန်ပါ) ဒါက အရူပဘုံလုပ်တဲ့ ခန္ဓာကိုယ်....(မှန်ပါ) ဒီခန္ဓာကိုယ်တွေ ဘယ်မှာလမ်းဆုံးသလဲ—

(ဇရာမရဏမှာ လမ်းဆုံးပါတယ်ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

အဲဒါကို အဝိုင်းကြီးထဲမှာ ဒီအတိုင်းပါပါတယ်....(မှန်ပါ) တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဩော်-ငါတို့သည်ကားလို့ ဆိုယင်ဝဋ်တောင့်တလုပ်တဲ့ကုသိုလ် လဲ အိုဘေး သေဘေးရတာဘဲ....(မှန်ပါ) သားရေး၊ သမီးရေး အားထုတ်နေတာလဲ....(အိုဘေး နာဘေး၊ သေဘေးရတာပါဘဲ) မှားပြီးသကာလ ရုပ်ဘုံကြိုက်ပြီးလုပ်တဲ့ ကုသိုလ်တွေကော — (အိုဘေး သေဘေးရတာပါဘဲဘုရား)မှားပြီးသကာလ အရူပဘုံ ရောက်တဲ့ ကုသိုလ်တွေလုပ်ပြန်တော့ကော.... (အိုဘေး သေဘေး ရတာပါဘဲဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ အိုဘေး၊ သေဘေး မလွတ်သ၍ စာလပတ်လုံး မအိုရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို ဘယ်တော့ မျှားမှ ရောက်နိုင်ပါမလဲ....( မရောက်နိုင်ပါဘုရား )မရောက်နိုင် ဘူးဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ကောင်းပြီတဲ့ ဒီအထဲမှာ ပုံတောင်းထဲမှာ တကာသစ်တို့ တကာကြွယ်တို့၊ ဦးမာဒင်တို့ ဝင်ရိုးတပ်ပေးမယ်(မှန်ပါ)ဟိုထဲမှာ ဝင်ရိုးမပါဘူး....(မှန်ပါ)။

ဝင်ရိုးမပါနိုင်ဘူးတဲ့၊ စာကရိုက်ရာတာက မြှားတွေပြရ၊ အမျိုးမျိုးအဖုံဖုံတွေ နားလည်အောင်တွေ လုပ်ရတာနဲ့ ဝင်ရိုး မတပ်နိုင်ဘူး....(မှန်ပါ)တရားနာတဲ့ အထဲမှာဘဲမှတ်ကြပါတော့ (မှန်ပါဘုရား)။

ဒီအထဲမှာ " အာကာသမုဒယာ အဝိဇ္ဇာသမုဒယော" ဆို သောကြောင့် ခင်ဗျားတို့ကို မနေ့က ဟောခဲ့တဲ့ အာကာသတွေက ဝင်ရိုးကြီး မှတ်ပါ....(မှန်ပါ့ဘုရား)။

ဒီဝင်ရိုးကြီးတပ်လှည့်လိုက်လို့ ရှိယင် တကာ့ဘကာတို့ ဒီဘီး ကြီးဟာ အောက်ရောက်လိုက် အထက်ရောက်လိုက် မနေဘူးလား (နေပါတယ်ဘုရား)။

အောက်ရောက်လဲ အိုပွဲ့သေပွဲ့....(မှန်ပါ့) အထက်ရောက်လဲ (အိုပွဲ့သေပွဲပါဘုရား)ဘေးရောက်တော့ကော.... (အိုပွဲ့သေပွဲပါ ဘုရား)။

ဪ....အာကာသကလှည့်လိုက်တာ ပုံတောင်းကြီးထဲ ဝင်ရိုး တပ်ပြီးလှည့်လိုက်တာ တကာတကာမတို့ အထက်ရောက်လဲ အိုပွဲ သေပွဲဘဲ....(မှန်ပါ့) ဘေးရောက်လဲ.... (အိုပွဲ-သေပွဲပါ) အောက် ရောက်ပြန်လဲရောက်ပြန်သဲ.... (အိုပွဲ-သေပွဲပါ) တောင်ဘက်ဘေး ရောက်လဲ....( အိုပွဲ-သေပွဲပါ ) မြောက်ဘက်ဘေး ရောက်လဲ.... (အိုပွဲ-သေပွဲပါ) အဲဒီလို တသံသရာလုံးနေခဲ့ပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတို့ တသံသရာလုံးဟာ ဘယ်ပွဲချည့် နွှံခဲ့ရပါ လိမ့်....(အိုပွဲ-သေပွဲချည့် နွှံခဲ့ရပါတယ်ဘုရား)။

အိုပွဲ-သေပွဲချည့် နွှံခဲ့ရဘာယ်၊ ခင်ဗျားတို့လုပ်သ၍ ကုသိုလ် ဒီမှာလမ်းဆုံးဘာယ်....(မှန်ပါ့) ဝဋ္ဋတောင့်တလုပ်တဲ့ ကုသိုလ်.... (ဒီမှာလမ်းဆုံးပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက ဒါနပယ်တာမဟုတ်ဘူး၊ ငွေကုသိုလ်မလုပ်နဲ့၊ ဝိဝဋ္ဋကုသိုလ်လုပ်လို့.... (မှန်ပါ့) နိဗ္ဗာန်ရောက်ချင်လို့လှူပါတယ် တန်းပါတယ် ခန္ဓာကိုယ်ကြီး ရှုံမုန်းလို့လှူပါတယ် တန်းပါတယ်ဆိုယင်ဖြင့် ခန္ဓာကိုယ်ပေါင်ပြီးလုပ်ပါ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့ ဒါဖြင့် တကာတကာမတို့ ဝင်ရိုးတပ်လှည့်လိုက်တော့ ဒီဒေါက်ကြီးတွေဟာ တကာတကာမတို့ အောက်ရောက် အထက်ရောက် မရောက်ပေဘူးလား .... (ရောက်ပါတယ်ဘုရား) အောက်ရောက်လဲ ဇရာ မရဏပြင်ဘက် ထွက်နိုင်ရဲ့လား .... (မထွက်နိုင်ပါ) အထက်ရောက်ပြန်တော့....(ဇရာ့မရဏပြင်ဘက် မထွက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီဟာတွေ တကာတကာမတို့ ဒီဝင်ရိုးယင်လဲ ကျိုးပါမှ...(မှန်ပါ့) ပုံတောင်းယင်လဲ ပြုတ်ပါမှ .... (မှန်ပါ့ဘုရား) နို့မဟုတ်ယင် တကာတကာမတွေ ဒီဘီးကြီးဟာ အောက်ရောက်လိုက်, အထက်ရောက်လိုက်, ဘေးရောက်လိုက်နဲ့ ခင်ဗျားတို့ ဘယ်ရောက်လို့ အန္တရာယ်ကင်းသတုံးမေးယင် သယ့်နှယ်ဖြေကြမလဲ...( ဘယ်ရောက်လို့မှမကင်းပါဘုရား ) ဘယ်ရောက်လို့မှ အန္တရာယ်မကင်းဘူးဆိုတာ သေချာပလား .... (သေချာပါပြီဘုရား)။

အဲ....အဲဒီဘီးကြီးက ဘာတွေကို ခင်ဗျားတို့ကိုလှိမ့်ပြီးဆွဲငင်သွားပါလိမ့်မတုံး ဆိုတော့ ခန္ဓာငါးပါးတွေကို ဆွဲပြီးတော့

အောက်ပို့လိုက် အထက်ပို့လိုက်နဲ့.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အောက်ပို့လဲ အိုဘေး သေဘေးထဲ ပို့လိုက်တာဘဲ(မှန်ပါ) အထက်ပို့ပြန်ကော.... (အိုဘေး သေဘေးထဲ ပို့ပါတယ်ဘုရား) ဘေးနှစ်ချက်ပို့လိုက်ပြန်ကော .... (အိုဘေး သေဘေးထဲပို့တာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဘီးကြီးကို ကျုပ်တို့ တသံသရာလုံးကဖြင့် ဒီအတိုင်းနေခဲ့တာ အမှန်ပါဘဲ....(မှန်ပါဘုရား)။

ဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီဘီးကြီးဘယ်လိုလုပ်ရပါမတုံး ဒီအဝိုင်းကြီး ဘယ်လိုလုပ်လုပ်ရပါမတုံးလို့ ဆိုတဲ့ အခိပ္ပါယ်ဟာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

အဲ — ဒါဖြင့် ပုံတောင်းပျက်မှသာလျှင် တကာတကာမတို့ ဝင်ရိုးကျိုး-ပုံတောင်းပျက်မှသာလျှင် ဒေါက်တွေပလချသွားပြီး အိုဘေး သေဘေး ဆိုတဲ့ အကွပ်ကြီးဟာ ပြုတ်ကျသွားမယ် .... (မှန်ပါဘုရား)။

ဒါဖြင့် ဝင်ရိုးယင်လဲ ကျိုးပါမှ — (မှန်ပါ) ပုံတောင်းယင်လဲ (အကျိုးပါမှဘုရား)ဒီနှစ်ခုဟာ လိုရင်းဘဲ .... (မှန်ပါ) ဒါဖြင့် ဒီနှစ်ခုကို ဘုန်းကြီးတို့က ချိုးပေးရလိမ့်မယ်.... (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ပုံတောင်းကိုပြောကြပါစို့ ဆိုတော့ ပုံတောင်းက အဝိဇ္ဇာနဲ့တဏှာ....(မှန်ပါ) ဝင်ရိုးက အာသဝ — (မှန်ပါ) အာသဝဝင်ရိုးနဲ့ အဝိဇ္ဇာတဏှာ ပုံတောင်းကြီးလှည့်

လိုက်တာ တကာတကာမတို့ အောက်ရောက်သေလိုက်- အထက်ရောက်သေလိုက်....(မှန်ပါဘုရား)။

အပေါ်ရောက်ကော...(သေပါတယ်) ဘာပွဲချည့်နဲ့ရပါလိမ့် (အိုပွဲ,သေပွဲချည့်နဲ့ရပါ်တယ်ဘုရား)။

သိကြားလိမ်မာရှိတဲ့ဘဝမှာ ကုသိုလ်ကလေး လုပ်လိုက်ပြန်တော့လဲ ဒီ ထက်ချမ်းသာတဲ့ လူ့ပြည် နတ်ပြည်ရောက်ကြောင်းလုပ်လိုက်ပြန်တော့လဲ အိုဘေး,သေဘေးနဲ့ သွားတွေ့တယ် —(မှန်ပါ)။

မိဘရိုးရာအတိုင်း သားရေး,သမီးရေး, စီးပွားရေးနဲ့လုပ်ပေးနေပြန်တော့လဲ အိုဘေး,သေဘေးလာတယ်....( မှန်ပါဘုရား )။

ဟာ.... ဆရာမှားတွေကြောင့် ရှုပပြဟ္မာဖြစ်ကြောင်း လုပ်လိုက်မယ်ဆိုတော့လဲ ဘာတွေ့ပြန်သတုံး — (အိုဘေး, သေဘေးတွေ့ပါတယ်ဘုရား)။

ဟာ...အရူပပြဟ္မာ ဖြစ်ကြောင်း နတ် ဖြစ်ကြောင်း လုပ်လိုက်မယ်ဆိုပြန်တော့ကော—(အိုဘေး,သေဘေးနဲ့ တွေ့ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ကျုပ်တို့ တသံသရာလုံးမှာ ပြဟ္မာလဲဖြစ်ခဲ့ပါပြီ ...(မှန်ပါ)နတ်တွေလဲ....(ဖြစ်ခဲ့ပါပြီဘုရား)။

အပါယ်ကောင်ကြီးတွေတော့....(ဖြစ်ခဲ့ပါပြီ) ဘယ်သူလှည့်လိုက်ပါလိမ့်ဗျာ....(ဝင်ရိုးကလှည့်ပါတယ်ဘုရား)။

အာသဝထည့်ပါဦး၊ သေသေချာချာမှတ်ပါ၊ အာသဝဝင်ရိုးက တပ်လှည့်လိုက်တယ်....(မှန်ပါ)။

တကာတကာမတို့ ဘယ်သူက လှည့်သလဲ… (အာသဝဝင်ရိုးက တပ်လှည့်ပါတယ်ဘုရား)။

အာသဝဝင်ရိုးက တပ်လှည့်တော့ ပုံတောင်းကြီးက တကာသစ်ရေ လည်ရတာဘဲ….(မှန်ပါ့)ဦးမာဒင်—သဘောကျပလား-(ကျပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ စုန်ချည့်ဆန်ချည်လား၊အဝိုင်းကြီးလှည့်ပြီး အိုဘေး့သေဘေးတွေနဲ့ ပြေးနေရတာလား…(အဝိုင်းကြီးလှည့်ပြီး အိုဘေး့သေဘေးတွေနဲ့ ပြေးနေရတာပါ) စုန်ချည့်ဆန်ချည်တောင် မဟုတ်ဘူး သူ့ဟာက….(မှန်ပါ့)။

အဝိုင်းပြေးပြီးသကာလ အိုဘေး့ သေဘေးတွေနဲ့ နေရတယ်…(မှန်ပါ့)ရှင်းပလား…(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ ဒီစက်ဝိုင်းကြီးသည် ကျုပ်တို့၏ သံဝေဂရဘို့ပါဘဲ….(မှန်ပါ့ဘုရား)ရှင်းပလား…(ရှင်းပါပြီဘုရား)။

ဒီစက်ဝိုင်းကြီးထဲ ကြည့်လိုက်တော့လဲ တကာသစ်ရေ သမုဒယသစ္စာနဲ့ ဘာတုံး…(ဒုက္ခသစ္စာပါဘဲ)ဒါဘဲ ပါတယ်(မှန်ပါ့ဘုရား) မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ မပါနိုင်ဘူး…. (မှန်လှပါဘုရား)။

ဘယ်ပါနိုင်လိမ့်မလဲ….မဂ္ဂသစ္စာက ဝင်ရိုးချိုးရမှာ…(မှန်ပါ့) သဘောကျပလား….(ကျပါပြီဘုရား)။

မဂ္ဂသစ္စာက….(ဝင်ရိုးချိုးရမှာပါဘုရား) ဝင်ရိုးချိုးရမှာ ဖြစ်

လေတော့ ခင်ဗျားတို့က ဝင်ရိုးချိုးနည်း နိဿယည်းကို ရမှ-မရဘဲ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သေသေချာချာ ဒီတရားကိုဖြင့် ဒို့ ဘယ်ကနေ ဖြတ်ပြီး ဘယ်က နေလုပ်မှ တော်မယ်ဆိုတဲ့ဥစ္စာကိုဖြင့် အခု ဘုန်းကြီး နောက်ဆုံးပိတ် တောင်းပန်တဲ့ ဥစ္စာက ငွေကို တောင့်တလုပ်တဲ့ ကုသိုလ်ကို မလုပ်ပါနဲ့....(မှန်ပါ)။

ဘာတဲ့တုံး....( ဝဋ္ဋတောင့်တလုပ်တဲ့ ကုသိုလ် မလုပ်ရပါ ) လူ့ပြည်,နတ်ပြည်,ဗြဟ္မာ့ပြည်ရောက်ရိုလောက် ကုသိုလ်ကို မလုပ်ပါနဲ့....(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

လူ့ပြည်,နတ်ပြည်,ဗြဟ္မာ့ပြည်ရောက်တဲ့ကုသိုလ်(မလုပ်ပါနဲ့) ဘာဖြစ်လို့တုံးဆိုတော့ လူ့ပြည်, နတ်ပြည်ရောက်တဲ့ ကုသိုလ်သည် ဟောဒီမှာ တကာတကာမတို့ အိုဘေး,သေဘေးမှာ လမ်းဆုံးတယ်....(မှန်ပါ)။

ခင်ဗျားတို့ ပြုတဲ့ ဒါနသည် အိုချင်-သေချင်လို့ လုပ်တာလား၊ အအို အသေလွတ်အောင်လို့ လုပ်တာလား .... (အအို-အသေလွတ်အောင်လို့ လုပ်တာပါဘုရား)။

သို့သော်....ခင်ဗျားတို့ ဒီ အဝိဇ္ဇာ တဏှာဆိုတဲ့ လည်တတ်တဲ့ လမ်းကြီးက ခြယ်လယ်ပြီး နေတဲ့အတွက် မချုပ်တဲ့ အတွက်ပေါ့ဗျာ....(မှန်ပါ)။

ခင်ဗျားတို့ ပြုလုပ်တဲ့ ကုသိုလ်ဟာ အဝိဇ္ဇာ တဏှာ၏ လက်အောက်သွားဖြစ်တယ်....(ဖြစ်ပါတယ်) အဝိဇ္ဇာ တဏှာ လက်

အောက် သွားဖြစ်တော့ အိုဘေး-သေဘေးဘဲ ရတယ်....(မှန်ပါ ဘုရား)။

ကြည့် အလယ်ပုံတောင်းကြီး လက်အောက်မှာ ဒီဒေါက်က စိုက်မနေရဘူးလား....( စိုက်ရပါတယ် ) ဒီအကွပ်မှာ လမ်းမဆုံး ဘူးလား....(ဆုံးပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာ တဏှာလက်အောက်မှာ သူတို့ စီမံသလို ပြုတဲ့ ကုသိုလ်သည် အိုဘေး, သေဘေးမှာ လမ်းဆုံးတယ်.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဝိဇ္ဇာ တဏှာလက်အောက်မှာရှိတဲ့ သားရေး-သမီးရေး-စီး ပွားရေးလုပ်တဲ့ အကုသိုလ်သည် ဘယ်လမ်းဆုံးသလဲ....(အိုဘေး- သေဘေးမှာ လမ်းဆုံးပါတယ်ဘုရား)။

ဆရာမှားနဲ့ တွေ့လို့ ရှုပဗြဟ္မာ့ပြည်ရောက်အောင် လုပ်တဲ့ ကုသိုလ်သည်ကားလို့ ဆိုယင်လဲ ဒီ ပုံတောင်းပေါ်မှာ လာစိုက် ရတဲ့အတွက် ဘယ်မှာ လမ်းဆုံးသလဲ.... (အိုဘေး-သေဘေးမှာ လမ်းဆုံးပါတယ်ဘုရား)။

ဆရာမှားနဲ့ တွေ့တာနဲ့ အရူပဗြဟ္မာ့ပြည် နတ်ချည့် ဖြစ်ချင် တဲ့ ဗြဟ္မာ့ပြည်ရောက်ကြောင်းလုပ်လိုက်တဲ့ ယောဂီဟာလဲ တကာ တကာမတို့ ဘယ်မှာလမ်းဆုံးသလဲ....(အိုဘေး,သေဘေးမှာလမ်း ဆုံးပါတယ်ဘုရား)။

အဝိဇ္ဇာပေါ်မှာ ဒေါက်လာစိုက်တယ်....( မှန်ပါ ) အဝိဇ္ဇာ တဏှာပေါ်မှာ ဒေါက်က လာပြီး စိုက်နေတယ်....( မှန်ပါ ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ အကပ်ပြင်ဘက် သွားနိုင်သေးရဲ့လား....(မသွားနိုင်ပါဘုရား) အကပ်ပြင်ဘက် မသွားနိုင်ကတည်းက အကပ်သည် အိုဘေး-သေဘေးဘဲ...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့သည် တသံသရာလုံး လုပ်ခဲ့သ၍ သေပွဲ နွှဲဘို့ချည့် လုပ်ခဲ့ရတယ်....(မှန်ပါ) သဘောကျပလား.... ( ကျပါပြီ ) ဆင်းရဲပွဲနဲ့ သေပွဲချည့် လုပ်ခဲ့ရတယ်....(မှန်ပါဘုရား)။

တသံသရာလုံး ဘယ်အတွက် လုပ်ခဲ့ရသလဲ .... (သေပွဲချည့် လုပ်ခဲ့ရပါတယ်ဘုရား)ဒါဖြင့် ခဲလေသမျှ သဲရေကျဘဲ - (မှန်ပါဘုရား)။

တကာကြွယ်....ဘယ့်နှယ်ဖြစ်ကုန်သတုံး....(ခဲလေသမျှ သဲရေကျ ဖြစ်ကုန်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ ဒိပုံတောင်းကြီးကိုလဲ တကာတကာမတွေက မဖျက်ဆီးနိုင်တော့ ဝင်ရိုးက ထင်သလို လှည့်တယ်....(မှန်ပါ)။

လှည့်လိုက်တဲ့အခါကျတော့ အိုပွဲ့သေပွဲ၊ တခါတလေ နတ်ပြည်မှာ သေပွဲ၊ တခါတလေ အပါယ်လေးပါးမှာ သေပွဲ....(မှန်လှပါဘုရား) အာသဝက လှည့်လိုက်တာ....(လှည့်လိုက်ပါတယ်ဘုရား)။

တခါတလေကျတော့ ရူပဘုံသွားပြီး မသာကြီး မဖြစ်ရဘူး

လား....(ဖြစ်ရပါတယ်)တခါတလေ အရှုပဘုံသွားပြီး....(မသာ ကြီး ဖြစ်ရပါတယ်ဘုရား)။

တခါတလေ နတ်ပြည်သွားပြီး....(မသာကြီး ဖြစ်ရပါတယ်) တခါတလေ အပါယ်လေးပါးသွားပြီး— (မသာကြီး ဖြစ်ရပါ တယ်ဘုရား)။

အင်း...ဘယ်သူ လှည့်လိုက်ပါလိမ့်ဗျာ....(အာသဝလှည့်လိုက် တာပါဘုရား) အာသဝဝင်ရိုးက ပုံတောင်း လှည့်လိုက်တယ်— (မှန်ပါဘုရား) ပုံတောင်း လှည့်လိုက်တော့ အတည်နေနိုင်သေး ရဲ့လား...(မနေနိုင်ပါဘုရား)။

ဪ... တကာတကာမတို့ ဘယ်လိုများ ကျုပ်တို့ နောက် တုန်းက နေခဲ့ရပါလိမ့်မတုံးဆိုတော့ အောက်ရောက်, အထက် ရောက်နဲ့ သေပွဲချည့်ဘဲဘုရား....(မှန်ပါ) ရှင်းပလား ...(ရှင်းပါ ပြီဘုရား)။

ဘယ်လိုများ နေခဲ့ထိုင်ခဲ့ရပါလိမ့်·(အောက်ရောက်, အထက် ရောက်နဲ့ သေပွဲချည့်ပါဘုရား)။

တပည့်တော်တို့ အသေနဲ့သာ နေခဲ့ရပါတယ်ဘုရား၊ အသေ လွတ်ဖြင့် မတွေ့ခဲ့ပါဘူး...(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်....( အသေနဲ့သာနေခဲ့ရပါတယ်၊ အသေ လွတ် မတွေ့ခဲ့ရပါဘုရား)။

ပြုလိုက်တဲ့ကုသိုလ်တွေလဲ နည်းတာတွေမဟုတ်ဘူး...(မနည်း ပါဘုရား) အဝိဇ္ဇာလက်အောက်မှာ လုပ်တဲ့ကုသိုလ် ဖြစ်သေ

သေခကြောင့်လဲ တကာ တကာမတို့ အိုပွဲ့သေပွဲဘဲ ရတယ်.... (ရပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာ့တဏှာ မချုပ်သ၍ကာခလပတ်လုံး ဒီဒေါက်တွေနဲ့တုတ် ကုသိုလ့် အကုသိုလ်တွေဟာ တကာ တကာမတို့ ဘယ်လွင့်သွားပါ့မလဲ....(မလွင့်ပါဘုရား) ဘယ်လွင့်မလဲ ဟောဒီ အကွပ်က ချုပ်ထားတယ်....(မှန်ပါဘုရား) မင်းတို့ပြုတဲ့ကုသိုလ် မင်းတို့ ဟောဒီ အသေကျအောင်တော့ ငါသည် ရှက်ဆောင်ရဦးတော့မှာဘဲဆိုပြီး အကွပ်ကချုပ်ထားတယ်....(မှန်ပါ)သဘော ပါကြပလား....(ပါ·ပါပြီဘုရား)။

ဒါဖြင့်.... ဘုန်းကြီးတို့ တကာတကာမတွေ ဖြစ်စဉ်ကဖြင့် တကာကြွယ့်ရေ....ကိုယ်ကျိုးနည်းပြီ.... ( နည်းပါတယ်ဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာ တကာမတွေ ကိုယ်ကျိုးနည်းတာ သိကြပလား.... ( သိပါပြီဘုရား ) အဲဒီ့အဝိုင်းကြီးကို ကြပ်ကြပ်ကြည့်ပါ.... (မှန်ပါဘုရား) အဝိုင်းကြီးကို ကြည့်လိုက်လို့ရှိယင် အလယ်မှာ အဝိဇ္ဇာ့တဏှာ တွေ့လိမ့်မယ်.... (တွေ့ပါတယ်ဘုရား) သဘော ကျပြီ... (ကျပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ဒီလိုဘဲ ‌ေအာက်သေ လိုက့် အထက်သေလိုက် ဟုတ်လား....(မှန်လှပါဘုရား)။

ကျုပ်တို့သည် သေတာတောင် နေရာမရွေးနိုင်ဘူး... (မှန်ပါ) တနေရာထဲ သေပါရစေလို့ တကာကြွယ် ဆုတောင်းလို့ ရရဲ့

လား....(မရပါဘုရား) အာသဝဝင်ရိုးလှည့်ရာမှာ သွားသေတာဘဲ....(မှန်ပါ)။

ဘယ်သွားသေရပါလိမ့်.... (အာသဝဝင်ရိုးလှည့်ရာ သွားသေရပါတယ်ဘုရား) ဩော်— ကြောက်စရာကြီးပါလား— (မှန်ပါဘုရား)။

တကာတကာမတို့ ဘယ်များသွားသေကြသလဲ.... (အာသဝဝင်ရိုးလှည့်ရာ သွားသေရပါတယ်ဘုရား) တခါတလေ တိရစ္ဆာန်ဘုံမှာ မသာဖြစ်ရတယ်....( မှန်ပါ ) ဟ....ဘယ်သူ လှည့်လိုက်ပါလိမ့်....(အာသဝဝင်ရိုးလှည့်လိုက်ပါတယ်ဘုရား)။

တခါတလေ နတ်ပြည်သွားဖြစ်ရတယ်....(မှန်ပါ) ဟ....ဘာဖြစ်တာပါလိမ့်.... (အာသဝဝင်ရိုးလှည့်တာပါဘုရား) အာသဝဝင်ရိုးလှည့်ပြီး တင်လိုက်တာနဲ့ သွားပြီးသေရတယ်.... (မှန်ပါဘုရား)။

တခါတလေ ကျတော့ အရူပဘုံသွားပြီး သေရတယ်.... (မှန်ပါ) ဘယ်သူလှည့်လိုက်ပါလိမ့်....(အာသဝဝင်ရိုးလှည့်လိုက်ပါတယ်ဘုရား)။

တခါတလေကျတော့ ရူပဗြဟ္မာ့ပြည်မှာ ရုပ်ချည်းဖြစ်တဲ့ပြည်များသွားပြီး သေလိုက်ရသေးတယ်....( မှန်ပါ ) ဘယ်သူလှည့်လိုက်ပြန်ပါလိမ့်.... ( အာသဝဝင်ရိုး လှည့်လိုက်ပါတယ်ဘုရား)။

အင်း--လွတ်အောင်ရှိန်းပါတော့လားဆိုတော့ အကွပ်နဲ့တူတဲ့ အိုဘေး-သေဘေးက ချုပ်ထားတယ်ဘုရာ့— (မှန်ပါ) သူတို့ကို

မပြေးနိုင်ဘူး.... (မှန်ပါ) အကွပ်ကြီးက ချုပ်မထားဘူးလား.... (ချုပ်ထားပါတယ်ဘုရား)။

အဝိဇ္ဇာ-တဏှာဆိုတဲ့ ပုံတောင်းကြီးပေါ်လဲ ကျုပ်တို့ပြုထားတဲ့ အကုသိုလ်တွေက ဆက်မနေဘူးလား.... (ဆက်နေပါတယ်ဘုရား)။

အဲဒီ... ကုသိုလ်ပြုတဲ့ ခန္ဓာအလယ်နှစ်ခု- ဒီ အလယ်နှစ်ခု- ဒီအလယ်နှစ်ခုဟာ ကုသိုလ်ခန္ဓာ ကုသိုလ်ပြုတဲ့ခန္ဓာတွေသာ မှတ်လိုက်စမ်း....(မှန်ပါ)။

ဒါဖြင့် ခန္ဓာစက်မလည်လား....(လည်ပါတယ်ဘုရား) ဘာနဲ့လည်သတုံး....လို့ မေးတဲ့အခါကျတော့မှ တဏှာ တဏှာမတို့ အသေလည်တာ ...(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (အသေလည်တာပါဘုရား) အသေလည်တယ်ဆိုတာဖြင့် သေသေချာချာ ရှင်းကြပါတယ်.... (ရှင်းပါတယ်ဘုရား)။

ကဲ... တဏှာတဏှာမတို့ နောက်ထပ် လည်ချင်သေးသလား- (မလည်ချင်ပါဘုရား) ဟုတ်ကဲ့လား.... (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သေသေချာချာ နားထောင်ပါ၊ ဆရာဘုန်းကြီးသည်တဲ့ အင်မတန် အရင်းထားပြီးသကာလ တဏှာတဏှာမတို့ အင်မတန် သနားလို့ ပြောတယ်နော်.... ( မှန်ပါဘုရား) ။

အင်မတန် သနားလို့ ပြောတော့ တဏှာတဏှာမတို့ ဗီဘီးကြီးတော့ဖြင့် မလည်ကြပါနဲ့တော့.... (မှန်ပါ) ဒီဒေါက်တွေ

ကော ဖြစ်ချင်သေးသလား....( မဖြစ်ချင်ပါဘုရား ) ဒီဒေါက်တွေလဲ မလုပ်နဲ့...(မှန်ပါ့)။

အကုသိုလ်လဲ မလုပ်နဲ့....၊ ဝဋ်တောင့်တတဲ့ ကုသိုလ်ကံတွေကော--( မလုပ်ရပါဘုရား ) အရူပဗြဟ္မာ့ပြည်ရောက်ကြောင်း ကုသိုလ်တွေကော....(မလုပ်ရပါဘုရား) ရူပဗြဟ္မာ့ပြည့် ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်တွေကော....(မလုပ်ရပါဘုရား)။

ဘာဖြစ်လို့ မလုပ်နဲ့လို့ ဆရာဘုန်းကြီး ကန့်ကွက်ပါလိမ့် မတုံးဆိုတော့ အိုဘေး သေဘေးဆိုတဲ့အကွပ် ပြင်ဘက် မထွက်နိုင်ဘူး...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအဝိုင်းကြီးကိုဖြင့် ဝင်ရိုးယင်လဲ ကျိုးပါမှ ပုံတောင်းယင်လဲ ပြုတ်ပါမှ...(မှန်ပါ့)။

ကျုပ်တို့ခင်ဗျားတို့ တခါတည်း လည်တဲ့ဇာတ်ကိုဖြင့် အကုန်ရပ်သွားစေနိုင်မယ်လို့ မှတ်လိုက်ကြစမ်းပါ....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် သစ္စာသိတဲ့ပုဂ္ဂိုလ်များအတွက်မှာတဲ့ " ဗာခေနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တာပရသံ၊ ပဝတ္တိပဋ္ဌပဋ္ဌာနံ"....(မှန်ပါ့) ပဝတ္တိပစ္စုပဋ္ဌာနံ=စက်ယန္တရား ရဟတ်ချားသို့ မနားမရပ် ပတ်ပတ်ယွေယွေ ကျင်လည်စေခြင်းလျှင် ထင်သော အခြင်းအရာရှိ၏ (မှန်ပါ့) ဉာဏ်ထဲမှာ အဲဒီဟာကြီး ကြည့်လိုက်တော့ ဩော်--ငါ့-- ဒီလိုလည်နေတာပါကလား မှတ်လိုက်...(မှန်ပါ့)။

ဒီအဝိုင်းကြီးကြည့်လိုက်တဲ့အခါကျတော့ ဩော်....ဝိညာဏ်

နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာဆိုတာ ခန္ဓာငါးပါးဘဲ... (မှန်ပါ) အဲဒါ မိမိခန္ဓာမှတ်လိုက်....(မှန်ပါ)။

အဝိဇ္ဇာတို့ သင်္ခါရတို့ တဏှာ ဥပါဒါန် ကံတို့ဏလဲ ဪ... မိမိသန္တာန်ထဲမှာရှိတဲ့ မကောင်းတဲ့တရားအကြောင်း ငါးပါးပါ ကလား - (မှန်ပါ)။

ဒီအကြောင်း ငါးပါးကြောင့် အကျိုးခန္ဓာ ငါးပါးကြီး ပေါ်လာတယ်... (မှန်ပါ)။

ဒီအကျိုးခန္ဓာငါးပါးထဲကမှ အကျိုးခန္ဓာ ငါးပါးရယ်လို့ မသိပြန်သောကြောင့် မသိတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရသည် ကျုပ်တို့ လာပြန်တယ်....(မှန်ပါ) ရောက်ရာခင်တဲ့ တဏှာ ဥပါဒါန် ကံက ပေါ်မနေဘူးလား...(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်အကျိုးထဲကနေပြီး အနာဂတ် အကြောင်း တွေဟာ ပေါက်ပွားလာတယ်.... ( ပေါက်ပွားပါတယ်ဘုရား ) အနာဂတ်အကြောင်း ပေါက်ပွားတော့ တကာသစ် အနာဂတ် အကျိုး ငြင်းဆန်လို့ ရပါ့မလား....(မရပါဘုရား)။

ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါးလာ- မလာ.... (လာပါတယ် ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဪ....ဒါဖြင့် တကာတကာမတွေ့ အဲဒီ့ အဝိုင်းကြီးထဲမှာ ဖြင့် သစ္စာ ဘယ်နှစ်ပါးလည်သတုံး....( နှစ်ပါးလည်ပါတယ် ) သစ္စာနှစ်ပါးတည်းလည်တယ်...(မှန်ပါဘုရား) ဒုက္ခသစ္စာနဲ့.... (သမုဒယသစ္စာဘဲ လည်ပါတယ်ဘုရား)။

သမုဒယ,ဒုက္ခ-သမုဒယ,ဒုက္ခ-သမုဒယ,ဒုက္ခ ဒါဘဲ ရှိတယ်…(မှန်ပါ့ဘုရား) တဏှာတဏှာမတို့ သဘောကျပလား….(ကျပါ ပြီဘုရား)။

ကိုင်း…ဒါဖြင့် ဒီအဝိုင်းကြီးကို ကျုပ်တို့သည်တန်းပြီး သဏ္ဍာလ ပြကြပါစို့… ( မှန်ပါ့ ) ဒီအဝိုင်းကြီးကို ဒါက လည်ပုံကို တန်းပြမယ်၊ တဏှာတဏှာမတွေ ပဋိစ္စသမုပ္ပါဒ် တန်းပြဦးမယ် ဦးမယ်နော်….(မှန်ပါ့)။

တဏှာ တဏှာမတို့ အရှည်ကြီး တွေးနေလို့ရှိယင် ဆုံးမှာ မဟုတ်သောကြောင့် ဘုရားဟောတဲ့အတိုင်းဘဲကွာ၊ မင်းပုဂ္ဂိုလ် တွေအဖြစ်နဲ့ မတွေးနဲ့ ဓမ္မအဖြစ်နဲ့ တွေးလိုက်….၊ ဓမ္မအဖြစ်နဲ့ သတ္တဝါအစ အဝိဇ္ဇာ သင်္ခါရကသာတွေးလိုက်…(မှန်ပါ့) ရှင်း ပြီနော်…(ရှင်းပါပြီဘုရား)။

ကဲ….ဒါဖြင့် ကျုပ်တို့သည် ဟောဒါ အတိတ်ဘဝမှတ်လိုက်-(မှန်ပါ့) အတိတ်ဘဝအဝိဇ္ဇာနော်….(မှန်ပါ့ဘုရား)။

တဏှာတဏှာမတို့ ဘဝက ဘာဘာဝတုံး …. (အတိတ်ဘဝပါ ဘုရား)အေး….ကျုပ်တို့ ဟိုဘက်ကသေခဲ့တဲ့ ဘဝကပေါ့ဗျာ …(မှန်ပါ့)ရှင်းပလား… (ရှင်းပါပြီ) အဲဒါဘာဘဝ ဆိုကြမလဲ….(အတိတ်ဘဝပါ) သေပြီးသား ဘဝဟာလေ…(မှန်ပါ့)အတိတ် ဘဝဆိုတာ သေချာပလား…(သေချာပါပြီဘုရား)။

အဲဒီ အတိတ်က ကျုပ်တို့မှာတဲ့ သစ္စာလေးပါး မသိခဲ့တဲ့ အဝိဇ္ဇာရှိခဲ့တယ် …. (မှန်ပါ့) သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာက

ကျုပ်တို့ဝမ်းထဲ ရှိမနေဘူးလား—(ရှိနေပါတယ်) ဘယ်တုန်းက ပါလိမ့်....(အတိတ်ဘဝကပါဘုရား)။

မဖျောက်နဲ့-မဖျောက်နဲ့ အတိတ်ဘဝကိုမဖျောက်နဲ့၊ ဒါနား လည်မှ နေရာကျမယ်—(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ အဲဒီတုန်းက ကျုပ်တို့က အခု တရားနာနေတဲ့ တကာတကာမတွေ ဖြစ်စဉ်ပြောတာနော်.... (မှန်ပါ့ဘုရား)။

အတိတ်ဘဝက ကျုပ်တို့ဘာနဲ့ နေခဲ့သတုံးမေးတော့ သစ္စာ လေးပါးမသိတဲ့ အဝိဇ္ဇာနဲ့နေခဲ့တယ်....( မှန်ပါ့ ) ရှင်းပလား— (ရှင်းပါပြီဘုရား)။

ဘာမသိတဲ့ အဝိဇ္ဇာနဲ့နေခဲ့သလဲ.... (သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာနဲ့နေခဲ့ပါတယ်ဘုရား)။

ဒါနဲ့ဘဲ ကျုပ်တို့သည်ကားလို့ဆိုယင်ဖြင့် ကိုင်း— မသိယင် မသိတဲ့အလုပ်တော့ လုပ်တော့မှာဘဲ....(မှန်ပါ့ဘုရား)။

မသိတော့ ဘာတဲ့.... (မသိတဲ့အလုပ်ကို လုပ်မှာပါ) မသိတဲ့ အလုပ်ကိုလုပ်တော့မှာဘဲဆိုတာ တကာတကာမတွေ မသေချာ ဘူးလား....(သေချာပါတယ်ဘုရား)။

ကဲ... ဒါဖြင့် အခုတရားနာနေတာ လူတွေပါဘဲ.... (မှန်ပါ့) ကဲ... လူ့ပြည်ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်....(မှန်ပါ့)သဘော ကျပလား—(ကျပါပြီ) လူ့ပြည်ဆုတောင်းတဲ့ တကျော(မှန်ပါ့) 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'လုပ်ခဲ့တယ်—(မှန်ပါ့ဘုရား)။

နောက်ဘဝက ဘာတွေလုပ်ခဲ့ပါလိမ့် .... (အဝိဇ္ဇာပစ္စယာ သင်္ခါရလုပ်ခဲ့ပါတယ်)ဘယ်တုန်းကလုပ်ခဲ့သလဲ··(အတိတ်ဘဝက ပါဘုရား)။

ဩော်--တကာတကာမတွေ နောက်တုန်းက သူတော်ကောင်းတွေလား အောက်မေ့တယ်၊ သေကြောင်းကြံတဲ့ တကာတကာမတွေပါလား...(မှန်ပါ) မနာကြပါနဲ့နော် .... (မနာပါဘုရား)မနာကြနဲ့ ခင်ဗျားတို့ဖြစ်စဉ် ဒီအတိုင်း....(မှန်ပါ)။

နောက်ဘဝက လူခဲ့တန်းခဲ့တာ ခင်ဗျားတို့ ဘုန်းကြီး သာခုခေါ်ရမလားအောက်မေ့တယ် ကိုယ့်ကိုယ် ကိုယ်သေကြောင်းကြံခဲ့တာတဲ့....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုပေါ်ကြသတုံး....(ကိုယ့်ကိုယ်- ကိုယ်သေကြောင်းကြံခဲ့ပါတယ်ဘုရား)။

တပည့်တော်တို့သည် သစ္စာလေးပါး မသိတော့ လူ့ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတာက နောက်ဘဝက အဝိဇ္ဇာ... (မှန်ပါဘုရား)။

ဒါဖြင့် နောက်ဘဝက ဒါန သီလတွေပြုလိုက်တာကကုသိုလ် (မှန်ပါ) ပုညာဘိသင်္ခါရ(မှန်ပါ)ဆုတောင်းတာက အပုညာဘိသင်္ခါရတဲ့ဗျာ....(မှန်ပါဘုရား)။

ဒါဖြင့် ဒီနောက်ဘဝက အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရ ပေါ်လာပြီ....(ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် နောက်ဘဝက ခင်ဗျားတို့ဆုတောင်းပြည့်ကြပါစို့ဗျာ...(မှန်ပါ) တကာတကာမတို့ ပြည့်လိမ့်ဦးမယ်ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါဘုရား)။

တောင်းထားတဲ့ဆု ဘာဖြစ်ဦးမယ်ထင်သတုံး ... (ပြည့်ဦးမှာ ပါဘုရား)။

တပည့်တော်ဖြင့် သေများသေချင်ပြီလို့....(မှန်ပါ) မသေ ပါနဲ့ဦး၊ တောင်းထားတဲ့ဆု မပြီးသေးဘူး...(မှန်ပါ) ဒီကြား မှာ ခင်ဗျားတို့ ဒီ့ထက်မျက်ရည်ကြီးငယ်ကျစရာ ရှိသေးတယ်... (မှန်ပါဘုရား)။

အဲဒါ မပြီးသေးဘူး....(မှန်ပါ) သေသွားယင်တောင်မှ မငို လိုက်ရဘဲနေမှာပေါ့....(မှန်ပါ)အဲဒါ ခင်ဗျားတောင်းထားတဲ့ဆု ပြည့်လိမ့်ဦးမယ်....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ အားမလျှော့နဲ့ဦးလို့ ပြောရ တယ်....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ) အတော်ဆိုးနေတာ (ဆိုးပါတယ်ဘုရား)။

ကြည့်လေ ခင်ဗျားတို့ နောက်ဘဝက ဘာမသိတဲ့အဝိဇ္ဇာတုံး (သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာပါ) မသိတော့ ဒါန, သီလတွေ မပြုဘူးလား....(ပြုပါတယ်) ပြုပြီးတော့ လူ့ဘဝရရပါလို၏လို့ ဆုမတောင်းဘူးလား....(ဆုတောင်းပါတယ်ဘုရား)။

အဲ....ဒါန, သီလပြုတာက ကုသိုလ်...(မှန်ပါ) လူ့ဘဝ ဆု တောင်းတာက တဏှာ...(မှန်ပါ) အဲဒီတော့ ပညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရလာဖြစ်တယ်...(မှန်ပါဘုရား)။

ကုသိုလ်နဲ့ အကုသိုလ်လှည့်လုပ်တယ်...(မှန်ပါ)လှည့်လုပ်တဲ့ အခါကျတော့ခင်ဗျားတို့ အတိတ်ဘဝကလဲ အသက်တိုင်းနေလို့

သေတော့ ဟာ...တကာတကာမတို့ ဝိညာဏ်,နာမ်ရုပ်, သဠာယ-တန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးလာရတယ်.... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)ခန္ဓာငါးပါးဟာ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)။

ရော...တကာတကာမတို့ ဘာသစ္စာရသတုံး ...(ဒုက္ခသစ္စာ ရပါတယ်) တကာတကာမတို့ ဝဋ္ဋကုသိုလ်မလုပ်ပါနဲ့ ... (မှန်ပါ့ ဘုရား)။

တပည့်တော်သည် ဤဆွမ်း ဤကွမ်း ဤစာရွက် စာတမ်း တွေကို လှူဒါန်းရတဲ့ ကုသိုလ်အတွက် တပည့်တော်၏ ခန္ဓာဝန် ဒုက္ခသစ္စာဝဋ်ကြီးမှ တပည့်တော် အကျွတ်ကြီး ကျွတ်ရပါလို၏ ဆိုယင်လဲ ဖြစ်ပါတယ်...(မှန်ပါ့)ဒါ ဝိဝဋ္ဋကုသိုလ်ဖြစ်တာပါဘဲ (မှန်ပါ့ဘုရား)။

ဆွမ်းကျွေးလဲ ဒီအတိုင်းပေါ့ဗျာ... (မှန်ပါ့) အလှူပေးလဲ... (ဒီအတိုင်းပါဘုရား)ဒီအတိုင်းဘဲ ခန္ဓာဝန် ဝဋ်ဒုက္ခမှ ကျွတ်ရပါ လို၏ အရှင်ဘုရား...(မှန်ပါ့) ခန္ဓာဝန်က ဒုက္ခသစ္စာ .... (မှန်ပါ့ ဘုရား)။

အဲဒီဒုက္ခဝဋ်မှ တပည့်တော်ဖြင့် အကျွတ်ကြီးကျွတ်ရပါလို၏ လို့ ဆိုလို့ရှိယင်ဖြင့် နောက်ခန္ဓာကြီးဒုက္ခသစ္စာဖြစ်မှာ ကြောက် လွန်းလို့ သစ္စာမြင်လို့လှူပါ၏... (မှန်ပါ့) ရှင်းပလား...(ရှင်း ပါပြီဘုရား)။

ဘာ အလှူပါလိမ့်-(သစ္စာမြင့်တဲ့အလှူပါဘုရား) သစ္စာမြင်တဲ့ အလှူဆိုတော့ ဝိဝဋ္ဋကုသိုလ်ဖြစ်ပါတယ်...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဆွမ်းစာပ်ကြ ဘာကပ်ကြနဲ့ အမျိုးမျိုးပေါ်ဗျာ (မှန်ပါ့) ကိုယ်တတ်အားသ၍ လှူကြတန်းကြတာ ဘုန်းကြီးက တချို့ကျတော့ အလှူမခံဘူး....(မှန်ပါ့ဘုရား)။

တချို့ကျတော့ အလှူမခံတာက သူများကုသိုလ်ဖြစ်မှာ စိုးလို့လားလို့ တကာတကာမတွေက မေးဘို့ကောင်းတယ် .... (မှန်ပါ့) သူများလှူတာဘဲဘုရား အရှင်ဘုရားက အလှူဘဲ ခံလိုက်ပါတော့၊ ဪ... သူတို့မှာ ကုသိုလ်မဖြစ်ရရှာဘူး အရှင်ဘုရားက ပြောလိုက်တော့....(မှန်ပါ့ဘုရား)။

ဟာ .... ကုသိုလ်ဖြစ်တာ ဒီကုသိုလ်က နင်တို့ဒုက္ခဖြစ်မည့် ကုသိုလ်မို့ ငါအလှူမခံချင်ဘူး....(မှန်ပါ့) ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့တုံး....(ဒုက္ခဖြစ်မည့် ကုသိုလ်မို့ အလှူမခံချင်ပါ ဘုရား)။

ဒုက္ခဖြစ်မည့်ကုသိုလ်ဖြင့် သူသည် ဘုန်းကြီးဆီမှာလဲလာလှူ ရသေးတယ်....(မှန်ပါ့) သူဒုက္ခဖြစ်ဘို့ကိုလဲ သူကြိုးစားသေးတယ် ဆိုတော့ ငွေကုန်လူပန်း ဖြစ်နေတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးဆီကျတော့ ကိုင်း....ဆိုင်းလိုက်ပါဦး (မှန်ပါ့) တရားကလေး အားထုတ်လိုက်ပါဦး၊ ဖြစ်ပျက်ကလေး မြင်အောင်လုပ်လိုက်ပါဦး .... (မှန်ပါ့) အဲဒီဖြစ်ပျက်ဟာ ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာကြီးကိုကျွတ်ချင်တဲ့အချိန်ကျတော့ လာဟော့ ခန္ဓာကိုယ်ပေါင်ပြီးလှူ၊ ဒီကျတော့လဲ လက်ခံတယ်.... (မှန်ပါ့) သဘောပါပလား... (ပါ-ပါပြီ) ဒါဖြင့် လမ်းညွှန်ကောင်း ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဩြော်...အအို့အသေရမည့် အလှူမျိုးကျတော့ မလှူစေချင်ဘူး....( မှန်ပါ ) အအို့ အသေလွတ်မည့် အလှူမျိုးကျတော့ လှူစေချင်တယ်၊ အဲဒါကျတော့ ဘုန်းကြီးတို့က အထူးတိုက်တွန်းတယ်....(မှန်ပါ) လုပ်စမ်းပါဟ ဒီဥစ္စာ လုပ်စမ်းပါဟ· ဆိုပြီး သကာလ....(မှန်ပါ)။

တချို့ တကာဘကာမတွေ သိန်းကုန်၊ သောင်းကုန် လှူချင်ကြတယ်၊ ဆိုင်းပါဦးကွာ....(မှန်ပါ့) တခါတည်း တားတာဘဲ.... (မှန်ပါ)။

ဘယ့်နှယ် အရှင်ဘုရား.... သူတပါး၏ ပုညက္ခေတ် မဖြစ်ဘူးလား....ကောင်းမှုကုသိုလ်၏....(မှန်ပါ့) ဟာ....သူက ဉာဏ်က မပါသေးဘူးကွ၊ ဉာဏ်ပါအောင် အဆိုင်းခိုင်းရသေးတယ် .... (မှန်ပါ)။

ဉာဏ်ပါအောင် အဆိုင်းခိုင်းတော့ ဉာဏ်ခန္ဓာကိုယ်ကြီးကို သူက တရားအားမထုတ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ရှိယင်လဲ သူ့ပဋိသန္ဓေခန်းကို ဟောလိုက်တယ်...(မှန်ပါ့)။

ဟောလိုက်တဲ့အခါကျတော့ ကလလရေကြည်ကလေးနဲ့ မင်းနေချင်သေးသလား....(မှန်ပါ) အပေါ်မှာ အစာသစ်တွေ ရှက်

ပြီးတော့ အောက်ကျင်ကြီးတွေပေါ်ထိုင်တဲ့ ဒုက္ခကို မင်း ကြိုက် သလား....(မှန်ပါ)။

အထဲမှာ အဝတ်မကပ် အစားပြတ်နေတဲ့ ဒုက္ခ မင်း ကြိုက် သလား.... ( မှန်ပါ ) သူက မကြိုက်ဘူးချည့် ပြောမယ်၊ အဲဒါ ဇာတိဒုက္ခကွ....(မှန်ပါ)။

အဲဒီ ဒုက္ခကြီး ကြောက်လွန်းလို့ ဒီဒုက္ခမှ လွတ်ရာရောက်ချင် လို့ လူပါ၏...မင်း နှလုံးသွင်းဦးကွ...(မှန်ပါ) ဒီလို့ကို သင်ယူ ရတယ်....(မှန်ပါ)။

နို့မဟုတ်လို့ရှိယင် ရော့....အင့်....ဆိုပြီး သူက လူပြီး ဝမ်း သာပြီး ငါတော့ နောက်ဘဝ ကောင်းစားပြီလို့ ထင်နေမှာဘဲ၊ *ဘယ်နောက်ဘဝကောင်းစားရမှာတုံးဝမ်းထဲမှာချောက်ကျတာ (မှန်ပါ)ရိပ်မိပလား(ရိပ်မိပါပြီ) သဘောကျပလား(ကျပါပြီ)။

နောက်ဘဝ မသာဖြစ်တာဟာ ကောင်းစားတာလား ...၊ မကောင်းစားတာလား....(မကောင်းစားတာပါဘုရား)။

နောက်ဘဝ ဘာဖြစ်သတုံး....(မသာဖြစ်ပါတယ်) မသာဖြစ်

---

* ကျေးဇူးရှင် ဆရာတော်ကြီးသည် ခပ်ကြမ်းကြမ်း ဟောမှ ရမည့်သူများကို ခပ်ကြမ်းကြမ်းဘဲ ဟောတော် မူသည်ဟု နားလည်ရန် လိုအပ်ပေသည်၊ ဆရာတော် ကြီးသည် တဘဝနှင့် ကိစ္စပြီးအောင် ကယ်ယူပို့ဆောင် တော်မူနေခြင်းဖြစ်ရာ ဘုံဘဝ၌ တလုံလဲလဲ တဝဲလည် လည်ဖြစ်နေကြမည်ကို အထူးစိုးရိမ်တော်မူပြီး ရင်းခြာ သော တပည့်များအားခပ်ကြမ်းကြမ်းဟောတော်မူခြင်း ဖြစ်သည်။

တာ ဒီ အသုဘဘဲ မဟုတ်လား…(အသုဘပါ)အသုဘဆိုတော့ မြို့ထဲက ကြည်ညိုသလား၊ ဆွဲထုတ်သလား…. (ဆွဲထုတ်ပါတယ် ဘုရား)။

ဟာ….ဒါဖြင့် မသာဖြစ်အောင် လုပ်တဲ့ ကုသိုလ်ဖြင့် ဘယ် ကောင်းမတုံး….(မှန်ပါ)ဟုတ်လား….(မှန်ပါ)မသာလွတ်အောင် လုပ်တဲ့ ကုသိုလ်ဖြင့် ဘုန်းကြီးများက တိုက်လဲ တိုက်တွန်းတယ် ခင်ဗျားတို့ကလဲ လှူလဲ လှူပါ…(မှန်ပါ) ရှင်းပလား…(ရှင်းပါပြီ ဘုရား)။

နို့ မဟုတ်လို့ ရှိယင်ဖြင့် ဒီမသာမှ မချရသေးဘူး ဟိုမသာဖြစ် ချင်တာက စောနေတယ် …. (စောနေပါတယ်) ရိပ်မိပလား…. (ရိပ်မိပါပြီဘုရား)။

ဒီမသာ ချရပလား…(မချရသေးပါ)ရှေ့ ဘာတောင်းသလဲ (မသာဆုတောင်းပါတယ်) သွားပကော ဒါလောက် ရှုးတာ တော့ မကောင်းတော့ဘူး…(မှန်ပါ) ရိပ်မိပလား….(ရိပ်မိပါပြီ ဘုရား)။

ကိုင်း….ဒါဖြင့် တကာဘကာမတို့ ဟောဒီမှာ ခန္ဓာငါးပါး မသာကောင်ကြီး ပေါ်လာတယ်…. (ပေါ်လာပါတယ်ဘုရား)။

ဒါက ပစ္စုပ္ပန်ဘဝ….(မှန်ပါ)ဝိညာဏ်,နာမ်ရုပ်, သဠာယတန ဖဿ,ဝေဒနာဆိုတာ ဘာတဲ့…(ပစ္စုပ္ပန်ဘဝပါ) စာရွက်ကြည့်လဲ ဒီအတိုင်း ပေါ်တာဘဲ….(မှန်ပါ)။

နောက်ဘဝက မသိတာက ဘာတဲ့….(အဝိဇ္ဇာပါ) အင်း…. လှူတာ, တန်းတာကလဲ ကုသိုလ်….(မှန်ပါ) အဲဒီတော့ ပုညာဘိ

သင်္ခါရနဲ့ အပုညာဘိသင်္ခါရ နောက်ဘဝက ပါခဲ့တယ်—(ပါခဲ့ ပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ) သင်္ခါရပစ္စယာ....(ဝိညာဏံ ပါဘုရား)အဲ... ယခုဘဝ ခန္ဓာငါးပါး မရဘူးလား....(ရပါတယ် ဘုရား)ခန္ဓာငါးပါး ဇာတိကစတယ်....(မှန်ပါ့)။

ဇာတိကို ဘုရားက ဘာဟောလိုက်သလဲ—( ဒုက္ခသစ္စာပါ ) *ဟာ....ခင်ဗျားတို့ လူလဲလူရသေး ဒုက္ခလဲ ရောက်တယ်(မှန်ပါ့) ပေါ်ပြီ....(ပေါ်ပါပြီ) မလူတတ်လို့ ရောက်သွားတာ၊ လူတတ် ယင် လွတ်သွားတယ်....(မှန်ပါ့)။

မလူတတ်တော့(ဒုက္ခရောက်ပါတယ်) လူတတ်တော့....(ဒုက္ခ လွတ်ပါတယ်ဘုရား)။

အဲဒါ့ကြောင့် တကာတကာမတို့ သေသေချာချာ ရှင်းရှင်း လင်းလင်း တရားကို နာပါ....(မှန်ပါ့) ကောင်းတဲ့ ကုသိုလ်,ဝဋ် ကျွတ်တဲ့ ကုသိုလ်ကို လုပ်ပါ....(မှန်ပါ့)။

ဝဋ်ဖြစ်စေတတ်တဲ့ ကုသိုလ်ကို....( မလုပ်ပါနဲ့ )အသေရတဲ့ ကုသိုလ်ကို....(မလုပ်ပါနဲ့)အသေလွတ်တဲ့ ကုသိုလ်ကို....(လုပ်ပါ) ဒါ့ကြောင့် ဒို့ ဆရာဘုန်းကြီး ဒါလောက် ပြောတာကိုးလို့.... မှတ်ပါ....(မှန်ပါ့) ရှင်းပလား—(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီလို လုပ်ကြပါစို့ တကာတကာမတို့၊ တရားပွဲကြီး ပြီးဘို့ကလဲ အချိန်နီးလာပြီ၊ ခင်ဗျားတို့ ဖြတ်လမ်းပြဦးမှ၊ မဟုတ်

---

* ဆရာတော်ကြီးသည် လူတတ်,တန်းတတ်အောင်သင် နေခြင်းဖြစ်၍ ဝဋ်တောင့်တပြီး လူတဲ့အလူမျိုးဖြစ်မသွား ရအောင် ဤမျှ သတိပေးတော်မူနေခြင်း ဖြစ်သည်။

ဘူးလား....(မှန်ပါ)ဖြတ်လမ်းပြဦးမှဆိုတာ တကာသစ်....အချိန်ရောက်ပါပြီ....(မှန်ပါ) မပြယင် တော်ပါမလား...(မတော်ပါဘုရား)။

ကဲ... ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်တို့ကြောင့် တကာ တကာမတို့ ဒီဘဝ ဘာရသတုံး... (ခန္ဓာငါးပါး ရပါတယ်ဘုရား) ဒီဘဝ ခန္ဓာငါးပါးရတယ်ဆိုတာ သေချာပလား .... (သေချာပါပြီ ဘုရား)။

ဒီဘဝ ခန္ဓာငါးပါးထဲက အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်ကံတွေ မပေါက်ပွားဘို့ အရေးကြီးတယ်.... (မှန်ပါ) မပေါက်ပွားဘို့ အရေးကြီးတယ်...(အရေးကြီးပါတယ်) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတွေကို ဒီမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတွေကို ဝေဒနာမှာ လမ်းမဆုံးဘူးလား.... (ဆုံးပါတယ်ဘုရား)။

ခန္ဓာငါးပါးမှာ ဘယ်မှာ လမ်းဆုံးသတုံး.... ( ဝေဒနာမှာ လမ်းဆုံးပါတယ်ဘုရား) ကြည့်... ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ....(မှန်ပါဘုရား)သဘောကျပလား(ကျပါပြီ)။*

ကဲ....ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါးမှာ ဘယ်ဟာ လမ်းဆုံးသလဲ....(ဝေဒနာလမ်းဆုံးပါတယ်ဘုရား)။

ဒါဖြင့်.... ဒီဝေဒနာနောက်ကနေပြီး ကျုပ်တို့ မင်္ဂလိုက်မှ ရတော့မယ်....(မှန်ပါ)။

---

* ပုံစံစက်ဝိုင်းကို ထောက်ပြတော်မူသည်။

မင်္ဂလိုက်မှ ဘာတုံး.... (ရမှာပါဘုရား) မင်္ဂမလိုက်လို့ ရှိယင် ဒိငါးခုလိုက်မယ်....(မှန်ပါဘုရား) မင်္ဂမလိုက်လို့ ရှိယင် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံ လိုက်မယ်....(လိုက်ပါတယ်ဘုရား) မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ မဂ္ဂင်ငါးပါး လိုက်ရအောင်— (မှန်ပါဘုရား) မဂ္ဂင်ငါးပါးလိုက်လိုက်တော့ ဒိခန္ဓာငါးပါးကို ဖြန့်လိုက်....(မှန်ပါ)။

တကာတကာမတို့ ခန္ဓာငါးပါးကို ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာနဲ့ ဖြန့်လိုက်....(မှန်ပါ) ဖြန့်ပြီးပြီ မဟုတ်လား....(မှန်ပါ)။

အတိတ်အကြောင်းကြောင့်ဖြစ်တဲ့ ပစ္စုပ္ပန်ခန္ဓာကြီးကို ငါး ပါး ဖြန့်လိုက်ပါပြီ—(မှန်ပါ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ငါးပါးဖြန့်လိုက်တော့ကို ဒိငါးပါးထဲမှာ သတိပဋ္ဌာန်လေး ပါးနဲ့ ဝေဘန်လိုက် (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ရုပ်တရားက ကာယာနုပဿနာ (မှန်ပါ) ဝေဒနာက—(ဝေဒနာနုပဿနာပါ) သညာသင်္ခါရက ဓမ္မာနုပဿနာ....(မှန်ပါဘုရား) ဝိညာဏ်က စိတ္တာနုပဿနာ.... (မှန်ပါ) သတိပဋ္ဌာန်လေးပါးနဲ့ ဝေဘန်လိုက်တော့ ခန္ဓာငါးပါး ဟာ လေးပါးဖြစ်တယ်....(မှန်ပါ)။

ခန္ဓာငါးပါးက လေးပါးဖြစ်သွားတော့ တကာတကာမတွေ တကာ တကာမတွေကို ဘုန်းကြီးက သင်လိုက်တယ်၊ တကာ တကာမတွေ စိတ်ဘဲရှုပါ....(မှန်ပါ့)။

ဘာ·တဲ့.... (စိတ်ဘဲ ရှုပါဘုရား) စိတ်ရှုပါလို့ ဘုန်းကြီးက သင်လိုက်တယ်.... (မှန်ပါ့) သင်လိုက်တော့ ကဲ....ငါးပါးဟာ အကုန်ဖြုတ်လိုက်၊ စိတ်တလုံးတည်း ထားကြဦးနော်.... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ စိတ်သည်ကားလို့ဆိုယင် လောဘစိတ် လာလဲ ဖြစ်ပျက်ရှု....(မှန်ပါ့ဘုရား) ဒါက လောဘစိတ်, ဒီက ရှုတဲ့ မဂ်ပေါ့ဗျာ ... ( မှန်ပါ့ ) ကိုယ့်ဉာဏ်က လောဘလာလဲ ဖြစ်ပျက်ရှု၊ ဒေါသလာကော.... (ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက် ရှုနေတော့ မဂ်ဝင်လာတယ်....(မှန်ပါ့ဘုရား) မဂ်ဝင်လာတော့ ဒီခန္ဓာကြီးက 'ဝေဒနာပစ္စယာ တဏှာ' လာသေးရဲ့လား.... (မလာပါဘုရား)။

ဩော် - ဒါဖြင့် ဝေဒနာနိရောဓါ.... (တဏှာ နိရောဓောပါ ဘုရား) ပေါ်သွားပြီ....(ပေါ်သွားပါပြီဘုရား)။

ဝေဒနာချုပ်တာကလေးက နိရောဓ.... (မှန်ပါ့ဘုရား) ဒီက ရှုလိုက်တဲ့ မဂ်ကလေးက နိရောဓ - ( မှန်ပါ့ ) သူက ဘာကို နိရောဓ ဖြစ်စေသတုံး....မေးတော့မှ တဏှာမလာတဲ့ နိရောဓ.... (မှန်ပါ့)။

တကာဘကာမ ဘို့ဝေဒနာဖြစ်ပျက် ရှုတော့ ဝေဒနာနိရောဓာ (မှန်ပါ့) ရှုတဲ့မဂ်က....(တဏှာနိရောဓေါပါဘုရား)။

ဒါဖြင့် နေရာကျပြီ၊ 'ဝေဒနာနိရောဓေါ တဏှာနိရောဓော ဖြစ်အောင် လုပ်နိုင်လို့ ရှိယင် တကာ တကာမတို့ အနာဂတ် အကြောင်းဆိုတာ ဘယ်နှယ်နေသတုံး.... (ချုပ်ပါတယ်ဘုရား) ဒါဖြင့် အနာဂတ်အကျိုး ဒုက္ခသစ္စာလာဦးမလား.... (မလာပါ ဘုရား)။

ဒီဒုက္ခသစ္စာထဲကကော သမုဒယသစ္စာငါးခု ပြန်ပြီး ပေါက် ပွါးနိုင်သေးရဲ့လား....(မပေါက်ပွားနိုင်ပါဘုရား) မပေါက်ပွား နိုင်လို့ရှိယင် သံသရာပြတ်ပြီ.... ( မှန်ပါ ) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဘာပြတ်ပါလိမ့်.... (သံသရာပြတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာရှုလို့ရှိယင်လဲ သံသရာ ပြတ်တယ်....(မှန်ပါ) စိတ်ရှုယင်ကော.... (သံသရာပြတ်ပါတယ် ဘုရား)။

သံသရာပြတ်တယ်ဆိုတော့ ဩော်.... ဒါဖြင့် တကာတကာ မတို့ ဘာ့ကြောင့်ပြတ်ပါလိမ့်မတုံး.... ဆိုတော့ ဒီအထဲမှာသိတဲ့ အတိုင်းတဲ့ တဏှာလာသေးရဲ့လား....(မလာပါဘုရား)။

ဩော်.... ဒါဖြင့် သတ္တဝါရေသောက်မြစ်ပြုတ်ပြီ.... (ပြုတ်ပါ ပြီဘုရား) အဝိဇ္ဇာကော လာသေးရဲ့လား.... (မလာပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား) တဏှာ့ဥပါဒါန်တို့ကံတွေကော (မလာပါဘုရား) အဝိဇ္ဇာ့ သင်္ခါရကော.... (မလာပါဘုရား)။

ဟာ....ဒါဖြင့် တကာတကာမတို့ သင်္ခါရဆိုတာသည် ခုနင်က ပြခဲ့တုန်းက ဒေါက်တွေဘဲ.... (မှန်ပါဘုရား) အဝိဇ္ဇာဆိုတာက

ပုံတောင်း... ( မှန်ပါဘုရား ) သဘောကျပလား... (ကျပါပြီဘုရား)။

တဏှာ့ဥပါဒါန်္ကံတွေသည်ကားလို့ဆိုယင် တကာတကာမတို့ ဒေါက်တွေလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ သိတဲ့အတိုင်း...တဲ့ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ ပုံတောင်းကြီးလဲ ကျိုးသွားပြီ....(မှန်ပါ)ပုံတောင်းကြီးလဲ ရှိသေးရဲ့လား...(မရှိပါဘုရား) ဒီက တဏှာ့ဥပါဒါန်္ကံတွေကော လာနိုင်သေးရဲ့လား .. (မလာနိုင်ပါဘုရား)ဒါဖြင့် ဒေါက်တွေကော....(ပြုတ်သွားပါပြီဘုရား)။

ဒါဖြင့် ဒေါက်တွေ ပြုတ်သွားလို့ရှိယင် ဇရာ့မရဏ အကွပ်ကြီးဟာ သူ့ဟာသူ နေရုံဘဲရှိတော့တယ်၊ ကျုပ်တို့နဲ့ ဆက်သေးရဲ့လား....(မဆက်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာရှုယင်လဲ ရပါတယ်.... (မှန်ပါဘုရား) စိတ်ရှုယင်လဲ... (ရပါတယ်ဘုရား) ပုံတောင်းလဲ ပျက်ပါတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒေါက်တွေကော .... ( ပြုတ်ပါတယ်ဘုရား ) ဇရာ့မရဏ အကွပ်ကြီးကော လာနိုင်သေးရဲ့လား....( မလာနိုင်ပါဘုရား ) မလာနိုင်ပါဘူးဆိုတာ သေချာပါတယ်.... ( သေချာပါတယ် ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာကြိုက်ယင် ဝေဒနာရှု .. (မှန်ပါ) စိတ်ကြိုက်ယင်ကော....( စိတ်ရှုရပါမယ်ဘုရား ) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ကဲ...ဒါဖြင့် တကာတကာမတို့ မရှုယင်ဖြင့် ဒီ-ပုံတောင်းကြီး မှာမဟုတ်ဘူး-(မကွဲပါဘုရား) ဒေါက်တွေကော...(မပြုတ်ပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) ဇရာ့မရဏအကွပ်ကြီး ကော ပြုတ်ကျပါ့မလား....(မကျပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တကာ တကာမတွေ သတိပေးချင် တာက ဒီအဝိဇ္ဇာ့တဏှာ ပုံတောင်းကြီးပေါ်မှာ သင်္ခါရဆိုတဲ့ ဒေါက်တွေကို ခင်ဗျားတို့ မျက်လုံးပေါက်ကလဲ ဒေါက်တွေ ပြုတ်ပြီ...(မှန်ပါ့) နားပေါက်ကကော....( ပြုတ်ပါပြီဘုရား ) နှာခေါင်းပေါက်ကကော....(ဒေါက်တွေပြုတ်ပါပြီ) လျှာပေါက် ကကော....(ဒေါက်တွေပြုတ်ပါပြီဘုရား)။

ခင်ဗျားတို့က ဒေါက်ဟောင်းယင် ဒေါက်လဲတယ်-(မှန်ပါ့) အတော်ဂွကျတဲ့လူတွေ...(မှန်ပါ့)။

ဒေါက်ဟောင်းယင်...(ဒေါက်လဲပါတယ်) စက်ရုံက ဘယ် နှစ်ရုံရှိသတုံး ခြောက်ရုံ-(မှန်ပါ့) မျက်လုံးပေါက်လဲ တဏှာ ဥပါဒါန်လာနိုင်တာဘဲ....(မှန်ပါ့)တဏှာ့ဥပါဒါန် မလာနိုင်ဘူး လား-(လာနိုင်ပါတယ်) နားပေါက်ကကော(လာနိုင်ပါတယ်)။

ဒါဖြင့် တနေ့-တနေ့ မျက်လုံးပေါက်ကနေပြီး ခင်ဗျားတို့ ပုံတောင်း ဘယ်နှစ်ခုလုပ်သတုံး...( မရေတွက်နိုင်ပါ )ဩော်.... ဟိုမှာ ပျက်လို့အစားထိုးတယ်....(မှန်ပါ့) လည်နေတာကြီးတွေ ရပ်သွားမှာစိုးလို့-(မှန်ပါ့ဘုရား)။

ဒေါက်တွေလဲ တနေ့ဘယ်နှစ်ခါ အစားထိုးသလဲ .... (မရေ တွက်နိုင်ပါ) ဘယ်စက်ရုံတွေမှာ လုပ်ပြီးအစားထိုး နေပါလိမ့်

မတုံး၊ ဒွါရခြောက်ပေါက် စက်ရုံတွေဘုရာ့.... ( မှန်ပါ့ )ရိပ်မိပ လား...(ရိပ်မိပါပြီဘုရား)။

ဘယ်စက်ရုံတွေက အစားထိုးနေသတုံး .... (ဒွါရခြောက် ပေါက်စက်ရုံတွေကပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သားရေး,သမီးရေးလုပ်နေတာလဲ ပုံတောင်း အစားထိုးဘို့ပြင်တာ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဝဋ်တောင့်တတဲ့ ကုသိုလ်တွေလုပ်နေတာလဲ ဒေါက်ပျက်လို့ ရှိယင် ဒေါက်အစားထိုးဘို့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါ ပြီဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒွါရခြောက်ပေါက်က စက်ရုံကြီးခြောက်ရုံ (မှန်ပါ့) ပုံတောင်း အိုယင် .... ( အစားထိုးပါတယ် )ဒေါက်အိုယင်.... (အစားထိုးပါတယ်ဘုရား)။

ဩော် - ခက်လိုက်တာ ခင်ဗျားတို့ဟာကလဲ အယင်ဟာကိုဘဲ အတော် အရုပ်ဆိုးနေတဲ့ဥစ္စာ နောက်ထပ် အစားထိုးဦးမယ် ဆိုတော့ လည်လို့ဘဲပြီးနိုင်ပါဦးမလား.... (မပြီးနိုင်ပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက-ယနေ့ တကာတကာမတွေ ပုံတောင်း လဲ မလုပ်နဲ့တော့(မှန်ပါ့)ဒေါက်လဲ အစားမထိုးနဲ့တော့(မှန်ပါ့) နို့မို့ သေပွဲချည့်ဝင်နေရလိမ့်မယ်....(မှန်ပါ့) ဇရာ,မရဏ လက် ချက်နဲ့ချည့်ဘဲ အသက်ထွက်နေရတယ် .... (မှန်ပါ့) ဒါ့ကြောင့် ခင်ဗျားတို့မင်္ဂနဲ့ဖြတ်ချ....(မှန်ပါ့ဘုရား)။

မဂ်နဲ့ဖြတ်ချတော့ မဂ်ဆိုတာ ဝိဇ္ဇာလား-အဝိဇ္ဇာလား(ဝိဇ္ဇာပါ)သင်္ခါရကကော သင်္ခါရလား-အသင်္ခါရလား(အသင်္ခါရပါ) ဒါဖြင့် အဝိဇ္ဇာနဲ့သင်္ခါရနောက်က ချုပ်တယ်(မှန်ပါ့)ရှုလိုက်ယင် အဝိဇ္ဇာ, သင်္ခါရချုပ်တယ်... (မှန်ပါ့ဘုရား)။

ဝေဒနာရှုလိုက်သဖြင့် တဏှာ, ဥပါဒါန်, ကံကကော .... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာသင်္ခါရလဲ ချုပ်၊ တဏှာ, ဥပါဒါန်,ကံလဲ ချုပ်လို့ရှိယင်ဖြင့် ဟိုဘက်မှာ သေပွဲတွေရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် သေပွဲလွတ်အောင် မဂ္ဂသစ္စာဘဲ တတ်နိုင်တယ် .... (မှန်ပါ့) တခြားဟာတွေ တတ်နိုင်သေးရဲ့လား....(မတတ်နိုင်ပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးပြောတဲ့ ဝိပဿနာအလုပ်-လုပ်နေတာသည် တကာတကာမတို့ ပုံတောင်းချိုးနေတာ၊ ဒေါက်တွေနောက်ထပ် အစားမလုပ်တာ....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဝိပဿနာလုပ်နေတာ ဘာပါလိမ့်.... (ပုံတောင်းချိုးနေတာ-ဒေါက်တွေ နောက်ထပ်အစားမထိုးတာပါဘုရား)။

အေး... ပုံတောင်းတွေကိုလဲ တခါတည်း ဖျက်ဆီးနေတယ် (မှန်ပါ့) ဒေါက်တွေကိုလဲ နောက်ထပ် မလုပ်တော့တာဘဲ ... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇရာ,မရဏဆိုတဲ့ အကွပ်ကြီးဟာ နောက်ထပ်လာစရာလိုသေးသလား....(မလိုပါဘုရား)။
ဒါဖြင့် ဝိပဿနာမှတပါး ကယ်စရာရှိသေးရဲ့လား.... (မရှိပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း...ယနေ့ ဒီတွင်တော်ကြဦးစို့...။

သာဓု.. သာဓု—သာဓု

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ်ဆရာတော်ဘုရား ဦးချစ်ဆွေမွှာရှိ၌
ဟောကြားတော်မူသော
ဝဋ်သုံးပါးဆက်စပ်ပြီး လည်နေပုံ

# ညအလုပ်ပေးတရားတော်

( ၂၅ - ၁၀ - ၆၁ )

အားလုံး တကာတကာမတွေ ကိုယ့်ကိုယ်မှာ ဝဋ်ရှိမှန်းသိမှ ဝဋ်ကျွတ်ချင်ပါတယ်ဆိုတာ မှတ်ရလိမ့်မယ်နော်....(မှန်ပါ)။

ကိုယ့်ကိုယ်မှာ ဝဋ်ရှိမှန်းသိမှ... (ဝဋ်ကျွတ်ချင်ပါတယ်) ဝဋ်ရှိမှန်း မသိတဲ့ပုဂ္ဂိုလ်သည် ဝဋ်ကျွတ်ချင်တဲ့စိတ် မလာပါဘူး.... (မှန်ပါဘုရား)။

ဒါ့ကြောင့် ယနေ့သည်ကားလို့ ဆိုယင်ဖြင့် ပဋိစ္စသမုပ္ပါဒ် စာရွက်ထဲမှာပါတဲ့အတိုင်း ဝဋ်လည်ပုံကလေး ရှေးဦးစွာပြပြီး တော့ ဝဋ်ကျွတ်တဲ့နည်းကို ဒုတိယအနေဖြင့် တကာတကာမတွေ အားထုတ်ခိုင်းရမှာဘဲ....(မှန်ပါဘုရား)။

ရှေးဦးစွာ ဒီဝဋ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီအတိုင်း နေမယ် တကာတကာမတို့ တရားလဲအားမထုတ်ဘူး၊ ထိုက်တန် တာတွေလှူ ထိုက်တန်တာတွေ ပေးပြီးသကာလ နေကြမယ် ဆိုလို့ရှိယင်ဖြင့် ဒါဝဋ်ပြုနေသေးတယ်ဆိုတာ အောက်မေ့ရမှ

မှယ်... (မှန်ပါ့) ဝင်္ခကျွတ်ချင်ပါတယ် ဆိုလို့ရှိယင်ဖြင့် ခန္ဓာကို ဥာဏ်လှည့်မှ ဝင်္ခကျွတ်မယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အဋ္ဌကထာဆရာများက သတ္တဝါအစ, အဝိဇ္ဇာ တဏှာကလို့ ဖွင့်ပါတယ်....(မှန်ပါ့) သတ္တဝါအဆုံး ဘုရားပွင့်မှ ဆိုပြီးသကာလ ဖွင့်ထားတယ်....(မှန်ပါ့ဘုရား)။

သတ္တဝါအစ ဘာပါလိမ့်....( အဝိဇ္ဇာ,တဏှာကပါဘုရား ) သတ္တဝါအဆုံး .... ( ဘုရားပွင့်တော်မူမှပါဘုရား )ဘုရားပွင့်မှ တရားတွေနာပြီး ကိုယ်တိုင်အားထုတ်မှ ဒီလိုမှ ဆုံးတယ်လို့ တကာကြွယ်တို့ မှတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။ *

ဒါ့ကြောင့် တကာတကာမတွေ ဒို့ဘာဖြစ်နေတယ် ဆိုတာ သိတော့မှ ကိုယ်ဖြစ်နေတဲ့အကြောင်း ကိုယ်သိမှ ဦးသန်းမောင်တို့၊ ဦးမာဒင်တို့ ဆေးကုချင်လိမ့်မယ်....(မှန်ပါ့ဘုရား)။

ကိုယ်ဖြစ်နေတဲ့ အကြောင်းမှ ကိုယ်မသိလို့ရှိယင် တကာ တကာမတွေ ဆေးလဲ ရှာကြမှာမဟုတ်ဘူး၊ ဆေးလဲ ကုကြမှာ မဟုတ်ပါဘူး .. (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒို့အရေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကိုယ့် အနာပေါက်တာ ကိုယ်ကုမှသာလျှင် ကိုယ့်အရေးပြီးစီးမယ် ဆိုတာ မှတ်ရလိမ့်မယ်....(မှန်ပါ့) ဒါ့ကြောင့် ကြိုးစားပါဆိုတဲ့ ဥစ္စာ တိုက်တွန်းရတယ်နော် . (မှန်ပါ့ဘုရား)။

---

* ဝဋ္ဋမူလံ အဝိဇ္ဇာ၊ ဝိဝဋ္ဋမူလံ ဗုဒ္ဓုပ္ပါဒေါ(မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယတွဲ ၂:၀)။

ဒီကြိုးစားကြပါလို့ တိုက်တွန်းတာလဲ တခြားမဟုတ်ပါဘူး ဒီအချိန်ဘဲ တိုက်တွန်းလို့ကောင်းတယ်.... (မှန်ပါ့) ဒီအချိန်ဘဲ တကာတကာမတွေကလဲ ကာလ ဒေသကလဲ ကောင်း၊ ဆရာဘုန်းကြီးလဲ ကျန်းမာရေးကလေးကရှိ၊ ဒီအချိန်ဟာ အချိန်ကောင်းဘဲ တကာကြွယ်ရ....(မှန်ပါ့ဘုရား)။

ဒီ့ပြင် ဆရာဘုန်းကြီးကလဲ မမာဘူး၊တကာတကာမတွေကလဲ ကြိုးစားပန်းစား မနေကြတဲ့ အချိန်တွေကလဲ လာကြမယ် .... (မှန်ပါ့)တနည်း ဒီလိုမှ မနေရယင်လဲ ခန္ဓာကိုယ်က နှိပ်စက်တာနဲ့ဘဲ အမျိုးမျိုးအဖုံဖုံ ပျက်စီးနိုင်သေးတယ် .... (မှန်ပါ့)။

အဲဒါတွေ ကြည့်လိုက်မယ်ဆိုလို့ရှိယင်လဲ ဒီအရေးသည် ဖြစ်မြောက်ဘို့ အရေးနဲ့ ပျောက်ပျက်ဘို့ အရေးနဲ့ ပျောက်ပျက်ဘို့ရာက များတယ်လို့ မှတ်ပါ....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင်တိုယ်တော်မြတ်ကြီးက "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" ကွ၊ သဒ္ဓမ္မဿဝနံ = သူတော်ကောင်းတရားဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်တရား, သစ္စာတရားကို နာရခြင်းသည်၊ အတိဒုလ္လဘံ=အလွန်ပင် ခဲယဉ်းတယ်ကွ....လို့ ဟောတဲ့ဥစ္စာသည် တကာတကာမတို့ ကိုယ့်ခန္ဓာ ကိုယ်မေးကြည့်ပါ ယနေ့ သွားနိုင်ငြားသော်လဲ နောက်တနေ့ မသွားနိုင်ဘူး....(မှန်ပါ့)ပြီးတော့ နည်းပြမည့်ပုဂ္ဂိုလ်ကလဲ တရာတယောက် ပေါ်လာဘို့ဟာ သိပ်မလွယ်လှဘူး....(မလွယ်ပါဘုရား)။

အဲဒီတော့ မလွယ်တဲ့ အထဲမှာ အခု အကြုံအဆုံက ညီနေတယ်....(မှန်ပါ့) ဆရာသမားကလဲ ကျန်းမာရေးရှိ၊ ဘုန်းကြီးတို့

တကာတကာမတွေကလဲ ကျန်းမာရေးနဲ့ ထောင်တတ်တဲ့ နား ဏ ပြည့်စုံနေတဲ့ အချိန်မို့ ဒီအချိန်ကို လက်မလွှတ်စေပါနဲ့ဆို တာ အထူးသတိပေးတယ်....(မှန်ပါ့)။

ဒီအချိန် လက်လွှတ်သွားလို့ရှိယင် ငါတို့ ဘာလုပ်နေသတုံး မေးယင် ဝဋ်လည်ကြောင်း လုပ်နေတယ်လို့ ဆုံးဖြတ်ချက်ချပါ- (မှန်ပါ့)။

ဒီအချိန် လက်လွှတ်သွားယင်....(ဝဋ်လည်ကြောင်း လုပ်နေ ပါတယ်ဘုရား)ဝဋ်လည်ကြောင်း လုပ်နေတယ်လို့ ဆုံးဖြတ်ချက် ချယင် မလွဲပါဘူး....(မလွဲပါဘုရား)။

အဲဒါကြောင့် တကာကြွယ်ရေ....ဒီအရေးဟာ ပိုးထည် ချည် ထည်တွေ တကာကြွယ်....ချိတ်ထားလိုက်စမ်းပါ....(မှန်ပါ့)ကိုယ့် အရေး ကိုယ်အားထုတ်စမ်းပါ....(မှန်ပါ့)။

ဟိုဟာတွေက တဏှာခိုင်းတဲ့ အရေး....(မှန်ပါ့)ဉာဏ်ခိုင်းတဲ့ အရေးကို ပြာပြာသလဲ လုပ်လိုက်စမ်းပါ....(မှန်ပါ့) တဏှာခိုင်း တဲ့ အရေးသည် တကာတကာမတို့ ခန္ဓာဝန် ဒုက္ခသစ္စာပွားစည်း ရေးပါ....(မှန်ပါ့)။

ဉာဏ်ခိုင်းတဲ့အရေးသည် ခန္ဓာဝန်ဒုက္ခသစ္စာတို့၏ သိမ်းဆည်း ရေး....( မှန်ပါ့ဘုရား )မကွာကြဘူးလား .... ( ကွာပါတယ် ဘုရား )။

အေး....ဒါတွေကို ဒီ့ပြင်နေရာအတွက် ကောင်းပြောသော် လဲ ဦးမာဒင်တို့ ဒီနေရာအတွက် ကောင်းဘို့ အရေးကြီးပါတယ်

(အရေးကြီးပါတယ်ဘုရား) အရေးမကြီးဘူးလား .... (မှန်ပါ့ ကြီးပါတယ်ဘုရား)။

လူ့ဘဝ ရတာလဲ ခင်ဗျားတို့ သိကြပြီ.... (မှန်ပါ့) ဆရာ သမားကောင်းနဲ့ တွေ့ဆုံဘို့ရာကော....( အရေးကြီးပါတယ် ) နဂိုရ်ကလဲ အင်္ဂါက ပြည့်စုံလို့ အင်္ဂါမချို့တဲ့လို့လဲ ပြောတာ နားထောင်နိုင်ကြတယ်... (မှန်ပါ့)ဒါက လွယ်ကူတဲ့အလုပ်လို့ဆို လို့ ရရဲ့လား....(မရပါဘုရား)။

အဲဒီတော့ အထိသုံးပါး ညီနေတုန်းကို ကိုယ့်အနာ ကိုယ် ပျောက်အောင် ကုလိုက်လို့ရှိယင်ဖြင့် ကိုယ့်ခန္ဓာဒုက္ခသစ္စာ ကိုယ် သိမ်းလိုက်လို့ရှိယင်ဖြင့် ချမ်းသာစစ်ချမ်းသာမှန်နဲ့ နေဘို့ပါ ဘဲ....(မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါ တရားမဟောမီ ဘုန်းကြီးတို့က တကာ တကာမတွေအား ရှေ့ပိုင်းက ပြောဲ....ဒို့သည်ကားလို့ဆိုယင် ဒီအရေးကလေး လက်လွှတ်လိုက်ယင် ငါးပါးမှောက်တော့မှာပါ ကလားဆိုတာ....(မှန်ပါ့)။

ခင်ဗျားတို့ ရောင်းတာဝယ်တာ တနှစ် တသိန်းကိုးသောင်း မြတ်တာကို မကြည့်လိုလို့ ဒီလိုမဟုတ်ပါဘူး....(မှန်ပါ့) အသုံး မကျလို့ ပြောတယ်ဘဲ မှတ်ကြပါ....(မှန်ပါ့)။

မကြည်ညိုလို့ ခင်ဗျားတို့ ကြီးပွားတာကို မုဒိတာမရှိလို့ မမှတ်နဲ့....(မှန်ပါ့) ဒီဟာတွေဟာ ဒုက္ခရောက်ကြောင်းသိလို့ ဆရာဘုန်းကြီးက ကန့်ကွက်တယ်လို့သာ မှတ်ရမယ်....(မှန်ပါ့)

ဒုက္ခရောက်ကြောင်းမှတပါး ဘာများ အကျိုးပေးသေးသတုံး… (မပေးပါဘုရား)။

ဒါကြောင့် တကာတကာမတွေ ဒီအလုပ်ကိုဖြင့် ကြိုးစားပါ၊ မကြိုးစား မဖြစ်တဲ့ အလုပ်ဟာ ဒီအလုပ်ပါဘဲ…. ( မှန်ပါ ) ဝိပဿနာအလုပ်ပါဘဲဆိုတာ မှတ်ပါ….(မှန်ပါ) နိဗ္ဗာန်နဲ့ အနီး ဆုံး ဆရာဘုန်းကြီး ဟောပြပါမယ်….(မှန်ပါ)။

တကာတကာမတို့ ဝိပဿနာဉာဏ်ပြီးယင် မဂ်ဉာဏ် လာ တယ်…(မှန်ပါ) မဂ်ဉာဏ်လာလို့ရှိယင် နိဗ္ဗာန်မြင်မြဲ….(မှန်ပါ ဘုရား)။

ဒါဖြင့် အနီးဆုံး ဘယ်သူတုံးလို့ မေးလို့ရှိယင် တကာသစ် တို့ဘဲ အဖြေထုတ်ပါ….(ဝိပဿနာပါ) ဝိပဿနာဉာဏ်ဘဲ….(မှန် လှပါ)ရှင်းကြပလား… (ရှင်းပါပြီဘုရား)။

အနီးဆုံး ဘာပါလိမ့်….(ဝိပဿနာဉာဏ်ပါ) ဝိပဿနာဉာဏ် ဆိုတာလဲ တခြားကို ရှာမနေပါနဲ့၊ ခန္ဓာထဲမှာ ရှိတာကလေး တွေ၏ ဖြစ်မှု ပျက်မှုကို မြင်တာသည် အဲဒီ ဉာဏ်ပါဘဲ….(မှန် လှပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာတကာမတို့ အနန္တရ ပစ္စည်းလို့ ဘုရားက ဟောလိုက်တယ်….(မှန်ပါ) မဂ်ဉာဏ်သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်(ဝါ) အကျိုးတရားလို့ ဟောလိုက် တယ်… (မှန်ပါ)။

ဒါဖြင့် ဝိပဿနာဉာဏ်မပါဘဲနဲ့ ဦးမာဒင်တို့….ဦးမောင် ကလေးတို့ မဂ်ဉာဏ် လာနိုင်ပါ့မလား….( မလာနိုင်ပါဘုရား )

ဝိပဿနာဉာဏ်က ရှေ့စိတ်လေဗျာ....(မှန်ပါ) ရှေ့စိတ် ချုပ်သွားပြီး နောက်က မဂ်စိတ်ပေါ်လာတယ်....(မှန်ပါ)။

မဂ်စိတ်ပေါ်လာတယ်ဆိုကတည်းကိုက တကာတကာမတို့... စဉ်းစားကြည့်ပါလားတဲ့....ပဌမဝိပဿနာဉာဏ်က ပုထုဇန် ....(မှန်ပါ)။

ဝိပဿနာဉာဏ်နောက်က မဂ်ဉာဏ် ဖိုလ်ဉာဏ်တခါတည်း ဆက်လိုက်လာတော့ အရိယာဖြစ်တယ်....(မှန်ပါ)။

ဒါဖြင့် ပုထုဇန်နဲ့ အရိယာကူးတာသည် ဘုန်းကြီးတို့... တကာတကာမတွေ လေးလေးစားစား မှတ်ပါ၊ ရှေ့စိတ်က ဝိပဿနာဉာဏ်...(မှန်ပါ)နောက်စိတ်က အရိယာတို့၏ဉာဏ်.....(မှန်ပါ)။

ရှေ့စိတ်က....(ဝိပဿနာဉာဏ်ပါ) နောက်စိတ်က--(အရိယာတို့၏ ဉာဏ်ပါ) အရိယာတို့၏ ဉာဏ်လို့ သံယုတ်အဋ္ဌကထာများမှာ သေသေချာချာ ဖွင့်ပြီး ထားသောကြောင့် ဩော်... ဒို့မှာ နီးလျက်နဲ့ဖြင့် အဝေးမခံပါရစေနဲ့ ဆိုတာ ဦးမာဒင်တို့ ဦးမောင်ကလေးတို့ တကာသစ်တို့ ဆုံးဖြတ်ချက်ချ-- (မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် အနန္တရပစ္စယော ရှတ်တိုင်း ရှတ်တိုင်း ဩော်... ဝိပဿနာဉာဏ်ဟာ အနန္တရပစ္စည်းဘဲ (ဝါ) အကြောင်းဘဲ၊ သူပြီးယင် မဂ်ဉာဏ်လာမှာဘဲဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်ဖြင့် ဝိပဿနာဉာဏ် ပြီးယင် ဘယ်ဉာဏ်လာမလဲ(မဂ်ဉာဏ်လာပါမယ်) မဂ်ဉာဏ်ပြီးဖိုလ်ဉာဏ်

ဘဲ…(မှန်ပါ) ဖိုလ်ဉာဏ်ဆိုယင် သောတာပန်တည်ပြီ-….(မှန်ပါ ဘုရား)။

ဒါဖြင့် တကာတကာမတို့ နီးသလား- ဝေးသလားမေးယင် ဘယ်နှယ်ဖြေမလဲ….(နီးပါတယ်) ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်တော့ နီးတယ်… (မှန်ပါ) ဝိပဿနာဉာဏ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လာ သကိုး….(မှန်ပါ)ရှင်းပလား….(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ မယုံလို့ ရှိယင် ရှုကြည့်ပါ- (မှန်ပါ) ခန္ဓာကိုယ်ရှုကြည့်ပါ….(မှန်ပါ) ခန္ဓာကိုယ်ရှုကြည့်လို့ ခန္ဓာထဲမှာ အနိစ္စကလေးတွေ ဖြစ်ပြီးပျက်နေတာ ကလေးတွေ ရုပ်မြင်မြင်- ဝေဒနာမြင်မြင်- စိတ်မြင်မြင်ပေါ့ဗျာ …. (မှန်ပါ ဘုရား)။

ရှုပြီးသကာလနေတော့ ဩော်.. ကိုယ့်ဟာကိုယ် ဝမ်းသာ လာတယ် …. (မှန်ပါ) ဒါကလေးတွေ မြင်တယ်ဆိုကတည်းက ဩော်….ဝိပဿနာဉာဏ်ရပါပေါ့ကလား….(မှန်ပါဘုရား)။

ဒါကလေးတွေ မြင်ယင်…. (ဝိပဿနာဉာဏ်ရပါပေါ့ဘုရား) ဝိပဿနာဉာဏ်ရပါပေါ့လားဆိုပြီး တကာတကာမတွေက ဝမ်း သာလိုက်ပါ… (မှန်ပါဘုရား)။

ဝိပဿနာဉာဏ်ရပြီးလို့ ရှိယင် ဦးမာဒင် ဘယ်ဉာဏ်ဝင်မလဲ (မဂ်ဉာဏ်ဝင်ပါမယ်) ရော…. တည်းတည်းကလေးကျန်ပါပေါ့ လား….(မှန်ပါဘုရား)။

မဂ်ဉာဏ်ဆိုတာလဲ ဘယ်အချိန်ပေါ်မှာတုံးလို့ မေးတော့ အို…. တကာတကာမတွေ ရှုနေတဲ့ ဝိပဿနာဉာဏ် ဖြစ်ပျက်

ကလေးတွေကို ရှုရင်းမတွေ့နဲ့ ပျောက်သွားလို့ရှိယင်ဖြင့်၊ အင်း-ပျောက်တဲ့နေရာကို နောက်ဉာဏ်နဲ့သွားတွေ့မယ်... ( မှန်ပါ ) မဂ်ဉာဏ်နဲ့ သွားတွေ့မယ်....(မှန်ပါ)။

ဖြစ်ပျက်ပျောက်တဲ့နေရာကို ဘယ်ဉာဏ်နဲ့ သွားတွေ့မလဲ... (မဂ်ဉာဏ်နဲ့သွားတွေ့ပါမယ်ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာကြွယ် သေသေချာချာ မှတ်စမ်း ဖြစ်မှု့ပျက်မှုကို သူမြင်တယ်....(မှန်ပါ)။

ဝိပဿနာဉာဏ်သည်... (ဖြစ်မှု့ပျက်မှုကို မြင်ပါတယ်ဘုရား) မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုမြင်တယ်... (မှန်ပါ) နိဗ္ဗာန်ဆိုတာလဲ တခြားမှတ်မနေနဲ့....၊ ဖြစ်မှု့ပျက်မှုမရှိတဲ့နေရာ ဉာဏ်က ရောက်သွားတယ်....(မှန်ပါ)။

ဖြစ်မှု့ပျက်မှုမရှိတဲ့နေရာကို... (ဉာဏ်ကရောက်သွားပါတယ်) အဲဒါ ဘာဉာဏ်ခေါ်ကြမလဲ....(မဂ်ဉာဏ်ပါဘုရား)။

အဲ... မဂ်ဉာဏ်ပြီးတော့ကို ဦးမာဒင်တို့ 'မဂ္ဂေါ ဖလဿ' လို့ ပဋ္ဌာန်းပါဠိတော်မှာ ဟောထားတဲ့အတွက် မဂ်ဉာဏ်ပြီးယင် ဖိုလ်ဉာဏ်ယာပါစေ-လို့ ဦးမောင်ကလေး ဆုမတောင်းရဘူး.... (မှန်ပါ) သူ့ဟာသူ ဓမ္မနိယာမအဖြစ်နဲ့ ပေါ်ပေါက်လာတယ် (မှန်ပါ)။

ဘယ်လိုပေါ်ပါလိမ့်... (ဓမ္မနိယာမ အဖြစ်နဲ့ ပေါ်ပါတယ်ဘုရား) ဓမ္မနိယာမ အဖြစ်နဲ့ ပေါ်လာတယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေက သေသေချာချာမှတ်ပါ... (မှန်ပါ)။

ဒါကြောင့် "မဂ္ဂေါ ဖလဿ အနန္တရပစ္စယေနပစ္စယော" လို့ ဟောထားသောကြောင့် ဩော်... ဒို့ဆရာဘုန်းကြီး ပေးနေတာ

ရှုပါဟဲ့ ရှုပါဟဲ့ဆိုတာ ဝိပဿနာဉာဏ်ပါကလား.... (မှန်ပါ့) ရှုလို့ ခန္ဓာဖြစ်ပျက်တွေ....ဖြစ်ပျက်လို့ ဆိုတာ အနိစ္စဆိုတယ်နော် (မှန်ပါ့)။

ဒါ တကိုယ်လုံးမှာ ရှိတယ်လို့ တကာသစ်က မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

တကိုယ်လုံးမှာ ရှိနေတော့ ဒီ ဖြစ်ပျက်တွေ ဆုံးသွားတော့ ဒီ ခန္ဓာတကိုယ်လုံးဟာ ခန္ဓာရှာမတွေ့တော့ဘူး....(မှန်ပါ့) တွေ့နိုင်ပါ့မလား ...(မတွေ့နိုင်ပါဘုရား)။

တကိုယ်လုံးဟာ ဦးမာဒင်... ခန္ဓာက ဘာတွေတုံးဗျ....(ဖြစ်ပျက်ပါဘုရား)ဒီဖြစ်ပျက်တွေကို တကာတကာမတွေက ဉာဏ်နဲ့ လှည့်ပြီး ကြည့်နေကတည်းက ဩော်....ဝိပဿနာဉာဏ်ဘဲဆိုတာ မသေချာဘူးလား... (သေချာပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဖြစ်ပျက်မြင်တာ ဘာဉာဏ်ခေါ်ကြမယ်.... (ဝိပဿနာဉာဏ်ပါဘုရား) ဖြစ်ပျက်မြင်တာ ဝိပဿနာဉာဏ်.... (မှန်ပါ့)ရှင်းပြီနော် - (မှန်ပါ့)။

နောက် ရှုရင်းမတ္တနဲ့ တကာတကာမတွေ ဖြစ်ပျက်တွေသည် ကားလို့ဆိုယင် ဖျတ်ကနဲ ချုပ်သွားတယ်....(မှန်ပါ့) ချုပ်သွားတော့ နောက်စိတ် ပေါ်လာတယ် .. (မှန်ပါ့)နောက်စိတ်က မဂ်စိတ်ပေါ်လာတယ်....(မှန်ပါ့)။

သူလာသည်နဲ့ တပြိုင်နက်တည်း ဖြစ်ပျက်မတွေ့တော့ဘူး.... (မှန်ပါ့) ဖြစ်ပျက်မတွေ့တော့ ဖြစ်ပျက်အဆုံးကို တွေ့တယ်....

( မှန်ပါ ) ဖြစ်ပျက်အဆုံးဆိုတာ ဦးမာဒင်တို့က မှတ်လိုက်၊ ဦးမောင်ကလေးတို့က မှတ်လိုက် ဩော်....ဒုက္ခသစ္စာ မရှိတာပါ ကလား....(မှန်ပါ)။

ဖြစ်ပျက်က ဒုက္ခသစ္စာကိုး(မှန်ပါ) အင်း....ဖြစ်ပျက်အဆုံးဆို တာ ဘာပါလိမ့်....( ဒုက္ခမရှိတာပါ )ဒုက္ခမရှိတာကို ဉာဏ်က ရောက်သွားတယ်... (မှန်ပါဘုရား) သဘောကျပလား....(ကျပါ ပြီဘုရား)။

ဒုက္ခမရှိတာကို...(ဉာဏ်က ရောက်သွားပါတယ်) ဩော်.... ဒါဖြင့် ဖြစ်ပျက်ရှုတဲ့ဉာဏ်က ဒုက္ခကို မြင်တာ(မှန်ပါ)ရှင်းပြီနော် (ရှင်းပါပြီဘုရား) မဂ်ဉာဏ်က ဒုက္ခမရှိတာကို မြင်တာ....(မှန်ပါ ဘုရား)။

ဖြစ်ပျက်ရှုတဲ့ဉာဏ်က(ဒုက္ခကို မြင်ပါတယ်)ဒုက္ခကို မြင်တယ်၊ တကာကြွယ်.. ရှင်းပြီနော်....(ရှင်းပါပြီ) ဖြစ်ပျက်မရှိတာကို မြင် တာက မဂ်ဉာဏ်(မှန်ပါ·မဂ်ဉာဏ်ပါ)အဲ....မဂ်ဉာဏ်က မြင်တယ် တကာသစ်၊ ဖိုလ်ဉာဏ်က မြင်တယ်....(မှန်ပါ)။

အဲဒီလို မြင်လိုက်ပြီဆိုမှ ဩော်...နဂိုရ်တုန်းက တကိုယ်လုံး ဟာ ဖြစ်ပျက်ဒုက္ခသစ္စာကြီး ရှိနေရတယ်.. (မှန်ပါ)။

အဲဒီ ဒုက္ခသစ္စာကြီးကို တကာကြွယ်. ဉာဏ်နဲ့ တည့်နေရ မယ်... (မှန်ပါ)ဖျတ်ဆို အသုဘဒုက္ခသစ္စာကြီး ပျောက်သွားရော (မှန်ပါ)။

ပျောက်သွားတော့ ဦးမာဒင်က မှတ်လိုက်၊ ဦးမောင်ကလေး

က မှတ်လိုက် ဩော်— သုခနိဗ္ဗာန်ဆိုတာ ပေါ်လာပြီ....(မှန်ပါ ဘုရား)။

ဝိပဿနာဉာဏ်က အနိစ္စနဲ့ အသုဘနဲ့ ဒုက္ခသစ္စာကို သူမြင်နေတာကိုး... (မှန်ပါ့) ဖျတ်ကနဲဆို ဒီဥစ္စာ ဖြစ်ပျက်တွေ မတွေ့တော့ပါဘူး· အသုဘကလဲ မတွေ့ဘူး၊ ဒုက္ခသစ္စာလဲ မတွေ့တော့ဘူးဆိုတော့ ဒုတိယဉာဏ်က တကာသစ်ရေ သုဘသွားမြင်တယ် (မှန်ပါ)။

ခန္ဓာကိုယ်ကြီးဟာ ပျောက်သွားတယ်၊ အသုဘပျောက်သွားတယ်....(မှန်ပါ့)ပျောက်သွားပြီး ဘာမြင်ပါလိမ့် ...(သုခမြင်ပါတယ်)သုခမြင်တယ်...(မှန်ပါ့)။

ခုနင်က ရှုနေတဲ့ ဖြစ်ပျက်တွေက ဒုက္ခသစ္စာတွေ သူတို့က ပျောက်သွားပြန်တော့လဲ ဒုက္ခပျောက်ပြီး သုခမြင်တယ်-(မှန်ပါ့ ဘုရား)။

ဩော် .. ဒါဖြင့် တကာဘကာမတွေ အနိုးကလေးပါလား— (မှန်ပါ) အနိုးကလေးပါလားဆိုယင် ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) ကြိုးစားလိုက်စမ်းပါ....(မှန်ပါ့)။

ကြိုးစားလိုက်စမ်းပါ၊သူ့အကြောင်းညီညွတ်လို့ ရှိယင် ဦးမာဒင်ရေ ဆယ်မိနစ်လောက်နဲ့ ရောက်ချင်ရောက်မယ် .... (မှန်ပါ့ ဘုရား)။

ဦးမာဒင်....အကြောင်းညီညွတ်ယင်.... (ဆယ်မိနစ်လောက်နဲ့ ရောက်ချင်ရောက်မှာပါဘုရား)ဆယ်မိနစ်လောက်နဲ့ ရောက်ချင် ရောက်မယ်....(မှန်ပါ)။

ဪ....ဒါဖြင့် တကာတကာမတွေ လုပ်စမ်းလိုက်တော့မှ သူ့ဟာ ပေါ်လာပါကလား....(ပေါ်လာပါတယ်ဘုရား)။

လုပ်စမ်းလိုက်လို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သည် ဝိပဿနာဉာဏ်အဆုံးမှာ မဂ်ဉာဏ် ပေါ်လာလိမ့်မယ်ဆို တဲ့ဥစ္စာ သေသေချာချာမှတ်ပါ....(မှန်ပါ)။

မဂ်ဉာဏ်နောက်က ဖိုလ်ဉာဏ်လိုက်ဘို့ရာလဲ ဆုမတောင်းရ ဘူးဆိုတာ မှတ်ပါ....(မှန်ပါ) သူ့အလိုလို ပေါ်လာတာလို့— သေသေချာချာ ဆုံးဖြတ်ချက်ချ....(မှန်ပါ) ရှင်းပြီနော်....(ရှင်း ပါပြီဘုရား)။

အဲဒီတော့ကို ဘာကျေးဇူးများသွားသတုံးလို့ မေးတဲ့အခါ ကျတော့မှ ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာကိလေသာဆိုတဲ့ ဦးမာဒင် ရေ... ဒီ ကိလေသာဝဋ်ကျွတ်ပြီ— (မှန်ပါ)။

ဒီ ကိလေသာဝဋ်ကျွတ်သွားတော့ကို ဒိဋ္ဌိကိလေသာနဲ့ ဝိစိ ကိစ္ဆာကိလေသာ တကာကြွယ်....ဘာဖြစ်သွားသတုံး.... (ကျွတ် သွားပါတယ်) ဒုက္ခချုပ်တာမြင်တဲ့ ပုဂ္ဂိုလ်များမှာလေ—(မှန်ပါ ဘုရား)။

ဝမ်းထဲမှာရှိတဲ့ ဒိဋ္ဌိကိလေသာနဲ့ ဝိစိကိစ္ဆာကိလေသာ ဦးမာ ဒင်....ဘာဖြစ်သွားသတုံး....(ကျွတ်သွားပါတယ်)ဪ... ကိလေ သာဝဋ်ကျွတ်သွားတယ်....(မှန်ပါ)။

ကိလေသာဝဋ်ကျွတ်ပြီးသကာလ သွားတော့ ဘုန်းကြီးတို့.... တကာတကာမတွေ ဤမျှလောက် အကျိုးခံစားရတယ်လို့.... မမှတ်ဘဲနဲ့ ဪ.. အပါယ်ရောက်စေတတ်တဲ့ ဝမ်းထဲမှာ ဘ၀

များစွာက လုပ်လာခဲ့တဲ့ ကံတွေ ဒို့မှာ ဒီဘဝသာ ဒီလိုဖြစ်နေတာ၊ ဝမ်းထဲမှာ အနုသယ သဘောနဲ့ ကိန်းနေတဲ့.... အပါယ်ရောက်တဲ့ ကံတွေပါ ဦးမောင်ကလေး ကျွတ်သွားပြီ...(မှန်ပါ) ဒါဖြင့် ကမ္မဝဋ်ကော....(ကျွတ်ပါတယ်)ကမ္မဝဋ်လဲ ကျွတ်တာဘဲ (မှန်ပါဘုရား)။

တကာတကာမတို့ သေသေချာချာ မှတ်ပါ၊ ကမ္မဝဋ်ကော... (ကျွတ်ပါတယ်ဘုရား)။

ဒီဘဝ မှားယွင်းထားတဲ့ အပါယ်သွားစေတတ်တဲ့ ကမ္မဝဋ်တွေ ဘာဖြစ်သတုံး....(ကျွတ်သွားပါတယ်ဘုရား)။

ဘဝများစွာက အကျိုးမပေးရသေးဘဲနဲ့ အပါယ်ရောက်စေတတ်တဲ့ ကံတွေ အနုသယသဘောနဲ့ ဝမ်းထဲကိန်းနေတဲ့ ကမ္မဝဋ်တွေကော....(ကျွတ်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် တကာတကာမတို့ ကမ္မဝဋ်ကျွတ်တယ် ဆိုကတည်းကလဲ စိတ်အေးရပြီ....(မှန်ပါ) မအေးရဘူးလား-(အေးရပါပြီဘုရား)။

ကဲ .... ဝိပါကဝဋ်ကျွတ်- မကျွတ်ကိုလဲ တခါစဉ်းစားတော့ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး ရောက်ရသေးလား.... (မရောက်ရပါ) အပါယ်လေးပါး ခန္ဓာပေါ်သေးရဲ့လား .... (မပေါ်ပါ)အဲဒါက ဝိပါကဝဋ်ကျွတ်တာ....(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ သေသေချာချာပြောချင်တာက ဒိဋ္ဌိ ဝိစိကိစ္ဆာက ကိလေသဝဋ်....(မှန်ပါ)

ဝမ်းထဲမှာ ယခုဘဝ မသိမလိမ်မာလို့ မိုက်မဲထားတဲ့ အကုသိုလ်ကံတွေက ဘာဆိုကြမလဲ....( ကမ္မဝဋ်ပါဘုရား ) သေသည်၏အခြားမဲ့၌ အပါယ်ကောင်ဖြစ်ရမှာက (ဝိပါကဝဋ်ပါဘုရား)။

ဩော်....ဒါဖြင့် ဒုက္ခအဆုံးမြင်တဲ့ ပုဂ္ဂိုလ်များ ဒီဝဋ်သုံးပါးကျွတ်တယ်....(မှန်ပါဘုရား)။

ဒုက္ခအဆုံးမြင်တဲ့ပုဂ္ဂိုလ်များ....(ဒီဝဋ်သုံးပါးကျွတ်ပါတယ်) ဝဋ်သုံးပါးကျွတ်သွားတယ်လို့ သေသေချာချာမှတ်ပါ....(မှန်ပါဘုရား)။

အဲဒီတော့ ဆရာဘုန်းကြီးက ဒီနေ့ ဒါကို အရေးတကြီးအခုပြောနေတယ်....(မှန်ပါ)ပဋိစ္စသမုပ္ပါဒ်ထဲက ဝဋ်သုံးပါးကိုအရေးတကြီးပြောနေတာ ဘယ်နှယ်ကြောင့် ပါလိမ့်မတုံး ဆိုတော့ ဒီတကာဘကာမတွေလဲ ဒီဝဋ်သုံးပါးက မကျွတ်သေးလို့ တကာတကာမတွေ ဒုက္ခချုပ်တာကို မမြင်သေးတဲ့ပုဂ္ဂိုလ်များ-မကျွတ်သေးဘူး.. (မှန်ပါဘုရား)။

ဒုက္ခချုပ်တာ မမြင်သေးတဲ့ ပုဂ္ဂိုလ်များ....(မကျွတ်သေးပါဘုရား)။

ဒါဖြင့် မကျွတ်သေးတဲ့ပုဂ္ဂိုလ်သည် ငါသေလို့ရှိယင်ဖြင့် စိတ်မှချရပါ့မလားဆိုတဲ့ စိတ်ကလေးဟာ ဝမ်းထဲမှာရှိနေတယ်-(ရှိပါတယ်) ငါသေလို့ရှိယင် စိတ်မှချရပါ့မလားဆိုတဲ့ နှလုံးမသာယာမှုကလေးရှိတယ်....(မှန်ပါဘုရား)။

ငါတော့ဖြင့် ထိုက်တန်သလောက်တော့ လှူထားတာဘဲ၊ ထိုက်တန်သလောက်တော့ ပေးထားတာဘဲဆိုတော့ အပါယ်မှ

စိတ်ချရပါ့မလားဆိုတဲ့ စိတ်ကလေးဟာက နှလုံးမသာယာမှု ကလေးရှိတတ်တယ်... (ရှိပါတယ်) သဘောကျပလား....(ကျပါ ပြီဘုရား)။

အဲဒီတော့ ကိုယ့်ဟာကိုယ် ဒုက္ခချုပ်တာကို ဝိပဿနာဉာဏ် အဆုံး မဂ်ဉာဏ်လာလို့ တကာ့တကာမတွေ့က မြင်ပြီးတဲ့အခါ ကျတော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချရမယ်....(မှန်ပါ့)။

ကိုယ့်ဟာ ကိုယ်ဆုံးဖြတ်ချက်ချရမယ်၊ ငါတော့ဖြင့်ဟော့-ဒုက္ခ လဲ ကျွတ်ပြီ သေသေချာချာမြင်တာဘဲ-ဒုက္ခလွတ်တဲ့နေရာကို.... (မှန်ပါ့)ဒါဖြင့် မြင်တဲ့ဉာဏ်ဟာ မဂ်ဉာဏ်ဘဲ, ဖိုလ်ဉာဏ်ဘဲလို့ တကာသစ်-ကိုယ်တိုင် ဆုံးဖြတ်ချက်ချ.. (မှန်ပါ့ဘုရား)။

ကိုယ်တိုင် ဆုံးဖြတ်ချက်ချပြီးသကာလ ထားတော့ ခုနင်က နှလုံးမသာယာမှုကလေး ငါသေယင် အပါယ်ရောက်ဦးမှာလား ဆိုတာ ဒီပုဂ္ဂိုလ်မှာ ဘယ်တော့မှ မပေါ်ဘူး...(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ဩော် .. ဒါဖြင့် ကိုယ့်သန္တာန်မပေါ်လာကတည်းက ကိုယ့် အလုပ်ဖြင့် ခရီးပေါက်လို့ဆိုတဲ့ဥစ္စာ ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

ကိုယ့်သန္တာန် မပေါ်ကတည်းက ကိုယ့်အလုပ် ခရီးပေါက် လို့ဆိုတဲ့ဥစ္စာ ဦးမာဒင်တို့၊ ဦးမောင်ကလေးတို့ ကျေကျေ နပ်နပ် သဘောကျပသလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးသည် ဒီဥစ္စာကို ယနေ့ စ,ပြီးသကာလ ပြောရပါလိမ့်မလဲလို့ မေးတဲ့ အခါ

ကျတော့မှ ရှင်အာနန္ဒာက ဘုရားကိုသွားသွားလျှောက်တယ်.... (မှန်ပါ) ရှင်အာနန္ဒာက ဘယ်သူသေပြန်ပြီဘုရား့ ဘယ်သွားသတုံးတဲ့....(မှန်ပါဘုရား)။

ဘယ်သူသေပြန်ပြီဘုရား့ ဆိုတော့ ဟာ-သူကကွာ * အောက်က နေရာ မလည်တော့ပါဘူး ဖြေရတယ်....(မှန်ပါဘုရား)။

ဟာဒီ-ပုဂ္ဂိုလ်ဘော့ဖြင့်ကွာ ကုမရဘူးဟော့-အပါယ်လေးပါး ရောက်သွားရှာတယ်....(မှန်ပါ) ဆိုတော့ ဘုရားက ၄၅-ဝါ နေတော့ ဦးမာဒင်ရေ မေးလုံးတွေကလဲ သေမည့်လူတွေနည်းပါ့မလား....(မနည်းပါဘုရား)။

မနည်းတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေရတာ ပင်ပန်းတယ်....(မှန်ပါဘုရား)။

ဘာဖြစ်လို့ပါလိမ့် – ( ဖြေရတာ ပင်ပန်းပါတယ်ဘုရား ) သေမှာက နည်းသလား....(မနည်းပါ) သေမှာက မနည်းတော့ တကာတကာမတို့ အင်မတန်ပင်ပန်းရှာတယ်....(မှန်ပါဘုရား)။

အင်မတန် ပင်ပန်းရှာတော့ ညီတော်အာနန္ဒာ· မင်းလူသေတိုင်း ငါ့ကိုလာပြီးမေးနေမယ်ဆိုယင် ငါ့မှာတရားဟောချိန်နဲ့ နှလုံးသွင်းချိန်နဲ့ မင်းဟာ အခက်ကြီးပါကွာ၊ အဲဒါ့ကြောင့် မင်းကို ငါ မှန်တချပ်ပေးထားပါ့မယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာပေးထားမလဲ.... (မှန်တချပ် ပေးထားပါမယ်) အဲဒီမှန်ထဲကို ကိုယ်တိုင်ကြည့်လိုက်ယင်သိပါတယ်တဲ့.... (မှန်ပါဘုရား)။

---

* အောက် အပါယ်သံသရာဆိုသည်။

ကိုယ့်မှန် ကိုယ်ကြည့်တော့ တကာတကာမတွေ မှည့်ရှိတယ် တင်းတိပ်ရှိတယ်ဆိုတာ သူများမေးရသလား၊မှန်ကပြောသလား (မှန်ကပြောပါတယ်)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ မင်းကိုလဲကွာ မှန်ကလေးတချပ် ငါပေးထား ပါ့မယ် ဆိုပြီးသကာလ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်မှာကွာ သူ့မှန်နဲ့ သူရှိပါတယ်ကွာတဲ့၊ သူ့ဟာနဲ့သူ သိပါတယ်၊ မင်းက ငါ့ကိုလာလာပြီး မေးမနေပါနဲ့ သူ့ကိုမှန်တချပ်ပေးတဲ့သဘော နဲ့ မှန်ရထားပါတယ်တဲ့....(မှန်ပါ့ဘုရား)။

တခါတည်း ဖြစ်ပျက်တွေ ဆုံးပြီးသကာလ သွားတော့ ဖြစ် ပျက်ဆိုတာ ခန္ဓာနေ၁်... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဆိုတာ....(ခန္ဓာပါဘုရား)ဒါတွေဟာ ဉာဏ်အောက် တွင်ဘဲ ဦးမာဒင်တို့၊ ဦးမောင်ကလေးတို့ ဆုံးသွားတယ် .... (မှန်ပါ့ဘုရား)။

ဆုံးသွားတော့ ခန္ဓာရှိသေးရဲ့လား....(မရှိပါ)ခန္ဓာဘာသစ္စာ တုံး...(ဒုက္ခသစ္စာပါ) ဪ ဒုက္ခသစ္စာကို ပရိညေယျနဲ့ပိုင်း ခြားပစ်ခဲ့တယ်....(မှန်ပါ့ဘုရား)။

ပရိညေယျနဲ့ ပိုင်းခြားပစ်ခဲ့တော့ နောက်စိတ်က ဘာမြင် ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဖြစ်ပျက်မရှိတာဘဲ မြင် တော့တယ်....(မှန်ပါ့ဘုရား)။

နောက်စိတ်က ဘာမြင်ပါလိမ့်မတုံး.... (ဖြစ်ပျက်မရှိတာဘဲ မြင်ပါတယ်) ဖြစ်ပျက်မရှိတာဘဲ မြင်တော့တယ်ဆိုတာ တကာ တကာမတွေ သေသေချာချာမှတ်ပါ....(မှန်ပါဘုရား)။

နောက်စိတ်က ဖြစ်ပျက်မရှိတာမြင်ရော၊ သူ့နောက်က လာတဲ့ စိတ်ကလဲ ဦးမာဒင် ဖြစ်ပျက်မရှိတာဘဲ မြင်တယ် .... (မှန်ပါ့ဘုရား)။

နောက် ဒီအလုပ်ခွင်က မထမခြင်းဆိုကြပါစို့....( မှန်ပါ့ ) ဣရိယာပုထ် မပြောင်းမခြင်း ဖြစ်ပျက်မရှိတာဘဲ မြင်နေတယ်.... (မှန်ပါ့ဘုရား)။

ဩော် .... ဒါဖြင့် နေရာကျပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ရပြီဆိုပြီး ဒီနေရာကဘဲ အလုပ်သိမ်းတော့မယ် ဆိုပြီး ထလာတယ်....(မှန်ပါ့ဘုရား)။

ထလာလို့ရှိယင် သူ့စိတ်ထဲမှာ သူများမမေးရတော့ဘူး.... (မှန်ပါ့ဘုရား)သူများ မမေးရတော့ဘူးတဲ့ ငါသည် ဧကန်ကိုဘဲ ဖြစ်ပျက်တွေဆုံးတဲ့နေရာမြင်ပြီ၊ဒါ့ကြောင့် ငါတော့ဖြင့် သေယင် အပါယ်ဘေး ဝိနိပါတဘေးဆိုတဲ့ ပရမ်းပတာကျတဲ့....ဘေး တော့ဖြင့် ငါ့မရောက်ဘူးဆိုပြီ သူ့စိတ်ထဲ သူပျော်လာတယ် (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခုနင်က တကာတကာမတွေ့ ရပြီးသွားက ပြောတဲ့ သူ့ဝမ်း ထဲမှာ သူပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား) သဘော ကျပလား.... (ကျပါပြီဘုရား) သူများပြောလို့လား- သူ့ဟာ သူ ဆုံးဖြတ်ချက်ချနေတာလား.... (သူ့ဟာသူ ဆုံးဖြတ်ချက် ချ နေတာပါဘုရား)။

အဲဒါ့ကြောင့် ဒီဟာ သူ့ဟာသူ ဆုံးဖြတ်ချက် ချပါတယ် ကွာ၊ သူ-နိဗ္ဗာန်တည်း... ဟူသော မှန်ကိုမြင်ရတဲ့အတွက် သူ၏

သန္တာန်မှာ အပါယ်လေးပါး ကျစေတတ်တဲ့စိတ် မရှိဘူးဆိုတာ သူ့ဟာသူ သိပါတယ်ကွ၊ မင်းက ငါ့ကို လာလာ မေးမနေပါနဲ့တဲ့...(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြီးဦးမာဒင်တို့· ဦးမောင်ကလေးတို့· တကာကြွယ်တို့·တကာသစ်တို့ အားလုံးပေါ့လေ၊ သူများမမေးပါနဲ့.... (မှန်ပါ့) ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်အောင် လုပ်ဖြစ်အောင် လုပ်ပါဆိုတဲ့ဥစ္စာ သူများမေးမနေပါနဲ့ ကြာတယ်.... (မှန်ပါဘုရား)။

ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီးသကာလ အေးရအောင် ဒီဟာဖြင့် အကြီးတကာ့အကြီးဆုံးဘဲ၊ အကြီးဆုံးအရေးဘဲဆိုတဲ့ ဥစ္စာဖြင့် ဘာမှ ဆရာဘုန်းကြီးပြောစရာ မလိုဘူး....( မှန်ပါ့ ) လိုသေးသလား ..(မလိုပါဘုရား)။

အဲဒီလို မလိုတာကိုလဲ သိရမယ်၊ ကိုယ့်ဟာကိုယ်လဲ ကိုယ့်မှန်နဲ့ ကိုယ်ကြည့်ပြီး ကိုယ့်ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချနိုင်လောက်အောင်လဲ ဘုရားက မှန်တချပ်ပေးထားတယ်....(မှန်ပါ့)။

မင်း·ဒုက္ခချုပ်တဲ့ဆီသာ မြင်ပါစေကွာ၊ မင်း·အပါယ်လေးပါးတော့ လုံးဝ မရောက်ပါဘူးတဲ့....(မှန်ပါ့ဘုရား) ငါပြောတာ အသာထား၊ မင့်စိတ်ထဲကို ဒါ·မြင်လိုက်ယင် သြော်.... ငါ· အပါယ်လွတ်ပြီဆိုတာ ပေါ်လာတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ငရဲ ပြိတ္တာ တိရစ္ဆာန် အသူရကာယ်ဆိုတဲ့ အပါယ် လေးပါးတော့....(လွတ်ပါပြီဘုရား) မရောက်တော့ဘူးဆိုတာ ကိုယ့်ဟာ

ကိုယ် ဆုံးဖြတ်ချက်ချတယ်....၊ သူများပြောလို့ မဟုတ်ဘူး.... (မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒါသည် တရားမှန်လို့ မှတ်ထားလိုက်စမ်းပါ... (မှန်ပါ)။

ဒီနေ့ ဘာတရားဟောပါလိမ့်....(တရားမှန်ကို ဟောပါတယ်ဘုရား) အေး...မှန်တရားကို ဟောတယ်လို့ မှတ်ထားလိုက်စမ်းပါ....( မှန်ပါ ) မှန်တရားဆိုတာက ပြင်ကြရမည့် ပုဂ္ဂိုလ်တွေ၊ သွားကြရမည်ပုဂ္ဂိုလ်တွေ ရှိပြီးသကာလနေတော့ မှန်တချပ်စီ ပေးလိုက်မှ တကာကြွယ် တည့်တယ်နော်....(မှန်ပါ)။

မှန်တချပ်စီ...(ပေးလိုက်မှ တည့်ပါတယ်ဘုရား)။

မှန်တချပ်စီ ဘယ့်နှယ်ကြောင့် ပေးသတုံး... ဆိုတော့ ဆရာသမားနဲ့ဝေးရှော၊ သူ့မှန်ကလေးသူကြည့်ပြီးတော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချတယ် (မှန်ပါ) ဆရာသမားက ပြောစရာလိုသေးသလား....(မလိုပါဘုရား)။

လိုသေးသလား... (မလိုပါဘုရား) ခင်ဗျားတို့ကော....(တည့်ပါတယ်ဘုရား) ဘယ်သွားတာ တည့်တာတုံး.... (သုသာန်သွားတာ တည့်ပါတယ်ဘုရား) သုသာန်အသေသွားတာ တည့်တယ်-(မှန်ပါ)။

ကျုပ်တို့က ဖြေနေတာဟာ တဏှာ့ကိစ္စကြောင့် ဖြေနေတာ....(မှန်ပါ)။

ဖြေးဘာဟာ ဘာကိစ္စကြောင့်လဲ.... (တဏှာ့ကိစ္စကြောင့်ပါဘုရား)။

တကာကြွယ် ဒါ....ဘုန်းကြီးပြောတာ သေသေချာချာမှတ်နော်....(မှန်ပါ) ခင်ဗျားတို့ အလုပ်ကန့်ကွက်တာနဲ့ တူနေတယ်· (မှန်ပါ) ဖြေးဖြေးမှ လုပ်မယ်ပြောတာလဲ... (တူပါတယ်ဘုရား) တနေ့နေ့ ကြိုးစားမယ်ဆိုတာကော....(တူပါတယ်ဘုရား) သာခု ခေါ်ထိုက်တဲ့တရားမဟုတ်ဘူး....(မဟုတ်ပါဘုရား)။

ဦးမာဒင် သာခု ခေါ်ထိုက်ကဲ့လား.... ( မခေါ်ထိုက်ပါ ) ဆင်ခြေလဲနေတာက တနေ့နေ့လုပ်မယ်, ဖြေးဖြေးလုပ်မယ်ဆိုတာ ခင်ဗျားတို့ ဉာဏ်က ပြောတယ်ထင်သလား·တဏှာက ပြောတယ် ထင်သလား....( တဏှာက ပြောပါတယ်ဘုရား ) သေခြင်းဆိုး တွန်းနေတဲ့တဏှာက ပြောတာ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူက ပြောတာပါလိမ့်.... ( တဏှာက ပြောတာပါ ) သေခြင်းဆိုး တွန်းတဲ့တဏှာက ပြောတာ ဖြစ်နေသောကြောင့် ခင်ဗျားတို့က တဏှာ့စကား မယောင်ပါနဲ့....(မှန်ပါ)။

တကာတကာမတို့ ဘယ်သူ့စကားတုံး.... ( တဏှာ့စကား မယောင်ရပါဘုရား)။

တဏှာ့စကားကို တကာကြွယ် ယောင်လို့ တော်ပါ့မလား· ( မတော်ပါဘုရား ) တဏှာ့အဖေါ်တွေ ပြောတဲ့စကားကော ယောင်လို့ တော်ပါ့မလား .. (မတော်ပါဘုရား)။

ကိုယ့်ဝမ်းထဲက တဏှာက ဖြေးဖြေးတရက်တော့ လုပ်တာပေါ့ကွာ၊ ဒီကိစ္စကလေးက ရှုပ်နေသေးတယ်၊ မလွဲသာဘဲကိုးကွ၊ မရှောင်သာဘဲကိုကွ...ဆိုပြီး တဏှာက ဝမ်းထဲကနေပြီး ဆင်ခြေလဲနေတာ၊ တဏှာက ဆင်ခြေလဲတယ်... (မှန်ပါ)။

တကျော့အဖေါ်တွေကလဲ တကာတကာမတွေ အကူအညီပေးသေးတယ်....(မှန်ပါဘုရား) တကျော့အဖေါ်တွေက ဘာတုံး-သားကလေးက တကျော့အဖေါ်ကလေးဗျ - (မှန်ပါ)။

အင်း... သားကလေး နေမကောင်းလို့.... (မှန်ပါ) အင်း.... သူက တကျော့၏အဖေါ်.... (မှန်ပါ)။

သူမကောင်းလို့ ကိုယ်ကလဲ အသေတော့ အမြန်ခိုင်းမယ်၊ အလုပ်တော့ ရပ်ဦးမယ်ဆိုတော့ ခန္ဓာကိုယ်က ရပ်ပါ့မလား.... (မရပ်ပါဘုရား) သားမမာလို့ သူရပ်ပါ့မလား.... ( မရပ်ပါ ) သမီးကလေးက နေရာမကျသေးလို့၊ ခန္ဓာက ရပ်ပါ့မလား.... (မရပ်ပါဘုရား)။

ဒါတွေ ကြပ်ကြပ်စဉ်းစားပါ....၊ ခင်ဗျားတို့ အဲဒါတွေက တကျော့၏ ချော့စရာ, မော့စရာ အရပ်တွေလို့ မှတ်ထားပါ.... (မှန်ပါဘုရား)ခင်ဗျားတို့တည်းဟူသော ခလေးတွေကို တကျော့က သားရပ်, သမီးရပ်ကလေးတွေနဲ့ ချော့လိုက်တာနဲ့လဲ တကာတကာမတွေ အသေစောတတ်တယ်.... (မှန်ပါ)။

သေသေချာချာ ပြောနေတယ်နော်... (မှန်ပါဘုရား)တကျော့ ကောက်ကျစ်တာ သိယင် နိဗ္ဗာန် ရောက်တယ်ဆိုလို့ သေသေချာချာ ပြောနေပါတယ်.... (မှန်ပါ)။

ဒါဖြင့် ဝမ်းထဲက ကန့်ကွက်တာက တကျော့.... (မှန်ပါဘုရား) သားတွေ,သမီးတွေ ကန့်ကွက်တာက တကျော့က ဝယ်ပေးတဲ့ ကျုပ်တို့ကို ချော့တဲ့အရပ်.... (မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကျုပ်တို့က ခလေးနဲ့တူတယ်၊ ခလေးငိုတော့ အမေမိဘက အရုပ်ဝယ်ပေးရသလို... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာက ခင်ဗျားတို့ကို သားရုပ်၊ သမီးရုပ်ကလေးတွေ တည်ထောင်ပေးထားတယ်....(မှန်ပါ)။

ဒါကလေးတွေဟာ နင်မရှိယင် ဘယ့်နှယ်လုပ်ပါ့မလဲ· နင်မရှိယင် ဘယ့်နှယ်လုပ်မလဲ....(မှန်ပါ)။

ဒါကလေးတွေ လူလားမြောက်ပြီးသကာသ လူချင်းတူဘို့အရေးဟာလဲ မင်းအရေးမဟုတ်ဘူးလား.... ( မှန်ပါဘုရား ) အရုပ်ပြပြီး ချော့တယ်....( မှန်ပါ ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တကာ့တကာ့မတွေ့ မပါးလို့ ဖေါ်နေရတာ....( မှန်ပါ ) ခင်ဗျားတို့ကလဲ ရင်သွေးတခုနဲ့ ရပ်နေတာ....( မှန်ပါ ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ်က ဘာနဲ့ရပ်ရပ်နေသလဲ.... ( ရင်သွေးတခုနဲ့ ရပ်ချပ်နေပါတယ်ဘုရား )ဘယ်မှာလဲ ခင်ဗျား ရင်သွေး·ရင်းသွေး· ရင်သွေးနဲ့ လုပ်မနေပါနဲ့ဦး ..(မှန်ပါ)။

မိန်းမလဲ မဟုတ်ဘူး၊ မိန်းမဖြင့်လဲ နို့တိုက်ရတယ်ဆိုတော့ ရင်သွေးဆိုရသေးတယ်....(မှန်ပါ) ယောကျ်ားတာတော့ ဘာမှ မဆိုင်ဘူး၊ ရင်သွေးလုပ်မနေနဲ့....(မှန်ပါဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဘယ်ကမျှား တကာကြွယ်တို့ ဒီစကား ကူးလာပါလိမ့်မလဲ- မိန်းမတွေဆီက ကူးလာတာ...( မှန်ပါ ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ကိုယ့်ရင်သွေးဆိုတော့ မဖြစ်သေးဘူး ဘုရားကိုး....(မှန်ပါ) ဖြစ်မှဖြစ်ရပလေ။

ကဲ....တကာတကာမတို့ ဒီဥစ္စာတွေက တဏှာတည်းဟူသော အမိသည် ခင်ဗျားတို့ကို သားရုပ်,သမီးရုပ်တည်းဟူသော အရုပ်ကလေးတွေနဲ့လဲ ခင်ဗျားတို့ကို ချော့ထားတယ်... ( မှန်ပါ ) ခင်ဗျားတို့၏ သေလမ်းစောသွားမှာကိုလဲ အလွန်ကြောက်စရာကောင်းတယ်...(ကောင်းပါတယ်ဘုရား) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ခင်ဗျားတို့ အမေမိဘက တဏှာ.... ( မှန်ပါ ) သဘောကျပလား.... (ကျပါပြီဘုရား) သားကလေးတွေ သမီးကလေးတွေ ပြပြီးတော့ မချော့ဘူးလား....(ချော့ပါတယ်ဘုရား)။

သူက အတွင်းကနေပြီး ကန့်ကွက်တာက တမျိုး၊ သားရုပ်ကလေးတွေ, သမီးရုပ်ကလေးတွေ ပြပြီးချော့တာက တမျိုး... (မှန်ပါ) ဆိုတော့ တကာတကာမတွေလဲ တဏှာ့ကျွန်သမားတွေဖြစ်နေတော့ သူကိုယ်တိုင်ပြောတာ ယုံလိုက်.... ( မှန်ပါ ) သူပေးထားတဲ့ အရုပ်ကလေးတွေနဲ့ ပြပြီးသကာလ မေ့လိုက်.... (မှန်ပါ)။

ဘယ့်နှယ်လုပ်ကြမတုံး၊ တကာကြွယ် ဘယ့်နှယ်လုပ်မတုံး၊ မပြောပါနဲ့တော့ဘုရား၊ မိုက်လုံးက ကြီးလွန်းလို့... (မှန်ပါဘုရား) ဆိုထိုက်,မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားမယ် ဆိုတော့ "ပလိဗေါဓေါ မဂ္ဂါမိဂမဿ နိဝရဏံ"....(မှန်ပါ)။

ဗလိဗေါဓေါ=တဏှာဆိုတဲ့ ပလိဗောဓတရားသည်၊ မဂ္ဂါမိဂ မဿ=မဂ်ရခြင်းကို၊ နိဝရဏံ =တားမြစ်တတ်၏.... ( မှန်ပါ ) တကာတကာမတို့ ဘယ်လောက် ကြောက်စရာကောင်းသဘုံး.... (ကောင်းပါတယ်ဘုရား) မဂ်ဉာဏ်ဖိုလ်ဉာဏ်တားမြစ်တယ်.... (မှန်ပါ)။

သူကိုယ်တိုင် ဝမ်းသဲက တားမြစ်လို့မရယင် သားရုပ်သမီး ရုပ်နဲ့.... ( တားမြစ်ပါဘယ်ဘုရား ) ချော့ပြီး တားမြစ်တယ်.... (မှန်ပါ) အံမာလေး....ကြောက်စရာကြီးပါလား.... (ကြောက် စရာကြီးပါဘုရား)။

သူကိုယ်တိုင် တားမြစ်လို့မရယင်.... (သားရုပ်, သမီးရုပ်နဲ့ တားမြစ်ပါတယ်ဘုရား)။

ဒါနဲ့မှချော့မရလို့ရှိယင် ဆွေမျိုးတွေနဲ့ချော့ဘယ်....(မှန်ပါ ဘုရား) မင့်ဆွေမျိုးတွေ မင်းမရှိယင် မင်း-မဒဘာက်ပံ့ယင် ဘယ့်နှယ်လုပ်မတုံး....(မှန်ပါ)။

မင်းဘဲ လူဘယောက်လုပ်နေတာ မင့်ဘဲ အကုန်မှီနေကြတာ မင့်လုပ်သားတွေ ဘယ့်နှယ်လုပ်မတုံး.... (မှန်ပါ) အဲဒါတွေလဲ ကြည့်ဦးမှပေါ့-ရှုဦးမှပေါ့....(မှန်ပါ) ဟာ....အရုပ်ပေါင်း များ စွာနဲ့ ချော့ပြန်ပြီ....( မှန်ပါ ) ဘယ်သူပါလိမ့်.... (တဏှာပါ ဘုရား)။

မရိပ်မိဘူး တကာတကာမတွေက ဖြန့်းကနဲ မရိပ်မိဘူး.... (မှန်ပါ့) လက်ညှိုးသာထိုးနေတာဘဲ၊ ဒီဥစ္စာတွေဟာ တပည့်တော်မရှိယင် ဘယ့်နှယ်လုပ်မလဲဘုရာ့....ဆိုပြီးသကာလ တော်တော့ ဘုန်းကြီးများဖြင့် ဟုတ်ပါ့-မှန်ပါ့တောင် လိုက်ရဦးမလိုကျနေတာ... (မှန်ပါ့) အံမာလေး... ကြောက်စရာကြီးပါလား- (မှန်ပါ့)။

တကာတကာမတွေပြောတယ်၊ လိမ်ထားတာကလဲ လိမ်တဲ့နောက်ကို ဆရာသမားက ဟုတ်ပါ့- မှန်ပါ့ လိုက်မယ်ဆိုယင် တကာကြွယ် သွားရောပေါ့.... (သွားပါပြီဘုရား) ဆရာအဖြစ်ကော ရောက်သေးရဲ့လား....(မရောက်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးများကတော့ဖြင့် အရင်းအနှီးတွေဖြစ်နေတဲ့ တကာတကာမတွေ ခင်ဗျားတို့ ချော့ပြန်ပြီနော်.... မပျော့နဲ့....(မှန်ပါ့) တားရတယ်....( မှန်ပါ့ ) မတားရပေဘူးလား....(တားရပါတယ်ဘုရား)။

ဝမ်းထဲကနေ တမျိုးတားလိုက်.... (မှန်ပါ့) ပြင်ဘက်ကဟာတွေပြပြီး (တမျိုးတားပါတယ်ဘုရား) တမျိုးပြပြီးတားလိုက်၊ မမာတာတွေပြပြီးသကာလ....(တားပါတယ်ဘုရား)။

မင်းမာတော့ ဖိလုပ်တာပေါ့၊ မမာတုန်းတော့ ပေါ်လျှော့လျှော့ပေါ့... (မှန်ပါ့ဘုရား) အောင်း... ဒါလဲ ဘယ်သူထင်သတုံး.... (တကျော့ပါဘုရား) ခန္ဓာခင်တဲ့တကျော့... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တနေ့ကို တကာကြွယ် သူ တရားပေါင်းဘယ်လောက် ဟောသတုံး… (မရေတွက်နိုင်ပါဘုရား) တကာကြွယ် ဘယ်နှစ်ခါ နာရသတုံး….(မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်အောင် နာရတယ်… (မှန်ပါ) အံမာလေး…. ကြောက်စရာကြီးပါလား တကာတကာမတို့ (မှန်ပါ)။

ဘုန်းကြီးကလဲ တနာရီဘဲပြောနိုင်တယ် ဟင်…. ( မှန်ပါ ) သူက တနေ့ ဘယ်နှစ်နာရီပြောပါလိမ့်…. ( မရေတွက်နိုင်ပါ ) မရေမတွက်နိုင်တဲ့ နာရီတွေဟာ သူ့လက်အောက်မှာ ရောက်နေတယ်…. (ရောက်နေပါတယ်ဘုရား) ရိပ်မိပလား… (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သံသရာရှည်တယ်ဘုရား….တပည့်တော်တို့ သံသရာလဲ မရှည်ချင်ပါဘူးဆိုတဲ့ဥစ္စာ သံသရာ ရှည်ချင်တဲ့ပုဂ္ဂိုလ်ဟာ သူ့ကြောင့် ရှည်ရတယ်… (မှန်ပါဘုရား) မရှည်ချင်ဘူးဆိုယင် သူပြောတဲ့စကား လုံးဝနားမထောင်နဲ့….(မှန်ပါ)။

မင်းက နေမကောင်းဘူးလို့ မင်းက တားပြန်တယ်၊ မနေဘူးကွာ… မဂ်ဉာဏ်မပေါ်အောင် လုပ်လိုက်မယ်….(မှန်ပါ) သားကလေးတွေ, သမီးကလေးတွေကလဲ နေမကောင်း,ထိုင်မသာ ရှိနေတော့ အို….သူ့ဟာသူ ရှိချင်ရှိ-မရှိချင်နေ၊ အရုပ်ပြပြီး မချောနဲ့ဟေ့….(မှန်ပါ) အံမာ…ကိုယ်က မာရမှာ…. (မှန်ပါဘုရား)။

မာရပါမလား…( မမာရပါဘုရား ) ဘယ်မမာရတဲ့အပြင် မျက်ရည်ကလေး သုတ်ကာ-သုတ်ကာနဲ့ တောင် လာသေးတယ်

(မှန်ပါ) အတော်ကြောက်စရာကောင်းတဲ့လူတွေ.... ( မှန်ပါ ) သဘောပေါ်ရဲ့လား....(ပါ-ပါတယ်ဘုရား)။

တဏှာက လှည့်စားလိုက်တာကို ခင်ဗျားတို့က အဟုတ်မှတ်ပြီးသကာလ ဦးလှဘူး့ရေ— ပြောများ ပြောလိုက် သေးတယ်.... (ပြောခဲ့ပါတယ်ဘုရား) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

အရုပ်ကလေးပြတာနဲ့ ဘာဖြစ်ရသလဲ....(ပြောပါတယ်ဘုရား) အရုပ်ကလေးက မျက်နှာညှိုးပြလိုက်၊ မျက်စိကလေး နာပြလိုက်- (မှန်ပါဘုရား) ဟုတ်လား....နာကလေး စေးပြလိုက်လို့ ရှိယင်ဖြင့် ဦးမာဒင်ကြီးတို့ တခါတည်း ပြောထွက်သွားတာဘဲ.... (ပြောပါတယ်ဘုရား) ဘာကြောင့် ပြောသွားတာတုံး....(တဏှာလှည့်စားလို့ပါဘုရား) အရုပ်ပြလိုက်လို့.... ( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူပိုင်တဲ့အရုပ်လဲ၊ ကိုယ်ပိုင်တဲ့ အရုပ်လား၊ တဏှာက ဒါတွေ မင်းမရှိယင် မဖြစ်ဘူးလို့ သူလုပ်ထားတဲ့အရုပ်လား— (တဏှာက လုပ်ထားတဲ့အရုပ်ပါဘုရား)။

ဩော်— ဒါဖြင့် သူလုပ်ထားတဲ့အရုပ်နဲ့ ခင်ဗျားတို့က တခါတည်း မျက်ရည်ကြီးငယ်ကျမယ်၊ တကာတကာမတို့က ပြောပြောသလဲ ဖြစ်ရမယ်ဆိုတဲ့ဥစ္စာသည် တကာတကာမတွေ 'ဖျင်း' လို့ ဖြစ်လိမ့်မယ်....(မှန်ပါ)။

ဘာလို့ ဆုံးဖြတ်ချက်ချမလဲ....(ဖျင်းလို့ပါဘုရား) တကာကြွယ် ဘယ်နှယ်တုံး...(ဖျင်းလို့ပါဘုရား)။

ဖျင်းလို့... (မှန်ပါ) ဘယ်လောက်ဖျင်းဘူးသတုံး.... (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူး၊ ဒါဟာ ဒီဆရာနဲ့တွေ့လို့မှ မပါးလို့ရှိယင် ဦးမာဒင်တို့ ဦးမောင်ကလေးတို့ ဘယ်တော့မှ မပါးဘူးဆိုတဲ့အဓိပ္ပါယ် ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ဒါ....အခုကြည့်လေ၊ ကိုယ်တိုင်ဖျက်လို့မရယင် အရုပ်ပြဖျက်တယ်....(မှန်ပါ) သဘောကျပလား....( ကျပါပြီဘုရား ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုယ်တိုင် သူ့ဝမ်းထဲကနေပြီးသကာလ တခါတည်း အမျိုးမျိုး ကန့်ကွက်တယ်၊ မင်းသွားစရာတွေ့ လာစရာတွေ့ ပြောစရာတွေ့ ဆိုစရာတွေ့ ဝယ်စရာတွေ့ ခြမ်းစရာတွေ့ နည်းတာတွေ မဟုတ်ဘူး..( မှန်ပါ ) ဒါက ကိုယ့်စိတ်ကူးနဲ့ ကိုယ့်တဏှာက ကိုယ့်ဖျက်ချတယ်.... (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူ ဒါနဲ့ မရပြန်ဘူးဆိုလို့ရှိယင် အကြီးအကျယ် ကန့်ကွက်တဲ့ စစ်ကူသွားရှာတာဘဲ....( မှန်ပါ ) မရှာဘူးလား.... (ရှာပါတယ်ဘုရား) ရှာဘယ် တကာကြွယ်ရ - (မှန်ပါ)။

တခါတလေမျာ စီးပွားရေးကလဲ လုသာတုန်း ဗိုင်းငင်မှ.... (မှန်ပါ) အင်း....ဘာလုပ်ပြန်တာတုံးဗျ၊ လုသာတုန်း ဗိုင်းငင်လိုက်တဲ့ တကာကြွယ်ရ၊ ဘယ်သူကပြောတာတုံး ...( တဏှာက ပြောတာပါဘုရား)။

အင်း... ဟုတ်သားဘဲနဲ့ ခင်ဗျားတို့က ခေါင်းငြိတ်မျာလိုက်သွားယင် ကျွန်ဖြစ်မယ်သာစိတ်ကူးပေတော့...(မှန်ပါ) သဘောပါရဲ့လား...(ပါ-ပါတယ်ဘုရား)။

အဲဒါတွေ အိမ်မှာနေယင်လဲ ပါးရမယ်…(မှန်ပါ့ဘုရား)ဆရာ သမားဆီနေယင်ကော…. ( ပါးရပါမယ် ) ပါးရမယ်ဆိုတော့ မလှဲ့သာ-မလှဲ့သာဆိုတဲ့ဥစ္စာက ခင်ဗျားတို့က လူတဦးတယောက် ညှော်သည် အကြီးအကျယ် ရောက်လာတယ်ဆိုယင် တကာကြွယ် တို့က မလှဲ့သာလို့ ထည့်လိုက်တယ်….(မှန်ပါ့) တကယ်မလှဲ့သာ တာက သေလမ်းတာမှ မလှဲ့သာတာ…(မှန်ပါ့)မဟုတ်ဘူးလား… (မှန်ပါ့ဘုရား)။

သူ့ကိုညှော်ခံနေလို့ ဟိုဘက်က သေလမ်း အသွားကရပ်ကဲ့ လား…(မရပ်ပါ)မရပ်တော့ ဟိုဟာမှ မလှဲ့သာတာ …. (မှန်ပါ့ ဘုရား)။

မင့်လမ်းကိုဖြင့် ငါခြေမသွက်နိုင်ဘူးကွ၊ မင်းက မလှဲ့သာ အောင်လုပ်နေတယ်၊ လုပ်ပင်လုပ်ငြားသော်လဲ ကြားဖြတ် ငါ သည်ကားလို့ဆိုယင် မဂ်ဉာဏ်လမ်းနဲ့တားမယ်….(မှန်ပါ့) ဒီလို လုပ်ရမယ်… (မှန်ပါ့) ရှင်းပလား….(ရှင်းပါပြီဘုရား)။

ဘုန်းကြီးက တယူသန် ပြောနေတယ်လို့ တကာကြွယ်က ဆိုချင်သေးသလား-(မဆိုချင်ပါ) သွားမဆိုလိုက်နဲ့တဲ့ ဘုန်းကြီး ကို စွဲချက်တင်ယင် ခင်ဗျားတို့ အများကြီးလွဲမယ်….(မှန်ပါ့)။

ခင်ဗျားတို့ တဏှာပရိယာယ် နားထောင်တဲ့ပုဂ္ဂိုလ် တဏှာ၏ ချော့မော့မှုကို နားထောင်တဲ့ ပုဂ္ဂိုလ်ဟာ ဝဋ်လည်ချင်လို့မှတ်- (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်….(ဝဋ်လည်ချင်လို့ပါဘုရား)သူကကြည့် ပါလား တကာတကာမတွေ့ ဒီမှာမသိတဲ့ အဝိဇ္ဇာနဲ့ တဏှာက ကျုပ်တို့ပုတုဇန်မိုက်ကို လှည့်တယ်….(မှန်ပါ့ဘုရား)။

မသိတဲ့ အဝိဇ္ဇာနဲ့ တဏှာက ပုထုဇဉ်မိုက်ကို ဘယ့်နှယ်တုံး—(လှည့်ပါတယ်ဘုရား)။

ဘယ်လိုလှည့်လိုက်သတုံးလို့ မေးတဲ့အခါကျတော့ မင့်ကိုယ် မင်းလုပ်ကျွေးမှ ရမှာပေါ့ကွ၊ မင်းက လူ့ပြည်လာပြီးသကာလ သူများ အောက်ကျ နောက်ကျနေရပြန်လဲ မင်းမကောင်းဘူး ဆိုပြီးသကာလ တဏှာကနေပြီး နေ့တိုင်းတရားဟောတယ် .... (မှန်ပါ့)သဘောကျပလား... (ကျပါတယ်ဘုရား)။

တဏှာကဘာတုံး... (နေ့တိုင်း တရားဟောပါတယ်)နေ့တိုင်း တရားဟောတယ် ဒီခန္ဓာကြီးကို မင်းဟာ လူရယ်လို့ဖြစ်လာလို့ ရှိယင် လူ့အောက်ကျမှာတော့ ကြောက်၊ အပါယ်ကျမှာ မကြောက်နဲ့.... (မှန်ပါ့)ဒီကျအောင်ဟောလိုက်တယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်များ ဟောသတုံးပြောကြစမ်းပါဦး- (လူ့အောက် ကျမှာတော့ ကြောက်ပါ၊ အပါယ်ကျမှာမကြောက်နဲ့လို့ဟော ပါတယ်ဘုရား) တော်တော် ရဲရဲတင်းတင်းဟောတဲ့ လူနော်.... (မှန်ပါ့ဘုရား)။

အခု တကာတကာမတွေလဲ ဘုန်းကြီးက စကားတတ်လို့ ပြောတယ်လို့ တကာကြွယ်က ဒီလိုမယူနဲ့....(မယူပါဘုရား)ဒီလို မယူနဲ့တဲ့ ခင်ဗျားတို့ ဒီအတိုင်းဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

ဩော်.... ဒီနားမှာ အိမ်နားမှာ နေကြ, ထိုင်ကြတဲ့ အထဲမှာ ဘယ်အိမ်မှ ဒို့ဆားတလျှက်ဆိုသလို တောင်းရပြုရတာမရှိဘူး ... (မှန်ပါ့ဘုရား)။

အကယ်၍ဒီလို အလုပ်အကိုင်တွေချို့တဲ့ပြီးသကာလ သူတော်ကောင်း အလုပ်တွေလုပ်နေမယ်ဆိုယင် လူ့အောက်မကျပေဘူးလား....(မှန်ပါဘုရား)။

အင်း... ဒါ ဘယ်သူ့အသံထင်ကြသလဲ .... (တကာ့အသံပါ) သူက လူ့အောက်ကျမှာ အဓတော်စိုးရိမ်တယ်... (မှန်ပါ)။

သူခိုင်းလို့ လူ့အောက်ကျမှာ အကြောက်ခိုင်းလို့ ကျုပ်တို့က သူ့စကားလဲ နားထောင်လိုက်ရော အပါယ်ကျတာဘဲ.... (မှန်ပါ)သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ လူ့အောက်ကျတာနဲ့ အပါယ်ကျတာနဲ့ဘယ်ဟာကြောက်စရာကောင်းသတုံး (အပါယ်ကျတာကြောက်စရာကောင်းပါတယ်ဘုရား)။

သို့သော်လဲ ခင်ဗျားတို့အမိကထားတာက ဘယ်ဟာကြောက်သတုံး....(လူ့အောက်ကျမှာကြောက်ပါတယ်ဘုရား)။

ခက်ပြီ....တကာကြွယ်... ဒါက အတည့်ပြောတာ.... (မှန်ပါ) အားလုံးဖြစ်စဉ်က ဒီအတိုင်းဖြစ်နေတယ်.... (မှန်ပါ) ရှင်းကြရဲ့မဟုတ်လား... (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ကျပါစေတဲ့ ဘုန်းကြီးတို့ တကာတကာမတွေ ဘာပြစ်မှမရှိဘူး....(မှန်ပါ) ဟိုဟာက တက်လမ်းရှိရဲ့လား ... (မရှိပါဘုရား) အပါယ်လေးပါးဆိုတာ... ( တက်လမ်းမရှိပါ ) တက်လမ်းမရှိဘူးဆိုတော့ တကာတကာမတို့ သူ့ကိုကြောက်စရာကောင်းတယ်....(မှန်ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးပြောတဲ့ စကားဟာ ဘုရားဟောတဲ့ စကားလို့ တကာတကာမတွေက မှတ်ပြီးသကာလ လူ့အောက် ကျတာအရေးမကြီးနဲ့....(မှန်ပါ့) အပါယ်ကျမှာ....(အရေးကြီး ပါတယ်ဘုရား)။

အဲဒါကြောင့် တဏှာက မင်းလူ့အောက်ကျသွားလိမ့်မယ်၊ မင်းတို့အတူတူကြည့်စမ်း အိမ်ထောင်ကျတုန်းကလဲ အတူတူ၊ အခု သူတို့ဘယ်လောက်ထောင်တက်သွားသတုံး၊ မင်းမှာ ဒီလို ဟိုလိုနဲ့ ရှုံးတီးယားတား သူတော်ကောင်း ယောင်ယောင်နဲ့.... (မှန်ပါ့)အံမာ...သူက ဒီလိုဟောတာ...(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သူတော်ကောင်း ယောင်ယောင်နဲ့ မင်းလုပ်မနေနဲ့၊ အခု မင့်မှာ ဘယ့်နှယ်ဖြစ်နေသတုံးတဲ့....(မှန်ပါ့)အင်း...တကာကြွယ် ဟောပြီ....(ဟောပါပြီဘုရား)။

ဘယ်သူကဟောသတုံး... ( တဏှာက ဟောပါတယ်ဘုရား) တကာကြွယ်က ဘယ်လိုတုံး ခေါင်းငြိတ်လိုက်သလား...(ခေါင်း ငြိတ်လိုက်ပါတယ်)အံမာသေး-ကြောက်စရာကြီးပါလား တကာ တကာမတို့..(မှန်ပါ့)အဲဒါ ကိလေသဝဋ်က ဟောတာ(မှန်ပါ့) ကဲ-ပေါ်ပြီ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာက ခန္ဓာကြီးကို- မင်း... ယောကျ်ား အခုလုပ်ထားတာက အဝိဇ္ဇာက မသိအောင်လုပ်တာ

အဝိဇ္ဇာက· ယောကျ်ားတယောက်ကွ ဆိုတာက ဘယ်သူက လုပ်ထားတာတုံး....(အဝိဇ္ဇာက လုပ်ထားတာပါ) ယောကျ်ားတို့ အစွမ်းဟာ သေကာမှလျော့ရတယ် - (မှန်ပါ)ဘယ်သူက ဟောတာတုံး....(တဏှာကပါ) တဏှာက ဟောတယ်....(မှန်ပါ)။

တဏှာကဟောတယ်၊ အဝိဇ္ဇာက ယောကျ်ား မဟုတ်တာ ယောကျ်ားလုပ်ထားတယ်....(မှန်ပါ) ဒုက္ခသစ္စာကြီး ဘာလုပ်ထားသတုံး.... ( ယောကျ်ားလုပ်ထားပါတယ် ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အင်း.... ယောကျ်ားမဟုတ်တာကို ယောကျ်ားလုပ်ထားတာက တကာကြွယ်တို့ မောင်ဘသော်တို့ ကဲ.... ဘယ်သူထင်ကြသတုံး· (အဝိဇ္ဇာပါဘုရား)။

ယောကျ်ားတယောက်ဖြစ်လို့ ရှိယင် ယောကျ်ားပီပီ မင်းသည်ကားလို့ ဆိုယင်ဖြင့် သူများလို စွမ်းစွမ်းတမန်ဟုတ်လား(မှန်ပါ) မရ-ရကြောင်းရှာပြီး သကာလ ဆင်ပါလားကွ၊ ပြင်ပါလားကွ၊ လူ့အောက်မကျအောင် .... (မှန်ပါ) အင်း.... ဘယ်သူက ဟောသတုံး .... (တဏှာကဟောပါတယ်ဘုရား)။

အဝိဇ္ဇာက ယောကျ်ားလုပ်သမား....( မှန်ပါ ) တဏှာက ယောကျ်ားဖြစ်ခဲ့လို့ ရှိယင် ယောကျ်ားပီပီ လုပ်မှ· ကိုင်မှဘဲ.... (မှန်ပါ) ဘယ်သူက ဟောပြန်သတုံး.... (တဏှာကဟောပါတယ် ဘုရား)။

ယောကျ်ားမဟုတ်တာကို ယောကျ်ားဖြစ်အောင် လုပ်လိုက်တာက အဝိဇ္ဇာ....(မှန်ပါ) ယောကျ်ားဖြစ်ခဲ့လို့ ရှိယင်ဖြင့်ကွာ·

ယောကျ်ားတို့ စွမ်းအားသည် တိမ်ကိုတောင် ဆွတ်ရတယ် .... (မှန်ပါ) မဆွတ်နိုင်တာတောင် အဆွတ်ခိုင်းနေတယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီကျွေအခေါင်ဘဲ တခါတည်း တဏှာက တရားဟောတော့ တကာတကာမတွေ ကိလေသဝဋ်ဒုက္ခ်ခုဟာ ဘယ်လောက်များကြီးသလဲ....(ကြီးပါတယ်)ဒါ နောက်ကပါလာတာလား၊ အခုမှ ပေါက်ပွားလာတာလား....(အခုမှပေါက်ပွားတာပါဘုရား)။

အဲ... ပစ္စုပ္ပန်ဘဝမှာ ပေါက်ပွားတာ....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) ပစ္စုပ္ပန်ဘဝမှာ ကိလေသဝဋ်ဒုက္ခ်ခု ပေါ်လာတယ်....(မှန်ပါ)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ပစ္စုပ္ပန်ဘဝမှာ....(ကိလေသဝဋ်ဒုက္ခ်ခုပေါ်လာပါတယ်ဘုရား) ကိလေသဝဋ်ဒုက္ခ်ခု၊ကြည့်စမ်း-ယောကျ်ား လုပ်တာက ဘယ်သူတုံး (အဝိဇ္ဇာပါဘုရား)။

ယောကျ်ားဆိုယင် မလျှော့နဲ့ကွ၊ သေတာမှလျှော့ရတယ်လို့ ခိုင်းစေနေတာက ဘယ်သူတုံး....(တဏှာပါ)အင်း.... ပေါ်လာပြီ တကာတကာမတို့....(မှန်ပါ) အခုမှပေါ်လာတယ် .... (မှန်ပါဘုရား)

ခင်ပွန်းတို့ကလဲ ဒီဥစ္စာကို သောကကြီးထဲမှာ ဘေးကလူကလဲ အဝိဇ္ဇာသမား....(မှန်ပါ)ကိုယ့်ခင်တဲ့ လူကလဲ တဏှာသမား (မှန်ပါ) သူတို့က လက်ခုတ်တီးပေးလိုက်တဲ့ အခါကျတော့.... ဟာ... ဒီလမ်း မသွားပါနဲ့၊ အို....ယောကျ်ားကွတဲ့.... အဝိဇ္ဇာ ကလေ....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကမ္မဝဋ်ပေါ်လာတယ်… (မှန်ပါ) ကိလေသဝဋ်ကြောင့် ဘာ-တုံး… (ကမ္မဝဋ်ပေါ်လာပါတယ်ဘုရား) ရှင်းပလား…. (ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့… ကိလေသဝဋ်ကြောင့် အဝိဇ္ဇာတဏှာကြောင့် ကမ္မဝဋ်ပေါ်လာတယ်… (မှန်ပါ) အဝိဇ္ဇာ တဏှာက ဘာဝဋ်ပါလိမ့်….(ကိလေသဝဋ်ပါဘုရား)။

ကာယကံ ဝစီကံ….(ကမ္မဝဋ်ပါ) ကာယကံနဲ့ လုပ်မယ်ကွ…. ဝစီကံနဲ့ ပြောမယ်ကွ….(မှန်ပါ) သူများလဲ ပါးစပ်နဲ့ ကိုယ်လဲ ပါးစပ်နဲ့ ပြောမယ်… (မှန်ပါ)။

ကာယကံနဲ့လဲ လူများလဲ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တာဘဲကွ၊ ငါလဲ ပခုံးနှစ်ခုကြား ခေါင်းပေါက်တာဘဲ ကာယကံနဲ့ လုပ်မယ်…(မှန်ပါ)အင်း….ကံနှစ်ခု ပေါ်လာတယ်… (မှန်ပါဘုရား)။

ဒီကံနှစ်ခုက အလိုလိုပေါ်တာလားတဲ့…. တကာတကာမတို့ ကိလေသဝဋ်ကြောင့် ပေါ်တာလား …. (ကိလေသဝဋ်ကြောင့် ပေါ်တာပါဘုရား) ရှင်းပလား… (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဘက်က ကိလေသဝဋ်…. (မှန်လှပါဘုရား)ဒီဘက်က ကမ္မဝဋ်….(မှန်ပါ)။

ကဲ… ဒါဖြင့် ဒီလိုလုပ်ကိုင်ရင်းဘဲ ကာယကံ ဝစီကံတွေနဲ့ လုပ်ရင်း ကိုင်ရင်းဘဲ ဝိပဿနာဉာဏ် မပါဘူး ဦးမာဒင်ရေ….(မှန်လှပါဘုရား)။

သေကြစို့ဆိုတော့ ခန္ဓာငါးပါး ပေါ်လာတယ်….(မှန်ပါ) မပေါ်လာဘူးလား….(ပေါ်လာပါတယ်)ခန္ဓာငါးပါးက လုပ်-

ရင်း ကိုင်ရင်း သေသွားတော့ အပါယ်ခန္ဓာငါးပါး ပေါ်လာတယ်... (မှန်ပါ)။

ဒါက အကျိုးပေးလိုက်တယ်....(မှန်ပါ)လုပ်ရင်း ကိုင်ရင်းက နေပြီး အကျိုးပေးလိုက်တယ်၊ ဒါက ဝိပါကဝဋ်....(မှန်ပါ)ပေါ် ပလား....(ပေါ်ပါပြီ)တွဲမိသွားပြီ....(မှန်ပါ)။

တဏှာတဏှာမတွေ ပစ္စုပ္ပန်ဘဝမှာ အဝိဇ္ဇာနဲ့ တဏှာက ဘာပါလိမ့်-(ကိလေသဝဋ်ပါ)သူမျှားလို လုပ်ကိုင်၊ ပြောဆိုမယ် ဆိုတာက... (ကမ္မဝဋ်ပါ)သေသည်၏ အခြားမဲ့၌ အပါယ်ဘုံကြီး ဖြစ်လာတာက....(ဝိပါကဝဋ်ပါဘုရား)။

ကိုင်း တဏှာတဏှာမတို့ ကိလေသဝဋ်ကြောင့် ဘာဝဋ်ဖြစ် လာသတုံး .. (ကမ္မဝဋ်ဖြစ်ပါတယ်)ကမ္မဝဋ်ကြောင့်....(ဝိပါကဝဋ် ဖြစ်ပါတယ်)ဝိပါကဝဋ် ဖြစ်လာတယ်... (မှန်ပါ)။

ဦးမာဒင်ရေ...စာနဲ့ ကိုက်ပလား (ကိုက်ပါပြီဘုရား)။

အဲဒါ တဏှာတဏှာမတွေ ကြည့်ပါ၊ ဟိုထဲမှာ ဝဋ်သုံးပါး သေသေချာချာပါတယ်။ အခုပြောတာကို နားလည်အောင် လုပ်ပါ... (မှန်ပါ)။

ကဲ ...ဒါဖြင့် ဒါ အခုဟာက ၁-၂-၃-ဘဲရှိသေးတယ် (မှန် လှပါ)လည်ပြီးပြီးမယ်....(မှန်ပါ) တဏှာတဏှာမတို့ လည်ပြီး ပြီးမယ်တဲ့...။

ကဲ... ဒါက ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်....(မှန်ပါ ဘုရား)ကမ္မဝဋ်ကြောင့် - (ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား)။

ဝိပါကဝဋ်ထဲမှာ တခါတည်း ဘာတွေ ပေါ်လာပြန်သတုံး ဆိုလို့ရှိယင် ရောက်ရာဘဝမှာ ကိုယ့်ကိုယ် ကိုယ်ခင်တဲ့ တဏှာ

ပေါ်လာတယ်....(မှန်ပါ) ကိုယ့်ကိုယ်လို့ထင်တဲ့ အဝိဇ္ဇာကလဲ.... (ပေါ်ပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ ဝိပါကဝဋ်ထဲက ဘာဝဋ် ပေါက်ပွားလာသတုံး....(ကိလေသဝဋ်ပေါက်ပွားပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိလေသဝဋ် ပေါက်ပွါးပြန်တော့ တကာတကာမတို့ ဒီနှစ်ခုဟာ ကာယကံ၊ ဝစီကံနဲ့ အော်လား၊ ငင်လားနဲ့ အပါယ်လေးပါးမှာ မလုပ်ပေဘူးလား.... (လုပ်ပါတယ်ဘုရား) နောက် အပါယ်မှ လွတ်ချင်တဲ့ကုသိုလ်တွေ လုပ်ချင်တဲ့ စိတ်တွေကော မပေါ်ပေဘူးလား.... ( ပေါ်ပါတယ်ဘုရား ) အင်း.... အဲဒါတွေက ဘာတွေပါလိမ့်မတုံး....(ကမ္မဝဋ်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကမ္မဝဋ်ကြောင့် ဒီဘက်မှာ ကဲ.... လူ့ပြည်ရောက်လာတဲ့ လူခန္ဓာငါးပါးဆိုတော့ ဝိပါကဝဋ်မလာဘူးလား.... ( လာပါမယ်ဘုရား) လာလို့ရှိယင် သူက တကာတကာမတွေက မှတ်လိုက်ပါ... တဲ့ ကိလေသဝဋ်နဲ့ ကမ္မဝဋ်က မင်း... လူဖြစ်လာပြီ အဝိဇ္ဇာက.... ( မှန်ပါ ) ရုပ်နာမ်ဖြစ်လာတာကို လူ့ဖြစ်လာပြီ ပြောပြီ (မှန်ပါ)။

ဒါဖြင့်... မင်း လူဖြစ်လာလို့ရှိယင် လူလိုနေမှ တော်မယ် စီးပွားရှာ (မှန်ပါ) ကိုယ့်ကိုယ်၊ကိုယ်ခင်မှပေါ့ကွ...တိရစ္ဆာန်မှ မဟုတ်ဘဲ....( မှန်ပါ ) အင်း.... သူတို့နှစ်ခု အဝိဇ္ဇာနဲ့ တဏှာ

ရောက်ပြီ..( ရောက်ပါပြီဘုရား ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဝိဇ္ဇာနဲ့တဏှာ ရောက်လာတော့ ကိလေသဝဋ် နှစ်ခုရှိလာတော့ ကဲ.... လူချင်းတူအောင် လုပ်မှာဲဆိုတော့ ကာယကံ, ဝစီကံ,ကမ္မဝဋ်ကော....(ပေါ်ပါတယ်ဘုရား)။

ကမ္မဝဋ်ဖြစ်လို့ရှိယင် ဝိပါကဝဋ်ဆိုတဲ့ ခန္ဓာကြီးဟာ ဒီဘက်ပြန်မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား) ကဲ....တကာတကာမတို့ ဆုံးပါ့မလား..(မဆုံးပါဘုရား)။

ကိလေသဝဋ်ကြောင့်....(ကမ္မဝဋ်ဖြစ်ပါတယ်ဘုရား) ကမ္မဝဋ်ကြောင့်.... ( ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား ) ဝိပါကဝဋ်ထဲကဘာတွေ ပေါက်ပွါးလာသတုံး....(ကိလေသဝဋ်တွေ ပေါက်ပွါးပါတယ်ဘုရား)။

အဲဒီ ကိလေသဝဋ်ကြောင့် နောက် ဘာဖြစ်ပြန်သတုံး... (ကမ္မဝဋ်ဖြစ်ပါတယ်ဘုရား) ကမ္မဝဋ်ကြောင့် ဘာလာပြန်သတုံး ( ဝိပါကဝဋ်လာပါတယ်ဘုရား ) ဝိပါကဝဋ်ဆိုတဲ့ ခန္ဓာကြီးပေါ်တယ်.... ( မှန်ပါ့ ) ဝိပါကဝဋ်ဆိုတဲ့ ခန္ဓာထဲက ဘာတွေပေါက်ပွါးပြန်သလဲ.... (ကိလေသဝဋ်ပေါက်ပွါးပါတယ်ဘုရား) ကိလေသဝဋ်ကြောင့် ဘာဖြစ်ပြန်သတုံး....(ကမ္မဝဋ်ဖြစ်ပါတယ်) ကမ္မဝဋ်ကြောင့် ဘာဖြစ်ပြန်သလဲ.... ( ဝိပါကဝဋ်ဖြစ်ပါတယ် ) ဝိပါကဝဋ်ထဲ ဘာတွေ ပေါက်ပွါးပြန်သတုံး.... (ကိလေသဝဋ်တွေ ပေါက်ပွါးပါတယ်ဘုရား)။

ကဲ... ဂျာအေး သူ့ အမေရိုက်ပြီ.... (ရိုက်ပါပြီဘုရား) ရိပ်မိပလား တကာတကာမတို့.... (ရိပ်မိပါပြီဘုရား) ဒီ·သီချင်း ဆုံး [illegible]ဦးမသွား....(မဆုံးပါဘုရား)။

အဲဒါလောက် ခင်ဗျားတို့ သံသရာမှာ တပည့်တော် ဘယ်လို နေခဲ့ပါလိမ့်မတုံးဆိုတော့ ဤလိုဘဲသာ ပြောဘို့ရှိတော့တယ် — (မှန်ပါ့)။

သံသရာ ဘယ်လိုနေခဲ့ပါလိမ့်.... (ဤလိုနေခဲ့ပါတယ်ဘုရား) ကိလေသဝဋ်ကြောင့်.. (ကမ္မဝဋ်ဖြစ်ပါတယ်) ကမ္မဝဋ်ကြောင့်.... (ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား)။

ဝိပါကဝဋ်ထဲ ဘာတွေ ပေါက်ပွါးသလဲ.... (ကိလေသဝဋ် ပေါက်ပွါးပါတယ်) အဲဒီ ကိလေသဝဋ်ကြောင့်....(ကမ္မဝဋ် ဖြစ်ပါတယ်) ကမ္မဝဋ်ကြောင့်-( ဝိပါကဝဋ်ဖြစ်ပါတယ် ) ဝိပါကဝဋ်ထဲ ဘာတွေပေါက်ပွါးသလဲ.... ( ကိလေသဝဋ်ပေါက်ပွါးပါတယ်ဘုရား ) ကိုင်း.... ဆုံးပါ့ဦးမလား .... (မဆုံးပါဘုရား)။

[illegible]ဖြင့် တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံးဘုရား.. လို့ မေးလို့ရှိယင် အဝိုင်းပြေးနေခဲ့ရတယ်.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်(အဝိုင်းပြေးနေခဲ့ရပါတယ်ဘုရား) ထွက်ပေါက်ပါကြရဲ့လား.... ( မပါ-ပါဘုရား ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဝိုင်းပြေးနေခဲ့ရတာကို ဆရာဘုန်းကြီးမှဖြတ်မပေးလို့ရှိယင်

ဒီ-တကာတကာမတွေ ကိုယ်ကျိုးနည်းပြီ.... (နည်းပါပြီဘုရား) သေသေချာချာနည်းမယ်....(နည်းပါမယ်ဘုရား)။

ကိုင်း....ဒါဖြင့် အခု ရထားတဲ့ ခန္ဓာကြီးဟာ ဝိပါကဝဋ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) ဝိပါကဝဋ်ထဲက ထုံးစံအတိုင်းဆိုယင် ဘာပေါက်ပွါးရဦးမလဲ.... (ကိလေသဝဋ်ပေါက်ပွါးရပါမယ်ဘုရား)။

အဲ... သူ့ကို အသာချိတ်ထား၊ ကိလေသဝဋ် မပေါက်ပွါးရအောင် ကျုပ်တို့က တကာ တကာမတို့ ဒီခန္ဓာကြီးထဲက ကိလေသဝဋ်ပေါက်ပွါးလို့ ကျုပ်တို့ဖြင့် လည်ခဲ့ရတဲ့ အပတ်ပေါင်း မရေတွက်နိုင်ဘူး....(မှန်ပါ) နင့်အထဲကဖြင့် ကိလေသဝဋ် အပေါက်ပွါးမခံနိုင်ဘူး.... ( မှန်ပါ ) ကိလေသာဖြတ်တဲ့ ဉာဏ်သာလျှင် ပေါက်ပွါးစေရမယ်....(မှန်ပါ)။

ကိလေသာဖြတ်တဲ့.... (ဉာဏ်သာလျှင် ပေါက်ပွါးစေရမယ်) ဉာဏ်သာလျှင် ပေါက်ပွါးစေရမယ်ဆိုပြီး ဆရာဘုန်းကြီးက ခန္ဓာငါးပါးကို တကာတကာမတို့ လူမဟုတ်ဘူး၊ ခန္ဓာငါးပါးလို့ ဖျက်ပစ်လိုက်တယ်....(မှန်ပါ)။

လူမဟုတ်ဘူး-ဘာပါလိမ့် (ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါးလို့ ဖျက်ပစ်လိုက်တယ်၊ ဒါ.... ဆရာကောင်း လာတွေ့တာ....(မှန်ပါ)။

လူဆိုလို့ရှိယင်ဖြင့် အဝိဇ္ဇာက လာမယ်... (မှန်ပါ)လူဆိုလို့ရှိယင် ကိုယ့်ကိုယ်ကိုယ်ခင်မှပေါ့ဆိုတဲ့ တဏှာလာလိမ့်မယ်.... (မှန်ပါ)။

အဲဒီတော့ ဒါတွေ မလာအောင်ဆိုပြီး သကာလ တကာ တကာမတို့ သူပြောတဲ့ အဝိဇ္ဇာပြောတဲ့ လူဆိုတာလဲ မယုံနဲ့နော် .. (မှန်ပါ့) ကိုယ့်ကိုယ်လဲ မဟုတ်သောကြောင့် ခင်စရာလဲ မရှိဘူး... (မှန်ပါ့) အံမာလေး... မနည်းဖျက်ပစ်ရပါကလား.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဝိဇ္ဇာက ဟောထားတာကလဲ အသုံးမချနဲ့ တကာကြွယ်၊ လူလဲ မဟုတ်ဘူးနော်... ( မဟုတ်ပါဘုရား ) လူမဟုတ်တော့ ကိုယ့်ကိုယ် ကိုယ်ခင်စရာကော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) ဒါဖြင့် အဝိဇ္ဇာ့တဏှာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဝိဇ္ဇာ့တဏှာမရှိတော့ လူမဟုတ်ကြောင်းသိတာက ဝိဇ္ဇာ (မှန်ပါ့) ကိုယ့်ကိုယ်မဟုတ်လို့ ခင်စရာမရှိတာက တဏှာသေတာ....(မှန်ပါ့)။

အဲဒီတော့ တဏှာဟာ အခုဟာ အသိနဲ့သေတာဖြစ်တော့ အကျင့်နဲ့သေအောင် တခါလုပ်ဦး....(မှန်ပါ့)။

အသိနဲ့သေတာက ဉာတပရိညာ....(မှန်ပါ့) အကျင့်နဲ့ သေအောင် လုပ်ပါဦးဆိုတော့ ခန္ဓာကို ဝိပဿနာရှုပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ ဒါဖြင့် တကာ တကာမတို့ လူလဲပျောက်ပြီနော်.... (မှန်ပါ့) လူမဟုတ်မှန်းသိလာတဲ့အခါ ကိုယ့်ကိုယ်လဲ မဟုတ်တော့ဘူး.... ( မဟုတ်ပါဘုရား ) မဟုတ်တဲ့ အခါကျတော့ အဝိဇ္ဇာနဲ့တဏှာ ပါးမသွားဘူးလား.... ( ပါးသွားပါတယ် )

ပါးသည်ထက်ပါးအောင်ဆိုပြီး ဆရာဘုန်းကြီးက အသိနဲ့ ဟော ပြီး အကျင့်နဲ့ တခါ ဖြတ်ဦးတော့မယ်....(မှန်ပါ့)။

အကျင့်နဲ့ပြောတော့ ဒီအထဲမှာ တကာဘကာမတို့ လျှောက် ပြီး ဉာဏ်နဲ့စိုက်ထားစမ်း....(မှန်ပါ့) ခန္ဓာကို ဉာဏ်နဲ့ စိုက်စမ်း ပါဆိုပြီး ဟောလိုက်တယ်....(မှန်ပါ)။

ခန္ဓာ ဉာဏ်နဲ့ စိုက်လိုက်တော့ ခန္ဓာက ဟိုနေရာက ရှရှ၊ ဒီနေရာက ယားသလိုလို၊ ဟိုဟာကလေး ပေါ်လာသလိုလို ဒီဟာ ကလေး မြင်သလိုလို....(မှန်ပါ့)။

အဲဒီ့ ပေါ်လာတာကလေးတွေဟာ ဩော်...အခုမှပေါ်တာ ဆိုပြီး အကုန်ဖြစ်ပျက်ရှုပေး-(မှန်ပါ့)ယားတဲ့နေရာလဲ ယားတာ ဖြစ်ပျက်ရှု .. (မှန်ပါ့) စိတ်ကူးကလေးပေါ်လာပြန်ယင်....(စိတ် ကူးကလေး ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

စိတ်ကူးကလေးကို နောက်ဉာဏ်နဲ့ တကာတကာမတွေက လိုက်....(မှန်ပါ့) အကုန်ဖြစ်ပျက်ရှု ဒါတွေ ဖေါက်ပြန်တာတွေ ပေါ်လာတာ .. (မှန်ပါ့) ခန္ဓာဆိုတာ ဒီလိုဘဲ ဖေါက်ပြန်ပျက်စီး တာဘဲရှိတယ်ဆိုပြီး သကာလ ခန္ဓာထဲက ဘာပေါ်ပေါ် ရှုကြ (မှန်ပါ့ဘုရား)။

ပူလာယင်လဲ အပူရုပ်ရှုလိုက်....(မှန်ပါ့) အေးသွားပြန်ကော (အေးရုပ်ရှုရပါမယ်) အေးတာကလဲ အင်း .... ပူတာ အနိစ္စ ရောက်လို့ အေးတာဘဲဆိုပြီး ပေါ်လာတာသာ အကုန်ရှုချ - (မှန်ပါ့ဘုရား)။

ရှုချတော့ သူက ဖြစ်ပျက်-သူက မဂ်လာဖြစ်တယ်....(မှန်ပါ) မဂ်လာဖြစ်ကတည်းက ခုနင်က ကိလေသဝဋ်နှစ်ခုက ရှုမှုနဲ့ပြတ်တယ်....(မှန်ပါ) မပြတ်သေးဘူးလား (ပြတ်ပါတယ်) ကိုင်း.... ဒါဖြင့် ဒါက ဝိပဿနာဉာဏ်ဖြစ်သွားပြီ....(မှန်ပါဘုရား)။

ဝိပဿနာဉာဏ် ဖြစ်သွားပြီတဲ့၊ ကိလေသာဟာ ရှုမှုနဲ့လဲ ပြတ်ပြီဟာဆိုတော့ ခုနင်ကပြောတဲ့ အစဟောလာတဲ့ တရား ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကူးရမယ်....(မှန်ပါဘုရား)။

ဒါတွေဟာ ဖြစ်ပျက်တွေဘဲ ဖြစ်ပျက်တွေဘဲလို့ စွဲစွဲမြဲမြဲ ရှုပေး-(မှန်ပါ)ရှုပြီးသကာလ အနိစ္စတွေရှုပြီးသကာလ ဖျတ်ဆို သူ့ကိုမလိုချင်လို့ မုန်းလို့ သူဟာဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘဲ ဝိပါကဝဋ်ဒုက္ခသစ္စာ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝဋ်အားဖြင့် ဘာပါလိမ့် .. (ဝိပါကဝဋ်) သစ္စာအားဖြင့်.... (ဒုက္ခသစ္စာပါ) ဝိပါကဝဋ် ဒုက္ခသစ္စာလို့သာ မြင်အောင်ကြည့် (မှန်ပါဘုရား)။

ဖြစ်ပျက်တွေဟာ ဘာပါလိမ့် .... (ဝိပါကဝဋ် ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဝိပါကဝဋ် ဒုက္ခသစ္စာလို့ သေသေချာချာသိတော့ ဒီဒုက္ခကြီးကိုဖြင့် ကြည့်ရင်းမတ္တနဲ့ မလိုချင်လို့ရှိယင် ဒီဒုက္ခတွေ ဖျတ်ကနဲချုပ်သွားတယ်....(မှန်ပါဘုရား)။

ဒုက္ခငါးခုချုပ်တယ်.... (ချုပ်သွားပါတယ်) ချုပ်သွားတော့ ဒီမှာ မဂ်ဉာဏ်ဘဲကျန်ရစ်တယ် .. (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဝိပဿနာဉာဏ် ဟုတ်သေးရဲ့လား....(မဟုတ်ပါ) မဂ်ဉာဏ် ရောက်သွားပြီ....(မှန်ပါ) မဂ်ဉာဏ်ရောက်သွားပြီ၊ မဂ်ဉာဏ်လဲ

ဥပါဒ်ဌီဘင်ဆို ချုပ်သွားတာဘဲ....(မှန်ပါ့) ဒီကနေဖိုလ်ဉာဏ်တွေ ပေါ်လာတယ်....'ပေါ်လာပါတယ်ဘုရား)။

ဖိုလ်ဉာဏ်တွေပေါ်လာတော့လဲ သူဘာတွေနေသတုံးဆိုယင် အို... ဒုက္ခချုပ်တာဘဲမြင်တယ်... (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်ကကော... (ဒုက္ခချုပ်တာဘဲမြင်ပါတယ်)ဖိုလ်ဉာဏ်ကကော....(ဒုက္ခချုပ်တာဘဲမြင်ပါတယ်)နောက်သူလဲ ချုပ်သွားတာဘဲ....(မှန်ပါ့)သူလဲချုပ်သွားပြီးနောက် ပစ္စဝေက္ခဏာဉာဏ်ဆိုတဲ့ နောက်ဉာဏ်ပေါ်လာတယ်.... (မှန်ပါ့ဘုရား)ပေါ်ပေမဲ့ ဒီခန္ဓာက ရှိသေးရဲ့လား....(မရှိပါ)အင်း... ဒါဖြင့် ပစ္စဝေက္ခဏာဉာဏ်ကလဲ နိဗ္ဗာန်ဘဲမြင်တယ်....(မှန်ပါ့ဘုရား)။

အဲဒီလိုမြင်တော့မှ ဒီပုဂ္ဂိုလ်က ရှုနေတဲ့ပုဂ္ဂိုလ်က ပစ္စဝေက္ခဏာဉာဏ်လဲသိမ်းပြီး ကိုယ့်နေရာမှာကိုယ် ဆေးလိပ်ကလေးတောင်သောက်တဲ့အချိန် အမောအပန်းဖြေတဲ့ အချိန်မှာ ခုနင်ကပြောတာတွေ အကုန်ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ငါ အသါယ်မကျတော့ပါဘူးကွ၊ ပရမ်းပတာသွားစရာမရှိဘူးကွဆိုတာ သူ့စိတ်ထဲမှာကို သူပေါ်လာတယ် . ( မှန်ပါ့ ) ဘယ်သူ့မှ မေးယူလို့မဟုတ်ဘူး... (မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ကိုင်း... ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု ...သာဓု... သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
အနှစ်ထမ်းပြီး ပြန်မိကြအောင် ကြိုးစားကြရန်
( စူဠသာရောပမသုတ် )

# ည အလုပ်ပေးတရားတော်

( ၁၆ - ၄ - ၆၂ )

အားလုံး တကာတကာမတွေ တနေ့ကပြောတဲ့ တရားမှာ ခင်ဗျားတို့ လာခဲ့တာကလဲ အမိဝမ်းခေါင်းထဲက လာခဲ့ကြတယ် နော်....(မှန်ပါ့ဘုရား)။

အမိဝမ်းခေါင်းထဲမှာ ကိုးလ ဆယ်လတိုင်တိုင် နေခဲ့ကြရ၊ စားဘို့ဝတ်ဘို့ မပါခဲ့ပါဘူး၊အမေမိဘလုပ်·လုပ်သလို ကျင်ကြီး ကျင်ငယ် ကြားထဲမှာ နေခဲ့ရတယ် ဆိုသဖြင့် နေရတဲ့ နေရာ ဌာနသည် အင်မတန်မှ ကျဉ်းမြောင်းပြီးသကာလ နေသော ကြောင့် ဒုက္ခသစ္စာဘဲ· ဖြစ်စကိုက ဒုက္ခသစ္စာဘဲ။

အမိဝမ်းခေါင်းထဲမှာ နေဆဲခဏကို ဘာသစ္စာခေါ်ကြမလဲ (ဒုက္ခသစ္စာပါဘုရား)။

သြော် တကာတကာမတွေ ဘယ်ကမျှားစပြီး ဖြစ်လာပါ လိမ့်မတုံးလို့ မေးလို့ ရှိယင်ဖြင့်ဒုက္ခသစ္စာကစခဲ့တယ်လို့ မောင်နိုင် တို့ ဖြေရလိမ့်မယ်....(မှန်ပါ့) ဦးဘရှင်း ဘယ့်နှယ်ဖြေမတုံး ....

(ဒုက္ခသစ္စာက စ,ခဲ့ပါတယ်) ဒုက္ခသစ္စာက စ,ခဲ့တယ်လို့ဘဲ ဖြေရုံဘဲ… (မှန်ပါ့ဘုရား)။

ဩြော်….အပြင်ဘက်ထွက်လာတယ်၊ တနေ့တခြား ရင့်ရော် အိုမင်းတာကလဲ အသင်အရှားဖြစ်နေတော့ ပြင်ဘက်ရောက် ပြန်တော့လဲ ဩော်…ဘယ်သစ္စာနဲ့ နေရပြန်သတုံးလို့ မေးပြန် တော့လဲ ဇရာဒုက္ခသစ္စာနဲ့ နေရတယ်နော်…(မှန်ပါ့ဘုရား)၊

ဖြစ်စကလဲ ဒုက္ခသစ္စာနဲ့ ပြင်ဘက်ရောက်လာလို့ လူလား မြောက်လာပြန်တော့ ဘာသစ္စာနဲ့နေရသတုံး…. (ဒုက္ခသစ္စာနဲ့ နေရပါတယ်) ဒုက္ခသစ္စာနဲ့ နေရတယ်လို့ မှတ်လိုက်တာပေါ့ နော်….(မှန်ပါ့ဘုရား)။

ဩော်-ဒီကရှေ့ငါတို့သည်ကားလို့ဆိုလို့ရှိယင် ဘယ်ရောက် အောင်များ ဒီခန္ဓာကြီးသွားနေဦးမှာတုံးလို့ မေးလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် နာတဲ့ဘက်အရောက်သွားနေတယ်…. (မှန်ပါ့ ဘုရား)။

နာတဲ့ဘက် အရောက်သွားနေတော့ အင်း …. ဒီခန္ဓာကြီးက ဒုက္ခသစ္စာကြီးထမ်းပြီးသကာလ ဒီထက်ကြီးတဲ့ ဒုက္ခဆီသွားနေ တယ်လို့ဆိုယင် လွဲပါ့မလား (မလွဲပါဘုရား)ကိုပေါ့… (မလွဲ ပါဘုရား) ဒီဒုက္ခသစ္စာကြီး ထမ်းသွားနေတယ်နော်….(မှန်ပါ့)။

အဲဒီနာတဲ့ ဒုက္ခသစ္စာကြီးတော့ တကာတကာမတွေ့က ဘယ် များ ဆက်လက်သွားမတုံးလို့ စိတ်ကူးကြသတုံးဆိုတော့ သေပွဲ ဒုက္ခသစ္စာဘက် သွားကြမှာဘဲ….(မှန်ပါ့ဘုရား)။

ဘယ်သွားကြမတုံး.... (သေပွဲဒုက္ခသစ္စာဘက် သွားကြမှာပါဘုရား)။

တခါ ဒီဒုက္ခတွေ ချုပ်ငြိမ်းအောင် ဘုန်းကြီးတို့ တကာတကာမတွေက မလုပ်ပြန်ပါဘူး၊လမ်းပေးမည့်လူလဲမရှိ၊ ကိုယ်ကလဲမလုပ်ဆိုလို့ရှိယင်ဖြင့်သေပြီးတော့တခါ ဦးဘရှင်းတခုခုသောဝမ်းထဲသော်ငင်း၊ ငရဲသော်ငင်း ဇာတိပြန်ရောက်မှာဘဲ·(မှန်ပါ) ရောက်တော့ ဘာသစ္စာဘက်ရောက်သတုံး .. (ဒုက္ခသစ္စာဘက်ရောက်ပါတယ်ဘုရား)မောင်နိုင်... လှည့်သွားတယ်....(လှည့်သွားပါတယ်ဘုရား)။

တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံး မေးလို့ရှိယင် သစ္စာတွေ လှည့်နေခဲ့တယ်ဟေ့....လို့ ဒါမှတပါးဖြေစရာ မရှိပါဘူး...(မှန်ပါ)။

တကာတကမတွေ နောက်က ဘယ်လိုနေခဲ့သတုံး .... (ဒုက္ခနဲ့နေခဲ့ရပါတယ်) ဒုက္ခတွေ လှည့်ပြီးသကာလ နေတယ်.... (မှန်ပါဘုရား)။

ဒုက္ခတွေ လှည့်ပြီးသကာလ နေတော့ လမ်းပြပေးမည့်လူလဲမရှိ၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ထုံးစံအတိုင်း သွားနေကြမယ်ဆိုလို့ရှိယင်လဲ ဒီလမ်းမှတပါး ပြောင်းတတ်တဲ့ဥာဏ်သဲ ပါမယ်မဟုတ်ပါဘူး....(မပါ·ပါဘုရား)။

မပါတော့ ဒီ ဒုက္ခလေးချက်က နေပြီးသကာလ အစ ဒုက္ခနဲ့နေလိုက်၊ အလယ်ဒုက္ခနဲ့ နေလိုက်၊အဆုံးဒုက္ခနဲ့ နေလိုက်၊ ပြန်

ပြီး ဒုက္ခ စ,လိုက်၊ ဦးအောင်ဇံဝေ ဒီအတိုင်း မနေဘူးလား.... (နေပါတယ်ဘုရား)။

ဒီအတိုင်းနေတော့ ဒုက္ခရှိလို့ရှိယင်ဖြင့် တကာတကာမတွေက အချိန်ရောက်ပါပြီတဲ့....ဒုက္ခလွတ်ရာကို ရှာဘို့ ဉာဏ်ကလေးများလဲ ခင်ဗျားတို့ ထုတ်ကြပါတော့ဆိုတာ ဦးဘုရင်း ပြောရတော့မယ်....(မှန်ပါ့)။

ကိုပေါ်....မပြောရဘူးလား.... (ပြောရပါတယ်) ဦးညိုကြီး ဒုက္ခလွတ်ရာကို ရှာပါတော့ ဆိုတဲ့ဥစ္စာ မပြောရပေဘူးလား.... (ပြောရပါတယ်ဘုရား)။

အဲဒါ ဒုက္ခလွတ်ရာ ရှာပါတော့ဆိုတော့ ဒုက္ခသိမှ ဒုက္ခလွတ်ချင်မှာဘဲ... (မှန်ပါ့)။

နောက်က တကာတကာမတွေ....(ဒုက္ခသိမှ ဒုက္ခလွတ်ချင်မှာပါဘုရား) ဒုက္ခသိမှ ဒုက္ခလွတ်ချင်မှာဘဲဆိုတာ သိကြပါတော့- (မှန်ပါ့)။

ဒါဖြင့် ဒုက္ခလွတ်အောင် ဘုန်းကြီးကဘဲ လမ်းပြပါတော့မယ်တဲ့... တကာတကာမတို့နော်....(မှန်ပါ့) ဒုက္ခလွတ်အောင်ဘဲ လမ်းပြပါတော့မယ်ဆိုတော့ကို ဒုက္ခရှိတာသိမှ ဒုက္ခလွတ်ချင်တဲ့ ဉာဏ် လာမှာ....(မှန်ပါ့)။

ကိုင်း ဒါဖြင့် ဒုက္ခရှိတာကို သိမှ ဒုက္ခလွတ်ချင်တဲ့ဉာဏ် လာမယ်ဆိုတာ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

ဦးဘုရင်း ..ဘယ်လိုမှတ်မယ်... (ဒုက္ခရှိတာသိမှ ဒုက္ခလွတ်ချင်တဲ့ဉာဏ် လာမှာပါ) ဒုက္ခရှိတာကို သိမှ ဒုက္ခလွတ်ချင်တဲ့ဉာဏ်

ပေါ်မယ်....(မှန်ပါ) ဒုက္ခရှိတာကို မသိတဲ့ ပုဂ္ဂိုလ် ဒုက္ခလွတ်ချင်တဲ့ဉာဏ် လာပါ့မလား....(မလာပါဘုရား)။

အဲဒီတော့ကို ဆရာဘုန်းကြီးက ပြောတော့မယ် တကာတကာမတို့ ခင်ဗျားတို့ရဲ့ တရားနာနေတဲ့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာတရားလို့ ပြောလိုက်တယ်....(မှန်ပါ)။

ဒါတွေ ဘာတရားပါလိမ့်....(ဒုက္ခသစ္စာတရားပါဘုရား)ဒုက္ခသစ္စာတရားတွေ....။

နောက်က တကာတကာမတွေ တရားနာနေတဲ့ ခန္ဓာငါးပါး ဘာတရားပါလိမ့်....(ဒုက္ခသစ္စာတရားပါ)ဒုက္ခသစ္စာတရားနော်··(မှန်ပါ)။

ဒုက္ခသစ္စာတရား .. ဇရာဒုက္ခနဲ့ နေရတာ တကြောင်း....(မှန်ပါဘုရား)ဒီ ခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိယင် ခဏခဏ ဖေါက်ပြန်, ခဏခဏပျက်စီး, ခဏခဏ ကျွေးရ-မွေးရ, ခဏခဏ ပြုပြင်ရ၊ ဉာဏ်နဲ့ ကြည့်လိုက်တော့ ခဏခဏ ပျက်နေတာဟာ ဘာသစ္စာဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ သိတော့မှ ဒီ သိတဲ့ဉာဏ် ပေးတော့မှ ဟာ .. ဒါ ဒုက္ခကြီးပါကလား....၊ဒို့ ဆုတောင်းယူထားလို့ရတာ ဒုက္ခကြီးပါကလား(မှန်ပါ)။

ဘယ်လိုဆိုကြပါ့မယ် (တပည့်တော်တို့ ဆုတောင်းယူထားလို့ရတာ ဒုက္ခကြီးပါဘုရား)။

ပြုပြင်ပြီးသကာလ ကိုယ့်ကိုယ်ကို ခင်နေတာကြီးဟာလဲ ဘာသစ္စာကြီးပါလိမ့်....(ဒုက္ခသစ္စာကြီးပါဘုရား)။

အင်း… ခင်တော့ ခင်နေကြတာဘဲ၊ ဘြဲ…တကာတကာမတို့ ဒုက္ခသစ္စာကြီး ခင်ဗျားတို့ ခင်နေကြတာသည် မသိလို့ဘဲလို့ ဆိုလိုက်ယင်ကော လွဲပါ့မလား….(မလွဲပါဘုရား)။

ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာရယ်လို့ မသိ-(မှန်ပါ)ခဏခဏ သေနေတာကြီးကိုလဲ ခဏခဏ သေနေတယ်လို့ မသိသောကြောင့် ခင်နေကြတယ်….(မှန်ပါ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီအမြင်ကိုဖြင့် မပေါက်-ပေါက်အောင် ပြောပြီးသကာလ ဘုန်းကြီးက ဆုံးမ ရမယ်….(မှန်ပါ)။

ခင်ဗျားတို့ကလဲ မမြင်-မြင်အောင် ကြည့်ရမယ်…. (မှန်ပါ) ကြည့်လဲ ကြည့်တာ အမှန်ပါဘဲ၊ မမြင်-မြင်အောင် ကြည့်တဲ့ ဥာဏ်ကိုလဲ ဘုန်းကြီးက ပေးရလိမ့်မယ်….(မှန်ပါ)။

ပေးလိုက်တဲ့ ဉာဏ်ကလေးနဲ့ ခင်ဗျားတို့ကလဲ မမြင်-မြင်အောင် ကြည့်ကြလို့ ရှိယင်ဖြင့် ဒီဒုက္ခသစ္စာကို မြင်လာမှာဘဲ…. (မှန်ပါ) မြင်လာလို့ရှိယင်ဖြင့်တဲ့ မျက်စိနှစ်ကွင်း အလင်းရပြီလို့ မောင်နိုင်က…မှတ်လိုက်….(မှန်ပါ)။

ရှိတဲ့ ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာအဖြစ်နဲ့ မမြင်သေးယင် မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ မှတ်ပါ….(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.. (မျက်စိနှစ်ကွင်း အလင်းမရသေးပါ) ဒုက္ခသစ္စာ မမြင်ယင် မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ မှတ်လိုက်စမ်းပါ….(မှန်ပါ)။

မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ ဦးဘသန်းကြီးတို့ မှတ်လိုက်၊ နားလည်တယ် မဟုတ်လား....ပေါက်က တကာကြီး ဟာလေ - (မှန်ပါ)။

မျက်စိနှစ်ကွင်း အလင်းမရသေးဘူးဆိုတာ ရှိတဲ့ ဒုက္ခသစ္စာကြီး ခဏခဏ ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ လဲနေတဲ့ ဖြစ်ပျက်ဆိုတာကြီး မမြင်သေးလို့ရှိယင်ဖြင့် မျက်စိနှစ်ကွင်း အသင်းမရသေးဘူးလို့ မှတ်လိုက်....(မှန်ပါ)။

ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ လဲနေတဲ့ ရုပ်နာမ်တို့ ပျက်လိုက်, အစားထိုးလိုက် - ပျက်လိုက်, အစားထိုးလိုက်ကို မမြင်သေးသရွေ့ ကာလပတ်လုံး မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ မှတ်လိုက်ပါ....(မှန်ပါ)။

ပျက်တာနဲ့ အစားထိုးတာ မမြင်သေးယင် ဘာတဲ့....(မျက်စိနှစ်ကွင်း အလင်းမရသေးပါဘုရား) မျက်စိနှစ်ကွင်း အလင်းမရသေးဘူးလို့ မှတ်လိုက်... (မှန်ပါ)အဲဒီတော့ အဲဒီမျက်စိနှစ်ကွင်း အလင်းမရသေးတဲ့ပုဂ္ဂိုလ်ဟာ သူသည် မွေးစတုန်းကလဲ မျက်စိနှစ်ကွင်း အလင်းမရခဲ့ဘူး၊ နောက်လဲ ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ အားမထုတ်လို့ မမြင်ပြန်ဘူး ဆိုတော့ ဒါနဲ့ဘဲ သေသွားရှာတယ်....(မှန်ပါ)ဩော်.... အကန်းကလေး မွေးပြီး အကန်းကလေး သေသွားတယ်လို့မှတ်လိုက်.... (မှန်ပါဘုရား)။

ဘယ်လိုဆုံကြမယ်....(အကန်းကလေးမွေးပြီးတော့ အကန်းကလေးသေသွားပါတယ်ဘုရား) နားလည်ပလား .... (မှန်ပါ) ကိုဝ ဘာတဲ့တုံး....(အကန်းမွေးပြီး အကန်းသေပါဘုရား)။

အကန်းမွေးပြီး အကန်းသေတယ်....( မှန်ပါ ) နောက်က တကာတကာမတွေ .... (အကန်းမွေးပြီး အကန်းသေပါတယ် ဘုရား)။

ဪ....ဒါဖြင့် နောက်ဘဝကျတော့ သူဘာကလေးမွေး မယ်ထင်သတုံး....( အကန်းကလေး မွေးမှာပါ ) နောက်ဘဝ ကျတော့ အခုလို သာသနာနဲ့မကြုံ၊ဆရာကောင်း-သမားကောင်း ကလဲ မျက်စိဖွင့်ပေးမည့်လူ မရှိတော့ ဘာသေ-သေဦးမှာတုံး.... (အကန်းသေ-သေဦးမှာပါဘုရား)။

ဒါဖြင့် ကျုပ်တို့ နောက်တုန်းက ဘယ်လိုနေခဲ့လို့ ဘယ်လို သေခဲ့ကြတယ်ဆိုတာဖြင့် နောက်ပြန်ကြည့်လိုက်လဲပေါ်ပါပြီ.... (ပေါ်ပါပြီ) ဘယ်လိုပေါ်ပါလိမ့် ...., (အကန်းကလေးမွေးပြီး အကန်းကလေးသေပါတယ်ဘုရား)။

အကန်းကလေးမွေးပြီး အကန်းသေ-သေခဲ့ကြတယ်ဆိုတာဖြင့် စကားကြီးကြီး ပြောလိုက်တယ်လို့ မယူဘဲနဲ့ ဦးညိုတို့ဖြစ်စဉ်ကိုက် ပြောလိုက်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်... ( ဖြစ်စဉ်ကိုက် ပြောလိုက်ပါတယ် ) ဖြစ်စဉ်ကိုက်ပြောတယ်လို့ မှတ်လိုက်တာပေါ့နော် .... (မှန်ပါ ဘုရား)။

ကဲ....ဒါဖြင့် ဒီဘဝမှာလဲ လမ်းပြပေးမည့် ဆရာကလဲ မရှိ၊ ခင်ဗျားတို့ မေးလာတာကအကန်း လမ်းပြပေးမည့် ပုဂ္ဂိုလ်ကလဲ မျက်စိနှစ်ကွင်း အလင်းရအောင် လုပ်ပေးမည့် ပုဂ္ဂိုလ်ကလဲ ကု သပေးမည့် ပုဂ္ဂိုလ်ကလဲ မရှိပြန်ဘူးဆိုတော့ ရှင်နေပေမဲ့လဲ အကန်းကလေး ရှင်နေတာ....(မှန်ပါ)။

ဘယ်လိုဆိုကြမယ်....( အကန်းကလေး ရှင်နေကြတာပါ ) အကန်းကလေး ရှင်နေတာ၊ သဘောပါပြကြလား....(ပါ-ပါပြီ ဘုရား)။

ဘာကလေးများ ရှင်နေတာတုံး...(အကန်းကလေး ရှင်နေ တာပါဘုရား)။

ဒီအကန်းကလေး ရှင်နေတာ ဒီအကန်းကလေးလုပ်တဲ့အလုပ် ဟူသရွေ့သည် အကောင်းချည့် ဖြစ်လိမ့်မလား...၊ အဆိုးချည့်ဖြစ် လိမ့်မလား .. (အဆိုးချည့် ဖြစ်မှာပါဘုရား)။

ဒါ့ကြောင့် အဲဒီ ခန္ဓာဒုက္ခသစ္စာကို မမြင်သေးဘဲနဲ့ အကန်း ကလေးအဖြစ်နဲ့ ခင်ဗျားတို့ အိမ်ထောင်သားမွေးတဲ့ အလုပ်၊ ထိုက်တန်သလောက် သားကြီးလို့ ရှင်ပြုတဲ့အလုပ်၊ ထိုက်တန် သလောက် ဥပုသ်ကလေးစောင့်တဲ့ အလုပ်တွေဟာလဲ တော် တော်ကြာကျလို့ ရှိယင် အသေရွာတဲ့ အလုပ်ကို လုပ်ကြလိမ့်မယ် (မှန်ပါ့)။

အသေရွာတဲ့ အလုပ်ကို လုပ်ကြပြန်တော့ အကန်းလုပ်-လုပ် လို့ ရှင်ပြီးသကာလ အကန်းလမ်းသွားလို့ လဲ့နေပြီဟေ့ .... (မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မယ်....(လဲ့နေပါပြီဘုရား) ဘယ်သူ လမ်း သွားလို့ပါလိမ့်....(အကန်းလမ်းသွားလို့ပါ)အကန်းလမ်းသွား လို့ လဲ့နေပြီဟေ့လို့ ဆရာဘုန်းကြီးက ခင်ဗျားတို့ကို ပြော လိုက်ပါတယ်....(မှန်ပါ့)။

ဘာတဲ့တုံး–(အကန်းလမ်းသွားလို့ လဲ့နေပါပြီ) ခန္ဓာဒုက္ခသစ္စာကို မမြင်ဘဲကိုး....(မှန်ပါ့)မမြင်တော့ ကန်းနေသေးဘယ် (မှန်ပါ့)။

ကန်းနေတဲ့အခါမှာ မိမိတို့ထိုက်တန်သလောက် ဥပုသ်ကလေး စောင့် သီလကလေးယူ အလှူအဘန်းကလေး ပေးပြီးသကာလနေငြားသော်လဲ ဒုက္ခသစ္စာမမြင်တော့ မမြင်တဲ့ပုဂ္ဂိုလ်လုပ်နေတဲ့ အလှူပွဲအဘန်းပွဲဘဲ ဆိုယင်ကော....(မလွဲပါဘုရား)။

ဒါဖြင့် အကန်းအလုပ်-လုပ်နေတဲ့ ပုဂ္ဂိုလ်သည် တကာတကာမတို့ အမှန်ဆီ ရောက်ပါ့မလားလို့ မေးပြန်လို့ရှိယင် ဘယ့်နှယ်ဖြေမလဲ–(မရောက်နိုင်ပါ) မရောက်နိုင်ပြန်ဘူးလို့ဆိုဘဲ့ အဖြေဟာ ကြီးကြီးကျယ်ကျယ်ဘဲ ထွက်လာတယ်....(မှန်ပါ့) မထွက်ဘူးလား....(ထွက်ပါတယ်ဘုရား)။

ဦးအောင်ဇံဝေတို့....ဦးဘသန်းတို့ သတိထားပါ ခင်ဗျားတို့နော်....(မှန်ပါ့)မထားသင့်ဘူးလား–(ထားသင့်ပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးဘရှင်းတို့က အကန်းလုပ်တဲ့အလုပ်ဟူသ၍ ဘယ်လိုဆိုကြပါ့မယ်....(အလွဲချည့်ပါဘုရား)။

အဲ....ခင်ဗျားတို့လဲတဲ့ ဒီ သစ္စာဆိုတဲ့ ဒုက္ခသစ္စာ ဖြစ်ပျက်ကို မမြင်သေးသ၍ ကာလပတ်လုံး လုပ်နေတဲ့ အလုပ်ဟူသ၍သည် အကန်းသမ်းသွားနေတာသာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(အကန်းလမ်းသွားနေတာပါ)အကန်းလမ်းသွားနေတော့ ချော်-ချောက်တွေ့ ကျင်းတွေ့ ကန်သင်းတွေ့ ခလုတ်တွေ့သည် အကန်းပိုင်ပစ္စည်း ဖြစ်ရတော့မယ်....(မှန်ပါ့)။

ဘယ်သူ့ပစ္စည်းပါလိမ့်.... (အကန်းပိုင်ပစ္စည်းပါ) အကန်း၏ တိုက်မှု ခိုက်မှု ကျမှုတွေဘဲဆိုယင်လဲ အမှန်ဘဲလို့ဘဲ ဆုံးဖြတ်ချက် ချရမယ်...(မှန်ပါ)။

နားကြီးကြီးနဲ့ ထောင်မှ ဒီဟာ အမှန်ရောက်မယ်နော်... (မှန်ပါ) ကိုပေါ်....နားထောင်တတ်ပြီ မဟုတ်လား.... (နားထောင်တတ်ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒီလိုလုပ်ကြစို့ရဲ့၊ ရှေးဦးစွာ မျက်လုံး ဖွင့်ပေးမယ်ဗျာ....အကန်းပျောက်အောင်....(မှန်ပါ)။

တကာတကာမတို့ ဘာလုပ်မှာပါလိမ့်...(မျက်လုံးဖွင့်ပေးမှာပါဘုရား)

အရှင်ဘုရား... ဒါလောက်ကန်းတဲ့အတွက် အကန်းသက် ရှည်ခဲ့လှပါပြီ၊ မျက်စိနှစ်ကွင်း အလင်းရအောင်သာ ကုသပါတော့ဘုရား....၊ ဒီဆေးကိုသာ အမြန်ပေးပါတော့ ဆိုတာကိုသာ ခင်ဗျားတို့ လျှောက်စရာလမ်း အကွက်ပေါ်တော့တာဘဲ...(မှန်ပါဘုရား)။

တခြားလမ်း ဘာမှ မရှိတော့ဘူးဆိုတာ မှတ်ပေတော့.... နော်....(မှန်ပါ) တခြားအကြောင်း ဘာမှ မရှိတော့ဘူးဆိုယင် ကိုင်း တကာတကာမတို့ ခန္ဓာထဲမှာ မျက်လုံးဖွင့်ပေးတော့မယ် (မှန်ပါ)။

ခန္ဓာထဲမှာ မျက်လုံးဖွင့်ပေးတော့မယ်လို့ နေ့စက်က တကာတကာမတွေ သေသေချာချာ မှတ်စမ်းပါ... (မှန်ပါ) ဘာဟော

မှာပါလိမ့်....(ခန္ဓာထဲမှာ မျက်လုံးဖွင့်ပေးမှာပါ) ခန္ဓာက ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါ) အဲ... ဒုက္ခသစ္စာမြင်တဲ့ မျက်လုံးဖွင့်ပေးတော့မယ်.... (မှန်ပါ့)။

ဒုက္ခသစ္စာမြင်တဲ့မျက်လုံး ဖွင့်ပေးတော့မှ ဩော်.... ရှေ့ဖြင့် မျက်စိနှစ်ကွင်း အလင်းရတဲ့လူ လမ်းသွားရတော့မှာဘဲ၊ သွားရလို့ရှိယင်ဖြင့် လိုရာခရီးကို အပြီးတိုင် ရောက်တော့မှာဘဲဆိုတာ မှတ်ရမှာ... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့မျက်စိဖွင့်ပေးပါတော့မယ်ဆိုတာကို သေသေချာချာ အဖွင့်ခံကြပါဆိုတာကိုလဲ ပြောရပြန်တယ် .... (မှန်ပါ့)။

မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ် အလင်းရအောင် လုပ်ပေးပါမယ်ဆိုငြားသော်လဲ ခင်ဗျားတို့က ဆေးခွာကိုင်လို့ ပြေးတဲ့ ခွေးနှာလိုလဲ ဖြစ်မှာစိုးရသေးတယ်....(မှန်ပါ့) ကြောက်စရာက အတော်ကောင်းတယ်....(မှန်ပါ့)။

ခွေးနှာ ဆေးခွာကိုင်ပြီဆိုမှဖြင့် သူ့ကို ခဲနဲ့ပေါက်လိမ့်မယ် ထင်ပြီးသကာလ ကိုမြင့် ပြေးချင်ပြေးတာ .... (ပြေးပါတယ်ဘုရား)။

စင်စစ်တော့ ပျောက်ဆေးပေးမလို့ ဆိုငြားသော်လဲ ခွေးက ပြေးတယ်ဆိုတော့ မသိမိုက်-မိုက်နေတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းသွားပြီ... (ရှင်းသွားပါပြီဘုရား)။

ဒီမှာလဲ မျက်စိနှစ်ကွင်း အလင်းရတဲ့ဆေးပေးပါတော့မယ်ဆိုပြီး ဘုန်းကြီးက တာဝန်ခံငြားသော်လဲ ခင်ဗျားတို့စိတ်က

တောင်သွား မြောက်သွား-သွားနေလို့ ရှိယင် ခွေးနာပြေး-ပြေး ရာ ရောက်ဦးမယ် .... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ခွေးနာပြေးများ ပြေးကြဦးမှာလား.... ( မပြေးပါဘုရား ) နောက်က တကာတကာမတွေ့ မျက်လုံးဖွင့်ပေးမလို့ မျက်လုံး ကုပေးမလို့နော်....(မှန်ပါ့) စိတ်က တောင်ပြေး-မြောက်ပြေး-ပြေးကြဦးမှာလား... (မပြေးပါဘုရား) တရားနာတုန်း တရား နာတုန်း... (မှန်ပါ့)။

တရားနာတုန်း တရားထဲ စိတ်မရောက်ဘူး ဆိုလို့ရှိယင်... မောင်နိုင် ဆေးခွက်ကိုင်တာနဲ့ ခွေးနာဟာ ပြေးပြန်တာဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဥပမာက ကြမ်းတယ်လို့ ကိုဝတို့က ထင်သလား.... (မထင် ပါဘုရား) ခင်ဗျားတို့က စိတ်က အငြိမ်နေတာ မဟုတ်ဘူး... (မှန်ပါ့)။

အခု.... အိမ်ရောက်သွားလိုက်- ဘယ်ရောက်သွားလိုက်- ညာ ရောက်သွားလိုက်၊ ဒါကို မပုတို့က ဘာထင်သတုံးဗျ - (ခွေးနာ ပြေးပြေးတာပါဘုရား) ခွေးနာပြေးတာ ဆေးခွက်မြင်လို့.... ( မှန်ပါ့ ) ဆေးခွက်မြင်တာနဲ့ ပြေးတာလို့ဆိုယင် လွဲသေး သလား....(မလွဲပါဘုရား)။

အေး....ဒါ့ကြောင့် ကိုယ့်စိတ်ကလေး ကိုယ်လဲ ယခု တရား နာတဲ့အချိန်မှာ ခင်ဗျားတို့က နှလုံးသွင်းလိုက်စမ်းပါနော်.... (မှန်ပါ့)။

ဟာ—နင်ဟာ ခွေးနာစိတ်ပေါက်နေသလား....လို့ စိတ်များ တခြားထွက်ပြေးယင်....(မှန်ပါ) ကိုယ့်ဟာကိုယ် ဆုံးမစမ်းပါဦး (မှန်ပါ)။

ဘယ်လိုဆုံးမရမလဲ .... (ခွေးနာစိတ် ပေါက်နေသလားလို့ ဆုံးမရပါမယ်ဘုရား) ခွေးနာစိတ် ပေါက်နေသလားလို့ ဦးညို ကိုယ့်ဟာကိုယ် ဆုံးမစမ်းပါဦး....(မှန်ပါဘုရား)။

တပည့်တော်တို့ တရားတော့ နာနေတာဘဲဘုရား.... စိတ်က ဖျတ်ကနဲ့,ဖျတ်ကနဲ ထွက်ပြေးတယ်ဘုရာ့၊ တောင်ရောက်·မြောက် ရောက်၊ ဟာ....ခွေးနာစိတ်ပေါက်တာဟေ့.... (မှန်ပါ) ခွေးမှ· ခွေးကောင်းစိတ်ပေါက်တာ မဟုတ်ဘူးဟာ.... (မှန်ပါ) ဘယ့်နှယ် ဆိုကြမလဲ.... ( ခွေးနာစိတ်ပေါက်တာပါဘုရား ) ခွေးနာစိတ် ပေါက်နေသဟ·လို့ ပြောလို့ရှိယင်တော့ ခင်ဗျားတို့ဟာ နာရ မှာလား... (မနာရပါဘုရား) အမှန်ဘဲလို့ဘဲ ယူကြရမှာဘဲ.... (မှန်ပါ) သဘောပါပလား....(ပါ·ပါပြီဘုရား)။

ကဲ....ဒါဖြင့် ပြောကြပါစို့၊ တကာတကာမတို့ ခန္ဓာထဲမှာ ဒုက္ခသစ္စာရှိကြောင်းကို မျက်စိနှစ်ကွင်း အလင်းရအောင် ပြမါ တော့မယ်...(မှန်ပါဘုရား)စိတ်တခြား မပြေးပါစေနဲ့....(မှန်ပါ ဘုရား)။

ဦးဘရှင်း ပြေးဘို့ လိုသေးသလား.... (မလိုပါဘုရား) ပြေး ယင် ဘာဖြစ်မယ်ထင်သတုံး.... ( ခွေးနာလိုဖြစ်ပါမယ်ဘုရား ) ခွေးနာဖြစ်မှာစိုးရတယ်.... ( မှန်ပါ ) ခွေးနာဖြစ်မှာစိုးရတယ် တကာတကာမတို့နော်....(မှန်ပါ)။

ကဲ... ဒါဖြင့် စိတ္တာနုပဿနာကို တနေ့က မသွင်းရလို့ ပြန်သွင်းပါတယ်လို့ဆိုတာ မှတ်ပါ....(မှန်ပါ)။

စိတ်ဆိုတာ ခင်ဗျားတို့မှာ ဆဲ့ဆုံးမျိုးရှိတယ်၊ အဲဒီ ဆဲ့သုံးမျိုးသည် တကာတကာမတို့ ခင်ဗျားတို့၏ ခန္ဓာဘဲလို့ မှတ်ပါ (မှန်ပါ)။

ခင်ဗျားတို့၏ခန္ဓာဘဲ၊ စိတ်ဆိုတာ တကာ တကာမတို့၏...(ခန္ဓာပါဘုရား)။

စိတ်ဆိုတာ ဝိညာဏက္ခန္ဓာ... (မှန်ပါ) အဲဒီ ဝိညာဏက္ခန္ဓာသည် ဒုက္ခသစ္စာပါဘဲဆိုတာ ပြောမလို့၊ ဝိညာဏက္ခန္ဓာသိမှ ဝိညာဏက္ခန္ဓာ၏ ဒုက္ခသစ္စာသိမှာပေါ့....(မှန်ပါ)။

ဒါ့ကြောင့် ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်များလဲ အရေးတကြီးမှတ်လိုက်စမ်းပါ၊ ဒါ....ဒို့လုပ်ရမှာ... (မှန်ပါ)။

ကဲ... တကာတကာမတို့ ပြောပြီ....၊ ခင်ဗျားတို့ ဒီကနေ မျက်လုံးကလေး ဖွင့်ကြည့်လိုက်တဲ့အခါ ဘယ်နေရာမှာ ကြည့်ကြည့် မြင်တဲ့စိတ်ကလေး မပေါ်ဘူးလား.... ( ပေါ်ပါတယ် ) အဲဒါကလေးဟာလဲ မြင်စိတ်ကလေး ဝိညာဏက္ခန္ဓာကလေး မှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဒါဟာ မြင်စိတ် ဝိညာဏက္ခန္ဓာ....(မှန်ပါ)မြင်စိတ်လို့ကော မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ခန္ဓာလို ပြောလိုက်တော့....(ဝိညာဏက္ခန္ဓာပါဘုရား)။

ဩော်.... ဒါကလေးဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ ပုဂ္ဂိုလ်

သတ္တဝါမဟုတ်ဘူး-မြင်တတ်တဲ့စိတ်ကလေးဘဲ.... (မှန်ပါ့ဘုရား) ဝါ-ဝိညာဏက္ခန္ဓာကလေးပေါ်တာဘဲ....(မှန်ပါ့)။

ဘာကလေးပေါ်တာပါလိမ့်...(ဝိညာဏက္ခန္ဓာကလေး ပေါ်တာပါ) မြင်စိတ် ဝိညာဏက္ခန္ဓာကလေးပေါ်တယ် ....(မှန်ပါ့) ကောင်းပြီ...၁-ရတယ်။

ကဲ....အခုလို နာရီကလေး, ဘာကလေး,အသံကလေး ရိုက်ပြန် တော့လဲ တကာတကာမတွေ့မှာ ကြားစိတ်ကလေး နားထဲ မပေါ်ဘူးလား.... ( ပေါ်ပါတယ်ဘုရား ) အဲဒါ ကြားစိတ် ဝိညာဏက္ခန္ဓာ....(မှန်ပါ့) နှစ်ခုရသွားပြီ (မှန်ပါ့-ရသွားပါပြီ ဘုရား)။

ဆေးလိပ်ကလေး, ဘာကလေး တယောက်က သောက်....၊ တယောက်က အနံ့ကလေး ရလာတဲ့ အခါကျတော့ နံစိတ် ဝိညာဏက္ခန္ဓာကော မပေါ်ဘူးလား .... (ပေါ်ပါတယ်ဘုရား) ပေါ်ပြီ၊ ဒါဟာ ဝိညာဏက္ခန္ဓာကလေးဘဲနော်... (မှန်ပါ့)။

လျှာပေါ်မှာ ချိုတယ်,ချဉ်တယ်,ဖန်တယ်,ငန်တယ် စားတိုင်း စားတိုင်း အချို,အချဉ်,အဖန်,အငန် စားတိုင်းစားတိုင်း စား စိတ်ကလေး မပေါ်ဘူးလား ...( ပေါ်ပါတယ်ဘုရား ) အဲဒါ ကလေးဟာ ဘာခန္ဓာပါလိမ့်...(ဝိညာဏက္ခန္ဓာပါဘုရား) ဇိဝှါ ဝိညာဏက္ခန္ဓာဆိုယင် မလွဲပါဘူး....(မလွဲပါဘုရား)။

ကိုယ်ပေါ်မှာ ယခုလို အိုက်တယ်, နာတယ်, ကောင်းတယ် ဆိုတာကလေးဟာက ကိုယ်ပေါ်မှာ ပေါ်တဲ့စိတ်၊ တကိုယ်လုံး

မှာ ပေါ်ချင်တဲ့နေရာမှာ ပေါ်တယ်… (မှန်ပါ့) အဲဒါ… ကာယ ဝိညာဏ်ဆိုတဲ့ ဝိညာဏက္ခန္ဓာဘဲ(မှန်ပါ့) ရှင်းပလား….(ရှင်းပါပြီ ဘုရား) ကာယဝိညာဏ်ဆိုတဲ့ ဝိညာဏက္ခန္ဓာလို့ မှတ်လိုက်စမ်း ပါ….(မှန်ပါ့) ဒါဖြင့် ငါးမျိုးရသွားပြီ… (မှန်ပါ့)။

တခါတလေကျပြန်တော့ တကာတကာမတွေက ဟော့…. နက်ဖြန် သင်္ကြန်ထွက်လို့ရှိယင်ဖြင့် လှူတာနဲ့ တရားရေးချည့်ဘဲ မဟုတ်ဘူး၊ စီးပွားရေးက ရှိသေးတယ်ဆိုပြီးသကာလ တကာ တကာမတွေက လောဘကလေး နက်ဖြန်ကျတော့ ပေါ်ချင် ပေါ်မယ်….(မှန်ပါ့)။

ဒီကယင်လဲ စဉ်းစားပြီး နက်ဖြန်ဘာလုပ်မယ်၊ ဘယ်သူ့ဆီက ကျောက်ကို ဘယ်လိုဝယ်မယ်, ဘယ်လို ဈေးရောင်းမယ်ဆိုတဲ့ လောဘတွေကော မလာတတ်ဘူးလား…. (လာတတ်ပါတယ်)။

အဲဒီ လောဘစိတ်ကလေးကလဲ ဝမ်းထဲမှာ ပေါ်တယ်…. (မှန်ပါ့ဘုရား) ဒါကလေးဟာလဲ ဘာခန္ဓာပါလိမ့်…. (မနော ဝိညာဏက္ခန္ဓာပါဘုရား) ဝိညာဏက္ခန္ဓာဘဲ၊ မနောထဲပေါ်တဲ့ ဝိညာဏက္ခန္ဓာ….(မှန်ပါ့) ရှင်းပလား… (ရှင်းပါပြီဘုရား)။

ဒီဝမ်းထဲမှာဘဲ မကျေမနပ်တဲ့စိတ်ကလေး ပေါ်ချင်တဲ့အခါ ပေါ်တတ်တာဘဲ….( မှန်ပါ့ ) အဲဒါ ဒေါသဝိညာဏက္ခန္ဓာ…. (မှန်ပါ့)။

ဒီဝမ်းထဲမှာဘဲ စိတ်ကလေးဟာ ပျံ့လွင့်တယ်, သံသယ ရှိတယ်ဆိုတဲ့ နှစ်ခု-တခုခုပေါ်ယင်လဲ ဒါလဲမောဟဝိညာဏက္ခန္ဓာ ဘဲ….( မှန်ပါ့ ) ဒါ…. ပေါ်တိုင်း,ပေါ်တိုင်း သတိထားရမယ် နော်….(မှန်ပါ့)။

တခါတလေကျတော့ လှူချင်,တန်းချင်,ပေးချင်,ကမ်းချင်တဲ့ စိတ်ကလေး ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား) ဒါလဲ အလောဘဆိုတဲ့ ဝိညာဏက္ခန္ဓာဘဲ....(မှန်ပါ့)။

လှူချင်, တန်းချင်, ပေးချင်, ကမ်းချင်တဲ့စိတ်ကလေးဟာလဲ ဘာပါလိမ့်(အလောဘဆိုတဲ့ဝိညာဏက္ခန္ဓာပါဘုရား)အလောဘ စိတ်က ဝိညာဏက္ခန္ဓာကလေးဘဲ၊ ဝိညာဏက္ခန္ဓာ ပေါ်တာဘဲ ခန္ဓာအသစ်ပေါ်တာဘဲ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

တခါတလေကျတော့ ဒါလဲ ဝမ်းထဲ ပေါ်တာပါဘဲတဲ့၊ သူတပါး သနားတဲ့စိတ်ကလေးတွေလဲ ပေါ်ပေါ်လာတဲ့အခါ ရှိသေးတယ်နော်....(မှန်ပါ့ဘုရား)။

အဲဒါ အဒေါသဝိညာဏက္ခန္ဓာ.... (မှန်ပါ့)ဒါလဲ ဘယ်မှာ ပေါ်ပါလိမ့်....(ဝမ်းထဲမှာပေါ်ပါတယ်) ရှင်းပြီနော်-(ရှင်းပါပြီ ဘုရား)။

တခါတလေကျတော့ ဘာမှမစဉ်းစားဘဲနဲ့ လေကလေး ထုတ်လိုက်၊ လေကလေးပြန်ရှိုက်လိုက်၊လေကလေးထုတ်တဲ့ စိတ် ကလေးလဲ ပေါ်ချင်ပေါ်နေတာဘဲ မောင်နိုင်...(မှန်ပါ့)။

ဒါလဲ ဝိညာဏက္ခန္ဓာဘဲ... (မှန်ပါ့) လေကလေးပြန်ရှိုက်တဲ့ စိတ်ကလေးကော.... (ဝိညာဏက္ခန္ဓာပါဘဲ)ဒါလဲ ဝိညာဏက္ခန္ဓာ ဘဲလို့ မှတ်လိုက်..(မှန်ပါ့ဘုရား)။

အဲဒီတော့ ခုနင်ကပြောခဲ့သလို အပြင်ကငါးခု .... (မှန်ပါ့)

အတွင်းက ခုနစ်ခုပေါ့ကွာ....(မှန်ပါ) ငါးခုနဲ့ ခုနစ်နဲ့ပေါင်းတော့ အခါ....(ဆဲ့နှစ်ခုပါဘုရား)။

အေး....ဆဲ့နှစ်ခုထားပါတော့နော်....(မှန်ပါဘုရား) ငါးခုနဲ့ ခုနစ်ခုနဲ့ပေါင်းတာကိုး၊ ပြင်ဘက်က ငါးခု မြင်စိတ်၊ ကြားစိတ် နံစိတ်၊ စားစိတ်၊ ကိုယ်စိတ်ပေါ့လေ... (မှန်ပါဘုရား)။

ဝမ်းထဲကတော့ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ၊ ကဲ....ငါးခုမနေလား....(မှန်ပါဘုရား)။

တခါ ဝမ်းထဲမှာ နှစ်ခုထပ်တိုးလိုက်ဦး လေထုတ်ဘဲ့စိတ်, လေပြန်သွင်းတဲ့စိတ်ဆိုတော့ ခုနစ်ခုမရှိဘူးလား.... ( မှန်ပါ ) ခုနစ်နဲ့ ငါးနဲ့ပေါင်း....(ဆဲ့နှစ်ခုပါဘုရား)။

ဆဲ့နှစ်ဆိုတာ ခုနင်ကအထဲမှာ အမောဟမပါခဲ့ဘူး ကိုမြင့်ရ- (မှန်ပါ)အဲဒီအမောဟဆိုတဲ့ မဂ္ဂင်နဲ့ ဒီဥစ္စာကိုရှုရမယ်- (မှန်ပါ) ပေါ်တိုင်း-ပေါ်တိုင်း သိရမယ်....(မှန်ပါ) ပျက်တိုင်း-ပျက်တိုင်း (သိရမှာပါဘုရား)။

အဲဒီတော့ ဝိညာဏက္ခန္ဓာပျက်တာကို သိတာဘဲ....(မှန်ပါ) ဒါဖြင့် ဝိညာဏက္ခန္ဓာဆိုတော့ တကာတကာမတွေ ခန္ဓာပျက် တာကို သိတာဘဲ... (မှန်ပါ)ဒါဖြင့် တကာတကာမတို့ ကိုယ်ဒုက္ခ ရောက်တာ ကိုယ်သိတာနော်....(မှန်ပါဘုရား)။

ဘာပါလိမ့်....(ကိုယ်ဒုက္ခရောက်တာကို ကိုယ်သိတာပါ)ကိုယ် ဒုက္ခရောက်တာကို ကိုယ့်ဉာဏ်နဲ့ သိတယ်... (မှန်ပါ) ကိုယ်ဒုက္ခ ရောက်တာကို ကိုယ့်ဉာဏ်နဲ့သိတယ်ဆိုတာ ကျေနပ်ပလား .... (ကျေနပ်ပါပြီဘုရား)။

ကြော်....ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ အခုကြည့်စရာ ဆဲ့နှစ်ခု ရှိတယ်၊ ဆဲ့နှစ်ခုကို အမောဟဆိုတဲ့ မဂ္ဂင်နဲ့ကြည့်ပေး.... (မှန်ပါ့ ဘုရား)။

ကြည့်တဲ့ အခါကျတော့ အမြဲတမ်းကြည့်ရမှာကတော့ အိမ်သည်စိတ်နှစ်ခုဆိုတဲ့ လေထုတ်တဲ့စိတ်နဲ့ လေပြန်သွင်းတဲ့စိတ် နှစ်ခုကတော့ တလှည့်စီဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

အဲဒီတလှည့်စီကို အမြဲတမ်းကြည့်နေရင်းမတ္တနဲ့ မောင်နိုင် မြင်စိတ်ပေါ်လာယင် အဲဒါဖြုတ်ပစ်လိုက်...(မှန်ပါ့)ဘယ်လိုက် ရမလဲ....(မြင်စိတ်ဆီ လိုက်ရပါမယ်ဘုရား)။

မြင်စိတ်ဖြစ်ပျက်ကိုလိုက်....(မှန်ပါ့) ကြားစိတ်ပေါ်လာယင် (ကြားစိတ်ဖြစ်ပျက်ကို လိုက်ရပါမယ်) ယားစိတ်ပေါ်လာယင် ( ယားစိတ်ဖြစ်ပျက်လိုက်ရပါမယ် ) စားစိတ်ပေါ်လာယင်.... (စားစိတ်ဖြစ်ပျက်လိုက်ရပါမယ်ဘုရား)။

အဲဒါတွေက ခဏကလေးပေါ်ပြီးနောက် ကြည့်စရာမရှိတော့ ဘယ်ကိုပြန်ထိုင်ရမတုံး.... (အိမ်သည်စိတ်နှစ်ခု ပြန်ထိုင်ရပါမယ်) အိမ်သည်စိတ်နှစ်ခုဆိုတဲ့ လေထုတ်တဲ့စိတ်နဲ့ လေပြန်ရှုက်တဲ့ စိတ်ကိုလှည့်ရှု....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီလိုချည့်ပြန်လှည့်နေတဲ့အတွင်း လှူချင်တဲ့စိတ်က လေး ပေါ်လာလဲ လှူချင်တဲ့စိတ်ကို ဘာလုပ်ရမလဲ(ဖြစ်ပျက်ရှုရ မှာပါဘုရား)နောက်ကို ဘယ်ပြန်ထိုင်ကြမလဲ.... (အိမ်သည်စိတ် နှစ်ခုကို ပြန်ထိုင်ကြရပါမယ်)ထိုင်တယ်ဆိုတာ အိမ်သည်စိတ်နှစ်ခု ဆိုတဲ့လေထုတ်တဲ့စိတ်နဲ့ လေသွင်းတဲ့စိတ်ကိုပြန်ရှု(မှန်ပါ့ဘုရား)။

ဒါ အလုပ်သမားတွေမို့ သေသေချာချာ ပြောပါတယ်၊ မျက်စိနှစ်ကွင်းကို အလင်းရအောင် ဆေးကုပေးနေတယ် ... (မှန်ပါဘုရား)။

အဲဒီတော့ ရှုစရာဆဲ့နှစ်ခု....(မှန်ပါ)ရှုတာက တခုပေါ့လေ (မှန်ပါ)ရှုစရာက ဆဲ့နှစ်ခု၊ ရှုတာကတခုဆိုတော့ ကိုယ့်ဝိညာဏက္ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ကြည့်ရှုကြ....(မှန်ပါဘုရား)။

ကိုယ့်ဝိညာဏက္ခန္ဓာကို... (ကိုယ့်ဉာဏ်နဲ့ကြည့်ရပါမယ်ဘုရား) ကိုယ့်ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဩော် .... တကာ တကာမတွေ မှတ်ထားပါ၊ ကိုယ့်ဝိညာဏက္ခန္ဓာက ရှေးကျတယ် (မှန်ပါ) ကိုယ့်ဉာဏ်က နောက်မှဖြစ်တယ်....( မှန်ပါ )ဒါဖြင့် ဖြစ်ပျက်ကရှေ့၊ မဂ်ကနောက်....(မှန်ပါဘုရား)။

အဲ....ဖြစ်ပျက်က ရှေ့ကဖြစ်တယ်၊ မဂ်က နောက်မှဖြစ်တယ်- (မှန်ပါ) ဒီကြားမှာဘာမှ မဝင်လို့ရှိယင်ကောင်းတယ်(မှန်ပါ) ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ပါစေ... (မှန်ပါဘုရား)။

ဘာတဲ့တုံး....(ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ပါစေ)ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်ပါစေဆိုတော့ ဖြစ်ပျက်ကကိုယ့်ဒုက္ခ .... (မှန်ပါ) မဂ်က ကိုယ့်ဉာဏ်....(မှန်ပါ) ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဒုက္ခကို မြင်တယ်.... (မှန်ပါ)ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဒုက္ခကိုမြင်တယ်ဆိုဘာ သဘော ပါကြပလား....(ပါ·ပါပြီဘုရား)။

ဒီလိုမြင်လာတော့မှ ဦးဘရှင်းတို့က၊ ကိုပေါ်တို့ကနော်....' ဟာ....မျက်စိအလင်းရပါပေါ့လား.... (မှန်ပါ) မျက်စိနှစ်ကွင်း အလင်းရပါပေါ့လား ကိုဝ....(မှန်ပါဘုရား)။

ဘာပါလိမ့်....( မျက်စိနှစ်ကွင်း အလင်းရပါပြီ ) အလင်းရလာတော့ ဩော်....ဒုက္ခသိပြီ....(မှန်ပါ့) ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်က....(ဒုက္ခသစ္စာပါ) သိတာက... ( မဂ္ဂသစ္စာပါ ) မဂ်မျက်လုံးတပ်ပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

ဦးဘရှင်း ဘာမျက်လုံးတုံး .... (မဂ်မျက်လုံးပါ) ဦးညိုကြီး ဘာမျက်လုံးတပ်ပေးသတုံး....( မဂ်မျက်လုံးတပ်ပေးပါတယ် ) သမ္မာဒိဋ္ဌိဆိုတဲ့ မဂ်မျက်လုံးတပ်ပေးလိုက်တယ်...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မျက်စိနှစ်ကွင်းဟာ ပေါ်တိုင်း ပေါ်တိုင်းမြင်နေလို့ ရှိယင် ကိုယ့်ခန္ဓာအကြောင်း ကိုယ်ကောင်းကောင်းသိပြီ .... (မှန်ပါ့)ဘယ်လိုပါလိမ့်မလဲလို့ မေးတော့မှ ခန္ဓာက ဒုက္ခသစ္စာ၊ ခဏခဏမွေးပြီး ခဏခဏသေနေတာပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ .... (ခဏခဏမွေးပြီး ခဏခဏသေနေကြတာပါ) ခဏခဏမွေးပြီး ခဏခဏသေနေတယ်ဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ပေါ်တော့ကို ခဏခဏမွေးပြီး ခဏခဏသေတာက ဘာသစ္စာ...(ဒုက္ခသစ္စာပါ) ဒါကလေးကို ဉာဏ်နဲ့ကြည့်လိုက်လို့ မြင်တာက... (မဂ္ဂသစ္စာပါ)အဲ... ဒါဖြင့် မဂ္ဂသစ္စာက မဂ်မျက်လုံး (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို မဂ်မျက်လုံးနဲ့ ကြည့်လိုက်တော့ မြင်သွားတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကို....(မဂ်မျက်လုံးနဲ့ကြည့်လိုက်တော့ မြင်သွားပါတယ်ဘုရား)မဂ်မျက်လုံးနဲ့ ကြည့်လိုက်တော့ နောက်က တကာ တကာမတွေ ဘယ်လိုဆိုကြမလဲ.... (မြင်သွားပါတယ်) ဟာ.... မျက်စိနှစ်ကွင်း အလင်းရပဟ....(မှန်ပါ့)ကိုယ့်အသေ ကိုယ်မြင် ပဟ... (မှန်ပါ့ဘုရား)။

ဦးအောင်ဇံဝေ ဘာတဲ့....( ကိုယ့်အသေ ကိုယ်မြင်ပါပြီ ) ဦးဘာသန်းကြီး....(ကိုယ့်အသေ ကိုယ်မြင်ပါတယ်)ကိုယ့်အသေ ကိုယ်မြင်တယ်....(မှန်ပါ့ဘုရား) ကိုယ့်အသေ ကိုယ်မြင်ကြပြီကွ မောင်ထွန်းအောင်တို့ရ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ခါတိုင်းတော့ သေသာသေသွားတယ်၊ မသာကို သူများပို့ တာသာ မြင်လိုက်တယ်၊ ကိုယ့်အသေကိုယ်မမြင်ပါဘူး....(မှန်ပါ့ ဘုရား)။

မသာ သူများထမ်းသွားတာတော့(မြင်ပါတယ်)ကိုယ်သေတာ ကိုယ်သိရဲ့လား.... ( မသိပါဘုရား ) သေလိမ့်မယ်ဆိုတာသာ သိတယ်၊ ကိုယ်သေတော့ မသိတော့ဘူး....(မှန်ပါ့)အခုတော့ဖြင့် ကိုယ့်အသေကို....(ကိုယ်သိပါပြီဘုရား)ကိုယ်သိတော့ ဩော်.... ဒါမှ ကိုယ့်ဒုက္ခ ကိုယ်သိတာ....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ဒါမှ ကိုယ့်ဒုက္ခကို....(ကိုယ်သိပါတယ်ဘုရား) သေတဲ့ဒုက္ခကို သိတယ်....(မှန်ပါ့) သေတာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ (မှန်ပါ့)။

ဪ....ဒါဖြင့် တကာတကာမတို့ ဒီလို သိသိ-သိသိနေတော့ မဂ္ဂသစ္စာပေါ်ပြီးသကာလ သမ္မာဒိဋ္ဌိ မျက်လုံးက ပေါ်လာတော့ သမ္မာသင်္ကပ္ပနဲ့ တွဲလျက်ကြီး...(မှန်ပါ့)။

ဝီရိယစိုက်လို့ သိသောကြောင့် သမ္မာဝါယာမကလဲ ပါတယ်၊ သမ္မာသတိကလဲ ပါတယ်၊ သမ္မာဒိဋ္ဌိနဲ့လဲ မြင်ပါတယ်ဆိုသဖြင့် ကိုယ့်အသေ ကိုယ်မြင်တာဟာ မျက်လုံးငါးပါးလုံးနဲ့ မြင်တယ်.... (မှန်ပါ့) မဂ္ဂင်ငါးပါးနဲ့ မြင်တယ်....(မှန်ပါ့)။

ကိုယ့်အသေ ကိုယ်မြင်တာဟာ....(မဂ္ဂင်ငါးပါးနဲ့မြင်ပါတယ်ဘုရား) ဒါဖြင့် မျက်စိနှစ်ကွင်း အလင်းရ-မရ အကဲခတ်စမ်း.... (ရပါပြီဘုရား) ရပြီ..ရပြီ၊ အဲဒီလို ကိုယ့်အသေ ကိုယ်မြင်တဲ့ အလုပ်ဟာ ဝိပဿနာအလုပ်...(မှန်ပါ့)။

ကိုယ့်အသေ ကိုယ်မြင်တဲ့ အလုပ်ဟာ.... (ဝိပဿနာအလုပ် ပါဘုရား)။

အဲ....ဒါ-ဝိပဿနာအလုပ်သာ ရှိသေးတယ်၊ ဝိပဿနာလမ်း မဆုံးသေးဘူး....(မှန်ပါ့)။

ကိုယ့်အသေ ကိုယ်မြင်တဲ့အလုပ်ဟာ...(ဝိပဿနာလမ်းမဆုံး သေးပါဘုရား) နိဗ္ဗာန်မြင်တော့မှ ဝိပဿနာလမ်းဆုံးတယ်.... (မှန်ပါ့)။

အခုတော့ ဝိပဿနာအလုပ်ဘဲ ရှိသေးတယ်— ( မှန်ပါ ) ဝိပဿနာအလုပ် အဆုံးတိုင် ရောက်ပလားလို့ မေးယင် မဆုံးသေးဘူး… (မှန်ပါ) မရောက်သေးဘူး၊ ဝိပဿနာအလုပ်ထဲဘဲ ရှိသေးတယ်လို့ မှတ်လိုက်စမ်းပါ….(မှန်ပါ) ပေါ်ကြပလား…. (ပေါ်ပါပြီဘုရား)။

ကောင်းပြီ— ဒါဖြင့် မျက်စိနှစ်ကွင်းအလင်းရပလား….(ရပါပြီဘုရား) ဪ….ဒီလိုရှုရမယ်ဆိုတော့ ရှုတဲ့အချိန်မှာ အလင်းရတာပေါ့ဗျာ…. ( မှန်ပါ ) ဖြစ်တာမြင်မြင် ပျက်တာမြင်မြင် အလင်းရတယ်လို့ မှတ်လိုက်….(မှန်ပါ)။

ဖြစ်တာမြင်မြင်- (ပျက်တာမြင်မြင် အလင်းရပါတယ်ဘုရား) အလင်းရတဲ့ပုဂ္ဂိုလ်ကျတော့ မျက်စိနှစ်ကွင်း အလင်းရတဲ့ပုဂ္ဂိုလ်ကျတော့ နောက်လမ်းသွားတော့မယ်—( မှန်ပါ ) လမ်းသွားတော့ သူဟာ သားကလေးကြီးလို့ ရှင်ပြုချင်တယ်….၊ သမီးကလေး မင်္ဂလာဆောင်လို့ ဆွမ်းကျွေးချင်တယ်၊ သူတပါး ပေးချင်တယ်၊ ဖိုးအို့ဖွားအိုတွေ ကန်တော့ချင်တယ်၊ ဒီလို ပေးချင်ကမ်းချင်တဲ့စိတ်တွေ ပေါ်လာတော့ ဟောဒီဒုက္ခမှ လွတ်ရပါလို၏— ဆိုတော့ အလင်းရတဲ့ပုဂ္ဂိုလ်က ဒီလိုလာတယ်…. (မှန်ပါဘုရား)။

အလင်းရတဲ့ပုဂ္ဂိုလ်က ဒီလိုလာတယ်၊ ဒီဒုက္ခမှ လွတ်ချင်လို့ အလှူဖြစ်တယ်….( မှန်ပါ ) ဒီဒုက္ခမှ လွတ်ချင်လို့ ပေးကမ်းမှုဖြစ်တယ်….(မှန်ပါ) ကဲ….ဦးညို မကွာဘူးလားဗျာ…. (ကွာပါ

တယ်ဘုရား) အဲဒီတော့ သူ့အလှူသည် ဒုက္ခလွတ်ရာ ကျေးဇူး မပြုပေဘူးလား....(ပြုပါတယ်ဘုရား)။

အဲဒီတော့ တကာ တကာမတွေက အလင်းရတဲ့ပုဂ္ဂိုလ်၏ ဒါနနဲ့လမ်းသွား-သီလနဲ့လမ်းသွား၊သမထနဲ့ လမ်းသွားမှုသည် ကားလို့ ဆိုလို့ရှိယင်ဖြင့် မှန်သွားပြီ.... (မှန်ပါ) အလင်း မရ သေးတဲ့ပုဂ္ဂိုလ်ကတော့ ဟောဒီလို လူ့ဘဝကြီး ရ,ရပါလို၏ ဆိုလို့ ဒုက္ခသစ္စာ ပြန်ရ,ရပါလို၏ဘုရာ့...(မှန်ပါ)။

ဟောဒီလို နတ်ဘဝ ရ,ရပါလို၏ဆိုတော့ ဒုက္ခသစ္စာပြန်ရ,ရ ပါလို၏....(မှန်ပါ) ဒါက ဘယ်ပုဂ္ဂိုလ်ပါလိမ့်....(မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်ပါဘုရား ) မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်....(မှန်ပါ)။

အလင်းရတဲ့ပုဂ္ဂိုလ်ကတော့ ကိုယ့်အသေ ကိုယ်မြင်နေခြင်း ကြောင့် သြော်.... ငါတို့သည်ကားလို့ဆိုယင် ဟောဒီ ဒုက္ခမှ လွတ်ရာဖြစ်တဲ့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကိုသာ ရောက်လို့ရလို လို့ ပေးပါ၏-ကမ်းပါ၏-လှူပါ၏-တန်းပါ၏ပေါ့လေ ... (မှန်ပါ ဘုရား)။

ဒီတော့.... ဒုက္ခမြင်ပြီး လှူတဲ့အလှူ ဖြစ်လေသောကြောင့် ဝဋ်ကျွတ်တယ်....(မှန်ပါ) ဝိပါကဝဋ်ကျွတ်သွားတယ်....(မှန်ပါ) မကျွတ်ဘူးလား...(ကျွတ်သွားပါတယ်ဘုရား)။

အဲဒီတော့ အလင်းရတဲ့ပုဂ္ဂိုလ်လမ်းသွားတာနဲ့ အလင်းမရတဲ့ ပုဂ္ဂိုလ် လမ်းသွားတာ ဘယ်သူက အန္တရာယ် ကင်းပါ့မလဲ...

(အလင်းရတဲ့ပုဂ္ဂိုလ် လမ်းသွားတာက အန္တရာယ်ကင်းပါတယ်ဘုရား)။

အလင်းမရဘဲနေတဲ့ ပုဂ္ဂိုလ်များ လမ်းသွားတာကတော့ဖြင့် တော်တော်ကြာ အပါယ်ချောက်ထဲကျတယ်(မှန်ပါ့)တော်တော်ကြာ နတ်ရွာသုဂတိချောက်ထဲကျတယ်....( မှန်ပါ့ ) ဗြဟ္မာပြည် အိုဘေး,နာဘေး,သေဘေးချောက်ထဲ.... ( ကျပါတယ်ဘုရား ) ဒါက မျက်စိနှစ်ကွင်း အလင်းမရတော့ သွားချင်သလို သွားနေတာ...(မှန်ပါ့)။

သွားချင်သလိုသွားတော့ ကျချင်သလိုကျတဲ့ ချောက်တွေဟာ သူ့ချောက်တွေ ဖြစ်ကုန်တာပေါ့... (မှန်ပါ့) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဪ....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ လူမှုတန်းမှုနောက်ထားပြီး မျက်စိနှစ်ကွင်းအလင်းရမှုကို ဦးဘရှင်းရှေ့ထားဘို့ကောင်းပြီ....(မှန်ပါ့)။

တကာတကာမတို့ မျက်စိကန်းနေတဲ့ပုဂ္ဂိုလ်မှာ အပ်နဖါးထိုးမှုနဲ့ မျက်စိအလင်းရမှု ဘယ်ဟာ ရှေ့ထားကြမတုံး-(မျက်စိအလင်းရမှု ရှေ့ထားရပါမယ်ဘုရား) အပ်နဖါးထိုးတာနောက်မှ (မှန်ပါ့)။

အပ်နဖါးထိုးတာက... (နောက်မှပါဘုရား) ဘာ အရေးကြီးသတုံး... (မျက်စိနှစ်ကွင်း အလင်းရဘို့ အရေးကြီးပါတယ်ဘုရား)။

အခုတော့ဖြင့် မျက်စိတော့ အလင်းမရဘူး၊ အပ်နဖါးချည့် ထိုးနေတော့ အလွဲနဲ့ အချော်ချည့်ဖြစ်နေတယ်... (မှန်ပါဘုရား) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

မျက်စိတော့ မကုဘဲနဲ့ အပ်နဖါးချည့်ထိုးနေကြယင်--(အလွဲ အချော်ချည့်ပါဘုရား) အလွဲနဲ့ အချော်ချည့် ဖြစ်နေကြတယ် ဆိုတာကော ငြင်းဆန်ဘို့ လိုသေးသလား.... (မလိုပါဘုရား)။

ဩော်.... မောင်နိုင် တယ်သနားစရာ ကောင်းပါလား.... ( ကောင်းပါတယ်ဘုရား ) ဦးအောင်ဇေဝတို့· ဦးဘသန်းတို့ ဘယ့်နှယ်တုံး.... (သနားစရာကောင်းပါတယ်ဘုရား) အင်မတန် သနားစရာ ကောင်းတယ်ဆိုတာ ပေါ်ပလား.... ( ပေါ်ပါပြီ ဘုရား)။

ခင်ဗျားတို့က လေးပြေးသာပြေးနေတာဘဲ၊ လေးပြေး ဆိုတာက ကျောင်းကျယ်ကျယ်ပေါ်ရောက်လာတယ်ဆို ခလေး တွေက ဒေါင်းဒေါင်း· ဒေါင်းဒေါင်းနဲ့ ပြေးတာဘဲ၊ လယ်ယင် ကွဲယင် သူတို့အိမ်ထက် နားမယ်ဆိုတာ သူတို့သိရဲ့လား... (မသိ ပါဘုရား ) ကျယ်ကျယ် ရောက်ယင် ပြေးလိုက်ချင်တာဘဲ.... (မှန်ပါ)။

ခင်ဗျားတို့လဲ တူတူဘဲ၊ ပိုက်ဆံကလေး ဘာကလေးက ရှိတယ် မကြံဘူး၊ ပေးချင်, ကမ်းချင်, လှူချင်ကသာ ရှေ့ပြေးဘယ်၊ ပြေးချင်တာကသာ စောနေဘယ်....(မှန်ပါ)။

မျက်စိနှစ်ကွင်းအလင်းရအောင် အယင်လုပ်ပါဦး ...(မှန်ပါ) ပြီးတော့မှ ပြေးတဲ့အလုပ် လှူမှု, တန်းမှု, ပေးမှု, ကမ်းမှု လုပ်ဘာ

ပေါ့....(မှန်ပါ့) ဒီလိုဆိုတော့ကို အမြင်ရှိတဲ့ပုဂ္ဂိုလ် လမ်းသွားရာ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ကိုင်း.... တကာတကာမတို့ ဝိပဿနာ ရှုတတ်ပလား....တဲ့၊ မြင်စိတ်ပေါ်ယင် ဘယ့်နှယ်လုပ်ကြမယ်.... (ဖြစ်ပျက်မြင်အောင်လုပ်ရပါမယ်ဘုရား)။

မြင်စိတ်က ခဏကလေးဖြစ်ပြီးခဏကလေးပျောက်သွားတယ်၊ မြင်စိတ်ဆိုပြီး နောက်မလာတော့ဘူး.... (မှန်ပါ)ဘယ်ပြန်ရှုရမှာ ပါလိမ့်... ( အိမ်သည်ပြန်ရှုရပါမယ်ဘုရား ) လေထုတ်တဲ့စိတ်, လေပြန်ရှိုက်တဲ့စိတ်ကို ပြန်ပြီးလှည့်ရှု...(မှန်ပါ)။

ရှုနေရင်းမတ္တန့် ကြားစိတ်ကလေးပေါ်လာယင် မောင်နိုင် ဘယ်လိုက်မယ်.... (ကြားစိတ်ကို လိုက်ရပါမယ်ဘုရား) နောက် ဘယ်ပြန်ထိုင်မတုံး.... (အိမ်သည်စိတ်ကို ပြန်ထိုင်ရပါမယ်ဘုရား) လေထုတ်တဲ့စိတ်နဲ့ လေသွင်းတဲ့စိတ် ဒါ....ပြန်ထိုင်....(မှန်ပါ)။

တခါ ယားတဲ့စိတ်, ယံတဲ့စိတ်ကလေး ပေါ်လာပြန်တယ်.... မောင်နိုင်-ရေ.... ( ယားတဲ့စိတ် ဖြစ်ပျက်ရှုရပါမယ် ) နောက် ဘယ်ပြန်ထိုင်မလဲ... (အိမ်သည်စိတ်ပါ) ထွက်စိတ်, ဝင်စိတ်ဘဲ ပြန်ထိုင်....(မှန်ပါ)။

ထွက်စိတ်,ဝင်စိတ် ရှုရင်းဘဲ အင်း.... ပေးချင် လိုက်တာလို့ စိတ်ကလေးလာပြန်ပြီ၊ ပေးချင်တဲ့စိတ်ကို....(ဖြစ်ပျက်ရှုရပါမယ် ဘုရား) ဒါကလေးက ပျောက်သွားပြန်ပြီ၊ ဘယ်ပြန်ထိုင်မလဲ...

(အိမ်သည်စိတ်ကို ပြန်ထိုင်ရပါမယ်ဘုရား) ထွက်စိတ်, ဝင်စိတ် ဆိုတဲ့ အိမ်သည် ပြန်မထိုင်ရပေဘူးလား·(ထိုင်ရပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘယ်ဟာရှုရှု ဟိုကဆက်လာယင် ဆက်ရှု၊ ရှုစရာမရှိယင် ထွက်စိတ်ဝင်စိတ်ဆိုတဲ့ အိမ်သည်ပြန်ထိုင်....(မှန်ပါ ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ ဝိပဿနာအလုပ်ပေးနေတယ်ဆိုတာ ဦးအောင်ဇံဝေ ကျေနပ်ပလား... (ကျေနပ်ပါပြီ) ကျေနပ်ပြီနော်....(မှန်ပါ)။

ဝိပဿနာအလုပ်ပေးနေတယ် မျက်စိနှစ်ကွင်းအလင်းရအောင် ကုနေတယ်၊ လမ်းသွားတတ်အောင်လို့....(မှန်ပါဘုရား)။

ကိုပေါ်- ဘာလို့ပါလိမ့်.... (လမ်းသွားတတ်အောင်လို့ပါ) လမ်းသွားတတ်အောင်လို့ဆိုတဲ့အဓိပ္ပါယ်မျိုးရှင်းပေးနေပါတယ် ဆိုတာ မောင်နိုင်တို့ သဘောကျလောက်ပါပြီ... ( ကျပါပြီ ) မကျသေးဘူးလား....(ကျပါပြီဘုရား)။

၃၄-ရက်ရှိပြီနော် တကာတကာမတို့ အလုပ်စခန်းချည့်ပေး နေပါတယ်(မှန်ပါ) အလုပ်စခန်းဟာ အင်မတန်အရေးကြီးတယ် ဆိုတာလဲ ကိုမြင့်သိပြီ....(သိပါပြီဘုရား)။

သူ့သိတော့ကို ဘုန်းကြီးတို့ တကာတကာမတွေ မှတ်လိုက် စမ်းပါ ဖြစ်ပျက်ကဒုက္ခသစ္စာ၊ ဖြစ်ပျက်လို့သိတာက .... (မဂ္ဂ သစ္စာပါ)သေတာက.... ( သမုဒယသစ္စာပါ ) သမုဒယသေလို့ နောက်ဒုက္ခတွေမလာတာက....(နိရောဓပါဘုရား)ဟော.... သစ္စာ လေးပါး ပါပါနေတယ်....(မှန်ပါ) မပါဘူးလား .... (ပါ·ပါ တယ်ဘုရား)။

ဖြစ်ပျက်က —(ဒုက္ခသစ္စာပါ) သိလုံးကလေးက…(မဂ္ဂသစ္စာ ပါဘုရား)သိလုံးကလေးနဲ့သိနေတော့ သမုဒယလာသေးသလား (မလာပါ)မလာတာက….(သမုဒယသေတာပါဘုရား)။

သမုဒယသေတော့ တဏှာ, ဥပါဒါန်, ကံချုပ်တယ်ဆိုယင် နောက်ဏ ဇာတိ,ဇရာ,မရဏ လာသေးရဲ့လား…. ( မလာပါ ) အဲဒါက ဘာပါလိမ့်…(နိရောဓသစ္စာပါ)ကြောင့်….ဒို့တခါတည်း လုပ်လိုက်တာ သစ္စာလေးပါးတပြိုင်နက် ပေါ်နေပါကလား ခန္ဓာထဲမှာ…(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်…. (သစ္စာလေးပါး တပြိုင်နက် ပေါ်နေပါ တယ်ဘုရား)။

အဲဒီတော့ကို တဏှာတဏှာမတို့ ဒီအလုပ်သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် လုပ်ရင်းမတ္တနဲ့ သစ္စာလေးပါး ပေါ်နေတယ် — (မှန်ပါ့ဘုရား)။

လုပ်လိုက်ယင်….(သစ္စာလေးပါး ပေါ်နေပါတယ်)ကြောင့်…. နိဗ္ဗာန်ရောက်ရပါလို၏ ဆုတောင်းသတဲ့လား- နိဗ္ဗာန်ပါပါသွား သလား…(နိဗ္ဗာန်ပါပါသွားပါတယ်ဘုရား)။

တဘဝထက် တဘဝ ကိလေသာခေါင်းပါးတဲ့ ကိုယ်ဖြစ်ရ ပါလို၏လို့ ဆုတောင်းရမှာလား- တခါတည်း ပြတ်ပြတ်သွား သလား….(ပြတ်ပြတ်သွားပါတယ်ဘုရား)။

ဦးအောင်ဇေ၀တို့၊ ဦးဘသန်းတို့ ဘယ့်နှယ်တုံး(တခါတည်း ပြတ်ပြတ်သွားပါတယ်) ရိပ်မိပလား …. (ရိပ်မိပါပြီ) ဒါအလုပ်

ဆင်ပေးနေတာနော်....(မှန်ပါ) အလုပ်သင်ပြီး မျက်စိနှစ်ကွင်း အလင်းရအောင် ဆေးကုပေးနေတယ်... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ဒါဟာ ဘာတရားတုံးလို့ မေးလို့ ရှိယင်ဖြင့် အနှစ်ရှာတဲ့တရား - (မှန်ပါ) အနှစ်တွေ့တဲ့တရား .... (မှန်ပါ) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ဘာပါလိမ့်.... ( အနှစ်ရှာတဲ့ဘုရား အနှစ်တွေ့တဲ့တရားပါ ) ဘုရားလက်ထက်က ပိင်္ဂလကောစ္ဆဆိုတဲ့ ပုဂ္ဂိုလ်တယောက်ရှိတယ် (မှန်ပါ)

ဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်၊ ပိင်္ဂလကောစ္ဆက အရှင်ဘုရား တပည့်တော်လျှောက်ပါရစေတဲ့၊အေး....လျှောက်တာပေါ့ဆိုတော့ လောကကြီးထဲမှာ ဘုရား၊ပူရဏကဿပဆိုတဲ့ တိတ္ထိ၊မက္ခလိဂေါသာလဆိုတဲ့ တိတ္ထိ၊ သိဉ္စည်းဆိုတဲ့ တိတ္ထိဆရာကြီးတွေ ဘုရားအမည်ခံ ပုဂ္ဂိုလ်ကြီးတွေ ပကုဓကစ္စာယနဆိုတဲ့ တိတ္ထိဆရာကြီးတွေဟာ သူတို့ဟာ သူတို့ အကုန်သိတယ်လို့ ပြောနေတယ်၊အဲဒါ အကုန်သိလေသည်-မသိလေသည်ဆိုတာတပည့်တော်တို့လဲမပြောတတ်ဘူး၊သူတို့လဲ ဂိုဏ်းဂဏတွေနဲ့ ဘုရားလုပ်နေကြတာဘဲ၊သူတို့ကိုယ်သူတို့လဲဘုရားလို့ ဝန်ခံနေကြတယ်၊ အဲဒီတော့ ဘုရားဘဲလား - ဘုရားမဟုတ်ဘူးဘဲလား တပည့်တော်မသိပါဘူးတဲ့၊ ပိင်္ဂလကောစ္ဆက မေးတယ်...(မှန်ပါဘုရား)။

ဒါတွေဟာ ဘုရားတွေဘဲလား၊ ဘုရားမဟုတ်ဘူးလားလို့ သူတော့မဝေဘန်နိုင်ဘူးတဲ့.... ( မှန်ပါ ) ဝေဘန်နိုင်ပါမလား.... (မဝေဘန်နိုင်ပါဘုရား)။

သူတို့ကတော့ သူတို့ကိုယ်သူတို့ ဘုရားလို့ဆိုပြီး ဂိုဏ်းတွေ ဂဏတွေနဲ့ အကုန်သိတယ်ဆိုပြီး နေကြတာဘဲ....(မှန်ပါဘုရား)။

ဒါနဲ့ဘုရားက ပိဂ်လကောစ္ဆ ဒါတွေမပြောပါနဲ့ကွာ၊ မက္ခလိ ဂေါသာလဟာ ဘုရားလား· သိဉ္စည်းဟာဘုရားလား· အကုန် သိသလားဆိုတာ မပြောပါနဲ့၊ ငါပြောတဲ့သာ နားထောင် စမ်းပါ၊ ငါတရားဟောပါမယ် မင်းသေသေချာချာမှတ်ပါတဲ့.... (မှန်ပါ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါတွေ မေးမနေပါနဲ့တဲ့၊ ဘုရားဟုတ်တယ်၊ မဟုတ်ဘူး မေးမနေပါနဲ့တဲ့ ငါပြောတာမင်းမှတ်ပါတဲ့.... (မှန်ပါဘုရား)။

ငါပြောတာ မင်းမှတ်ပါဆိုတော့ သစ်ပင်တခုကို ငါဥပမာ ပေးမယ်တဲ့၊ သစ်ပင်ကြီးတပင်ရှိတယ်ကွာ အကိုင်းအခက်တွေလဲ ရှိတာဘဲ ၁·နံပါတ်နော်... (မှန်ပါဘုရား)။

အပွေးတွေရှိတာက ၂· နံပါတ်နော်....(မှန်ပါ) အကာတွေ ရှိတာက ၃·နံပါတ်၊ အသားတွေရှိတာက ၄· နံပါတ်၊ အနှစ်ရှိ တာက ၅·နံပါတ်....(မှန်ပါဘုရား)။

အကိုင်းအခက်က....(၁·နံပါတ်ပါ) အပွေးက... (၂·နံပါတ် ပါဘုရား)အကာက....(၃·နံပါတ်ပါ)အသားက....(၄·နံပါတ်ပါ ဘုရား)အနှစ်က... (၅·နံပါတ်ပါ)ဩော်...အနှစ်က ၅·နံပါတ်မှာ သွားနေတယ်(မှန်ပါဘုရား)။

လူတယောက်ကွာတဲ့၊ ငါပြောမယ် မင်းနားထောင် ပိဂ်လကောစွာ၊ တောထဲမှာ လှည်းဝင်ရိုးလုပ်ဘို့ လှည်းထမ်းပိုးကြီးလုပ်ဘို့ လှည်းရံတိုင်လုပ်ဘို့ အနှစ်သွားရှာတယ်ကွတဲ့ ... (မှန်ပါဘုရား)။

အနှစ်ရှာလို့ရှိယင်ဖြင့် သူဟာ တောထဲမှာအနှစ်ရှိတဲ့ သစ်ပင်ကြီးတွေတော့ ခုတ်လှဲတယ်၊ သူ့ဓါးမကြီးနဲ့ ခုတ်လှဲလိုက်တယ်၊ ခုတ်လှဲပြီးတော့ အကိုင်းအခက်တွေကို သူလှည်းဝင်ရိုးလုပ်ဘို့ အကိုင်းကြီးတွေထမ်းပြန်သွားတယ် .... (မှန်ပါ) ကဲ... မင်းကဘယ်လိုဆိုမတုံးတဲ့....(မှန်ပါဘုရား)။

ကဲ....ဒီတရားပွဲက ဘယ်လိုဆိုမတုံး· လှည်းဝင်ရိုးလုပ်လို့ဖြစ်မဖြစ်....(မဖြစ်ပါဘုရား) ဖြစ်သည်တိုင်အောင် ခိုင်ပါမလား.... (မခိုင်ပါဘုရား)။

ဩော်...သူ့ကို ဘယ့်နှယ်ဆိုပါမတုံး၊ ခိုင်တာနဲ့ မခိုင်တာ၊ အနှစ်ရှိတာနဲ့ မရှိတာ သူသိတဲ့ပုဂ္ဂိုလ်လား· မသိတဲ့ပုဂ္ဂိုလ်လား (မသိတဲ့ပုဂ္ဂိုလ်ပါဘုရား)။

အဲ....အဲဒီလို အနှစ်ကိုမသိတော့ အကိုင်းတွေထမ်းပြီး လှည်းဝင်ရိုးလုပ်ဘယ်ကွာတဲ့၊ တနေ့ရာဒုက္ခဖြစ်မှာဘဲ... (မှန်ပါ) ဒါကတမျိုးကွတဲ့....(မှန်ပါဘုရား)။

ထို့အတူဘဲတဲ့ တယောက်သောပုဂ္ဂိုလ်က တောထဲလာပြီး လှည်းဝင်ရိုးလုပ်ဘို့ လာပြန်တော့လဲ အပွေးတွေ ခုတ်ပြန်သွားတယ်တဲ့၊ လှည်းဝင်ရိုးလုပ်လို့ဖြစ်ပါမလား...(မဖြစ်ပါဘုရား)။

ဒီပုဂ္ဂိုလ်လဲ မိုက်လုံးတမျိုးဘဲ၊အနှစ်မသိတဲ့ ပုဂ္ဂိုလ်တမျိုးဘဲ၊ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား) ဒါဖြင့် အနှစ်မသိတဲ့ ပုဂ္ဂိုလ် ဘယ်နှစ်မျိုးရှိသွားပလဲ....(နှစ်မျိုးပါဘုရား)။

သုံးယောက်မြောက် ဖြစ်တဲ့ တယောက်သော ပုဂ္ဂိုလ်ကလဲ လာပြန်တယ်ကွ....၊ ဓါးကြီးထမ်းပြီး လှည်းဝင်ရိုးလုပ်ဘို့ လာ ပြန်တယ်၊ တောထဲ သစ်ပင်ကြီး တွေတော့ အကာတွေ ထမ်း ပြန်သွားတယ်ကွ....တဲ့၊ ဒီပုဂ္ဂိုလ်ကော အနှစ်သိရဲ့လား....(မသိ ပါဘုရား)။

နောက် လေးယောက်မြောက် ပုဂ္ဂိုလ်ကလဲ အသားတွေ ထမ်း ပြန်သွားတယ်ကွ....တဲ့ အနှစ်တော့ ထားပစ်ခဲ့တယ်.... (မှန်ပါ) ဒီပုဂ္ဂိုလ်ကော အနှစ်သိရဲ့လား....(မသိပါဘုရား)။

နောက် ပဉ္စမမြောက် ပုဂ္ဂိုလ်သာလျှင် တောထဲ ဝင်လာပြီး အနှစ်တွေ ယူသွားတယ်၊ ဒီပုဂ္ဂိုလ်သာလျှင် လှည်းဝင်ရိုးလုပ် တော့ ဖြစ်မယ်တဲ့... (မှန်ပါ)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်က ဘယ်နှစ်ယောက်တုံး .... (လေး ယောက်ပါ) သိတဲ့ပုဂ္ဂိုလ်က....(တယောက်ပါဘုရား)။

ထို့အတူဘဲကွ....တဲ့....လောကကြီးထဲမှာ ဒီလို ရှိတယ်တဲ့...၊ လူငါးမျိုးရှိတယ်တဲ့....( မှန်ပါ ) အနှစ်သိတဲ့ ပုဂ္ဂိုလ်ကတော့ တယောက်တည်း ရှိတယ်တဲ့....(မှန်ပါ) အနှစ်မသိတဲ့ ပုဂ္ဂိုလ်က (လေးယောက်ပါဘုရား)။

အဲ... အနှစ်မသိတဲ့ ပုဂ္ဂိုလ်က လောကကြီးထဲ ဘယ်လိုလူတုံး လို့ ဆိုလို့ရှိယင် ကိုယ့်ကိုယ် ကိုယ်စီးပွားဥစ္စာတွေမရ·ရအောင်

ရှာပြီး နေပျော်သေပျော်ရှိပြီး လူလားမြောက်လို့ လူပုံအလယ် တင့်တယ်ပြီဆိုပြီးသကာလ စီးပွားရှာပြီး သေသွားပြီး ကိုယ့်မှာ တော့ ရှာလိုက်ရတာ သူတို့ ပျင်းလို့ မရဘူး၊ ဖျင်းလို့ မရဘူးဆို ပြီး ကိုယ့်ကိုယ် ကိုယ်မြှောက်ပြီး သူများတော့ ချပြီး စီးပွား ပြည့်စုံပြီး သေသွားတဲ့ ပုဂ္ဂိုလ်ဟာလဲတဲ့ ခုနင်က လူ့ပြည်ကို အနှစ်ရှာလာတာ အကိုင်း အခက်ကို ထမ်းပြန်သွားပဟေ့....တဲ့ (မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး....(အကိုင်း အခက် ထမ်းပြန် သွားပါပြီဘုရား)။

စီးပွားရေးကလေးနဲ့ တော်ပြီ-တန်ပြီ-လူလားမြောက်ပြီ-လူပုံ အလယ်မှာ လူသဖွယ်ဖြစ်ပြီ-တော်လောက်ပြီ-ထိုက်တန်သလောက် လဲ လှူရ, ပေးရ, ကမ်းရပြီဆိုပြီး သေသွားတဲ့ ပုဂ္ဂိုလ်များဟာ ဟေ့....တဲ့ အကိုင်း, အခက် ထမ်းပြန်သွားတာတဲ့.... (မှန်လှပါ ဘုရား)။

လိုရာခရီး ပြီးပလား....(မပြီးပါဘုရား) အနှစ်ရမှ ပြီးမှာဘဲ (မှန်ပါ့) အနှစ်ရပလား....(မရပါဘုရား) အဲဒီလိုဘဲကွ....တဲ့.... ပဌမပုဂ္ဂိုလ်နဲ့ တူတယ်.... တဲ့။

ဒုတိယပုဂ္ဂိုလ်ကတော့ကွာ....တဲ့ အပွေးထမ်းပြန်သွားတာက ဘယ်လိုပုဂ္ဂိုလ်တုံး....၊ သီလကလေး ဆောက်တည်ပြီး သီလပြည့် စုံယင် သေပျော်ပြီလို့ ပြောတဲ့ ပုဂ္ဂိုလ်ကွ....တဲ့....(မှန်ပါ့) ဒါက ဘာထမ်းပြန်တာတုံး.... (အပွေးထမ်းပြန်သွားတာပါဘုရား)။

ကဲ....ဦးဘရှင်း — ဘုရားပေးလိုက်တာ ဥပမာ သိပ်ကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

တကိုယ်ပုဂ္ဂိုလ်ကတော့ အကာတွေ ထမ်းပြန်သွားတယ်လို့ မဟောဘူးလား—(ဟောပါတယ်ဘုရား) လှည်းဝင်ရိုး လုပ်လို့ ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

သူကတော့လဲ သမထနဲ့ တင်းတိမ်သွားတဲ့ ပုဂ္ဂိုလ်တဲ့...(မှန်လှပါဘုရား) ဒါ အကာထမ်းတာဘဲ....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

စတုတ္ထပုဂ္ဂိုလ်ကတော့လဲ ဘာနဲ့ တူသတုံးဆိုတော့ အသားထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်နော်....(မှန်ပါ) လောကကြီးထဲတော့ သူက ဘာနဲ့ တူသတုံးဆိုတော့ အဘိညာဏ်ရတဲ့—ပုဂ္ဂိုလ်နဲ့ တူသကွ—တဲ့....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဘိညာဏ်ဆိုတာလဲ နိဗ္ဗာန်ဟုတ်ကဲ့လား...( မဟုတ်ပါ ) အဲ....အဘိညာဏ်ငါးပါးရတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်တဲ့—၊ ဒါလဲ အသားထမ်းပြန်သွားတာကွ....တဲ့ နေရာမကျသေးဘူးတဲ့.... (မှန်လှပါဘုရား)။

အခုလို မျက်စိနှစ်ကွင်း အလင်းရပြီး ဝိပဿနာမဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှ အနှစ်ထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ်ကွ....တဲ့—(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ဘယ်ဟာ ထမ်းပြန်ကြပါ့မလဲ...(အနှစ်ထမ်းပြန်ပါမယ်ဘုရား)။

အံ့မာ....တညီတညွတ်တည်းပါလား....၊ လုပ်တဲ့အခါတော့ မလွဲစေကြနဲ့နော်....(မှန်ပါ)။

လုပ်တော့—(မလွဲစေပါဘုရား) ဒါက စူဠသာရောပမသုတ် ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး မူလပဏ္ဏာသပါဠိတော် မှာ ဟောတော်မူတယ်...(မှန်ပါ)။

ယနေ့ ခင်ဗျားတို့ကို ဘာတရားဟောသတုံး--အကိုင်း့အခက် တရား ဟောသလား....၊ အပွေးတရားဟောသလား-ဟုတ်လား-၊ အကာတရားဟောသသား ....၊ အသားတရားဟောသလား ...၊ အနှစ်တရားကို ဟောသလားဆိုတာကို ခင်ဗျားတို့ ဝေဘန်ကြည့် (အနှစ်တရား ဟောပါတယ်ဘုရား)။

ဒါဖြင့် အနှစ်ထမ်းပြန်လို့ရှိယင် ခင်ဗျားတို့ လိုရာခရီး အပြီးတိုင် ရောက်မယ်...(မှန်ပါဘုရား) ရှင်းပလား—(ရှင်းပါ ပြီဘုရား)။

အနှစ်တရားကိုသာ မလုပ်တော့ပါဘူး ဆိုယင်ဖြင့် ခုနင်က ပြောခဲ့တဲ့ မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ မွေးလာပြီး အကန်း ကလေးမွေးပြီး အကန်းကလေး သေသွားတာထဲ ခင်ဗျားတို့— ပါသွားမယ်.. (မှန်ပါဘုရား) မဆိုထိုက်ဘူးလား—(ဆိုထိုက်ပါ တယ်ဘုရား)။

ဘယ်ထဲပါသွားမလဲ....(အကန်းမွေးပြီး အကန်းသေထဲ ပါ သွားပါမယ်ဘုရား)။

ဒါဖြင့် ကြားထဲမှာ အကန်းအသက် ရှည်နေတာလဲ လမ်းသွားမှန်ရဲ့လား...(မမှန်ပါ) တယ်လဲ ကြောက်စရာကောင်းပါကလား....(ကောင်းပါတယ်ဘုရား)။

ဦးညိုကြီး....ပေါ်ပလား....(ပေါ်ပါပြီ)အဲဒါဘုန်းကြီးပြောတာ သေသေချာချာ မှတ်ကြပါ၊ အကန်းသွား-မသွားကြပါနဲ့--(မှန်ပါ)။

နောက်ကိုလဲ အကန်းကလေးလဲ မမွေးချင်ပါနဲ့--(မှန်ပါ) အကန်းလမ်းသွားမှုကိုလဲ ကြောက်ကြပါ...(မှန်ပါ)။

အကန်းသေ-သေမှုကိုလဲ ဘယ်သူ သေသတုံးဟေ့--အကန်းတယောက် သေသွားတယ်ဆိုတဲ့ အမင်္ဂလာဟာလဲ အတော်ယုတ်ပါတယ်....( မှန်ပါဘုရား )မယုတ်ဘူးလား .... (ယုတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ပြင်ကြပါ, ဆင်ကြပါဆိုတာ ဦးဘရှင်းတို့....ကိုပေါ်တို့....အထူးတလည်သတိပေးရတယ်....(မှန်ပါ)မောင်နိုင်အနှစ်ထမ်းပြန်တဲ့ပုဂ္ဂိုလ်ရှာမှ-ရှား...(ရှားပါတယ်) သဘောပါပလား(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ယနေ့ ခင်ဗျားတို့ စ,ပြီးဟောလိုက်တဲ့တရားသည် မျက်စိနှစ်ကွင်းအလင်းရပြီး မဂ်ဉာဏ်,ဖိုလ်ဉာဏ်တရားကိုဟောတဲ့အတွက် အနှစ်ရှာပြီး ခင်ဗျားတို့ကို ပေးတဲ့တရား --(မှန်ပါ)ခင်ဗျားတို့ကလဲ ဒီအနှစ်ကိုဘဲ အသုံးချရမယ် (မှန်ပါ) ဒါမှ ခိုင်မြဲမယ်...(မှန်ပါ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီလိုရှုကြ၊ ခုနင်ကဆဲ့နှစ်ခုကို တခုနဲ့သာရှုနေ....(မှန်ပါ့) ရှုတဲ့အခါကျလို့ရှိယင် ကိုယ့်အသေ ကိုယ်မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)။

စိတ်တခုနဲ့ အသက်ရှင်တာကိုးဗျ....(မှန်ပါ့)ဒါဖြင့် အသေကို အရှင်နဲ့ကြည့်လို့ ဟောလိုက်ပါတယ်(မှန်ပါ့ဘုရား)။

အသေကို ... (အရှင်နဲ့ကြည့်ရပါမယ်ဘုရား) ကြည့်လိုက်တဲ့အခါကျတော့ အသေကို အရှင်နဲ့ကြည့်လိုက်တဲ့အခါ လူသေတွေကို လူရှင်ကကြည့်တဲ့အခါ ဩော် ... အသုဘတဲ ဆိုတော့ ဒီအသုဘမျိုးဖြစ်ချင်သေးရဲ့လား....(မဖြစ်ချင်ပါဘုရား)။

ကျုပ်တို့ဖြင့် ဒီအသေမျိုး-မသေပါရစေနဲ့... (မှန်ပါ့) အသုဘမြင်တဲ့ လူအပေါင်းက အကုန်မပြောပေဘူးလား .... (ပြောပါတယ်ဘုရား)။

ထို့အတူဘဲ ဝိပဿနာဆိုတာ ကိုယ့်အသေကို ကိုယ့်မျက်လုံးအရှင်နဲ့ကြည့်တာဘဲ....(မှန်ပါ့ဘုရား)။

အသေကို....(အရှင်နဲ့ကြည့်တာပါ)အဲဒါ ဘာခေါ်ကြမလဲ (ဝိပဿနာပါ) ဝိပဿနာအလုပ် အနှစ်ထမ်းတဲ့အလုပ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

အနှစ်ထမ်းတဲ့ အလုပ်ဆိုတာ သေချာပလား--(သေချာပါပြီဘုရား)။

ကောင်းပြီ ဒါနဲ့တွင်တင်းမတိမ်ဘဲနဲ့ မျက်စိနှစ်ကွင်းအလင်း

ရရုံနဲ့ မကျေနပ်ဘဲနဲ့၊ ကိုင်း...အလင်းတို့၏ နေရာဌာန မပြန်တဲ့ နေရာဌာနရောက်အောင် သွားမယ်ဆိုလို့ရှိယင်ဖြင့် ဒီဖြစ်ပျက်ကို ရှုမုန်းငြီးငွေ့လာအောင်ကြည့်ပါ... ( မှန်ပါ ) ဒီဖြစ်ပျက်ကို... (ရှုမုန်းငြီးငွေ့လာအောင်ကြည့်ရပါမယ်ဘုရား)။

ကဲ...ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ခန္ဓာကြီး၏ သွားနေကျလမ်းစဉ်၊
သတ္တဝါတိုင်း၏ ကိုယ်ပိုင်ပစ္စည်းလေးချက်
ပါသရာသိသုတ္တန်ဒေသနာ

# ည အလုပ်ပေးတရားတော်

( ၁၇ - ၄ - ၆၂ )

အခုတရားနာနေကြတဲ့ တကာတကာမတွေမှာ ဇာတိဆိုတဲ့ ပဋိသန္ဓေနေခဲ့ပြီးကြပြီဆိုယင် မောင်နိုင် မလွဲပါဘူး.... (မလွဲပါဘုရား) ပဋိသန္ဓေနေပြီးကြပြီနော်....(မှန်ပါ)။

ယခု ဘယ်အခြေအနေရောက်နေသလဲလို့ မေးလို့ရှိယင်ဖြင့် ဇရာဆိုတဲ့ အိုမှုထဲ ကြီးရင့်တဲ့ဘက် ရောက်လာပြီ ဆိုယင်လဲ မလွဲဘူး....(မလွဲပါဘုရား)။

နောက်ကျတော့ ဒီတကာတကာမတွေ ဘာနဲ့တွေ့ကြ ဆုံကြ ကြုံကြမှာလဲ..လို့ မေးတော့ ဗျာဓိဆိုတဲ့ အနာနှိပ်စက်တာနဲ့ တွေ့ရမယ်....(မှန်ပါ)။

နောက်ကျတော့ ဒီတကာတကာမတွေ ဗျာဓိက ကျော်သွားတဲ့အခါကျတော့ သေမှုဆိုတဲ့ မရဏနဲ့တွေ့ရမယ်....(မှန်ပါ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဇာတိက လာတယ်၊ ယခု ဇရာရောက်နေတယ်၊ အိုမှုရောက်နေပြီ....( မှန်ပါ )

အိုမှုကနေပြီးသကာလ တကာတကာမတွေ ဘယ်သွားကြမှာတုံး ( ဗျာဓိဆီပါ ) ဗျာဓိဆိုတဲ့ အနာနှိပ်စက်တဲ့ဆီ သွားကြမယ်၊ သဘောကျပလား .. (ကျပါပြီဘုရား)။

ဘယ်သွားကြမလို့လဲ.... ( ဗျာဓိဆီ သွားမလို့ပါဘုရား ) မန္တလေးရေတံခွန်သွားမလို့ မဟုတ်ပါဘူး·ခန္ဓာက၊ နာတဲ့ဆီ သွားနေတယ်လို့ မှတ်ရမယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီ နာပြီးတဲ့အခါကျလို့ရှိယင် သူ·ရပ်ဆိုင်းဦးမှာလားတဲ့၊ ဘယ်ကို ဆက်လက်ပြီး သွားမှာလဲ....လို့ အမေးထုတ်လို့ရှိယင် သေမှုဆီသွားမယ်.... (မှန်ပါဘုရား) ဒါဟာ ခန္ဓာ့လမ်းစဉ်ဘဲ.... (မှန်ပါ)။

တကာတကာမတို့ ဘယ်သူ့လမ်းစဉ်လဲ.... (ခန္ဓာ့လမ်းစဉ်ပါဘုရား)။

ဒါဖြင့်.... ဒီတကာ တကာမတွေဟာ ဇာတိလဲ ကိုယ်ပိုင်ရခဲ့ပြီးသား ဇရာကလဲ ကိုယ့်ပစ္စည်းအဖြစ်နဲ့ ဦးဘရှင်း ရှိပြီးသား· (မှန်ပါ) ဗျာဓိကလဲ ရှေ့ကို တွေ့ဦးမှာဘဲ....( မှန်ပါ ) အနာ နှိပ်စက်တာလေ.... (မှန်လှပါ) မရဏာဆိုတဲ့ မြို့ပြင်ထုတ်တဲ့ အလုပ်ကလဲ တွေ့ရဦးမှာလားမေးယင် ဘယ်နှယ်ဖြေကြမလဲ.... (တွေ့ရဦးမှာပါဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေမှာ ဒီလေးမျိုးဟာဖြင့် ကိုယ်တွေ့·တွေ့ပြီးသားရယ်, တွေ့ဆဲရယ်, တွေ့လတ္တံ့ရယ် မဆိုနိုင်ဘူးလား .... ( ဆိုနိုင်ပါတယ်ဘုရား ) တွေ့ပြီးသားက ဇာတိ (မှန်ပါ) တွေ့ဆဲက ဇရာ၊ တွေ့လတ္တံ့က ဗျာဓိရယ်,မရဏာရယ် (မှန်ပါ) ဘယ်နှစ်မျိုးပါလိမ့်....(လေးမျိုးပါဘုရား)။

တွေ့ပြီးသားက ဘာပါလိမ့်....(ဇာတိပါဘုရား) တွေ့ဆဲက....(ဇရာပါ) ဇရာဘဲ အခု အိုနေပြီ....(မှန်ပါ့) တကာတကာမတွေ တွေ့လတ္တံ့က ဘာပါလိမ့်.... (ဗျာဓိ,မရဏပါဘုရား) ဗျာဓိနဲ့ မရဏ၊ ဗျာဓိဆိုတာက အနာနှိပ်စက်တာ၊ နောက်သေရမယ်....(မှန်ပါ့)။

ဒါဖြင့်.... ဒီလေးခုဟာ တွေ့ပြီးသား, တွေ့ဆဲ, တွေ့လတ္တံ့၊ လေးခုမရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်ပိုင်ပစ္စည်း ဘယ်နှစ်ခု ရှိကြသတုံး....မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ.... ( လေးခုပါဘုရား ) ကိုယ်ပိုင်ပစ္စည်း လေးခုရှိကြတယ်... (မှန်ပါ့)။

လေးခုရှိတော့ ဘုန်းကြီးက ရှင်းပြမယ်....၊ လေးခုရှိတော့ ဘုန်းကြီးက ရှင်းပြပါမယ် တကာဘကာမတို့၊ ဇာတိ ဒုက္ခသစ္စာ (မှန်ပါ့) ဇရာဟာ ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)တွေ့လတ္တံ့ ဗျာဓိကကော.. (ဒုက္ခသစ္စာပါ) နောက်ဆက်ပြီး တွေ့လတ္တံ့ မရဏသေမှုကကော. (ဒုက္ခသစ္စာပါဘုရား)။

ဪ.. ဒုက္ခသစ္စာလေးချက်၊ တွေ့ပြီး,တွေ့ဆဲ,တွေ့လတ္တံ့ ဆိုတော့ ဒီလေးခုဘာဖြင့် တွေ့ပြီးတာလဲ မိမိနဲ့ဘဲ၊ တွေ့ဆဲလဲ မိမိနဲ့တွေ့နေတာဘဲ၊ တွေ့လတ္တံ့တွေကိုလဲ မိမိရှောင်ကွင်းလို့ မလွတ်ဘူး.... (မှန်ပါ့) ဆိုနိုင်ကြရဲ့လား...( ဆိုနိုင်ပါတယ် ) ဦးအောင်ဇံဝေ မဆိုနိုင်ဘူးလား.... ( ဆိုနိုင်ပါတယ်ဘုရား ) သေသေချာချာ မှတ်ပါလို့ သတိပေးလိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒီ တွေ့ဆဲ, တွေ့ပြီး, တွေ့လတ္တံ့တွေဟာ သစ္စာချည့်ဘဲ....(မှန်ပါ့) သစ္စာဖွဲ့လိုက်တော့ ဘာသစ္စာတွေ ဖြစ်သွားသတုံး....

( ဒုက္ခသစ္စာတွေပါဘုရား ) ဦးညိုကြီး ဘာသစ္စာဖြစ်သတုံး.... ( ဒုက္ခသစ္စာပါဘုရား ) ဒုက္ခသစ္စာတွေချည့် ဖြစ်နေတယ်.... (မှန်ပါ)။

ဒုက္ခသစ္စာက နေ့ခင်းတွေကို ကောင်းသလား- ရှောင်ဘို့ ကောင်းသလား၊ တကာ တကာမတွေ မေးလိုက်ပါတယ်နော်.... (ရှောင်ဘို့ကောင်းပါတယ်ဘုရား)။

ဩြော်....ရှောင်ဘို့ကောင်းတယ်၊ နေ့ခင်းကို ဒီဒုက္ခလေးချက်ကို ဖြင့်ကွာ — ရှောင်ရမှာဘဲဆိုတာ စိတ်ထဲ မွေးကြတာပေါ့ .... (မှန်ပါ့)။

သို့သော်လဲတဲ့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ရှောင်ရမှာဘဲဆိုတဲ့ဥစ္စာကလဲ ဇာတိဒုက္ခသစ္စာ, ဇရာဒုက္ခသစ္စာ, ဗျာဓိဒုက္ခသစ္စာ,မရဏဒုက္ခသစ္စာလို့ သိတဲ့ပုဂ္ဂိုလ်မှ ရှောင်ရမှာဘဲဘုရား ဆိုတဲ့ အသံကလေး ထွက်နိုင်တယ်.... (မှန်ပါ့) ဦးအောင်ဇော်ဝေ နို့ မဟုတ် ထွက်နိုင်ပါ့မလား.... (မထွက်နိုင်ပါဘုရား) သစ္စာသိမှ နော်.... (မှန်ပါ့) သစ္စာသိမှ ရှောင်ရမှာဘဲဆိုတဲ့ စကားကလေး သုံးနိုင်ပါတယ်....(မှန်ပါ့) သစ္စာမသိယင်....(မသုံးနိုင်ပါဘုရား) မသုံးနိုင်ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

အခုတော့.... ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဇာတိ ရှိလျက်နဲ့, ဇာတိတွေပြီးသားဖြစ်ပါလျက်သားနဲ့, ဇာတိ ရှာကြတယ်။

ဇာတိတွေပြီးသား ဖြစ်ပါလျက်သားနဲ့, ဘာတဲ့.... ( ဇာတိ ရှာကြပါတယ်ဘုရား) ဇရာတွေဆဲ ဖြစ်ပါလျက်သားနဲ့ ဘာရှာ သတုံး....(ဇရာရှာပါတယ်ဘုရား) ဗျာဓိ,မရဏတွေလဲတွေ့ ဖြစ်ပါ လျက်သားနဲ့ ဘာရှာကြသတုံး....(ဗျာဓိ,မရဏရှာပါတယ်ဘုရား)

မိုက်ချက်သန်လိုက်တာလို့ ဆိုလိုက်ပါတယ်.... (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြပါ့မယ် - ( မိုက်ချက်သန်ပါတယ်ဘုရား ) ဦးညိုကြီး ဘယ်လိုဆိုမတုံး- မိုက်ချက်သန်တယ်...(မှန်ပါ့ဘုရား) နောက်က တကာတကာမတွေ ဘယ်လို ဆိုကြပါ့မလဲ ( မိုက်ချက်သန်ပါတယ်ဘုရား)။

ဇာတိ ကိုယ်တိုင် တွေ့ပြီးသား ဖြစ်ပါလျက်သားနဲ့ ဇာတိ ရှာတယ်... (မှန်ပါ့) ဇရာဆိုတာ အခု ကိုယ်တိုင်တွေ့နေရတယ် (မှန်ပါ့)။

ကျုပ် အိုလာပြီ မသွားနိုင် မလာနိုင်တော့ဘူး၊ ဇရာ ကိုယ်တိုင် တွေ့ပြီးသကာလ အရုပ် အဆင်းတွေ ပျက်ကုန်ပါပြီ....၊ ပျိုရုပ်တွေ မရှိပါဘူး၊ အိုရုပ်တွေနဲ့ နေရပါတယ်ဆိုတာ ကိုယ်တိုင် တွေ့နေလျက်သားနဲ့ နောက်ဇရာကို ရှာမယ် ဆိုယင်ဖြင့် ဘုန်းကြီးပြောတာ မမှားပါဘူး- (မမှားပါဘုရား)နောက်ရှာတဲ့ ပုဂ္ဂိုလ် မိုက်ချက်သန်တယ်လို့ ဆိုလိုက်ပါတယ်....(မှန်ပါ့)ငြင်းဘို့ ရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဗျာဓိ မရဏတွေဟာ တွေ့လတ္တံ့မှ ဟုတ်ပါရဲ့လား ဒီဘဝ မှာ.... (တွေ့လတ္တံ့ပါဘုရား) အနာနှိပ်စက်တဲ့ကိစ္စ, သေရမည့် ကိစ္စဟာ ဦးအောင်ဇံဝေ ဟုတ်, မဟုတ်.... ( ဟုတ်ပါတယ် ဘုရား)။

အဲဒီတော့ တွေ့လတ္တံ့ဖြစ်ပါလျက်သားနဲ့ အခုဟာတောင် တွေ့လတ္တံ့ မကျော်လွှားနိုင်သေးဘဲနဲ့ နောင်တဖန် အသစ်ရှာ ဦးမယ်ဆိုယင် မိုက်ချက်သန်တယ်....(မှန်ပါ့) မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားပါ၊ ကြပ်ကြပ်စဉ်းစားပါ၊ ဘုန်းကြီးတို့

တကာတကာမတွေကို နားလည်အောင် ပြောနေတယ်...(မှန်ပါ ဘုရား)။

ဒါဖြင့် ရှာမှီးခြင်းလွဲနေပြီ.... ( မှန်ပါ ) နောက်ထပ်ရှာတဲ့ ပုဂ္ဂိုလ်ဟာ ရှာမှီးခြင်းလွဲကုန်ပြီ ဦးဘရှင်း,ရေ....(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ....(ရှာမှီးခြင်းလွဲပါတယ်) ရှာမှီးခြင်းလွဲ ကုန်ပြီလို့ဘဲ ဆိုရပါလိမ့်မယ်....(မှန်ပါဘုရား)။

အဲယ်လိုဆိုကြမလဲ....(ရှာမှီးခြင်း လွဲကုန်ပါပြီဘုရား) ရှာမှီး ခြင်းလွဲကုန်ပါပြီ။

တပည့်တော်တို့ ဘယ်ရှာရမတုံးဘုရား၊ ဟာ.... ရှာတာပေါ့ ကွာ၊ မင်းတို့သည်ကားလို့ ဆိုယင်အကြမ်းကိုအယင်ပြောပါ့မယ်၊ အနု နောက်မှပြောမယ်နော်....(မှန်ပါ) ဘာတုံးဆိုတော့ အချို့ လူတန်းပေးကမ်းပြီးတော့ လူဖြစ်ရပါလို၏- နတ်ဖြစ်ရပါလို၏- (မှန်ပါဘုရား)။

လူတန်းပေးကမ်းပြီး လူချမ်းသာ, နတ်ချမ်းသာဖြစ်ရပါ လို၏ဆိုတဲ့ တကာတကာမတွေဟာ ဇာတိရှိလျက်နဲ့ ဇာတိ ရှာတာ....(မှန်ပါ) ဇရာရှိလျက်နဲ့ .... ( ဇရာရှာပါတယ် )ဗျာဓိ မရဏရှိလျက်နဲ့....(ဗျာဓိမရဏရှာပါတယ်ဘုရား)။

ကဲ....မောင်နိုင်တို့ဘဲ၊ မောင်ထွန်းအောင်တို့ဘဲ၊ ဦးအောင် ဇံဝေတို့ဘဲ ဆုံးဖြတ်ချက်ချပါတော့ လွဲ-မလွဲ .... (လွဲပါတယ်) မလွဲဘူးလား- လွဲသလားရှာတာဟာ....(လွဲပါတယ်ဘုရား)။

လွဲနေပြီဆိုတာ သတိထားပါ....(မှန်ပါ)မောင်နိုင်....သဘော ကျပလား....(ကျပါပြီ) ဦးအောင်ဇံဝေ နောက်ထပ်ရှာယင် .... (လွဲပါတယ်) လွဲတယ်ဆိုတာ သဘောပလား .... (သဘောပါပြီ ဘုရား)။

ဤဘဝ စုတေမနေ့ သေလွန်ရလို့ ရှိယင် လှူမှု တန်းမှု ပေးမှု ကမ်းမှုကြောင့် နောက်ဘဝ လူချမ်းသာနတ်ချမ်းသာဖြစ်ရပါလို၏ဟုဆိုယင်ဖြင့် ဇာတိရှာ, ဇရာရှာ,ဗျာဓိရှာ, မရဏရှာတာဘဲ.... (မှန်ပါ့ဘုရား) ရှာမှီးခြင်းလွဲကုန်ပြီ....(လွဲပါတယ်ဘုရား)။

ဦးအောင်ဇံဝေ ဘယ့်နှယ်တုံး သဘောကျရဲ့လား.... (ကျပါတယ်ဘုရား) ရှာမှီးခြင်းလွဲသလား·မှန်သလား.... (လွဲပါတယ်ဘုရား)သေသေချာချာမှတ်ပါ.. (မှန်ပါ့)တကာကြီးလှိုင်.... ဘယ့်နှယ်တုံး လွဲသလား....(လွဲပါတယ်ဘုရား)။

ဒါက ဘယ်လိုပုဂ္ဂိုလ်တွေတုံးလို့ မေးတဲ့အခါ ကျတော့ဘုန်းကြီးက နာအောင်ပြောတယ်လို့ မောင်နိုင်က မထင်နဲ့နော် (မှန်ပါ့)စုံးလုံးကန်း လမ်းသွားနေတာ..( မှန်ပါ့ ) စုံလုံးကန်းလမ်းသွားနေတာကွလို့ နာမည်ပေးလိုက်တယ်....(မှန်ပါ့)။

ဒီဘဝမှာလဲ ဇာတိ,ဇရာ,မရဏ ဒုက္ခသစ္စာကို သူမမြင်ဘူး.... (မှန်ပါ့) နောက်လာမည့် ဇာတိ,ဇရာ,မရဏကိုလဲ ဒုက္ခသစ္စာလို့ သူမြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် ဒီဘဝမမြင်တာက တဖက်ကန်း၊ နောက် လှမ်းမမြင်တာက....( တဖက်ကန်းပါ ) တဖက်ကန်း၊ ပေါင်းလိုက်တော့ နှစ်ဖက်ကန်းဖြစ်သွားတယ်....(မှန်ပါ့) စုံလုံးကန်းဖြစ်သွားတယ်·(မှန်ပါ့ဘုရား)။

ဦးဘရှင်း ဘယ့်နှယ်ထင်သတုံး....(စုံလုံးကန်းပါဘုရား)တယ်ကြောက်စရာကောင်းပါကလား· (ကောင်းပါတယ်)တကာကြီး

လှိုင် ဘယ့်နှယ်တုံး....(အင်မတန်ကြောက်စရာကောင်းပါတယ်) အားလုံး တကာတကာမတွေ...(အင်မတန်ကြောက်စရာကောင်း ပါတယ်ဘုရား)။

ခင်ဗျားတို့ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟူသရွေ့မှာဖြင့် အခုဘုရား ရှေ့မှာ ပန်းတွေလှူ၊ ဆွမ်းတော်ပွဲတွေကပ်ပြီး ဒီဘဝက စုတေ မနေ သေလွန်ရသည်ရှိသော် ဤဆွမ်း၊ ဤကွမ်းကို လှူတန်း ပေးကမ်းရတဲ့ အကြောင်းကြောင့် နိဗ္ဗာန်မရမီစပ်ကြား လူချမ်း သာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဖြစ်ရပါလို၏ ဆိုတော့ ခုနင်က ဒုက္ခသစ္စာလေးချက် တောင်းယူလိုက်တယ်....(မှန်ပါ့)။

ဘာတောင်းယူလိုက်တာတုံး...(ဒုက္ခသစ္စာလေးချက် တောင်း ယူပါတယ်ဘုရား)။

တကာကြီးလှိုင် လွဲကုန်ပြီဗျ....(မှန်ပါ့လွဲပါတယ်) ဦးဘရှင်း-(လွဲပါတယ်ဘုရား)ဘုန်းကြီးက ဆောင်ဟောနေတာလား- သူ့ ကိုကလွဲနေတာလား....(သူ့ကိုကလွဲနေတာပါဘုရား)။

ဦးညိုကြီး မသိတော့ ခင်ဗျားတို့ရှေ့တွင် တောင်းနေတဲ့ ပုဂ္ဂိုလ်တွေ တပုံကြီးမြင်ရမယ်.... (မှန်ပါ့) ခင်ဗျားတို့ကိုယ်တိုင် မှောက်မှားခဲ့တာကော....(ရှိပါတယ်ဘုရား)။

ရှိတယ်ဆိုယင် လွဲပါ့မလား.... (မလွဲပါ) နောက်က တကာ တကာမတွေ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဇာတိရှိလျက်နဲ့ ဘာရှာတာတုံး-(ဇာတိရှာပါတယ်) အံမာ....ဘုရားရှေ့သွားရှာတယ်....(မှန်ပါ့) ဘုရားကို တိုင်တည် ပြီးတော့ အရှင်ဘုရား- နောက်ဘဝ လူချမ်းသာဖြစ်ရပါလို၏၊

ဘုရားရှေ့မှာ ဆွမ်းတော်ပွဲနဲ့, ဖယောင်းတိုင်မီးနဲ့ နောက်ဘာဝ ဇာတိကို ပေးသနားတော်မူပါဘုရား ဒုက္ခသစ္စာ....(မှန်ပါ)။

ဇရာပေးသနားတော် မူပါဘုရာ့-ဗျာဓိ အနာနှိပ်စက်တာကြီး ပေးသနားတော်မူပါ၊ မရဏ သေမှုကြီးတခုကိုလဲ နောက်ထပ် ပေးသနားတော်မူပါဦး ... (မှန်ပါ့ဘုရား)။

ဒါတောင် ပြည့်မှ ပြည့်ပါ့မလားလို့ ခင်ဗျားတို့ကသံသယများ ရှိနေသေးတယ်၊ တောင်းတော့ တောင်းတာဘဲ ပြည့်မှ ပြည့်ပါ့ မလားလို့၊ ပြည့်ပါတယ် ဒါတွေက မပြည့်မရှိပါဘူး....(မှန်ပါ့ ဘုရား)။

ဘယ့်နှယ်တုံး ဦးအောင်ဇံဝေ သိပ်မလွဲသေးဘူးလား .... (လွဲပါတယ်)ဒါဖြင့် ရှာမှီးခြင်း ဘယ့်နှယ်နေသတုံး မောင်နိုင်ရ (မှားပါတယ်)နောက်က တကာတကာမတွေ ... (ရှာမှီးခြင်းလွဲ ပါတယ်)ရှင်းကြပလား....(ရှင်းပါပြီ) ရှာမှီးခြင်းသိပ်လွဲနေပြီ ... (မှူန်ပါ့ဘုရား)။

အဲဒီတော့ကိုတဲ့ ခင်ဗျားတို့နောက်က ဒီလိုချည့်ရှာလာတော့ ဒီအတိုင်းချည့်ဘဲ ရှာမှီးခြင်းလွဲတော့ ဒီဇာတိ, ဇရာ, ဗျာဓိ, မရဏ၊ နောက်တခါ လာပြန်တော့ကော.... (ဇာတိ,ဇရာ,ဗျာဓိ, မရဏပါဘုရား) နောက်တခါ လာပြန်တော့ကော .... (ဇာတိ, ဇရာ,ဗျာဓိ,မရဏပါ)အံမာလေး....တကာတကာမတို့ မီးခိုးမဆုံး မိုးမဆုံးဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

မောင်ထွန်းအောင် ဘယ့်နှယ်ဆိုမတုံး .... (မီးခိုးမဆုံး မိုး မဆုံးပါ) မောင်သိန်း....(မီးခိုးမဆုံး မိုးမဆုံးပါဘုရား)သေချာ

ပလား....(သေချာပါပြီ) အားကြီးလွဲကုန်ပြီ....( လွဲပါတယ် ) အားကြီးလွဲကုန်ပြီ။

အဲဒါက ခင်ဗျားတို့နားလည်မှုကို ပြော....မရှာမိုးတတ်လို့ ဖြစ်ရရှာတယ်၊ ရှာမိုးခြင်းကို သင်ဦးမှာပါ(မှန်ပါ့)အခုတရားက မရှာမိုးကောင်းတာတွေကို အယင်ပြနေတယ်လို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလိုရှာနေတဲ့ပုဂ္ဂိုလ်တွေလဲ ဦးညို ဘယ်လောက်များ များသတုံးလို့ မေးယင် ဘယ့်နှယ်ဖြေပါမတုံး....(မရေတွက်နိုင်အောင် များပါတယ်) ဦးဘရှင်း သွားပြီဒီလူတွေ.... (မှန်ပါ့) ဒီလူတွေသွားပြီ...(မှန်ပါ့ဘုရား)။

ဒီလူတွေဟာ တကာတကာမတို့ ခင်ဗျားတို့ကဖြင့် ပြော.... သူတို့မှာ ကုသိုလ်ကြီးလိုက်တာ လှူတန်းပေးကမ်းပြီး သကာလ ဆုမျိုးစုံတွေများတောင်းပြီး နေလိုက်ကြတာ ဝမ်းမြောက်စရာလို့ ဆိုမလား- ဒုက္ခတွေလာပါစေတော့လို့ ဆိုမလား .... (ဒုက္ခတွေ လာပါစေတော့လို့ ဆိုရမှာပါဘုရား)။

အင်း - သိပ်လွဲကုန်ပါပေါ့လား.... (မှန်ပါ့) တကာကြီးလှိုင် သိပ်လွဲကုန်ပြီ....( မှန်ပါ့ ) ဦးဘရှင်း စဉ်းစားကြည့်စမ်းပါ .... (လွဲပါတယ်)ကိုပေါ်တို့ကော....(လွဲပါတယ်) ဦးအောင်ဇံဝေ သိပ်လွဲသွားပြန်ပြီ....(လွဲပါတယ်ဘုရား)။

နေ့ာက်က တကာတကာမတွေ ကိုယ့်အကြောင်း ကိုယ်သိကြပလား....(သိပါပြီ)ဒီလိုများ နောက်ကလုပ်ခဲ့ကြသလားလို့ ဒီဘဝမှာ မသိတုန်းက လုပ်ခဲ့ကြသလားလို့ မေးယင် မလိမ်နဲ့

ခင်ဗျားတို့ ဒီဆုတောင်း တောင်းခဲ့သလား- မတောင်းခဲ့ဘူးလား (တောင်းခဲ့ပါတယ်) တယ်လဲမိုက်ချက်သန်ပါလား— (သန်ခဲ့ပါ တယ်ဘုရား)။

မရှိလို့တောင်းတာလား- ရှိပြီးသား တောင်းတာလား .... (ရှိပြီးသားတောင်းတာပါဘုရား)ဟာ--မပု သေသေချာချာလွဲပြီ ( လွဲပါပြီဘုရား )။

သေသေချာချာလွဲပြီ၊ ဆည်မရအောင် လွဲတာဘဲ....(မှန်ပါ) ဆည်မရအောင် လွဲတာဘဲ ဦးဘရှင်းတို့မှိုလိုက်ရုံရှိလို့ တော်သေး တယ်နော်...(မှန်ပါဘုရား) အခုဥာဏ်ပေးတဲ့ပုဂ္ဂိုလ်နဲ့ မှိုလိုက်ရုံ ရှိလို့ တော်သေးတယ်....(မှန်ပါ)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဇာတ်မျောကြီးချည့် ခင်းမှာ....(မှန် လှပါဘုရား) ဒုက္ခရောက်မည့် ဇာတ်ချည့်....(ခင်းပါတယ်) ခင်း တာဘဲဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

အဲဒါ သနားလွန်းလို့ ဟောနေပါတယ်ဆိုတာကိုလဲ နောက် က တကာတကာမတွေက မှတ်ပါ....(မှန်ပါ)။

ခင်ဗျားတို့ အင်မတန်မှ အမြင်မှားပြီး ရှာမှီးခြင်း လွဲနေလို့ ဟောရပါတယ်... (မှန်ပါ)။

ဒါက ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ငါဘုရားမဖြစ် တာ လက်သည်ရှာတော့ ရှာမှီးခြင်း လွဲလို့ဟော့တဲ့.... (မှန်ပါ ဘုရား)။

ငါ ဘုရားမဖြစ်တာ ဘာတဲ့....(ရှာမှီးခြင်း လွဲလို့ပါဘုရား) ဘုရားက မူလပဏ္ဏာသပါဠိတော် ပါသရာသိသုတ်မှာ သေသေ

ချာချာ ဟောတယ်၊ ငါ ဘုရားမဖြစ်တာ ရှာမှီးခြင်း လွဲမှုတွေကြောင့်ဟေ့.....တဲ့....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘုရားမဖြစ်တာ ဘာဖြစ်လို့ပါလိမ့်....(ရှာမှီးခြင်း လွဲလို့ပါဘုရား)။

ခင်ဗျားတို့ သိထားတာက ပါရမီမပြည့်သေးလို့-ဘုရားမဖြစ်သေးဘူးလို့ အောက်မေ့နေတယ်....(မှန်ပါ) ရှာမှီးခြင်း လွဲနေလို့ ဇာတိ ဇရာ မရဏချည့် ပြန်လည့်နေတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်....(ရှာမှီးခြင်း လွဲလို့ပါ) နောက်တော့ကွာ....ငါ့မှာ မနည်း ကြိုးစားရတယ်၊ ရှာမှီးခြင်း မလွဲအောင် မနည်း ကြိုးစားရတယ်၊ ဇာတိရှိလျက်နဲ့ဖြင့် ဇာတိအပြစ်မြင်မှ တော်တော့မယ်ဆိုတဲ့စိတ် ပြောင်းယူရတယ်....(မှန်လှပါဘုရား)။

ဇာတိရှိလျက်နဲ့ဖြင့် ဇာတိကို အပြစ်မြင်အောင် ငါ ကြည့်မှဘဲ၊ ဇာတိတော့ မုန်းအောင်ကြည့်မှဘဲ၊ဇာတိကို မလိုချင်အောင်ကြည့်မှဘဲလို့... ငါ့မှာ ပြောင်းယူရတယ်ကွ...တဲ့၊ အဲဒီတော့မှ ဘုရားဖြစ်လာတယ်... (မှန်ပါ)။

ဇရာကို သိပြီးသကာလ ဇရာကို မုန်းပြီး ဇရာကို မလိုချင်တော့မှ ငါ ဘုရားဖြစ်လာတယ်.... (မှန်ပါ) ဗျာဓိကို ငါတွေ့, ဗျာဓိကို ငါမုန်း, ဗျာဓိကို ငါ မလိုချင်တော့မှ ဘာတုံး ....(ဘုရားဖြစ်လာပါတယ်ဘုရား)။

မရဏကို ငါမြင်, မရဏကို မုန်း, မရဏကို မလိုချင်တော့မှ ဘာဖြစ်လာသတုံး.... (ဘုရားဖြစ်လာပါတယ်ဘုရား) ဘုရားဖြစ်လာတယ်၊ အံမာ....ဦးဘရှင်....ရှင်းသွားပြီ — (ရှင်းသွားပါပြီဘုရား)။

မောင်နိုင်....ဒီတရား သေသေချာချာ မှတ်ပါ အဘိုးတန်လွန်းလို့ နော်(မှန်ပါ့)ဘုရားဟာ ဘုရားမဖြစ်ခဲ့တာ ဘာ့ကြောင့်ပါလိမ့်မတုံး....နိဗ္ဗာန်မရတာ ဘာ့ကြောင့်ပါလိမ့်မတုံးလို့ — မေးတော့မှ ယနေ့ တကာတကာမတွေဟာ အဖြေမှန်ကြီး ထွက်လာတယ်....(မှန်ပါ့) ရှာမှီးခြင်း လွဲလို့... (မှန်ပါ့)။

ဦးအောင်ဇံဝေ....ဘာတဲ့တုံး... (ရှာမှီးခြင်း လွဲလို့ပါ) သေသေချာချာ မှတ်ပါ ရှာမှီးခြင်းလွဲလို့....၊ ခင်ဗျားတို့ မျက်စိလည်နေတာ....(မှန်ပါ့)။

ဘုရားကလဲ သူ လည်ခဲ့တဲ့အကြောင်းကို တာဝန်ခံပါတယ်....(မှန်ပါ့)ခင်ဗျားတို့ ကိုယ်တိုင်ကလဲ ဒီ ဆရာဘုန်းကြီးနဲ့ တွေ့လို့မှ ဒီ ဉာဏ်မျက်လုံးကို တည့်မပေးတော့ဘူး၊ ရှာမှီးခြင်း အလွဲအချော်တွေကို လုပ်နေကြဦးမယ်ဆိုယင်ဖြင့် ဇာတိ ဇရာ မရဏ လှည့်နေမှာဘဲ... (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာလှည့်နေမှာတုံး .... (ဇာတိ ဇရာ မရဏ လှည့်နေမှာပါဘုရား)သိပ်ကြောက်စရာကောင်းပါကလား....(ကောင်းပါတယ်ဘုရား) ဒုက္ခသစ္စာချည့် လှည့်နေတယ်....(မှန်ပါ့)။

ဘာတွေလှည့်နေသလဲ.... (ဒုက္ခသစ္စာချည့် လှည့်နေပါတယ်ဘုရား)မောင်သိန်း.. ကြောက်စရာပါလား...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီတဲ့....၊ ဒါဖြင့် ခင်ဗျားတို့ ရှာမှီးခြင်း လွဲတယ်-မလွဲတယ် ခင်ဗျားတို့ဘဲ ဘုရားက ပြောလိုက်တယ်၊ မင်းတို့ သားသမီးတွေဟာတဲ့...အဲဒါ ဇာတိ ဇရာ မရဏဖြစ်ကြောင်းတွေ၊ သဘောကျသွားပလား... (ကျသွားပါပြီဘုရား)။

သားသမီးတွေဟာ....(ဇာတိ ဇရာ မရဏဖြစ်ကြောင်းတွေပါဘုရား)။

အသက်ရှိ သတ္တဝါတွေ၊ ရွှေငွေ ကျောက်သံပတ္တမြားတွေဟာတဲ့....၊ ဇာတိ ဇရာ မရဏဖြစ်ကြောင်းကွ....တဲ့၊သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒါ ဘာ့ကြောင့်တုံး ဇာတိ ဇရာ မရဏဖြစ်ကြောင်းဆိုတော့ တကာတကာမတွေက ဖြုန်းကနဲ မပေါ်သေးဘူးပေါ့ဗျာ... (မှန်ပါ့ဘုရား)ပေါ်ပါလိမ့်မယ်၊ ရှင်းလင်းရင်း ပေါ်ပါလိမ့်မယ် ကိုမြင့်... နော်(မှန်ပါ့)။

ခင်ဗျားတို့ သားတွေသမီးတွေဟာ ဘာတုံး၊ဇာတိ ဇရာ မရဏ ရှာနေတာဘဲ....(မှန်ပါ့)။

ခင်ဗျားတို့ သားသမီးတွေ ရှိနေတာသည် မသုံးတတ်လို့ရှိယင် ဇာတိ ဇရာ မရဏ ရှာနေတာ....( မှန်ပါ့ ) ပစ္စည်းဥစ္စာရတနာတွေကော.... (ဇာတိ ဇရာ မရဏ ရှာနေတာပါဘုရား)။

ကိုင်း....ဒါတွေဟာ မင်းတို့ ဇာတိရှိလျက်နဲ့ ဇာတိရှာတဲ့ သဘောတွေကွ....၊ သားတွေ၊ သမီးတွေ၊ ပစ္စည်းတွေ၊ အခြံအရံတွေဟာ ဇာတိဇရာ မရဏ သောက ပရိဒေဝတွေကွတဲ့၊ သေသေချာချာဟောတယ်နော်....(မှန်ပါ)။

သားသမီးနဲ့ ပစ္စည်းဥစ္စာရတနာတွေဟာ ဘာတဲ့တုံး (ဇာတိ ဇရာ ဗျာဓိ မရဏတွေပါ)ဇာတိ ဇရာ ဗျာဓိ မရဏရှာတဲ့အလုပ်တွေဘဲ....(မှန်ပါ)။

ကိုင်း... ဒါကို သေသေချာချာ ဟောတော့မယ် တကာ တကာမတို့ ရှေ့သဘောကလေး ကောင်းကောင်းကလေး မှတ်ထားလိုက်၊ အခုပြောတဲ့သဘောကလေး၊ဩော်....ငါတို့သားတွေ သမီးတွေ၊ပစ္စည်းတွေဟာ ဇာတိ၊ဇရာ၊မရဏတွေပါကလားလို့ မှတ်ထားလိုက်ပါ....(မှန်ပါ)။

ကိုင်း....ပြောပါတော့မယ်၊ ကိုယ့်သားသမီးရယ်လို့ ဖြစ်လာကြတဲ့ အခါကျတော့ တကာတကာမတွေက မခင်ပါနဲ့ ဆိုလို့ ရသေးရဲ့လား .. (မရပါဘုရား)။

အင်း... ခင်လိုက်ပြီ၊ ခင်တော့ မောင်နိုင်က ပဋိစ္စသမုပ္ပါဒ်ဘဲ ဘယ်တရားယူရမလဲ....(တဏှာပါဘုရား) တဏှာယူမယ်၊ ခင်ရုံတင်ဘဲ နေသလား၊ တကာတကာမတို့ စွဲလမ်းသေးသလား.... (စွဲလမ်းပါတယ်ဘုရား) ဥပါဒါန်ရောက်ပြီ.... (မှန်ပါ)။

ဥပါဒါန်ရောက်တော့ ကာယကံ၊ဝစီကံနဲ့ ပွေ့လား ချီလား လုပ်ပါရဲ့လား....(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ရောက်သွားသတုံး....(ကမ္မဘဝပါဘုရား) ကမ္မဘဝရောက်သွားတယ်၊ ကာယကံ ဝစီကံလို့ ခေါ်ထားပြီ.... (မှန်ပါ!) ပြောလိုက်ဆိုလိုက်နဲ့ ကမ္မဘဝ မရောက်သေးဘူးလား (ရောက်ပါပြီဘုရား) ကမ္မဘဝပစ္စယာ—(ဇာတိ) ဇာတိ ပစ္စယာ (ဇရာ,မရဏပါဘုရား)။

ဟော... တွေ့ပြီ၊ ဒါ-သားသမီးကြောင့်ဘဲ၊ ဒီသားသမီးတွေဟာတဲ့ ခင်ဗျားတို့၏ ဇာတိ,ဇရာ,မရဏ နောက်ထပ်ရှာတာ.... (မှန်ပါ!) ပေါ်ပလား—(ပေါ်ပါပြီဘုရား)။

အခုရှိတဲ့ သားသမီးတွေဟာ ခင်ဗျားတို့၏ ဇာတိ,ဇရာ,မရဏ နောက်ထပ်ဖြစ်ကြောင်းတွေ....(မှန်ပါ!) ဦးဘရှင်း ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကိုင်း....ခင်ဗျားတို့ ရထားတဲ့ ကျောက်ကလေးတွေ၊ခင်ဗျားတို့ အမှန်းတင်ထားတဲ့ ကျောက်ကလေးတွေ ဘယ် အခါမဆို ရောင်းကောင်းတဲ့ ဈေးကောင်းတဲ့ ကျောက်ကောင်းကလေးတွေ ဒါကလေးတွေလဲ ရှိလိုက်တဲ့ အခါကျတော့ မခင်ဘူးလား.... (ခင်ပါတယ်ဘုရား)။

ခင်တာက ဘာတုံး....( တဏှာပါဘုရား ) တဏှာလာယင် စွဲစွဲလမ်းလမ်းကော ဒါကလေးမှဘဲ အားကိုးရတယ်ဆိုတာကော (လာပါတယ်ဘုရား) ဉပါဒါန်....(လာပါတယ်ဘုရား)။

ဉပါဒါန်လာတော့ ကာယကံနဲ့ ဟိုသိမ်း-ဒီသိမ်း- မသိမ်းဘူးလား... (သိမ်းပါတယ်ဘုရား) ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား) ဇာတိပစ္စယာ....(ဇရာ,မရဏပါဘုရား)။

ဟော .... ခင်ဗျားတို့ ပစ္စည်းတွေဟာလဲတဲ့ သူတို့ကြောင့် နောင်တဖန် ဇာတိ့ဇရာ့မရဏ ရှာမှီးခြင်း ဖြစ်တာဘဲ....(မှန်ပါ ဘုရား)။

ဒါဖြင့် အခု ဇာတိရှိလျက်နဲ့ ဇာတိရှာတယ်ဆိုတာ ဒီပစ္စည်း တွေဘဲ .. (မှန်ပါ) ဒီပစ္စည်းတွေကြောင့် ဖြစ်လာတယ် (မှန်ပါ ဘုရား) ဒီသားသမီးတွေကြောင့်... ( ဖြစ်လာပါတယ်ဘုရား ) ဖြစ်လာတယ်ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) တကာ တကာမတို့ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဥပမာမယ် ကျွဲ-နွား-မြင်း ရှိတဲ့ပုဂ္ဂိုလ်တွေလဲ ကိုယ့် ကျွဲ့နွား ကလေးကို ကိုယ်ခင်တာဘဲ... (မှန်ပါ) ခင်ယင် ဘာလာမယ်.... (တဏှာလာပါတယ်) စွဲသမ်းယင် .. ( ဥပါဒါန်လာပါတယ် ) သူ့ကို ကျောင်းရ-မွေးရဆိုလို့ ရှိယင် ကာယကံ့ဝစီကံနဲ့ ဘာတုံး (လာပါတယ်) လာယင် ဘာလာမတုံး.... (ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိ) ဇာတိပစ္စယာ .. (ဇရာ မရဏ)။

ကိုင်း....ဒါဖြင့် ကျွဲ-နွား ပစ္စည်းတွေဟာလဲ ဘာတွေတုံး.... (ဇာတိ- ဇရာ· မရဏတွေပါဘုရား) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဘာတွေ ရှာကြပါလိမ့် (ဇာတိ ဇရာ မရဏတွေပါဘုရား) ဇာတိ·ဇရာ·မရဏတွေဆိုတာ သေချာကြပလား....(သေချာပါပြီ ဘုရား)။

ကြည့်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ငွေရှာ တာလဲ ဇာတိ့ဇရာ မရဏရှာတာဘဲ .. (မှန်ပါ)၊

ခင်ဗျားတို့ကတော့ ပရိယာယ်နဲ့တော့ သုံးလိုက်ပါတယ်တဲ့၊ လူဘို့-တန်းဘို့-ပေးဘို့-ကမ်းဘို့ - (မှန်ပါ) စင်စစ်တော့ ဘာရှာတာ ထင်ကြသတုံး....(ဇာတိ ဇရာ မရဏ ရှာတာပါဘုရား)။

သားသမီးကလေးတွေ ကိုယ်ပိုင် သားသမီးကလေး တွေကို ခင်ကြ-မင်ကြတာကော....(ဇာတိ ဇရာ မရဏ ရှာတာပါဘုရား) သူများသားသမီးကလေးကို ကြင်နာကြတာတွေကော....(ဇာတိ ဇရာ မရဏ ရှာတာပါဘုရား)။

ဪ... ဒို့သံသရာရှည်ခဲ့တဲ့ လက်သည် တွေ့ပါပေါ့လား.... သားသမီးနဲ့ ပစ္စည်းတွေပါလား.... (မှန်ပါ) တွေ့ကြပလား.... (တွေ့ပါပြီဘုရား) ဘာတွေ့သလဲ.... (သားသမီးနဲ့ ပစ္စည်း တွေ့ပါတယ်ဘုရား)။

သားသမီးနဲ့ပစ္စည်းတွေဟာ ဒါတွေအတွက်နဲ့ ဘာတွေရမယ် ထင်ကြသတုံး ... (ဇာတိ ဇရာ မရဏ ရပါမယ်ဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ဪ....ဒါဖြင့် ဇာတိရှိလျက်နဲ့ ဘာရှာနေကြသတုံး.... (ဇာတိရှာပါတယ်) ဇရာရှိလျက်နဲ့....(ဇရာရှာပါတယ်) ဗျာဓိ အနာနှိပ်စက်တာရှိလျက်နဲ့....(ဗျာဓိရှာပါတယ်) နောက် ဗျာဓိ ရှာတာဘဲ.... (မှန်ပါ) မရဏရှိလျက်နဲ့....( မရဏရှာပါတယ် ) မရဏရှာတာဘဲ....ဆိုတော့ ခင်ဗျားတို့မှာဖြင့် ရှာမိုးခြင်းဖြင့် သေသေချာချာလွဲကုန်ပြီ....(လွဲပါတယ်ဘုရား)။

သို့သော်လဲ ခင်ဗျားတို့ ဦးဘရှင်းတို့လူစု ကိုပေါ်တို့လူစု အားကျနေတာရှိသေးတယ်၊ သူက တသောင်းရအောင် ရှာနိုင်

ယင် ငါက သောင်းငါးထောင်ရအောင် ရှာမကွ ဆိုပြီးတော့ သူက ဇာတိ တခါရလို့ရှိယင် ငါက ဇာတိ နှစ်ခါရအောင် ရှာမယ်ကွ... (မှန်ပါ) သူက ဇရာနှစ်ခါရယင် ငါက သုံးခါ ရအောင် ရှာမကွ ဒီပစ္စည်းတွေက.... (မှန်ပါ) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

တကာကြီးလှိုင် သဘောပါရဲ့လား.... (ပါ-ပါတယ်ဘုရား) ဒါဟာ မူလပဏ္ဏာသပါဠိတော်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါကိုယ်တိုင် ရှာမှီးခြင်းလွဲလို့ ဇာတိဇရာ မရဏတွေ ပြန်ရတယ်ကွ... (မှန်ပါ)။

မင်းတို့လဲ ဒီသားသမီးနဲ့ ပစ္စည်းတွေကို ရှာနေကြလို့ ခင်နေကြလို့ မင်နေကြလို့ရှိယင်ဖြင့် ဇာတိ ဇရာ မရဏဘဲ ပြန်ရမယ်တဲ့... (မှန်ပါ) နိဗ္ဗာန်မရဘူးတဲ့.... (မှန်ပါ) ဘာဖြစ်လို့တုံး.... ရှာမှီးခြင်းလွဲလို့....( မှန်ပါဘုရား ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အင်မတန်နက်တဲ့တရားနော်....(မှန်ပါ) ပေါ်ကြရဲ့လား.... (ပေါ်ပါတယ်ဘုရား) ရှာမှီးခြင်းဖြင့်လွဲကုန်ပြီ....(မှန်ပါ) မလွဲသေးဘူးလား... (လွဲပါပြီဘုရား)။

ခင်ဗျားတို့ သားသမီးနဲ့ ပစ္စည်းဥစ္စာ ရတနာတွေဟာ ဘာတဲ့တုံး....(ဇာတိ ဇရာ မရဏ ရှာတာပါဘုရား)။

ဇာတိ ရှာတာတွေ, ဇရာ ရှာတာတွေ, ဗျာဓိ ရှာဘာတွေ, မရဏ ရှာတာတွေ .... (မှန်ပါ) ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်လိုက်

တော့ မှန်ကြပါရဲ့လား.... (မှန်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်ကြည့်လိုက်တဲ့အခါမှန်တယ်နော်....(မှန်ပါ)။

ကျောက်ကောင်းကလေး ရတယ်ဆိုလို့ ရှိယင် မရောင်းရက် မစားရက် လူမမြင်အောင်ထား၊ ဘယ်လောက်ထိအောင် ကံကောင်းတယ်လို့ ထင်ပစ်လိုက်တယ်ဆိုတဲ့ဥစ္စာ သာယာပစ်လိုက်တယ်ဆိုတာတော့ မောင်နိုင် ပြောဘို့လိုသေးသလား....(မလိုပါဘုရား) လူမသိစေနဲ့ဆိုတော့ ဒါကလေး ခင်တွယ်လွန်းလို့ ဆိုတဲ့ အစိုပ္ပါယ်မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ခင်တွယ်တာ ဘာခေါ်ကြမယ်....(တဏှာပါဘုရား) စွဲလမ်းတာ (ဥပါဒါန်ပါ) လုံခြုံအောင်သိမ်းတာ...(ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိ) ဇာတိပစ္စယာ... (ဇရာမရဏ) ကဲ....မောင်အောင်သိန်း ဘယ့်နှယ်နေသတုံး၊ ရှာမှီးခြင်းလွဲ-မလွဲ....(လွဲပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကို သေသေချာချာ ဟောပါတယ်၊ ဘုန်းကြီးတို့လဲ အသက်ထင်ရှားရှိတုန်း၊ ခင်ဗျားတို့လဲ ထောင်နိုင်တဲ့နားရှိတုန်းကို ခင်ဗျားတို့လုပ်နေတဲ့ သားသမီးနဲ့ ပစ္စည်းဥစ္စာရတနာတွေဟာ ဇာတိ, ဇရာ, မရဏ ရှာမှုလုပ်နေတယ်... (မှန်ပါ) ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်လိုက်တော့မှ ဦးညိုကြီး ပေါ်ရဲ့လား.. (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပရိယာယ်တွေ မသုံးလိုက်ပါနဲ့....၊ တပည့်တော်တို့ ဒါကလေးထားတာကဘုရား.... လှူဘို့, တန်းဘို့, ပေးဘို့,ကမ်းဘို့ ထားရပါတယ်ဘုရားလို့ပြောတော့ ပါးစပ်က

ပြောတာက ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုက် ကြည့် တော့ ပါးစပ်က ပြောတာနဲ့ ဟာက တခြားစီဖြစ်နေတယ်.... (မှန်ပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ကိုက်ကြည့်တော့ ဒီကျောက်ကလေး အိုစာ, မင်းစာထားတဲ့ကျောက်ကလေး၊ တိုက်ကလေးတလုံးတည်ဘာ: တာလဲ လခကလေးနဲ့ အိုစာ, မင်းစာဆိုတော့ ဒါကလေး သာ ယာတာက ဘာပါလိမ့်....( တဏှာပါဘုရား ) စွဲလမ်းတာက.... (ဥပါဒါန်ပါ) ဒါကလေး မပျက်မစီးအောင် စောင့်ရှောက်နေ တာက....(ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ.... (ဇာတိပါ) ဇာတိပစ္စယာ....(ဇရာမရဏပါဘုရား)။

ဇရာ, မရဏလို့ ဆိုပြန်တော့ ဩဝါဒ-ဒီပစ္စည်းဟာလဲ နောက်က ဇာတိ, ဇရာ, မရဏ ရှာတဲ့ပစ္စည်းပါကလားဆိုတာ ပေါ်လာ တယ်....(ပေါ်လာပါတယ်) သူလက်သည်ဘဲ....(မှန်ပါ) ပေါ် ကြရဲ့လား....(ပေါ်ပါတယ်ဘုရား)။

ဘာခေါ်ကြမယ်....( လက်သည်ပါ ) ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဖြစ်ကြောင်းလက်သည်ဘဲ.... (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘုရားဟောတော်မူတာနေ့ .... (မှန်ပါ) ဘုန်းကြီးတို့ကလဲ ဘုရားဟောတော်မူတာကို ပေါ်လွင်အောင် ပြောလာပါတယ်- (မှန်ပါ) ဘုရားက ပဋိစ္စသမုပ္ပါဒ် ဆက်မပြဘူး စာမှာ၊ စင်စစ် တော့ ပါပြီးသား....(မှန်ပါဘုရား)။

အခုဆက်ပြလိုက်တော့ ဩော် .... ဒို့ရှာနေတဲ့ ပစ္စည်းဟာ ဇာတိ၊ဇရာ၊မရဏ ရှာနေတာပါကလား.... ( မှန်ပါ့ ) တကျော့၊ ဥပါဒါန့်၊ကံပြီးတော့ ဇာတိ၊ဇရာ၊ မရဏလာမှာပါဘဲ-(မှန်ပါ့) မလာပေဘူးလား... (လာပါတယ်ဘုရား)။

အဲဒါကို ခင်ဗျားတို့က ဘယ်လိုပရိယာယ်သုံးသုံး ဒီဥစ္စာကို ခင်တွယ်လို့ရှိယင် ဒီပဋိစ္စသမုပ္ပါဒ်က အလယ်ကဖေါက် စ၊တဲ့ ပဋိစ္စသမုပ္ပါဒ်တကျော့တော့ လာရမှာဘဲ...(မှန်ပါ့ဘုရား)။

တကျော့လာယင်လဲ ဥပါဒါန်မရပ်ပါဘူး....(မှန်ပါ့) ဥပါဒါန် မရပ်ယင်လဲ ကမ္မဘဝက ..( မရပ်ပါ ) ဥပါဒါနပစ္စယာ ကမ္မဘဝက....(မရပ်ပါ)ကမ္မဘဝပစ္စယာ ဇာတိက....(မရပ်ပါ)ဇရာ၊ မရဏတွေက....(မရပ်ပါဘုရား)။

ဒါဖြင့်ဒီပစ္စည်းတွေဟာ တကာတကာမတွေ့ ဘုရားက ရှာမှီး ခြင်း လွဲခြင်းကြောင့် ဇာတိ၊ဇရာ၊မရဏဆိုတာ ဒီပစ္စည်းတွေက လာတာကွတဲ့....( မှန်ပါ့ ) ဒီသား၊ဒီသမီးတွေက လာတာပါ၊ ပေါ်ကြပလား.... (ပေါ်ပါပြီ) ရှင်းကြရဲ့လား .... (ရှင်းပါပြီ ဘုရား)။

ဒို့ကတော့ကွာတဲ့ ငါရှာမှီးခြင်းလွဲလို့ သံသရာရှည်ခဲ့တာ ငါနောက်ကျတော့ ရိပ်မိပြီး သိလာတော့ ဒီဟာတွေ ငါအပြစ် မြင်တယ်....(မှန်ပါ့) ဒီဟာတွေ ငါအပြစ်ရှုတာဘဲ .... (မှန်ပါ့) ဇာတိရှိလျက်နဲ့ ဇာတိလွတ်ရာရှာမဟေ့....(မှန်ပါ့ဘုရား)။

ဇရာရှိလျက်နဲ့ ဇရာလွတ်ရာကို .... ( ရှာပါမယ် ) ဗျာဓိ ရှိလျက်နဲ့ ဗျာဓိလွတ်ရာကို....(ရှာပါမယ်)မရဏရှိလျက်နဲ့ မရဏ

လွတ်ရာကို (ရှာပါမယ်) မရဏာလွတ်ရာကိုရှာမယ်ဆိုပြီး ငါရှာလိုက်တော့မှ ဘုရားဖြစ်လာတာပေါ့တဲ့....(မှန်ပါဘုရား)။

ကြည့်စမ်း...ဒါတွေကို အပြစ်မြင်ပြီး လွတ်ရာရှာတော့မှ....(ဘုရားဖြစ်ပါတယ်ဘုရား)။

ကိုင်း .... တကာတကာမတွေ နိဗ္ဗာန်ရချင်လဲ ခင်ဗျားတို့ရှာမှီးခြင်းလဲလို့တော့ မဖြစ်တော့ပါဘူး...(မှန်ပါ) ဒီဟာတွေ အပြစ်မြင်မှ ရတော့မယ်-(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩော်...ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး အခုဟောလိုက်တော့ ဩော်....ဒါဖြင့် ဒီလုပ်နေတာတွေဟာ သားကလေးလဲ ရှိမှတော်တယ်၊ ပစ္စည်းကလဲ ရှိမှတော်တယ်ဆိုတော့ ဇာတိ ဇရာ မရဏ ရှိမှတော်တယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်တယ်...(မှန်ပါဘုရား)။

သမီးကလေးလဲ ရှိမှတော်တယ်၊ သားကလေးလဲ ရှိမှတော်တယ်၊ လူမလေး ခွေးမခန့်ဖြစ်တတ်တယ်၊ သမီးကလေးမရှိလို့ရှိယင်လဲ အိုတဲ့အခါခက်တယ်၊ ပစ္စည်းမရှိလို့ရှိယင်လဲ လူမလေး ခွေးမခန့်ဖြစ်တတ်တယ်ဆိုတော့ ဒါကလေးတွေရှိမှ ပြောဘာ....(မှန်ပါဘုရား)။

ဒါကလေးတွေရှိလို့ရှိယင် ဘာတွေလာသတဲ့တုံး ဘုရားက-(ဇာတိ ဇရာ ဗျာဓိ မရဏလာပါတယ်) ဇာတိ ဇရာ မရဏ လာတယ်၊ ခင်ဗျားတို့ကလဲ ဒါတွေရှာထားတယ်.... ( မှန်ပါ )

ရှာထားတော့ ဇာတိ ဇရာ မရဏတွေကို ရှာပြီးသားမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဉာဏ်နားနဲ့ ထောင်ကြည့်တော့မှ ဩော် .... ဟုတ်ပါလား ဆိုတာပေါ်လာတယ်....(မှန်ပါ) ဉာဏ်နားနဲ့မထောင်ယင်တော့ ဟုတ်ပါလား တော်တော်နဲ့မလာဘူး...(မလာပါ) အခုတော့ သေချာကြပလား....(သေချာပါပြီဘုရား)။

တွေးပြီးသကာလ ဩော်....ဘုရားဟောတော်မူတာကို ဆရာဘုန်းကြီးက ပေါ်လွင်အောင်ပြောနေတာ၊ ဒါကလေးတွေကို ခင်တာက တဏှာ၊စွဲလမ်းတာက ဥပါဒါန်၊ အားထုတ်တာက ကမ္မဘဝ- ဟင်...(မှန်ပါဘုရား)။

အကျိုးပေးမှာက ဇာတိ ဇရာ မရဏဆိုတော့ ဦးဘရှင်း ငြင်းဘို့လိုသေးသလား... (မလိုပါ) တကာကြီးလှိုင်ပေါ်ရဲ့လား (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဘုရားဘာ့ကြောင့် ဖြုန်းကနဲ ဘုရားမဖြစ်ပါလိမ့် မတုံးလို့မေးတဲ့အခါ ရှာမိုးခြင်းလွဲနေလို့.... (မှန်ပါ) ဒီတကာ တကာမတွေလဲ သံသရာရှည်နေတာ ဘာ့ကြောင့်ပါလိမ့် .... (ရှာမိုးခြင်းလွဲလို့ပါဘုရား)။

ရှာမိုးခြင်းလွဲနေလို့၊ ခင်ဗျားတို့အိမ်ကျယင်ဘဲ ရှာမိုးခြင်းက တခါတဲည်းလွဲပြီး.... (မှန်ပါ) လွဲပြီဟော့- ဘယ်သူရှိလားဟေ့၊ ဘယ်သူဘယ်သွားသတုံး၊ မမေးသေးဘူးလား.... (မေးပါတယ်) မေးလို့ရှိယင်လဲ ဒါသည်ကားလို့ဆိုယင် ခင်လို့ မေးတာလား-မုန်းလို့မေးတာလား.. (ခင်လို့မေးတာပါဘုရား)။

ခင်ယင်တကျော....(မှန်ပါ)စွဲလမ်းယင်.... (ဥပါဒါန်ပါဘုရား) မေးတဲ့ ကာယကံ,ဝစီကံက....(ကမ္မဘဝပါ) ကမ္မဘဝပစ္စယာ.... (ဇာတိပါ) သေသည်၏ အခြားမဲ့၌ ဇာတိသာမယ်... (မှန်ပါ ဘုရား)။

ဒါဖြင့် ဒီသားသမီးကလေးတွေဟာ ဇာတိ,ဇရာ,မရဏဖြစ် ကြောင်း....(မှန်ပါ) ပစ္စည်းတွေဟာကော...(ဇာတိ,ဇရာ,မရဏ ဖြစ်ကြောင်းပါဘုရား)။

ဒါဖြင့် ဒီဟာတွေကို ကျုပ်တို့က ပစ္စည်းများအောင် သား သမီးတွေနဲ့ ခြွေခြွေရံရံဖြစ်အောင်ကိုကြိုးစားနေတာသည် ဇာတိ, ဇရာ, မရဏ ဖြစ်ကြောင်းတွေဘဲ ....(မှန်ပါဘုရား)။

ဒါဖြင့် အခု ကိုယ်အလိုရှိနေတာတွေဟာ ဘာတွေရှာနေကြ တာတုံးမေးယင် ဘယ့်နှယ်ပြောကြမလဲ.... (ဇတိ,ဇရာ,မရဏရှာ နေတာပါ)ဇာတိ,ဇရာ,မရဏရှာနေတာ(မှန်ပါ) ဒုက္ခလေးချက် ရှာနေတာ ကိုပေါ့ — (မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုးဖြတ်ချက်ချမလဲ ..... (ဒုက္ခလေးချက် ရှာနေတာ ပါဘုရား)။

အို . အရှင်ဘုရားတို့ကပြောတော့ အလှယ်ကလေး တပည့် တော်တို့မှာ တနေ့မှမအားဘူးတဲ့ဟ....ဘာဖြစ်လို့မအားတာတုံး ပြောပါဦး... (ဒုက္ခလေးချက် ရှာနေရတာပါ) ဒုက္ခလေးချက်ရှာ နေရလို့ ဘုရာ့....(မှန်ပါ)စားသောက်ဘို့ရှာနေရတာပါ(မှန်ပါ) သမီးပျောက်လို့....(ရှာရပါတယ်) ပစ္စည်းနည်းလို့.... (ရှာရပါ တယ်ဘုရား)။

ဟာ—တကာတကာမတွေတောင်ကလူကမြောက်၊မြောက်က လူကတောင် မောင်နိုင် ဘာတွေသွားရှာနေကြတာတုံး … (ဒုက္ခ လေးချက်ရှာတာပါဘုရား)။

ဒုက္ခလေးချက်ရှာနေကြတာ….(မှန်ပါ့)မပုတ္တိ ဘာရှာနေကြ တာလဲ….(ဒုက္ခလေးချက်ရှာတာပါ)ဒါတောင် ဖတ်ဖတ်မောလို့ ပြောသေးတယ်…. ( မှန်ပါ့ ) မရနိုင်လို့တဲ့၊ ရယ်စရာကောင်း လိုက်တာ— (မှန်ပါ့)သဘောပါကြပလား….(ပါ-ပါပြီ) တယ်လဲ ဆိုးပါကလား….(ဆိုးပါတယ်ဘုရား)။

ဒီဥစ္စာပေါ်လွင်အောင် ဒီတခါအပြောဆုံးပါဘဲ…. (မှန်ပါ့) ရှေးတုန်းကပြောတာကတော့ ဆုတောင်းနဲ့သာပြောနေတယ်…. (မှန်ပါ့ဘုရား) ယခုတော့ ယခုရှိတဲ့ပစ္စည်းနဲ့ ဘုရားက ဟော ပြန်တယ်… (မှန်ပါ့ဘုရား)။

ကဲ ဦးဘရှင်းတို့ နေပူသွားလိုက်၊ ဘာလုပ်သွားတာတုံးလို့ မေးကြစမ်းပါ….(ဒုက္ခလေးချက်အရှာသွားတာပါ) ဇာတိ့ဇရာ ဗျာဓိ့မရဏ အရှာသွားတာ….(မှန်ပါ့ဘုရား)။

တကာတကာမတွေ သဘောကျပလား…. (ကျပါပြီဘုရား) သကြံပြီးလို့ရှိယင်ဖြင့် ဘာများရှာမယ် စိတ်ကူးကြသတုံး …. (ဇာတိ့ဇရာ့မရဏရှာပါမယ်) အံမာလေး…. ကြောက်စရာကြီး ပါလား၊ သကြံပြီးယင် ဇာတိ့ဇရာ့မရဏရှာမတဲ့….(မှန်ပါ့)။

တကာကြီးလှိုင်… ခင်ဗျား ရိုးတိုးယားတား လုပ်မနေနဲ့ အိုခြင်းဆိုးကြီးနဲ့လဲ တွေ့နေပြီ….(မှန်ပါ့) သဘောပါကြပလား-

(ပါ-ပါပြီ) သကြားပြီးတာလုပ်ကြမှာတုံး....(ဇာတိ, ဇရာ, မရဏ ရှာမှာပါ)တာသစ္စာတွေတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဪ... မရှိလို့ရှာတာလား- ရှိပြီးသား ပေါ်အောင်လို့ ရှာတာလား....(ရှိပြီးသား ပေါ်အောင်လို့ရှာတာပါ) ဟာ.... အနာကတလုံးပေါက်နေတဲ့အထဲ နောက်ကတလုံးဆင့်ချင်တာက အတော်လွန်ပြီ....(မှန်ပါ)။

သေသေချာချာဉာဏ်နဲ့တွေးမှ ဦးဘအုန်း-ပေါ်လာတယ်... (မှန်ပါ)ဉာဏ်နဲ့မတွေးယင် .... ( မပေါ်ပါ ) မပေါ်နိုင်ဘူးတဲ့ မျက်စိလည်နေတာ ခင်ဗျားတို့ ရှင်းကြပလား.... (ရှင်းပါပြီ )။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ပြီးကြည့်လိုက်တဲ့ အခါကျတော့ ဟိုအိမ်ကြည့်လိုက်ပြန်လဲ ဘာတွေများ ရှာနေကြပါလိမ့်...(ဇာတိ ဇရာ မရဏ ရှာနေကြပါတယ်) ကုသိုလ်ပြုတာတောင်မှ မပြုတတ်လို့ရှိယင် ဇာတိ ဇရာ မရဏ ရှာတယ်၊ ဒီအတိုင်းစီးပွားရှာတာများတော့ ပြောဘို့ လိုသေးသလား .... (မလိုပါဘုရား)။

စားဘို့သောက်ဘို့ နေဘို့ထိုင်ဘို့ လူချင်းတူတူ-သူချင်းမျှမျှ ဖြစ်ဘို့ ရှာတာများတော့ ပြောဘို့ လိုသေးသလား....(မလိုပါဘုရား) ဘာရှာကြပါလိမ့် .... (ဇာတိ ဇရာ မရဏ ရှာပါတယ်ဘုရား)။

ဒါနဲ့ ဘုရားဟောတဲ့ တရားအတိုင်း ဘုန်းကြီးတို့က ပြောတော့ တကာတကာမတွေ သကြားပြီးတဲ့အခါကျလို့ ရှိယင်ဖြင့်....

ဘယ်ဟာကို လက်ဦးထားကြမတုံးလို့ မေးလို့ရှိယင်ဖြင့် ဦးဘ ရှင်းတို့ တပြိုင်နက် အဖြေထွက်လိမ့်မယ်....(မှန်ပါ) မထွက်ဘူး လား....(ထွက်ပါတယ်ဘုရား)။

ဘာအရှာထွက်ကြမယ်....(ဇာတိ ဇရာ မရဏ အရှာထွက်မှာ ပါဘုရား) သိပ် ကြောက်စရာကြီးပါလား....(မှန်ပါ) ကြောက် စရာမှ အကြီးဆုံးပါလား....(မှန်ပါ)။

ခင်ဗျားတို့ကအခု ၃-၄-ရက်အောင့်လိုက်ရတာကိုဘဲ အတော် ဟာသွားတယ်လို့ အောက်မေ့ချင် အောက်မေ့သေးတယ်...၊ တချို့ မသိတဲ့ပုဂ္ဂိုလ်က....(မှန်ပါ)။

ဘယ့်နှယ်အောက်မေ့ကြသတုံး-(ဟာတယ်လို့ အောက်မေ့ ပါတယ်) အတော်ဟာသွားတယ်တဲ့...၊ ဘာတွေများ ဟာသွား သတုံး ပြောပါဦး....(ဇာတိ ဇရာ မရဏပါဘုရား) အံမာလေး.... ဖြစ်မှ ဖြစ်ရပလေ မောင်နိုင်ရေ... (မှန်ပါ)။

ဦးအောင်ဇံဝေ... နက်နက်နဲနဲ တွေးမှ ဒီအဓိပ္ပါယ်က ပေါ် လာတယ်(မှန်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အပြစ်မြင်ရမည့်ဥစ္စာ မြင်သေးရဲ့လား .... (မမြင်ပါဘုရား) မမြင်တဲ့အပြင် ရှာမှီးခြင်းအလုပ်-လုပ်တယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အေး....သင်္ကြံတွင်းမှာ လာတဲ့ ကျောက်ကလေး, သင်္ကြံဘွင်း မှာ လာခဲ့ အော်ဒါကလေးတွေ, သင်္ကြံတွင်းမှာ လာမည့် အဝယ်အချမ်း ကိုဇွကလေးတွေတောင်မှ ဒီရက်တော့ မဘော် သေးပါဘူးဆိုပြီး နောက် ရက်ချိန်းဆွဲတဲ့အခါလဲ ရှိချင့်ရှိမယ်...

(မှန်ပါ့)မရှိပေဘူးလား....( ရှိပါတယ် ) အဲဒါက ဇာတိ ဇရာ မရဏကိုချိန်းချက်ပေးပြီး ရှာတာ....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ .. (ဇာတိ ဇရာ မရဏကို ချိန်းချက်ပေးပြီး ရှာတာပါ) တကာကြီးလှိုင်- ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ လုပ်မစားချင်အောင်များ အောက်မေ့မနေနဲ့နော်...(မှန်ပါ့) ခင်ဗျားတို့ လုပ်မစားချင်အောင် ဟောတာမဟုတ်ဘူးတဲ့....လုပ်စားနေတဲ့အခိုပ္ပါယ်ကို ခင်ဗျားတို့အလုပ်ဟာလွဲနေလို့ နောင်ကို ကြဉ်နည်းကို ဟောမှာပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) လွဲတာက အလွန်လွဲဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဇာတိ ဇရာ မရဏဆိုတာ ခင်ဗျားတို့က အခုရှာထားမှ နောက်ရမှာကိုး -(မှန်ပါ့) အခု ရ,ထားတာက နောက်ဘဝက ရှာခဲ့တာ....(မှန်ပါ့)။

အခု ဆက်ရှာဘာက....(နောက်ဘဝအတွက်ပါ)နောက်ဘဝအတွက် ရှာထားတော့ ခင်ဗျားတို့ကလဲ ဇာတိမပြတ်မှ ဒုက္ခမပြတ်မှနေတတ်တယ်....(မှန်ပါ့)။

ဇရာဒုက္ခ မပြတ်မှ....( နေတတ်ပါတယ်ဘုရား ) ဗျာဓိဒုက္ခမပြတ်မှ.. (နေတတ်ပါတယ်) မရဏဒုက္ခ မပြတ်မှ .. (နေတတ်ပါတယ်) အသေချင်းထပ်မှ နေတတ်တယ် .. (မှန်ပါ့)အနာချင်းထပ်မှ... (နေတတ်ပါတယ်ဘုရား)။

ဟာ... ဦးအောင်ဇံဝေ.... မိုးကြိုးပစ်သည်ထက် နာသေးတယ် ခင်ဗျားတို့ မသိလိုက်တဲ့ဖြစ်ခြင်း(မှန်ပါ့)ဦးညိုကြီးတို့, ဦးဘရှင်း တို့ ပေါ်ပလား... (ပေါ်ပါပြီ)နောက်က တကာတကာမတွေ.... (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ အတွက်ဟာဖြင့် အသိဉာဏ်ကျယ် ကျယ်နဲ့ ဆရာဘုန်းကြီးနဲ့ တွေ့ရတော့ ဩော်... ဒို့လို ပုဂ္ဂိုလ်ကမှ ပြင်ဆင်မပေးလို့ရှိယင် ကိုယ်ကျိုးတော့ လုလုကြီး နည်းတော့ မှာဘဲဆိုတာ သေသေချာချာ ပေါ်လာတယ်.... (ပေါ်လာပါ တယ်ဘုရား)။

မောင်အောင်သိန်းတို့.... ဦးဘအုန်းတို့....မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) ကြည့်စမ်းပါလား တကာတကာမတို့ ဆိုး ဝါးလိုက်တာ....(မှန်ပါ့)။

ဒါဖြင့် ဘုရားဟာ ဘာ့ကြောင့် ဘုရားမဖြစ်ပါလိမ့်မတုံး.... ရှာမှီးခြင်းလွဲနေလို့ ....(မှန်ပါ့)။

ဒီ တကာတကာမတွေ ဘယ့်နှယ်ကြောင့် သံသရာထဲမှာ အို နာ သေနဲ့ဘဲ အပေါ်လုပ်နေရပါလိမ့်မတုံး မေးတော့ ဘယ့် နှယ် ဖြေမလဲ...(ရှာမှီးခြင်း လွဲလို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် အပါယ်လေးပါးနဲ့ အပေါ်လုပ်နေရပါ လိမ့်မလဲ.... (ရှာမှီးခြင်း လွဲလို့ပါ) သောကဆိုတဲ့ စိုးရိမ်ခြင်း, ပရိဒေဝဆိုတဲ့ ငိုကြွေးမှုတွေ ခဏခဏကြုံရတာကော .... ( ရှာမှီး ခြင်း လွဲလို့ပါ)ရှာမှီးခြင်းလွဲလို့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)

တယ်လဲ ဆိုးပါကလားဆိုတာပေါ်လာတယ်....( မှန်ပါ့ဘုရား ) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဟာ .... ဘုန်းကြီးတို့ တကာ တကာမတွေ သိပ်ပြီးတော့ ကြောက်စရာကောင်းပါလား....(မှန်ပါ) အင်မတန်မှ ကြောက်စရာကောင်းတော့တယ်ဆိုတာ မပေါ်လာသေးဘူးလား·(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒို့ သံသရာစခန်းကို သတ်ကြပါစို့၊ သံသရာစခန်းဖြင့် ဒို့ သတ်မှ တော်တော့မယ်ဆိုတော့ ရှာမှီးခြင်းတည့်မှ သတ်မှာကိုး...(မှန်ပါ့)။

သံသရာစခန်း သတ်ကြပါစို့ဆိုတော့ ဘယ်လိုသတ်ပါလိမ့်.... (ရှာမှီးခြင်းတည့်မှ သတ်ပါတယ်ဘုရား) ရှာမှီးခြင်း တခါတည်း တည့်သွားမှသာလျှင် သံသရာစခန်း သတ်မယ်ဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

အဲဒါ့ကြောင့် ယနေ့ဖြင့် ရှာမှီးခြင်းတည့်အောင်ဖြင့် တကာ တကာမတို့ မပြောယင်ဖြင့် မဖြစ်တော့ပါဘူး... (မှန်ပါ) ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီလို လုပ်ကြစို့....တဲ့၊ ဒီပစ္စည်းရှာရတာလဲ ဘယ်သူ့အတွက်တုံး— (ဇာတိ ဇရာ မရဏ အတွက်ပါ) ကဲ.... အခုရှာနေတာကနော်—ဒီခန္ဓာကြီးအတွက်....(မှန်ပါ) သဘောကျပလား—(ကျပါပြီဘုရား)။

ဒီပစ္စည်းရှာနေရတာ....(ခန္ဓာကြီးအတွက်ပါဘုရား)ဒီကျွဲနွားတွေ မွေးနေရတာကော...(ခန္ဓာကြီးအတွက်ပါဘုရား) ဒီသား

သမီးတွေကို စောင့်ရှောက်နေရတာကော....(ခန္ဓာကြီးအတွက်ပါဘုရား) ဒီခန္ဓာကြီး လုံလောက်ဘို့....(မှန်ပါ)။

ဪ.... ဒါဖြင့် ဒီခန္ဓာ အပြစ်မြင်လို့ ဒီခန္ဓာမလိုချင်ယင် ဟိုဟာတွေ လွှတ်မယ်... (မှန်ပါ)။

ဒီခန္ဓာအပြစ်မြင်၍ ဒီခန္ဓာအပေါ်၌ တည့်သွားလို့ရှိယင်ဖြင့် ရှာမှီးခြင်းလဲ့တဲ့ ကိစ္စလာပါမလား....(မလာပါဘုရား)။

ဒါဖြင့် ဘယ်အပေါ်မှာ သတ္တုကျတယ်ဆိုတာဖြင့်...(ခန္ဓာပေါ်မှာ သတ္တုကျပါတယ်) ဒါ့ကြောင့် ဦးဘရှင်းတို့ကို ဟောနေတယ်၊ ဦးဘအုန်းတို့ကို ဟောနေတယ်- ခန္ဓာဉာဏ်ရောက်မှ ပြီးမကွ... (မှန်ပါ)။

ဘယ်လိုဟောပါလိမ့်... (ခန္ဓာဉာဏ်ရောက်မှပြီးမှာပါဘုရား) ခန္ဓာဉာဏ်ရောက်မှ ပြီးမကွဆိုတဲ့ အဓိပ္ပါယ်နဲ့ သေသေချာချာ ပြောနေပါတယ်... ( မှန်ပါ ) ခန္ဓာဉာဏ်မရောက်လို့ရှိယင်.... (မပြီးပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် ခန္ဓာဉာဏ် ရောက်တဲ့ အလုပ်ဟာဖြင့် အထူးအရေးကြီးတော့တယ်ဆိုတာဖြင့် တကာတကာမတွေ ဒါမှ ရှာမှီးခြင်း တည့်တော့မယ်... (မှန်ပါ) ခန္ဓာဉာဏ်ရောက်တော့ ခန္ဓာအပြစ်မြင်လာတယ်....(မှန်ပါ) အပြစ်မြင်လာတော့ မုန်းလာပြီ- (မှန်ပါ) မုန်းလာတဲ့အခါ မသိုချင်လာပြီ... (မှန်ပါ)။

ဒီခန္ဓာမလိုချင်တဲ့အခါကျတော့ကို ဒီခန္ဓာမလိုချင်ယင် ရှာမှီးခြင်း တည့်သွားပြီ....(မှန်ပါ) နောက် ဇာတိ ဇရာ မရဏ လာဦးမလား... (မလာတော့ပါဘုရား)။

ဒါဖြင့် မပုတို့ ဘယ်လိုစဉ်းစားကြမတုံး၊ ဒီခန္ဓာပေါ် ဉာဏ်ရောက်မှ ကိစ္စပြီးမယ်....(မှန်ပါ့)။

ဘယ်လိုပါလိမ့်-(ခန္ဓာပေါ် ဉာဏ်ရောက်မှ ပြီးမှာပါဘုရား) ဦးဘရှင်း ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... ( ခန္ဓာပေါ် ဉာဏ်ရောက်မှ ကိစ္စပြီးမှာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးသင်နေတဲ့အလုပ်ဟာ ဘယ်ကလာလာ ဗီဆိုက်မှ ကိုက်မယ်... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘယ်ကလာလာ ဗီမဆိုက်လို့ရှိဖြင့် မကိုက်သေးဘူး....ဆိုတဲ့ အဓိပ္ပါယ်ဖြင့် တကာတကာမတွေ သေသေချာချာမှတ်ပါ.... (မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ ရှာမှီးခြင်းလွဲတာသည် ခန္ဓာကိုယ် ဉာဏ်နဲ့မတည့်လို့ လွဲနေတာ....(မှန်ပါ့)။

ခန္ဓာကို ဉာဏ်နဲ့ တည့်လိုက်တဲ့အခါကျတော့ ခန္ဓာက ပြောလာလို့ရှိယင်ဖြင့် ခင်ဗျားတို့ ရှာမှီးခြင်းလွဲမှာ မဟုတ်ပါဘူး.... (မှန်ပါ့) လွဲပါ့မလား....(မလွဲပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှာမှီးခြင်း လွဲတာဟူသရွေ့သည် ဒီခန္ဓာအတွက်ဆိုပြီးသကာလ သားသမီးလဲ ရှိမှတော်မယ်၊ပစ္စည်းကော.... ( ရှိမှတော်မှာပါ ) ကျွဲ-နွား-မြေ အစရှိသည်ကော.... ( ရှိမှ တော်မှာပါဘုရား )။

ရှိတော့ ဒါတွေကိုခင်၊ ခင်တော့ တဏှာဘဲ၊ တဏှာက ဥပါဒါန်သွား၊ ဥပါဒါန်ကနေပြီး ကံသွား၊ ကံကနေပြီး ဇာတိ

ဇရာ မရဏာသွား.... (မှန်ပါ့) ဒီ့ပြင်ဟာတွေကဖြင့် ရှာမှီးခြင်း လွဲနေပြီ....(မှန်ပါ့) မဟုတ်ဘူးလား...(မှန်ပါ့)။

ကြပ်ကြပ် ကြီးကြီးကျယ်ကျယ် ရှိလေလေ ကြီးကြီး ကျယ်ကျယ် အားထုတ်လေလေ....၊ ကြီးကြီးကျယ်ကျယ် ဇာတိတွေ ရလေလေ...(မှန်ပါ့)မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါ.... ဘယ့်နှယ်ကြောင့်တုံး...လို့ မေးတဲ့ အခါကျတော့ ခင်ဗျားတို့ ရှာမှီးခြင်းလွဲတာနေ့ာ်....(မှန်ပါ့)။

အဲဒီတော့ ဒီအလွဲ တည့်ချင်ပါတယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေ ပြောလို့ရှိယင် ဒီအလွဲ ဘယ်လိုလုပ်မှ တည့်မလဲ လို့ မေးဘို့မလိုဘူးလား.... ( လိုပါတယ်ဘုရား ) ဒီအလွဲဟာ ဘာတုံး- ဒုက္ခသစ္စာမမြင်မှ တည့်မယ်... (မှန်ပါ့)။

ဒီအလွဲဟာ(ခန္ဓာ သစ္စာမြင်မှ တည့်မှာပါဘုရား)ခန္ဓာ ဒုက္ခ သစ္စာမြင်ယင်တော့ တည့်သွားပါလိမ့်မယ်....(မှန်ပါ့)ခန္ဓာ ဒုက္ခ သစ္စာမမြင်သေးသရွေ့ ကာလပတ်လုံး....(မတည့်သေးပါဘုရား)။

မတည့်သေးဘူး...တဲ့၊ နို့မဟုတ်လို့ရှိယင် သားရှိမှ တော်မယ်- မြေးရှိမှ တော်မယ်- ပစ္စည်းရှိမှ တော်မယ်၊ တိုက်တာ ရွှေ, ငွေရှိမှ တော်မယ် ဆိုတော့ ဦးအောင်ဇေ°ဝေ ဒီဟာတွေဟာ တော်မယ်ဟူသရွေ့သည် ဇာတိ, ဇရာ, မရဏာ ရှာတာ.... (မှန်ပါ့ ဘုရား)။

တော်မယ်ဟူသရွေ့သည် (ဇာတိ,ဇရာ,မရဏာရှာတာပါဘုရား) ကိုင်း.. ဒါဖြင့် ဒီနေ့တရားဖြင့် ခင်ဗျားတို့ ရှာမှီးခြင်းကဖြင့် ဒို့မှာ အလွဲနဲ့အချော်ချည့်ဘဲဆိုတာ ပေါ်ကြပလား.... (ပေါ် ပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါလဲရှာမှီးခြင်းလုံ့တာနဲ့ကွာ ဘုရားမဖြစ်ဘူးကွ… တဲ့….( မှန်ပါ့ ) မင်းတို့သဲရှာမှီးခြင်းလုံ့ယင် ဒုက္ခကြီးဘဲ ပြန်ရမှာဘဲ….(မှန်ပါ့) ဇာတိ,ဇရာ ဗျာဓိ မရဏ ပြန်ရမယ်… (မှန်ပါ့ဘုရား) ရှင်းပလား….(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ရှာမှီးခြင်းမလုံ့အောင် ဇာတိရှိလျက်နဲ့ ဇာတိမရအောင် မရှိတဲ့နေရာရှာရမယ်…. ( မှန်ပါ့ ) ဇရာရှိယင်…. (ဇရာမရှိတဲ့နေရာရှာရပါမယ်) ဒါမှ တည့်မယ်…. (မှန်ပါ့) ဗျာဓိရှိလျက်နဲ့ဖြင့်…. (ဗျာဓိမရှိတဲ့နေရာ ရှာရပါမယ်) မရဏဆိုတဲ့ သေမှုရှိလျက်နဲ့…. (သေမှုမရှိတဲ့နေရာ ရှာရပါမယ်) ဒီလိုဆိုယင် တည့်ပြီ….(မှန်ပါ့)။

ဒါ့ကြောင့် အဇာတိံ=ပဋိသန္ဓေမနေရာ စင်စစ်ဖြစ်သော၊ အဇရံ=မအိုရာစင်စစ်ဖြစ်သော၊ အဗျာဓိံ=မနာရာ စင်စစ်ဖြစ်သော၊ အမတံ=မသေရာ စင်စစ်ဖြစ်သော၊ သိဝံ= အေးချမ်းလှစွာသော၊ နိဗ္ဗာနံ=နိဗ္ဗာန်-ဆိုတော့ ဒါ… ရှာရမှာ….( မှန်ပါ့ ) ရှင်းပလား….(ရှင်းပါပြီဘုရား)။

ဇာတိမရှိရာကို ဘာလုပ်ရမယ်… (ရှာရမှာပါ) ဇရာမရှိရာကို (ရှာရမှာပါ) မရဏမရှိရာ…. (ရှာရမှာပါ) ဒါ-ဆိုတော့ ရှာမှီးခြင်း ဘယ်နှယ်နေသတုံး….(တည့်ပါတယ်ဘုရား) ရှင်းပြီနော်…. (ရှင်းပါပြီဘုရား)။

သားသမီးနဲ့ ပစ္စည်းရှာယင် ဘာတဲ့….(ရှာမှီးခြင်းလုံ့ပါတယ်ဘုရား) ဇာတိ ဇရာ ဗျာဓိ မရဏ မရှိရာ ရှာခဲ့သော်… (ရှာမှီး

ခြင်း တည့်သွားပါပြီဘုရား) ရှာမှီးခြင်း တည့်သွားပြီ၊ တကာ ကြီးလှိုင် ရိပ်မိရဲ့လား....(ရိပ်မိပါပြီဘုရား) ဦးဘအုန်းတို့ ရိပ်မိပြီ....(မှန်ပါ)။

အင်မတန်အရေးကြီးတော့တယ်ဆိုတာ ခင်ဗျားတို့ ဘာမှ ဘုန်းကြီးကို ပြောဆိုနေဘို့ မလိုပါဘူး.... ( မလိုပါဘုရား ) အင်မတန် အရေးကြီးတော့တယ်ဆိုတာ ကိုပေါ်တို့-ဦးဘရှင်းတို့ ပေါ်လောက်ပါပြီ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်မရတာ လက်သည် ယနေ့ ပေါ် သွားပြီ....(ပေါ်ပါပြီ)ဘာကြောင့်ပါလိမ့်.... (ရှာမှီးခြင်း လွဲနေလို့ပါဘုရား) ရှာမှီးခြင်း လွဲနေလို့ မရတာ....(မှန်ပါ)။

ဩော်.... ဒီတကာတကာမတွေဟာ အခု တော်တော်ကြာ မျက်ရည်ကျရပြန်ပြီ၊ တော်တော်ကြာ ပူရပြန်ပြီ၊ တော်တော် ကြာ ဆွေးရပြန်ပြီ၊ တော်တော်ကြာ မင်းဒဏ်၊စိုးဒဏ်သင့်ပြန်ပြီ၊ ဟင်... (မှန်ပါ)။

တော်တော်ကြာ ခန္ဓာထဲ မီးဟုန်းဟုန်းတောက်ပြန်ပြီ၊ ဟာ.... ဘာဖြစ်ကြတာတုံးလို့ မေးတော့မှ ဘယ့်နှယ်ကြောင့် ဒါတွေ တွေ့ရပါလိမ့်မတုံးဆိုတော့မှ.... (ရှာမှီးခြင်းလွဲနေလို့ပါဘုရား)။ အို....သားသမီးကြောင့် ဖြစ်ရတယ်၊ ပစ္စည်းကြောင့် ဖြစ်ရတယ် ဆိုတော့ နဂိုရ်ကရှာထားတာ လွဲနေတယ်....(မှန်ပါဘုရား)။

နဂိုရ်က ရှာထားတာ... (လွဲနေပါတယ်) ရှာမှီးခြင်းလွဲတော့ သောက,ပရိဒေဝ,ဇာတိ,ဇရာ,မရဏတွေ မရဘူးလား .... (ရပါ တယ်ဘုရား)။

တကာတကာမတွေ ပြင်ချင်ကြရဲ့လားလို့ မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ....(ပြင်ချင်ပါတယ်) ပြင်ချင်လို့ရှိယင်ဖြင့်—တဲ့၊ ရှာမှီးခြင်း ပြောင်းလိုက်ပါ—(မှန်ပါ့ဘုရား)။

ဇာတိရှိတဲ့ပုဂ္ဂိုလ်သည် ဘာရှာရမယ် .... (ဇာတိမရှိရာကိုရှာရပါမယ်) ဇရာရှိတဲ့ပုဂ္ဂိုလ်သည်....(ဇရာမရှိရာရှာရပါမယ်) ဗျာဓိရှိတဲ့ပုဂ္ဂိုလ်သည်....(ဗျာဓိမရှိရာရှာရပါမယ်) မရဏရှိနေတဲ့ပုဂ္ဂိုလ်သည်—(မရဏမရှိရာရှာရပါမယ်) အဲဒါမှကိုက်တယ် .... (မှန်ပါ့ဘုရား)။

အဲဒီတော့ကွာတဲ့၊ ဒီလိုမှ ရှာမှီးခြင်း တည့်မယ်လို့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး သေသေချာချာ မင်းတို့ကိုဟောပါတယ်တဲ့၊ မင်းတို့နိဗ္ဗာန်မရတာဟာ ပါရမီမရှိလို့လေး-ဘာလေးဆိုတာ အပိုပါ....( မှန်ပါ့ ) ရှာမှီးခြင်းလွဲလို့ဖြစ်နေကြတာ....(မှန်ပါ့ဘုရား)။

ကိုပေါ်တို့လူစုက ရှေးကတော့ ပါရမီမရှိလို့ ထင်ပါရဲ့ နိဗ္ဗာန်နဲ့ဝေးနေတယ်တဲ့၊ ကိုယ်ရှာထားတာကဖြင့် လွဲနေတယ်....(မှန်ပါ့) နိဗ္ဗာန်ရှာတာလား-ဇာတိ,ဇရာ,မရဏ ထပ်ရှာတာလား ( ဇာတိ,ဇရာ,မရဏ ထပ်ရှာတာပါ ) ပြီးတော့ ဒီထဲကနေပြီး နိဗ္ဗာန်ရချင်သတဲ့၊ ရှာထားတာက တမျိုး၊ရချင်တာက တမျိုး....(မှန်ပါ့ဘုရား)။

ရှာထားတာကတော့ ကိုယ့်မှာ အိတ်ဝင်သပိတ်ဝင် ဖြစ်နေပြီ (မှန်ပါ့)အခု ပါးစပ်ကရချင်တာက တမျိုးဖြစ်နေတော့ အထမြောက်ပါ့မလား....(မမြောက်ပါ) ပေါ်ပလား — (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာဖြင့် ဗိဥာဏ် မျက်လုံးကိုဖွင့်ပေးမည့်သူ မရှိလို့ရှိယင်ဖြင့် ပစ္စည်းရှိမှတော်မယ် ဆိုတာကလေးဟာလဲ လာနေမှာဘဲ....(မှန်ပါ) သားသမီးရှိမှ— (တော်မှာဆိုတာလာပါမယ်ဘုရား)။

လာမှာဘဲ၊လာယင် သူဘာတွေရှာထားတာတုံး— (ဇာတိ၊ ဇရာ၊မရဏရှာတာပါ) ဇာတိ၊ဇရာ၊မရဏ ရှာထားတာ (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော် — ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါ တရားမဟောချင်ပါဘူးကွာတဲ့၊ မောင်နိုင် ငြိုးသင့်-မငြိုးသင့် (ငြိုးသင့်ပါတယ်ဘုရား)။

ငါ တရားမဟောချင်ဘူးတဲ့၊ ငါ့တရားကလဲ ပြောင်းပြန် ပြောရမှာ၊ သူတို့ကလဲ ရေစုန်စီးနေတာ၊ ငါက အဆန်ကိုပြော ရမှာ....(မှန်ပါ) ရေအဆန်ကိုပြောရမှာ—(မှန်ပါ့)။

သူတို့ကလဲ ရေစုန်စီးချင်တယ်၊ ခက်ပြီဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကရုဏာတော်ရှိလျက်နဲ့ တရားက နက်လွန်း လို့ ဘယ့်နှယ်လုပ်ဟောရပါ့မတုံး... (မှန်ပါ့ဘုရား)။

အခု ယနေ့ ဘုန်းကြီးဟောကြည့်တာကိုဘဲ မောင်နိုင် ကိုယ့် အလှဲ့ ကိုယ့်အချော်တွေဟာ နည်းသလား—(မနည်းပါ)တကာ တကာမတွေ ကိုယ်လှဲ့ချော်နေတာတွေဟာ ပေါပလား....(ပေါ ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါစို့ဗျာ၊နာရီကလဲနီးနေပြီနော် (မှန်ပါ့)ဇာတိရှိလျက်နဲ့ ဇာတိလွတ်ရာရှာရအောင်....( မှန်ပါ့ )

ဇရာရှိတဲ့ပုဂ္ဂိုလ်က(ဇရာလွတ်ရာရှာရပါမယ်) ဗျာဓိရှိတဲ့ပုဂ္ဂိုလ်က (ဗျာဓိလွတ်ရာရှာရပါမယ်) မရဏရှိတဲ့ပုဂ္ဂိုလ်.... (မရဏလွတ်ရာ ရှာရပါမယ်) ဒီလေးခုဟာ ရှိလျက်နော်(မှန်ပါ) ဒါဖြင့်လွတ်ရာ ရှာကြစို့....(မှန်ပါဘုရား)။

ဒီလေးမျိုးမရှိဘူးလား....(ရှိပါတယ်)ဒါဖြင့် ဘာလုပ်ကြမယ် (လွတ်ရာရှာရပါမယ်) လွတ်ရာရှာကြပါစို့ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း— ဒါဖြင့် လွတ်ရာရှာကြရအောင်နော်....(မှန်ပါဘုရား) လွတ်ရာရှာတော့ကိုတဲ့ တကာတကာမတွေ သာတိပဋ္ဌာန်လေးပါး ထဲက ဘုန်းကြီးပြောတဲ့ ဒီခန္ဓာဆိုတာကို ခန္ဓာကိုအပြစ်မြင်ပြီး သကာလ ခန္ဓာကိုမုန်း· ခန္ဓာကိုမလိုချင်လို့ရှိယင် ဒီခန္ဓာကြောင့် ဇာတိဖြစ်ရတယ်— (မှန်ပါ)။

ဒီခန္ဓာကြောင့်....(ဇရာဖြစ်ရပါတယ်) ဒီခန္ဓာပေါ်လို့ ဗျာဓိ ဖြစ်တယ်....(မှန်ပါ) ဒီခန္ဓာပေါ်လို့.... ( မရဏဖြစ်ရပါတယ် ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီခန္ဓာကို မရှာမိုးမှာဘဲကိုက်မယ်....(မှန်ပါ) ကိုင်း· ဒါဖြင့် ဒီခန္ဓာဆိုတာလဲ တကာတကာမတို့ စိတ္တာနုပဿနာပြော ပါတယ်နော်....(မှန်ပါ)စိတ္တာနုပဿနာဟာ မောင်နိုင် မှတ်လိုက် စမ်းပါ ဝိညာဏက္ခန္ဓာဘဲ...(မှန်ပါဘုရား)။

စိတ္တာနုပဿနာသည်— (ဝိညာဏက္ခန္ဓာပါ)ဒါဖြင့် ဒီခန္ဓာဘဲ မကျဘူးလား—(ကျပါတယ်ဘုရား)။

အဲဒီခန္ဓာကို အပြစ်မြင်ရမယ်၊ ဒီခန္ဓာကိုမုန်းရမယ်၊ ဒီခန္ဓာကို မလိုချင်လို့ရှိယင်ဖြင့် ကျန်တဲ့သူနဲ့တွဲလျက်ခန္ဓာတွေလဲ ပါမသွား

ဘူးလား...( ပါသွားပါတယ် ) ပါသွားလို့ရှိယင် နောက် ပဋ္ဌိသန္ဓေ နေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေ ခြင်းဆင်းရဲဟာ လာပါဦးမလား(မလာပါဘုရား)။

ဪ... ဒါဖြင့် ဒီခန္ဓာကနေ ဖြုတ်မှရမယ်....(မှန်ပါ) ဘယ် ကနေ ဖြုတ်ရမလဲ...(ခန္ဓာကနေ ဖြုတ်မှရပါမယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်လိုချင်ယင် ဒီခန္ဓာကမှ ခင်ဗျားတို့ယနေ့ပြောတဲ့ အပြစ်မြင်တဲ့ အလုပ်ကိုမလုပ်တော့ပါဘူး၊ မုန်းတဲ့အလုပ်ကိုမလုပ် တော့ပါဘူး၊ မလိုချင်အောင်ကြည့်ရတဲ့ အလုပ်ကိုမလုပ်တော့ ပါဘူးဆိုယင်ဖြင့် ဇာတိ၊ဇရာ၊မရဏ ပြန်ရမှာဘဲ....(မှန်ပါ) မရ ပေဘူးလား....(ရမှာပါ) ဦးညိုပေါ်ပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သေသေချာချာ ဆရာသမားပြော တာကို ဂရုစိုက်ပြီးသကာလ ဪ....ဟုတ်ပါကလား- ဒီခန္ဓာကို အပြစ်မြင်မှ ဒီခန္ဓာမုန်းမှ ဒီခန္ဓာမလိုချင်မှသာလျှင် ဇာတိ၊ဇရာ၊ မရဏ ရှာမှီးခြင်းအလုပ်က လွတ်မှာပါကလား၊ တွေ့ရမည့် အလုပ်ဟာ လွတ်မှာပါကလား... (မှန်ပါဘုရား)ဆိုတာ ကောင်း ကောင်းပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့်ဝိပဿနာနဲ့ ကင်းလို့ (မရပါ)ဦးဘကြီး-ဘယ့်နှယ် တုံး- ဝိပဿနာနဲ့ ကင်းလို့တော့...( မရပါ ) မရနိုင်တော့ ချမ်းသာ လိုချင်တဲ့ပုဂ္ဂိုလ်ဟာ ဝိပဿနာလုပ်ရမယ်... (မှန်ပါဘုရား)။

ချမ်းသာလိုချင်တဲ့ပုဂ္ဂိုလ်ဟာ... ( ဝိပဿနာလုပ်ရပါမယ် ) ချမ်းသာလိုချင်ယင် ဝိပဿနာလုပ်.... (မှန်ပါ) သဘောကျပြ လား....(ကျပါပြီဘုရား)။

ဘာဖြစ်လို့တုံး....၊ဇာတိဒုက္ခဟာလဲ ဒုက္ခသစ္စာဘဲ—(မှန်ပါ) မလိုချင်ပါဘူးဘုရား၊ အဇာတိဆိုတဲ့ ချမ်းသာလိုချင်ပါတယ် ဆိုယင် ဝိပဿနာလုပ်...(မှန်ပါဘုရား)။

ဇရာဆိုတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာဘဲ၊ အဲဒီ့ဇရာမရှိချင် ပါဘူးဆိုယင်လဲ ဘာလုပ်ရမလဲ(ဝိပဿနာလုပ်ရပါမယ်ဘုရား)။

ဗျာဓိ အနာနှိပ်စက်တယ်ဆိုတော့ ခန္ဓာရှိ နှိပ်စက်နေတာဘဲ· (မှန်ပါ)အနာမရှိချင်ပါဘူးဆိုယင်လဲ ဘာလုပ်ရမလဲ(ဝိပဿနာ လုပ်ရပါမယ်ဘုရား)။

ဟာ... အသေတွေ အလောင်းချင်းထပ်နေတာလဲ တပည့် တော်တို့ မဖြစ်ချင်ပါဘူးဆိုယင်... (ဝိပဿနာလုပ်ရမှာပါဘုရား) ဝိပဿနာလုပ်ရမယ်၊ တကာကြီးလိုင် မလုပ်ယင် .... (မဖြစ်ပါ) ဖြစ်ကို-မဖြစ်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် သေချာတော့ ဝိပဿနာကို စိတ္တာနုပဿနာကို ပြောဘာ မောင်နိုင် .... အခု ဘယ်နှစ်ရက် ရှိသွားပလဲ .... ( သုံးရက်ရှိသွားပြီ )ဒီနေ့ပါဆိုယင် သုံးရက်ရှိသွားပြီနော်.... (မှန်ပါဘုရား)။

ဒါကလေးတော့လုပ်ကြပါ၊ စိတ္တာနုပဿနာလုပ်ယင် ဝိညာ ဏက္ခန္ဓာပါဘဲ၊ ဒီခန္ဓာကို သူ့ကိုအပြစ်မြင်အောင် ကြည့်ရလိမ့် မယ်—(မှန်ပါဘုရား)။

ဒါ့ကြောင့် ခဏခဏပြောတယ်၊ တကာတကာမတို့ ခင်ဗျား တို့ ရှုစရာသည် မြင်စိတ်တမျိုး၊ ကြားစိတ်–(တမျိုးပါ)နံစိတ်၊ (တမျိုးပါ)စားစိတ်–(တမျိုးပါ) ယားစိတ်, ယံစိတ်, ကောင်း

စိတ်,နာစိတ်ကော… (တမျိုးပေါ်) အဲဒါက ကိုယ်ပေါ်မှာ ပေါ်တယ်နော်….(မှန်ပါ့ဘုရား)။

ဝမ်းထဲမှာ လောဘစိတ်ဆိုတာဝမ်းထဲပေါ်တယ်၊ဒေါသစိတ်ကော… (ဝမ်းထဲပေါ်ပါတယ်) မောဟဆိုတဲ့တရား …. (ဝမ်းထဲပေါ်ပါတယ်) အလောဘဆိုတဲ့ လှူချင်,ပေးချင်,ကမ်းချင်,တန်းချင်တာကော….(ဝမ်းထဲပေါ်ပါတယ်) အဒေါသဆိုတဲ့ မေတ္တာတွေကော… (ဝမ်းထဲပေါ်ပါတယ်) ပြီးတော့ကို လေထုတ်တဲ့စိတ်ကလေးဟာကော… (ဝမ်းထဲပေါ်ပါတယ်) လေပြန်ရှိုက်တဲ့စိတ်ကလေးဟာကော….(ဝမ်းထဲပေါ်ပါတယ်ဘုရား)။

အဲဒါတွေ အခု ပေါ်တိုင်း ပေါ်တိုင်း တကာတကာမတွေ အမြဲတမ်း ရှုစရာက လေထုတ်စိတ်နဲ့ လေသွင်းစိတ်၊ ဒီစိတ်ကလေးကို ရှုရမယ်….(မှန်ပါ့)။

နောက်တော့ ဒါတွေ ရှုရင်းမတ္တာနဲ့ မြင်စိတ်ပေါ်လာလဲ မျက်လုံးထဲမှာ မြင်စိတ်ကလေးဟာလဲ ဖြစ်ပြီးပျက်တာဘဲ အနိစ္စ ရှု.. (မှန်ပါ့) ကြားစိတ်ကလေး ပေါ်လာယင် …. (ကြားစိတ်ကလေး ဖြစ်ပျက်ရှုရပါမယ်) ဟို . အမြဲတမ်း သူများမပေါ်ယင် ရှုရမှာသည် အိမ်သည်စိတ်ကိုရှု….(မှန်ပါ့ဘုရား) တခါ ဖြစ်စိတ်ကလေးပေါ်လာယင် မြင်ဝိတ် ဖြစ်ပျက်ရှု၊ မြင်စိတ်ကလေး မရှိပြန်ဘူးဆိုယင် အိမ်သည်နှစ်ခု ပြန်ကောက်…. (မှန်ပါ့ဘုရား) သဘောကျပလား …. (ကျပါပြီဘုရား)။

ကဲ … ယားစိတ်, ယံစိတ်ကလေး ပေါ်လာပြန်ယင်ကော မောင်နိုင်….ဘာလုပ်ရမလဲ… (ဖြစ်ပျက်ရှုရပါမယ်)သူကပြီးတော့ ဘယ်သွားရှုရမလဲ(အိမ်သည်ပြန်ရှုရပါမယ်)အိမ်သည်ပြန်ရှုရ ယ်

(မှန်ပါ) အိမ်သည်ဆိုတာက အမြဲသက်စောင့်နေတယ်....(မှန်ပါ ဘုရား) ပေါ်ပလား....(ပေါ်ပါပြီ) ထွက်စိတ်,ဝင်စိတ်ကို ပြန်ရှု ရမယ်...(မှန်ပါ)။

ကဲ....ဒီလို ရှုလိုက်တဲ့အခါကျတော့ မိမိခန္ဓာကြီး၏ ဖြစ်ပျက် အနိစ္စ မမြင်ဘူးလား....( မြင်ပါတယ်ဘုရား ) ဩော်....သူဟာ ဒီလို အပြစ်သင့်နေတာကိုးဆိုတာ မလာပေဘူးလား....(လာပါ တယ်) ခဏခဏ သေနေတဲ့ အမျိုးပါကလားဆိုတာမသိဘူးလား (သိပါတယ်ဘုရား)။

အဲဒီတော့ သူ့ဇာတိဆိုတဲ့ ဖြစ်မှု၊ မရဏဆိုတဲ့ သေမှု ကြိုက် သေးရဲ့လား...(မကြိုက်တော့ပါဘုရား)။

ဒါဖြင့် ရှုဖန်များလာတော့ မုန်းတယ်....( မုန်းပါတယ် ) ကြာလာတော့ မုန်းရုံတင်မကဘူး ဒီခန္ဓာကိုယ်ကြီးဖြင့် အခု ဖြစ်ပျက်တွေကိုဖြင့် မလိုချင်ပါဘူးဆိုတာ မလာဘူးလား ... (လာပါတယ်ဘုရား)။

မလိုချင်ပါဘူးဆိုတာ လာသည်နဲ့ တပြိုင်နက်တည်း တဏှာ တကာမတို့ ဖြစ်ပျက်တွေ ချုပ်ငြိမ်းသွားတယ်...(မှန်ပါ) ချုပ် ငြိမ်းသွားတော့ ခန္ဓာချုပ်ငြိမ်းတယ်...(မှန်ပါ)။

ဇာတိ ဇရာ မရဏခန္ဓာကြီး ဘယ့်နှယ်နေသတုံး....(ချုပ်ငြိမ်း သွားပါတယ်)ချုပ်ငြိမ်းသွားတဲ့အခါကျတော့ ဇာတိ ဇရာ မရ ဏ မရှိတဲ့ နိဗ္ဗာန်ဟာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ် ဘုရား)။

အဲဒီ့ ပေါ်လာတဲ့ အခါကျတော့မှ နိဗ္ဗာန်နဲ့ ဉာဏ်နဲ့ သွား မတွေ့ဘူးလား...(တွေ့ပါတယ်ဘုရား)။

တွေ့တော့မှ ခြော်- လွတ်ပဟေ့.... ကျွတ်ပဟေ့.... ရှာမှီး ခြင်း အခုမှ တည့်တယ်၊ မသေရာဆိုတာ ဒါဘဲဟေ့ဆိုပြီး အဲဒီကျမှ ပြုံးပြီးတော့ နေရမယ်....(မှန်ပါ)ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

# ဤတွင် အမှတ်စဉ်( ၂၂ ) ပြီးပါပြီ။

# ရနိုင်သောဌာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေလတ္တံ့သောစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

## ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက်-၁၃၀-ဗိုလ်ချုပ်လမ်း။

(၂) ဗုဒ္ဓဓမ္မလောက စာစောင် - ရွှေတိဂုံဘုရားလမ်း။

(၃) ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ။

(၄) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း။

(၅) တင်ဆွေအေး-စာအုပ်ဆိုင်၊ အမှတ် ၄၇၈-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

(၆) သစ်ဘုရားသားအယ်(လ်)ရုံဈေးချိုတော်မန္တလေး။

(၇) အောင်မြန်မာစက္ကူဆိုင်-အောက်လိုင်းဈေးချို၊ ၎င်း။

(၈) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့။

(၉) ဦးဘအုန်း-ဒေါ်ကျင်လှမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့။

(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့။

(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့။

(၁၂) ဦးမောင်ရှန်၊ ၁ - စကာဝါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။

(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်ဈေးအနီးဆင်ဖြူကျွန်း။

(၁၄) ဦးအုန်းမောင်၊မြို့မစတိုး၊ လမ်းမတော်၊ တောင်ကြီး။

(၁၅) ဦးတင်၊ ဇမ္ဗူမဏ္ဍိုင် စာပုံနှိပ်တိုက်၊ ပခုက္ကူ။

(၁၆) ဦးထွန်းလူ၊ အနော်မာလမ်းဒေါင့်၊ ဖျာပုံမြို့။